www.burmeseclassic.com

# တက္ကသိုလ်နန္ဒမိတ်

# သန်းခေါင်ယံ ခုနစ်မိနစ်

# SEVEN MINUTES PAST MIDNIGHT

Walter Winward

ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမြွှာညီနောင်စာအုပ် ( ၆ )

# တက္ကသိုလ်နန္ဒမိတ်

# သန်းခေါင်ယံခုနစ်မိနစ်

SEVEN MINUTES
PAST MIDNIGHT
WALTER WINWARD

အမြွှာညီနောင်

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – [၅၀၀၈၃၅၀၅၀၆]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [၅၀၁၁၅၆၀၅၀၉]

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ ဘဝတက္ကသိုလ်စာပေ
၁၉၈၃–ခုနှစ်၊ ဇူလိုင်လ
– ဒုတိယအကြိမ်၊ အမြှာညီနောင်စာပေ
၂၀၀၅–ခု၊ နိုဝင်ဘာလ

စီစဉ်သူ – ကြည်နိုင်
မျက်နှာဖုံးဒီဇိုင်း – ဇော်မောင်
ကွန်ပျူတာစာစီ – **wizard**
ထုတ်ဝေသူ – ဦးသန်းဆွေ
စစ်သည်တော်စာပေ
၁၁၃၁/က၊ ဥယျာဉ်လမ်း
ဒဂုံမြို့သစ်။
အတွင်းဖလင် – 'ပုံရိပ်ရှင်'
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဦးဇော်မင်း
"**wizard** ပုံနှိပ်တိုက်"
၁၉၇၊ ၃၃–လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
စာအုပ်ချုပ် – ကိုမြင့်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၂၅၀၀ ကျပ်
ဖြန့်ချိရေး – 'အမြှာညီနောင်စာပေတိုက်'
အခန်း(၂၀၂)၊ တိုက်(၃)
သုမင်္ဂလာအိမ်ရာ(၂)၊
သဃ်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
ဖုန်း–၅၇၃၄၂၂ လိုင်းခွဲ (၂၀၅)

## အမြှာညီနောင်စာပေမှ ထွက်ရှိပြီးစာအုပ်များ

၁။ တက္ကသိုလ်နန္ဒမိတ် (သို့မဟုတ်)
ကောင်းကင်နှင့်မြေကြီးအား တောင်းခံသူ
၂။ စာရေးချင်သောသူများသို့ (တက္ကသိုလ်နန္ဒမိတ်)
၃။ တတိယမီးကျည် (တက္ကသိုလ်နန္ဒမိတ်)
၄။ ရွှေပြည်ကြီး (တက္ကသိုလ်နန္ဒမိတ်)
၅။ ယုံကြည်ချက်အတွက် အသက်စွန့်သူများ (တက္ကသိုလ်နန္ဒမိတ်)

### ယခု

၆။ သန်းခေါင်ယံခုနစ်မိနစ် (တက္ကသိုလ်နန္ဒမိတ်)

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၇။ တိုက်ပွဲအဆင့်ဆင့် (တက္ကသိုလ်နန္ဒမိတ်)
စာမူခွင့်ပြုချက်အမှတ် [၅၀၀၆၅၀၀၅၀၅]
၈။ ရွှေလက်တို့ (ကြည်နိုင်)
စာမူခွင့်ပြုချက်အမှတ် [၄၀၀၄၂၉၀၅၀၅]
၇။ သံလွင်မြစ်ကမ်းတိုက်ပွဲ (တက္ကသိုလ်နန္ဒမိတ်)
စာမူခွင့်ပြုချက်အမှတ် [၅၀၁၁၄၉၀၅၀၉]
၈။ ဆယ်ပြည်ထောင်ချော့တော့မပြုံး (တက္ကသိုလ်နန္ဒမိတ်)
စာမူခွင့်ပြုချက်အမှတ် [၅၀၁၂၀၃၀၅၀၉]

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

**၁၉၄၄ ခု၊ မတ်လ။**

ရွှေညိုရောင် စစ်ဂျစ်ကားလေးတစ်စီးက လစ်စဒတ်မြို့ဆီသို့ ခရီးပြင်းနှင်လျက်။

ကားမောင်းနေသူက ဒုတပ်ကြပ်မိုက်။

ဘေးတွင်ထိုင်၍လိုက်ပါလာသူက ဗိုလ်မှူးဂျက်။

ကားနောက်ဘက် ထိုင်ခုံပေါ်တွင် အမ်ပီ ၃၈ မရှင်ပစ္စတိုကို ရင်ခွင်တွင်ပိုက်ကာ သီချင်းညည်းလျက် ဝဲယာ တစ်ဖက်တစ်ချက် မျက်စိကစားရင်း လိုက်ပါလာသူက တပ်ကြပ်ကြီးဖွူးလား။

သူတို့သုံးယောက်သည် အမှတ်(၁) ဗြိတိသျှကွန်မန်ဒို တပ်မဟာမှ ထောက်လှမ်းရေးများဖြစ်ကြသော်လည်း သူတို့ကိုယ်ပေါ်တွင် ဆင်မြန်းထားကြသည်ကတော့ ဂျာမန်ကြည်းတပ် စစ်ဝတ်စုံများ။

ဝတ်စုံများပေါ်တွင် တပ်ဆင်ထားကြသည်ကလည်း ကြည်းတပ်ရာထူးတံဆိပ်များ။

သူတို့စစ်အင်္ကျီအိတ်ထဲတွင်လည်း ကြည်းတပ်ရာထူးအဆင့်များ၊ အမည်များကို ဖော်ပြထားသည့် စာရွက်စာတမ်းများ။

လစ်စဒတ်သည် လစ်ပီမြစ်ကမ်းပေါ်ရှိ မြို့ငယ်တစ်မြို့မျှသာ။

သို့သော် မြို့ငယ်ကလေးမျှသာဖြစ်သော လစ်စဒတ်သည် စစ်ကြီးအတွင်း လတ်တလောပေါ်ပေါက်နေသည့် စစ်အခြေအနေအရ အရေးပါသောဒေသတစ်ခု။

ဆည်းဆာအချိန်သို့ရောက်ရန် နှစ်နာရီလောက်လိုနေသည့်တိုင် အနောက်တောင်ဘက် ကောင်းကင်တွင် တဝင်းဝင်းတလက်လက် ထိုးတက်နေသည့် ကျည်ရောင်များကို မြင်နေရ၏။

ဝုံးသံ အမြောက်သံများကလည်း မိုးထစ်ချုန်းနေသလို။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်စစ်သူကြီး မိုဒယ်တပ်မတော်တပ်ဖွဲ့ အမှတ်ဘီသည် ရူဟာ စစ်နယ်မြေကို ဝိုင်းရံတိုက်ခိုက်လာသော အမေရိကန်တပ်များအလယ်တွင် ညှပ်မွှေးညှပ်ပိတ် အမိခံရစေရန် ပြင်းပြင်းထန်ထန်ခုခံရင်း ခွာစစ်ဆင်နေသည်။

သို့ဖြစ်၍လည်း အနောက်တောင်ဘက် ကောင်းကင်တွင် လေယာဉ်ပစ်အမြောက်ကြီးများ၊ အဝေးပစ်အမြောက်ကြီးများမှ ပေါ်ထွက်လာသည့်အရောင်များက ပြောင်ပြောင်ဝင်းဝင်း ထွန်းလက်နေခြင်း။

ကားနောက်ဘက်ထိုင်ခုံတွင် အမြင့်ကြီးများ၊ အပုကလေးများ၊ အရှည်ကြီးများ စစ်ဇာတ်ကားမှ သီချင်းတစ်ပုဒ်ကိုညည်းရင်း လိုက်ပါလာသော တပ်ကြပ်ကြီးဖူးလားက ရှေ့ထိုင်ခုံမှ ဗိုလ်မှူးဂျက်အား လှမ်းမေးလိုက်သည်။

"ဘယ်လောက်လိုသေးသလဲ ဗိုလ်မှူး"

သုံးယောက်လုံးပင် ဂျာမန်စကားကို ဂျာမန်အမျိုးသားများနှင့်မခြား ပြောတတ်သူများ။

သို့ဖြစ်၍လည်း ဖူးလားက ဂျာမန်စကားဖြင့်ပင် မေးလိုက်ခြင်း။

"ငါးမိုင်လောက်ပဲ လိုတော့တယ်"

မြေပုံစာရွက်ကိုလည်းမကြည့်၊ ခရီးသွားပြီးသည့် မိုင်ကိုဖော်ပြသည့် ဒိုင်ခွက်ကိုလည်းမကြည့်ဘဲ ရှေ့ကိုသာ လှမ်းမျှော်ကြည့်နေသည့် ဗိုလ်မှူးဂျက်က အဖြေပေးလိုက်ရင်း...

"လမ်းမှာ မီးနီတွေနဲ့တိုးမနေရင်တော့ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အတွင်း ရောက်မှာပါ"

"ကျွန်တော်တော့ ယန့်တွေရဲ့ ခရီးဝေး ဖောက်ထွင်းထောက်လှမ်းရေးတွေနဲ့ ရင်ဆိုင်တိုးမိမှာပဲစိုးတယ်"

"ဟုတ်တယ်၊ ဒါပဲစိုးရိမ်စရာရှိတယ်"

**ယန့်**ဆိုသည်မှာ အမေရိကန်များအား ဗန်းစကားဖြင့် ယန်ကီဟုခေါ်ရာမှ အတိုချုံးလိုက်သည့် ဝေါဟာရ။

ဗြိတိသျှတို့၏ အမှတ်(၁) ကွန်မန်ဒိုတပ်မဟာက မတ်လ ၂၃ ရက်နေ့တွင် ရိုင်းမြစ်ကို ဝီဆယ်ဆိုသောနေရာမှ ဖြတ်ကူးလာခဲ့ရာ၌ ဗိုလ်မှူးဂျက်နှင့် အဖွဲ့သားနှစ်ယောက်က မိမိတို့တပ်နှင့်အတူ ပါလာခဲ့သည်။

ခုတော့ သူတို့သုံးယောက်က ဂျာမန်ကြည်းတပ် စစ်ဝတ်စုံကိုဆင်မြန်းကာ ဂျာမနီ စစ်ဂျစ်ကားတစ်စီးဖြင့် ဆွိဇာလန်နယ်စပ်မှ မိုင်တစ်ရာခန့်အကွာ ဂျာမနီ





နိုင်ငံအတွင်း၌ လှုပ်ရှားနေခြင်း။

လစ်စဒတ်မြို့ထဲတွင် ဗြိတိသျှ အမျိုးသမီးသူလျှိုအဖြစ် လျှို့ဝှက်သတင်းပို့နေခဲ့သော ဟယ်လင်အား ဂျာမနီနိုင်ငံမှ ပြန်ခေါ်ရန်။

လစ်စဒတ်မြို့ရှိ ဂျာမန်ခဲယမ်းမီးကျောက်တိုက်ကြီးကို ဖောက်ခွဲဖျက်ဆီးရန်။

ဤတာဝန်နှစ်ရပ်ကို ထမ်းဆောင်ရေးအတွက် ဗိုလ်မှူးဂျက်အား တာဝန်ပေးခဲ့သည်။

သို့ဖြင့် သူတို့သည် ရည်မှန်းချက်ရှိရာ လစ်စဒတ်မြို့ငယ်သို့ ပုံမှားရိုက်၍ ချီတက်လာခဲ့ခြင်း။

လစ်စဒတ်မြို့ကလေးသည် ဂျာမန်စစ်ကြောင်း နောက်တန်းနှင့် မိုင်များစွာမကွာ။ သို့တိုင်အောင် အမေရိကန် ခရီးဝေးဖောက်ထွင်းထောက်လှမ်းရေးတပ်သားများက ဤကဲ့သို့သော နေရာမျိုးအထိ ရောက်လာတတ်သည်။

သည်အကြောင်းကို သူတို့သုံးယောက်လုံး နားလည်ပြီးသား။

သူတို့သုံးယောက်စလုံးပင် ဂျာမန်စကားကို မွတ်နေအောင်တတ်သည်။ ဂျာမန်ကြည်းတပ်ဝတ်စုံနှင့် ရာထူးတံဆိပ်များ တပ်ဆင်ထားသဖြင့် ဂျာမန်တပ်များနှင့် ရင်ဆိုင်တိုးရမည်ကို မစိုးရိမ်။

သို့သော် ခရီးဝေးဖောက်ထွင်းထောက်လှမ်းရေး အမေရိကန်တပ်မှ တပ်ဖွဲ့သားများနှင့် တွေ့ရလျှင်...

သည်အတွေးက သူတို့သုံးယောက်အား စိုးရိမ်စိတ်ပွားနေစေ၏။

ဂျာမန်စစ်ကား၊ ဂျာမန်စစ်ဝတ်စုံဖြင့် ပုံမှားရိုက်လာသော သူတို့သုံးယောက်အား အမေရိကန် ထောက်လှမ်းရေးသမားများက လက်ဦးအောင် 'ဖျောင်'ပစ်ကြမည်မှာ မုချ။

သို့ဖြစ်၍လည်း ဂျစ်ကားနောက်ဘက်တွင် လိုက်ပါလာသည့် တပ်ကြပ်ကြီးဖူးလားက သီချင်းအညည်းရပ်ကာ စိုးရိမ်မှုကို ဖော်ထုတ်ခဲ့ခြင်း။

မည်သို့ပင်ဖြစ်စေ၊ ရည်မှန်းချက်နှစ်ရပ်ဆီသို့ ချဉ်းကပ်ကာ အောင်မြင်မှုရအောင် ဆောင်ရွက်ရမည်က ဗိုလ်မှူးဂျက်၏ တာဝန်။

ဗြိတိသျှအမျိုးသမီးသူလျှို ဟယ်လင်သည် ဇန်နဝါရီလကပင် လစ်စဒတ်မြို့ငယ်သို့ စစ်ပြေးဒုက္ခသည်တစ်ယောက်အဖြစ် အခြားသူများနှင့် ရောနှောလျက် ရောက်ရှိလာခဲ့၏။

ဟယ်လင်နေထိုင်သည့်လမ်းမှ လူများက သူမအား ဂါဝါစတိုင်အမည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သိနေကြသည်။

ရှုဟာစစ်နယ်မြေမှ စစ်သတင်းများကို ဟယ်လင်က ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ထံ ပေးပို့နိုင်ခဲ့သည်။

ဂျာမန်စစ်သူကြီးမိုဒယ်၏ နောက်တန်းခံယမ်းမီးကျောက်တိုက်ကြီး မည်သည့်နေရာတွင်ရှိနေသည်ကိုလည်း ဟယ်လင်က အတိအကျသိထားပြီးဆိုသည့် သတင်းကိုလည်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ရရှိခဲ့သည်။

မိုဒယ် နောက်တန်းခံယမ်းမီးကျောက် သိုလှောင်ရေးတိုက်ကြီးကို ဗြိတိသျှလေတပ်က လေကြောင်းမှ တိုက်ခိုက်ရမည်ကလည်း ခက်နေပြန်သည်။

ဂျာမန်တို့က သိုလှောင်ရေးတပ်များအဖြစ် ထင်မှတ်စေနိုင်မည့် တိုက်ခေါင်မိုးများပေါ်တွင် ကြက်ခြေနီအမှတ်အသားများကို ထင်ထင်ရှားရှားကြီး ရေးခြယ်ထားသည်။

အပြစ်မဲ့မြို့နေလူထုကို မထိခိုက်စေချင်သည့် ဗြိတိသျှစစ်အာဏာပိုင်များက စစ်နှင့်မသက်ဆိုင်သည့်နေရာကို လေကြောင်းမှတိုက်ခိုက်ခြင်းမပြုရဟု တားမြစ်ထားခဲ့၏။

ဟယ်လင်ကိုလည်း ဂျာမန်ထောက်လှမ်းရေးက မသင်္ကာဖြစ်လာပြီး အမြဲမပြတ် စောင့်ကြည့်နေခဲ့ရာ လက်ရှိနေရာတွင် ဆက်နေ၍မဖြစ်တော့ဟု သတင်းရထားခဲ့သည်။

ထို့ကြောင့် ဟယ်လင်အားတွေ့ရန် အရေးအကြီးဆုံး။

ဟယ်လင်အား မတွေ့ရလျှင် ဒုတိယရည်မှန်းချက်ကိုလည်း ဆက်လက်ဆောင်ရွက်နိုင်တော့မည်မဟုတ်။

သို့ဖြစ်၍ ဗိုလ်မှူးဂျက်ခေါင်းဆောင်လျက် တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရန် ချီတက်လာခဲ့ခြင်း။

ရိုင်းမြစ်ကို တပ်မဟာနှင့်အတူ ဖြတ်ကူးလာပြီးနောက် ဂျက်က မန်းစတားမြို့ဘက်သို့ ခြေလျင်ခရီးပြင်းနှင်ခဲ့ရသည်။

သူတို့အဖို့ လိုနေသည်မှာ ဂျာမန်စစ်တပ်သုံး ကားတစ်စီး။

ခြေလျင်နှင်နေခြင်းဖြင့် ခရီးမတွင်ရုံမက ဂျာမန်ထောက်လှမ်းရေးက မယုံမကြည်ဖြစ်လာမည်ကိုပင် ကြောက်နေရသေးသည်။

မန်းစတားမြို့ဘက်သို့ ချီတက်ရာ လမ်းတစ်လျှောက်တွင် ရံဖန်ရံခါ စီတန်းရပ်ထားသည့် ဂျာမန်ဂျစ်ကားများကို တွေ့ရပါ၏။





သို့သော် ကားအရေအတွက်နှင့် တပ်သားအရေအတွက်က များများ။

ဂျက်အဖို့ အခွင့်မသာ။

သန်းခေါင်အချိန်မှ ချီတက်လာခဲ့သော ဂျက်နှင့်အဖွဲ့သည် နံနက် အရုဏ်ဆက်လုနီးသို့ ရောက်လာတော့မှ ချက်ကောင်းကိုတွေ့ရတော့၏။

စက်ပျက်၍ လမ်းတွင်ရပ်ထားရသည့် စစ်တပ်ဂျစ်ကားတစ်စီး။

ကားဒရိုင်ဘာက ဂျစ်ကားအဖုံးကိုဖွင့်ကာ ခေါင်းငုံ့လျက် အလုပ်ရှုပ်နေ၏။

အဖော်ဖြစ်သူက ဂျစ်ကားခြေနင်းခုံပေါ်တွင် မေးထိုင်ရင်း စီးကရက်ဖွာနေ၏။

ဗိုလ်မှူးဂျက်က ၅ မိနစ်ခန့်ကြာအောင် အခြေအနေကို အစောင့်ကြည့်လိုက်သည်။

အနီးအနားတွင် အနားယူနေသည့် အခြားစစ်သားများမရှိ။

ဂျစ်ကားတစ်စီးနှင့် ဂျာမန်တပ်သား နှစ်ယောက်တည်း။

တပ်ကြပ်ကြီးဖူးလားအား အရေးရှိက ကာပစ် ပစ်ပေးနိုင်ရန် ရေရာယူခိုင်းလိုက်ပြီးနောက် ဗိုလ်မှူးဂျက်က ဒုတပ်ကြပ်မိုက်အား ကားခြေနင်းခုံပေါ်မှ ဂျာမန်အား သုတ်သင်ပစ်ရန် တာဝန်ပေးလိုက်၏။

သူကမူ ခေါင်းငုံ့၍ အလုပ်ရှုပ်နေသည့် ဒရိုင်ဘာကို…။

စက္ကန့် ၆၀ ကြာအသွားတွင်ပင် လုပ်ရမည့်အလုပ်က ပြီးသွားသည်။

တစ်ဖက်တစ်ချက်တွင် သစ်သားလက်ကိုင်တပ်ထားသည့် ဝါယာကြိုးဖြင့် မိုက်က ခြေနင်းခုံပေါ်မှ ဂျာမန်လင်ပင်းကို ဆွဲညှစ် သုတ်သင်ပစ်လိုက်သလို…

ဗိုလ်မှူးဂျက်ကလည်း ငုံ့နေသော ဂျာမန်ဒရိုင်ဘာ၏ နောက်ကျောကို ဂျာမန်စစ်ဓားမြှောင်ဖြင့် ထိုးစိုက်လိုက်သည်။

ခြောက်ပေတွင် တစ်လက်မသာလျော့သော ဒုတပ်ကြပ်မိုက်က အသက် ၂၃ နှစ်အရွယ်၌ ကျွဲပေါက်တစ်ကောင်လို သန်သည်။

မိခင်ဖြစ်သူက ဂျာမန်အမျိုးသမီးဖြစ်သောကြောင့်လည်း ဂျာမန်စကားကို မှတ်နေ၏။ မိုက်က ဂျစ်ကားခြေနင်းခုံပေါ်မှ ဂျာမန်ကို ပြောပြောဆိုဆိုဖြင့် လည်ပင်းညှစ်၍ သတ်နိုင်ခဲ့၏။

မိုက်၏မိခင်သည် မြူနစ်မြို့တွင် ဟစ်တလာ၏ ရှပ်ညိုတပ်သားများ၏ အရိုက်အနှက်ခံရကာ ကွယ်လွန်ခဲ့ရ၏။ သို့ဖြစ်၍လည်း မိုက်က ဟစ်တလာ တပ်သားများအပေါ်တွင် ကမ္ဘာမကြေ။

ဖောက်ခွဲဖျက်ဆီးရေးတွင်လည်း မိုက်က စွမ်းသည့် ဒုတပ်ကြပ်တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘက်တွင် အချက်ကျကျနားလည်သည့် တပ်ကြပ်ကြီးဖူးလားက ပျက်နေသည့် ဂျစ်ကားကို ပြင်ရာ၌ ဘာမှမကြာလိုက်။

အရှေ့ဘက်မှ လင်းရောင်ခြည်ဖြာထွက်လာသည့်အချိန်တွင် သူတို့သုံးယောက်က ဂျစ်ကားကိုမောင်း၍ ချီတက်လာခဲ့ကြပေပြီ။

မန်းစတားမြို့အား တောင်ဘက်တွင်ချန်ထားခဲ့သော သူတို့သည် ကွေ့လျက် ဝိုက်လျက် အရှေ့ဘက်သို့ ဦးတည်လာခဲ့ကြသည်။

မိုင် ၄၀ ခန့်မောင်းလိုက်သောအခါ ဂတ်တာဆလော့မြို့သို့ ရောက်လာ၏။

ဟတ်တာဆလော့သည် ရှုဟာနှင့် ဟင်နိုဗာသွား လမ်းမကြီးပေါ်တွင် အလယ်လောက်၌ တည်ရှိနေသဖြင့် ဂျာမန်တပ်သားများ ခြေချင်းရှုပ်နေကြသည့်မြို့။

တပ်သားများမှာ အများအားဖြင့် ဂျာမန် အမြဲတမ်းတပ်မတော်မှ တပ်သားများ။ သို့သော် ဟစ်တလာ့ ကိုယ်ရံတော်တပ်ဖွဲ့မှ အက်စ်အက်စ်တပ်သားအချို့လည်း ပါဝင်နေ၏။

တမြန်တစ်နေ့ညက ဗုံးကြဲခံလိုက်ရသဖြင့် လမ်းတွင် တိုက်ပြို တိုက်ပျက်များ၊ ကားပျက်များဖြင့် အသွားရ အလာရ နှောင့်နှေးနေသည်။

အထူးသဖြင့် လစ်စဒတ်မြို့ရှိရာ တောင်ဘက်သို့သွားလမ်းမှာ ကားပြို ကားပျက်များဖြင့် လောလောဆယ် ပိတ်ဆို့လျက်။

စစ်တပ်ထုံးစံအတိုင်း ခရီးသွားခွင့်အမိန့်များ ပါမလာသည့်တိုင် ဗိုလ်မှူးဂျက်က မစိုးရိမ်။

သူတို့သုံးယောက်ကိုလည်း မည်သူကမှ စစ်လား ဆေးလား လုပ်ခြင်းမရှိ။ ဂတ်တာဆလော့တွင် သောင်တင်နေကြခြင်းဖြစ်ရာ တစ်တပ်နှင့်တစ်တပ်၊ တစ်ယောက်နှင့်တစ်ယောက် မေးနေမြန်းနေနိုင်ခြင်း မရှိတော့။

မတ်လ ၃၀ ရက်နေ့၊ နေ့လယ်သို့ရောက်မှပင် ဗိုလ်မှူးဂျက်နှင့် အဖွဲ့က လစ်စဒတ်မြို့ရှိရာ တောင်ဘက်သို့ ခရီးဆက်နိုင်ခဲ့ကြ၏။

ဂျက်တို့အဖို့ ဂတ်တာဆလော့တွင် သောင်တင်နေခဲ့ရခြင်းအတွက် ရလိုက်သည့် အမြတ်ကား အခြား စစ်လော်ရီကားကြီးများထံမှ ဓာတ်ဆီပုံး ခိုးယူနိုင်ခဲ့ခြင်းပင်။

မတ်လ ၃၀ ရက်နေ့ ညနေ ၅ နာရီတွင် ဂျက်နှင့် အဖွဲ့က လစ်စဒတ်မြို့ဆင်ခြေဖုံးသို့ ချဉ်းကပ်နိုင်မိကြလေပြီ။

▲



[ ၂ ]

စစ်ကြီးအတွင်းဖြစ်သောကြောင့် လစ်စဒတ်မြို့ကလေးကလည်း ဗုံးဒဏ်မှမလွတ်။

သို့သော် တိုက်ခေါင်မိုးများပေါ်၌ ကြက်ခြေနီအမှတ်အသားများ အများအပြား ရေးခြယ်ထားခြင်းကြောင့် ဗြိတိသျှ ဘုရင့်လေတပ်မတော်နှင့် အမေရိကန်အမှတ်(၈)လေတပ်မှ ဗုံးကြဲတိုက်လေယာဉ်များက လမ်းများကိုသာ အဓိကထား၍ ဖျက်ဆီးသွားခဲ့ကြသည်ကို တွေ့ရ၏။

တစ်မြို့လုံးတွင် အပျက်အစီး အကြီးအကျယ်ဟူ၍ ဘူတာရုံတစ်ခုသာ။ ကားကိုမောင်းလာသည့် မိုက်က ဂျစ်ကို ဘူတာရုံ မျက်နှာချင်းဆိုင်ရှိ ဈေးကွက်လပ်တွင်ရပ်လိုက်၏။

လူမြင်ကွင်းတွင် ပြောင်ပြောင်တင်းတင်းရပ်လိုက်ခြင်းက မယုံသင်္ကာသည့်သူများ ပေါ်ပေါက်မလာနိုင်အောင်။

မြို့သူမြို့သားများက ဘူတာရုံလမ်းမှဖြတ်ကာ ခါတိုင်းလိုပင် သွားလာလှုပ်ရှားနေကြ၏။ ကလေးတစ်သိုက်က အပျက်အစီးပုံကြီးတစ်ပုံပေါ်တွင် ကစားနေကြသည်။

အနောက်ဘက်မှပေါ်ထွက်လာသည့် အမြောက်ပစ်သံများ၊ မြို့ကိုဖြတ်၍မောင်းနေကြသည့် ဂျာမန်'ကျား'အမျိုးအစား တင့်ကားများကိုသာ မကြားရမမြင်ရပါက...

ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေသည်ဟူသော စကားကို လစ်စဒတ်သို့ ရောက်လာသူများ ယုံနိုင်စရာမရှိ။

ဗိုလ်မှူးဂျက်က အိတ်ထဲမှ မြို့မြေပုံကြမ်းကိုထုတ်လိုက်ပြီး လေ့လာနေသည်။

မြေပုံကြမ်းဆိုသည့်အတိုင်းပင် ဂျက်ကိုယ်တိုင် ရေးဆွဲဖြည့်စွက်ထားသည့် မြို့မြေပုံကြမ်း။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီးမဖြစ်မီ ထုတ်ဝေခဲ့သည့် မြို့လမ်းညွှန်စာအုပ်မှ ဖော်ပြထားချက်များနှင့် လမ်းတွင်စုံစမ်းရသည့် အချက်အလက်များကိုစုစည်းကာ ဂျက်က လစ်စဒတ်မြို့ မြေပုံကြမ်းကို ရေးဆွဲခဲ့၏။

မြေပုံတစ်ခုအဖြစ် မတိကျ မပြည့်စုံသည့်တိုင် လုံးဝမရှိသည်ထက်တော့ ကောင်းသေးသည်။

ဟယ်လင်နေထိုင်သည့် မိုင်ဒင်လမ်းသို့ အမြန်ဆုံးရောက်နိုင်မည့်ခရီးကို ဗိုလ်မှူးဂျက်က လေ့လာနေစဉ် ကားလက်ကိုင် ဘီးနောက်တွင်ထိုင်နေသည့် ဒုတပ်ကြပ်မိုက်ထံမှ သတိပေးလိုက်သံက နှစ်ယောက်ကြားလောက်ရုံ ပေါ်ထွက်လာ၏။

ဂျက်က ခေါင်းကို ဖြည်းဖြည်းချင်းမော့ကာ လှမ်းကြည့်လိုက်၏။

ဂျစ်ကားဆီသို့ လျှောက်လာသူနှစ်ယောက်က ဟစ်တလာ ကိုယ်ရံတော်တပ်ဖွဲ့မှ အက်စ်အက်စ်တပ်သား။

တစ်ယောက်က တပ်ကြပ်ကြီး၊ အခြားတစ်ယောက်က ဒုတပ်ကြပ်။

သူတို့နှစ်ယောက်၏ စစ်အင်္ကျီလက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသာ တပ်ဆင်လေ့ရှိသည့် လေးမြှောင့်သဏ္ဌာန် စိန်ရောင် လက်ကြယ်သီးအစုံက တလက်လက်။

လုံခြုံရေးတပ်ဖွဲ့ကို စစ်ရုံးဝေါဟာရဖြင့် အေအမ်တီ (၁၁၁)ဟုခေါ်သည်။ အတိုချုပ်အားဖြင့် တစ်သုံးလုံး။

အကယ်၍သာ လစ်စဒတ်မြို့ကလေး၌ တစ်သုံးလုံးအဖွဲ့ဝင်များ များများစားစား ရှိနေပါမူ ဟယ်လင်အတွက် မလူးသာမလွန့်သာ ဖြစ်နေတော့မည်။

ဟယ်လင်သာမက မိမိတို့အဖို့လည်း ဘေးကျပ် နံကျပ်။

သည်အတွေးက ဗိုလ်မှူးဂျက်ခေါင်းထဲသို့ ပြေးဝင်လာသည်။

အက်စ်အက်စ်လုံခြုံရေး ဒုတပ်ကြပ်က ဂျစ်ကားနောက်ပိုင်းသို့ ဖြည်းဖြည်းချင်း လျှောက်သွားနေစဉ် လုံခြုံရေးတပ်ကြပ်ကြီးက ဂျစ်ကားတည့်တည့် ရှေ့တွင်ရပ်လိုက်ပြီး နာဇီပုံစံဖြင့် အလေးပြုလိုက်၏။

ဂျက်က ပြန်အလေးပြုလိုက်သည်။

ပြီးမှ အသံမှန်မှန်ဖြင့် မေးလိုက်၏။

"ဘာကိစ္စရှိလို့လဲဟေ့"

"ဗိုလ်မှူးတို့မှာ အထူးကိစ္စများရှိနေသလားလို့ လာမေးတာပါ၊ ဗိုလ်မှူးတို့





ကြည့်ရတာ မသွားတတ်မလာတတ် ဖြစ်နေပုံရလို့ပါ"

"ဝေးပါသေးတယ်ကွာ"

ဂျက်က အသံခပ်မာမာဖြင့် ဆက်'ဖြီး"နေ၏။

"ကျုပ်က အိုဘတ်စ်ရပ်ကီနဲ့တွေ့ချင်လို့ လိုက်ရှာနေတာ၊ သူက မိုင်ဒင်လမ်းမှာတည်းမယ်လို့ ပြောခဲ့လို့"

လုံခြုံရေးတပ်ကြပ်ကြီးက ဂျက်ပြောလိုက်သည့်နာမည်ကို ရေရွတ်လိုက်ပြီး...

"ဒီနာမည် မကြားဖူးပါဘူးဗိုလ်မှူး၊ လူကိုလည်း မသိပါဘူး"

"ဘယ်ကြားဖူးပါ့မလဲ၊ သူက ဒီနေ့မနက်မှ ဒီကိုရောက်မယ်"

"ရောက်ရင်လည်း သူက ဒီမှာရှိနေတဲ့ လုံခြုံရေးဌာနကို လာပြီးသတင်းပို့ရမှာပဲ၊ ခုဆိုရင် ဒီလစ်စဒတ်မြို့ကိုရောက်လာတဲ့ ဗိုလ်မှူးနဲ့ ဗိုလ်မှူးအထက်အဆင့်ရှိတဲ့ စစ်အရာရှိတိုင်း လုံခြုံရေးဌာနချုပ်က လုံခြုံရေးတာဝန်ခံဗိုလ်မှူးကြီးလိုင်ဆလာဆီကို လာပြီးသတင်းပို့ရတယ်ခင်ဗျ"

"ဘယ်သူကထုတ်ထားတဲ့အမိန့်လဲ"

"ဗိုလ်မှူးကြီးလိုင်ဆလာကိုယ်တိုင် ထုတ်ထားတဲ့အမိန့်ပါ"

"သြော်...ဗိုလ်မှူးကြီးကိုယ်တိုင်ထုတ်ထားတဲ့အမိန့်ကိုး"

ဗိုလ်မှူးဂျက်က ပြောပြောဆိုဆို ကားပေါ်မှဆင်းလိုက်ပြီး တပ်ကြပ်ကြီးနှင့် မျက်နှာချင်းဆိုင်၍ ရပ်ပစ်လိုက်၏။

တပ်ကြပ်ကြီးထံမှ ဗိုလ်မှူးကြီးဆီ သတင်းပို့ရတယ်ခင်ဗျဟု စကားဦးသမ်းသာခဲ့ပြီဖြစ်ရာ တစ်ဆင့်တတ်လျက် သက်ဆိုင်ရာ စာရွက်စာတမ်းများ ကြည့်ခွင့်ပေးပါ၊ ခရီးသွားခွင့်အမိန့်ပြပါ...စသည်ဖြင့် ဆက်၍လာတော့မည်ကို ဂျက်က သိလည်ပြီးသား။

ထို့ကြောင့် အရေးကြုံလာလျှင် သက်လုံကောင်းစေရန် ဂျက်က လုံခြုံရေးတပ်ကြပ်ကြီးနှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်ခြင်း။

ဗိုလ်မှူးဂျက်အရပ်က ခြောက်ပေ၊ နှစ်လက်မ။

လုံခြုံရေးတပ်ကြပ်ကြီးထက် ခေါင်းတစ်ခြမ်းမြင့်နေသည်။ ဂျက်ကိုယ်ခန္ဓာကလည်း တပ်ကြပ်ကြီးထက် တုတ်တုတ်ခိုင်ခိုင်။

ကက်ဦးထုပ်အောက်မှပေါ်ထွက်နေသည့် ဂျက်၏ အနက်ရောင်ဆံပင်တွင် ဆီအလိမ်းလိမ်း။ မျက်နှာအမူအရာကလည်း ပင်ကိုကပင် ဝါရင့်တပ်မှူးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ပုံပန်း။

တိုက်ပွဲအမျိုးမျိုးကို နွှဲခဲ့သည့် စစ်သားကြီးတစ်ယောက်ဟု လုံခြုံရေးတပ်ကြပ်ကြီးက ဂျက်အား အကဲခတ်မိပုံရသည်။

ဂျက်၏အရှိန်အဝါကြောင့် တပ်ကြပ်ကြီးက မျက်နှာချင်းဆိုင် ရပ်နေရာမှ နောက်သို့ တစ်လှမ်းဆုတ်သွားသည်။

အကင်းပါးသည့်ဂျက်က တပ်ကြပ်ကြီးအား စိုက်ကြည့်ရင်း…

"ကျုပ်က မောင်ရင့်နာမည်ကိုတော့ မမေးတော့ပါဘူး၊ မေးမိရင် ဗိုလ်မှူးကြီးလိုင်ဆလာကို ကျုပ်က ဗိုလ်မှူးကြီးရဲ့တပ်ဖွဲ့မှာ အင်မတန်အရေးကြီးတဲ့ စစ်ရေးကို အနှောင့်အယှက်လုပ်နေတဲ့ အရာရှိမဟုတ်တဲ့လူတွေ ရှိနေတယ်လို့ သတင်းပို့မိမှာပဲ"

ဂျစ်ကားနောက်ဘက်သို့လှည့်ကြည့်ရန်သွားသော ဒုတပ်ကြပ်က တပ်ကြပ်ကြီးရှိရာသို့ ပြန်ရောက်လာသည်။

ဂျက်က အနောက်ဘက်သို့ လက်ညှိုးထိုးပြပြီး…

"မောင်ရင် အမြောက်တွေပစ်နေသံ ကြားတယ်မဟုတ်လား၊ ဖီးမာရှယ်မိုဒယ်က အမေရိကန်တွေကို တိုက်နေတဲ့အသံလေ"

"ဗိုလ်မှူးကြီးလိုင်ဆလာက ဖီးမားရှယ်မိုဒယ်ရဲ့ ဦးစီးအရာရှိတစ်ယောက်ပဲ။ ကျုပ်မှာ ဖီးမာရှယ်မိုဒယ်ဆီကို အရေးတကြီး ပို့စရာသတင်းရှိနေတယ်။ သူ့ဆီကို ကျုပ် အချိန်မီရောက်မသွားရင် ဖီးမာရှယ်ရဲ့ တပ်ဖွဲ့ကြီးတစ်ခုလုံး ရှုဟာစ်နယ်မြေမှာ ချောင်ပိတ်ခံရမှာ သေချာတယ်"

"ဒီတော့ ကျုပ်ကို နှောင့်နှေးအောင် မောင်ရင်လုပ်နေရင် မောင်ရင့်မှာ ဘယ်လောက်တာဝန်ရှိတယ်ဆိုတာ စဉ်းစားကြည့်၊ စစ်ခုံရုံးဖွဲ့ပြီး စစ်ဆေးတဲ့ အချိန်မှာတော့ ကျုပ်က မောင်ရင့်ကို ညှာနေနိုင်တော့မှာမဟုတ်ဘူး"

"မောင်ရင်နဲ့ မောင်ရင့်အဖော်ကိုပါ ပစ်သတ်ခံရမယ့်အပြင် မောင်ရင်တို့ရဲ့ မိသားစုတွေလည်း အကျဉ်းစခန်းမှာ အိုပြီးသေရတဲ့အထိ အကျဉ်းခံနေရမှာပဲ"

"ဒီတော့ ကြိုက်တဲ့လမ်းကို မောင်ရင်ရွေးပေတော့။ ကျုပ်ကိုပဲ မိုင်ဒင်လမ်းကို ပြမလား၊ ဒါမှမဟုတ် တောင်မေးမြောက်မေး လုပ်နေမလား"

လုံခြုံရေးတပ်ကြပ်ကြီးက နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီး…

"ခွင့်လွှတ်ပါဗိုလ်မှူး၊ ကျွန်တော် ဗိုလ်မှူးကို ကြန့်ကြာအောင် နှောင့်ယှက်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို အထက်က တာဝန်ပေးထားလို့ပါ"

"အမေရိကန်တပ်တွေက သိပ်နီးလာတော့ ဆက်ပြီးမတိုက်ချင်ဘဲ တပ်ကထွက်ပြေးချင်တဲ့ စစ်ပြေးတွေများလာလို့ တပ်ပြေးတွေ လိုက်ဖမ်းရမယ်လို့ တာဝန်ပေးထားလို့ပါ"

"ဘာဖြစ်တယ်…စစ်ပြေးတွေ…ဟုတ်လား၊ မင်းက ငါ့ကို စစ်ပြေးလို့ စွပ်စွဲချင်တာလား၊ စစ်ပြေးဆိုရင် ကျုပ်က ဘာလို့ ဒီမြို့လယ်ကောင်မှာလာပြီး ရပ်နေမှာလဲ၊ မအေ…"

ဗိုလ်မှူးဂျက်က ဆဲ၍မဆုံးမီ လုံခြုံရေးတပ်ကြပ်ကြီးနှင့် အဖော်က သတိအနေအထားဖြင့် ရပ်လိုက်ပြီး ခွင့်လွှတ်ရန် တောင်းပန်နေကြ၏။

"ကဲ…ဒါဖြင့်လည်း မိုင်ဒင်လမ်းကို ဘယ်လိုသွားရလဲ၊ ပြောစမ်း"

"မြစ်ကမ်းဘေးကလမ်းအတိုင်း ဆယ့်ငါးမိနစ်လောက် မောင်းသွားရင် ရောက်ပါတယ်ဗိုလ်မှူး။ ဒီမိုင်ဒင်လမ်းထဲမှာ ဗိုလ်မှူးကြီးလိုင်ဆလာရဲ့ ဌာနချုပ်နဲ့ လုံခြုံရေးတပ်ဖွဲ့ရှိနေပါတယ် ဗိုလ်မှူး"

"နေပါဦးကွ၊ လုံခြုံရေးတပ်ဖွဲ့က ဒီလောက်ငယ်တဲ့မြို့ကလေးမှာ ဘာလုပ်နေတာလဲ၊ ဗိုလ်မှူးကြီးတစ်ယောက်က အုပ်ချုပ်နေတယ်ဆိုတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဒီမြို့ကလေးမှာ တပ်ရင်းတစ်ရင်းစာလောက် ရှိနေမှာပဲ"

"တပ်ရင်းတစ်ရင်းစာ မရှိပါဘူး၊ လူက နည်းနည်းပါ၊ ဒါပေမယ့် အရေးကြီးတယ်ဆိုပြီး ဗိုလ်မှူးကြီးရောက်လာတာပါ ဗိုလ်မှူး"

"ဘာပဲဖြစ်ဖြစ် ဒီမှာထိုင်နေမယ့်အစား ရှေ့တန်းထွက်ပြီး တိုက်နေဖို့ကောင်းတယ်"

ဂျက်က ဂျစ်ကားဆီသို့ပြန်လျှောက်လာပြီး တက်ထိုင်လိုက်ကာ ထိုနေရာမှ မောင်းထွက်လာခဲ့သည်။

လုံခြုံရေးတပ်ကြပ်ကြီးနှင့် အဖော်က 'ဟေး…ဟစ်တလာ'ဟု လက်ကို မြှောက်၍ အလေးပြုရင်းကျန်ရစ်နေခဲ့၏။

ဒုဗိုလ်တစ်ယောက်သာ ဦးစီးနေသည့် လုံခြုံရေးစခန်းသို့ ဗိုလ်မှူးကြီးတစ်ဦးသာရောက်တာဝန်ယူလိုက်ခြင်းမှာ ထူးခြားလှသည်ဟု ဗိုလ်မှူးဂျက်က တွေးဆိုက်မိသည်။

ဗြိတိသျှအမျိုးသမီး ဟယ်လင်အဖို့ အန္တရာယ်က ပတ်လည်ဝိုင်းနေပေတော့သည်။

ဂျက်က သက်ပြင်းတစ်ချက်ချလိုက်မိ၏။

▲







www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

**မိုင်ဒင်လမ်း…**

**တိုက်အမှတ် ၂၃။**

**ဟယ်လင် သို့မဟုတ် ဂါဝါစတိန်း။**

ဂျက်နှင့် အဖွဲ့သားနှစ်ယောက်က ဟယ်လင်နေထိုင်သည့် တိုက်ရှေ့သို့ မရောက်မီကပင် တိုက်ရှေ့တွင်ရပ်ထားသည့် ဂျာမန်စစ်ဦးစီးအဖွဲ့ဝင်များသာ စီးလေ့ရှိသော အနက်ရောင်ကားတစ်စီးကို သတိပြုလိုက်မိကြပြီးသား။

ဟယ်လင်နေထိုင်ရာ မိုင်ဒင်လမ်း၊ တိုက်အမှတ်(၂၃)ရှေ့သို့ ဗိုလ်မှူးဂျက်တို့ ရောက်လာသည့်အချိန်က ညနေ ၅ နာရီ ၄၅ မိနစ်။

မိနစ် ၂၀ ခန့် နောက်ကျနေလေပြီ။

သို့သော် ဂျက်တို့အဖို့မူ ကံကောင်းသည်ဟု ဆိုရမလား။

သူတို့သာ မိနစ် ၂၀ စော၍ ရောက်လာခဲ့ပါလျှင်…

ဟယ်လင်ကိုလာဖမ်းသည့်ပိုက်ထဲ၌ ဂျက်တို့သုံးယောက်လည်း ပါသွားမည် အမှန်။

အမှတ်(၂၃)တိုက်ခန်းထဲမှ အသက် ၄၀ ခန့် အမျိုးသမီးတစ်ဦးကို အက်စ်အက်စ် တပ်ဖွဲ့သားနှစ်ယောက် တွန်းထိုးဆွဲထုတ်လာပြီး ကားအနောက်ဘက် ထိုင်ခုံပေါ်သို့ ပစ်သွင်းလိုက်ကြသည်။

ကားအနက်ရှေ့ဖုံးပေါ်တွင် ဦးစီးအရာရှိတစ်ဦး၏ကားဖြစ်ကြောင်း တလူလူလွင့်နေသည့်တံခွန်က သက်သေခံနေလေသည်။

လမ်းဘေးပလက်ဖောင်းပေါ်တွင် ဒူးအောက်အနားထိရောက်သည့် သားရေဘွတ်ဖိနပ်ကြီးကို ဝတ်ထားသည့် အရာရှိနှစ်ယောက်။

တစ်ယောက်က မျက်မှန်နှင့် အသက်ခပ်ကြီးကြီး။

အခြားတစ်ယောက်က ခပ်ငယ်ငယ်။





မျက်မှန်နှင့်အရာရှိမှာ ဗိုလ်မှူးကြီးအဆင့်။

ဗိုလ်မှူးကြီးဂိုင်ဆလာပင် ဖြစ်ရပေမည်။

ခပ်ငယ်ငယ်အရာရှိက ဒုဗိုလ်အဆင့်။

ဗိုလ်မှူးကြီးရောက်မလာမီ လုံခြုံရေးစခန်းကိုအုပ်ချုပ်နေခဲ့သူ ဖြစ်ရမည်။

ဟယ်လင်အား ကိုယ်တိုင်ကိုယ်ကြပ် မမြင်ဖူးစေကာမူ လန်ဒန်စစ်ဌာနချုပ်တွင် တွေ့ခဲ့ရသည့် ဓာတ်ပုံမှပုံပန်းက တွန်းထိုးဆွဲထုတ်ခြင်းခံရသူမှာ ဟယ်လင်ဖြစ်ကြောင်း အထူးသက်သေထူနေစရာ မလိုတော့။

ဂျက်က သည်အတိုင်းပင် မှတ်ချက်ချလိုက်၏။

ကားမောင်းလာသူ ဒုတပ်ကြပ်မိုက်က ဂျစ်ကားပြေးနှုန်းကို တစ်နာရီမိုင် ၃၀ အထိလျှော့ချကာ တိုက်ရှေ့မှ ခပ်မှန်မှန်ပင် ဖြတ်မောင်းလာသည်။

ရိုင်ဒင်လမ်းက လမ်းရှည်ကြီး။

အကွေ့အကောက်မရှိသလောက်။ လမ်းချိုးလမ်းဖြတ်များလည်းမရှိ။

တစ်ဖက်တစ်ချက်တွင် တိုက်အိမ်များသာ စီတန်းလျက်ရှိရာ ဟယ်လင်အား အနက်ရောင်ကားထဲမှ ဘယ်လိုမှ ကယ်၍မရသည့်အခြေအနေ။

ဂျက်က ခေါင်းကို နောက်ဘက်သို့မလှည့်ဘဲ ကားနောက်တွင် ထိုင်လိုက်လာသူ တပ်ကြပ်ကြီးဖူးလားအား အမှတ်(၂၃)တိုက်ခန်းရှေ့တွင် မည်သို့ ဆက်လက်ဖြစ်ပျက်နေပုံကို သတင်းပို့ပါဟု ညွှန်ကြားလိုက်၏။

"ဗိုလ်မှူးကြီးနဲ့ ဒုဗိုလ်က ကားအနက်ထဲကို ဝင်ထိုင်လိုက်ကြပြီ"

"ကားအနက်က ကျွန်တော်တို့နောက် လိုက်လာတယ်"

ဖူးလားက မြင်သမျှ သတင်းပို့နေသည်။

"အက်စ်အက်စ်တပ်သားတွေလည်း ကျွန်တော်တို့မောင်းလာတဲ့ဘက်ကို လမ်းလျှောက်ပြီး လိုက်လာကြတယ်"

ဂျက်က…

"ဂိုင်ဆလာရဲ့ဌာနချုပ်က ဒီလမ်းထဲမှာ၊ ကားအနက်ကလေး ဘယ်နေရာမှာ ရပ်တယ်ဆိုတာ မှတ်ထားစမ်း"

"ဟုတ်ကဲ့ဗိုလ်မှူး၊ ကားအနက်ကလေးက ဆက်ပြီးလာနေတုန်းပဲ"

"…ဟာ…ရပ်သွားပြီ"

"သူတို့ ကားပေါ်ကဆင်းနေကြပြီ၊ ကားရပ်တဲ့နေရာက အဖြူရောင် အဆောက်အအုံ၊ တစ်ယောက်ယောက်ရဲ့ ကိုယ်ပိုင်တိုက်ကလေးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီဖူးလား၊ ကျုပ်တို့ကားကို မှန်မှန်သာဆက်မောင်း၊ ဒါနဲ့ ဓာတ်ဆီကော ရှိသေးရဲ့လား"

"ရှိတယ်ဗိုလ်မှူး၊ ကျွန်တော် ဘယ်အထိမောင်းရမလဲ"

"ဘူတာရုံအထိမောင်းကွာ"

ဖူးလားက ဂျစ်ကားကို ဘူတာရုံအဝင်ဝနားတွင် ထိုးရပ်လိုက်သည်။

ဂျက်က ပလက်ဖောင်းပေါ်တွင် စကြိုလျှောက်ရင်း အကြံထုတ်နေ၏။

မိုက်နှင့် ဖူးလားက စီးကရက်ခဲရင်း ဗိုလ်မှူးထံမှအမိန့်ကို စောင့်နေကြသည်။

ဘူတာရုံတစ်ဝိုက်တွင် လူသွားလူလာ ကင်းရှင်းလျက်။

စောစောက ကစားနေကြသော ကလေးများလည်း မရှိကြတော့။

ကိုက်နှစ်ရာခန့်အကွာတွင်မူ ဂျာမန်တင့်ကားတစ်စီး ရပ်လျက်။

တင့်ကားမှ တပ်သားများက ဖဲတစ်ဖုံဖြင့်။

ညနေခြောက်နာရီတွင် ခြေလျင်ကင်းလှည့်အဖွဲ့တစ်ဖွဲ့ ဘူတာရုံတစ်ဝိုက်သို့ ရောက်လာသည်။

အက်စ်အက်စ် တပ်ဖွဲ့ဝင်များမဟုတ်။ တိုက်ခိုက်ရေးတပ်မှ ရဲဘော်များသာ။

ပလက်ဖောင်းပေါ်တွင် စကြိုလျှောက်နေသည့် တိုက်ခိုက်ရေးတပ် ဗိုလ်မှူးတစ်ဦးကို တွေ့နေရသဖြင့် ကင်းလှည့်ရဲဘော်များ အနားမကပ်ရဲဘဲ ရှဲသွားကြသည်။

စစ်ပွဲပြင်းထန်နေသည့် ယခုအချိန်တွင် မည်သည့်တပ်သား ရဲဘော်များကိုမဆို ရှေ့တန်းစစ်မျက်နှာသို့ အချိန်မရွေး ပို့တတ်ကြရာ ကင်းလှည့်ရဲဘော်များက ဘူတာရုံတစ်ဝိုက်၌ ဆက်မနေရဲတော့ခြင်း။

ညနေ ခြောက်နာရီ ဆယ့်ငါးမိနစ်သို့ ရောက်လာသည်။

ဂျက်က ဟယ်လင်အား ဘယ်လိုမှ ကယ်နိုင်လိမ့်မည်မဟုတ်ဟု ဆုံးဖြတ်လိုက်ရတော့သည်။

ဟယ်လင်နှင့် တွေ့ဆုံခွင့်မရနိုင်တော့သည့်အတွက် ဖီးမာရှယ်မိုဒယ်၏ နောက်တန်းခဲယမ်းမီးကျောက်တိုက် မည်သည့်နေရာတွင်ရှိသည်ကိုလည်း သိနိုင်ခွင့် မရတော့။

ဗိုလ်မှူးချုပ် ဂရင်းလေးက မိမိအားပေးလိုက်သည့်အမိန့်ကို မည်သို့ဆောင်ရွက်နိုင်ပါမည်နည်း။





ဟယ်လင်ကိုကယ်။

ဟယ်လင်ညွှန်ပြသည့် ခဲယမ်းမီးကျောက်တိုက်ကို ဖောက်ခွဲ။

ဟယ်လင်အား မကယ်နိုင်၊ မတွေ့နိုင်တော့။

သို့ဖြစ်လျှင် ခဲယမ်းမီးကျောက်တိုက် မည်သည့်နေရာမှာဟု မည်သို့သိနိုင်ပါတော့မည်နည်း။

"ခဲယမ်းမီးကျောက်တိုက်ကို ရှာမရရင်..."

ဗိုလ်မှူးချုပ်ဂရင်းလေးက ဆက်၍အမိန့်ပေးလိုက်ပုံကို တွေးမိပြန်၏။

"ဖောက်ခွဲပစ်သင့်တယ်လို့ထင်တဲ့၊ ဖောက်ခွဲပစ်လို့ လွယ်မယ့် အဆောက်အအုံ တစ်ခုခုကို ဖောက်ခွဲပစ်ခဲ့"

ဂျက်က ဂျစ်ကားပေါ်သို့ လေးလေးကန်ကန်ပြန်တက်လိုက်သည်။

"ဒီကပဲ လှည့်ပြန်ကြစို့ကွာ"

"ဒါဖြင့် ကျွန်တော်တို့ ဘာဖောက်ခွဲဖျက်ဆီးရေးမှ မလုပ်တော့ဘူးလား"

ကားဖင်ထိုင်ခုံအောက်တွင် ဖောက်ခွဲဖျက်ဆီးရေး ကိရိယာအစုံကို ဇက်ယူလာခဲ့သော ဒုတပ်ကြပ်မိုက်က မေးလိုက်ခြင်း။

"လမ်းမှာ တစ်ခုခုတော့ ဖောက်ခွဲသွားမှာပေါ့ကွာ"

"ဒီက ဂျာမန်ဗိုလ်မှူးကြီးရဲ့ လုံခြုံရေးဌာနချုပ်ကို ဖောက်ခွဲလိုက်ရင် မကောင်းဘူးလား ဗိုလ်မှူး"

"ဟယ်လင်က ဒီဌာနချုပ်ထဲရောက်နေတာ ဘယ့်နှယ်လုပ်မလဲ"

"ဂျာမန်တွေလက်ထဲမှာ အညှဉ်းခံပြီး သေရမှာထက် ကျွန်တော်တို့ ဖောက်ခွဲဖျက်ဆီးလိုက်လို့ ဂျာမန်ဗိုလ်မှူးကြီးပါ တစ်ခါတည်းကြွသွားတာ မကောင်းဘူးလား"

ဖောက်ခွဲဖျက်ဆီးရန် လက်ယားနေသောမိုက်က အတင်းတိုက်တွန်းနေသည်။

လက်အောက်ငယ်သားများထံမှ အကြံဉာဏ်ပေးရန် အမြဲခွင့်ပြုထားလေ့ရှိသည့် ဗိုလ်မှူးဂျက်က မိုက်စကားကို နားထောင်နေပြီးမှ...

"ဒီလိုလည်း မဟုတ်သေးဘူးကွာ၊ သတ္တဝါတစ်ခု ကံတစ်ခုဆိုသလို ဟယ်လင်က ဂျာမန်တွေလက်ထဲမှာ အသက်မသေဘဲ ကျန်ချင် ကျန်နေမှာ၊ ဒီတော့ တို့က ဒီဌာနချုပ်ကို ဖောက်ခွဲဖျက်ဆီးပစ်လို့ မဖြစ်သေးဘူး"

"စိတ်ချသာနေ မိုက်၊ လမ်းမှာ မောင်းရင့်ဖို့ ဖောက်ခွဲစရာတစ်ခုခုတော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမှာ အမှန်ပဲ၊ ကဲ...ပြန်လှည့်ပြီးမောင်း”

“လာလမ်းအတိုင်း မောင်းရမှာလား ဗိုလ်မှူး၊ အလာတုန်းကလို ကျွန်တော်တို့ လမ်းပိတ်နေတာနဲ့ တိုးနေဦးမယ်”

ဂျက်က ခဏစဉ်းစားလိုက်ပြီး...

“တို့ ဂတ်တာဆလော့မြို့က လာခဲ့တုန်းက လမ်းခွဲကလေးတစ်ခု သတိထားခဲ့မိတယ်၊ မြေပုံပေါ်မှာတော့ အဲဒီလမ်းခွဲကို လူသွားလမ်းကလေးတစ်ခုလောက်ပဲ ပြထားပေမယ့် အမှန်တော့ ကားသွားနိုင်တဲ့ လမ်းတစ်လမ်းပဲ”

“ဒီလမ်းခွဲအတိုင်းလိုက်သွားရင် မန်းစတားမြို့ဘက်ကို ရောက်နိုင်မယ်”

“ဒီတော့ အလာတုန်းကလို လမ်းပိတ်နေတာနဲ့ မကြုံရအောင် ဒီလမ်းခွဲကလေးအတိုင်း လိုက်ရအောင်”

“ကဲ...ဟုတ်ပြီမဟုတ်လား၊ တို့ ဒီလမ်းခွဲကလေးအတိုင်းပဲလိုက်မယ်၊ မိုက်ကိုတော့ လမ်းမှာ ဖောက်ခွဲဖျက်ဆီးစရာတစ်ခုခု ရှာပေးပါ့မယ်ကွာ”

▲



[ ၄ ]

ဂျစ်ကားကို ပြန်လှည့်၍မောင်းလာပြီးနောက် နာရီဝက်လောက်ကြာသည့်တိုင် မည်သူမျှစကားမပြောဖြစ်ကြ။

ဗြိတိသျှအမျိုးသမီးတစ်ဦးဖြစ်သူ ဟယ်လင်အား နာဇီဂျာမန်တို့လက်ထဲတွင် ထားခဲ့ရခြင်းနှင့် အဓိကပစ်မှတ်ဖြစ်သော ခဲယမ်းမီးကျောက်တိုက်ကို ဖောက်ခွဲဖျက်ဆီးခြင်း မပြုနိုင်ခဲ့ခြင်းတို့က စိတ်မကောင်းစရာ။

လမ်းခွဲကလေးပေါ်တွင် ယာဉ်အသွားအလာ လုံးဝမရှိ။

အပြီးပြီအပျက်ပျက် ဖြစ်နေသောကြောင့်လည်း ယာဉ်အသွားအလာ မဲ့နေခြင်း။

လမ်းခွဲကလေးက မြောက်ဘက်သို့ ဦးတည်နေကြောင်းမှာကား ထင်ရှားလှသည်။ ဤလမ်းခွဲကလေးအတိုင်း လိုက်သွားလျှင် ဂတ်တာဆလော့မြို့အနောက်ဘက်သို့ ရောက်သွားနိုင်မည်မလွဲ။

သည်အတိုင်းဆိုလျှင် ဂျက်နှင့်အဖွဲ့သည် ဂတ်တာဆလော့မြို့နှင့် မန်းစတားမြို့ နှစ်မြို့အကြားသို့ ခရီးပေါက်သွားနိုင်ပေတော့မည်။

ဗိုလ်မှူးဂျက်က အတွေးရေယာဉ်ကြောတွင် မျောပါနေသလို ကားနောက်ဘက် ထိုင်ခုံမှ တပ်ကြပ်ကြီးဖူးလားကလည်း အအိပ်နှဒီဘောင်တွင် ယောင်၍ အမ်း၍ပင် ပျော်နေသည်။

ကားကို ဂရုတစိုက်မောင်းနေရသည့် ဒုတပ်ကြပ် မိုက်တစ်ယောက်သာ လမ်းကိုကြည့်လိုက်၊ ဝဲယာရှုခင်းများကိုကြည့်လိုက်ဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော...ဟိုမှာမြင်ရတာ ဘာလဲဗျို့"

ခပ်ကျယ်ကျယ်ပြောလိုက်သော မိုက်အသံကြောင့် ဂျက်က အတွေးရေယဉ်ကြောဝယ် မျောပါနေရာမှ ခေါင်းထောင်ကြည့်လိုက်ရင်း...

"ဘာကိုမြင်လို့ ပြောတာလဲ မိုက်"

မိုက်က ကားအရှိန်ကို လျှော့ချလိုက်ကာ သစ်ပင်များအကြားသို့ ညွှန်ပြလိုက်သည်။

သစ်ပင်များအကြားတွင် လမ်းကလေးတစ်လမ်း။

လမ်းကလေးအဆုံးတွင် လယ်တဲအိမ်တစ်ဆောင်။

ယင်းလယ်တဲအိမ်ခြံဝိုင်းထဲ၌ စစ်သားတင်ကားတစ်စီး။

ကားကရပ်လျက်။

ကားနောက်တွင် ကြယ်တစ်လုံးက အထင်းသား။

အမေရိကန်စစ်သားတင် စစ်ကားတစ်စီးဖြစ်ကြောင်းကား သေချာလှသည်။

စစ်ကားကို သစ်ကိုင်း သစ်ရွက်တို့ဖြင့် ပုံဖျက်ထားခြင်း လုံးဝမရှိ။

"အမေရိကန် စစ်ကားနဲ့တူတယ်"

မိုက်က ထင်မြင်ချက်ပေးလိုက်၏။

"ဟုတ်တယ်၊ အမေရိကန်စစ်ကားပဲ"

"အမေရိကန်စစ်ကားက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး"

ဂျက်က အဖြေပေးလိုက်ပြီး ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ဘာလုပ်နေကြတယ်ဆိုတာ သွားကြည့်ကြရအောင်"

"ဗိုလ်မှူးက ပြောင်ပြီးပြောနေတာလား"

ကားနောက်ပိုင်း ထိုင်ခုံပေါ်တွင် မျက်နှာကို လက်ဖြင့်ပွတ်နေသော ဖူးလားက အိပ်ချင်သံဖြင့်မေးရင်း တစ်ဆက်တည်းပင်...

"ကျွန်တော်တို့ကိုယ်ပေါ်က ဝတ်စုံတွေမြင်တာနဲ့ သူတို့က ကျွန်တော်တို့ကို စ,ဆော်မှာ၊ နောက်ပြီးမှ ကျွန်တော်တို့ဘယ်သူတွေဆိုတာ စုံစမ်းမှာ"

"ဘာဖြစ်ဟုတ်တယ် ဟုတ်သုံးပြီး ချဉ်းကပ်သွားရင် စ,ပြီးအပစ်ခံရမှာမဟုတ်ပါဘူးကွာ၊ အမေရိကန်တပ်သား လက်တစ်ဆုပ်စာကိုတွေ့ရတာ တပ်မတစ်ခုနဲ့ တွေ့ရတာထက်တော့ ကောင်းမယ်မဟုတ်လား။





"ဒီအမေရိကန်တွေက ခရီးဝေးထောက်လှမ်းဖို့ထွက်လာတဲ့ အဖွဲ့တစ်ဖွဲ့က ခွဲထွက်လာတဲ့လူစုနဲ့တူတယ်။ သူတို့ဆီချဉ်းကပ်ပြီး သူတို့အဖွဲ့သားတွေ ဘယ်နေရာ ဆလောက်မှာ ရောက်နေမယ်ဆိုတာ စုံစမ်းထားရင် ကျုပ်တို့အတွက် အန္တရာယ်ကို ကာကွယ်နိုင်မယ်မဟုတ်လား"

ဂျက်၏စကားကို ဖူးလားက ခေါင်းကို ခါယမ်းလိုက်ပြီး...

"ထောက်လှမ်းရေးထွက်လာတာတဲ့လား၊ ကားကလည်း ပုံဖျက်မထား၊ အစောင့်ဆိုလို့လည်း တစ်ယောက်မှမရှိ"

"ဒီကားက စစ်မဖြစ်ခင်ကပဲ ဒီနေရာမှာရှိနေတဲ့ ကားနဲ့တူပါတယ်"

ဂျက်က...

"ဒီမှာ ဘယ်တုန်းကမှ အမေရိကန်တွေ မနေခဲ့ဖူးဘူး၊ ကဲ...ကျုပ်တို့ ကစ်ကားကို ချုံကြားမှာထိုးထားခဲ့၊ ကျုပ်တို့ ဒီကပဲ ဆင်းလျှောက်ကြရအောင်"

လယ်တဲအိမ်က လမ်းမှ ကိုက် ၃၀၀ ခန့်အကွာ။

သို့သော် ရင်ဆိုင်ချဉ်းကပ်စရာမလို။ လမ်းကြားတွင် ချုံတန်းကလေးများနှင့် စပါးကျီတစ်ခု။

သည်ချုံတန်းနှင့် သည်စပါးကျီကို အကာအကွယ်ယူကာ တဲအိမ်ရှိရာသို့ ချဉ်းကပ်နိုင်သည်။

ကြယ်ပွင့်အမှတ်အသားပါသည့် စစ်ကားကို မြင်နေရသောကြောင့် ထောက်လှမ်းရေးထွက်လာသည့် အမေရိကန်တွေပါဟု ထင်မြင်ချက်ပေးလိုက်ရသည်။ သို့တိုင်အောင် ဂျက်က သူ့မျက်စိကိုပင် သူ မယုံသလိုဖြစ်နေမိသည်။

ထောက်လှမ်းရေး ထွက်လာပါလျက် ကားကို ပုံဖျက်ခြင်းအလျဉ်းမရှိဘဲ အားပုံကပင် ရှုးမိုက်ရာကျနေ၏။

ထို့ပြင် တစ်ယောက်တလေမျှ အစောင့်ချမထား။

အမေရိကန်ဆိုသည်က စိတ်ထင်ရာကြဲတတ်သည့်လူမျိုး။

မြို့တွင်းတိုက်ပွဲတစ်ခုဖြစ်နေစဉ် ရှားမင်းတင့်ကားကို ကွပ်ကဲလိုက်ပါလာသည့် အမေရိကန်စစ်ဗိုလ်တစ်ယောက်ကို ဂျက်က အမှတ်ရနေ၏။

လမ်းပေါ်တွင် ကျည်ဆန်တွေ တဝီဝီပျံသန်းနေဆဲမှာပင် ယင်းစစ်ဗိုလ်က တင့်ကားအံဖုံးအမိုးပေါ်က ခုန်ဆင်းလာပြီး လမ်းဘေးဆိုင်တစ်ဆိုင်ထဲသို့ ပြေးခင်သွားသည်။

နှစ်စက္ကန့်လောက်အကြာတွင် ယင်းစစ်ဗိုလ်က ဆိုင်ထဲမှပြေးထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်တစ်ချက်တွင် ဘရန်ဒီပုလင်းတစ်လုံးစီဖြင့်။

ယခုလည်း အမေရိကန် ထောက်လှမ်းရေးတပ်သားတစ်ခု ထင်တိုင်းကြဲ နေခြင်းပင် ဖြစ်ရမည်ဟု ဂျက်ရာတွက်လိုက်၏။

လယ်တဲအိမ်နှင့် ပေသုံးဆယ်အကွာလောက်တွင်ရှိနေသော စပါးကျီကို အကာအကွယ်ယူလျက် ဂျက်က အမေရိကန်စစ်ကားကို ထောက်လှမ်းကြည့် လိုက်ပြီး နောက်သို့ပြန်ဆုတ်လာခဲ့သည်။

"ကားပေါ်မှာ အစောင့်စစ်သားတစ်ယောက် ရှိနေတယ်၊ ဒါပေမယ့် သူက ဒီလမ်းဘက်ကို စောင့်ကြည့်နေတာမဟုတ်ဘူး၊ လယ်တဲအိမ် ပြတင်းပေါက်ဘက် ကနေပြီး အိမ်ထဲကိုကြည့်နေတာ"

"တဲအိမ်ထဲမှာ စိတ်ဝင်စားစရာတစ်ခုခုတော့ ရှိနေလို့ဖြစ်မှာပဲ"

ဗိုလ်မှူးဂျက်က ရဲဘော်နှစ်ယောက်ကို အတိုချုံးရှင်းပြလိုက်ပြီးမှ...

"ကဲ...တပ်ကြပ်ကြီးဖူးလား၊ မောင်ရင်က ကားပေါ်က ကင်းသမားကို တစ်နာရီလောက်အိပ်ပျော်သွားအောင် အိပ်ဆေးကလေးပေးလိုက်၊ လက်မလွန်စေနဲ့၊ အသံလည်းမထွက်စေနဲ့"

ဖူးလားက ခေါင်းညိတ်လိုက်ပြီး လက်ထဲမှ မရှင်းပစ္စတိုကို မိုက်သို့ လှမ်းပေးလိုက်၏။

ဂျက်နှင့် မိုက်တို့က ဖူးလား၏လှုပ်ရှားပုံကို စောင့်ကြည့်နေကြ၏။

ဖူးလား၏လှုပ်ရှားပုံက စစ်ရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသလို။

အသက် ၃၁ နှစ်ရှိနေပြီဖြစ်သော ဖူးလားက စစ်မှုထမ်းသက် ဆယ်နှစ် ရှိနေပြီ။

လန်ဒန်မြို့သားစစ်စစ်ဖြစ်ပါလျက် ရွှေရောင်ဆံပင်၊ ပြာသောမျက်လုံး၊ မြင့်သည့်အရပ်တို့ကြောင့် သာမန် ဂျာမန်တို့ထက်ပင် ပို၍ ဂျာမန်နှင့်တူနေသူ။

စစ်မှုထမ်းသက် ဆယ်နှစ်အတွင်း ဗိုလ်မှူးဂျက်နှင့် တွဲခဲ့ရသည့်နှစ်က လေးနှစ်။

သူက ဗြိတိသျှ အမြဲတမ်းတပ်မတော်တွင် အမှုထမ်းနေစဉ် အိမ်ထောင်ကျ ခဲ့သည်။ ကလေးနှစ်ယောက်ရပြီးနောက် အိမ်ထောင်ပျက်ခဲ့သည်။

ဒန်ကတ်တိုက်ပွဲကြီးအပြီး၌ သူက ကွန်မန်ဒိုတပ်ဖွဲ့သို့ ပြောင်းလာခဲ့၏။ သတ်ရ ဖြတ်ရ စွန့်စားရသည့်အလုပ်မျိုးကိုမှ လုပ်ချင်ပါသည်ဟု အကြောင်းပြ ကာ ပြောင်းရွှေ့လာခဲ့ခြင်း။





ကျည်ကွယ် မျက်ကွယ်မဲ့သည့် နေရာမျိုး၌ တပ်ကြပ်ကြီးဖူးလားသည် ရန်သူမမြင်အောင် လှုပ်ရှားနိုင်စွမ်းရှိသည်။

သို့ဖြစ်၍လည်း ဂျက်က ဖူးလားအား ကားပေါ်မှ အမေရိကန်ကင်းသမား ကို တစ်နာရီလောက် မေ့ဆေးပေးရန် တာဝန်ပေးခဲ့ခြင်း။

ဖူးလားက လှုပ်ရှားရာ၌ လျှပ်ပြက်သလိုမြန်သည်။ လွင်ကျင်းပြောင်ပြောင် ထဲတွင် ဝန်းကျင်တောတောင်သဘာဝနှင့် ဟပ်မိအောင် နေရာယူတတ်သည်။

ဗိုလ်မှူးဂျက်ထံမှ ညွှန်ကြားချက်ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဖူးလား က အမေရိကန်ကင်းသမားထံ ရောက်သွားပြီး ဖြစ်နေ၏။

နောက်စက္ကန့်ပိုင်းအတွင်းမှာတော့ ကင်းသမားက လည်ပင်းကို သန်မာ သည့်လက်များဖြင့် အညှစ်ခံလိုက်ရကာ တစ်ချက်မှမအော်နိုင်ဘဲ သတိလစ်သွား ခဲ့ရတော့သည်။

ဖူးလားက အမေရိကန်ကင်းသမားအား ကားထဲတွင် လှဲသိပ်လိုက်သည့် အခါ၌ ဂျက်နှင့် မိုက်တို့က အမေရိကန်စစ်ကားနားသို့ ရောက်နေကြပြီ။

စစ်ကားခေါင်းက လယ်တဲအိမ်ပြတင်းပေါက်နှင့် တစ်တန်းတည်း။

ဖူးလား လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ ဂျက်ရော၊ မိုက်ပါ မျက်လုံးပြူးသွားကြရတော့၏။

လယ်တဲအိမ် ထမင်းစားခန်း စားပွဲပေါ်တွင် ဝတ်လစ်စလစ်ဖြစ်နေသည့် ဂျာမန်အမျိုးသမီးကလေးတစ်ယောက်။

အသက် ၁၅ နှစ်ထက် ကြီးပုံမပေါ်။

ကလေးအရွယ်သာ ရှိသေးသည့် ဂျာမန်အမျိုးသမီးကလေးကို အမေရိကန် စစ်သားကြီးတစ်ဦးက အတင်းအဓမ္မ ကာမရယူနေသည်။

အနားရှိ စားပွဲငယ်တွင် အခြားအမေရိကန်စစ်သားကြီးနှစ်ယောက်က အရက်ပုလင်းတစ်လုံးကိုထောင်ကာ တစ်ပတ်လည်လာမည့် သူတို့အလှည့်ကို စောင့်နေကြပုံရ၏။

ဂျာမန်အမျိုးသမီးကလေး၏ခေါင်းက တစ်ဖက်သို့စောင်းကျနေပြီး မျက်လုံး အစုံက ပြူးကျယ်နေသည်။ အလွန်အမင်း ကြောက်လန့်နေခြင်း။

ဂျက်က မီးဖိုဆောင်တံခါးမှဝင်ကာ ထမင်းစားခန်းထဲသို့ လှမ်းလိုက်၏။ သူ့နောက်မှ ဖူးလားနှင့် မိုက်။

အမျိုးသမီးငယ်အား အတင်းအဓမ္မ ကာမယူနေသည့် အမေရိကန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



ကြီးက တပ်ကြပ်ကြီးအဆင့်။

ဂျာမန်တပ်သားသုံးယောက်အား မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသဖြင့် အမေရိကန်တပ်ကြပ်ကြီး၏ ရုပ်သွင်သည် ရုတ်ခြည်း သွေးဆုတ်သွားသည်။

မောင်းထိန်းခလုတ်ကိုဖြုတ်ကာ ပစ်ရန် အသင့်ဖြစ်နေသည့် မရှင်းပစ္စတို သုံးလက်၏ သေနတ်ပြောင်းဝများက အမေရိကန်တပ်ကြပ်ကြီးနှင့် အရက်သောက်နေသည့် စစ်သားနှစ်ယောက်ကို ဖြခြောက်နေသလို။

"အင်း...သိပ်ပြီး သတ္တိပြောင်ကြတဲ့ အမေရိကန်စစ်သားကြီးတွေပါလား"

ဂျက်က အင်္ဂလိပ်စကားဖြင့် ခနဲ့တဲ့တဲ့ပြောနေသည်။

"အပြစ်မဲ့တဲ့ သူငယ်မလေးတစ်ယောက်ကို အင်မတန်သတ္တိပြောင်တဲ့ အမေရိကန်စစ်သားကြီးတွေက ဒီလိုစော်ကားနေတာဟာ ဂျာမန်တွေကို လက်စားချေရာရောက်သတဲ့လား"

သေရတော့မည့်အတူတူ မထူးတော့ဟု ယူဆထားပုံရသော အမေရိကန်တပ်ကြပ်ကြီးက...

"ဒါ ဘာများဆန်းလို့လဲ၊ မင်းတို့ဂျာမန်တီရစ္ဆာန်တွေကလည်း ပြင်သစ်အမျိုးသမီးကလေးတွေ၊ ပိုလန်အမျိုးသမီးကလေးတွေ၊ ချက်ကိုဆလိုဗက် အမျိုးသမီးကလေးတွေကို ခွေးကျင့်ခွေးကြံ ကြံခဲ့ကြတာပဲမဟုတ်လား"

အမေရိကန်တပ်ကြပ်ကြီး၏ စကားကို နားထောင်နေရင်းပင် ဂျက်က ဗြိတိသျှအမျိုးသမီး ဟယ်လင်အား ကယ်တင်၍ရနိုင်မည့်နည်းလမ်းကို ကြံဆမိသွားသည်။

"ဖူးလား...ကလေးမလေးကို တစ်ဖက်ခန်းကိုခေါ်သွားပြီး ဘရန်ဒီကလေးနည်းနည်းတိုက်လိုက်ပါ၊ နောက်ပြီး အနီးအနားမှာ ဆွေမျိုးမိဘတွေ ရှိ၊မရှိ မေးကြည့်ပါ"

"မိုက်က ဒီအမေရိကန်သူရဲကောင်းကြီးတွေကို နှစ်ယောက်တစ်တွဲစီ ဝါယာကြိုးနဲ့ချည်"

တပ်ကြပ်ကြီးဖူးလားက သူငယ်မလေး၏ လန့်တက်နေသောဂါဝန်ကို ဆွဲဖုံးလိုက်ကာ တစ်ဖက်ခန်းသို့ ပွေ့ယူသွားစဉ် မိုက်က အမေရိကန်တပ်ကြပ်ကြီးနှင့် အခြားစစ်သားတစ်ယောက်၏ လက်များကို ဝါယာကြိုးဖြင့် ပူးချည်နေ၏။

ခဏအကြာတွင် ဖူးလားပြန်ထွက်လာပြီး ဂျက်အား သတင်းပို့လိုက်၏။

"သူငယ်မကလေး သေသွားပြီ ဗိုလ်မှူး"





"ဒါဖြင့်လည်း တစ်မျိုးအေးသွားတာပေါ့ဗျာ၊ စစ်ကားထဲက အမေရိကန်ကင်းသမားကို ဒီထမ်းယူလာခဲ့"

ဖူးလားထွက်သွားလျှင် ဂျက်က ကြိုးတုပ်ခြင်းမခံရသေးသော အမေရိကန်စစ်သားဘက်သို့ လှည့်လိုက်ပြီး...

"မင်းတို့အဖွဲ့ကတပ်သားတွေ ဘယ်မှာလဲ"

စစ်သားက အဖြေပေးရန် ဟန်ပြင်လိုက်စဉ် အမေရိကန်တပ်ကြပ်ကြီးက...

"ဟေ့ကောင်...စကားတစ်ခွန်းမှမဟနဲ့၊ ဟရင် မင်း သေဖို့သာပြင်ထားပေတော့"

စစ်သားက သွေးရူးသွေးတန်း ရယ်လိုက်သည်။

"မင်းက တို့တပ်ကြပ်ကြီး မဟုတ်တော့ဘူး၊ ဂျာမန်တွေရဲ့ သုံ့ပန်းဖြစ်နေပြီ၊ မင်းကြောင့် တို့ ဒီလိုဖြစ်ရတာ"

စစ်သားက ဆဲဆိုရေရွတ်ရင်း ဇာတ်ကြောင်းပြန်နေသည်။

"ကျွန်တော်တို့က အမှတ်(၂)ယန္တရားတပ်မကပါ၊ ကျွန်တော်တို့ကို ဒီကောင်တပ်ကြပ်ကြီးစမစ်နဲ့ ထောက်လှမ်းရေးတာဝန်ပေးလိုက်တာပါ။

"ပေးလိုက်တဲ့တာဝန်က တပ်မရဲ့ရှေ့ နှစ်မိုင်သုံးမိုင်လောက်ထိ ထောက်လှမ်းရုံပဲ၊ ဒါပေမယ့် သိပ်ပြီး သူရဲကောင်းတံဆိပ်လိုချင်တဲ့ စမစ်က ကျွန်တော်တို့ကို ဒီရောက်တဲ့အထိ ခေါ်လာတာ"

"ကျွန်တော်တို့တပ်မက ခုဆိုရင် ဒီကနေ ခြောက်မိုင်နဲ့ ဆယ်မိုင်ကြားမှာရောက်နေမှာပါ"

တပ်ကြပ်ဖူးလားက စစ်ကားပေါ်မှ အမေရိကန်ကင်းသမားကို တွဲခေါ်လာ၏။ သူ့အား ဖြောင့်ချက်ပေးခဲ့သူ အမေရိကန်စစ်သားနှင့် တွဲချည်ကာ ဂျစ်ကားပေါ်သို့ တင်လိုက်၏။

ဂျစ်ကားပေါ်တွင် နေရာယူပြီးသည်နှင့် မိုက်က ဂျက်အား စုံစမ်းလိုက်သည်။

"ဘယ်ကိုမောင်းရမလဲ ဗိုလ်မှူး"

"လစ်စဒတ်ကို ပြန်မောင်း၊ ဗိုလ်မှူးကြီး ဂိုင်ဆလာအတွက် ဒီအမေရိကန်လေးကောင်က အသုံးဝင်ချင်ဝင်နေမှာ"

ချက်ဆိုလျှင် နားခွက်ကမီးတောက်တတ်သည့် မိုက်နှင့် ဖူးလားတို့က ဂျက်၏ဆိုလိုရင်းအနက်ကို ဒက်ခနဲ နားလည်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com

လစ်စဒတ်မြို့ မိုင်ဒင်လမ်းသို့ ဂျက်တို့အဖွဲ့ ပြန်ရောက်လာချိန်၌ မှောင်နေလေပြီ။

သို့သော် ဗိုလ်မှူးကြီးဂိုင်ဆလာ၏ လုံခြုံရေးဌာနချုပ်ရှေ့တွင် လှုပ်လှုပ်ရှားရှားဖြစ်နေပုံကိုကား အမှောင်ထုက ငုံ၍မထားနိုင်လောက်အောင် ပေါ်လွင်နေလေသည်။

ဌာနချုပ်ရှေ့တွင် ဗိုလ်မှူးကြီး၏ အနက်ရောင်ကားကလေးက ရပ်လျက်။

ကားနောက်ပိုင်း ပစ္စည်းများထည့်လေ့ရှိသည့် အံဖုံးထဲသို့ လုံခြုံရေးတပ်သားအချို့က စာရွက်စာတမ်းများ၊ ဖိုင်များကို အလျင်စလိုပစ်ထည့်နေကြ၏။

ဂျစ်ကားပေါ်တွင် လူခုနစ်ယောက် လိုက်ပါလာရသည့်အတွက် ကျပ်တောင့်နေသော်လည်း ဗိုလ်မှူးဂျက်နှင့် တပ်ကြပ်ကြီးဖူးလားတို့က ကားရှေ့ထိုင်ခုံတွင် ကားမောင်းသူ ဒုတပ်ကြပ်မိုက်နှင့် မျှ၍နေရာယူကာ နောက်ပိုင်းမှ အမေရိကန်စစ်သားလေးယောက်ကို လွတ်ထွက်မပြေးနိုင်အောင် စောင့်ကြပ်ထားကြသည်။

မိုက်က ဂျစ်ကားကို ဂိုင်ဆလာ၏ လုံခြုံရေးဌာနချုပ်နှင့် ကိုက်တစ်ရာခန့်အကွာတွင် ထိုးရပ်လိုက်ပြီး မှတ်ချက်ချလိုက်၏။

"သူတို့ နောက်ဆုတ်ဖို့လုပ်နေတာနဲ့တူတယ်"

မိုက်မှတ်ချက်က ဂျာမန်လို။

ဗိုလ်မှူးဂျက်ကလည်း ဂျာမန်စကားဖြင့်ပင်...

"အစစ်ပေါ့၊ ဒီကောင်တွေ ဆုတ်ဖို့လုပ်နေတာ၊ ဒါက အက်စ်အက်စ်တွေရဲ့ စံပြအလုပ်လေ။ ဒိမ်ခံစရာရှိရင် သူတို့ပထမ၊ တိုက်စရာရှိရင်တော့ လက်နက်ကိုင် ဂျာမန်တပ်၊ ပြေးစရာရှိရင်လည်း အက်စ်အက်စ်တွေက ပထမပဲ"

ဤတွင် ဖူးလားက ကြားဝင်ကာ...

"သူတို့ ခဲယမ်းမီးကျောက်တွေကိုပါ သယ်ကြမယ်နဲ့တူတယ်၊ အမေရိကန်တွေ လက်ထဲတော့ အရောက်ခံမယ်မထင်ဘူး"

"ဒီကောင်တွေက ဒါတွေကို ဂရုစိုက်တာမဟုတ်ဘူး၊ မောင်ရင်သိထားဖို့က ကျုပ်တို့ ခုတွေ့နေရတဲ့ အက်စ်အက်စ်တွေဟာ ဟစ်တလာ ကိုယ်ရံတော်တပ်ဖွဲ့ဝင်တွေ ဖြစ်နေပေမယ့် နိုင်ငံရေးတပ်သားတွေသာဖြစ်တယ်။

"သူတို့က တိုက်ခိုက်ရေးလက်နက်ခဲယမ်း...၊ ဒါတွေကို လုံးဝဂရုမစိုက်ဘူး၊ သူတို့ဂရုစိုက်တာက စာရွက်စာတမ်းတွေ၊ ဖိုင်တွေ...ဒါပဲ"

"ကဲ...ဂျစ်ကားကို ဌာနချုပ် ခြံဝင်းတံခါးရှေ့ရောက်အောင် မောင်းလိုက်





စမ်းပါ၊ ကျုပ်တို့က အမေရိကန်စစ်သားလေးယောက်ကို သုံ့ပန်းအဖြစ် လက်ဆောင်ပေးလိုက်ရင် ဂိုင်ဆလာက ကျုပ်တို့ကို ဘယ်လိုဆက်ဆံမယ်ဆိုတာ ကြည့်ရအောင်"

နှစ်ယောက်တစ်တွဲ ပူးချည်ထားသော အမေရိကန်စစ်သားလေးယောက်အား ရှေ့တွင်တင်ကာ နောက်မှ မရှင်ပစ္စတိုဖြင့် ချိန်လျက် လိုက်ပါလာသည့် ဗိုလ်မှူးဂျက်အား စာရွက်စာတမ်းသေတ္တာများ၊ ဖိုင်တွဲများ ပွေ့ပိုက်ထားသော အက်စ်အက်စ် လုံခြုံရေးတပ်သားများက တအံ့တသြ ငေးမောကြည့်နေကြ၏။

ဌာနချုပ်အတွင်းတွင် ဗိုလ်မှူးကြီး ဂိုင်ဆလာအား ဂျက်က မတွေ့မိ။ ဂိုင်ဆလာ ရောက်မလာမီ လုံခြုံရေးတာဝန်ယူနေခဲ့ရသော ဒုဗိုလ်ကိုသာ စကြံတွင် တွေ့ရ၏။

ဒုဗိုလ်က အက်စ်အက်စ်တပ်သားများအား ညွှန်ကြားချက်များပေးကာ စေခိုင်းနေသည်။

ဂျက်က ဌာနချုပ်နှင့် အနက်ရောင်ကားနားတွင်ရှိနေသည့် ဂျာမန်တပ်သားအင်အားကို စိတ်ထဲမှ ရေတွက်ကြည့်လိုက်သည်။

ကားနက်ကလေးနားတွင် နှစ်ယောက်။

စကြံမှ ဒုဗိုလ်ကိုပါထည့်တွက်လျှင် သုံးယောက်။

ညနေက ဘူတာရုံနားတွင် တွေ့ခဲ့ရသော တပ်ကြပ်ကြီးနှင့် ဒုတပ်ကြပ်တို့ကို မမြင်ရ။

လှည့်ကင်းထွက်နေဆဲဟု သတ်မှတ်လိုက်၏။

ဂိုင်ဆလာ၏ ဒရိုင်ဘာတစ်ယောက်။

စုစုပေါင်း အရာရှိအကြပ်တပ်သား ခြောက်ယောက်။

သို့သော် ဗိုလ်မှူးကြီးဂိုင်ဆလာက ပျောက်ချက်သားကောင်းနေသည်။

ဗိုလ်မှူးကြီး မည်သည့်နေရာတွင် မည်သည့်အလုပ်ကိုလုပ်နေမည်ကို ဂျက်က တွက်မိပြီးသား။

ထို့ကြောင့် ဒုဗိုလ်ရှိရာ စကြံသို့လျှောက်သွားလိုက်သည်။

ဒုဗိုလ်က အံ့သြမှုကို မဖုံးနိုင်မကွယ်နိုင်ဘဲ...

"ဟာ...ဗိုလ်မှူး၊ အမေရိကန်စစ်သားလေးယောက်ကိုတောင် ဖမ်းလာနိုင်ဘကိုး"ဟု နှုတ်ဆက်စကားဆိုလိုက်သည်။

"ခင်ဗျားက ဒီမှာတာဝန်ခံအရာရှိပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်၊ ကဲ...ဖူးလား၊ မစ္စဟယ်လင်ကို ကျုပ်တို့ဂျစ်ကားထဲ ချီပြီး ပို့ပေးထားလိုက်ပါ၊ ပြီးရင် ဒီပေါ်ကိုတက်လာမယ့် ဂျာမန်မှုန်သမျှ ဖြောင်ပစ်”

ဟယ်လင် အခန်းပြင်ဘက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မိုက်က အမေရိကန်စစ်သားလေးယောက်ထံမှ ဘောင်းဘီများကို ဆွဲချွတ်လိုက်ပြီး တစ်နေရာတွင် စုပုံထားလိုက်သည်။

ပြီးမှ အမေရိကန်နှင့် ဂျာမန်အရာရှိ အကြပ်တပ်သားများအား နှစ်ယောက်တစ်တွဲစီ ဝါယာကြိုးဖြင့် ပတ်ချည်တုပ်နှောင်လိုက်၏။

ခါးများ၊ လက်များကို ပူး၍ တုပ်ပြီးသွားသောအခါ လည်ပင်းနှစ်ခုကိုပါ ဝါယာကြိုးဖြင့် ခပ်လျော့လျော့ ပူးချည်ထားလိုက်ပြန်၏။

ဂျက်နှင့် မိုက်တို့က အမေရိကန်စစ်ဝတ်စုံများ၊ ဂျာမန်မရှင်ပစ္စတိုများကို ယူ၍ အခန်းပြင်သို့ ထွက်လာခဲ့ပြီးနောက် တံခါးကို အပြင်မှ သော့ခတ်ပိတ်ပစ်လိုက်သည်။

“ကဲ...မိုက်၊ ကားထဲက မောင်းရင် ဖောက်ခွဲဖျက်ဆီးရေး ကိရိယာတွေကို သွားသယ်ခဲ့၊ ဒီအဆောက်အအုံကို ဖြိုပစ်လိုက်ရအောင်”

မိုက်က အံ့အားသင့်သလိုဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်ကာ အောက်သို့ ဆင်းသွားသည်။

ဌာနချုပ်အပေါ်ထပ်သို့ ပြန်ရောက်လာသောအခါ ဂျက်က အောက်သို့ ဆင်းသွားပြီး ဟယ်လင်နားတွင် ကပ်ထိုင်လိုက်၏။

ဌာနချုပ်စားပွဲတစ်ခုပေါ်တွင် တွေ့လာသည့် ဘရန်ဒီပုလင်းမှ ဘရန်ဒီအနည်းငယ်ကို ဟယ်လင်အား ဖူးလားက တိုက်ထားသဖြင့် ဟယ်လင့် အခြေအနေမှာမူ မကောင်းစေကာမူ မဆိုးလှ။

“ခဲယမ်းမီးကျောက်တိုက်က ဘယ်မှာလဲ ဟယ်လင်”

“ငါ မိနစ်လောက်မောင်းရင် ရောက်ပါတယ်”

“အစောင့် ဘယ်နှစ်ယောက်ချထားလဲ”

“နှစ်ယောက်တည်းပါ၊ တိုက်ရှေ့မှာချထားတာ”

ခဏအကြာတွင် ဒုတပ်ကြပ်မိုက် ဂျစ်ကားနားသို့ရောက်လာပြီး ဂျက်အား သတင်းပို့လိုက်၏။

စိတ်ချရအောင်ဆိုပြီး ဆယ်မိနစ်ကြာမှ ပေါက်ကွဲမယ့် စနက်တံ တပ်ထားပစ်ခဲ့တယ် ဗိုလ်မှူး”





ဂျက်က လက်မှနာရီကိုကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်၏။

“အမေရိကန်တွေကိုလည်း တစ်ပါတည်း..”

ဟယ်လင်က စကားကို အဆုံးမသတ်နိုင်မီ ဂျက်က...

“သူတို့ကလဲ မှဒိမ်းကောင်တွေပဲ၊ ဂျာမန်တွေနဲ့ ဘာမှမထူးပါဘူး၊ ကဲ... ကားပေါ်တက်ယော့၊ ဘယ်မောင်းရမယ်ဆိုတာ မစ္စဟယ်လင်က လမ်းညွှန်လိမ့်မယ်”

▲



www.burmeseclassic.com

www.burmeseclassic.com



ဂျက်က စကားစလိုက်ရင်း တံခါးကိုဆွဲပိတ်လိုက်သည်။

ဤသို့ အပိတ်လိုက်တွင် တံခါးပေါင်ပေါ်၌ အသံလုံသည့် သတ္တုပြားများ ကပ်ရိုက်ထားသည်ကို သတိထားလိုက်မိသည်။

သည်အတိုင်းဆိုလျှင် အခန်းတစ်ခုလုံး အပြင်မှအသံဗလံမကြားနိုင်အောင် ပြင်ဆင်ထားသည့် အသံလုံအခန်းဖြစ်ကြောင်း ဂျက်က နားလည်လိုက်၏။

လုံခြုံရေးရုံးခန်းနှင့် ဂတ်စတာပိုရုံးခန်းများတွင် ဤသို့အသံလုံကိရိယာများ တပ်ဆင်ထားလေ့ရှိသည်မှာ ထုံးစံ။

ဤသို့နားလည်လိုက်ပြီးသည်၏ အခြားမဲ့၌ ဂျက်က ဘာကိုမျှ စဉ်းစား မနေတော့။

ဂျာမန်ဗိုလ်မှူးကြီး ဂိုင်ဆလာက နောက်ထပ်စကားတစ်ခွန်းမဟနိုင်မီ ဂျက်က ဂိုင်ဆလာ၏မျက်လုံးနှစ်လုံးကြားသို့ အမ်ပီ ၃၈ မရှင်ပစ္စတိုပြောင်းရိုးဖြင့် တအားစိုက်၍ ထိုးချလိုက်သည်။

လုံခြုံရေးဌာနချုပ်မှ ဗိုလ်မှူးကြီးဂိုင်ဆလာ ကိုယ်ခန္ဓာကြီးက ဒယီးဒယိုင် ဖြစ်သွားပြီး ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားတော့၏။

ဟယ်လင့်ခါးပေါ်တွင် ပုံကျနေသည့် ဘလောက်စ်အင်္ကျီကို ဂျက်က ဆွဲတင်ပေးလိုက်ပြီးနောက် ချည်ထားသည့်ကြိုးများကို ဖြတ်နေရင်း အင်္ဂလိပ် စကားဖြင့်...

"သိပ်အနေရဆိုးနေလား ဟယ်လင်"

"ကိစ္စမရှိပါဘူး"

ဟယ်လင်က, အသံသဲ့သဲ့ဖြင့် အဖြေပေးနေ၏။ မိမိအား လာရောက် ကယ်တင်သူမှာ ဗြိတိသျှအမျိုးသားတစ်ယောက်သာဖြစ်ကြောင်းကိုလည်း ကြား လိုက်ရသည့် အင်္ဂလိပ်စကားသံကြောင့် ဟယ်လင်က သိနေသည်။

ဂျက်က ဟယ်လင်အား အခန်းထဲတွင်ရှိနေသည့် ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ခိုင်းထားလိုက်သည်။ ပြီးမှ အခန်းတံခါးကို တစ်ကိုယ်စာ ပြူထွက်နိုင်ရုံမျှ ဟ,ကာ စကြံတစ်လျှောက်သို့ လှမ်းအော်လိုက်၏။

"ဗိုလ်မှူးကြီးက အားလုံး သူ့ဆီကို ချက်ချင်းလာကြရမယ်တဲ့၊ ကဲ... မြန်မြန်လာကြဟေ့"

ဗိုလ်မှူးဂျက်နှင့် လက်တွဲကာ စွန့်စားခန်းများကို ဆင်နွှဲခဲ့ဖူးသူများပီပီ ဖူးလားနှင့် မိုက်တို့က အမေရိကန်စစ်သုံ့ပန်းလေးယောက်၊ အက်စ်အက်စ်





လုံခြုံရေးတပ်ဖွဲ့သား ခြောက်ယောက်အား ရှေ့ဆင့်နောက်ဆင့်သွားနိုင်စေရန် လမ်းဖယ်ပေးလိုက်ပြီးမှ သူတို့နှစ်ယောက်က နောက်ဆုံးက လိုက်ပါလာခဲ့ကြ၏။

အခန်းထဲသို့ ရောက်သွားပြီးနောက် စက္ကန့်သုံးဆယ်ပင် မကြာလိုက်။

ဂျာမန်လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ယောက်မှာ လက်နက်မဲ့ဖြစ်သွားကာ အခန်းနံရံကို မျက်နှာပြုလျက် ရပ်နေရသည့် စစ်အကျဉ်းသားများ ဖြစ်သွားတော့၏။

အမေရိကန်သုံ့ပန်းလေးယောက်အဖို့မှာမူ အဖြစ်အပျက်က ဆန်းလွန်းလှ သဖြင့် တွေဝေ၍သာနေမိကြသည်။

သည်တော့မှ ဗိုလ်မှူးဂျက်က မိုက်အား အင်္ဂလိပ်စကားဖြင့် အမိန့်ပေး လိုက်သည်။

"သူတို့ခါးက ခါးပတ်တွေဖြုတ်ပြီး သူတို့ကိုချည်ထားစမ်း၊ ဂိုင်ဆလာကိုပါ ချည်ထား"

အမေရိကန်တပ်ကြပ်ကြီးစမစ်က နှုတ်ခမ်းလှုပ်လာပြီး ဂျက်အား မေးလိုက် သည်။

"ခင်ဗျားက ဗြိတိသျှလူမျိုးလား"

"ဟုတ်တယ်"

"ဒါဖြင့် ကျွန်တော်တို့ကို ဘာဖြစ်လို့ဖမ်းလာရတာလဲ"

"ဒီဌာနချုပ်ထဲကိုဝင်ပြီး မင်းမြင်တဲ့အတိုင်း လုပ်နိုင်အောင်ပေါ့"

"ဒါဖြင့် ခု ကျွန်တော်တို့ကို လွှတ်လိုက်ပါတော့လား"

"ဘယ်လွှတ်နိုင်မလဲ၊ မင်းတို့က လယ်တဲအိမ်က ကလေးမကလေးကို သတ်ပစ်ခဲ့ကြတာ"

"ဒီကောင်မလေးက ဂျာမန်ပဲမဟုတ်လား"

"ဒီကောင်မလေးက အရွယ်မရောက်သေးတဲ့ ကလေးမကလေးတစ်ယောက် ဆိုတာကိုကော မင်း မေ့သွားပြီလား"

ဂျက်က မိုက်ဘက်သို့လှည့်လိုက်ကာ...

"ကဲ...အချိန်မရှိဘူး၊ မြန်မြန်လုပ်၊ အမေရိကန်တွေဆီက စစ်ဝတ်စုံတွေ ဆွဲချွတ်စမ်း"

တပ်ကြပ်ကြီးဖူးလားက...

"ကျွန်တော်တို့က အမေရိကန်တွေကို ဘယ်လိုလုပ်မလဲဗိုလ်မှူး"

"ဒီမှာပဲထားခဲ့မယ်၊ ကျုပ်တို့ ခဲယမ်းမီးကျောက်တိုက်ကိုလည်း ဖောက်ခွဲမှု



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်၊ ကဲ…ဖူးလား၊ မစ္စဟယ်လင်ကို ကျုပ်တို့ဂျစ်ကားထဲ ချီပြီး ပို့ပေး ထားလိုက်ပါ၊ ပြီးရင် ဒီပေါ်ကိုတက်လာမယ့် ဂျာမန်မှန်သမျှ ဖြောင်ပစ်"

ဟယ်လင် အခန်းပြင်ဘက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မိုက်က အမေရိကန်စစ်သားလေးယောက်ထံမှ ဘောင်းဘီများကို ဆွဲချွတ်လိုက်ပြီး တစ် နေရာတွင် စုပုံထားလိုက်သည်။

ပြီးမှ အမေရိကန်နှင့် ဂျာမန်အရာရှိ အကြပ်တပ်သားများအား နှစ်ယောက် တစ်တွဲစီ ဝါယာကြိုးဖြင့် ပတ်ချည်တုပ်နှောင်လိုက်၏။

ခါးများ၊ လက်များကို ပူး၍ တုပ်ပြီးသွားသောအခါ လည်ပင်းနှစ်ခုကိုပါ ဝါယာကြိုးဖြင့် ခပ်လျော့လျော့ ပူးချည်ထားလိုက်ပြန်၏။

ဂျက်နှင့် မိုက်တို့က အမေရိကန်စစ်ဝတ်စုံများ၊ ဂျာမန်မရှင်ပစ္စတိုများကို ယူ၍ အခန်းပြင်သို့ ထွက်လာခဲ့ပြီးနောက် တံခါးကို အပြင်မှ သော့ခတ် ပိတ်ပစ်လိုက်သည်။

"ကဲ…မိုက်၊ ကားထဲက မောင်ရင့် ဖောက်ခွဲဖျက်ဆီးရေး ကိရိယာတွေကို သွားသယ်ခဲ့၊ ဒီအဆောက်အအုံကို ဖြိုပစ်လိုက်ရအောင်"

မိုက်က အံ့အားသင့်သလိုဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်ကာ အောက်သို့ ဆင်းသွားသည်။

ဌာနချုပ်အပေါ်ထပ်သို့ ပြန်ရောက်လာသောအခါ ဂျက်က အောက်သို့ ဆင်းသွားပြီး ဟယ်လင်နားတွင် ကပ်ထိုင်လိုက်၏။

ဌာနချုပ်စားပွဲတစ်ခုပေါ်တွင် တွေ့လာသည့် ဘရန်ဒီပုလင်းမှ ဘရန်ဒီ အနည်းငယ်ကို ဟယ်လင်အား ဖူးလားက တိုက်ထားသဖြင့် ဟယ်လင့် အခြေ အနေမှာမူ မကောင်းစေကာမူ မဆိုးလှ။

"ခဲယမ်းမီးကျောက်တိုက်က ဘယ်မှာလဲ ဟယ်လင်"

"ငါး မိနစ်လောက်မောင်းရင် ရောက်ပါတယ်"

"အစောင့် ဘယ်နှစ်ယောက်ချထားလဲ"

"နှစ်ယောက်တည်းပါ၊ တိုက်ရှေ့မှာချထားတာ"

ခဏအကြာတွင် ဒုတပ်ကြပ်မိုက် ဂျစ်ကားနားသို့ရောက်လာပြီး ဂျက်အား သတင်းပို့လိုက်၏။

စိတ်ချရအောင်ဆိုပြီး ဆယ်မိနစ်ကြာမှ ပေါက်ကွဲမယ့် စနက်တံ တပ် ထားပစ်ခဲ့တယ် ဗိုလ်မှူး"





ဂျက်က လက်မှနာရီကိုကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်၏။

"အမေရိကန်တွေကိုလည်း တစ်ပါတည်း…"

ဟယ်လင်က စကားကို အဆုံးမသတ်နိုင်မီ ဂျက်က…

"သူတို့ကလဲ မုဒိမ်းကောင်တွေပဲ၊ ဂျာမန်တွေနဲ့ ဘာမှမထူးပါဘူး၊ ကဲ… ကားပေါ်တက်ဟော့၊ ဘယ်မောင်းရမယ်ဆိုတာ မစ္စဟယ်လင်က လမ်းညွှန်လိမ့် မယ်"

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

ဂျာမန်စစ်သူကြီး မိုဒယ်၏ နောက်တန်း ခဲယမ်းမီးကျောက်တိုက်နှင့် မျက်နှာချင်းဆိုင်ရှိ အမှောင်ရိပ်တွင် ဂျက်က ဂျစ်ကားကို အရပ်ခိုင်းလိုက်၏။

အမှောင်ရိပ်ကြီးစိုးနေသောကြောင့် ခဲယမ်းမီးကျောက်တိုက်ရှေ့တွင် ကင်းစောင့်နေကြသည့် ဂျာမန်တပ်သားနှစ်ယောက်ကို မြင်သည်ဆိုရုံမျှ မြင်နေရသည်။

ကင်းသမားနှစ်ယောက်က တိုက်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တာဝန်ကို ထမ်းဆောင်နေကြ၏။

အနောက်တောင်ဘက်ရှိ ရှုပ်ဟာစစ်နယ်မြေမှ ပုံတင်ရိုက်၍ ပေါ်ထွက်လာနေသည့် အမြောက်သံ ဗုံးသံများကို အတိုင်းသား ကြားနေရသည်။

လုံခြုံရေးဌာနချုပ်တည်ရှိရာ မိုင်ဒင်လမ်းမှ ထွက်ခွာလာပြီးနောက် ၉ မိနစ်တိတိကြာပြီးအချိန်ကျမှ ဗိုလ်မှူးဂျက်က ဂျစ်ကားပေါ်မှ ဆင်းလိုက်၏။

သူ့နောက်ဝဲယာမှ မိုက်နှင့် ဖူးလား။

ဟယ်လင်ကိုမူ ဂျစ်ကားနောက်ဘက် ထိုင်ခုံပေါ်တွင် လှဲနေစေခဲ့ပြီး ကိုယ်ပေါ်မှ ဂျာမန်ဂရိတ်ကုတ်ကြီးကို လွှမ်းခြုံပေးထားခဲ့သည်။

"ကင်းသမားတွေလားဟေ့"

ဂျက်က ဂျာမန်ဗိုလ်မှူးတစ်ယောက်ဟန်ပန် လေသံဖြင့် လှမ်းမေးလိုက်သည်။

ကင်းသမားနှစ်ယောက်က ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှ သတိအနေအထားဖြင့် ရပ်ပစ်လိုက်ကြ၏။

ဂျက်က သူနှင့်အနီးဆုံး ကင်းသမားအား…





"အခြေအနေကောင်းရဲ့လားဟေ့"

"ကောင်းပါတယ် ဗိုလ်မှူး၊ အားလုံး ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ်ပါပဲ"

"တိတ်တိတ်ဆိတ်ဆိတ် ဟုတ်လား၊ မင်းက နားများပင်းနေလို့လား"

ဂျက်က အပြစ်ရှာလိုသူဖြစ်နေသည့်အတိုင်း စကားအကျကောက်ကာ ဟောက်နေသည်။

ကင်းသမားက သဘောကောင်းသူပီပီ ရယ်နေ၏။

ဂျက်က ရှေ့သို့တိုးသွားပြီး ခဲယမ်းမီးကျောက် တိုက်တံခါးကြီးမှ သံမဏိသော့ခလောက်ကြီးကို အသံမြည်အောင် ဆွဲကြည့်နေသည်။

ဒုတိယကင်းသမားက ဂျက်နားသို့ ခပ်ယို့ယို့ကပ်လာပြီး…

"ဗိုလ်မှူးခင်ဗျား၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒီနေရာကို သက်ဆိုင်ရာ အာဏာပိုင်ဆီက ခွင့်လက်မှတ်မပါဘဲ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးရဘူးလို့ အမိန့်ပေးထားပါတယ်"

"ဟ…အရူးရ၊ အဲဒီလို တားမြစ်ထားတဲ့လူထဲမှာ ကျုပ်မပါဘူးကွ၊ သိလား"

"ဒါဖြင့် မင်းတို့အထက်အရာရှိက တော့်ဖြစ်နေလို့ထင်တယ်၊ ခုလို စစ်ကြီးဖြစ်နေတဲ့အချိန်မှာ တချို့ အမိန့်စာဆိုတာတွေဟာ စာရွက်ပေါ်က အမိန့်ရေးတဲ့ မင် မခြောက်ခင် တစ်မျိုးပြောင်းသွားတတ်တယ်ဆိုတာ မင်းတို့ အထက်အရာရှိ သိပုံမပေါ်ဘူး"

ဗိုလ်မှူးဂျက်က နှုတ်မှပြောနေသော်လည်း စိတ်ကမူ စက္ကန့်များကို ရေတွက်နေသည်။

ဒုတပ်ကြပ်မိုက်က ဆယ်မိနစ်စနက်တံများကို ဂျာမန်လုံခြုံရေးဌာနချုပ်တွင် ဒိုင်းနမိုက်နှင့်ဆက်လျက် စိုက်ထူ မီးတို့ထားခဲ့ခြင်းဖြစ်ရာ…

ယခုဆိုလျှင် ဒိုက်နမိုက်များပေါက်ကွဲရန် ဆယ်စက္ကန့်သာလိုပေတော့သည်။

လိုနေသည့်အချိန် ဆယ်စက္ကန့်အတွင်း တာဝန်ကျေလှသည့် ဒုတိယ ကင်းသမားအား စိတ်ဓာတ်အရ စစ်ဆင်ရပေဦးမည်။

သို့ဖြစ်၍ ဗိုလ်မှူးဂျက်က ပြောလက်စ စကားကို ပြန်ကောက်လိုက်ကာ…

"ဒီမြို့ထဲကို ရန်သူ့ဘက်က ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ဝင်နေတယ်လို့ ကျုပ်တို့ သတင်းရထားတယ်၊ ဒါကြောင့် ကျုပ်တို့တပ်က ဒီခဲယမ်းမီးကျောက်တိုက်ကြီး လုံခြုံမှုရှိ၊မရှိ လာစစ်ဆေးတာ၊ ဒါတင်မက…



www.burmeseclassic.com

www.burmeseclassic.com



ရှိသူဖြစ်ကြောင်း မီးရောင်ဖြင့် မြင်နေရသည်။

သူက ဂျာမန်စစ်သားတစ်ယောက်ပီပီ အထက်မှ အမိန့်ကို တစ်ဆံချည်မလွဲ လိုက်နာတတ်သူမှန်း ဂျက်က အကဲခတ်မိပြီးသား။

"ဝမ်းနည်းပါတယ်ဗိုလ်မှူး၊ ခုပေါက်ကွဲသံဟာ အဆောက်အအုံတစ်ခုခု ဖောက်ခွဲခံရတဲ့ အသံဖြစ်နေတော့ ကျွန်တော်တို့မှာ ဒီခဲယမ်းမီးကျောက်တိုက်ကို ပိုပြီး ဂရုစိုက်ရမယ့် တာဝန်ရှိနေပါတယ် ဗိုလ်မှူး၊ ဒီခဲယမ်းမီးကျောက်တိုက်က ပိုပြီး ပစ်မှတ်ကျနေတယ်မဟုတ်လား ဗိုလ်မှူး"

"ဟုတ်တယ်၊ မင်းပြောတာ သိပ်မှန်တယ်"

ဂျက်က ပြောပြောဆိုဆို မရှင်ပစ္စတိုကို ဆွဲထုတ်လိုက်ပြီး ပစ်ရန်ပြင်လိုက်သည်။

ဒုတိယကင်းသမား ဒုတပ်ကြပ်က ရောက်လာတော့မည့်အန္တရာယ်ကို ကြို၍မြင်လိုက်ရသည့်တိုင် မည်သို့မျှ ကာကွယ်ရန်မတတ်နိုင်တော့။

ဂျက်၏ မရှင်ပစ္စတိုမှ အတွဲလိုက်ထွက်လာသည့် ပထမကျည်ဆန်များက ဒုတိယကင်းသမားအား ကိုယ်တခြား ခေါင်းတခြား ဖြစ်သွားစေသည်။

ပထမကင်းသမားကမူ ပြန်ပစ်ရတော့မလို၊ လက်မြှောက်အရှုံးပေးရတော့မလို ချီတုံချတုံဖြစ်နေစဉ် ဂျက်က သူ့ကိုလည်း ဆက်၍ သုတ်သင်ပစ်လိုက်သည်။

ဂျက်က သေနတ်ခလုတ်ကွင်းအတွင်းမှ လက်ညှိုးကို မဖြုတ်သေးဘဲ ခဲယမ်းမီးကျောက်တိုက်တံခါးကြီးမှ သံမဏိသော့ခလောက်ကြီးကို ပစ်ခွဲပစ်လိုက်သည်။

ပြီးမှ မိုက်အား ညွှန်ကြားချက်ပေးလိုက်၏။

"ကဲ...မိုက်...အထဲကိုဝင်ပြီး မောင်ရင့်ကိစ္စ ဆက်လုပ်ပေတော့။ ဒါပေမယ့် သိပ်မကြာစေနဲ့၊ မြို့ထဲကို ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ဝင်နေပြီဆိုပြီး ဒီခဲယမ်းမီးကျောက်တိုက်မှာ အစောင့်တွေ ပို့ချဖို့လာနေတဲ့တပ်နဲ့ ရင်ဆိုင်တိုးနေမယ်"

"ကျုပ်တို့ ဂျစ်ကားထဲကထိုင်ပြီး အခြေအနေကို စောင့်ကြည့်ပေးနေမယ်၊ စိတ်ချလက်ချဆက်လုပ်"

မိုက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ခဲယမ်းမီးကျောက်တိုက်ထဲသို့ ဝင်သွားသည်။ သူ့ကျောပိုးအိတ်ထဲတွင် ဖောက်ခွဲဖျက်ဆီးရေး ကိရိယာအပြည့်အစုံ။

လစ်စဒတ်မြို့ အချို့ရပ်ကွက်များဆီမှ အော်တိုမက်တစ်နှင့် ရိုင်ဖယ်





ဂျက်စကားမဆုံးမီပင် မိုင်ဒင်လမ်းမှ ရောမပေါက်ကွဲသံကြီး ပေါ်ထွက်လာတော့သည်။

လုံခြုံရေးဌာနချုပ်က ဒိုက်နမိုက် ဘီလူးအရှိန်ဖြင့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားပေတော့မည်။

မီးတောက် မီးစွယ် မီးလျှံများက လစ်စဒတ်မြို့ ကောင်းကင်ယံသို့ ထိုးထောက်လာကြ၏။

လုံခြုံရေးဌာနချုပ်နှင့် မိုင်ဝက်ခန့်သာသာ ကွာနေသည့်တိုင် ခဲယမ်းမီးကျောက်တိုက်ရှိနေသည့် နေရာတွင် မိုင်ဒင်လမ်းမှ ပေါက်ကွဲမှုအရှိန်က လာ၍ ဒယက်ရိုက်နေလေသည်။

ဗိုလ်မှူးဂျက်က တွေဝေအံ့သြဟန်ပြုရင်း...

"ဟ...ဒါက ဘာသံလဲဟေ့"

ကင်းသမားနှစ်ယောက်လုံးပင် ကောင်းကင်သို့ မော့ကြည့်နေကြ၏။ မျက်နှာပေါ်တွင် ကြောက်လန့်တုန်လှုပ်သည့် လက္ခဏာက အထင်အရှား။

"ဗုံးသံနဲ့တူတယ် ဗိုလ်မှူး"

ပထမကင်းသမားက ထင်မြင်ချက်ပေးလိုက်၏။

"ဘယ်ကလာ ဗုံးသံဟုတ်ရမှာလဲ၊ မင်းက လေကြောင်းအချက်ပေးသံ ကြားလိုက်ရလို့လား၊ လေယာဉ်သံကော ကြားလိုက်ရလို့လား"

"ဒီအသံက အဆောက်အအုံ တစ်ခုခုကို ဖောက်ခွဲလိုက်တဲ့အသံပဲ၊ ကဲ... လာ...အသံကြားတဲ့နေရာကို သွားကြရအောင်"

ဂျက်က ခဲယမ်းမီးကျောက်တိုက်ရှေ့မှ ပြောပြောဆိုဆို ခပ်သုတ်သုတ် ထွက်လာသည်။ သူ့နောက်က မိုက်နှင့် ဖူးလားတို့က ကပ်ပါလာ၏။

သို့သော် ကင်းသမားနှစ်ယောက်က ခဲယမ်းမီးကျောက်တိုက်ရှေ့မှ တစ်လက်မမျှမရွေ့။

"ဟ...မင်းတို့နှစ်ယောက်က ဘယ်လိုဖြစ်နေကြတာတုံး၊ ပေါက်ကွဲတဲ့နေရာမှာ ကူမယ် ကယ်မယ့်လူတွေ လိုနေသလို ရန်သူ့နောက်ကိုလိုက်ဖို့ လူတွေလည်း လိုနေတယ်မဟုတ်လား"

ဂျက်က ကင်းသမားနှစ်ယောက် နောက်မှလိုက်လာခြင်းမရှိမှန်း သိလိုက်ရသောကြောင့် သူကိုယ်တိုင် ပြန်လှည့်လာကာ ဖျောင်းဖျလိုက်သည်။

ကင်းသမားနှစ်ယောက်အနက် ဒုတိယကင်းသမားမှာ ဒုတပ်ကြပ်အဆင့်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံများ ကြိုကြားကြိုကြား ပေါ်ထွက်နေ၏။

တုန်လှုပ်ချောက်ချားနေသည့် ဂျာမန်စစ်သားအချို့က မည်းမည်းမြင်ရာ လိုက်ပစ်နေခြင်းပင်။

"သိပ်မကြာတော့ပါဘူး၊ ကျွန်တော်တို့ ဒီနေရာကထွက်ခွာနိုင်ကြတော့မှာပါ"

ဂျက်က မစ္စဟယ်လင်အား နှစ်သိမ့်စကားဆိုလိုက်သည်။

"ကျွန်မ သက်သောင့်သက်သာရှိပါတယ် ဗိုလ်မှူးဂျက်"

ဟယ်လင်က တစ်ကိုယ်လုံးတုန်ကာ အဖျားတက်နေသည့်တိုင် ဂျက်စိတ်ချမ်းသာအောင် ပြန်၍စကားဆိုနေ၏။

ခြောက်မိနစ်ကြာသွားပြီးနောက် ဒုတပ်ကြပ်မိုက်က ခဲယမ်းမီးကျောက်တိုက်ထဲမှ ပြန်ထွက်လာသည်။

သူ့အမူအရာက ကစားစရာရလာသည့် ကလေးတစ်ယောက်လို။

"ကားကို ကျွန်တော်ပဲမောင်းမယ်"

မိုက်က အေးအေးဆေးဆေးပင် စကားဆိုလိုက်၏။

အရေးရှိက အလွယ်တကူမောင်းပြေးနိုင်ရန် ဒရိုင်ဘာနေရာကိုယူထားသည့် ဖူးလားက နေရာဖယ်ပေးလိုက်သည်။

မိုက်က ဂျစ်ကားကို ချက်ချင်းပင် မောင်းထွက်လိုက်၏။

ခဲယမ်းမီးကျောက်တိုက်ရှေ့မှ ဂျစ်ကားမောင်းထွက်လာပြီးနောက် မိုင် ၈၀ လောက်အရောက်တွင် ကမ္ဘာပျက်သကဲ့သို့သော ပေါက်ကွဲသံကြီး လစ်စဒတ်မြို့ဘက်မှ ပေါ်ထွက်လာကာ မြေကြီးသိမ့်သိမ့်တုန်သွားသည်။

ဂျက်က ဂျစ်ကားကိုရပ်စေပြီး လမ်းပေါ်မှနေ၍ လစ်စဒတ်မြို့ ကောင်းကင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ကြ၏။

မီးလျှံမီးညွန့်များက ကောင်းကင်ယံတွင် ခြူးပန်းခြူးနွယ်များပမာ။

မည်းမှောင်နေသည့် မီးခိုးလုံးကြီးများက မိုးကောင်းကင်ကိုပင် လွှမ်းခြုံသွားတော့မည့် အနက်ရောင် လှိုင်းလုံးကြီးများကဲ့သို့။

ဂျာမန်စစ်သူကြီး ဖီးမာရှယ်မိုဒယ်က အမေရိကန်တပ်များ ပိတ်ဝိုင်းထားသည့် ရူဟာစစ်နယ်ဝှမ်းမှ ဖောက်ထွက်နိုင်ကောင်း ဖောက်ထွက်လာနိုင်ပေမည်။

ဖောက်ထွက်လာနိုင်သည့်တိုင်အောင် သူ့တပ်သားများ၏ သေနတ်များအတွက် ကျည်ဆန်မဲ့နေတော့မည်။





သူ့အမြောက်တပ်များအတွက် အမြောက်ဆန်မဲ့နေပေတော့မည်။

သူ့တင့်ကားတပ်ကြီးအတွက် လောင်စာဆီများ မဲ့နေပေတော့မည်။

ဧပြီလ ၁ ရက်နေ့က အီစတာပွဲတော်နေ့။

ယေရှုသခင် ရှင်ပြန်ထမြောက်တော်မူသည်ကို အထိမ်းအမှတ်ကျင်းပသည့်နေ့။

သည်နေ့ နံနက်ခြောက်နာရီတွင် ဗိုလ်မှူးဂျက် ခေါင်းဆောင်သော ဘပ်ကြပ်ကြီးဖူးလား၊ ဒုတပ်ကြပ်မိုက်နှင့် ဗြိတိသျှအမျိုးသမီးသူရဲကောင်း ဟယ်လင်တို့က အင်္ဂလန်သို့အပြန်ခရီး လေယာဉ်တစ်စီးပေါ်သို့ ရောက်နေကြလေပြီ။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

ဂျာမနီနှင့် ဆွစ်နိုင်ငံနယ်စပ်။

ဆွစ်ဇာလန်နိုင်ငံကို အတိုကောက်အားဖြင့် ဆွစ်ဟု ခေါ်ကြ၏။

ဒုတိယကမ္ဘာစစ်မီးကြီး တညီးညီးတောက်လောင်နေသည့်တိုင် ကြားနေနိုင်ငံအဖြစ် ရပ်တည်နေနိုင်ခဲ့သည့်နိုင်ငံက ဆွစ်။

ဆွစ်နှင့် ဂျာမနီနိုင်ငံက နယ်ချင်းကပ်လျက်။

နယ်စပ်ချင်းကပ်နေသည့် ဆွစ်နယ်မြေပေါ်တွင် မတ်တတ်ရပ်ကာ ဂျာမန်နယ်မြေဘက်သို့ အကဲခတ်နေသူကား ဗြိတိသျှအထူးစစ်ဆင်ရေးတပ်ဖွဲ့မှ ဗိုလ်မှူးချုပ် ဂရင်းလေး။

ဂရင်းလေးသည် စီးပွားရေးသမားတစ်ယောက်အသွင် အရပ်ဝတ်အရပ်စားဝတ်ဆင်လျက် ဂျာမန်နှင့် ဆွစ်နယ်စပ်အခြေအနေကို အကဲခတ်လေ့လာနေခြင်း။

ဂျာမနီနိုင်ငံထဲသို့ ဆွစ်နိုင်ငံမှ အလွယ်တကူဝင်ရောက်နိုင်သည့်နေရာမှာ ဤနေရာတစ်ခုတည်း။

ဂျာမန်နယ်မြေ ဤမှာဘက်တွင် SD ဟုခေါ်သော အက်စ်အက်စ်လုံခြုံရေးတပ်ဖွဲ့မှ ချထားသည့် ကင်းစခန်းတစ်ခု။

ဆွစ်နိုင်ငံ နယ်စပ်ဘက်တွင် ဆွစ်အစိုးရက ချထားသည့် စစ်ဆေးရေးကင်းစခန်းတစ်ခု။

ဒုတိယကမ္ဘာစစ်မီးကြီး တညီးညီးတောက်လောင်နေသည့်တိုင် ဂျာမန်နိုင်ငံဘက်မှ ဆွစ်နိုင်ငံသို့ ငွေလဲလှယ်ရေးကိစ္စဖြင့် ရောက်လာသူများရှိနေသလို ဆွစ်နိုင်ငံမှ ဂျာမနီနိုင်ငံတွင်းသို့ကူးလာသည့် စီးပွားရေးသမားများလည်း ရှိနေ၏။

နယ်စပ်ကင်းစခန်းနှစ်ခုကို ဖြတ်သွားရသူများသည် သက်ဆိုင်ရာမှတ်ပုံတင်များ၊ ထောက်ခံစာများ ပြည့်ပြည့်စုံစုံ ယူဆောင်လာရစမြဲ။





ထူးထူးထွေထွေ စစ်ဆေးမေးမြန်းခြင်းမခံရလေအောင် နယ်စပ်ဖြတ်ကူးသူများက နှစ်နိုင်ငံ မှတ်ပုံတင်ကတ်ပြားများ၊ ထောက်ခံစာများကို ကိုင်ဆောင်ထားလေ့ရှိကြသည်။

ဂျာမနီနိုင်ငံမှ ဆွစ်နိုင်ငံအတွင်းသို့ ယာယီဝင်လာသည့် စီးပွားရေးသမားများမှာ အများအားဖြင့် ရုပ်ဖျက်ထားသော နာဇီအရာရှိများသာ။

သူတို့သည် အထက်မှစေခိုင်းချက်အရ ဆွစ်ဘဏ်တွင် ရွှေများ၊ ကျောက်သံပတ္တမြားများကို လာရောက်အပ်နှံနေကြခြင်း။

ဤသို့အပ်နှံနေခြင်းမှာ နာဇီထိပ်တန်းစစ်အရာရှိကြီးတချို့က ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျာမနီရှုံးတော့မည်ကို လေ့လာမိပြီးဖြစ်သောကြောင့်။

ကြားနေနိုင်ငံ ဆွစ်ဘဏ်တွင် ရွှေနှင့် ကျောက်သံပတ္တမြားများ အပ်နှံထားခြင်းဖြင့် စစ်ကြီးပြီးသွားသည့်အချိန်တွင် နာဇီအရာရှိကြီးများ၏ နေရေး ထိုင်ရေး၊ စားရေးသောက်ရေးကို အာမခံချက်ပေးနိုင်မည်ဖြစ်ရုံမဟုတ် ဆက်လက်ထမ်းဆောင်ရမည့် နိုင်ငံရေးအတွက်လည်း ရန်ပုံငွေ စုပြီးဆောင်းပြီး ဖြစ်နေစေရန်။

အက်စ်အက်စ် နာဇီတပ်ဖွဲ့မှ ကလော့ဗ်ဘူးယားသည်လည်း ဆွစ်ဘဏ်တွင် ရွှေများအပ်နှံပြီးနောက် ဂျာမနီနိုင်ငံသို့ ပြန်ကူးလာသူတစ်ယောက်။

မှတ်ပုံတင်နှင့် အထောက်အထား စာရွက်စာတမ်းတစ်စုံက ကလော့ဗ်ဘူးယားအား ဆွစ်နိုင်ငံသားတစ်ဦးဖြစ်ကြောင်းသက်သေခံနေသလို၊ နောက်အထောက်အထားမှတ်ပုံတင် စာရွက်စာတမ်းတစ်စုံက သူ့အား အက်စ်အက်စ်တပ်ဖွဲ့မှ ဗိုလ်မှူးအဆင့် အရာရှိတစ်ဦးဖြစ်ကြောင်း ဖော်ပြနေ၏။

RS HA ခေါ် နာဇီလုံခြုံရေးရုံးချုပ်မှ အုပ်ချုပ်ရေးအရာရှိ ဗိုလ်ချုပ်ကြီးကားလ်တင်ဘယန်းနားကိုယ်တိုင် လက်မှတ်ရေးထိုးပေးထားသည့် စာရွက်စာတမ်းများဖြစ်၍လည်း...

ဗိုလ်မှူးကလော့ဗ်ဘူးယားတစ်ယောက် နာဇီလုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်မှူးတစ်ယောက်ဖြစ်သည်ဆိုသောအချက်မှာ ဘယ်လိုမှ သံသယရှိနိုင်ဖွယ်မမြင်။

ဆွစ်နယ်မြေပေါ်မှနေ၍ ဆွစ်–ဂျာမန်နယ်စပ် ဖြတ်ကျော်မှုကို လေ့လာအကဲခတ်နေသူ ဗြိတိသျှ အထူးစစ်ဆင်ရေးတပ်ဖွဲ့မှ ဗိုလ်မှူးချုပ် ဂရင်းလေးက အရပ်ဝတ်အရပ်စားဝတ်ထားသည့် ဂျာမန်စစ်ဗိုလ်တစ်ယောက် နယ်ခြားကိုဖြတ်လျက် ဂျာမနီနိုင်ငံဘက်သို့ ဝင်သွားသည်ကို လေ့လာပြီးနောက် ကားဖြင့်ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းစစ်ဗိုလ်ကား ဗိုလ်မှူးအဆင့်ရှိ ကလော့ဒ်ဘူးယား။

ကလော့ဒ်ဘူးယားသည် ဂျာမန်မြေပေါ်ရှိ နယ်ခြားကင်းစခန်းတွင်းသို့ ဝင်ရောက်လာခဲ့ပြီးနောက်...

ဂျာမန်အက်စ်အက်စ် လုံခြုံရေးတပ်ဖွဲ့ ဌာနချုပ်ရုံးမှ ထုတ်ဝေထားသည့် မှတ်ပုံတင်ကတ်ပြားနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများအား ဒုဗိုလ်အဆင့်ရှိ ကင်းစခန်းမှူးအား ပြလိုက်၏။

တာဝန်ကျကင်းစခန်းမှူးက ကလော့ဒ်ဘူးယား၏ မှတ်ပုံတင်ကတ်ပြားနှင့် ထောက်ခံချက် စာရွက်စာတမ်းများကို တစ်ခုချင်း အချိန်ယူ စစ်ဆေးနေသည်။

ကလော့ဒ်ဘူးယားက ဆွစ်နိုင်ငံလုပ် စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် ဖွာရင်း စိတ်ရှည်လက်ရှည် ထိုင်စောင့်နေ၏။

ကင်းစခန်းမှူးက ကလော့ဒ်ဘူးယား၏ မှတ်ပုံတင်ကတ်ပြားနှင့် စာရွက်စာတမ်းများကို ပြန်ပေးလိုက်ကာ သွားနိုင်ပြီဖြစ်ကြောင်း ပြောလိုက်ပြီးနောက် မှတ်ပုံတင်စာအုပ်တွင် ဝင်လာသည့်အချိန်ကို ရေးမှတ်လိုက်၏။

နေ့လယ် ၁၂ နာရီ၊ ၂၂ မိနစ်။

ဆွစ်နှင့် ဂျာမန်နယ်စပ်သည် ဤဒေသတစ်လျှောက်၌ တစ်ဖက်နှင့်တစ်ဖက် အလွန်ပင် ကပ်လျက်ရှိနေသည်။ သို့ဖြစ်၍လည်း မဟာမိတ်ဗုံးကြဲလေယာဉ်များက နယ်စပ်တွင်ရှိနေသည့် ဂျာမန်ကင်းစခန်းကို တိုက်ခိုက်ခြင်းမပြုဘဲ ပေယျာလကန် ဝကွက်၍ ချန်ထားကြဟန်တူသည်။

ဤနယ်စပ်ကင်းစခန်းနှင့် မိုင် ၁၀၀ လောက်ပင် မကွာသည့်နေရာများတွင်မူ ကြောက်ခမန်းလိလိ တိုက်ပွဲကြီးများက ဆက်တိုက်ပေါ်ပေါက်လျက်။

ကင်းစခန်းရှိရာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ပြီးနောက် လမ်းခုလတ်သို့ အရောက်တွင် ဗိုလ်မဂျီးကလော့ဒ်ဘူးယားက နောက်ဘက်သို့ သမင်လည်ပြန် ကြည့်လိုက်သည်။

ကင်းစခန်းတာဝန်မှူး ဒုဗိုလ်က သူ့နောက်ဘက် ကိုက် ၄၀ အကွာလောက်မှ လိုက်လာသည်ကို တွေ့လိုက်ရ၏။

ကင်းစခန်းမှူးဘေးတွင် ဂျာမန်တပ်ကြပ်ကြီးတစ်ယောက်။

သူတို့နှစ်ယောက်လုံးပင် အမ်ပီ ၄၀ မရှင်ပစ္စတိုများကိုင်လျက်။

ကလော့ဒ်ဘူးယားက စိတ်ထဲတွင် ထင့်ခနဲ ခံစားလိုက်ရသည့်အတိုင်း အားတင်းလိုက်သည်။





ကင်းစခန်းမှူးနှင့် တပ်ကြပ်ကြီးတစ်ယောက် သေနတ်ကိုင်လျက် သူ့နောက်မှလိုက်လာခြင်းမှာ တိုက်ဆိုင်မှုသာဖြစ်ပေလိမ့်မည်။

သူ့မှတ်ပုံတင်ကတ်ပြားနှင့် ထောက်ခံချက် စာရွက်စာတမ်းများကို ကင်းစခန်းမှူးက သေသေချာချာစစ်ဆေးခဲ့ပြီးပြီမဟုတ်လား။

အကယ်၍ မသင်္ကာစရာတွေ့ရလျှင် ကင်းစခန်းမှူးက သူ့အား သွားခွင့်ပြုခဲ့မည်မဟုတ်။

သူတို့နှစ်ယောက်က နေ့လယ်စာစားရန် ဆင်းလာခဲ့ကြခြင်း သို့မဟုတ် ဘီယာစုပ်ရန် ဆင်းလာကြခြင်းသာ ဖြစ်ရပေမည်။

အချိန်ကလည်း နေ့လယ်စာစားရင်း ဘီယာသောက်ချိန်။

သည်တော့ သူတို့နှစ်ယောက် နောက်ကလိုက်လာသည်ကို မြင်တွေ့လိုက်ရခြင်းက စိတ်ထင့်စရာမရှိ။

ကလော့ဒ်ဘူးယားက ဤသို့ဆုံးဖြတ်လိုက်ပြီး တောင်အောက်သို့ ဆင်းနေရာမှ ရပ်လိုက်ကာ ကင်းစခန်းမှူးတို့ကို စောင့်နေလိုက်သည်။

ကင်းစခန်းမှူးက နောက်မှနေ၍ ဆက်သွားပါဟု အဓိပ္ပာယ်ပေါ်အောင် လက်ကို ရှေ့သို့ ငေ့ယမ်းပြလိုက်၏။

ကလော့ဒ်ဘူးယားက ရပ်နေသောတောင်ကုန်းခုလတ်မှ ဆင်းလာခဲ့၏။

တောင်အောက်တွင် အများသုံးတယ်လီဖုန်းရုံးကလေးတစ်ခု။

ကင်းစခန်းမှူး၏ အမူအရာတွင် သူ့အတွက် ကြောက်ရွံ့စိုးရိမ်ဖွယ် အရိပ်အတွေ့အထားမပါဟု ကလော့ဒ်ဘူးယားက ဆုံးဖြတ်လိုက်ပြီး တောင်ခြေရင်းရှိ တယ်လီဖုန်းရုံကလေးသို့ ဝင်လာခဲ့၏။

တယ်လီဖုန်းလိုင်း အခြားတစ်ဖက်ရှိ ဆက်သွယ်လိုသူထံသို့ ခြောက်မိနစ်ကြာအောင် စကားပြောပြီးနောက် ကလော့ဒ်ဘူးယားက တယ်လီဖုန်းခွက်ကို ချလိုက်သည်။

သည်တော့မှ ရုံအပြင်ဘက်တွင်ရပ်နေသည့် ကင်းစခန်းမှူးနှင့် တပ်ကြပ်ကြီးကို သတိထားလိုက်မိသည်။

ကလော့ဒ်ဘူးယားက တယ်လီဖုန်းရုံထဲမှ ထွက်လိုက်ရင်း...

"ဘာကိစ္စရှိနေပြန်ပြီလဲဟေ့"

ဂျာမန်အက်စ်အက်စ် ဗိုလ်မှူးတစ်ဦးပုံစံအတိုင်း ခပ်ထန်ထန်မေးလိုက်သည်။

ကင်းစခန်းမှူးက အနေကျုံ့သွားသည့်အမူအရာဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ပါ ဗိုလ်မှူး၊ ဗိုလ်မှူးကို ကျွန်တော်က နယ်ခြားလုံခြုံရေးဌာနချုပ်ကို ခေါ်သွားရမယ့်တာဝန်ရှိနေပါတယ်၊ ဗိုလ်မှူးဟာ သစ္စာဖောက်လုပ်ငန်းတစ်ခုခုမှာ ပါဝင်ပတ်သက်နေတယ်လို့ ကျွန်တော့်မှာ ယုံကြည်စရာအချက်ရှိနေပါတယ်"

"ဒါကြောင့် ဗိုလ်မှူးကို လုံခြုံရေးဌာနချုပ်ကို ခေါ်သွားရပါလိမ့်မယ်"

ကင်းစခန်းမှူးအား ဗိုလ်မှူးကလော့ဇ်ဘူးယားက ဖြီးလုံးလှိမ့်လုံးဖြင့် ဖြီးလှိမ့်လွှတ်ရန်ကြိုးစားရင်း…

"မင်းဟာ အပြောအဆို အပြုအမူ တော်တော်မိုက်ရိုင်းတဲ့အကောင်၊ အထက်အရာရှိတစ်ယောက်ကို ဒီလိုရိုင်းပျစော်ကားတဲ့အတွက် နောက်တော့ မင်း နောင်တရမဆုံး ဖြစ်နေလိမ့်မယ်၊ ငါ့မှာ နိုင်ငံတော်အတွက် အရေးကြီးတဲ့တာဝန်ကို ထမ်းဆောင်နေရတယ်ဆိုတာ မင်းမသိဘူးလား"

"ဘယ်လိုပဲဖြစ်ဖြစ် ဗိုလ်မှူးကိုတော့ ကျွန်တော်နဲ့အတူ နယ်ခြားလုံခြုံရေးဌာနချုပ်ကို အပါခေါ်ရတော့မှာခင်ဗျာ"

ကလော့ဇ်ဘူးယားက ခေါင်းကို ခပ်လေးလေးညိတ်လိုက်သည်။ ကင်းစခန်းမှူး၏ အဆိုပြုချက်ကို လက်ခံပါသည်ဆိုသောသဘော။

ကင်းစခန်းမှူး ဒုဗိုလ်နှင့် တပ်ကြပ်ကြီးတို့နှစ်ယောက်က ခုမှ စိတ်အေးသွားသည့်ဟန်မျိုး။

ဤအချက်ကို အခွင့်ကောင်းယူကာ ဗိုလ်မှူးကလော့ဇ်ဘူးယားက ခြေဦးတည့်ရာသို့ အားကုန်ကျုံး၍ ထွက်ပြေးသွားသည်။

သို့ရာတွင် ကြမ္မာဆိုးဝင်လာချင်တော့ ထွက်ပြေးရာလမ်းတစ်လျှောက်တွင် လမ်းချိုးကလေးတစ်ချိုးမှ ရှိမနေခြင်းနှင့် သစ်ပင်ချုံဖုတ်များ ကင်းမဲ့နေခြင်း။

ကင်းစခန်း တောင်ကုန်းပေါ်မှ ဆင်းလာစဉ်ကပင် ဒုဗိုလ်ထံမှ ညွှန်ကြားချက် ရထားပြီးဖြစ်ဟန်တူသော တပ်ကြပ်ကြီးက မရှင်ပစ္စတိုဖြင့် ကလော့ဇ်ဘူးယားအား တစ်ချက်လှမ်းပစ်လိုက်သည်။

အကွာအဝေးက စစ်သားတစ်ယောက်အဖို့ ဘယ်လိုပစ်ပစ် မလွဲနိုင်သည့် အကွာအဝေး။

လဲကျသွားသော ဗိုလ်မှူးရှိရာသို့ ကင်းစခန်းမှူးနှင့် တပ်ကြပ်ကြီးတို့ ရောက်လာသောအခါ ကလော့ဇ်ဘူးယား အသက်ပျောက်နေလေပြီ။

ကင်းစခန်းမှူးက ထရပ်ကားတစ်စီးခေါ်ယူကာ ဗိုလ်မှူးကလော့ဇ်ဘူးယား အလောင်းကို နယ်ခြားလုံခြုံရေးဌာနချုပ်သို့ သယ်ဆောင်လာခဲ့သည်။





နယ်ခြားလုံခြုံရေးဌာနချုပ်မှ တာဝန်ခံအရာရှိနှင့် ဆေးမှူးတို့က ကလော့ဇ်ဘူးယားအလောင်းမှ ဝတ်စုံကိုချွတ်လျက် တိတိကျကျ ရှာဖွေစစ်ဆေးကြသည်။

ဝတ်စုံအင်္ကျီအိတ်ထဲတွင် ဆွစ်မှတ်ပုံတင်ကတ်ပြားနှင့် ထောက်ခံစာများ၊ အက်စ်အက်စ်တပ်ဖွဲ့မှ ထုတ်ပေးထားသည့် မှတ်ပုံတင်ကတ်ပြားနှင့် ထောက်ခံစာများအပြင် အခြား ဘာမျှမတွေ့။

ငွေလည်းမတွေ့၊ ဓာတ်ပုံလည်းမရှိ၊ စာဟူ၍လည်း တစ်စောင်မျှမပါ။ ဆေးကရက်နှင့် မီးခြစ်ပင် ရှာမတွေ့။

သို့သော် မျက်စိလျင်သည့်ဆေးမှူးက သေဆုံးသူ၏ ဘယ်လက်ကောက်ဝတ် အတွင်းဘက်တွင် မင်ဖြင့် သင်္ကေတပြုလုပ်ထားသည့် အမှတ်အသားအချို့ကို တွေ့လိုက်ရသည်။

သင်္ကေတများကို အဏုကြည့်မှန်ဘီလူးဖြင့်ကြည့်ကာ အဓိပ္ပာယ်ဖော်လိုက်သောအခါ…

လန်ဒန်ဆိုသောစာလုံးနှင့် ဗိုင်ယာလက် လေလှိုင်းသတင်းပို့ချက်ကို ဖမ်းယူရရှိနိုင်သည့် ဂဏန်းသုံးလေးလုံးသာ။

နယ်ခြားလုံခြုံရေးဌာနချုပ်မှ ကလော့ဇ်ဘူးယားနှင့်ပတ်သက်သော အစီရင်ခံစာက ရုံးထုံးစံအတိုင်း ဘာလင်မြို့ရှိ လုံခြုံရေးဌာနချုပ်သို့ ရောက်လာသည်။

ဤကဲ့သို့သော အစီရင်ခံစာမျိုးကို လက်ခံကာ ဆက်လက်ဆောင်ရွက်ရသူမှာ ဗိုလ်ကြီးလန်ဂျက်ဒေါ်ဖ်။

လန်ဂျင်ဒေါက်ဖ်သည် ဘာလင်လုံခြုံရေးဌာနချုပ်တွင် ရုံးအဖွဲ့မှူးဖြစ်နေရုံသာ အဲလ်ဘတ်မင်းသားလမ်းရှိ ဂက်စတာပိုဌာနချုပ်နှင့်လည်း ဆက်သွယ်ရေးအရာရှိတာဝန်ကို ယူထားရသည့် အက်စ်အက်စ်အရာရှိတစ်ယောက်။

ဂက်စတာပိုဆိုသည်က နာဇီ စစ်ထောက်လှမ်းရေး။

ဗိုလ်ကြီးလန်ဂျင်ဒေါဖ်သည် နယ်ခြားလုံခြုံရေးဌာန တာဝန်ခံအရာရှိထံမှ သတင်းပို့လိုက်သည့် ကလော့ဇ်ဘူးယားနှင့် ပတ်သက်သည့် အစီရင်ခံစာကို ကြည့်လိုက်၏။

ဘာလင် လုံခြုံရေးဌာနချုပ် အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ်ကြီး ကားလ်တင်ယန်နားက ဗိုလ်မှူးကလော့ဇ်ဘူးယားအား ဆွစ်နိုင်ငံသို့သွားရန် နိုင်ငံကူးလက်မှတ် ထုတ်ပေးခဲ့ခြင်း လုံးဝမရှိကြောင်းကို စုံစမ်းသိရှိရပါကြောင်း။

ထို့ပြင် အက်စ်အက်စ်တပ်ဖွဲ့၌ ဗိုလ်မှူး ကလော့ဇ်ဘူးယားဆိုသူလည်း



www.burmeseclassic.com

www.burmeseclassic.com



လုံး၀မရှိကြောင်း စုံစမ်းသိရှိရကြောင်း။

ထို့ကြောင့် ကလော့ဇ်ဘူးယား အမည်နှင့် မှတ်ပုံတင်ကတ်ပြား ထောက်ခံစာများမှ အစစ်နှင့် တစ်ထေရာတည်းတူအောင်လုပ်ထားသည့် အတုများသာဖြစ်ကြောင်း။

ကလော့ဇ်ဘူးယား အမည်ခံသူသည် မည်သူမည်ဝါဖြစ်သည်ကို ယခုထိ စုံစမ်း၍မရသေးကြောင်း။

ဘာလင် လုံခြုံရေးဌာနချုပ် ရုံးအဖွဲ့မှူး လန်ဂျင်ဒေါ်ဖ်က ကလော့ဇ်ဘူးယား၏ အမှုကို အထက်လူကြီးများထံ တင်မပြရန် ဆုံးဖြတ်လိုက်၏။

ဂျာမန်အမျိုးသားထဲမှ ဆွစ်နိုင်ငံသို့ ကူးသန်းနေကြသည့် စီးပွားရေးသမားများ ရှိနေသည်။

အကယ်၍ အထက်လူကြီးများက အမှုကို စုံစမ်းလိုက်သောအခါ စီးပွားရေးသမားတစ်ယောက်၏ လုပ်ကြံမှုသက်သက်သာ ဖြစ်နေကြောင်း တွေ့ရလျှင် မိမိအဖို့ လူကြီးများ၏ အချိန်ကိုဖြုန်းသူဟု အပြစ်တင်ခံရဖွယ်ရှိသည်။

သို့ဖြစ်ရာ မိမိဘာသာ ကလော့ဇ်ဘူးယား၏ ဇာစ်မြစ်ကို စုံစမ်းထောက်လှမ်းမည်ဟု ဆုံးဖြတ်လိုက်၏။

အကယ်၍ သေဆုံးသူ ကလော့ဇ်ဘူးယားသည် စစ်ရေး၊ နိုင်ငံရေး သစ္စာဖောက်မှုဖြင့် ပတ်သက်နေသူဖြစ်ကြောင်း မိမိက စုံစမ်းဖော်ထုတ်ခဲ့လျှင်...

ဆုငွေအပြင် ဗိုလ်မှူးရာထူးသို့ ချက်ချင်း တိုးမြှင့်ခံယူရပေတော့မည်။

သေဆုံးသူ ကလော့ဇ်ဘူးယား ဘယ်လက်ကောက်ဝတ်မှ ရရှိထားသည့် ဗိုင်ယာလက် ဆက်သွယ်ရေးလေလှိုင်းသံ သင်္ကေတက မိမိလက်ထဲတွင် ရှိနေရုံမက...

မိမိတွင် ဌာနချုပ်မှပေးထားသည့် ဗိုင်ယာလက် စက်တစ်လုံးလည်း အပိုင်စားရရှိနေပြီမဟုတ်လား။

မိမိလုပ်ရမည့်အလုပ်က ထိုင်၍စောင့်ရုံသာ။

▲



[ ၇ ]

ည ၁၁ နာရီ ၂၇ မိနစ်။

ဗိုင်ယာလက်စခန်းတွင် အလှည့်ကျ တာဝန်ယူနေရသော အရာခံဗိုလ်က နီးတစ်ဝက် ပျော်တစ်ဝက်။

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ကိုယ်တိုင် တာဝန်ချပေးထားသဖြင့် အရာခံဗိုလ်၊ အကြပ်နှင့် တပ်သားများက ၂၄ နာရီ အလှည့်ကျ စောင့်နေကြရသည်။

တစ်ရက်လျှင် ၂၄ နာရီနှုန်းဖြင့် ဗိုင်ယာလက်စခန်းတွင် အလှည့်ကျ တာဝန်ယူနေခဲ့ကြရသည်မှာ ရက်သတ္တဆယ်ပတ်ပင် ရှိနေခဲ့ပြီ။

ဗိုလ်မှူးကြီးလန်ဂျင်ဒေါ်ဖ်ပေးထားသည့် လေလှိုင်းသံမှ ဆယ်ပတ်ကြာလာသည့်တိုင် ဘာသံမှမကြားရ။ တစ်ခါတစ်ရံ ကြားဖောက်ဝင်ရောက်လာသည့် ရှုပ်ထွေးထွေး အသံများသာ။

"ကျုပ်တို့ဗိုလ်ကြီးတော့ ရူးနေပြီ"

အလှည့်ကျသူအချင်းချင်းဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်အကြောင်း တီးတိုးပြောမိကြသည်။

ထိုနေ့ည ၁၁ နာရီ ၂၈ မိနစ်အချိန်တွင်မူ အလှည့်ကျတာဝန်ယူနေရသော အရာခံဗိုလ်က နီးတစ်ဝက် ပျော်တစ်ဝက်ဖြစ်နေရာမှ မျက်လုံးပြူးလာရသည်။

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ပေးထားသည့် လေလှိုင်းသံမှ မော့စ်ကြေးနန်းသတင်းနည်းဖြင့် တစ်စုံတစ်ယောက်က သတင်းပို့နေသံကို ကြားလိုက်ရသည်။

ပေါ်ထွက်နေသည့် သတင်းပို့သံကို ထောက်ခြင်းအားဖြင့် သတင်းပို့သူက အနီးတွင်ရှိနေသူတစ်ယောက်ဖြစ်မှန်း သိသာလှသည်။

သတင်းပို့သံက ကျယ်ကျယ်လောင်လောင် ပီပီပြင်ပြင်၊ ပြတ်ပြတ်သားသား။



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျ အရာခံဗိုလ် လေ့ကျင့်သင်ကြားထားသည့် ဝိုင်ယာလက် အော်ပရေတာမဟုတ်။ သို့သော် မော့စ်နည်းဖြင့် သတင်းပို့ပုံလောက်ကိုတော့ နားလည်ပြီးသား။

အစက်ကလေးများနှင့် မျဉ်းတိုကလေးများ။

အရာခံဗိုလ်က အစက်နှင့် မျဉ်းတိုကလေးများကို နားလည်သည့်တိုင် သတင်းအဓိပ္ပာယ်ကို ဖော်မရ။

စကားဝှက်ဖြင့် သတင်းပို့နေမည်ဟု ခန့်မှန်းရ၏။

အက္ခရာငါးလုံးကို တစ်တွဲစီထားလျက် သတင်းပို့နေသည်။

သတင်းပို့၍သာ ဆုံးသွားသော်လည်း တစ်ဖက်မှပို့လိုက်သည့်သတင်းကို လက်ခံရရှိကြောင်း ပြန်ကြားချက်တစ်စုံတစ်ခုမလာ။

ထိုနေ့ည ၁၁ နာရီ ၄၅ မိနစ်တွင် သတင်းပို့သည့်ပုံစံစာရွက်က ဗိုလ်ကြီး လန်ဂျင်ဒေါ်ဖ်ရှေ့သို့ ရောက်လာတော့သည်။

ကော်ဖီဟုခေါ်နေရသော အမျိုးအမည် မခွဲခြားတတ်နိုင်တော့သည့် အရည် ပူပူကိုသောက်ရင်း ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က ပုံစံစာရွက်ပေါ်မှသတင်းကို ထပ်ကာ ထပ်ကာ ဖတ်နေသည်။

အသက် ၂၄ နှစ်မပြည့်တတ်သေးသော ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က အက်ဗ် အက်စ်တပ်ဖွဲ့မှ တပ်သားပျိုကလေးများကို အချော့တော်အဖြစ် ပေါင်တင်တတ် သည်ဟု နာမည်ကြီးနေ၏။

သို့သော် လက်အောက်ငယ်သားမှန်သမျှက လန်ဂျင်ဒေါ်ဖ်ကို တာဝန်နှင့် ပတ်သက်လာလျှင် ကြောက်ရသူချည်း။

တာဝန်မကျေလျှင် သူက ရက်ရက်စက်စက် အပြစ်ပေးတတ်သည်။

ဟစ်တလာတပည့်ကျော်တစ်ဦးဟု နာမည်ကြီးနေသောကြောင့်လည်း လန် ဂျင်ဒေါ်ဖ်ကို ကြောက်နေကြခြင်း။

နိုင်ငံတော် ရန်သူမှန်လျှင် လန်ဂျင်ဒေါ်ဖ်က အမိအရဖမ်း၍ အဓိပတိကြီး ဟစ်တလာထံ ရောက်အောင်တင်ပေးတတ်သူ။

ဖတ်နေသည့် သတင်းနှင့်ပတ်သက်၍ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က ကောက် ချက်နှစ်ခုချလိုက်၏။

လေ့ကျင့်သင်ကြားတတ်မြောက်ထားသော စကားဝှက်အဖြေထုတ်သူ၏ အကူအညီမရဘဲ သတင်းအဓိပ္ပာယ်ကို မဖော်နိုင်။





သတင်းပို့သည့်အသံက ကျယ်ကျယ်လောင်လောင် ပြတ်ပြတ်သားသား ပီပီသသရှိသည်ဟူသော အဆိုအရ သတင်းပို့သူသည် ဘာလင်မြို့မှသာ ဖြစ်ရ မည်။

သတင်းလက်ခံရာဌာနသည် လန်ဒန်မြို့ဖြစ်ရမည်ကိုတော့ အထူးကောက် ချက်ချနေစရာမလို။ သေဆုံးခဲ့သော ကလော့ဒ်ဘူးယား၏ ဘယ်ဘက်လက် ကောက်ဝတ်အတွင်းဘက်တွင် ပါရှိခဲ့သည့် စကားဝှက်က ဖော်ထုတ်ပေးထားခဲ့ ပြီး ရှိနေပြီမဟုတ်လား။

ရရှိသည့်သတင်းကို အဓိပ္ပာယ်ဖော်ရန် စကားဝှက်အဖြေထုတ်ယူရာ၌ ကျွမ်းကျင်သူများကား အားလုံးလိုလို ရှေ့တန်းစစ်မျက်နှာများသို့ ရောက်နေကြ သဖြင့် ကျွမ်းကျင်သူတစ်ယောက် ရုတ်တရက် ရနိုင်ဖို့ ခဲယဉ်းနေ၏။

သတင်းပို့သံက ကျယ်ကျယ်လောင်လောင် ပြတ်ပြတ်သားသား ပီပီသသ ရှိသည်ဟု ဆိုသဖြင့် သတင်းပို့သူသည် စွမ်းအင်ကောင်းလှသည့် ဝိုင်ယာလက် စက်တစ်လုံးကို လက်ဝါးကြီးအုပ်ခွင့်ရထားသူ နာဇီအထက်တန်းအရာရှိကြီး တစ်ယောက်သာ ဖြစ်ရမည်။

ထိုအရာရှိကြီး လက်ဝါးကြီးအုပ်ထားသည့် ဝိုင်ယာလက်စက်ကလည်း အလွယ်တကူ ရွှေ့၍ပြောင်း၍ ရနိုင်သည့်အမျိုးအစားပင် ဖြစ်ရမည်။

ထိုအရာရှိကြီးသည် တစ်နေရာတည်းမှ သတင်းပို့နေမည်မဟုတ်။ စက်ကို နေရာလွှဲပြောင်း၍ ပို့နေမည်သာ။ ယင်းသို့ဆိုလျှင် ဒါရိုက်ရှင်းဖိုင်းဒါးခေါ် သတင်းပို့ရာဌာနကို ရှာသည့်စက်ဖြင့် ထောက်လှမ်း၍ ရနိုင်ဖွယ်မရှိ။

ဤအတိုင်းဆိုလျှင် နာဇီထိပ်တန်းအရာရှိကြီးထဲမှ ဂျာမန်နိုင်ငံတော်ကြီး သစ္စာဖောက်သူတစ်ယောက်ယောက် ရှိနေပြီဆိုသည်မှာ ထင်ရှားနေပြီ။ သစ္စာဖောက် မည်သူဖြစ်နိုင်သလဲ။

ဘာလင်ရှိ လုံခြုံရေးဌာနချုပ်ရုံးခန်းတွင် ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က သတင်း အခေါက်ခေါက်အခါခါဖတ်ရင်း စဉ်းစားခန်းဝင်နေစဉ်...

အင်္ဂလန်နိုင်ငံ ဘာကင်ဂမ်ရှိုင်းယားနယ် ဘလက်ချ်လေဥယျာဉ်ကြီးအတွင်း အက်စ်အိုအီးအဖွဲ့ ဝိုင်ယာလက်စခန်းက အဆိုပါသတင်းကို သက်ဆိုင်ရာသို့ ပို့ပေးပြီး ဖြစ်နေလေပြီ။

အက်စ်အိုအီးဆိုသည်က ဗြိတိသျှ အထူးစစ်ဆင်ရေးအမှုဆောင်အဖွဲ့ကို ဆိုကောက်ခေါ်သည့် သင်္ကေတ။



www.burmeseclassic.com

www.burmeseclassic.com



ဤအထူးစစ်ဆင်ရေး အမှူဆောင်အဖွဲ့တည်ရှိရာ အဆောက်အအုံသည် ဘလက်ချ်လေဥယျာဉ် သစ်ပင်ကြီးများအလယ်တွင် တည်ရှိနေ၏။

အဆောက်အအုံက ရုံးနှင့် လုံးဝမတူ။ မှူးကြီး မတ်ကြီးများ တစ်ချိန်က တောလည်ထွက်ရင်း ခဏတစ်ဖြုတ် အပန်းဖြေခဲ့သည့်ဌာန။

ဤဌာနကို ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှအစိုးရက အထူးစစ်ဆင်ရေး အမှူဆောင်အဖွဲ့ တည်နေရာအဖြစ် သတ်မှတ်ထားခဲ့ခြင်း။

အဆောက်အအုံ ပတ်ပတ်လည်တွင် သစ်ပင်ကြီးများကို အကာအကွယ်ယူကာ ဝိုင်ယာလက်ကောင်းကင်ကြိုးများကို သွယ်တန်းထားသည်။

ဤအထူးစစ်ဆင်ရေးအမှူဆောင်အဖွဲ့က မဟာမိတ်နိုင်ငံများနှင့် လည်းကောင်း၊ ဝင်ရိုးတန်းနိုင်ငံများနှင့်လည်းကောင်း၊ ဝင်ရိုးတန်းနိုင်ငံများလက်အောက်သို့ ရောက်နေရသည့် နိုင်ငံများနှင့်လည်းကောင်း အထူးစစ်ဆင်ရေးကိစ္စများကိုသာ သက်ဆိုင်ရာသူလျှိုများဖြင့် အချက်ပြ ဆက်သွယ်ရေးလုပ်နေသည်။

အထူးစစ်ဆင်ရေး အမှူဆောင်အဖွဲ့တွင် တာဝန်ကျနေသည့်အရာရှိက သတင်းညာဘက်ထောင့်တွင်ပါရှိလာသည့် (S)အက်စ်သုံးလုံးကို မြင်လိုက်ရကတည်းကပင် မည်သူ့ထံပို့ရမည့် အထူးကြေးနန်းဖြစ်ကြောင်း သိပြီးသား။

သတင်းက ဘာလင်မှပို့လိုက်သည့်အတိုင်းပင် စကားဝှက်ပုံစံဖြင့်...။

တာဝန်ကျအရာရှိက ကြေးနန်းသတင်းကို စာအိတ်တွင်ထည့်လိုက်ပြီး အပေါ်မှချိပ်ပိတ်ကာ ရုံးတံဆိပ်ခတ်နှိပ်လိုက်ပြီး သတင်းပို့ဆက်သားကို ခေါ်လိုက်သည်။

၁ နာရီနှင့် မိနစ် ၄၀ ကြာပြီးနောက် ဘာလင်မှပို့လိုက်သည့် အထူးကြေးနန်းသတင်းက လန်ဒန်မြို့ မေဖဲယားရပ်ကွက်ရှိ အိမ်ကြီးတစ်အိမ်သို့ ရောက်သွားသည်။

အထူးစစ်ဆင်ရေး အမှူဆောင်အဖွဲ့တွင် တာဝန်ယူနေရသော ဗိုလ်မှူးချုပ်ဂရင်းလေး၏ အိမ်။

ဗိုလ်မှူးချုပ် ဂရင်းလေးအား လျှို့ဝှက်ဆက်သွယ်နေသူများက နာမည်ဝှက်ဖြင့်သာ သိခွင့်ရနေကြ၏။

**နီမက်ဆစ္စ**...သို့မဟုတ်...**ဆု**။

ဘာလင်မှရောက်လာသည့် ကြေးနန်းသတင်းကို ဂရင်းလေးအဖို့ အဓိပ္ပာယ်ဖော်ရန် ၃ မိနစ်ပင် မကြာ။





သို့...ဆု CVX/၀၁၄/SSS/၂၉၀၀၀/Z

မှ...မေခလာ ၂၇-၃-၄၅

**စီစဉ်ထားသည့်အတိုင်း**

**မြင်းကုန်ကူးစစ်ဆင်ရေးတွင်**

**ပါဝင်ရန်အသင့်။**

သတင်းက တိုတိုကလေး။

သို့သော် ဗိုလ်မှူးချုပ်ဂရင်းလေးက သတင်းနှင့်ဆက်နွယ်နေသည့် အချက်အလက်များကို ထပ်တလဲလဲ ဝေဖန်သုံးသပ်ရာ၌ ၄၅ မိနစ်ပင် ကြာသွားသည်။

သူက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး နန်းရင်းဝန်ကြီးနှင့် ချက်ချင်းတွေ့ခွင့်ပြုရန် မေတ္တာရပ်ခံလိုက်၏။

အချိန်က အရုဏ်ဦးဘက်သို့ ကူးလုလု။

သို့တိုင်အောင် သတင်းက အထူးအရေးကြီးနေလေရာ နန်းရင်းဝန်ကြီးအား နှောင့်နှေးဆုတ်ဆိုင်းခြင်းမရှိ သတင်းပို့ရန်လိုနေသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

နန်းရင်းဝန်ကြီးက ဗိုလ်မှူးချုပ် ဂရင်းလေး တင်ပြအစီရင်ခံချက်ကို ဂရု တစိုက် နားထောင်နေ၏။

အထူးစစ်ဆင်ရေးအရာရှိ ဂရင်းလေးက နန်းရင်းဝန်ကြီး၏ ခင်မင်လေးစား မှုကို ရရှိနေသူ။

သို့တိုင်အောင် **မြင်းကုန်ကူးစစ်ဆင်ရေး**ဆိုသည့်စကားကို ဂရင်းလေးထံမှ ကြားရခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်။

**မေခလာ**သည် ဗြိတိသျှအထူးစစ်ဆင်ရေး အမှုဆောင်အဖွဲ့နှင့် အဆက် အသွယ်လုပ်ခဲ့သည်မှာ ခြောက်လပင်ကြာနေခဲ့ပြီ။

"မောင်ရင်က ဒီလိုအဆက်အသွယ်ရှိနေတဲ့အကြောင်း ကျုပ်ကို စောစော ကပဲ ကြိုပြီးပြောထားဖို့ကောင်းတယ်"

နန်းရင်းဝန်ကြီး **ချာချီ**က ထုံးစံအတိုင်း နှုတ်ဖျားသံဖြင့် ဂရင်းလေးအား အပြစ်ဆိုနေ၏။

"ဒီကိစ္စမျိုးက ဝန်ကြီးအဆင့်လောက်က ဆုံးဖြတ်ချက်ရယူပြီးမှ လုပ်သင့် တဲ့ ကိစ္စမျိုး၊ အထူးစစ်ဆင်ရေး အမှုဆောင်အဖွဲ့က နာဇီ ထိပ်တန်းအရာရှိကြီး တစ်ယောက်နဲ့ လျှို့ဝှက်အဆက်အသွယ်လုပ်ပြီး အပေးအယူလုပ်ဖို့ ကြိုးပမ်းနေ တယ်ဆိုတာ အတိုက်အခံခေါင်းဆောင် မစ္စတာအက်တလီသာသိသွားရင် မောင်ရင် တို့ရော၊ ကျုပ်ပါ ချောက်ကျတော့မှာပဲ။

"မြင်းကုန်ကူး စစ်ဆင်ရေးနဲ့ပတ်သက်ပြီး စောစောက ကျုပ်မသိခဲ့ရပါ ဘူးလို့ပြောရင် အက်တလီက ကျုပ်စကားကို ယုံမှာမဟုတ်ဘူး"

"အမေရိကန်သမ္မတ ရုစဗဲ့နဲ့ ရုရှအာဏာရှင် မာရှယ်စတာလင်တို့နှစ် ယောက်ကလည်း မြင်းကုန်ကူးစစ်ဆင်ရေးကိစ္စကို ကျုပ် ကြိုမသိခဲ့ရပါဘူးလို့





ဆိုရင် နည်းနည်းမှ ယုံကြည်မှာမဟုတ်ဘူး။

"ပြီးတော့ မာရှယ်စတာလင်ဆိုရင် ခုကတည်းက ကျုပ်တို့ အင်္ဂလိပ် အမေရိကန်တွေရဲ့ စစ်ပြီးချိန်ရည်မှန်းချက်ကို မယုံသင်္ကာဖြစ်နေတာ"

နန်းရင်းဝန်ကြီး၏ နှုတ်ဖျားသံဖြင့်ပြောနေသည့်စကားကို အထူးနားစိုက် ထောင်နေသော ဗိုလ်မှူးချုပ် ဂရင်းလေးက...

"အထူးလေးစားအပ်တဲ့ နန်းရင်းဝန်ကြီးခင်ဗျား၊ ကျွန်တော်တို့အနေနဲ့ မေခလာနဲ့ လွန်ခဲ့တဲ့ခြောက်လလောက်ကပဲ အဆက်အသွယ်လုပ်ခဲ့တယ်ဆိုတာ မှန်ပါတယ်"

"ဒါပေမယ့် အဆက်အသွယ်သာရှိပြီး ဘာမှထူးခြားမှုမရှိခဲ့ပါဘူး၊ ဒါကြောင့် လည်း နန်းရင်းဝင်ကြီးဆီကို မြင်းကုန်ကူးစစ်ဆင်ရေးနဲ့ပတ်သက်ပြီး အစီရင်ခံ ချက် မတင်ပြခဲ့တာပါ"

"ဒါပေမယ့် လွန်ခဲ့တဲ့တစ်နာရီလောက်ကမှ ဒီစစ်ဆင်ရေးနဲ့ပတ်သက်ပြီး မေခလာဆီက သဘောတူကြောင်း ဝိုင်ယာလက်ကြေးနန်းရရှိလာတဲ့အတွက် နန်းရင်းဝန်ကြီးဆီကို အစီရင်ခံတင်ပြဖို့ ရောက်လာခဲ့တာပါ"

"ဟစ်တလာရဲ့ အာဒင်းနီ စစ်နယ်ဝှမ်းမှာ ဆင်နွှဲနေတဲ့ ထိုးစစ်ကြီးသာ အောင်မြင်မှုရနေခဲ့ရင် မေခလာဆီက ဒီသတင်းမျိုး ကျွန်တော်တို့ဆီ ရောက်လာ မှာ မဟုတ်ပါဘူး နန်းရင်းဝန်ကြီး"

"ခုရောက်လာတဲ့ ကြေးနန်းသတင်းဟာ မေခလာဆီက ကျွန်တော်တို့ စီစဉ်ထားတဲ့ မြင်းကုန်ကူးစစ်ဆင်ရေးမှာ ပါဝင်ဆင်နွှဲမယ်ဆိုတဲ့အကြောင်း ပထမ ဆုံး ပို့လိုက်တဲ့သတင်းဖြစ်ပါတယ်။ အလျင်ပို့တဲ့သတင်းတွေကတော့ အဆက် အသွယ်ဖြစ်ရုံလောက်ပို့တဲ့ သတင်းတွေပါ"

"နောက်တစ်ချက်ကလည်း မေခလာက ကျွန်တော်တို့နဲ့ အဆက်အသွယ် လုပ်နေတာဟာ ကလိမ်ကျချင်လို့လား ဆိုတာကိုလည်း စောင့်ကြည့် အကဲခတ် နေရပါသေးတယ်။ ဒါကြောင့်လည်း နန်းရင်းဝန်ကြီးဆီကို မေခလာကိစ္စ တင်ပြ ဖို့ အချိန်ဆွဲထားရတာ ဖြစ်ပါတယ်"

"တကယ်လို့ မေခလာက ကျွန်တော်တို့အပေါ် ကလိမ်ကျနေတာဖြစ်ရင် နန်းရင်းဝန်ကြီးက ကျွန်တော်တို့ကို ကျေးဇူးတင်မှာမဟုတ်ပါဘူးခင်ဗျာ"

"ဟုတ်တယ်၊ ဒီလိုကလိမ်ကျတာမျိုးဆိုရင်တော့ ဘယ်ကျေးဇူးတင်နိုင်မှာ လဲ၊ ခုကိစ္စကတော့ ဒီလိုကလိမ်ကျတာမျိုး မဟုတ်ဘူးလို့ ကျုပ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကလိမ်ကျတာ လုံးဝမပါပါဘူး နန်းရင်းဝန်ကြီး၊ မေခလာက သူ့ဆက်သားကတစ်ဆင့် ကျွန်တော်တို့ဆီပို့ခဲ့တဲ့ သတင်းတွေလည်း တော်တော်များနေပါပြီ"

"ဆက်သားဆီကရတဲ့သတင်းကို ကျွန်တော်တို့ တခြားနေတာကရတဲ့သတင်းတွေနဲ့ ချိန်ထိုးကြည့်တော့ မေခလာက ကျွန်တော်တို့ဆီပို့တဲ့သတင်းတွေဟာ ကလိမ်ကျတာမဟုတ်ဘဲ အစစ်အမှန်တွေဆိုတာ သိခဲ့ရပါတယ်"

"တလောတုန်းကပဲ ကျွန်တော်ကိုယ်တိုင် ဆွစ်နိုင်ငံဘက်ကူးပြီး သတင်းပို့လာတဲ့ ဆက်သားကို နယ်စပ်အထိ လိုက်ပို့ရင်း အခြေအနေကို လေ့လာခဲ့ပါတယ်"

"မေခလာရဲ့ဆက်သားက ဂျာမန်ဘက်ကို ကောင်းကောင်းမွန်မွန် ပြန်ကူးသွားနိုင်တာ တွေ့ရပြီး ဘယ်သူတွေနဲ့ ဘယ်လိုအဆက်အသွယ်လုပ်ထားမှန်း မသိရတဲ့ လူတစ်ယောက်ကတော့ ဂျာမန်ကင်းစခန်းအထွက် တောင်ကုန်းအောက်အရောက်မှာ ပစ်သတ်ခံရတာ တွေ့ခဲ့ရပါတယ်"

"ခုတော့ မေခလာက သူ့ဘဝလွတ်မြောက်ရေးအတွက် ကျွန်တော်တို့နဲ့ အပေးအယူလုပ်ဖို့ အသင့်ဖြစ်နေပါပြီ။ သူ့ဘဝသာ လွတ်မြောက်ရေးရမယ်ဆိုရင် မေခလာက ကျွန်တော်တို့ကို ပုံအောပြီးပေးဖို့ အသင့်ဖြစ်နေပြီလို့ သိရပါတယ်"

ဤတွင် နန်းရင်းဝန်ကြီးချာချီက...

"သူ့ဘက်က ပုံအောပြီးပေးမှာတော့ သေချာတယ်၊ ဒါပေမယ့် ကျုပ်တို့က စစ်ကြီးပြီးသွားတဲ့အချိန်ခါမှာ အစိုးရအဖွဲ့ထဲမှာ ရှိချင်မှရှိတော့မှာ"

ဗိုလ်မှူးချုပ်ဂရင်းလေးက အံကိုကြိတ်ပစ်လိုက်မိသည်။

နန်းရင်းဝန်ဟောင်းကြီး လွိုက်ဂျော့က ချာချီနှင့်ပတ်သက် ဝေဖန်ပြောကြားခဲ့ဖူးသည့် စကားကို ကြားယောင်လာမိသည်။

"ပြဿနာတစ်ရပ်ရပ်နဲ့ ကြုံလာပြီဆိုရင် ချာချီမှာ အဲဒီပြဿနာကို ဖြေရှင်းနိုင်မယ့်နည်း ခြောက်နည်းလောက် ရှိနေတတ်တယ်"

"အဲဒီခြောက်နည်းမှာ တစ်နည်းနည်းကတော့ အဖြေမှန်ပဲ။ ဒါပေမယ့် ခက်နေတာက ချာချီကိုယ်တိုင် ဘယ်နည်းမှာ အဖြေမှန်နည်းဆိုတာ မသိတာက ခက်တယ်"

ဒုတိယကမ္ဘာစစ်ကြီးက လာအနည်းငယ်အတွင်း ပြီးဆုံးတော့မည်မှာ ယုံမှားဖွယ်မရှိ။ စစ်ကြီးပြီးဆုံးသွားသည်နှင့်အတူ ချာချီ၏ ကွန်ဆာဗေးတစ်အစိုးရ





ခဲ့သည်လည်း ရွေးကောက်ပွဲအသစ်တွင် ရှုံးနိမ့်တော့မည်မှာ သေချာသလောက်နေ၏။

ချာချီအစိုးရပြုတ်ကျသွားသည့်တိုင် ထောက်လှမ်းရေးအလုပ်က ယခင်ိုင်းပင် ရှိနေဦးမည်။ အမြဲလည်း ရှိနေပေမည်။

"နန်းရင်းဝန်ကြီးက ခွင့်ပြုမယ်ဆိုရင် စစ်ကြီးပြီးသွားတဲ့အချိန်မှာ ဘယ်လိုလာနိုင်တယ်ဆိုတဲ့ ကျွန်တော့်ထင်မြင်ချက်ကို တင်ပြချင်ပါတယ်"

"ကဲ...တင်ပြစမ်းပါဦးဗျာ"

"မာရှယ်စတာလင်က အင်္ဂလိပ်-အမေရိကန်တွေရဲ့ စစ်ပြီးရည်မှန်းချက်အပေါ်မှာ သံသယဝင်နေတယ်ဆိုတာ ဟုတ်ပါတယ်"

"သူက သံသယဝင်နေသလို ကျွန်တော်တို့ကလည်း သူ့ရဲ့ စစ်ပြီးရည်မှန်းတွေအပေါ်မှာ သံသယစိတ်နဲ့ အမြဲစောင့်ကြည့် အကဲခတ်နေဖို့ လိုအပ်တယ်ယူဆပါတယ်"

ချာချီက ဆေးပြင်းလိပ်ကိုဖွာရင်း နားထောင်နေ၏။

"နောက်ဆုံးရရှိတဲ့ သတင်းအရဆိုရင် နာဇီတွေဝါးမျိုသွားမှာကို ခံရမှာအတွက် တချို့နယ်မြေတွေကို သိမ်းယူထားရပါတယ်လို့ အသံကောင်းဟစ်တဲ့ စတာလင်ဟာ ဘယ်နယ်မြေကိုမှ ခုထက်ထိ ပြန်ပေးသေးတာ မတွေ့ရပါဘူးခင်ဗျာ"

"ဒီတော့ စစ်ကြီးပြီးသွားတဲ့အချိန်ရောက်ရင် စတာလင်ရဲ့တပ်တွေဟာ ပ် ရေလက်ကြားနဲ့ တစ်ဖက်ကမ်းမှာ တပ်ကောင်တာ ဗိုလ်ထုနဲ့ လူစုပြီး ဖြစ်နေပြီး အင်္ဂလန်ရဲ့လွတ်လပ်ရေးကို ခြိမ်းခြောက်နေမလားလို့ ကျွန်တော်ပါတယ်"

"ဒီလိုစိုးရိမ်မိတာဟာ အကြောက်လွန်ပြီး ပုံကြီးချဲ့ပြောတာ ဖြစ်နိုင်ပါ ဒါပေမယ့် စတာလင်ရဲ့ စစ်ပြီးရည်မှန်းချက်ဟာ ဘာတွေဆိုတာ ကျွန်ို့ ခုကတည်းက သိထားပြီး ကြိုတင်ပြင်ဆင်ထားဖို့ လိုနေပြီလို့ ယူဆ

ဒီတော့ စတာလင်ရဲ့ စစ်ပြီးရည်မှန်းချက်တွေဟာ ဘာတွေဆိုတာကို ော်တို့နဲ့ဆက်သွယ်နေတဲ့ မေခလာက အများကြီးပေးနိုင်ပါလိမ့်မယ်"

န်းရင်းဝန်ကြီး ချာချီက ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



"အင်း...မောင်ရင်ပြောတာ ဟုတ်သားပဲ၊ နာဇီတွေက သူတို့ရွှေတွေကို ဘယ်မှာဝှက်ထားတယ်၊ နာဇီထိပ်တန်းခေါင်းဆောင်ကြီးတွေ ဘယ်လမ်းက ပြီး ဘယ်တိုင်းပြည်ကို ထွက်ပြေးကြတယ်ဆိုတာတွေနဲ့ တခြားလျှို့ဝှက်ချ တွေကိုပါ သိခွင့်ရနိုင်တယ်ဆိုတာ မောင်ရင် ကျုပ်ကို ပြောပြခဲ့ဖူးသား"

"ဒါပေမယ့် ကျုပ်က နားမရှင်းတာတစ်ခုက နာဇီထိပ်သီးတစ်ယော ဖြစ်တဲ့ မေခလာက ဒီထိပ်တန်းလျှို့ဝှက်သတင်းတွေကိုရပြီး ကျုပ်တို့ ထော လှမ်းရေးတွေက ဘာလို့မရသလဲဆိုတဲ့အချက်ပဲ"

"ဒါကတော့ ဖြစ်ရပ်ချင်း၊ အခြေအနေချင်း မတူလို့ပါပဲ နန်းရင်းဝန်ကြီး"

"မေခလာက ဟစ်တလာနားမှာ တစ်သက်လုံးနေခဲ့ရရုံမက လျှို့ဝှ ဖိုင်မှန်သမျှကို ထိန်းသိမ်းစောင့်ရှောက်နေရတဲ့လူ၊ နိုင်ငံတကာနဲ့ ဆက်ဆံရေးမှ ဒီလူက နောက်ပိုင်းကနေ ကြိုးကိုင်ပေးနေတဲ့လူ"

"ဒီတော့ ဒီလူမှာ ကရင်မလင် နန်းတော်ထဲမှာတောင် သူ့လျှို့ အနည်းဆုံ တစ်ယောက် နှစ်ယောက်လောက် လွှတ်ထားနိုင်တဲ့ အခြေအနေရှိနေတယ်"

"ဒါ့အပြင် ကျွန်တော်တို့နဲ့ အပေးအယူလုပ်နေတဲ့နေရာမှာ သူ့ဘက်က အထုပ်ကြီးကြီးပေးမှ သူ့ဘဝ လွတ်မြောက်ရေးကို ကျွန်တော်တို့ဆီက ရနိုင်မ ဆိုတာလည်း သူသိနေပြီးသား"

"ဒီတော့ သူက ကျွန်တော်တို့ကို အထုပ်ကြီးကြီး တန်ဖိုးများများပေးနို အောင် ကြိုးစားရတော့မယ်၊ ဒီလိုမကြိုးစားဘဲ သူပေးနိုင်တဲ့အထုပ်က သေ လည်းသေးတယ်၊ တန်ဖိုးလည်း နည်းနေတယ်ဆိုရင် သူ့ကို ကျွန်တော်တို့ စစ်ရာဇဝတ်ကောင်အဖြစ် ဖော်ထုတ်ပြီး သတ်ပစ်လိုက်မှာကို သူသိပြီးသားပါ"

"အဲဒါ ကောင်းတာပေါ့၊ ကျုပ်က အဲဒီလိုလုပ်ဖို့ သိပ်သဘောတူတယ် ကျုပ်က ကြွက်ဆိုရင် ဘယ်ကြွက်မျိုးမှ လက်ခံချင်တာမဟုတ်ဘူး၊ ကြွက်မှ ပလိပ်ရောဂါပိုးတွေ ပါလာစမြဲမဟုတ်လား"

နန်းရင်းဝန်ကြီးထံမှ ကြားလိုက်ရသော စကားကြောင့် ဗိုလ်မှူးချုပ်ဂရင် လေးက သက်ပြင်းတစ်ချက်ကို တိတ်တစိုးချလိုက်မိ၏။

"နာဇီတွေဝှက်ထားတဲ့ ရွှေတွေ၊ နာဇီတွေထွက်ပြေးတဲ့လမ်းတွေ...ဒါတွေ အရေးမကြီးလှပါဘူး၊ အရေးကြီးတာက စတာလင်ရဲ့ စစ်ပြီးရည်မှန်းချက်တွေ စစ်ကြီးပြီးသွားရင် အန်ကယ်ဂျိုလို့ခေါ်နေကြတဲ့ စတာလင်က ဥရောပကို ဘယ် လိုလုပ်မယ်ဆိုတဲ့ အကြံအစည်ပါ"





သည့်စကားများက ဗိုလ်မှူးချုပ် ဂရင်းလေး၏နှုတ်ဖျားမှ ထွက်မလာ။ ရင်ထဲ ချင် ပြည့်ကျပ်နေသည့် စကားလုံးများသာ။

နန်းရင်းဝန်ကြီးက မေးအောက်တွင် တွဲလောင်းကျနေသည့် အရေပြားကို ကိုင်ဖြင့်ဆွဲလိုက်ရင်း...

"မောင်ရင်တင်ပြတဲ့ အချက်အလက်ကို ကျုပ် နားလည်တယ် ဂရင်းလေး၊ ကျုပ်ကို ရှုနေတယ်မထင်နဲ့၊ မောင်ရင်စဉ်းစားပုံစဉ်းစားနည်းနဲ့ဆိုရင် ကျုပ်တို့ လန်အတွက်' အကျိုးရှိမယ်ဆိုရင် ကျုပ်က ဟစ်တလာနဲ့တောင် မဟာမိတ် ချုပ် ချုပ်ရမယ့်ပုံမျိုး"

"ဒါပေမယ့် ကျုပ်ကတော့ ဘယ်တော့မှ ဒါမျိုးထည့်မစဉ်းစားဘူး၊ နာဇီ က ကျုပ်တို့ ဗြိတိန်နိုင်ငံကလူတွေ သောက်သောက်လဲ သေအောင်သတ်ဖြတ် အိုးတွေ အိမ်တွေ ရစရာမရှိအောင် ဖျက်ဆီးခဲ့ကြတယ်"

"ဒီလို သေကြေပျက်စီးအောင် လုပ်ခဲ့ကြတဲ့ နာဇီတွေကို ကျုပ်တို့က ယ်လိုလုပ် ညှာနေနိုင်မလဲ၊ သွေးတစက်ချင်းစက်ပြီး ပြန်ကလဲ့စားချေရလိမ့် ယ်"

"နောက်ပြီး မောင်ရင်ပြောတဲ့အထဲမှာ စတာလင်ရဲ့တပ်တွေက အင်္ဂလိပ် လက်ကြားတစ်ဖက်ကမ်းမှာ တပ်တောင်တာဗိုလ်ထုနဲ့ လူစုပြီးသား ဖြစ်နေလိမ့် ယ်ဆိုတဲ့စကား"

"ဒီစကားအတိုင်း ဘယ်လိုမှဖြစ်မလာစေရဘူး၊ ကျုပ်တို့ရဲ့ ဗြိတိသျှတပ် ကို ခေါင်းဆောင်တဲ့ ဖီးမားရှယ် မောင်ဂိုမာရီက ရုရှဗိုလ်ချုပ် ဖီးမားရှယ် ဘာ့ဗ်ထက်စောပြီး ဘာလင်ကိုဝင်သိမ်းနိုင်လိမ့်မယ်"

"ကျုပ်တို့က ဘာလင်ကို စစ်ရေးအချက်အချာဒေသလို့ မြင်နေပေမယ့် ဘ်ကတော့ ဒီလိုမြင်ပုံမရဘူး၊ ဒါပေမယ့် သူက ကျုပ်တို့မဟာမိတ် အင်္ဂလိပ် အမေရိကန်တပ်တွေဟာ ရုရှတပ်တွေထက် အလျင်ဦးပြီး ဘာလင်ကိုဝင်သိမ်း စစ်ရေးသော့ချက်တွေကို ကြိုးကိုင်ထားနိုင်လိမ့်မည်လို့ ကျုပ်ကို အသိပေး တယ်"

"ကျုပ်တို့အင်္ဂလိပ်နဲ့ အမေရိကန်တပ်တွေဟာ အရှေ့ဘက်ကို ရောက်နိုင် ရောက်အောင် အင်ကြီးအားကြီးနဲ့ ဆက်လက်ချီတက်ပြီး ရနိုင်သမျှနယ်မြေ ကို ထိန်းသိမ်းထားရမယ်၊ ဒါတွေကို ကျုပ်တို့လုပ်နေတာပဲ၊ ဒီတော့ စတာ ရဲ့ ရုရှတပ်တွေ အင်္ဂလိပ်ရေလက်ကြား တစ်ဖက်ကမ်းမှာ ဘယ်လိုတပ်စွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်တော့မှာလဲ၊ ဒါကို ကျုပ် အာမခံတယ်"

နန်းရင်းဝန်ကြီး မိန့်ကြားချက်ကို ဗိုလ်မှူးချုပ် ဂရင်းလေးက လက်ခံနိုင် စရာမရှိ။

သို့သော် သည်လိုစစ်ရေး၊ နိုင်ငံရေးကိစ္စမျိုးတွင် နန်းရင်းဝန်ကြီးသ အချုပ်အခြာ အာဏာပိုင်ဖြစ်နေလေရာ ဂရင်းလေးအဖို့ ငြင်းချက်ထုတ်နေ လည်း ရနိုင်မည်မဟုတ်တော့။

မည်သို့ပင်ဖြစ်စေ၊ ဘာလင်ရှိ မေခလာထံသို့ ကြေးနန်းပြန်သည့်အခါတွ ကား ဗိုလ်မှူးချုပ် ဂရင်းလေးက တံခါးကို အသေပိတ်ပြီးသားဖြစ်မနေအော အထူးသတိထား၍ စကားလုံးရွေးချယ်လိုက်ရတော့သည်။

သို့။ ။ မေခလာ CVX/၀၂၁/SSS/၀၀၂/Z

မှ ။ ။ ဆု ၂၈-၃-၆၅

မြင်းကုန်ကူး စစ်ဆင်ရေး
လက်တွေ့မဆောင်ရွက်နိုင်သေး၊
နိုင်ငံရေးအခြေအနေအရ
ချက်ချင်းဆုံးဖြတ်ချက်မချနိုင်သေး။

▲



[ ၉ ]

သို့။ ။ ဆု CVX/၀၀၇/SSS/၂၂၀၀၀/Z

မှ ။ ။ မေခလာ ၂၈-၃-၆၅

နိုင်ငံရေးအခြေအနေအရ
ချက်ချင်းဆုံးဖြတ်ချက်မချနိုင်
ဆိုသောအပိုဒ်ကို နားမရှင်း၊
တိတိကျကျသိချင်သည်။

သို့။ ။ မေခလာ CVX/၀၁၄/SSS/၂၇၀၀၀/Z

မှ ။ ။ ဆု ၂၀-၄-၆၅

ထပ်ပြောမည်၊
ဆုံးဖြတ်ချက်
ချက်ချင်းချရန် မဖြစ်နိုင်သေး။

သို့။ ။ ဆု CVX/၀၂၀/SSS/၃၀၀၀၀/Z

မှ ။ ။ မေခလာ ၂၈-၃-၆၅

အမေရိကန်ကို ကျွန်ုပ်
ချဉ်းကပ်ရမလား။

သို့။ ။ မေခလာ CVX/၀၁၁/SSS/၂၆၀၀၀/Z

မှ ။ ။ ဆု ၂၉-၃-၆၅

သင့်သဘောနှင့်သင်၊
ချဉ်းကပ်နိုင်သည်။
ရက်ချိန်းအတိအကျကို
ပြေလလယ်ဟု သတ်မှတ်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ ။ ။ ဆု CVX/၀၁၀/SSS/၁၈၀၀၀/Z
မှ ။ ။ မေခလာ ၂၉-၃-၄၅
နားလည်ပြီ။ သို့သော်
လုံခြုံရေးအတွက် ဘယ်လိုလဲ။

သို့ ။ ။ မေခလာ CVX/၀၀၁/SSS/၃၁၀၀၀/Z
မှ ။ ။ ဆု ၂၉-၃-၄၅
လုံခြုံရေးအတွက်
လုံးဝတာဝန်ယူသည်။

သို့ ။ ။ ဆု CVX/၀၀၉/SSS/၁၇၀၀၀/Z
မှ ။ ။ မေခလာ ၂၉-၃-၄၅
တိကျသောအဖြေ
ဘယ်တော့ရနိုင်မလဲ။

သို့ ။ ။ မေခလာ CVX/၂၆၀၀၀/SSS/၂၃၀၀၀/Z
မှ ။ ။ ဆု ၂၉-၃-၄၅
ရက်ကြာချင်ကြာမည်။ သို့သော်
အသက်ကယ်လှေတစ်စီးတည်း
ရှိသည်ကို သတိပြုပါ။ ဒါပဲ။
အကြောင်းပြန်။

သို့ ။ ။ ဆု CVX/၀၀၈/SSS/၂၄၀၀၀/Z
မှ ။ ။ မေခလာ ၃၀-၃-၄၅
နားလည်ပြီ။

▲



## [ ၁၀ ]

၁၉၄၅ ခု၊ ဇန်နဝါရီ ၃၀ ရက်နေ့…

နံနက် ငါးနာရီမထိုးမီကလေးတွင် ဗြိတိသျှနန်းရင်းဝန်ကြီး ချာချီနှင့်အဖွဲ့ ...ည် အမေရိကန် သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီး စီ-၅၄ စကိုင်းမားစတား ...ဟင်ဘုရင်'ဖြင့် မော်လတာကျွန်းသို့ ဆိုက်ရောက်လာခဲ့ကြ၏။

ချာချီနှင့်အဖွဲ့ မော်လတာကျွန်းသို့ ရောက်လာခဲ့ခြင်းမှာ ဆိုဗီယက်ပိုင် ...ိုင်းမီးယားပြည်နယ် ယော်လတာမြို့တွင် ကျင်းပရန် ချိန်းဆိုထားသည့် ကြီး ...ကြီး ကွန်ဖရင့်မတိုင်မီ…။

အမေရိကန် စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များနှင့် လေးရက်တိုင် ကြိုတင် ...ွေးထားရန်ဖြစ်သည်။

ဤအချိန်တွင် ဥရောပစစ်မျက်နှာ မဟာမိတ်တပ်ပေါင်းစု တပ်မှူးကြီး ...ဦးဖြစ်သော အိုင်စင်ဟောင်ဝါးက ဂျာမနီအား ထိုးစစ်ကြီးဆင်နွှဲနိုင်ရန် ...များကို အပြီးအပိုင်တပ်စွဲထားပြီးဖြစ်နေသည်။

ဟော်လန်နိုင်ငံမှ ဆွစ်ဇာလန်နိုင်ငံအထိကျယ်ပြန့်သော ဂျာမန်နယ်စပ် ...လျှောက်တွင် တပ်စွဲထားခြင်း။

ဤနောက်ဆုံးထိုးစစ်ကြီးတွင် ဗြိတိသျှစစ်သူကြီး ဖီးမာရှယ် မောင်ဂိုမာရီ၏ ...တ်(၂၁)တပ်မတော်တပ်ဖွဲ့သည် ဂျာမန်နိုင်ငံ မြောက်ပိုင်းမှနေ၍ ဘာလင် ...ဆက် စစ်ဦးချိုရန် တာဝန်ပေးအပ်ခြင်း ခံရခြင်းဖြင့် ဂုဏ်ပြုသတ်မှတ်မှုကို ...ရှိမည်ဖြစ်၏။

မောင်ဂိုမာရီ၏ လက်ယာတောင်ပံတွင် ဗိုလ်ချုပ်အိုမာဘရက်ဒလေ၏ ...တ်(၁၂)တပ်မတော်တပ်ဖွဲ့။

ဤတပ်ဖွဲ့တွင် အမေရိကန် အမှတ်(၁)နှင့် အမှတ်(၃) တပ်မတော်...ခ ...င်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်နိုင်ငံတောင်ဘက်တွင် ဗိုလ်ချုပ်ဒီဗားက အမှတ်(၆) တပ်မ တပ်ဖွဲ့ကို ကွပ်ကဲလျက် တပ်စွဲထားသည်။

မဟာမိတ်တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါး ချမှတ်ထားသ နည်းဗျူဟာအရ ဖီးမာရှယ်မောင်ဂိုမာရီ၏ တပ်များသည် ပင်မထိုးစစ်ကြီး ရှုပ်ဟာစစ်နယ်ဝှမ်းကို ထိုးဖောက်ဆင်နွှဲကြရပေမည်။

ဇန်နဝါရီလ ၃၁ ရက်၊ နံနက်ခင်းတွင် ရုရှတပ်မိတော်မှ မာရှယ်ဇူးကော ၏ တပ်များက အိုဒါမြစ်မှ ခဲတစ်ပစ်အကွာ လင်ဘတ်ဒေသသို့ ဝက်ခေါင်း ချီတက်ရောက်ရှိနေပြီ။

နေ့လယ်မတိုင်မီ ရှေ့ဦးချီ စစ်လျင်တပ်စုကလေးများက အိုဒါမြစ် အ ဘက်ကမ်းပေါ်အထိ ရောက်သွားနိုင်ကြကာ ဘာလင်မြို့တော်ရှိ အာဏာ ဟစ်တလာ၏ အဓိပတိရုံးတော်နှင့် မိုင် ၅၀ သာလှမ်းတော့သည့် ကူစတ ဆင်ခြေဖုံးသို့ ဝင်ရောက်နိုင်ခဲ့ကြပြီ။

ဖေဖော်ဝါရီလ ၂ ရက်နေ့၊ နံနက် ၉ နာရီ ၃၅ မိနစ်တွင် အမေရိ တိုက်သင်္ဘော ‘ကွင်စီ’သည် အမေရိကန်သမ္မတကြီး ရုစဘဲ့အား တင်ဆေ လျက် မော်လတာဆိပ်ကမ်းသို့ ချဉ်းကပ်လာသည်။

၃ ရက်နေ့တွင် သမ္မတကြီးရုစဘဲ့နှင့် နန်းရင်းဝန်ကြီး ချာချီတို့သ ကျွေ့ကောက်သောလေကြောင်းခရီးဖြင့် ကရိုင်းမီးယားပြည်နယ် ယော်လတာ သို့ ထွက်ခွာသွားကြ၏။

ရုရှအာဏာရှင် စတာလင်နှင့်တွေ့ဆုံကာ ကြီးသုံးကြီးကွန်ဖရင့် ထိုင် ရန်တည်း။

ဖေဖော်ဝါရီလ ၄ ရက်နေ့။

သည်နေ့တွင် ဟစ်တလာ၏ အဓိပတိ အရှင်မင်းကြီး၏ ရုံးအဆော အအုံတွင် လုံခြုံရေးတာဝန်ယူထားရသည့် ဂျာမန်ဗိုလ်ချုပ် ကီတဲလ်၏အစ အရာရှိတစ်ယောက်က ဇနီးဖြစ်သူထံ စာတစ်စောင်ရေး၍ ပေးပို့ခဲ့သည်။

စာတွင် အဓိပတိအရှင်မင်းကြီး၏ ရုံးတော်မှ မမြင်ဝံ့ မရှုရက် အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း၊ နေရာတကာတွင် တွင်းကြီး ချိုင့် များဖြစ်နေကာ သစ်ပင်များလည်း အတုံးအရုံး လဲပြိုကျနေသဖြင့် အဓိပတိ ခြံဝင်းကြီးအတွင်း အမှိုက်သရိုက်များဖြင့် ဖုံးနေပြီဖြစ်ကြောင်း။

ဝီးလ်ဟိန်းလမ်းပေါ်ရှိ အဓိပတိရုံး ဝင်ပေါက်ခန်းမကြီးမှာ လုံးဝ ပြို





သွားပြီဖြစ်ကြောင်း။

သောက်ရေ၊သုံးရေပင် မလုံမလောက် ဖြစ်နေရကြောင်း။ ထို့ကြောင့် ဇနီး ဖြစ်သူသည် အထူးသဖြင့် ဟင်းသီးဟင်းရွက်စိမ်းများကို ရနိုင်သမျှ သိုလှောင် ထားသင့်ကြောင်း။

ရုရှတပ်များက ဘာလင်နှင့် နီးသထက်နီးလာပြီဖြစ်၍ ရှေ့ရေးကိုတွေးကာ ပူပန်မိကြောင်း စသည်ဖြင့် ရေးသားပါရှိခဲ့၏။

ထိုအရာရှိက နယ်ရှိဇနီးဖြစ်သူထံ ရေးသားပေးပို့လိုက်သည့်စာကို လုံခြုံရေး တပ်မှ တာဝန်ကျစစ်ဗိုလ်က ဖောက်ဖတ်ကြည့်လိုက်ပြီးနောက်...

ထိုအရာရှိအား အရှုံးစိတ်ဓာတ်ဝင်နေသူဟု စွပ်စွဲကာ စစ်ခုံရုံးသို့ ချက်ချင်း တင်စစ်ကာ အဓိပတိရုံး ခြံဝင်းအတွင်း၌ပင် ပစ်သတ်သုတ်သင်ခဲ့သည်။

ဤအချိန်တွင်ပင် ဂျာမန်နယူဘရင်ဒင်ဘာဂ် အကျဉ်းစခန်းတွင်ရှိနေသည့် ရုရှသုံ့ပန်း ၂၁၀၀၀ အနက် ၈၀၀၀ မှာ အစာငတ်ရေငတ်၍ သေဆုံးသွားခဲ့ ကြရ၏။

ဖေဖော်ဝါရီလ ၉ ရက်နေ့...။

သည်နေ့နံနက်တွင် ရုရှစစ်သူကြီး မာရှယ်ဇူးကော့ဗ်၏တပ်များက ကူစတိန် နှင့် ဖရင့်ဖတ်မြို့အကြား အိုဒါမြစ်ကမ်းပေါ်၌ ခြေကုပ်စခန်း အခိုင်အမာစွဲမိနေ ကြပြီ။

ထိုနေ့တွင် ဇူးကော့ဗ်၏ စစ်လျင်တပ်က အိုဒါမြစ်ကိုဖြတ်ကူးကာ အနောက် ဘက်ကမ်းပေါ်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၈ ရက်နှင့် ၁၀ ရက်နေ့များအကြားတွင် ဂျာမန်နယ်မြေ မြောက်ပိုင်းမှနေ၍ ထိုးစစ်ကြီးဆင်နွှဲလာခဲ့သော ဗြိတိသျှစစ်သူကြီး ဖီးမာရှယ် မောင်ဂိုမာရီ၏ **ထိုးစစ်**နှင့် **လက်ပစ်ဗုံးစစ်**ဆင်ရေး စစ်ကြောင်းများသည် နိမီ ဂျင်ကလိဗ် အဝေးပြေးလမ်းမကြီးပေါ်တွင် ဗွက်ကျွံကာ ခရီးမတွင် ဖြစ်နေကြ၏။

ဂျာမန်တိုက်ခိုက်ရေးတပ် အင်ဂျင်နီယာများက ရီအာနယ်ရှိ ဆည်မြောင်း တာတမံကြီးများကို ဖောက်ခွဲဖျက်ဆီးပစ်ကာ အဝေးပြေးလမ်းမကြီးတစ်လျှောက် နှင့် ဝန်းကျင်ဒေသများကို ရေလွှမ်းသွားအောင် ပြုလုပ်ခဲ့ကြသောကြောင့်။

ကြီးသုံးကြီးကွန်ဖရင့်၏ အပြီးသတ်ဆွေးနွေးပွဲကို ဗြိတိသျှနန်းရင်းဝန်ကြီး ချာချီ ယာယီနေထိုင်ရာ ဗိုရွန်ဇော့နန်းတော်၌နေချုပ်တွင် ကျင်းပသည်။

ချာချီက အလှည့်ကျအိမ်ရှင်အဖြစ် ညစာစားပွဲကြီးဖြင့် တည်ခင်းဧည့်ခံ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ညနေခင်းတွင်...။

၁၁ ရက်နေ့တွင် ကြီးသုံးကြီး ကွန်ဖရင့်မှ ထုတ်ပြန်ကြေညာချက်ဖြစ်သော ယော်လတာကွန်ဖရင့်ကြေညာစာတမ်းကို ထုတ်ပြန်လိုက်ပြီးနောက် ခေါင်းဆောင်ကြီးသုံးဦး မိမိတို့ဌာနေသို့ ပြန်သွားကြသည်။

ကွန်ဖရင့်တွင် အင်္ဂလိပ်နှင့် အမေရိကန်တို့က စတာလင်ထံမှ ရနိုင်သမျှသော အခွင့်အရေးများကို ပုဆိုးရေညှစ်သလို ညှစ်ယူနိုင်ခဲ့ကြပုံရသည်။

စတာလင်ထံမှ ရရှိလာခဲ့ကြသော အခွင့်အရေး ကတိစကားများကို အမေရိကန်သမ္မတ ရုစဘဲ့က အထူးပင် စိတ်ချယုံကြည်ထားဟန်တူသော်လည်း ချာချိကမူ စတာလင် ကတိစကားကို များစွာ စိတ်ချယုံကြည်ပုံမပေါ်။

သို့ဖြစ်၍လည်း အိမ်အပြန် လေယာဉ်ခရီးတွင် ချာချိက ဗိုလ်မှူးချုပ်ဂရင်းလေး တင်ပြခဲ့သော **မြင်းကုန်ကူးစစ်ဆင်ရေး**ကို ပြေး၍ သတိရလိုက်မိသေးသည်။

"စတာလင်ရဲ့ စစ်ပြီးရည်မှန်းချက်တွေက ဘာတွေလဲ"

▲



[ ၁၁ ]

နီမီဂျင် ကလိဖ် တာဝေးပြေးလမ်းမကြီးပေါ်တွင် ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီ၏ ထိုးစစ်နှင့် လက်ပစ်ဗုံးစစ်ဆင်ရေးမှ စစ်ကြောင်းများက ရေလွှမ်းသဖြင့် ဗွက်ကျွံနေသည့် လတာပြင်ကြီးကို ၁၅ ရက်တိုင်တိုင် ဖြတ်ကျော်ချီတက်ခဲ့ကြရပြီးနောက်...။

ဖေဖော်ဝါရီလ ၂၃ ရက်နေ့သို့ ရောက်သောအခါ...

မောင်ဂိုမာရီလက်အောက်ရှိ ဗိုလ်ချုပ်ဆင်ပဆင်၏ အမှတ်(၉) တပ်မတော်က ရီအာမြစ်ကိုဖြတ်ကူးနိုင်ခဲ့ကာ ဗိုလ်ချုပ်ဟိုရော့ခ်၏ အမှတ်(၃၀) တပ်မကြီးက ကလိဖ်နှင့် ဂို့ချ်မြို့ အမြှာညီနောင်ကို သိမ်းယူနိုင်ခဲ့ကြ၏။

ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် အမှတ်(၃၀) ခြေလျင်တပ်မသည် ဟမ်ဘတ်ချ်ဖော်ရက်စ်နယ်မြေကို ထိန်းချုပ်ကွပ်ကဲလာနိုင်တော့၏။

ဤနယ်မြေဒေသတွင် ခံတပ်ဆောက်ကာ အကြီးအကျယ် ခံစစ်ပြုနေကြသည့် ဂျာမန်တပ်များအား ဗြိတိသျှ ခြေလျင်တပ်များက ခံစစ်ကြောင်းတွင် အပေါက်တစ်ပေါက်ဖြစ်လာအောင် တိုက်ခိုက်ဖြိုလှဲပစ်လိုက်နိုင်ကြသည်။

သည်ခံစစ်ကြောင်း အပေါက်မှနေ၍ အမှတ်(၂)နှင့် အမှတ်(၅) ယန္တရားတပ်မနှစ်ခုက ထိုးဝင်ကာ ရိုင်းမြစ်ဆီသို့ အပြိုင်အဆိုင် ချီတက်လာခဲ့ကြ၏။

အင်္ဂလိပ်-အမေရိကန်တပ်များက ရိုင်းမြစ် အနောက်ဘက်တွင်ပင် ရှိနေပြီး ဘာလင်မြို့တော်နှင့် မိုင် ၃၀၀ ကျော်ကွာသောအရပ်သို့ ရောက်နေချိန်ဝယ်...

မာရှယ်ဇူးကော့ဗ်၏ တပ်များက အိုဒါမြစ်ကိုဖြတ်ကူးနိုင်ခဲ့ပြီး ဘာလင်မြို့တော်နှင့် မိုင် ၅၀ သာကွာဝေးသည့်နေရာသို့ ချီတက်နိုင်ခဲ့လေပြီ။

သို့သော် ဇူးကော့ဗ်၏တပ်အများစုမှာ ရိက္ခာဆက်သွယ်ရေးလမ်းကြောင်း ပြတ်နေသောကြောင့် ရှေ့သို့မတိုးနိုင်ဘဲ အိုဒါမြစ် ဤမှာဘက်ကမ်း၌သာသောင်



www.burmeseclassic.com

www.burmeseclassic.com



တွင်၍ နေကြရတော့သည်။

ဂျာမန်များသည် ရမိသမျှသော တပ်သားများကို စုစည်းကာ တပ်မတော် နှစ်တပ်ဖွဲ့လျက် ရူးကော့ဗ်၏ ထိုးစစ်ကြီးရှေ့မှ တန်ပြန်ထိုးစစ် ဆင်နွှဲနေကြ၏။

ဂျာမန် အနောက်ဘက်စစ်မျက်နှာမှ ချီတက်လာသည့် မဟာမိတ်တပ်များက ထိုးစစ်ကို ပို၍ ပြင်းပြင်းထန်ထန် တိုက်နေကြသည်။

မတ်လ ၇ ရက်နေ့တွင် မဟာမိတ်တပ်မှ ဒုဗိုလ်ချုပ် ဟော့ချ်ဦးစီးသည့် အမှတ်ဘီ တိုက်ခိုက်ရေးတပ်က ရိုင်းမြစ်ပေါ်ရှိ လူဒင်ဒေါ့ဖ်တံတားပေါ်မှ ဖြတ်ကျော်ကာ ဒူဆီဒေါ့ဖ်မြို့ဆီသို့ ရှေးရှုနိုင်ခဲ့ကြပြီး…

ဒူဆီဒေါ့ဖ်မြို့တောင်ဘက် ၅၅ မိုင်အကွာသို့ပင် ရောက်လာခဲ့ကြလေပြီ။

မတ်လ ၂၃ ရက်နေ့ ည ၁၀ နာရီ။

အမှတ်(၁) ကွန်မန်ဒိုတပ်မဟာသည် ကုန်းပေါ်ရော၊ ရေထဲတွင်ပါ သွားလာနိုင်သည့် ယာဉ်များကိုသုံးကာ ရိုင်းမြစ်အား ဝီဆယ်ဆိုသည့်နေရာမှ ဖြတ်ကူးကြ၏။

ဤသို့ဖြတ်ကူးလိုက်ကြခြင်းမှာ ဖီးမာရှယ်မောင်ဂိုမာရီ၏ 'ပလန်းဒါး' စစ်ဆင်ရေးကို ဝက်ခေါင်းထိုးချီတက်လာနိုင်အောင် လမ်းခင်းပေးလိုက်ခြင်း။

မတ်လ ၂၄ ရက်နေ့တွင် မောင်ဂိုမာရီပင် ဦးစီးသော 'ဗာစီတီ'စစ်ဆင်ရေးမှ အမှတ်(၁၇) အမေရိကန်တပ်မသည်လည်း ဗြိတိသျှ အမှတ်(၆) တပ်မနှင့်အတူ ရိုင်းမြစ်ကို ဖြတ်ကျော်ကာ ချီတက်လာနိုင်ခဲ့ကြ၏။

ပလန်းဒါးစစ်ဆင်ရေးစစ်ကြောင်းမှ တပ်များနှင့် ဗာစီတီစစ်ဆင်ရေး စစ်ကြောင်းမှ တပ်များသည် ရိုင်းမြစ် ဤမှာဘက်ကမ်းတွင် တစ်စုတရုံးတည်း ပေါင်းစည်းမိကြလေပြီ။

မတ်လ ၂၃ ရက်နေ့၊ နေ့လယ် ၂ နာရီတွင်ကျင်းပရန် သတ်မှတ်ထားသည့် ဟစ်တလာ၏ နေ့စည်လုပ်နေကျ အစည်းအဝေးမှာ မတ်လ ၂၄ ရက်နေ့၊ ည ၂ နာရီခွဲတွင်မှ ကျင်းပဖြစ်တော့သည်။

စည်းဝေးပွဲဖြစ်မြောက်လာပြန်တော့လည်း အဓိကပြဿနာများကို တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း မပြုနိုင်ကြ။

တိုင်ယာဂါတင် လမ်းမကြီးကို လေယာဉ်များ အရေးပေါ်ဆင်းသက်နိုင်အောင် တိုးချဲ့သင့်,မသင့်…

ဖေဖော်ဝါရီလအတွင်း ကားတိုက်မှုကြောင့် ဒဏ်ရာရသွားခဲ့သည့် ဗိုလ်ချုပ်





ကြီး ဝင့်က ဖြုတ်ချခံရမည့် ဗိုလ်ချုပ်ကြီး ဂူဒါရီယင်၏နေရာတွင် ဝင်ရောက်တာဝန်ယူနိုင်,မယူနိုင်…

'ကျား'အမျိုးအစား တင့်ကား ၁၆ စီး၊ ၁၇ စီးကို ပြန်ရန် မည်မျှကြာ,မကြာ စသော အရှုမီးဝိုင်း ဆွေးနွေးချက်များသာ။

ဒုတိယကမ္ဘာစစ်ကြီးတစ်လျှောက်လုံးတွင် တိုက်ရည်ခိုက်ရည်နှင့် စွမ်းရည်ထက်မြက်လှသည့် ဂျာမန်ဗိုလ်ချုပ်ကြီး ဂူဒါရီယင်နှင့် ဟစ်တလာတို့ စစ်ဆင်ရေးကိစ္စတွင် သဘောကွဲလွဲကြသောကြောင့်…

ဟစ်တလာက ဂူဒါရီယင်အား မတ်လ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးရာထူးမှ အနားပေးလိုက်၏။

ဤနေ့တွင်ပင် ဥရောပစစ်မျက်နှာ မဟာမိတ်တပ်ပေါင်းစု တပ်မှူးကြီးတစ်ဦးဖြစ်သူ အမေရိကန်အမျိုးသားဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်ဝါးက..

ချမှတ်ထားခဲ့ပြီးဖြစ်သည့် နည်းဗျူဟာကို ပြောင်းလဲပစ်ရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့၏။

အရေးကောင်း ဒိန်းဒေါင်းဆိုသည့် ချမှတ်ချက်မျိုး။

ဘာလင်မြို့တော်သို့ လျင်မြန်နိုင်သမျှ လျှင်မြန်စွာချီတက်တိုက်ခိုက်ရန်…

သည်နည်းဗျူဟာက မဟာမိတ်တပ်ပေါင်းစု တပ်မှူးကြီးတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါး၏ မူလသတ်မှတ်ချက်။

ယခုမူ ရိုင်းမြစ်ကို မဟာမိတ်တပ်များ ဖြတ်ကျော်ချီတက်လာခဲ့ပြီးနောက် ဘာလင်မြို့တော်နှင့် နီးလာသည့်အချိန်ရောက်လုမှ…

အိုင်စင်ဟောင်ဝါးက ဘာလင်မြို့တော်သို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ချီတက်တိုက်ခိုက်မည့်အစား။

ဂျာမန်တို့၏ ရှုဟာစစ်နယ်ဝှမ်းကို ဝိုင်းဝန်းပိတ်ဆို့လိုက်ပြီးနောက် အဓိကထိုးစစ်ကို လစ်ပဇစ်မြို့နှင့် မြူးနစ်မြို့ရှိရာ ဂျာမနီအနောက်တောင်ပိုင်းသို့ ဦးတည်ဆင်နွှဲတော့မည်ဟူသော ပြောင်းလဲဆုံးဖြတ်ချက်။

အိုင်စင်ဟောင်ဝါး၏ နည်းဗျူဟာ ပြင်ဆင်ပြောင်းလဲ ဆုံးဖြတ်ချက်ကို အမေရိကန် ဝါရင့်တပ်မှူးကြီးများက သဘောအကျကြီးကျနေကြသည်။

ဘရက်ဒလေ၊ ပက်တွန်၊ ဆင်ပဆင် စသည့်တပ်မှူးများ…

ဤနည်းဗျူဟာ ပြောင်းလဲဆုံးဖြတ်ချက်က အမေရိကန်တပ်များအား သီးခြား ပါစားပေးရာ ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥရောပ မဟာမိတ်တပ်ပေါင်းစု တပ်မှူးကြီးတစ်ဦးဖြစ်သော အမေရိကန်ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါး၏ မူလနည်းဗျူဟာက ဂျာမနီထိုးစစ်ကြီးအတွက် ဗြိတိသျှစစ်သူကြီး ဖီးမာရှယ်မောင်ဂိုမာရီကိုသာ ဂုဏ်ပြုအသားပေးကာ အမေရိကန်တပ်များကိုလည်း မောင်ဂိုမာရီ၏ အုပ်ချုပ်မှုအောက်တွင် သွတ်သွင်းထားခဲ့သည်။

ယခု လစ်ပဇစ်နှင့် မြူနစ်သို့ မျက်နှာမူကာ ဂျာမန်အနောက်တောင်ပိုင်းဆီသို့ အဓိကထိုးစစ်ကြီးဆင်နွဲတော့မည်ဟု ဆုံးဖြတ်လိုက်သောအခါ…

စစ်ဦးချီတပ်ကို အမေရိကန်ဗိုလ်ချုပ် ဘရက်ဒလေကသာ စစ်ဦးချီတပ်အဖြစ် ဂျာမန်အနောက်တောင်ပိုင်းဆီသို့ ချီတက်ရလျှင်…

ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီထံတွင် ဘာလင်ထိုးစစ်ကြီးအတွက် လွှဲပြောင်းပေးထားသည့် အမေရိကန်ဗိုလ်ချုပ် ဆင်ပဆင်၏ အမှတ်(၉)တပ်မတော်အား မူလမိခင်တပ်ဖွဲ့ဖြစ်သော ဘရက်ဒလေ၏ တပ်အောက်သို့ ပြန်လည်လွှဲပြောင်းပေးရပေတော့မည်။

သို့ဖြစ်လျှင် ဆင်ပဆင်၏ အမှတ်(၉)တပ်မတော်ပါ ပါဝင်ဖွဲ့စည်းထားသော ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီ၏ အမှတ်(၂၁)တပ်မတော်တပ်ဖွဲ့တွင် တပ်မတော်တစ်ခု လျော့သွားပေတော့မည်။

သို့ဖြစ်ရာ ဘာလင်ထိုးစစ်ကြီး ဆင်နွဲရာတွင် အထီးကျန်ဖြစ်နေမည့်သူက ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီ။

ထိုးစစ်ကြီးအစတွင် အဓိကတပ်မတော်တပ်ဖွဲ့များကို ဦးဆောင်လာခဲ့သည့် ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီ၏ အခန်းကဏ္ဍက အမေရိကန်တပ်ပေါင်းစု တပ်မှူးကြီးတစ်ဦးဖြစ်သူ အိုင်စင်ဟောင်ဝါး၏ နည်းဗျူဟာအပြောင်းအလဲကြောင့် သေးသိမ်သွားရပေတော့မည်။

မောင်ဂိုမာရီသည် ဘာလင်မြို့တော်ဆီသို့ ဝက်ခေါင်းထိုး ချီတက်တိုက်ခိုက်ရမည့်အစား…

ဂျာမန်အနောက်မြောက်ပိုင်းသို့ ဦးလှည့်ကာ လျူဘက်မြို့ကိုသာ ချီတက်သိမ်းယူရပေတော့မည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျာမန်စစ်မျက်နှာ၌ ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီ ကြုံရဆုံရပုံမှာ…

နပိုလီယန်စစ်ပွဲများအတွင်း အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဝယ်လင်တန် ကြုံရဆုံရပုံမျိုးနှင့် ခပ်ဆင်ဆင်။





ပြင်သစ်စစ်ဘုရင် နပိုလီယန် ကြိုက်မည်မဟုတ်သောကြောင့် အင်္ဂလိပ်နိုင် ဝါတာလူးဒေသကို အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဝယ်လင်တန်က မကာကွယ်ရခဲ့ဘဲနေရန် အင်္ဂလိပ်စစ်အာဏာပိုင်အဖွဲ့က တောင်းဆိုလိုက်သကဲ့သို့…

ဥရောပ တပ်ပေါင်းစု တပ်မှူးကြီးတစ်ဦးဖြစ်သူ အိုင်စင်ဟောင်ဝါးက ဘာလင်မြို့တော်သို့ မိမိကိုယ်တိုင် ချီတက်တိုက်ခိုက် သိမ်းယူရေးကို ငြင်းဆိုနေသလို…

ဗြိတိသျှစစ်သူကြီး ဖီးမာရှယ်မောင်ဂိုမာရီအားလည်း ဘာလင်မြို့တော်သို့ ချီတက်တိုက်ခိုက် သိမ်းယူရန် မလိုလား။

သို့သော် ရုရှတပ်သားများက ဘာလင်မြို့တော်သို့ ချီတက်သိမ်းယူရေး ဆုံးဖြတ်ချက်ကိုမူ အိုင်စင်ဟောင်ဝါးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံနေလေ၏။

ဘာလင်မြို့တော်သည် စစ်ရေးဗျူဟာအရ မည်သို့မျှ အရေးမကြီး အသုံးမဝင်တော့ဟူသော အကြောင်းပြချက်ဖြင့် ထောက်ခံနေခြင်း။

အိုင်စင်ဟောင်ဝါး၏ အကြောင်းပြချက်ကလည်း အပေါ်ယံအားဖြင့် ခိုင်လုံနေသည်။

အိုင်စင်ဟောင်ဝါး၏ ဘာလင်သို့ ချီတက်သိမ်းယူရန် ငြင်းဆိုချက်နှင့်စပ်လျဉ်း၍ အမေရိကန်ဗိုလ်ချုပ်တစ်ဦးပင်ဖြစ်သော ပက်တွန်၏ မိန့်ဆိုချက်တစ်ရပ်ကို မမေ့နိုင်ခဲ့သူများ ရှိနေခဲ့၏။

“**အိုက်**က တစ်နေ့ကျရင် အမေရိကန်သမ္မတအဖြစ် အရွေးခံလိမ့်မယ်”

“ဒီလို အရွေးခံတဲ့အချိန်မှာ မဲဆွယ်ခရီးထွက်တော့ အတိုက်အခံတွေက အိုက်ဟာ ဘာလင်သိမ်းပွဲမှာ အမေရိကန်တွေရဲ့ အသက်တွေကို ထောင်နဲ့သောင်းနဲ့ချီပြီး စတေးခဲ့တယ်လို့ စွပ်စွဲကြလိမ့်မယ်”

“ဒီလိုအစွပ်စွဲမခံရအောင် အိုက်က သူ့တပ်တွေကို ဘာလင် မြားဦးလှည့်ရာက နည်းဗျူဟာပြောင်းပစ်လိုက်ပြီး အနောက်တောင်ဘက်ကို ချီခိုင်းတာ”

“ဒီလိုအစွပ်စွဲခံရတဲ့ သမ္မတလောင်းတစ်ယောက်ဟာ အိမ်ဖြူတော်ကို ရောက်ဖို့ မလွယ်ဘူးမဟုတ်လား”

“အိုက်က ဒီလောက်အထိ အမြော်အမြင်ကြီးတာ”

“ဒါတင်ဘယ်ကဦးမလဲ၊ သူက ဗြိတိသျှ ဝါရင့်တပ်မှူးကြီးတစ်ဦးကိုလည်း ဘာလင်ကို သိမ်းယူနိုင်တယ်ဆိုတဲ့ဂုဏ် မပေးရအောင် လုပ်ပစ်နိုင်ခဲ့တယ်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်သိမ်းယူရေးနှင့်ပတ်သက်၍ အိုင်စင်ဟောင်ဝါး၏ တကယ့် စိတ်နေ
စိတ်ထားက မည်သို့ရှိနေသည်ပင်ဖြစ်စေ…

ဗြိတိသျှ အထူးစစ်ဆင်ရေးအမှုဆောင်အဖွဲ့မှ အရာရှိဖြစ်သူ ဗိုလ်မှူးချုပ်
ဂရင်းလေး၏ စစ်ကြီးပြီးသွားလျှင်…

ရုရှတပ်တွေ အင်္ဂလိပ်ရေလက်ကြား ဟိုမှာဘက်ကမ်းမှာ တပ်စွဲထားပြီး
များ ဖြစ်နေမလားဆိုသော စိုးရိမ်ချက်က အိုင်စင်ဟောင်ဝါး၏ နည်းဗျူဟာ
အလှည့်အပြောင်းကြောင့် မှန်လာတော့မည့်အခြေသို့ ရောက်လာတော့မလိုလို။

▲

[ ၁၂ ]

ဂျာမနီအာဏာရှင် ဟစ်တလာ၏ အဓိပတိရုံးတော်တည်ရှိရာ ခြံဝင်းကြီးက
ကျယ်ပြောကျယ်လှသည်။

ဝီးလ်ဟဲလ်းမ်းပန်းခြံမှ ဟာမင်းကိုးအာရင်းလမ်းအထိ ဗော့စ်လမ်းရှည်ကြီး
တစ်လျှောက်လုံးကို အဓိပတိရုံး ခြံဝင်းကြီးက နေရာယူလျက်။

ဤခြံဝင်းကြီးအတွင်း မြေအောက် ပေ ၅၀ အနက်တွင် ဟစ်တလာ၏
ဗန်ကာရှိသည်။

ဘန်ကာက အခန်းပေါင်း ၃၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မြေ
အောက် အဆောက်အအုံကြီး။

သည်အဆောက်အအုံကြီးတွင် အက်စ်အက်စ်လုံခြုံရေးတပ်ဖွဲ့မှ အမှုထမ်း
များအတွက် သီးသန့်အခန်းတစ်ခန်း။

လုံခြုံရေးရုံးခန်းတွင် အလုပ်ရှုပ်နေသူက တာဝန်ခံအရာရှိ ဗိုလ်ကြီးလန်ဂျင်
ဒေါ်ဖ်။

လန်ဒန်နှင့်ဘာလင် အပြန်အလှန်ပေးပို့နေကြသည့် ကြေးနန်းစာရွက်များ
ရုံးခန်းတွင်ဖြန့်ခင်း၍ ရလောက်အောင်ပင် သူ့စားပွဲပေါ်၌ စုပုံလျက်။

သို့တိုင်အောင် လန်ဂျင်ဒေါ်ဖ်က သစ္စာဖောက်လောက်ကောင်ကို ဖော်ထုတ်
နိုင်ရန် နီးစပ်မှုကလေးပင် မရနိုင်သေး။

သူက သစ္စာဖောက်၏ ဝိုင်ယာလက်ကြေးနန်းစက် မည်သည့်နေရာတွင်ရှိ
သည်ကို အသံလွှင့် ထောက်လှမ်းရေးကိရိယာဖြင့် ရှာဖွေထောက်လှမ်းနေခဲ့သည်။

သို့သော် သူယူဆခဲ့သည့်အတိုင်းပင် ကြေးနန်းသတင်းပေးပို့နေသူက
ဝိုင်ယာလက်စက်ကို နေရာအမျိုးမျိုးပြောင်းလျက် သတင်းပို့နေသောကြောင့်
ထောက်လှမ်း၍မရနိုင်။





www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပေးပို့သည့်သတင်းများက တိုနံ့နံ့ကလေးများသာ ဖြစ်နေသော ကြောင့် အသံလွှင့်ထောက်လှမ်းရေး ကိရိယာကို အချိန်ယူ၍ ထောက်လှမ်းရ မတတ်နိုင်ခဲ့။

စကားဝှက်ကို အဖြေဖော်ထုတ်ရာ၌ ကျွမ်းကျင်သူတစ်ယောက်ကို ကိုယ် နည်း ကိုယ့်ဟန်ဖြင့်ခေါ်ယူကာ လန်ဒန်နှင့် ဘာလင် အပြန်အလှန်ပေးပို့နေသည် ကြေးနန်းသတင်းများကို အမိဖွာယ်ဖော်ခိုင်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့

ခေါ်ယူခဲ့သည့် ‘ဆိုက်ဖာ’အရာရှိကိုယ်တိုင် စကားဝှက်ကို မဖော်နိုင်ပါဟု ဆိုကာ လက်မြှောက်သွားခဲ့ရသည်။

“သတင်းပို့တဲ့သူ ရော၊ လက်ခံတဲ့သူပါ တစ်ခါတည်း၊ တစ်ကြိမ်တည် အသုံးပြုလို့ရတဲ့ စကားဝှက်ကိုသုံးပြီး သတင်းပေး၊ သတင်းလက်ခံ လုပ်နေ ရတယ်”

“ဒီသတင်းပို့နည်းက သိပ်ပြီး အဖြေထုတ်ရခက်တယ်”

“ဒီတော့ ဗိုလ်ကြီးအနေနဲ့ အထက်အရာရှိတွေဆီမှာ ဆိုက်ဖာအရာရှိတေ တိုးပေးပါလို့ တောင်းဖို့ကောင်းတယ်၊ ဒီလိုစုပေါင်းအဖြေထုတ်မှလည်း ဒီ စကားဝှက်မျိုးကို အဖြေထုတ်လို့ရနိုင်မှာ”

ဆိုက်ဖာအရာရှိ၏ အကြံပေးချက်ကို လုံခြုံရေးတာဝန်ခံ ဗိုလ်ကြီးလန်ဂျ ဒေါ်ဖ်က အပြင်ပန်းအားဖြင့် သဘောတူ ခေါင်းညိတ်ခဲ့၏။

သို့သော် စိတ်ထဲတွင်မူ အထက်အရာရှိများထံ အခက်အခဲကို တင်ပြ အကူအညီတောင်းရန် လားလားမှ မရည်ရွယ်ခဲ့။

“အထက်အရာရှိတွေဆီ အကျိုးအကြောင်းဖော်ပြပြီး အကူအညီတောင် လိုက်ရင် ကိုယ်အကူအညီတောင်းလိုက်တဲ့ အထက်အရာရှိက ကိုယ်လိုက်ရှာ တဲ့ သစ္စာဖောက်လောက်ကောင် ဖြစ်မနေနိုင်ဘူးလား”

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က တစ်ကိုယ်တည်းအကြံပြု၊ တစ်ကိုယ်တည် ဆုံးဖြတ်ချက်ချကာ ဆိုက်ဖာအရာရှိ၏ အကြံပြုချက်ကိုလည်း ယဉ်ကျေ စွာ ငြင်းပယ်ခဲ့သည်။

သို့ဖြင့် ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က လျှောကြီးထိုးရိုးရိုးနည်းကိုပင် ဆက်လက် ကျင့်သုံးမည်ဟု ယတိပြတ် သတ်မှတ်လိုက်၏။

အရိပ်အခြည် စောင့်ကြည့်သည့်နည်း။

လူရိပ် လူကဲ စောင့်၍ခတ်သည့်နည်း။





သည်နည်းက ကြာတော့ကြာသည်။ သို့သော် မမှားနိုင်။

အပြောအဆို မှုပျက်နေသူ။

အသွားအလာ တစ်မူထူးနေသူ။

တတိယ ဂျာမန်နိုင်ငံတော် ဆက်လက်ရှင်သန်ရေးစကားကို ကြားလိုက် သွင် မျက်နှာပျက်သွားသူ စသည်ဖြင့် ထောက်လှမ်းစရာလူတွေ တစ်ပုံကြီး။

သို့ရာတွင် မိမိက တစ်ယောက်တည်း။

ကြည့်ရှုထောက်လှမ်းရမည့်လူက တစ်ပြုံကြီး။

ထို့ကြောင့် ကြာမည်၊ ပင်ပန်းမည်။

မည်သို့ပင်ကြာစေ၊ ပင်ပန်းပါစေ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က တစ်ကိုယ်တော် ထောက်လှမ်းရေးလုပ်မည်ဟုပင် ဆုံးဖြတ်လိုက်သည်။

အတိတ်က ယခုထက် ခက်ခဲသည့်ပြဿနာများကိုပင် တစ်ကိုယ်တော် တည်း ဖြေရှင်းကာ အဖြေထုတ်နိုင်ခဲ့သည်မဟုတ်လား။

တစ်နေ့ရာရာတွင် တစ်ယောက်ယောက်သောသူက ဘီလူးခေါင်းတွင် င်းသားမျက်နှာဖုံးကိုစွပ်ကာ လူတွင်ကျယ်လုပ်နေသည်ကတော့ အမှန်။

သို့သော် တစ်နေ့နေ့တွင် သည်လူတွင်ကျယ်က ခြေလှမ်းများလာရမည် မှာ့ခဲ့။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

မတ်လ ၃၈ ရက်…

နေ့လယ်…

နန်းရင်းဝန်ကြီး ချာချီက ဥရောပတိုက် မဟာမိတ်တပ်ပေါင်းစု တပ်မှူး ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါးထံမှ တစ်နေ့တည်းတွင် သုံးကြိမ်မြောက် ရောက် လာသည့် ဝိုင်ယာလက် ကြေးနန်းစာကို ဖတ်လိုက်ပြီးနောက် ဟင်းခနဲ သက်ပြင်း ချလိုက်၏။

**ဘာလင်သည် စစ်ဗျူဟာအရ အသုံးမဝင်တော့ပါ၊ အနောက်တောင်ဘက် သို့သာ ချီတက်တိုက်ခိုက်ပါမည်။ ပြောင်းလဲလိုက်သောနည်းဗျူဟာကို နောက် ထပ်မပြောင်းလဲလိုတော့ပါ။**

နန်းရင်းဝန်ကြီးချာချီက မိမိအတွင်းရေး အတွင်းဝန်အား အထူးစစ်ဆင်ရေး အမှုဆောင်အဖွဲ့မှ အထူးထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးချုပ်ဂရင်းလေးကို တယ်လီဖုန်းဆက်၍ အခေါ်ခိုင်းလိုက်သည်။

ဂရင်းလေးရောက်လာသည်နှင့် တစ်ပြိုင်နက် နန်းရင်းဝန်ကြီးချာချီက ခဏာပင်မဆိုင်းတော့ဘဲ လိုရင်းကို တဲ့တိုးပင်ဆွေးနွေးလိုက်သည်။

"အမေရိကန်တွေ ဘာလုပ်နေတယ်ဆိုတာ မောင်ရင် ကြားပြီးပြီ မဟုတ် လား"

"ကြားပြီးပါပြီ နန်းရင်းဝန်ကြီး"

"အင်း…မောင်ရင် ကျုပ်ကိုတင်ပြခဲ့တာ မှန်နေသလိုလိုပဲ"

ဂရင်းလေးက နန်းရင်းဝန်ကြီးချာချီရှေ့မှောက်တွင် မျက်နှာပိုးသေသေဖြ ငြိမ်၍နားထောင်နေ၏။

"ကျွန်တော်တင်ပြခဲ့တာ မမှန်ဘူးလား"ဟူသော မျက်နှာပေးမျိုးသာ ထာ





ခဲ့ပါက ချာချီက စိတ်တစ်မျိုးပြောင်းသွားနိုင်သည်ကို ဂရင်းလေးက နောကျေ အောင် သိနေပြီးသား။

ထို့ကြောင့်…

"နန်းရင်းဝန်ကြီးကို အိုက်ဘာလင်ချီတော့မှာမဟုတ်ကြောင်း သတင်းပို့ မနေဘဲ တစ်ဖက်ကလှည့်ပြီး သတင်းတစ်မျိုးပေးရင်လည်း ရနိုင်ပါတယ်ခင်ဗျာ"

"ဟိတ်…ကျုပ်က နန်းရင်းဝန်ကြီးဆိုတာ သိထားစမ်း"

ချာချီက ခြသေ့်ကြီးတစ်ကောင်လိုဟောက်၍ ပြောလိုက်သည်။

"မဟာမိတ်တပ်တွေက ဘာလုပ်မယ်၊ ရန်သူတွေက ဘာလုပ်ဖို့ကြံနေ တယ်ဆိုတာ ကျုပ်ဆီမတင်ပြဘဲ ဘယ်သူမှ ဆုံးဖြတ်ခွင့်မရှိဘူး၊ ဒါပေမယ့် ကျုပ်က နေရာတကာမှာ ဩဇာမပေးခဲ့ပါဘူး"

ခြသေ့်ကြီးအဟောက်တွင် ဖားသူငယ် ရေတွင်ငုပ်၍နေရသလို ဗိုလ်မှူးချုပ် ဂရင်းလေးက ရေငုံနှုတ်ပိတ် တိတ်တိတ်ကလေးထိုင်နေ၏။

နန်းရင်းဝန်ကြီး ချာချီက ယွန်းသေတ္တာငယ်ထဲမှ ဟာဗနာဆေးပြင်းလိပ် ရှည်ကြီးတစ်လိပ်ကို ထုတ်ယူလိုက်ကာ မီးညှိလိုက်ပြီးနောက် မီးခိုးတထောင်း ထောင်းထွက်အောင် ဖွာနေသည်။

ဖွာ၍ ကျေနပ်သွားတော့မှ စကားပြန်စလိုက်၏။

"မေခလာ…မောင်ရင်က မေခလာနဲ့ အဆက်အသွယ်ရှိတုန်းပဲလို့ ကျုပ် ထင်တယ်"

"မှန်မှန်တော့ ရှိနေပါတယ်ခင်ဗျာ၊ သူပို့တဲ့သတင်းတွေက ကျွန်တော်ပို့တဲ့ သတင်းတွေထက် ရှည်နေတာတစ်ခုပါပဲ"

"သူပို့တဲ့သတင်းတွေက…"

"သူပို့တဲ့သတင်းတွေက သူ့အခြေအနေဟာ ခုဆိုရင် သိပ်ကို အန္တရာယ် များနေပြီး ကျွန်တော်တို့ဘက်က ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ သူ သိပ်ပြီး သိချင်နေတယ်ဆိုတဲ့အကြောင်း"

"တကယ်လို့ ကျွန်တော်တို့က မြင်းကုန်ကူး စစ်ဆင်ရေးကို တကယ် လက်တွေ့လုပ်ဆောင်မယ်ဆိုရင် တိတိကျကျနဲ့ မြန်မြန်လုပ်စေချင်တဲ့အကြောင်း"

"ဒါပေမယ့် မေခလာက သူ့စခန်းက ချက်ချင်းထွက်ပြေးနိုင်မှာမဟုတ်ဘဲ အချိန်အခါသင့်မှ ထွက်လာမှာသာဖြစ်တဲ့အကြောင်း"

"ကျွန်တော်တို့ဘက်က တိကျတဲ့ကတိပြုချက်ကို ကြိုပြီးရထားဖို့လိုလား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သတင်းတွေပါပဲ နန်းရင်းဝန်ကြီး"

"ဒီတော့ မောင်ရင်က ဘယ်လိုအကြောင်းပြန်လိုက်သလဲ"

"မေခလာအနေနဲ့ စောင့်နေဦးမယ်လို့ ပြန်လိုက်ပါတယ်"

နန်းရင်းဝန်ကြီးချာချိုက လက်ချောင်းထိပ်ဖျားကလေးများကို စိုက်ကြည့်နေရာမှ...

"မေခလာက ကျုပ်တို့ကို ဘာတွေပေးစရာရှိပြီး၊ ကျုပ်တို့ဆီက သူ ဘာလိုချင်တယ်ဆိုတာ ပြန်ပြောစမ်းပါဦး"

အခွင့်ကောင်းပေါ်လာပြီဖြစ်သည့်အတိုင်း ဗိုလ်မှူးချုပ်ဂရင်းလေးက မေခလာနှင့် အပေးအယူလုပ်ထားပုံကို တစ်တစ်ခွခွ ပြတ်ပြတ်သားသား ဇာတ်ကြောင်းပြန်လိုက်သည်။

"မေခလာက သူ့ကို ဘယ်လိုမှ အန္တရာယ်မပေးပါဘူးဆိုတဲ့ ကျွန်တော်တို့ ကတိကို လိုချင်တယ်"

"နောက်တစ်ချက်က သူဘယ်သူဆိုတာ ထိပ်တန်းခေါင်းဆောင်တွေကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးဘဲထားတာကို လိုချင်တယ်"

"တတိယအချက်က သူ့နေထိုင်စားသောက်ရေးအတွက် ငွေလိုချင်တယ်"

"ဒီအချက်သုံးချက်ကို ကျွန်တော်တို့ဘက်က ပေးမယ်လို့ ကတိပြုရင် မေခလာက..."

"နာဇီစစ်ပြေးတွေ ဘယ်တိုင်းပြည်ရောက်နေတယ်ဆိုတာ ဖော်ပြောမယ်"

"ဒုတိယနာဇီတွေက ရွှေတွေကိုဝှက်ထားခဲ့တဲ့နေရာကို ဖော်ပြောမယ်"

"တတိယနဲ့ အရေးကြီးဆုံးအချက်က စစ်ကြီးပြီးသွားရင် ရုရှတွေက ဥရောပမှာ ဘာလုပ်မယ် စီစဉ်ထားတယ်ဆိုတဲ့ အချက်အလက်တွေကို ဖော်ထုတ်ပြောဖို့ပဲ"

ဗိုလ်မှူးချုပ်ဂရင်းလေး၏ တင်ပြချက်အဆုံးတွင် နန်းရင်းဝန်ကြီးက ခေါင်းကို မသက်မသာခါယမ်းလိုက်ပြီး...

"မေခလာဆိုတဲ့လူက အရူးတော့မဟုတ်ဘူး၊ သူကလည်း လူလည်တစ်ယောက်ပဲ၊ ဒါက သိပ်သိသာတယ်"

"သူက ကျုပ်စိတ်ဓာတ် ဘယ်လိုဆိုတာ သိထားပြီးသားဖြစ်မှာပဲ"

"ဒါပေမယ့် သမ္မတကြီးရစဘဲ့က ဥရောပတိုက်သားမဟုတ်တော့ နာဇီတွေအပေါ်မှာ ကျုပ်နာသလို နာမှာမဟုတ်ဘူး၊ နို့ပြီး သူက သိပ်နေကောင်း





တဲ့လူ မဟုတ်ဘူးဆိုတော့ သူကတော့ သနားတတ်မယ်"

"အင်း...မေခလာအလိုရှိတဲ့အတိုင်း ဖြစ်လာမယ်ဆိုရင်..."

"ဖြစ်မလာနိုင်စရာ မရှိလို့ထင်ပါတယ် နန်းရင်းဝန်ကြီး"

"ဖြစ်မလာနိုင်စရာ မရှိဘူးလို့ထားဦး၊ ဘာလင်မြို့ထဲဝင်ပြီး မေခလာကို ခေါ်ထုတ်လာဖို့နဲ့ တခြားဆောင်ရွက်စရာတွေ ဆောင်ရွက်ဖို့ကကော"

"ဒါတွေအတွက် ဆောင်ရွက်လို့ရတဲ့နည်းလမ်းတွေ ရှိပါတယ် နန်းရင်းဝန်ကြီးခင်ဗျား"

"အင်း...ဆက်သားတစ်ယောက်လောက်တော့ လွှတ်လို့ရမှာပဲ၊ ဒါပေမယ့် ဂျာမနီမှာ လက်ငင်းဖြစ်ပေါ်နေတဲ့ အခြေအနေအရ တပ်တစ်တပ်လွှတ်ဖို့တော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မှာမဟုတ်ဘူး"

"ဖြစ်နိုင်တာကတော့ လူနည်းနည်းပဲ၊ အဲဒီလူနည်းနည်းကလည်း တိုက်ရှည်ခိုက်ရှည် ဝနေပြီး ခေါင်းဆောင်လုပ်တဲ့လူက ခေါင်းနဲ့လက်ကို မျှမျှတတ အသုံးပြုတတ်တဲ့ ဝါရင့်တပ်သားကြီးတစ်ယောက် ဖြစ်နေဖို့လိုတယ်"

"မှန်ပါတယ် နန်းရင်းဝန်ကြီး"

"ဘာလင်မြို့ထဲကို ဝင်ဖို့လွယ်ပေမယ့် အထွက်က သိပ်ကိုခက်မှာ အမှန်ပဲ"

"အထွက်မှာ မေခလာကို တွဲခေါ်ခဲ့ရမှာဖြစ်တော့ ပိုပြီးခက်လိမ့်မယ်၊ အထွက်ကလည်း ဘာလင်မြို့တဲကတင်မဟုတ်ဘဲ ဂျာမနီနိုင်ငံထဲကကို လွှတ်အောင်ထွက်ရမှာ"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒီတော့ မြင်းကုန်ကူးစစ်ဆင်ရေးကို ကွန်မန်ဒိုပုံစံမျိုးလုပ်မှ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေခလာဆီက ရတဲ့သတင်းတွေကို ကျုပ်တို့က ပူပူနွေးနွေး အသုံးချနိုင်အောင်လို့ပဲ"

"နှေးနေရင် မေခလာဆီကရတဲ့ သတင်းတွေဟာ ကျုပ်တို့အဖို့ ခေတ်မမီတော့တဲ့၊ အသုံးချလို့မရတဲ့ သတင်းတွေ ဖြစ်နေလိမ့်မယ်"

"မှန်ပါတယ် နန်းရင်းဝန်ကြီး"

"ဒါဖြင့် ဒီစစ်ဆင်ရေးနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုတာဝန်ပေးမယ်လို့ မောင်ရင်စိတ်ကူးရလဲ"

"ဗိုလ်မှူးဂျက်ပါ နန်းရင်းဝန်ကြီး"

ဗိုလ်မှူးချုပ်ဂရင်းလေးက မဆိုင်းမတွပင် အဖြေပေးလိုက်သည်"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူးဂျက်...ဗိုလ်မှူးဂျက်"

နန်းရင်းဝန်ကြီးက အမည်ကို တတွတ်တွတ်ရွတ်ရင်း အမည်ရှင်၏ရုပ်ပုံ ပေါ်လာအောင် တွေးကြည့်နေသည်။

ဗိုလ်မှူးဂျက်ဟူသောအမည်ကို ရင်းရင်းနှီးနှီး ကြားဖူးနေသော်လည်း နန်းရင်းဝန်ကြီးက တစ်ခါမျှ လူကိုမတွေ့စဖူး။

"မောင်ရင် သူ့ကိုသုံးဖူးလို့လား"

"ခဏခဏ သုံးဖူးပါတယ်ခင်ဗျာ"

"ဒါဖြင့် သူ့ကို မောင်ရင်က ဘယ်မှမသွားဘဲ အနီးအနားမှာရှိနေဖို့ သတိပေးထား"

"မခလာဆီကိုလည်း သတင်းပို့ထား၊ ဘယ်လိုသတင်းပို့မယ်ဆိုတာတော့ မောင်ရင့်ဘာသာမောင်ရင် ကြည့်စီစဉ် ကြားလား"

နန်းရင်းဝန်ကြီးချာချီက လက်ကြားတွင်ညှပ်ထားသော ဆေးပြင်းလိပ်ကြီးကို ပြာခွက်ထဲသို့ ပစ်ချလိုက်ပြီး စကားဆက်နေပြန်သည်။

"ကျုပ်ကို စကားပြောကောင်းတယ် ကောင်းတယ်နဲ့ လူတွေက ချီးမွမ်းနေကြတယ်"

"ဒါပေမယ့် ကျုပ်က အမေရိကန်သမ္မတ ရုစဘဲ့နဲ့ မဟာမိတ်တပ်ပေါင်းစု တပ်မှူး အိုင်ဆင်ဟောင်ဝါးတို့ကိုတော့ ဘာလင်အထိ ချီတက်တိုက်ခိုက်ဖို့ ပြောလို့ မအောင်မြင်ခဲ့ဘူး"

"ဒီတော့ မြင်းကုန်ကျူးစစ်ဆင်ရေးကို မဖြစ်မနေလုပ်ရတော့မယ်၊ ဒီလို လုပ်တဲ့အခါမှာ ကျုပ်တို့ရဲ့မဟာမိတ်တွေက ဒီစစ်ဆင်ရေးနဲ့ပတ်သက်ပြီး ဘယ်လို မှ တစ်စွန်းတစ်စမှ မကြားမသိအောင် အထူးသတိထား လုပ်ရလိမ့်မယ်"

"ကျုပ်အဖို့တော့ ဥရောပတစ်တိုက်လုံးနီးနီး ကွန်မြူနစ်ဖြစ်သွားတာထက် နာဇီသကောင့်သားတစ်ယောက်ကို ကြိုးစင်တင်ပြီး သတ်ရမယ့်အရေးက ချမ်းသာ ရာရအောင် လုပ်ပေးရတဲ့အလုပ်ကို ဦးစားပေးရွေးချယ်ရတော့မယ့် အခြေအနေ ရောက်နေပြီ"

"ဒီတော့ မောင်ရင် အစွမ်းရှိသမျှ ဆက်လုပ်ပေတော့"

နန်းရင်းဝန်ကြီး ချာချီ ရုံးစိုက်ရာ အမှတ်(၈) ဒေါင်းနန်းလမ်းမှ ပြန်လာ





ပြီးနောက် ဗိုလ်မှူးချုပ်ဂရင်းလေးက မခလာထံ အရေးတကြီး ကြေးနန်းသတင်း ဆစ်ရပ် ပေးပို့လိုက်လေသည်။

**သို့။ ။ မခလာ** CVX/၀၁၉/SSS/၂၁၀၀၀/Z

**မှ ။ ။ ဆု** ၃၀-၃-၄၅

**နိုင်ငံရေးဆုံးဖြတ်ချက်**

**မကြာမီ အတီအကျရမည်။**

**မျှော်လင့်ချက်အများကြီးရှိသည်။**

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၄ ]

လွှင့်ထုတ်ထားခဲ့သော မာန်တဲ့ခွန်မှန်သမျှကို နှိမ့်နိုင်သမျှ နှိမ့်ချပစ်လိုက်ကာ နန်းရင်းဝန်ကြီးချာချီက ဥရောပတပ်ပေါင်းစု တပ်မှူးကြီး အိုင်ဆင်ဟောင်ဝါး အား...

ဂျာမနီတစ်ပြည်လုံးကို တတ်နိုင်သမျှ သိမ်းကျုံးအုပ်စိုးထားရန် အမန်ဖမ်း မေတ္တာရပ်ခံခဲ့သည်။

အခြားတစ်ဖက်ကလည်း သုံးနိုင်သမျှ အာဏာကို အသုံးပြုကာ တပ်ပေါင်းစု တပ်မှူးကြီးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များအား ဂျာမန်နိုင်ငံတွင် ရနိုင်သမျှ နယ်မြေ များကို သိမ်းယူထားရန် တောင်းဆိုခဲ့သည်။

သို့သော် ဧပြီလ ပထမ ၁၅ ရက်သာ ကုန်ဆုံးသွားခဲ့သည်။

ဥရောပတပ်ပေါင်းစု တပ်မှူးကြီး အိုင်ဆင်ဟောင်ဝါးက ချာချီ၏ မေတ္တာ ရပ်ခံချက်ကိုသော်လည်းကောင်း၊ အာဏာသုံးမှုကိုသော်လည်းကောင်း ငြင်းဆန် နေခဲ့လေသည်။

ဤငြင်းဆန်ချက်ထက်ပို၍ အရုပ်ဆိုးလာသည့်အဖြစ်ကား တပ်ပေါင်းစု တပ်မှူးကြီးသည် အရှေ့ဘက်သို့ အဲလ်ဗ်(Elbe)မြစ်အထိ ရောက်ရုံသာ ချီတက် တိုက်ခိုက်မည်။ ထိုထက်ပို၍ ချီတက်မည်မဟုတ်ဟု ဆုံးဖြတ်လိုက်ခြင်း။

တပ်ပေါင်းစုတပ်မှူး အိုင်စင်ဟောင်ဝါးက ဤသို့ဆုံးဖြတ်လိုက်သည့် အတွက် အကျေနပ်ကြီး ကျေနပ်နေသူကား မာရယ်စတာလင်ပင်။

အိုင်ဆင်ဟောင်ဝါးထံ စတာလင်က **အထူးလျှို့ဝှက်** ကြေးနန်းတစ်စောင် ကို ပေးပို့လိုက်ရာ၌...

"ဘာလင်တွင် ယခင်ကရှိနေခဲ့သော စစ်ဗျူဟာအရေးပါမှုမှာ ယခုအချိန် တွင် လုံးဝမရှိတော့ပါ"ဟု ဖော်ပြထားခဲ့လေသည်။





ထို့ပြင် စတာလင်က မိမိသည် ဘာလင်မြို့တော်ကို တိုက်ခိုက်သိမ်းယူ ရာ၌ ဒုတိယတန်းစား စစ်တပ်များကိုသာ အသုံးပြုပြီး...

အားဖြတ်၊ လစ်ပဇစ်နှင့် ဒရက်စ်ဒင်မြို့များကို ချီတက်သိမ်းယူရာ၌မူ အဓိကထိုးစစ်ကြီးကို ဆင်နွှဲလျက် ပထမတန်းစားစစ်တပ်များကိုသာ သုံးပါမည် ဟုလည်း အိုင်ဆင်ဟောင်ဝါးထံ လျှို့ဝှက်ကြေးနန်း ပေးပို့ အသိပေးခဲ့၏။

ဤကား အများအမြင်တွင် ထင်ယောင်ထင်မှားဖြစ်စေရန် ထွင်လိုက်သည့် စတာလင်၏ ဆင်လုံး။

အမှန်စင်စစ်တွင်မူ စတာလင်က ဘာလင်မြို့တော်အား မိမိတွင် ရှိရှိသမျှ တပ်အားကို အသုံးပြုကာ ချီတက်သိမ်းယူရန် ပြင်ဆင်ထားနှင့်ပြီးသား။

ဘာလင်စစ်ဆင်ရေးတွင် ဂျော်ဂျီယာပြည်နယ်သားဖြစ်သော စတာလင်က ဂျော်ဂျီယား လက်ဟောင်းစကားပုံတစ်ခုကို လက်ကိုင်ပြုထားသည်။

"ပထမရအောင်ယူပါ၊ နောက်မှ ငြင်းချက်ထုတ်ပါ"ဟူသော စကားပုံ။

ကြီးသုံးကြီး မဟာမိတ်သုံးနိုင်ငံ ခေါင်းဆောင်ကြီးများက ဂျာမနီနှင့် ပတ်သက်၍ အမြဲသဘောတူဆုံးဖြတ်ထားချက်တစ်ရပ် ရှိနေခဲ့၏။

ဂျာမနီက ခြွင်းချက်မရှိ လက်နက်ချရန် စည်းကမ်းချက်မှတစ်ပါး အခြား လက်မခံ။

ထို့ပြင် နာဇီအာဏာပိုင်နှင့်သော်လည်းကောင်း၊ အာဏာပိုင်ကို ဆက်ခံသူ နှင့်သော်လည်းကောင်း မည်သို့သောပုဂ္ဂိုလ်က အပေးအယူလုပ်ခြင်းမျိုးကိုမဆို မဟာမိတ်နိုင်ငံများက လက်မခံ။

သို့ဖြစ်၍လည်း ဗြိတိသျှနန်းရင်းဝန်ကြီး ချာချီက ဤဆုံးဖြတ်ချက်နှစ်ရပ် အရ၍ မည်သည့်ပြုပြင်ပြောင်းလဲချက်မျိုးကိုမှ လက်ခံစဉ်းစားခြင်းမပြုနိုင်သည့် အခြေအနေ ထားရှိနေခဲ့သည်။

သို့သော် မဟာမိတ်တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်ဝါးက ဘာလင်မြို့တော်သို့ ချီတက်သိမ်းယူရန် ငြင်းဆန်လေသောအခါ...

* * *

၁၉၄၅ ခု၊ ဧပြီ(၁၂)ရက်နေ့။

ညနေ ၃ နာရီ၊ ၃၅ မိနစ်။

အမေရိကန်သမ္မတကြီးရုစဘဲ့သည် ဦးနှောက်သွေးသွန်ရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သွားခဲ့သော နိုင်ငံရေး၊ စစ်ရေး ရဲဘော်ကြီး ရစဘဲ့အတွက် တစ်ဖက်မှ ဝမ်းနည်းမိသည့်တိုင်...

ရစဘဲ့နေရာတွင် တက်လာမည့် သမ္မတ ထရူးမင်းအား အိုင်ဆင်ဟောင်ဝါး၏ နည်းဗျူဟာအပြောင်းအလဲကို ပြန်လည်တည့်မတ်ပေးနိုင်ကောင်းသည် ဟူသော မျှော်လင့်ချက်ဖြင့် ဗြိတိသျှနန်းရင်းဝန်ကြီး ချာချီက အခြားတစ်ဖက်မှ ဝမ်းနည်းမှုကို ဖြေဖျောက်ထားနိုင်ခဲ့၏။

သို့သော် ချာချီ၏မျှော်လင့်ချက်မှာ ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရပြန်တော့၏။

သို့တိုင်အောင် ချာချီက စိတ်မလျှော့သေး။

အိုင်ဆင်ဟောင်ဝါး၏ စိတ်အာရုံကို တစ်နည်းတစ်ဖုံ လှည့်ပြောင်းပေးမည့် ပုံဘမ်းအဖြစ်အပျက်တစ်မျိုးမျိုး ပေါ်ပေါက်လာနိုင်သေးသည်ဟု မျှော်လင့်နေခဲ့

သို့သော် ဧပြီလ ၁၅ ရက်နေ့သို့ရောက်လာသည့်အချိန်တွင်ကား ချာချီ၏ မျှော်လင့်ချက်တောင်ကြီးသည် အပိုင်းပိုင်းပြတ်ပြိုကာ မြေသို့ ခခဲ့ရလေတော့၏။

**"အမေရိကန် အမှတ်(၉)တပ်မတော်တစ်ခုလုံး အဲလ်ဗ်မြစ် တစ်ဖက်ကမ်းသို့ ပြန်ကူးပြီး တပ်ဆုတ်နေပါ"**

တပ်ပေါင်းစု တပ်မှူးကြီး အိုင်ဆင်ဟောင်ဝါးက ဗြိတိသျှစစ်သူကြီး ဖီးမ ရှယ်မောင်ဂိုမာရီ လက်အောက်တွင် ဘာလင်ထိုးစစ်ကြီးအတွက် ယာယီလွှဲပြောင်း ပေးထားသော အမှတ်(၉)တပ်မတော်၏ ဗိုလ်ချုပ်ဖြစ်သူ ဆင်ပဆင်ထံ ပို့လိုက် သည့် ကြေးနန်းအမိန့်။

အမေရိကန် အမှတ်(၉)တပ်မတော်၏ တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ဆင်ပဆင် ကိုယ်တိုင် တပ်ပေါင်းစုထံမှရောက်လာသည့် ကြေးနန်းအမိန့်စာကိုဖတ်က အံ့အားကြီးသင့်နေသည်။

၂၄ နာရီအတောအတွင်းတွင် သူ့တပ်က ဘာလင်မြို့တော်သို့ ဝင်ရောက် နိုင်သည့် အခြေအနေရှိနေသည်မဟုတ်လား။

ဗြိတိသျှနန်းရင်းဝန်ကြီးချာချီအဖို့မှာမူ မြင်းကုန်ကူး စစ်ဆင်ရေးကို ဆက် လက်ဆင်နွှဲရန်မှအပ အခြားနည်းလမ်းမရှိတော့။

အိုက်စင်ဟောင်ဝါး၏ ဆုတ်မိန့်က စတာလင်အား ဥရောပတစ်ခွင်တွင် ချယ်လှယ်ချင်တိုင်း ချယ်လှယ်နိုင်ရန် လမ်းဖွင့်ပေးနေခဲ့ပြီမဟုတ်လား။

အိုက်ဆင်ဟောင်ဝါး၏ မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်မှ ဆုတ်မိန့်ကို ဖတ်ပြီးလျှင်ပြီးချင်း နန်းရင်းဝန်ကြီးချာချီက အတွင်းရေးအတွင်းဝန်အား အထူး





စစ်ဆင်ရေး အမှုဆောင်အဖွဲ့မှ ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးချုပ်ဂရင်းလေးကို ခေါ်၍ ညွှန်ကြားလိုက်သည်။

ဂရင်းလေး ရောက်လာသည်နှင့် တစ်ပြိုင်နက် ချာချီက မြင်းကုန်ကူး စစ်ဆင်ရေးကို လျင်လျင်မြန်မြန်ဆက်လုပ်ရန် တာဝန်ပေးလိုက်၏။

**သို့ ။ ။ မေခလာ CVX/၀၀၃/SSS/၁၄၀၀၀/Z**

**မှ ။ ။ ဆု ၁၅-၄-၄၅**

**ယခင်အပေးအယူသဘောတူထားချက်**
**အတိုင်း မြင်းကုန်ကူးစစ်ဆင်ရေးကို**
**ချက်ချင်းအသက်သွင်းလိုက်ပြီ။**

▲



www.burmeseclassic.com

www.burmeseclassic.com

# အလယ်

[ ၁၅ ]

လန်ဒန်မှ ဆုကလည်းမသိ။

ဘာလင်မှ မေခလာကလည်း သိခွင့်မရ။

ဟစ်တလာ့ဘန်ကာအောက်ဘက်ရှိ လုံခြုံရေးစခန်းမှ တာဝန်ခံအရာရှိ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က သိပင်သိသော်လည်း အဓိပ္ပာယ်မဖော်နိုင်သည့်...

ဆုနှင့် မေခလာအကြား အပြန်အလှန်ပေးပို့သော ဝိုင်ယာလက် ကြေးနန်းသတင်းကို **အလယ်**မှဖြတ်၍ နားထောင်နေသူက ဆွစ်နိုင်ငံ အမေရိကန်လီဂေးရှင်း Legation သံရုံးမှ အထူးလက်ထောက်အရာရှိ ဗိုလ်ချုပ်ဘီလင်ဂျာ။

ဆွစ်နိုင်ငံ၊ ဘန်းမြို့ရှိ အမေရိကန်သံရုံးတွင် သံအမတ်အဖြစ် တာဝန်ယူနေရသူက အလန်ဒါးစ်။

သံအမတ် အလန်ဒါးစ်လက်အောက်တွင် အထူးလက်ထောက်အရာရှိအဖြစ် ဆောင်ရွက်နေရသူက ဗိုလ်ချုပ်ဘီလင်ဂျာ။

ဘီလင်ဂျာသည် ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့၊ အမေရိကန်သံရုံးတွင် ရုံးအခေါ်အဝေါ်အရ အထူးလက်ထောက်အရာရှိဖြစ်နေသော်လည်း...

အမှန်စင်စစ်တွင် ဆွစ်ဇာလန်နိုင်ငံ၌ အမေရိကန်ထောက်လှမ်းရေးလုပ်ငန်းများကို ကွပ်ကဲနေရသည့် စစ်ထောက်လှမ်းရေးမှူးကြီး။

ဆွစ်ဇာလန်နိုင်ငံတွင် သံရုံးအရိပ်ကိုခိုကာ ထောက်လှမ်းရေးလုပ်နေခဲ့သော ဗိုလ်ချုပ်ဘီလင်ဂျာက ဆုနှင့် မေခလာအကြား...

သို့မဟုတ် လန်ဒန်နှင့်ဘာလင်အကြား အပြန်အလှန်ပေးပို့နေသည့် ဝိုင်ယာလက် ကြေးနန်းသတင်းများကို အလယ်မှနေ၍ ဖမ်းယူနားထောင်နေခဲ့၏။





သို့ရာတွင် သတင်းအဓိပ္ပာယ်ကိုမူ နားမလည်။

အစက်အပေါက်နှင့် မျဉ်းတို မျဉ်းရှည်များမှ ရိုက်ခတ်လာသည့် တဝီဝီမြည်သံများကိုသာ ကြားနေခဲ့ရ၏။

သို့သော် လန်ဒန်နှင့် ဘာလင်တို့ အပြန်အလှန်ပေးပို့ဆက်သွယ်နေခြင်းဟု သိပြီးသား။

ဗိုလ်ချုပ်ဘီလင်ဂျာက အမေရိကန်တိုက်ခိုက်ရေးတပ်တွင် တပ်မှူးတစ်ဦးအဖြစ် လေ့ကျက်ခဲ့ဖူးရုံမက ထောက်လှမ်းရေးလုပ်ငန်းများတွင်လည်း ကျင်လည်ဖူးခဲ့သူ။

အသက် ၄၄ နှစ်ရှိနေပြီဖြစ်သောကြောင့်လည်း စစ်မြေနှင့် ထောက်လှမ်းရေး နယ်မြေတွင် ဝါရင့်နေခဲ့သည့် ဗိုလ်ချုပ်တစ်ဦး။

မြို့တော် နှစ်မြို့တော်အကြားတွင် အပြန်အလှန်သွားနေသော အသံသင်္ကေတများက အမေရိကန်ထောက်လှမ်းရေးအရာရှိကြီး ဗိုလ်ချုပ်ဘီလင်ဂျာအား တစ်နေ့ထက်တစ်နေ့ မယုံသင်္ကာဖွယ်ရာ လာစေသည်။

လန်ဒန်က မဟာမိတ်အုပ်စု။

ဘာလင်က ဝင်ရိုးတန်းအုပ်စု။

ဆန့်ကျင်ဘက်အုပ်စုနှစ်ခုရှိ မြို့တော်ကြီးနှစ်မြို့တော်မှ အသံသင်္ကေတများသည် မဟာမိတ်တပ်မှူးအချင်းချင်း ပေးပို့နေသည့် ဝိုင်ယာလက် ကြေးနန်းများနှင့် မတူကြောင်းကိုလည်း ဘီလင်ဂျာက သိထားပြီးသား။

သို့ဖြစ်ရာ လန်ဒန်နှင့် ဘာလင် အပြန်အလှန် ရက်ကန်းရက်နေသည့် အသံသင်္ကေတများသည် အမေရိကန်တို့အဖို့ မကောင်းသတင်းများသာ ဖြစ်ရသည်ဟု လွယ်လွယ်ပင် ကောက်ချက်ချလိုက်မိသည်။

သို့သော် အသံသင်္ကေတများ၏အဖြေကို ဖော်ထုတ်၍မရ။

သံရုံးအကြီးအကဲဖြစ်သူ အလန်ဒါးစ်အား ဖမ်းယူရရှိသည့် စကားဝှက်သင်္ကေတများကို ဝါရှင်တန်သို့ပို့၍ အဖြေထုတ်ရန် တင်ပြခဲ့သော်လည်း...

အလန်ဒါးစ်က ယမ်းသမ်းမှန်းဆချက်များကို လက်ခံလေ့ရှိသူမဟုတ်သောကြောင့် ဘီလင်ဂျာ၏ တင်ပြချက်ကို ပယ်ချခဲ့၏။

"စကားဝှက်ရဲ့အဓိပ္ပာယ်ကို မောင်ရင်ဖော်ထုတ်နိုင်တဲ့နေ့မှာ ကျုပ်ကိုပြော၊ ကျုပ်က ဝါရှင်တန်မှက အိမ်ဖြူတော်အထိ တင်ပြပေးမယ်"

အလန်ဒါးစ်၏စကားကလည်း အကြောင်းပြချက်မှန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ယာလက်စက်မှ ကြားလာရသည့်အသံတိုင်းကို ဝါရှင်တန်အရောက် တင်ပြနေလျှင် သံရုံးတစ်ရုံး၏ အကြီးအကဲဖြစ်နေနိုင်ပါတော့မည်လား။

ဘီလင်ဂျာက ဆေးပြင်းလိပ်ရှည် ခေါင်းပိုင်း ထိပ်ဖူးကို ပါးစပ်ဖြင့် ကိုက် လိုက်ပြီးနောက် ဘာဆက်လုပ်ရမည်ကို စဉ်းစားလိုက်၏။

လက်ထောက် ထောက်လှမ်းရေးမှူး ဗိုလ်မှူးဖိုဒါအားခေါ်၍ တိုင်ပင် ရလျှင်...

ဤအတွေး ခေါင်းထဲသို့ဝင်လာပြီးနောက် ဘီလင်ဂျာက စားပွဲရှိ ခလုတ် တစ်ခုကို နှိပ်လိုက်၏။

အရပ်ခြောက်ပေမြင့်သော ဗိုလ်မှူးဖိုဒါက တံခါးကိုပင် ခေါက်ဖော်မရဘဲ ဘီလင်ဂျာ့အခန်းထဲသို့ ဝင်လာသည်။

ဖိုဒါက တိုက်ခိုက်ရေးတပ်တွင် အမှုထမ်းနေရာမှ ဆွစ်နိုင်ငံ အမေရိကန် သံရုံးသို့ မလာချင်ဘဲ ရောက်လာရသူ။

တက္ကသိုလ်မှ ဘွဲ့ရခဲ့ရုံမက ဂျာမန်၊ အီတာလျံ၊ ပြင်သစ်နှင့် ရုရှဘာသာ စကားများကို မှတ်နေအောင်ပြောနိုင်သူဖြစ်နေသောကြောင့် ကြားနေနိုင်ငံ အမေရိကန်သံရုံးသို့ လက်ထောက် ထောက်လှမ်းရေးမှူးအဖြစ် အပို့ခံလိုက်ရခြင်း

ဆွစ်ဇာလန်သည် ကြားနေနိုင်ငံဖြစ်နေသည့်အလျောက် လူမျိုးပေါင်းစုံ သူလျှိုပေါင်းစုံ ဆုံစည်းသတင်းနှိုက်ယူရာဒေသ ဖြစ်နေခဲ့၏။

သို့ဖြစ်၍လည်း ဘွဲ့ရ ဘာသာစကားလေးမျိုးတတ်သူ ဗိုလ်မှူးဖိုဒါ စစ်မျက်နှာပြင်မှ ထောက်လှမ်းရေးလောကသို့ ရောက်လာခဲ့ရသည်။

"ဘာများထူးသေးလဲဟေ့"

ဗိုလ်ချုပ်ဘီလင်ဂျာက ဗိုလ်မှူးဖိုဒါအား ညီငယ်တစ်ယောက်ကဲ့သို့ ရင်းရင်း နှီးနှီးပင် မေးလိုက်၏။

"ဘာမှတော့ မထူးသေးပါဘူး"

ဖိုဒါကလည်း ဘီလင်ဂျာအား အစ်ကိုကြီးတစ်ယောက်လိုပင် အဖြေ ပေးလိုက်ရင်း...

"ကျွန်တော်တို့အဖွဲ့သားတွေက အတတ်နိုင်ဆုံး ကြိုးစားပြီး အဖြေထုတ် ခဲ့ကြတယ်၊ ဒါပေမယ့် မအောင်မြင်ဘူး၊ လန်ဒန်နဲ့ ဘာလင်က ကျွန်တော်တို့ ခဲ့သလို **တစ်ခါသုံး** သင်္ကေတ One time pad ကိုသုံးပြီး သတင်းပို့နေတာ ပဲဖြစ်ရမယ်။



"သူတို့ပို့နေတဲ့သတင်းတွေက ဘယ်ဘာသာစကားနဲ့ ပို့နေတယ်ဆိုတာကို တောင် ကျွန်တော်တို့ စမ်းလို့မတွေ့ဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့က အင်္ဂလိပ်တွေဆီ လှမ်းမေးလိုက်ရင် အလွယ်ကလေးပဲမဟုတ်လား"

"သူတို့က ကျွန်တော်တို့ရဲ့ မဟာမိတ်မဟုတ်လား၊ သတင်းပို့တဲ့ရက်တွေနဲ့ လှိုင်းသံကိုပေးပြီး မေးကြည့်လိုက်ရင်"

ဘီလင်ဂျာက ဆေးပြင်းလိပ်ကို အငွေ့တထောင်းထောင်းထသွားအောင် ရှိုလိုက်ပြီး...

"မေးလို့မဖြစ်လို့ပေါ့ ဖိုဒါရာ၊ မေးလို့ဖြစ်မယ်ဆိုရင် မေးပြီးတာ ကြာလှပြီ၊ အစ်ကိုတို့ အမေရိကန်တွေဟာ ဗြိတိသျှမိတ်ဆွေတွေနဲ့ ခုအချိန်အခါမှာ သိပ်ပြီး အဆင်မပြေကြဘူး ညီလေးရေ့"

"ဒီလိုအဆင်မပြေဖြစ်လာရတာကလဲ အစ်ကိုတို့ မဟာမိတ်တပ်မှူးကြီး အိုက်က ဘာလင်ကို အရောက်ချီတက်မယ်ဆိုတဲ့ စောစောကချထားခဲ့တဲ့ နည်း ဗျူဟာကို ပြောင်းပစ်လိုက်တဲ့အချိန်ကပဲ"

"တကယ်လို့ ညီလေးဖိုဒါပြောသလို ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကို လှမ်းမေးလိုက်တဲ့တိုင်အောင် သူတို့က ဘာလင်မှာရှိနေတဲ့ သူတို့မြေအောက်အဖွဲ့ လှမ်းပြီးဆက်တဲ့ အချက်ပြ ဆက်သွယ်ရေးသင်္ကေတတွေပါလို့ လိမ်ချင်လိမ် လိုက်မယ်"

"ဒါမှမဟုတ် ကိုယ့်အလုပ်မဟုတ်တာတွေ ဝင်မရှုပ်ပါနဲ့လို့ ဘုမှတ်ချင် မှတ်လိုက်မယ်"

ဗိုလ်မှူးဖိုဒါက ခေါင်းညိတ်လိုက်၏။

"ဒါပေမယ့် တစ်ခုတော့ရှိတယ်"

ဘီလင်ဂျာက စကားဆက်နေပြန်သည်။

"ထောက်လှမ်းရေးမှူး ကုလားထိုင်မှာ သုံးနှစ်လောက်ကြာအောင် ထိုင်လာ ရပြီးတဲ့နောက် ကိုယ်တိုင်ကိုယ်ကြပ် မသိပေမယ့် စိတ်ထဲက မသင်္ကာတဲ့ကိစ္စနဲ့ ရင်ဆိုင်လာရတဲ့အခါမျိုးနဲ့လည်း ကြုံရသေးတယ်"

"ဒီကိစ္စမှာတော့ ကိုယ့်စိတ်ထဲက မသင်္ကာသလိုတွေ့နေမိတယ်၊ ဘာနဲ့ တူလဲဆိုရင် ရန်သူမရှိပါဘူးလို့ တိတိကျကျသတင်းရထားတဲ့လမ်းမှာ ကင်း ထောက်ဖို့သွားရင်း စိတ်ထဲက ရန်သူတစ်ယောက်ယောက် မမျှော်လင့်ဘဲ ရောက် နေပြီဆိုတာ ကြိုသိနေတဲ့ အဖြစ်မျိုးပဲ ဖိုဒါ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုဒါက ခေါင်းညိတ်လိုက်ပြန်သည်။

သည်အဖြစ်မျိုး ဖိုဒါကိုယ်တိုင် ကြုံဖူးခဲ့သောကြောင့်။

"လန်ဒန်နဲ့ ဘာလင်ကြားမှာ ကိုယ်တို့ ကြားကြားနေရတဲ့ အသံတွေဟာ မရိုးဘူး၊ ဆန်းနေတယ်၊ ဒီတော့ ဘာတွေအချက်ပြ ဆက်သွယ်ရေးလုပ်နေတယ် ဆိုတာ ကိုယ်တို့သိဖို့လိုနေပြီ၊ ဒီတော့ သိရအောင် အစွမ်းကုန်ကြိုးစားစမ်းပါ"

ထောက်လှမ်းရေးမှူး ဘီလင်ဂျာထံမှ ညွှန်ကြားချက်ကို နာခံပြီးနောက် လက်ထောက် ထောက်လှမ်းရေးမှူး ဗိုလ်မှူးဖိုဒါက သံရုံးအချက်ပြဆက်သွယ်ရေး ခန်းသို့ ဝင်လာခဲ့၏။

စကားဝှက်အဓိပ္ပာယ်ကို ဖော်ထုတ်ရသူများအနက် ဒုဗိုလ်ဂျိုက အမျိုးသမီး တစ်ဦးထံ လှမ်း၍ ဖုန်းဆက်နေသည်ကို တွေ့ရ၏။

ဂျိုနှင့် ဖိုဒါက သံရုံးမှပေးထားသည့် အိပ်ခန်း အခန်းကျယ်တစ်ခန်းတွင် သီးခြားအိပ်ခန်းတစ်ခန်းစီဖြင့် အတူအိပ်နေကြသူများ။

ဂျိုက ဂျာမန်နှင့် အီတာလျံစကားကို ရေရေလည်လည်ပြောတတ်သူ။

"ဟေ့...ဂျို၊ ဒီနေ့ညနေ မောင်ရင် ဒိတ်လုပ်ထားတာကို ဖျက်လိုက်စမ်း၊ သိပ်အရေးကြီးနေတယ်"

ဂျိုက စိတ်မပါတပါ ခေါင်းညိတ်လိုက်သည်။

"ဒါလောက်တောင် ဘာများအရေးကြီးနေလို့လဲဗျာ"

"လန်ဒန်နဲ့ ဘာလင်ကိစ္စပေါ့၊ ဗိုလ်ချုပ်ဘီလင်ဂျာက ဒီနေ့ညမှာပဲ လန်ဒန် ဘာလင်စကားဝှက်ကို အဓိပ္ပာယ်ဖော်ပေးရမယ်လို့ အမိန့်ပေးလိုက်တယ်"

"ဒါဖြင့်လည်း လန်ဒန်ကိုလှမ်းမေးလိုက်ပေါ့ ဗိုလ်မှူး"

"မေးလို့မဖြစ်လို့ပေါ့ကွာ"

"ဒါဖြင့်လည်း ဘာလင်က ဟစ်တလာရဲ့ အဓိပတိရုံးကို လှမ်းမေးပေါ့"

ဗိုလ်မှူးဖိုဒါက ဗိုလ်ဂျိုအား အနီးရှိ စာအုပ်တစ်အုပ်ဖြင့် လှမ်းပေါက်လိုက်လေသည်။

▲

[ ၁၆ ]

ဆွစ်နိုင်ငံ ဘန်းမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးက ဘာလင်တွင် မည်သို့ဖြစ်ပျက်နေသည်ကို သိလိုစိတ် ပြင်းပြနေသကဲ့သို့...

ဘာလင်မြို့တော်သူမြို့တော်သားများကလည်း ဘာလင်မြို့အပြင်ဘက်တွင် အခြေအနေ မည်သို့ပြောင်းလဲနေသည်ကို သိချင်ဇော ပြင်းထန်လျက်။

နာဇီအစိုးရပြန်ကြားရေးဝန်ကြီး ဂိုးဘဲလ်၏ 'ဘာလင်ကိုကယ်တင်ရန် ဂျာမန်တပ်များ ရောက်လာတော့မည်"ဆိုသော ဝါဒဖြန့်ချက်ကို နေ့စဉ်ကြားနေရသည်။

ဘာလင်မြို့သူမြို့သားများက တဖြည်းဖြည်း ယုံကြည်မှုကင်းလာနေကြ၏။

"ဂျာမန်တပ်များက ဘာလင်ကို ကယ်တင်ပြီးနောက် ရန်သူဟူသမျှကို ဂျာမန်နယ်မြေပေါ်မှ မောင်းထုတ်ပစ်တော့မယ်"

"ဘုရားရှင်ဟာ ကျုပ်တို့ကို အမြဲစောင့်ရှောက်နေပြီး နိုင်ငံတော်ကိုလည်း အဓိပတိကြီး ဟစ်တလာကိုယ်တိုင် ပဲ့ကိုင်ထိန်းကျောင်းနေတယ်"

ပြန်ကြားရေးဝန်ကြီး ဂိုးဘဲလ်၏ မိန့်ခွန်းများက မျှော်လင့်ချက်အပြည့်အဝ ပေးနေ၏။

သို့သော်...

ဘာလင်မြို့သူမြို့သားများမှာ မျှော်ရင်း မောနေကြရသည်။

အဓိပတိကြီး ဟစ်တလာကိုယ်တိုင်လည်း အပြင်ဘက်ကမ္ဘာတွင် စစ်အခြေအနေ မည်သို့ဖြစ်ပေါ်နေသည်ကို မသိမဟုတ်။

သိနေခြင်းကိုလည်း ဘာလင်ရှိ အဓိပတိရုံးတော်မှ စွန့်ခွာလာခဲ့ခြင်းက သက်သေပြနေ၏။

မတ်လကုန်လောက်တွင် အဓိပတိကြီးဟစ်တလာက အဓိပတိရုံးတော်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရုံးစိုက်နေရာမှ ရုံးတော်ခြံဝင်းကြီး မြေအောက် ပေ ၅၀ အနက်တွင် ကြိုတင်တည်ဆောက်ထားသည့် **ဘန်ကာ**အဆောက်အအုံကြီးအတွင်းသို့ ရွှေ့ပြောင်းလာခဲ့သည်မဟုတ်လား။

အမ်ိပတိရုံးတော်တည်ရှိရာ ခြံဝင်းကြီးက အပြောကျယ်လှသည်။

သည်ခြံဝင်းကြီးထဲတွင် အမ်ိပတိရုံးအပြင် ကာကွယ်ရေးဝန်ကြီးရုံး၊ ပြန်ကြားရေး ဝန်ကြီးရုံးများလည်း ရှိနေ၏။

အမ်ိပတိရုံးမှာမူ မတ်လကုန်ခါနီးတွင် မဟာမိတ်တို့၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အုတ်ပုံဘဝသို့ ပြောင်းလဲခဲ့ရသည်။ သို့ဖြစ်၍လည်း ဟစ်တလာက စစ်ကြီးအတွင်းတွင်ပင် ကြိုတင်ဆောက်လုပ်ထားခဲ့သော **ဘန်ကာ**သို့ အမ်ိပတိရုံးကို ပြောင်းရွှေ့လာခဲ့ခြင်း။

**ဟစ်တလာဘန်ကာ**ဟု တွင်နေသော အမ်ိပတိရုံးသစ်သည် အမ်ိပတိရုံးတော် တည်ရှိခဲ့သည့် ခြံဝန်းကျယ်ကြီးအတွင်း မြေအောက် ပေ ၅၀ အနက်မှာ။

ဘန်ကာက နှစ်ထပ်။

ဘန်ကာသို့ အမ်ိပတိရုံးတော်မှ တိုက်ရိုက်ဆင်းသက်ရောက်ရှိနိုင်သည့် လှေကားရှိသည်။ သည်လှေကားကို ဟစ်တလာ့စားပွဲထိုး ကန်နင်ဘာဂ်က ဟစ်တလာ့အတွက် အစားအစာနှင့် ပန်းကန်ခွက်ယောက်များထားရာ အခန်းကိုဖြတ်လျက် ဆောက်လုပ်ထားသည်။

စားပွဲထိုး ကန်နင်ဘာဂ်ကို အစွဲပြုကာ ဟစ်တလာအတွက် အစားအစာနှင့် ပန်းကန်ခွက်ယောက်များ ထားသည့်အခန်းကို **'ကင်နင်ဘာဂ်ဂင်'**ဟု ပြောင်လှောင်၍ အမည်ပေးထားကြ၏။

ဟစ်တလာဘန်ကာသို့ ဒုတိယနှင့် တတိယဝင်ပေါက်နှစ်ပေါက်လည်း ရှိသေးသည်။

ဒုတိယဝင်ပေါက်နားတွင် ရေလုံ,လေလုံနံရံများ ကာထားသည်။ ဤဒုတိယဝင်ပေါက်နားရှိ လှေကားမှဆင်းလိုက်လျှင် နိုင်ငံခြားရေးရုံးရှိရာ ဥယျာဉ်ထဲသို့ ရောက်သွားနိုင်၏။

ရေလုံ,လေလုံနံရံများကာထားသည့် တတိယဝင်ပေါက်မှ ဝင်လိုက်လျှင် ဟစ်တလာဘန်ကာ အထက်ထပ် ထမင်းစားခန်းမကြီးရှိရာ စင်္ကြံသို့ တိုက်ရိုက်ရောက်သွားသည်။

ဟစ်တလာဘန်ကာ အထက်ထပ် ထမင်းစားခန်းမရှိရာ စင်္ကြံ တစ်ဖက်





ချက်တွင် အခန်းခြောက်ခန်းစီ၊ စုစုပေါင်း ၁၂ ခန်း။

သို့သော် အခန်းတစ်ခန်းစီအကျယ်က ဗီရိုကြီးတစ်လုံးစာထက် ပိုမကျယ်။

ဤအခန်းများမှာ ထင်းများသိုလှောင်ထားရာနှင့် အခိုင်းအစေများနေထိုင်ရာ ...။

၁၂ ခန်းအနက် တစ်ခန်းကိုမူ ဟစ်တလာ့အတွက် သက်သတ်လွတ်ဟင်း ... ချက်ပြုတ်ကြော်လှော်ရာအခန်းအဖြစ်။

ထမင်းစားခန်းမကြီး၏ စင်္ကြံဟိုမှာဘက်အဆုံးတွင် အောက်ထပ်သို့ ဆင်း...သည့် လှေကားတစ်ခု။

အောက်ထပ်က အထက်ထပ်ထက် ပို၍ကျယ်သည်။ ကြီးသည်။ ဤ...ာက်ထပ်ကို နာဇီအရာရှိကြီးများက **'ဖူးဟာရာ ဘန်ကာ'**ဟု ခေါ်ကြ၏။ ...ပတိဘန်ကာဟု အဓိပ္ပာယ်ရသည်။

အရပ်သားများကမူ ဟစ်တလာဘန်ကာဟု ရိုးရိုးပင် ခေါ်ကြသည်။

ဟစ်တလာဘန်ကာ သို့မဟုတ် ဟစ်တလာ၏ သီးသန့်ပုန်းအောင်း ခိုလှုံ... ပုန်းတွင်း။

ဟစ်တလာဘန်ကာတွင် အခန်း ၁၈ ခန်းရှိသည်။

အခန်းအားလုံးလိုလိုပင် ကျဉ်းနေကာ သက်သောင့်သက်သာ မရှိလှ။

အခန်း ၁၈ ခန်းကို အလယ်မှ စင်္ကြံလမ်းကလေးတစ်ခုက ဟိုဘက် ...ည်ဘက် ကိုးခန်းစီခွဲထားသည်။

ဝင်ပေါက်နှင့်ကပ်နေသည့် အခန်းကိုးခန်းကို ညေ့ခန်း၊ ရုံးခန်း၊ အိမ်သာခန်း၊ ...င်းစခန်း၊ အရေးပေါ် တယ်လီဖုန်းခလုတ်ခန်းနှင့် လျှပ်စစ်ဓာတ်အားပေးခန်း ... ခွဲခြားထားသည်။

ဤအခန်းကိုးခန်းကိုလွန်သော် ဟစ်တလာ့ သီးသန့်ပိုင်နက်အတွင်းသို့ ...ယ်တကူမဝင်နိုင်အောင် ဗဟိုစင်္ကြံလမ်းကလေးတွင် အလယ်မှပိုင်းလျက် ...ရံထားသည်။

ဟစ်တလာ့သီးသန့်ပိုင်နက်ထဲသို့ရောက်နေသော ဗဟိုစင်္ကြံလမ်း ထက်ဝက် ... ကွန့်ဖရင့်ခန်းမအဖြစ် ပြောင်းလဲပစ်လိုက်၏။

လုပ်နေကျ နေ့စဉ်ကွန်ဖရင့်ကို ဤအခန်းတွင် ကျင်းပမြဲ။

ကွန်ဖရင့်ခန်း၏ ဝဲဘက်တွင် တံခါးတစ်ပေါက်ရှိနေ၏။

ထိုတံခါးပေါက်မှ ဝင်သွားလျှင် ဒါဇင်ဝက်မျှသော အခန်းများသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခန်းများက ဟစ်တလာနှင့် ဟစ်တလာ့အချစ်တော် **အီဗာဘရွန်** Eva Braun တို့ စံပျော်ရာအခန်းများ။

အချစ်တော်အီဗာရွန်အတွက် ဟစ်တလာက ဧည့်ခန်းအဖြစ် အသုံးချနိုင် သလို အိပ်ခန်းလည်းဖြစ်စေသော အခန်းတစ်ခန်း။ ရေချိုးခန်းတစ်ခန်းနှင့် ဝတ်စားပြင်ဆင်သည့် အခန်းတစ်ခန်းပေါင်း သုံးခန်းပေးထား၏။

အီဗာတွင် ဧည့်သည်ဆို၍ ဟစ်တလာတစ်ယောက်သာ အဆောင်တော် ကူးလာလေ့ရှိရာ ဧည့်ခန်းနှင့် အိပ်ခန်းကို တစ်ခန်းတည်း ပေါင်း၍ထားခြင်း

အဓိပတိကြီး ဟစ်တလာကိုယ်တိုင်အဖို့မူ အိပ်ခန်းတစ်ခန်းနှင့် စာကြည့် ခန်းတစ်ခန်းသာ။

ဆဋ္ဌမအခန်းကိုမူ ဟစ်တလာ့ခွင့်ပြုချက်ဖြင့် သီးသန့်ပိုင်နက်ထဲသို့ ရောက် လာသူများနှင့် တွေ့ဆုံစကားပြောခန်းအဖြစ်။

ဗဟိုစင်္ကြံလမ်း၏ ဝဲဘက်တွင် မြေပုံများထားရာ အခန်းကျဉ်းကလေးတစ် ရှိသေးသည်။ ထိုမြေပုံခန်းတွင် အရေးပေါ် သီးသန့်ဆွေးနွေးပွဲပြုလုပ်လေ့ရှိသည်

မြေပုံခန်းနားတွင်ကပ်လျက် အခန်းကျဉ်းကလေးတစ်ခု ရှိနေသေးသည် ဟစ်တလာ့သက်တော်စောင့် နားနေရာဌာန။

ဤအခန်းကျဉ်းကလေးထဲတွင် နားနားနေနေ နေဖူးသည့် သက်တော်စော များက ခွေးဘန်ကာဟု ပြောင်၍ နာမည်ပေးထားကြ၏။

ခွေးဘန်ကာ ဟိုမှာဘက်တွင် လှေကားတစ်ခု။

သည်လှေကားမှ တက်သွားလျှင် ကြည့်ကင်းမျှော်စင်ပေါ်သို့ ရောက်နိုင် သည်။ သို့သော် ကြည့်ကင်းမျှော်စင်က ဆောက်လုပ်၍ပင် လက်စမသတ်နိုင် တော့။

ဗဟိုစင်္ကြံလမ်းကလေး၏ ယာဘက်တွင် ဟစ်တလာ့ သမားတော်ကြီးများ အတွက် ပေးထားသည့် အခန်းနှစ်ခန်း။

မိုးရဲနှင့် စတမ်ဖက်ဂါးတို့နှစ်ယောက်က ဟစ်တလာ၏ သမားတော်ကြီး နှစ်ယောက်။

သမားတော်ကြီး အခန်းနှစ်ခန်းနှင့် ကပ်လျက် အရေးပေါ်သူနာပြုခန်း

ဗဟိုစင်္ကြံလမ်းကလေး၏အဆုံး အရေးပေါ်သူနာပြုခန်း အစွန်တွင် အင်္ဂ ကိုင်ထားသည့် လှေကားထစ်လေးထစ်။





ဤလှေကားထစ်လေးထစ်ကို တက်လိုက်လျှင် အရေးပေါ်ထွက်ပေါက်။

အဓိပတိရုံး ခြံဝင်းကြီးထဲသို့ ဒိုးယိုပေါက် ရောက်သွားနိုင်၏။

သည်အရေးပေါ်ထွက်ပေါက်ကို မည်သည့်အခါမျှ သုံးရလိမ့်မည်မဟုတ် ဟု ဟစ်တလာဘန်ကာတွင်နေသူအားလုံးက စွဲစွဲမြဲမြဲ ယုံကြည်လျက်။

မြေအောက် ပေ ၅၀ အနက်တွင်ရှိနေသည့် ဟစ်တလာ့ဘန်ကာအပြင် အဓိပတိရုံးတော် ခြံဝင်းကြီးမြေအောက်၌ အခြားပုန်းကျင်းများလည်း ရှိနေသေးသည်။

နာဇီပါတီရုံးကြီး၏ မြေအောက်တွင် ဘန်ကာပုံစံ တည်ဆောက်ထားသည့် ပုန်းကျင်းတစ်ခု။

သည်ပုန်းကျင်းတွင် နာဇီပါတီကြီး၏ ဒုတိယအာဏာအရှိဆုံးပုဂ္ဂိုလ် မာတင် ဘော်မန်းနှင့် ရုံးအဖွဲ့သားများ။

ဟစ်တလာ့ ကိုယ်ရံတော်တပ် အရာရှိကြီးအချို့နှင့် ကိုယ်ရံတော် တပ်သား အချို့။

တတိယပုန်းကျင်း သို့မဟုတ် တတိယဘန်ကာတွင် အဓိပတိရုံးနှင့် ရုံး အဖွဲ့သားများကို စောင့်ရှောက်ရသည့် လုံခြုံရေးမှူး ဗိုလ်မှူးချုပ်နှင့် အရာရှိအရာခံ ကြပ်တပ်သားများ။

ပြန်ကြားရေးဝန်ကြီးရုံး မြေအောက်ဘန်ကာတွင် ပြန်ကြားရေးဝန်ကြီး ဂေါဘဲလ်နှင့် မိသားစု၊ ပြန်ကြားရေးရုံးအဖွဲ့သားများ…စသည်…စသည်ဖြင့် ပုန်းကျင်းဘန်ကာများ။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

မေဖဲယားဂေဟာ...

ဗြိတိသျှ အထူးစစ်ဆင်ရေးအရာရှိ ဗိုလ်မှူးချုပ်ဂရင်းလေး နေထိုင်လျက်ရှိသည့် မေဖဲယားဂေဟာမှာ လမ်းပေါ်မှနေကြည့်လျှင်...

အသင့်အတင့်ချမ်းသာသူများ လန်ဒန်မြို့တွင် နေထိုင်လေ့ရှိသော သာမန်အိမ်နှင့် မည်သို့မျှ ခြားနားခြင်းမရှိ။

အိမ်ခြံတံခါးဝတွင် ကင်းတဲမရှိသလို၊ အိမ်ခြံဝင်းထဲတွင်လည်း ကင်းသမားတစ်ယောက်မျှမမြင်ရ။

သို့သော် မေဖဲယားဂေဟာ၏ ဒုတိယထပ်မှ ခြံဝင်းထဲသို့ဝင်လာသည့် ကားများ၊ လူများကို စောင့်ကြည့်နေသည့် ကင်းသမားများ အလှည့်ကျရှိနေ၏။

မေဖဲယားဂေဟာနှင့် မျက်နှာချင်းဆိုင်ရှိ အိမ်တွင်လည်း ဗြိတိသျှ အထူးစစ်ဆင်ရေးအဖွဲ့မှ အရာရှိတစ်ဦးနှင့် အကြပ်တပ်သားများ လေး,ငါး,ဆယ်ယောက် နေရာယူထားကြကာ ဗိုလ်မှူးချုပ်ဂရင်းလေးထံ လာရောက်သူများကို ထောက်လှမ်း အကဲခတ်လျက်။

ဂရင်းလေးက ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ မည်သူ့ကိုမှ ခြံဝင်းထဲသို့ အဝင်မခံ။

ကြိုတင်ချိန်းဆိုထားသူများပင်လျှင် ခြံဝင်းထဲသို့ရောက်လာပြီးနောက် အိမ်ပေါ်သို့ ချက်ချင်းတက်ခွင့် မရသေး။

ဂရင်းလေး၏ အတွင်းရေးမှူးက အလှည့်ကျကင်းသမားအား ဝင်ခွင့်ပြုလိုက်ပါဟု အမိန့်ပေးမှသာ အိမ်ပေါ်သို့ တက်ခွင့်ရသည်။

အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသူက အမျိုးသမီး။

မစ္စ အင်နီတာ...





မစ္စအင်နီတာနှင့်အတူ မေဖဲယားဂေဟာတွင် တာဝန်ထမ်းဆောင်နေသည့် အမှုထမ်းများက အင်နီတာ အပျိုစစ်,မစစ်နှင့် စပ်လျဉ်း၍ ဝိဝါဒ ကွဲပြားနေကြလေသည်။

အင်နီတာရုပ်ရည်က ကြည့်ပျော်ရှုပျော်။

အချို့အမှုထမ်းများက အင်နီတာသည် မြို့စားတစ်ယောက်ယောက်နှင့် နေသမျှ အပျိုရည်အပျက်မခံဟု ပြောနေကြလျက်၊ တချို့အမှုထမ်းများကမူ မစ္စအင်နီတာသည် ဗိုလ်မှူးချုပ်ဂရင်းလေးအတွက် အတွင်းရေးမှူးအလုပ်အပြင် အခြားတာဝန်များကိုပါ ထမ်းဆောင်နေသည်ဟု အဆိုပြုနေကြလေသည်။

မည်သို့ပင်ဖြစ်စေ မစ္စအင်နီတာကမူ အားလုံးသောအမှုထမ်းများနှင့် တည်တည်မှန်မှန်ဆက်ဆံနေသလို ဂရင်းလေးနှင့်လည်း အတွင်းရေးမှူးတာဝန်အတိုင်းသာ ပြုမူဆက်ဆံနေသည်မှာ အများအမြင်၊ အများအသိ။

ဗိုလ်မှူးချုပ်ဂရင်းလေးထံ ကြိုတင်တွေ့ခွင့်တောင်းထားသော ဗိုလ်မှူးဂျက်အား အတွင်းရေးမှူး မစ္စအင်နီတာက ထုံးစံအတိုင်း မင်္ဂလာနံနက်ပါဟု နှုတ်ဆက်လိုက်ပြီးနောက် ဂရင်းလေးရုံးခန်းဝအထိ လိုက်ပို့လိုက်သည်။

"ဟယ်လင်နဲ့အတူ မောင်ရင်တို့ ဘာလင်ကပြန်အထွက်မှာ ဝတ်လာတဲ့ အမေရိကန်ဝတ်စုံနဲ့ ပတ်သက်ပြီး ကျုပ်တို့အမေရိကန်ညီအစ်ကိုတော်တွေက အထက်ထိ မကျေမလည်ဖြစ်နေတုန်းပဲဟေ့"

ဂရင်းလေးက ဂျက်အား ရင်းရင်းနှီးနှီး စကားဆိုလိုက်၏။

"လစ်စဒတ်မြို့ ဂိုထောင်တစ်လုံးထဲမှာတွေ့ရတဲ့ အမေရိကန် စစ်ဝတ်စုံတွေပါလို့ မောင်ရင် အစီရင်ခံစာတွေမှာ တင်ပြထားတာကို အမေရိကန် စစ်ထောက်လှမ်းရေးက လက်မခံဘူး...သိလား"

အမေရိကန်စစ်ဝတ်စုံများ ရခဲ့ပုံကို ဗိုလ်မှူးဂျက်က လိမ့်လုံးဆင်၍ အစီရင်ခံစာ တင်ခဲ့သည်။ လယ်တောအိမ်တွင် ဂျာမန်မကလေးတစ်ယောက်ကို အမေရိကန်စစ်သားလေးယောက် မုဒိမ်းကျင့်ခဲ့ပုံကို ချန်ထားခဲ့သလို...

မိုင်ဒင်လမ်း၊ ဂျာမန်လုံခြုံရေးတပ်မှူးရုံးကို ဒိုက်နမိုက်ဖြင့်ဖောက်ခွဲရာတွင် အမေရိကန်စစ်သားလေးယောက်ပါ မီးသင့်ဟိုက်ပြီးသားဖြစ်သွားသည်ကိုလည်း ဖြင်းချက်ထားခဲ့သည်မဟုတ်လား။

"သူတို့က မယုံဘူးဆိုတော့ ဗိုလ်ချုပ်က ဘယ်လိုအကြောင်းပြန်လိုက်သလဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ယုံတယ်၊ ယုံနိုင်လောက်စရာရှိတယ်လို့ အကြောင်းပြန် လိုက်တယ်လေ"

ဗိုလ်မှူးချုပ်ဂရင်းလေးက ပြုံးလိုက်ပြီးမှ ပြောလိုက်၏။

"အမေရိကန်ထောက်လှမ်းရေးထက် ကျုပ်က မောင်ရင့်အပေါ်မှာ ပိုပြီး ယုံလွယ်တဲ့လူမဟုတ်လား"

ဗိုလ်မှူးဂျက်ကလည်း လိုက်၍ပြုံးနေပြီး တည်ခင်းထားသည့် ဘရန်ဒီခွက် ကို ကောက်ကိုင်လိုက်သည်။

ရုံးခန်းတွင် ဗိုလ်မှူးချုပ်ဂရင်းလေးအပြင် ဗိုလ်မှူးကြီးမာတင်နှင့် ဒုဗိုလ်မှူးကြီး ဒီဗာနော့တို့လည်း ရှိနေကြ၏။

ဗိုလ်မှူးကြီးနှစ်ဦးလုံးပင် နာမည်ကျော် တိုက်ပွဲဝင် သူရဲကောင်းများ။

သူတို့နှစ်ယောက်သည် မေဖဲယားဧဂဟာသို့လာရာ၌ ဂျက်ကဲ့သို့ပင် အရပ် ဝတ်၊အရပ်စားဝတ်ကာ အရပ်ကားဖြင့်ပင် လာခဲ့ကြခြင်း။

"ဒီအတိုင်းဆိုရင် မောင်ရင်က ဘာလင်အဝင်အထွက်ကို အိမ်ဦးနဲ့ကြမ်းပြင် လို ကျွမ်းကျင်နေပြီလို့ ဆိုရလိမ့်မယ်"

ဂရင်းလေးက ဆေးတံကိုဖြုတ်ပြီး စကားစလိုက်၏။

"ဒီတော့ နောက်တစ်ကြိမ် ဘာလင်မြို့ထဲကိုပြန်ဝင်ဖို့ မောင်ရင့်အတွက် ဝန်လေးမယ်မထင်ဘူး"

ဂျက်က ငြိမ်၍နားထောင်နေသည်။

ဂရင်းလေးပြောသည့်စကားတွင် နာဇီထိပ်သီးတစ်ယောက်အား ဘာလင်မြို့ ထဲမှ ခေါ်ထုတ်လာမည့်အကြောင်း ပါလာ၏။ နာဇီထိပ်သီးအမည်ဝှက်မှာ မေခလာ။

နာဇီထိပ်သီး မေခလာက နာဇီပါတီနှင့် နာဇီအစိုးရကို စွန့်ခွာကာ ဗြိတိသျှ အစိုးရထံ နိုင်ငံရေးခိုလှုံမည်၊ နာဇီပါတီနှင့် နာဇီအစိုးရလျှို့ဝှက်ချက်များကို ဖော်ပြောမည်။

ဂျက်က ဘာလင်သွားမည့်အဖွဲ့ကို ခေါင်းဆောင်ရမည်။ အပြန်တွင် နာဇီ ထိပ်သီးအား စောင့်ရှောက်သူအဖြစ်သာ လိုက်ပါလာရမည်။ ဂရင်းလေးက ဂျက်နှင့်အတူ အထူးဆက်သားတစ်ယောက် ထည့်ပေးလိုက်မည်။

ထိုဆက်သားက မေခလာအမည်ခံ နာဇီထိပ်သီးထံ ယူဆောင်လာသည့် စာကို ပေးရမည်။ အပြန်လမ်းတွင် နာဇီထိပ်သီးက ပို့ပါဆိုသည့်နေရာ





အရောက် ဂျက်က ပို့ပေးရမည်။

ဂရင်းလေးစကားအဆုံးတွင် ဂျက်က စားပွဲပေါ်တွင်ဖြန့်ခင်းထားသည့် စစ်အခြေအနေပြ ဘာလင်မြေပုံကို လှမ်းကြည့်လိုက်ပြီး...

"မကြာမတင်ရက်အတွင်းမှာ...ဆိုပါတော့...အလွန်ဆုံး တစ်ပတ်နှစ်ပတ် အတွင်းမှာ ဘာလင်မြို့တော်ဟာ ရုရှတပ်တွေရဲ့ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်တာကို ခံရတော့မှာ မလွဲမရှောင်သာတော့ဘူး"

"ဒီတော့ ဘာလင်မြို့အဝင်ဟာ လွယ်တယ်ပဲထားဦး၊ ပြန်အထွက်ကတော့ သိပ်ကိုခက်လိမ့်မယ်"

ဂရင်းလေးက ခေါင်းကို ခပ်လေးလေးညိတ်လိုက်ကာ...

"မောင်ရင် ဘာဆိုလိုတယ်ဆိုတာ ကျုပ် နားလည်တယ်၊ ဒါပေမယ့် ကျုပ်သိချင်တာက မောင်ရင် လုပ်နိုင်တယ်၊ မလုပ်နိုင်ဘူးဆိုတဲ့အချက်ပဲ"

ဂရင်းလေးစကားကြောင့် ဂျက်က တွေဝေသွားသည်။

ဂရင်းလေးနှင့် တွဲခဲ့ရသည့်နှစ်များအတွင်း ဂရင်းလေးက မည်သည့် စစ်ဆင်ရေးကိုလုပ်ပါဟုသာ အမိန့်ပေးခဲ့၏။

ယခုမှ စစ်ဆင်ရေးတစ်ရပ်ကို လုပ်နိုင်၊မလုပ်နိုင် မေးခွန်းထုတ်နေလေပြီ။ ဒုဗိုလ်မှူးကြီး ဒီဗာနော့က ကြားဝင်ကာ...

"ခုလုပ်ရမယ့်စစ်ဆင်ရေးက မောင်ရင် အလျင်တုန်းက လုပ်ခဲ့ရတဲ့ စစ် ဆင်ရေးနဲ့ အခြေအနေချင်း သိပ်ကိုကွဲနေလို့ပဲ မောင်ရင်"

ဤတွင် ဂျက်က...

"ဗိုလ်ချုပ်က ကျွန်တော့်ကို လုပ်နိုင်၊မလုပ်နိုင် မေးနေတာဟာ နာဇီ ထိပ်သီးတစ်ယောက်ကို ခိုးထုတ်တဲ့အလုပ်ကို ကျွန်တော့်စိတ်ထဲက သန့်ရဲ့လား လို့ မေးလိုက်တာပဲမဟုတ်လား"

"ဟုတ်တယ်"

ဂရင်းလေးက အဖြေပေးလိုက်၏။

"အဲဒီ နာဇီထိပ်သီးဟာ ဘယ်သူဆိုတာ သိခွင့်ရမလားခင်ဗျာ"

ဂရင်းလေးက ခေါင်းခါလိုက်သည်။

နာဇီထိပ်သီး၏ အမည်ကို ဂျက်အား ဖွင့်ပြောသင့်၊မသင့် ဂရင်းလေးက ကြိုတင်စဉ်းစားခဲ့၏။

ဘာလင်သို့ အဝင်တွင် ဂျက်အား နာဇီဂတ်စတာပိုကဖြစ်စေ၊ နာဇီလုံခြုံရေး



www.burmeseclassic.com

www.burmeseclassic.com



ကဖြစ်စေ ဖမ်းမိသွားခဲ့လျှင်…

သည်အတွေးက ဂရင်းလေးအား နာဇီထိပ်သီးအမည်ကို ကြို၍ပြောမထား ရန် ဟန့်တားထားခဲ့၏။

ဘာလင်သို့ ဖြောင့်ဖြောင့်ဖြူးဖြူးဝင်သွားနိုင်ပြီးသည့်အချိန်၌ နာဇီပါတီနှင့် နာဇီအစိုးရအား စွန့်ခွာလာမည့် နာဇီထိပ်သီး မည်သူဆိုသည်ကိုမူ ဂျက်က သိခွင့်ရပေတော့မည်။

"နာဇီထိပ်သီးနာမည်ကို ကြိုပြီးမပြောသင့်ဘူးလို့ ကျုပ်တို့ ဆုံးဖြတ်ထား တယ်"

ဂရင်းလေးက ဗဟုကိန်းနာမ်စားကိုသုံး၍ အဖြေပေးလိုက်၏။

ဘာကြောင့် ကြိုမပြောသင့်သည်ဆိုသည်ကိုလည်း ဂျက်က နားလည် လိုက်၏။

ဂရင်းလေးက ဘရန်ဒီပုလင်းကို ဂျက်နားသို့ တိုးပေးလိုက်သဖြင့် ဂျက်က ခွက်ထဲတွင် တစ်ပက်ထည့်လိုက်သည်။

ပြီးမှ…

"ကျွန်တော်နဲ့အတူ လူဘယ်နှစ်ယောက် ခေါ်သွားရမလဲ"

"ဒါကတော့ မောင်ရင့်သဘောပဲ၊ မောင်ရင်က ခေါင်းဆောင်ပြီးသွားရမယ့် လူဆိုတော့ မောင်ရင့်စိတ်တိုင်းကျ ဆုံးဖြတ်ပေါ့"

"ကျုပ်အနေနဲ့ကတော့ လေးယောက်၊ ဒါမှမဟုတ် ငါးယောက် အများ ဆုံးပဲ၊ လူနည်းတော့ လှုပ်ရှားရတာ မြန်တယ်မဟုတ်လား"

"ကျွန်တော်ကြိုက်တဲ့လူကို ရွေးခွင့်ပေးမလား"

"သိပ်ပေးတာပေါ့၊ ခြွင်းချက်ကလေး တစ်ခု၊နှစ်ခုကလွဲရင် ဒီစစ်ဆင်ရေး တစ်ရပ်လုံးဟာ အစကနေပြီး ဆုံးတဲ့အထိ မောင်ရင်ဦးစီးတဲ့ စစ်ဆင်ရေးပဲ"

"ဒီစစ်ဆင်ရေးမှာ လိုအပ်တဲ့အကူအညီကိုပေးဖို့က ကျုပ်တို့တာဝန်၊ ကျုပ် တို့အနေနဲ့ ဘယ်နေရာရောက်ရင် ဘယ်လိုအကူအညီပေးရမယ်ဆိုတာကိုလည်း စီစဉ်ပြီးသား၊ ကျန်တာအားလုံး မောင်ရင့်အကြိုက်၊ မောင်ရင့်ဆန္ဒအတိုင်း လုပ်ခွင့်ရှိတယ်"

"ဒါဖြင့် ပထမဦးဆုံးအနေနဲ့ ကျွန်တော့်ကို တပ်ကြပ်ကြီးဖူးလားနဲ့ ဒုတပ် ကြပ် မိုက်ကို ပေးပါ"

ဂရင်းလေးက နားလည်ပြုံး ပြုံးလိုက်ပြီး…





"သူတို့နှစ်ယောက်ကို မောင်ရင်တောင်းမယ်ဆိုတာ ကျုပ် သဘောပေါက် ပြီးသား၊ ဒါကြောင့်လည်း သူတို့နှစ်ယောက်ကို ဘယ်တိုက်ပွဲမှမပို့ဘဲ အသင့် ရှိနေရမယ်လို့ အမိန့်ပေးထားပြီးပြီ"

"နောက်ပြီး မောင်ရင်နဲ့အတူတူ စစ်ဆင်ရေးတွေမှာပါခဲ့ဖူးတဲ့လူတွေကို လည်း ရနိုင်သမျှ စာရင်းကောက်ထားတယ်၊ ဒါပေမယ့် လောလောဆယ် ဒီမှာ ရှိနေတဲ့လူလောက်ပဲ ရနိုင်လိမ့်မယ်"

ဂရင်းလေးက ပြောပြောဆိုဆို လူစာရင်းပါသည့် စာရွက်ပိုင်းကလေး တစ်ရွက်ကို ဂျက်အား လှမ်းပေးလိုက်၏။

စာရွက်ကလေးပေါ်တွင် နာမည်ရှစ်ခုကိုသာ လက်နှိပ်စက်ဖြင့် ရိုက်ထား သည်။

နာမည်နှစ်ခုကို တစ်တွဲစီတွဲလျက်။

ဂျက်က စာရွက်အောက်နားမှ အတွဲနှစ်တွဲပေါ်သို့ စူးစိုက်ကြည့်လိုက်၏။

ဗိုလ်မှူးဂျိုးကနေဒီနှင့် တပ်ကြပ်ကြီး ဟွမ်း။

ဗိုလ်ကြီး ဒမ်ဘာနှင့် ဒုတပ်ကြပ် မက်ကလင်း။

ဤသို့ နှစ်ယောက်တစ်တွဲစီ ဖော်ပြထားခြင်းမှာ ထိုအရာရှိနှင့် အကြပ်များ သည် စစ်ဆင်ရေးများ၌ တစ်တွဲစီတွဲ၍ တိုက်ပွဲဝင်ခဲ့ဖူးကာ တစ်ယောက်အကြောင်း တစ်ယောက် နားလည်ပြီးသား ဖြစ်နေသောကြောင့်။

ဂျက်က နောက်ဆုံးမှအတွဲကို သဘောကျသွားပြီး…

"ကျွန်တော်တော့ ဒမ်ဘာနဲ့ မက်ကလင်းတို့နဲ့ စစ်ဆင်ရေးတွေ တော်တော် များများ တွဲပြီး ဆင်နွှဲခဲ့ဖူးတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်က ယူဂိုစလားဗီး ယား ရောက်နေတယ်လို့ သတင်းရထားတယ်"

ဂရင်းလေးက မျက်ခုံးနှစ်ဖက်ကို ပင့်တင်လိုက်ပြီး…

"မောင်ရင်က သတင်းတွေ တော်တော်ရထားသားပဲ၊ လွန်ခဲ့တဲ့ တစ်လ ကျော်ကျော်လောက်ကတော့ သူတို့နှစ်ယောက်ဟာ မောင်ရင်ပြောသလို ယူဂို စလားဗီးယား ရောက်နေခဲ့ကြတယ်"

"ဒါပေမယ့် ယူဂိုစလားဗီးယားစစ်မျက်နှာမှာ သူတို့နှစ်ယောက် ဒဏ်ရာ ရခဲ့ကြလို့ အင်္ဂလန်ပြန်ရောက်တာ တစ်လခွဲကျော်သွားပြီ"

"ဒါဖြင့် သူတို့ကို ကျွန်တော်မရနိုင်တော့ဘူးပေါ့"

"ရနိုင်တယ်၊ သူတို့ ဒဏ်ရာတွေပျောက်ပြီး ပြန်စစ်မှုထမ်းနိုင်တဲ့ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေ ရောက်နေပြီလို့ ဆေးဘက်က ထောက်ခံချက်ပေးထားတယ်”

ဂျက်က ကနေဒီနှင့် ဟုမ်းတို့အတွဲကို ယူရမလား၊ ဒမ်ဘာနှင့် မက်ကလင်းတို့အတွဲကို ယူရမလား သို့မဟုတ် သူတို့အတွဲနှစ်တွဲလုံးကို ယူရမလားဟု စဉ်းစားနေ၏။

သူတို့အတွဲနှစ်တွဲ လူလေးယောက်ကို ယူလိုက်လျှင် ဖူးလားနှင့် မိုက်တို့ပါ ဆိုပါက မိမိအဖွဲ့တွင် ခြောက်ယောက်၊ မိမိပါဆိုလျှင် ခုနစ်ယောက်။ ဆက်သားတစ်ယောက် ပါဦးမည်ဆိုသောကြောင့် စုစုပေါင်း ရှစ်ယောက်ဖြစ်နေမည်။

စစ်ဆင်ရေးအဖွဲ့က ဦး,လေးနေသည့် လှေကြီးတစ်စီးလို ဖြစ်နေပေတော့မည်။

ဂရင်းလေးအကြံပေးသလို လေးယောက် သို့မဟုတ် ငါးယောက်လောက်သာ အကောင်းဆုံး။

ထို့ကြောင့် ဂျက်က အဖြေပေးလိုက်၏။

“ကနေဒီနဲ့ ဟုမ်းတို့အတွဲဖြစ်ဖြစ်၊ ဒမ်ဘာနဲ့ မက်ကလင်းတို့အတွဲဖြစ်ဖြစ် ဒီနှစ်တွဲက ရနိုင်မယ့်အတွဲတစ်တွဲ လိုချင်တယ်၊ တကယ်လို့ သူတို့ကလည်း ကျွန်တော်နဲ့ လိုက်ချင်တယ်ဆိုရင်...”

“ကောင်းပြီ၊ ကျုပ်အတွင်းရေးမှူးကို ဆက်ပြီးလုပ်ဖို့ တာဝန်ပေးလိုက်မယ်”

ဆွေးနွေးပွဲတစ်လျှောက်လုံး နားထောင်သူအဖြစ်သာနေခဲ့သော ဗိုလ်မှူးကြီးမာတင်က...

“ဒီလိုဆိုရင် မောင်ရင့်အဖွဲ့မှာ လူလေးယောက်ပါမယ်၊ မောင်ရင်ရယ်၊ ဆက်သားတစ်ယောက်ရယ်ဆိုမှ ခြောက်ယောက်ဖြစ်မယ်၊ မောင်ရင်က ခေါင်းဆောင်ဆိုတော့ မောင်ရင့်စစ်ဆင်ရေးအဖွဲ့မှာ မောင်ရင့်အပြင် လူငါးယောက်ပါတယ်လို့ သတ်မှတ်ရမှာပေါ့”

“ဒါပေမယ့် တစ်ယောက်က ဆက်သားဆိုတော့ မောင်ရင်ခေါင်းဆောင်တဲ့အဖွဲ့မှာ လူလေးယောက်ပဲပါတယ်လို့ ဆိုရလိမ့်မယ်”

“ဟုတ်ပါတယ်ခင်ဗျာ၊ တစ်ယောက်အကြောင်း တစ်ယောက်နားလည်ပြီးသား လူလေးယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် မြင်တောင်မမြင်ဖူးသေးတဲ့ တပ်မဟာတစ်ခုထက် အထူးစစ်ဆင်ရေးဆင်နွှဲတဲ့ နေရာမှာ အရာရောက်တယ်ဆိုတာ ဗိုလ်မှူးကြီးတို့လည်း နားလည်ပြီးသားပါ”





ဗိုလ်မှူးကြီးမာတင်က ခေါင်းညိတ်လိုက်ပြီး..

“ကဲ...လူအရေအတွက်ကတော့ ပြီးသွားပြီ၊ ဘာလင်ကို ဘယ်လိုဝတ်စားပြီး သွားကြမလဲ၊ စဉ်းစားကြရအောင်”

“ဂျာမန်စစ်ဝတ်စုံဝတ်ပြီးသွားမလား၊ အရပ်ဝတ်အရပ်စားဝတ်ပြီး သွားမလား”

ဂရင်းလေးက ဗိုလ်မှူးကြီးမာတင်အား ဆက်၍တင်ပြရန် အချက်ပြလိုက်၏။

“ဂျာမန်စစ်ဝတ်စုံနဲ့သွားဖို့ရော၊ အရပ်ဝတ်အရပ်စားနဲ့သွားဖို့ကိုရော အပြန်အလှန် တင်ပြဆွေးနွေးတဲ့ အချက်တွေရှိတယ်”

“ဒါပေမယ့် နောက်ဆုံးစဉ်းစားလို့ရတာကတော့ ဂျာမန်စစ်ဝတ်စုံနဲ့သွားတာဟာ ပိုပြီးလုံခြုံမှုရှိမယ်လို့ စဉ်းစားမိကြတယ်”

“ဘာဖြစ်လို့လဲဆိုတော့ ဂျာမန်စစ်ဝတ်စုံနဲ့သွားတာဟာ လက်နက်တွေကို ပြောင်ကိုင်သွားဖို့ လွယ်ကူစေတယ်”

“ဒုတိယအချက်က ဘာလင်ကိုရောက်အောင်နဲ့ ဘာလင်ကပြန်အထွက်ဟာ ခရီးအတော်ရှည်တဲ့အတွက် ယာဉ်ကိုအသုံးပြုကြရလိမ့်မယ်၊ ဂျာမနီမှာ စာတ်ဆီက သိပ်ကိုရှားနေတော့ အရပ်သားဝတ်စုံဝတ်ထားတဲ့ လူတစ်စုက အရပ်သားကားတစ်စီးနဲ့ ခရီးသွားနေတယ်ဆိုရင် ဂျာမန်ဂက်စတာပိုနဲ့ အက်စ်အက်စ် လုံခြုံရေးတပ်သားတွေက မသင်္ကာစရာဖြစ်လာမှာ အမှန်ပဲ”

“ဒါကြောင့်လည်း ဒုတိယအချက်အနေနဲ့ ဂျာမန်စစ်ဝတ်စုံဝတ်ပြီး သွားရမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်၊ ဂျာမန်စစ်ဘက်က ယာဉ်တစ်စီးစီးကိုတော့ စစ်ရေးအဖွဲ့က ခေါင်းဆောင်က ရအောင်ယူနိုင်မယ်လို့ ကျုပ်တို့က ယုံကြည်ထားပြီးသား”

“နောက် တတိယနဲ့ နောက်ဆုံးအချက်က ဂျာမန်တွေဟာ မဟာမိတ်တွေ ဆက်မလာနိုင်အောင် လမ်းတွေပိတ်ဆို့ပြီး အစောင့်တွေချထားတယ်လို့ သိရတော့ ဘယ်နည်းနဲ့မှ အရပ်ဝတ်စုံနဲ့ အရပ်ကားစီးပြီး သွားလို့မရနိုင်ဘူးဆိုတာ သေချာလာတယ်”

“အရပ်ဝတ်အရပ်စားဝတ်ပြီး ဂျာမန်ဂက်စတာပိုတွေဖြစ်ကြောင်း ကတ်ပြားနဲ့ ထောက်ခံချက်စာရွက်စာတမ်းတွေ ယူဆောင်သွားရင်လည်း လမ်းမှာ ခဏခဏ အစစ်ဆေး အမေးမြန်းခံရပြီး မကြာခင် ဇာတ်ပေါ်သွားမှာစိုးရတယ်”

ဗိုလ်မှူးကြီးမာတင်က ခဏရပ်လိုက်ပြီးမှ စကားဆက်လိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂျာမန်စစ်ဝတ်စုံနဲ့ သွားတဲ့အတွက် ရင်ဆိုင်ရမယ့် အခက်အခဲလည်း ရှိနေပြန်တယ်"

"ရုရှတပ်တွေဟာ ဘာလင်ကို အင်မတန်မြန်တဲ့နှုန်းနဲ့ ချီတက်ချဉ်းကပ်နေကြတော့ တစ်နေရာရာမှာ မော်ရင်တို့အဖွဲ့ဟာ တပ်နီတွေနဲ့ ရင်ဆိုင်တိုးမိချင်တိုးမိနေမှာစိုးရိမ်ရတဲ့အချက်ပဲ"

"ဒီလိုရင်ဆိုင်တိုးမိရင် ဘာဖြစ်မယ်ဆိုတာ ပြောနေစရာ လိုမယ်မထင်ဘူး၊ ဒီတော့ မောင်ရင်တို့အဖွဲ့ဟာ တပ်နီတွေနဲ့ မတိုးမိအောင် ရှောင်သွားနိုင်ဖို့ သိပ်အရေးကြီးတယ်"

"မောင်ရင်တို့အဖွဲ့ဟာ ရုရှတပ်တွေ ဘာလင်ကို မဝိုင်းမိခင် ဘာလင်မြို့ထဲ ဝင်နိုင်ရုံမက ပြန်ထွက်နိုင်အောင်လည်း ကြိုးစားပါ"

ဗိုလ်မှူးကြီးမာတင်စကားအဆုံးတွင် ဂျက်က...

"ဗိုလ်မှူးကြီးပြောပြတဲ့ အချက်တွေအပြင် ကျွန်တော့်ကိုယ်တွေ့ကြုံခဲ့တဲ့ အဖြစ်တစ်ရပ်ကိုလည်း တင်ပြလိုပါတယ်"

"ဂျာမန်လုံခြုံရေးတပ် တာဝန်ခံတွေဟာ တချို့ဂျာမန်စစ်သားတွေကို စစ်ပြေးလို့ဆိုပြီး သုတ်သင်နေတာမျိုးလည်း ရှိပါတယ်။ ဒီတော့ ဂျာမန်စစ်ဝတ်စုံဝတ်ထားပေမယ့် စစ်ပြေးလို့ အထင်မခံရအောင် ကျွန်တော်တို့ဘက်က ပိုင်အောင်လုပ်ထားဖို့လည်း လိုပါတယ်"

ဒုဗိုလ်မှူးကြီး ဒီဗာနော့က ကြားဝင်ကာ...

"အဲဒီလို စစ်ပြေးလို့အထင်မခံရအောင် မောင်ရင်နဲ့ မောင်ရင့်အဖွဲ့သားတွေကို ဟာစ်တလာကိုယ်ရံတော် သံချပ်ကာကားတပ်မက အရာရှိနဲ့ တခြားအဆင့် ရာထူးတံဆိပ်တွေ တပ်ပေးထားပြီး သက်ဆိုင်ရာ စာရွက်စာတမ်းတွေလည်း ပေးထားမယ်"

"ဒီသံချပ်ကာကားတပ်မဟာ ဗီယင်နာတိုက်ပွဲမှာ ပါဝင်တိုက်ခိုက်နေရတယ်လို့ သိထားရမယ်။ ဒီတပ်မက မောင်ရင်တို့အဖွဲ့ဟာ ဘာလင်ကို စစ်ရေးကိစ္စအရ လာရတယ်ဆိုတဲ့ မှမင်အော့ဒါ၊ ခရီးထွက်ခွင့်အမိန့်ကိုလည်း ထုတ်ပေးထားမယ်"

"ဒီတပ်မကိုမှ ဘာဖြစ်လို့ရွေးတယ်ဆိုတာ သိပါရစေခင်ဗျာ"

"ရွေးရတာက ဒီလို၊ ဟာစ်တလာရဲ့ ကိုယ်ရံတော် သံချပ်ကာကားတပ်မရဲ့ တပ်မှူးကြီးဖြစ်တဲ့ ဗိုလ်ချုပ်ဝါနာအောစ်တင်ဒေါ်ဖ်ဟာ တပ်မှူးကြီးနေရာမှာ မရှိ





တော့ဘဲ သူ့နေရာကို ဗိုလ်မှူးကြီးအဆင့်လောက်သာရှိတဲ့ ရှုဒေါ်ဖ်လေမန်းကို တပ်မှူးအဖြစ် ခန့်လိုက်လို့ပဲ"

"ဂျာမန်စစ်တပ်ထုံးစံအရ ဟာစ်တလာကိုယ်ရံတော်တပ်မ တစ်ခုကို ကိုင်ရတဲ့လူဟာ အနည်းဆုံး ဗိုလ်ချုပ်အဆင့်သာ ရှိရတယ်။ ဒီတော့ ရှုဒေါ်ဖ်ကို ခန့်လိုက်တာဟာ ယာယီခန့်တာသာဖြစ်ရမယ်"

"ဒီတော့ တပ်မအုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး မရေမရာ မသေမချာဖြစ်နေတာကို ကျုပ်တို့က အခွင့်ကောင်းယူပြီး မောင်ရင်နဲ့ မောင်ရင့်အဖွဲ့ကို အဲဒီတပ်မက အရာရှိနဲ့ အကြပ်တွေလို့ ပုံမှားရိုက်ခိုင်းလိုက်တာပါပဲ"

ဂျက်က မြေပုံကို လှမ်းကြည့်လိုက်ပြီး...

"ဗီယင်နာဆို ဘာလင်က အဝေးကြီးပဲ"

"ဟုတ်တယ်၊ ဒါပေမယ့် မောင်ရင်တို့အဖွဲ့ကို ဗီယင်နာကနေပြီး ဘာလင်ကို အသွားခိုင်းမှာမဟုတ်ဘူး၊ ဘာလင်နဲ့ အနီးဆုံးနေရာကနေပြီး မောင်ရင်တို့ကို လွှတ်လိုက်မှာပါ"

ဂရင်းလေးက ဝင်၍ပြောလိုက်ခြင်း။

"အနောက်ဘက်စစ်မျက်နှာဟာ ခုအချိန်မှာ သိပ်ကို မရေမရာဖြစ်နေတယ်၊ ...ပိုင်းနဲ့အမျှ စစ်ရေးအခြေအနေက ပြောင်းနေတယ်"

"ခု မောင်ရင်မြင်နေရတဲ့ စစ်ရေးအခြေအနေပြ မြေပုံဟာ ဒီနေ့မနက် ...နာရီထိသာ တိကျမှန်ကန်နေတယ်၊ ခုအချိန်မှာ ဘယ်လိုပြောင်းသွားပြီလို့ ပြောတတ်ဘူး"

"ဗီယင်နာလို့ပြောလိုက်တာက မောင်ရင်တို့ စစ်မယ့် ဆေးမယ့်လူနဲ့တွေ့... လိမ့်လို့ကောင်းအောင် ပြောလိုက်တာ၊ မောင်ရင်တို့ကို ဘာလင်နဲ့ နီးနိုင်... အနီးဆုံးနေရာကနေပြီး ဗိုလ်မှူးကြီးပြောသလို **တာလွှတ်**ပေးမယ်၊ စိတ်ချ...နေ"

ဂရင်းလေးက အရက်ခွက်ကို ကောက်ကိုင်လိုက်သောကြောင့် ဗိုလ်မှူးကြီး...ယောက်နှင့် ဂျက်တို့ကလည်း မိမိတို့ ဘရန်ဒီခွက်များကိုကိုင်ကာ မော့လိုက်...သည်။

ဆေးအိုးတွင် မီးညှိကာ မီးခိုးတထောင်းထောင်းထအောင် ဖွာလိုက်ပြီးမှ ...ဗိုလ်မှူးချုပ်ဂရင်းလေးက စကားဆက်ပြန်၏။

"မောင်ရင့်ကို ဘာလင်ကို မြန်မြန်ထက်ထက်လွှတ်ချင်တာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မြန်တယ် နေးတယ်ဆိုတာ နာဒီထိပ်သီးပေါ်မှာ မူတည်
တယ်။ သူကလည်း သူ့ပါတီနဲ့ သူ့အစိုးရကို စွန့်ခွာပြီးလာချင်နေတာ
နေတာပဲ"

"ဒါပေမယ့် အခြေအနေ ပေး,မပေး၊ အခွင့်အရေး သာ,မသာ ဆို
အချက်ကို ဦးစားပေး စဉ်းစားနေရတယ်"

"ခုအခြေအနေအရ သူ့အဖို့ ထွက်လာဖို့ မလွယ်သေးဘူး၊ ဒီတော့ ကျ
တို့ စောင့်ရလိမ့်ဦးမယ်၊ အချိန်နီးလာတာနဲ့ တစ်ပြိုင်နက် မောင်ရင့်ကို စစ်ဆ
ရေးနဲ့ပတ်သက်ပြီး ဘရိဖင်းပေးဦးမယ်"

"ဒီတော့ ခွင့် လေး,ငါးရက်ယူပြီး ပျော်ပျော်နေဦးပေါ့။ ဒီသီတင်းပ
အကုန်လောက်မှာ မောင်ရင်နဲ့ မောင်ရင့်အဖွဲ့ဝင်တွေကို ကျုပ်တို့ ဒီဗွန်နယ်
ရှိနေတဲ့ လေ့ကျင့်ရေးစခန်းတစ်ခုကို ပို့ထားမယ်လို့ စိတ်ကူးထားတယ်"

"အဲဒီလေ့ကျင့်ရေးစခန်းမှာ ဟစ်တလာရဲ့ ကိုယ်ရံတော် သံချပ်ကာက
တပ်မမှာ ဘယ်လိုနေထိုင်ပြောဆိုကြတာကအစ မောင်ရင်တို့ကို အဲဒီတပ်မ
အရာရှိတွေ၊ အကြပ်တွေနဲ့ တစ်ပုံစံတည်းတူအောင် သင်ပေးကြလိမ့်မယ်"

"အဲဒီလေ့ကျင့်ရေးစခန်းမှာ ဂျာမန်စကားကလွဲပြီး ဘာစကားမှမပြော
ဘူး၊ ကိုင်တာကလည်း ဂျာမန်လက်နက်တွေပဲ ကိုင်ရမယ်၊ စစ်ဝတ်စုံနဲ့ စစ်သ
အသုံးအဆောင်အားလုံးဟာ ဟစ်တလာ ကိုယ်ရံတော်သံချပ်ကာကား တပ်
အတိုင်း ဖြစ်ရမယ်"

"ရာထူးတံဆိပ်နဲ့ အထောက်အထား စာရွက်စာတမ်းတွေကလည်း အဲ
တပ်မပုံစံအတိုင်း ဖြစ်ရမယ်၊ ဒီတော့ လေ့ကျင့်ရေးစခန်းကိုမရောက်ခင် ပျ
ပျော်ကြီးနေလိုက်"

ဂရင်းလေးက ဂျက်အနီးသို့ ကပ်လာပြီး စကားဆိုနေပြန်သည်။

"ဒီစစ်ဆင်ရေး ဘယ်လောက်အရေးကြီးတယ်ဆိုတာ မောင်ရင့်ကို ထ
ပြောဖို့ လိုမယ်မထင်တော့ဘူး"

"ဒီစစ်ဆင်ရေးအမိန့်ဟာ အင်မတန်မြင့်တဲ့ အဆင့်ကလာတဲ့ အမိန့်
အမြင့်ဆုံးအဆင့်ကလာတာ"

"မောင်ရင် ဒီဗွန်နယ်က လေ့ကျင့်ရေးစခန်းကို ရောက်သွားရင် ကျ
ပြောပြတာကို မောင်ရင့်အဖွဲ့ဝင်တွေကို ပြောပြပါ"

"ဒီလိုပြောတဲ့နေရာမှာ ဘာကို အထူးအလေးအနက်ထားပြီး ပြောရမ



တော့..."

"ဒီစစ်ဆင်ရေးဟာ ကျုပ်တို့ ဗြိတိသျှတပ်မတော်က သီးသီးသန့်သန့်
ဆင်နွှဲတဲ့ စစ်ဆင်ရေးသာ ဖြစ်တယ်ဆိုတဲ့အချက်ပဲ။ ဒီစစ်ဆင်ရေးဟာ ဗြိတိန်
လွဲပြီး ဘယ်သူမှမပါဘူး"

"အမေရိကန်တွေလည်း မပါဘူး၊ ရုရှတွေလည်း မပါဘူး၊ ပြင်သစ်တွေ
လည်း မပါဘူး၊ ပိုလန်က ပိုးလူမျိုးတွေလည်း မပါဘူး၊ ဗြိတိသျှတွေအပြင်
ဘယ်သူမှမပါဝင် မပတ်သက်တဲ့ စစ်ဆင်ရေးဆိုတာ အထူးအလေးအနက်ထား
မောင်ရင့်အဖွဲ့ဝင်တွေကို အသိပေးပါ...ဟုတ်လား"

"အထူးသတိထားဖို့ကတော့ ဒီစစ်ဆင်ရေးနဲ့ ပတ်သက်လာရင် ပြင်သစ်
အမေရိကန်တွေ၊ ရုရှတွေ၊ ပိုးတွေ၊ ဗြိတိန်တွေမဟုတ်တဲ့လူတွေအားလုံး
ကျုပ်တို့ မောင်ရင်တို့ ရန်သူတွေလို့ သတ်မှတ်ပြီး ဒီစစ်ဆင်ရေးကို ဆင်နွှဲဖို့ပဲ၊
နားလည်ရဲ့လား"

"နားလည်ပါတယ် ဗိုလ်ချုပ်"

ဂရင်းလေးက ဂျက်အား ဧည့်ခန်းတံခါးဝအထိ လိုက်ပို့ရင်း...

"ကျုပ်အတွင်းရေးမှူးကို မောင်ရင်ရှိနေမယ့် လိပ်စာကို ပေးထားခဲ့၊ သူက
တဆင့် ဆက်သွယ်ပြီး ကျုပ်ညွှန်ကြားချက်တွေ ပေးလိမ့်မယ်"

မေဖဲယားဂေဟာမှ ဂျက်ထွက်သွားပြီးနောက် ဂရင်းလေးက ဗိုလ်မှူးကြီး
အား ဂျက်နှင့်ပတ်သက်၍ ထင်မြင်ချက် မည်သို့ရှိသည်ကို မေးလိုက်သည်။

"လူတော်ကလေးတစ်ယောက်ပါ၊ ဒီစစ်ဆင်ရေးကို အောင်ပွဲရအောင်
ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တော့ ယုံကြည်တယ်"

ဗိုလ်မှူးကြီးမာတင်က ထင်မြင်ချက်ပေးလိုက်၏။

"တော်ပေမယ့် စကားပြောတဲ့နေရာမှာ လူကြီးတွေကို နည်းနည်းတော့
အလေးအသေတန်တယ်လို့ ထင်တယ်"

ဒုဗိုလ်မှူးကြီးဒါဗားနော့က ပြောလိုက်ခြင်း။

ဂရင်းလေးက ပြုံးလိုက်ပြီး...

"ဂျက်က ဟန်ဆောင်ပန်ဆောင်လုပ်ရတာကို သိပ်အပန်းကြီးတဲ့ အလုပ်လို့
သဘောထားတယ်ဗျာ"

"ဗိုလ်မှူးကြီးတို့က သူ့နောက်ကြောင်းကိုမသိလို့ ပြောတာဖြစ်မှာပါ"

"ဂျက်က ဘာသာစကား သုံး,လေးမျိုးတတ်တယ်ဆိုလို့ နိုင်ငံအမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



က လူဆိုးကြမ်းပိုးတွေ လာအလုပ်လုပ်တဲ့ မန်ချက်စတာမှာ ကြီးလာတဲ့လူ မထင်ကြပါနဲ့ဗျာ"

"သူက လန်ဒန်မြို့ပေါ်မှာမွေး၊ လန်ဒန်မှာကြီးပြီး လန်ဒန်သူကိုယူခဲ့ လန်ဒန်သားအစစ်မှ တကယ့်အစစ်"

"ဂျက်ဟာ စစ်မဖြစ်ခင်ကပဲ လန်ဒန်သူနဲ့ အိမ်ထောင်ကျပြီး လန်ဒန်မှ နေခဲ့တယ်"

"၁၉၄၀ နှစ်ရောက်လာတော့ ဂျက်မှာ နှစ်နှစ်နဲ့ သုံးနှစ်အရွယ် သ ကလေးနှစ်ယောက်တောင် ရနေပြီ"

"ဂျက်က ရှေ့တန်းစစ်မျက်နှာကို ရောက်နေတဲ့အချိန်မှာ ဂျာမန်ဘက် လန်ဒန်မြို့ပေါ်ကို လျှပ်တစ်ပြက် စစ်ဆင်ရေးလုပ်ပြီး ဗုံးတွေကြဲချပါလေရော"

"အဲဒီစစ်ဆင်ရေးမှာ ဂျက်ရဲ့ဇနီးနဲ့ သမီးကလေးနှစ်ယောက်ပါ ဗုံးဒ ကြောင့် အသက်ပျောက်သွားခဲ့ရရှာတယ်။ ဒီအချိန်ကစပြီး ဂျက်ဟာ နာဇီဂျာ တွေမှန်သမျှကို အစိမ်းလိုက် ဝါးစားချင်တဲ့စိတ်တွေ ပေါက်နေပြီး ယဉ်ကျေ ပါတယ်ဆိုတဲ့ အသိုက်အဝန်းကို ရှောင်နေခဲ့တဲ့လူ"

"တချို့အမြင်မှာ ဂျက်ဟာ မယဉ်ကျေးပေမယ့် နာဇီဂျာမန်တွေကို သ တဲ့နေရာမှာတော့ ကျုပ်တွေ့ဖူးတဲ့အထဲမှာ အတော်ဆုံးပါပဲ"

▲



## [ ၁၈ ]

နာဇီဂျာမန်များအား သုတ်သင်ရာ၌ အတော်ဆုံးဟု ချီးမွမ်းခြင်းခံရသော ဂျက်က...

ဗိုလ်မှူးချုပ်ဂရင်းလေး၏ မေဖဲယားဂေဟာမှ ထွက်လာခဲ့ပြီးသည့်အချိန်၌ ဆတ်ချင်ဖြတ်ချင်စိတ် လုံးဝမရှိ။

ဂျက်က ကရွန်နေ့လမ်းမှ တက္ကစီကားကို မောင်း၍ထွက်ခိုင်းပြီးနောက်... ဟပ်မားကက်ရှိရာ ဈေးလမ်းဘက်သို့ ခြေလျင်လျှောက်ကာ ဝင်လာခဲ့သည်။

ညနေစောင်းရုံသာရှိသေးသော်လည်း ဈေးတစ်ဝိုက်ရှိ နတ်မိမယ်များက ဘတွက်စည်အောင် စောစောစီးစီး လှုပ်ရှားနေကြသည်ကို တွေ့ရ၏။

စစ်ကြီး မကြာမီပြီးတော့မည်ဟူသော သတင်းက နေရာအနှံ့ ပျံ့နှံ့လျက် ရှာ အင်္ဂလန်နိုင်ငံသို့ရောက်နေကြသည့် ယန်ကီစစ်သားများ အိမ်မပြန်မီ အမိ အရ တွယ်လိုက်မည်ဟု ကြုံးဝါးနေသည့် ယမင်းကညာ နတ်သူဇာများကလည်း နှံ့။

အရုပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ် လူရွယ်တစ်ယောက်သာဖြစ်သော ဗိုလ်မှူး ဂျက်မှာ ယမင်းကညာ နတ်သူဇာများ၏ အဓိကပစ်မှတ်။

ယမင်းသူဇာများက ပုလင်းယမကာများရောင်းချသည့် ဆိုင်တံခါးပေါက် များမှနေ၍ ဂျက်အား မြူဆွယ် လှမ်းခေါ်နေကြ၏။

ဂျက်က မြူဆွယ်နေသူများအား ဂရုမစိုက်ဘဲ ဆက်၍လျှောက်လာခဲ့ပြီး နောက် ဘီယာဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်သည်။

အရက်ပြင်းပြင်းသောက်ရမည့်အချိန်သို့ မရောက်သေးသည့်တိုင် စားပွဲထိုး မိန်းသမီးနှစ်ယောက်မှာ လက်မလည်နိုင်လောက်အောင် အလုပ်များနေကြ၏။

ဆိုင်ထဲတွင် သောက်သုံးသူဦးရေက များပြားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် တစ်ပေါင်တန်တစ်ရွက်ကို မြင်သာအောင်ကိုင်ထားရ… ဂျက်က မိုးနတ်သူဇာ လှကညာများကို လှည့်ပတ်ကြည့်နေသည်။

သည်ဘီယာဆိုင်ကို နားပင်အဖြစ် လာရောက်လေ့ရှိသည့် မိုးနတ်သူဇာမျ… က အပေါ်စားမဟုတ်။

ကြေးကြီးသလို ပစ္စည်းကလည်း အကောင်းစား။

ဆိုင်ရှင်ကလည်း အခန်းခများများရမည်ဆိုလျှင် အပေါ်ထပ် အိပ်ခန်း… ဗွားစားတတ်သူ။

အရောင်းအဝယ်လုပ်ရန် စောင့်မျှော်နေကြသည့် မိုးနတ်သူဇာ နတ်ကည… လေးယောက်ကို ဂျက်က တွေ့လာရ၏။

လေးယောက်အနက် နှစ်ယောက်ကို သဘောနှင့်မတွေ့ဟုဆိုကာ ပယ်… လိုက်ပြီး ကျန်နှစ်ယောက်အနက် စတုတ္ထမိုးနတ်သူဇာကိုမှ ဂျက်က တညာ… သတို့သမီးအဖြစ် ရွေးချယ်လိုက်သည်။

ရွေးချယ်ခြင်းခံရသည့် မိုးနတ်သူဇာ လှကညာ၏ အရပ်က ငါးပေတွ… တစ်လက်မကျော်ကျော်။

ဆံပင်က ရွှေရောင်။

စစ်ကြီးဖြစ်နေသည့်ခေတ်နှင့် လိုက်ညီအောင် ဆံပင်ကို ပုလင်းပုံစံ ဆင်ယ… ထုံးဖွဲ့လျက်။

လည်ပင်းကိုက်ဘလောက်စ်နှင့် ဂါဝန်တိုတို့ကို ဝတ်ထားသည်။

ဆိုင်ထဲတွင် ဘီယာ တစ်ယောက်တစ်လုံးစီ သောက်ပြီးနောက် ဂျက်… အမျိုးသမီးအား အပြင်သို့ခေါ်ထုတ်လာခဲ့၏။

သူထင်ထားသည်ထက်ပင် မိုးနတ်သူဇာက အသက်ငယ်နေလေသည်။

"ကျွန်မအခန်းကို သွားမလား၊ ဒီအနားမှာရှိတဲ့ တည်းခိုခန်းကို သွား… မလား။ တည်းခိုခန်းက ဈေးမကြီးပါဘူး"

"ဒါဖြင့် တည်းခိုခန်းကိုသွားလေ"

သူတို့နှစ်ယောက် တည်းခိုခန်းရှိရာသို့ လမ်းလျှောက်လာခဲ့ကြသည်။

ဤသို့လာရင်း သူ့ဇနီး ကွယ်လွန်သွားပြီးနောက် သူ့တွင် အချစ်မရှိတော့… ဘဲ ရာဂဖြေငြိမ်းမှုသာ ရှိနေတော့သည်ဟူသောအချက်ကို ဂျက်က သတိထား… လိုက်မိ၏။

သူ ရာဂဖြေငြိမ်းမှုအတွက် ဆက်ဆံခဲ့သူများမှာလည်း ကြေးစား နတ်ကည…





…ားသာ။

ကွယ်လွန်ခဲ့သည့် ချစ်ဇနီးအား ပေးအပ်ခဲ့သည့် အချစ်မျိုးကို ဂျက်က …သည့်အမျိုးသမီးကိုမျှ ထပ်မံပေးအပ်လိုချင်စိတ် မရှိတော့။

သူနှင့်ဆက်ဆံခဲ့သည့် ကြေးစားအမျိုးသမီးမှန်သမျှမှာလည်း အရပ်နိမ့်သူ၊ …ရောင်ဆံပင်ရှိသူများသာ။

ဘီယာဆိုင်ထဲတွင် ဂျက်က သဘောမတွေ့ဟု ပယ်လိုက်သည့် မိုးနတ်သူဇာ …ယောက်မှာ အရပ်မြင့်မြင့်၊ ဆံပင်နက်နက်။

ဂျက်၏ ကွယ်လွန်ခဲ့လေသော ချစ်ဇနီးက အရပ်မြင့်မြင့်၊ ဆံပင်နက်နက်။

ချစ်ဇနီးအပေါ်မှာ ဤမျှ ချစ်မြတ်နိုးခဲ့သော ဂျက်က နာဇီဂျာမန် မုန်းသမျှ …ပေါ်တွင် အခဲမကြေဖြစ်နေသည်မှာ မထူးဆန်းတော့။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

သို့။ ။ မေလာ CVX/၀၀၅/SSS/၁၇၀၀၀/Z

မှ ။ ။ ဆု ၁၆-၄-၅၅

အဖွဲ့ ပွဲပြီးပြီ။

ဘာလင်သို့ချဉ်းကပ်ရေးအတွက်

ရုန်းသူလွှပ်ရှားမှုကိုစောင့်ကြည့်နေရသည်။

ယနေ့မှစ၍ ၁၀/၁၂ ရက်အတွင်း

ဆုံတွေ့နိုင်မည်။ အကြောင်းပြန်။

သို့။ ။ ဆု CVX/၀၁၁/SSS/၂၃၀၀၀/Z

မှ ။ ။ မေလာ ၁၇-၄-၅၅

နားလည်သည်။ ဆုံတွေ့နိုင်ရေးအတွက်

ဤဘက်မှာလည်း အခက်အခဲရှိနေသည်။

စေလွှတ်လိုက်သောအဖွဲ့သည်

မဆုံတွေ့ရမီအထိ

နေထိုင်စားသောက်ရေးကို ကိုယ့်ဘာသာ

စီမံစားသောက်နေထိုင်ရမည်။

စစ်ဆင်ရေးကို သဘောတူသည်။

အကြောင်းပြန်။

သို့။ ။ မေလာ CVX/၀၁၉/SSS/၂၀၀၀၀/Z

မှ ။ ။ ဆု ၁၇-၄-၅၅

သဘောတူသည်။ အသင့်စောင့်နေ။

▲



[ ၂၀ ]

ဆွစ်နိုင်ငံ ဘန်းမြို့ အမေရိကန်သံရုံး။

ဧပြီ ၁၇ ရက်နေ့။

ည ၁၀ နာရီ။

သံရုံးဆိုက်ဖာဌာနတွင် မီးများဖြင့် ထိန်နေဆဲ။

ဆိုက်ဖာဌာနက စကားဝှက်ရုံးခန်းကို ၂၄ နာရီဖွင့်ထားသည့်တိုင် ရုံးခန်းထဲတွင် စကားဝှက်အဖြေထုတ်သူ ဝန်ထမ်းတစ်ဦး ည ၁၀ နာရီအထိ ထိုင်၍ အလုပ်လုပ်နေပုံမှာ ထူးနေလေသည်။

လန်ဒန်နှင့် ဘာလင်အကြားတွင် မသင်္ကာဖွယ်ကြားနေရသည့် ဝိုင်ယာလက်အချက်ပြ ကြေးနန်းစကားဝှက်ကို ညဦးနက်သည့်တိုင် ထိုင်၍အဖြေထုတ်ရန် ကြိုးပမ်းနေသည့်ဝန်ထမ်းက **မာဗင်**။

မာဗင်က စကားဝှက်အဖြေထုတ်သူများ ထုံးစံအတိုင်း စကားလိမ်၊ စကားကောက် စကားဖြောင်းပြန်များအကြားတွင် ပျော်နေတတ်သူ။

ရှိတ်စပီးယား၏ ကဗျာများကို ဖြောင်းပြန်လှန်ကာ စကားဝှက်အဖြစ် ပေးပို့သည့် ကြေးနန်းသတင်းများကိုပင် မာဗင်က အဖြေထုတ်ပေးနိုင်ခဲ့သည်။

လူတစ်ယောက်ပြုလုပ်ထားသည့် စကားဝှက်ကို အခြားလူတစ်ယောက်က အဖြေထုတ်နိုင်ရမည်ဆိုသည်မှာ မာဗင် လက်ကိုင်ပြုထားသည့် ဆောင်ပုဒ်။

သို့ရာတွင် မာဗင်က ခြွင်းချက်တစ်ခုတော့ ချန်ထား၏။

**တစ်ခါသုံးစကားဝှက်**မျိုးကိုမူ အဖြေထုတ်ဖို့မလွယ်။

တစ်ခါသုံးစကားဝှက်ဆိုသည်မှာ စကားဝှက်ထွင်သူက အရေးပါ အရာရောက်သော သော့ချက်ဝါကျကို တစ်ခါ၊ တစ်ကြိမ်သာ အသုံးပြုခြင်း။

ဤသို့ တစ်ခါတစ်ကြိမ်အတွက်သာ ဝါကျတစ်ခုကို စကားဝှက်အဖြစ် သုံးသဖြင့် နောက် ထပ်မံရရှိသည့် စကားဝှက်ကို ပထမ အသုံးပြုခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ဝါကျပေါ်တွင် အခြေခံကာ ဖော်ထုတ်မရနိုင်သည့် အခက်အခဲဖြင့် အမြဲကြုံတွေ့ရသည်။

တစ်ခါသုံးစကားဝှက်တွင် အင်္ဂလိပ်အက္ခရာ အီးသည် ပထမဖမ်းယူရရှိသည့် ကြေးနန်း၌ Elephant **ဆင်**ဟု အဓိပ္ပာယ်ထွက်စေကာမူ ဒုတိယကြေးနန်းမှာမူကား **ခြသေ့**ဟု အဓိပ္ပာယ်ထွက်နေလေ့ရှိသည်။

ထို့ကြောင့် တစ်ခါသုံးစကားဝှက်ကို အဖြေထုတ်သူတစ်ဦးအဖို့ ကံကောင်းမှသာ စကားဝှက်၏ အဓိပ္ပာယ်ကို ဖော်ထုတ်ရနိုင်၏။

စကားဝှက်အဖြေထုတ်သူများသည် စနစ်ကျသူများ၊ ဇွဲရှိသူများသာ။ သို့တိုင်အောင် တစ်ခါသုံးစကားဝှက်ကို အဖြေထုတ်ရာ၌ စာအုပ်ကြီးအတိုင်း လိုက်လုပ်၍မရ။ နည်းရိုးလမ်းဟောင်းကြီးအတိုင်း လိုက်၍မဖြစ်။

ကြားဖူးနား၀ ဗဟုသုတကို အခြေခံကာ အတိုးအဆုတ်၊ အလျှော့အတင်းလုပ်၍ အဓိပ္ပာယ်ဖော်သည့်တိုင် ကြက်ကန်းဆန်အိုးတိုးမိသလို တိုးမိမှ အဖြေမှန်ကို ဖော်ထုတ်ရနိုင်လေသည်။

မာဗင့် စားပွဲပေါ်တွင် ဘာလင်နှင့် လန်ဒန်အကြား အပြန်အလှန်ပေးပို့သည့် ဝိုင်ယာလက် ကြေးနန်းစာများက တစ်ပုံကြီး။

သည်စာရွက်ပုံကြီးနားတွင် တစ်ပိုင်းတစ်စ ဖောထား၊ ရေးထား၊ ခြစ်ထားသည့် စာရွက်တို စာရွက်စများကလည်း ပလူပျံလျက်။

သံရုံးတွင် စကားဝှက်အဓိပ္ပာယ်ဖော်သည့်စက်များရှိသည်မှာ အမှန်။ သို့သော်...

စကားဝှက်အဓိပ္ပာယ်ဖော်စက် ဆိုသည်မှာလည်း စက်ထဲသို့ မှန်ကန်သည့်အချက်အလက်များကို ထည့်ပေးနိုင်မှသာ အဖြေမှန်ဖော်ထုတ်ပေးနိုင်သည့် ကိရိယာ။

ထို့ကြောင့် လူမကောင်းဘဲနှင့် စက်ကလည်း ကောင်းမလာနိုင်။

မာဗင်က အသက် ၄၀ လောက်သာရှိသေးသော်လည်း ရှေးဟောင်းစာပေစကားနှင့် သင်္ချာဘာသာရပ်တွင် ကျွမ်းကျင်သူ။

သူက ဒေါက်တာဘွဲ့ကို 'သင်္ချာနှင့် ဂျော်မက်ထရီတို့၏ သံစဉ်ညီညွတ်ခြင်း'စာတမ်းဖြင့် ရရှိလာခဲ့၏။

ဆွစ်နိုင်ငံ ဘန်းမြို့ရှိ အမေရိကန်သံရုံးက မာဗင်အား စကားဝှက် အဖြေထုတ်သူတစ်ဦးအဖြစ် ရရှိခဲ့ခြင်းမှာ နတ်ပေး၍ရလာသလို။

သို့ရာတွင် အလုပ်၌ စိတ်ဝင်တစားရှိနေသူ မာဗင်က ဓနီးဖြစ်သူထံ





စာပြန်ရန်ပင် မအားမလပ်အောင် ဖြစ်နေရတတ်သဖြင့် မာဗင့်ဇနီးအဖို့မှာမူ လင်ကံဆိုးသူတစ်ယောက်ဟု ဆိုရမလောက်။

ဇနီးသည်ထံမှရောက်လာသည့် စာများကို မာဗင်က တစ်လ နှစ်လကြာသည်အထိ မပြန်ဖြစ်။

ယခုလည်း မတ်လ ၈ ရက်နေ့စွဲဖြင့် ဇနီးသည်ထံမှ ရောက်လာသည့်စာကို မာဗင်က ဧပြီလ ၁၇ ရက်နေ့အထိ မပြန်ဖြစ်သေး။

မည်သို့ပင်ဖြစ်စေ သည်နေ့တော့ စာပြန်ဖြစ်အောင် ပြန်မည်ဟု မာဗင်က ဆုံးဖြတ်ကာ ဇနီးသည်ထံမှစာကို စားပွဲပေါ်တွင် ဖြန့်ချထားခဲ့သည်။

သို့ရာတွင် ပြန်စာမရေးဖြစ်သေးဘဲ စာဆောသားများပေါ်ဘွင်သာ စကားဝှက်မှ အဖြေထွက်လာနိုးဖြင့် စိတ်ကူးမိရာကို တစ်ပိုင်းစီ တစ်စစီ ရေးခြစ်နေမိသေး။

ကြာလျှင် တစ်ပိုင်းစီ တစ်စစီခြစ်ထားသည့် စာလုံးများက ဇနီးသည်၏ စာတစ်စောင်လုံးကိုပင် ဖုံးသွားကာ ဖတ်မရအောင်ဖြစ်သွားမည်ကို စိုးရိမ်နေရ၏။

**ကျွန်မအစ်ကိုဝမ်းကွဲ ဂျော့ဆီကို အလည်သွားခဲ့ရာက ခုကလေးတင်ပြန်ရောက်လာခဲ့တယ်။**

I have Just returned from a visit to Cousin George.

ဇနီးထံမှ ပေးစာအစကလေးကို ဖတ်မိလိုက်လျှင်ပင် မာဗင်က စာပြန်ချင်စိတ်ကုန်သွားသည်။

ဇနီးသည်ကို မချစ်၍ မလွမ်း၍တော့ မဟုတ်။

ဇနီးသည်၏ အစ်ကိုဝမ်းကွဲ ဂျော့ကို မာဗင်က စိတ်နှင့်မတွေ့သောကြောင့်။

ဂျော့က လူလိမ် လူညာ။ လူ့တစ်နပ်စား။

သို့သော် စစ်ကြီးအတွင်းဖြစ်၍ ဂျော့က ခေတ်ပျက်သူဌေးဖြစ်ကာ ကောင်းစားနေသည်ဟု ဇနီးသည်က ဖောက်သည်ချထားသည်။

ထို့ကြောင့် မာဗင်က စာပြန်ရန် စိတ်မဝင်စား။

သို့သော် ဇနီးဖြစ်သူ စိတ်မကောင်းဖြစ်နေမှာကိုလည်း တစ်ဖက်က စိုးသေးသည်။

မာဗင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘာလင်–လန်ဒန် အပြန်အလှန်ပို့သည့် ဝိုင်ယာလက် ကြေးနန်းစာများဆီသို့ အာရုံပြောင်းပစ်လိုက်၏။

ကြေးနန်းစာရွက်တစ်ရွက်က ဧပြီလ ၁၆ ရက်နေ့စွဲဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကြေးနန်းစာနှစ်ရွက်က ဧပြီလ ၁၇ ရက်နေ့စွဲ။

သည်ကြေးနန်းစာသုံးစောင်ကလည်း ယခင်ကြေးနန်းစာများနည်းတူ ဘာ အဓိပ္ပာယ်ဟု ဖော်မရသေး။

မာဗင်က အဓိပ္ပာယ်ဖော်ရသည့် ကြေးနန်းစာများကို ထပ်ဖတ်ရင်း စိတ် မောနေမိသည်။

ခဲတံတစ်ချောင်းကိုကောက်ကိုင်ကာ ဇနီးဖြစ်သူ ပေးသည့်စာထဲမှ ပထမ စာကြောင်း တစ်ပိုင်းတစ်စကို စကားဝှက်ဖော်သူတစ်ဦး၏ ဉာဉ်အတိုင်း ခေါင်း ထဲတွင် ပေါ်လာသမျှစကားလုံးများဖြင့် လိုက်၍ရေးခြစ်နေမိ၏။

သို့သော် သူကိုယ်တိုင် မည်သည့်စကားလုံးဟု သတိမထားမိ။

အိုင် ဟက်ဗ် ဂျတ်စ် ရိတန်း’ဒ် ဖရွမ် အေ ဗစ်ဇစ် တူ ကာဆင် ဂျော့…

ကျွန်မအစ်ကိုဝမ်းကွဲဂျော့ဆိုကို အလည်သွားခဲ့ရာက ခုကလေးတင် ပြန် ရောက်လာခဲ့တယ်။

I have just returned from a visit to Cousin Geourge.

A BCDE FGHI JKLMNOPQ RSTU V WXYZ.

အချစ်ဆုံးမာဗင်ဟု စထားသည့် စာကြောင်းအထက်ဘက် နှုတ်ခမ်းသား တွင် မာဗင်က အထက်ပါစာကြောင်းကို ကောက်ခြစ်လိုက်ပြီးနောက် UIFATH ဟူသော အက္ခရာကလေးများကို ရေးလိုက်မိပြန်သည်။

UIFATH သည် စကားဝှက်ဖြစ်မည်ဆိုလျှင် သည်စကားဝှက် အဓိပ္ပာယ်က မာဗင် MARVIN ဟု ဖြစ်လာမည်။

သို့ဖြစ်လျှင်…

A သည် I နှင့် တူညီကာ…

B သည် H နှင့် ညီမျှနေကာ…

BERLIN ဘာလင်ဆိုသောစကားက HEFTTR ဟူသော စကားဝှက် အက္ခရာ ဖြစ်လာပေတော့မည်။

ဤစကားဝှက်ရေးနည်းကို သုံး၍ရေးလိုက်လျှင်…

LONDON လန်ဒန်သည် TNRVNR ဟု ဖြစ်လာပြီး SECRET ဆီး ရက်ဆိုသော စကားလုံးက REAFEO ဟု စကားဝှက်အက္ခရာ ဖြစ်လာပေတော့ မည်။





သူကိုယ်တိုင် သတိမထားမိပါဘဲလျက် သူရေးခြစ်လိုက်သည့် စကားလုံး ...က ကြေးနန်းစာ၏ လျှို့ဝှက်ချက်ကို တစ်စွန်းတစ်စ ဖော်လှစ်လာသည် ... မာဗင်က တွေ့လာရသည်။

ဤသို့ဆိုလျှင် ဘာလင်နှင့် လန်ဒန်အကြား အပြန်ပြန်အလှန်လှန် ပေးပို့ ...ကြသော ဝိုင်ယာလက်ကြေးနန်းစကားဝှက်ကို သူ့ဇနီးရေးလိုက်သည့်စာ ...လို။

ရိုးရိုးကလေးဖွဲ့ထားသည့် ရေးပုံသားပုံမျိုးဖြင့် အခြေခံထားခြင်း ဖြစ်လေ ...သား။

ဗာမင်က ဆီးကရက် SECRET ဆိုသောစကားကို စကားဝှက်ဖြင့် ရေး၍ ...ပြီးနောက် ဆီကရေဆီ SECRECY လျှို့ဝှက်ချက်ဆိုသည့် စကားလုံးကို ...ားဝှက်ဖြင့် ရေးခြစ်လိုက်၏။

REAFAS ဟူသောအက္ခရာ။

မာဗင်က အံ့သြနေပြန်၏။

သူကောက်ခြစ်လိုက်သည့် အက္ခရာက ကြေးနန်းတွင်ပါဝင်သည့် စကား ...အက္ခရာတစ်တွဲနှင့် ထပ်တူဖြစ်နေသည်မဟုတ်လား။

မာဗင်က မတ်လ ၂၉ ရက်နေ့စွဲဖြင့် လန်ဒန်မှ ဘာလင်သို့ ပေးပို့သည့် ...နန်းစာတစ်စောင်ကို စမ်း၍ အဓိပ္ပာယ်ဖော်ကြည့်လိုက်သည်။

ကြေးနန်းစာက…

BEASS/UREDU/TMOST/SECRE/CYGUA/RANTE/EDZZZ

မာဗင်က ကြေးနန်းပို့သူအမည်၊ လက်ခံသူအမည်နှင့် တစ်နေရာနှင့် ...နေရာ ခေါ်သည့်အမည်များဟု ထင်ရသည့်အက္ခရာများကို ဖယ်ထုတ်ပစ် ...ပြီးနောက် ကြေးနန်းစာကိုယ် သက်သက်ကို လေ့လာကြည့်လိုက်၏။

ငါးလုံးတစ်တွဲစီရေးထားသည့် စကားဝှက်များ။

သည်စကားဝှက်များကို ရထားသည့် သဲလွန်စအဓိပ္ပာယ်ဖော် စာလုံးများ ... ဖလှယ်ကြည့်လိုက်သည်။

စိတ်ချပါ။ အထူးလျှို့ဝှက်ထားမည်ဟု အာမခံသည်။

ငါးလုံးတစ်တွဲစီ တွဲထားသည့်စကားဝှက်များကို အင်္ဂလိပ်အက္ခရာဖြင့် အလိုက် ...င့်ဖြစ်အောင် ရေးချလိုက်သည်။

ကြေးနန်းစကားဝှက်တွင် နောက်ဆုံးငါးလုံးတွဲ၌ အင်္ဂလိပ်အက္ခရာ ...က်



www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးထည့်ထားခြင်းမှာ စာလုံးတစ်တွဲစီဖြစ်အောင် အပိုထည့်ထားသည့် အက္ခ
များသာ။

မာဗင်က ရွှေတွင်းကြီးတစ်တွင်းကို တွေ့လိုက်ရသည်ထက် ဝမ်းသာသ
သည်။ ဝမ်းသာခြင်းနှင့်အတူ ရင်ကလည်း တဒိတ်ဒိတ်။

နောက် ကြေးနန်းစာတစ်ရွက်ကိုယူကာ ဆက်၍ အဓိပ္ပာယ်ဖော်ကြည့်လို
သည်။

သုံးသည့်နည်းကလည်း ပထမနည်းအတိုင်း။

သို့သော် အဓိပ္ပာယ်ဖော်၍မရ။ တစ်စွန်းတစ်စမျှပင် အဓိပ္ပာယ်ပေါ်မလ

စိုးရိမ်စိတ်က ပိုကဲလာ၏။

“နောက်ကြေးနန်းစာက ဘာလင်ကပို့တဲ့ ကြေးနန်းစာ…။ ဒါကြေ
အဓိပ္ပာယ်ဖော်လို့မရတာ ဖြစ်နိုင်တယ်”

မာဗင်က ဤသို့တွေးမိကာ လန်ဒန်မှပို့သည့် နောက်ထပ်ကြေးနန်း
စောင်ကို အဓိပ္ပာယ်ဖော်ကြည့်လိုက်သည်။

ဖော်၍မရ။ တစ်စွန်းတစ်စမျှပင် မရ။

မာဗင့်အဖြစ်က တောင်ခြေအောက်သို့ ရောက်နေသူလို။

တောင်ကိုမြင်နေရပါလျက် ထိပ်ပေါ်သို့မတက်နိုင်။

တောင်ထိပ်က မြင့်လွန်းလှချေ၏။

‘စိတ်ချပါ’ဟုဆိုသော ကြေးနန်းလျှို့ဝှက်ကို ဖော်ထုတ်ရနိုင်ပါလျ
လန်ဒန်မှပင် ပေးပို့သည့် နောက်ကြေးနန်းစာကိုမူ အဓိပ္ပာယ်ဖော်မရနိုင်

မာဗင်က ဇနီးဖြစ်သူထံမှ စာအစကို ပြန်ဖတ်လိုက်၏။

အိုင် ဟက်ဗ် ဂျတ်စ် ရီတန်းဒ် ဖရွမ် အေ ဗစ်ဇစ် တု ကာ
ရျော့…

သည်စာကြောင်းတစ်ခုလုံးကို အခြေခံမိသည်မှာ အမှားဟု မြင်လာသ

ကာဆင်ရျော့သည် သူ့ဇနီးနှင့်သာဆိုင်ပြီး ဒန်လန် ဘာလင် သတင်းပို
များနှင့် သက်ဆိုင်မည်မဟုတ်။

သို့ဖြစ်လျှင် ပထမစကားလုံး ၂၆ လုံးကိုသာ အခြေခံထားသင့်သ

မာဗင်က အစမှ ပြန်ကောက်လိုက်သည်။

I have Just returned from a visit…

အိုင် ဟက်ဗ် ဂျတ်စ် ရီတန်းဒ် ဖရွမ် အေ ဗစ်ဇစ်…





စကားဝှက်၏သော့ချက်က သည်အတိုင်းသာ ဖြစ်သင့်သည်။

စိတ်သက်သာရာရသွားသော မာဗင်က ခုမှ ကော်ဖီဆာလာသည်။

ကော်ဖီအိုးထဲမှ ကော်ဖီတစ်ခွက်ထည့်သောက်ပြီးနောက် လန်ဒန်မှပို့သည့်
းနန်းစာကို ပြန်၍လေ့လာလိုက်ပြန်၏။

ပို့သူအမည်၊ လက်ခံသူအမည်၊ ပို့ရာဌာနများကို စောစောက သူ ခြွင်းချန်
ခဲ့သည် မဟုတ်လား။

ခု ထိုအမည်နှင့် ဌာနများကိုပါထည့်၍ အဓိပ္ပာယ်ဖော်ကြည့်မည်။

မာဗင်က ထူးခြားသည့်အချက်တစ်ချက်ကို လေ့လာရပြန်၏။

လန်ဒန်နှင့်ဘာလင် ကြေးနန်းအပြန်ပြန်အလှန်လှန်ပို့နေသူများသည် ကြေးနန်း
ကိုယ်ကိုသာ စကားဝှက်တစ်မျိုးစီသုံး၍ ပို့နေခြင်းမဟုတ်ဘဲ ပို့သူ၊ လက်ခံသူ
ည်နှင့် ပို့သည့်ဌာနများကိုပင် စကားဝှက်တစ်ကြိမ်လျှင် တစ်မျိုးစီသုံး၍
သည်ဆိုသောအချက်။

မာဗင်က တစ်ဖက်နှင့်တစ်ဖက်ခေါ်သည့် သင်္ကေတများကို ကြေးနန်းစာ
တွင် တိုက်ဆိုင်ကြည့်လိုက်၏။

သင်္ကေတများက အစီအစဉ်အတိုင်းမဟုတ်။

CVX/၀၀၄/SSS/၂၉၀၀၀/Z။

CVX/၀၂၁/SSS/၀၀၂/Z

CVX/၀၁၉/SSS/၂၁၀၀၀/Z

CVX/၀၀၃/SSS/၁၄၀၀၀/Z

CVX/၀၀၅/SSS/၁၇၀၀၀/Z…စသည်ဖြင့်…

တစ်ဖက်နှင့်တစ်ဖက် သတင်းပို့ရန် ဗိုင်ယာလက်စက်ဖြင့် အချက်ပြ၍
သည့် သင်္ကေတသုံးခုသာ တစ်ပြေးညီနေပြီး ကျန်သင်္ကေတများက အစီအစဉ်
ကျ။

တစ်ပြေးညီတူနေသည့်အခေါ် သင်္ကေတသုံးခုက…

ရှေ့ဆုံးတွင်ပါသည့် CVX စီဗွီအက် (ခ) ဆက်…

အလယ်တွင်ပါသည့် SSS အက်စ်သုံးလုံး…

နောက်ဆုံးတွင်ပါသည့် Z ဇက် အက္ခရာ…

စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုဆွဲထုတ်ကာ မီးညှိလိုက်ပြီးနောက်
င်က မီးခိုးများ ထောင်းခနဲထလာအောင် ဖွာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘူးထဲတွင် လက်ကျန်စီးကရက်က နည်းနေပြီ။

သည်နေ့အဖို့ ၃၆ သို့မဟုတ် ၃၇ ခုမြောက် စီးကရက်သာ ဖြစ်ရမည်

မာဗင်က တွက်လိုက်မိ၏။

ဇနီးဖြစ်သူက စီးကရက်ဖြတ်ပါ သို့မဟုတ် လျှော့သောက်ပါဟု စာ

တိုင်း မာဗင်က လျှော့သောက်ပါမည်ဟု စာပြန်ခဲ့သည်။

သို့သော် သူ့အလုပ်က အတွေးနယ်ချဲ့ရသည့်အလုပ်ဖြစ်နေသဖြင့် စီးက

ကို မဖြတ်နိုင်၊ မလျှော့နိုင်ရုံသာမက ပို၍ပင် သောက်နေမိခြင်း။

တစ်ဖက်နှင့်တစ်ဖက် ဖိုင်ယာလက်ဖြင့် အချက်ပြခေါ်ရာ၌ သင်္ကေတ

ခုက တစ်ပြေးညီတူနေသော်လည်း ကွဲပြားနေသည့် သင်္ကေတနှစ်ခုမှာ C

နောက်မှ ဂဏန်းများနှင့် အက်စ်သုံးလုံး (SSS)နောက်မှ ဂဏန်းများ။

မာဗင်က စနစ်တကျအလုပ်လုပ်တတ်သူပီပီ ဖိုင်တွဲကြီးထဲမှ ကြေးနန်း

များကို လန်ဒန်–ဘာလင်ဟုခွဲကာ သီးသန့် တစ်ပုံစီ ပုံထားလိုက်သည်။

ပြီးမှ လန်ဒန်မှပေးပို့သည့် ကြေးနန်းစာများမှ CVX နောက်ရှိ ဂဏန်း

ကို လေ့လာလိုက်သည်။

ဂဏန်းများက အစီအစဉ်မကျ။

သို့သော်လည်း ဂဏန်းများကပေးပို့သည့် ကြေးနန်းစာနံပါတ်ကို အ

အသားပြုထားကြောင်း သိသာနိုင်၏။ ဤသို့ အမှတ်အသားပြုထားကြသည်

ထုံးစံ။

ထုံးစံဟုဆိုရသည့်တိုင် လန်ဒန်မှပေးပို့သည့် ကြေးနန်းနံပါတ်များက

အစဉ်လိုက်မဟုတ်ဘဲ ဟိုကျော်သည်ကျော်ဖြစ်နေပုံက ထူးခြားနေ၏။

တစ်ဖန် ဘာလင်မှပေးပို့သည့် ကြေးနန်းစာများကို လေ့လာလိုက်သ

ဘာလင်မှပေးပို့သည့် ကြေးနန်းစာနံပါတ်များကလည်း အစီအစဉ်အ

မဟုတ်။ ဟိုခုန် သည်ခုန်။

ကြေးနန်းပေးပို့သူများက စိတ်ထင်ရာ နံပါတ်ကိုတပ်၍ ပေးနေခြင်း

လျှို့ဝှက်ဆက်သွယ်နေရာ၌ ကြေးနန်းပေးပို့သူများက စိတ်ထင်ရာနံ

ကို တပ်နေသည်ဆိုခြင်းမှာ မဖြစ်တန်ရာ။

မာဗင်က အက်စ်သုံးလုံးနောက်မှ ဂဏန်းများကိုလည်း လေ့လာလိုက်

သည်ဂဏန်းများကလည်း ဟိုကျော် သည်ကျော်။

ပထမကြေးနန်းတွင် ၂၉၀၀၀ ဟု ရေးထားပြီး ဒုတိယကြေးနန်းကျ





န်းက ၀၀၂။

တတိယကြေးနန်းမှာတော့ ၂၁၀၀၀။

မာဗင်က CVX နောက်မှ ဂဏန်းများများနှင့် အက်စ်သုံးလုံးနောက်မှ

န်းများတွင် သုညများကို စိတ်ထဲမှ ဖျောက်ထားလိုက်ပြီး ဂဏန်းချည်း

က်သက် ရေးချလိုက်၏။

၁၄/၂၉

၂၁/၂

၁၉/၂၁

၃/၁၄

၅/၁၇ စသည်…စသည်ဖြင့်…

ဒုတိယကမ္ဘာစစ်ကြီးတစ်လျှောက်လုံး ဆိုက်ဖာအရာရှိအဖြစ် အမှုထမ်း

ခဲ့သည့် ဒေါက်တာမာဗင်က တစ်ခါသုံးစကားဝှက်ဖြင့် အချက်ပြ အဆက်

သွယ်လုပ်ရာ၌ မည်သို့လုပ်လေ့ရှိပုံကို နောကျေနေပြီးသား။

လန်ဒန်နှင့်ဘာလင် ကြေးနန်းအပြန်အလှန်ပေးပို့နေသူများက ကြေးနန်းစာ

ပါတ်ကို စိတ်ထင်ရာ ရေးချနေခြင်းမဟုတ်ဘဲ စာအုပ်တစ်အုပ်ကို အခြေခံထား

…

ထိုစာအုပ်မှ စာမျက်နှာများနှင့် အခန်းများကို ဖော်ညွှန်းပြလျက် အဆက်

သွယ် လုပ်နေခြင်းသာဟု သဘောပေါက်လာသည်။

ထို့ကြောင့်…

၁၄/၂၉

၂၁/၂

၁၉/၂၁

၃/၁၄

၅/၁၇…စသည်…စသည်တို့သည်…

အဆိုပါ အခြေခံစာအုပ်တစ်အုပ်၏…

အခန်း ၁၄/စာမျက်နှာ ၂၉

အခန်း ၂၁/စာမျက်နှာ ၂

အခန်း ၁၉/စာမျက်နှာ ၂၁

အခန်း ၃/စာမျက်နှာ ၁၄



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၅/စာမျက်နှာ ၁၇ ဟု ဖြစ်နိုင်သလို…

ရှေ့မှဂဏန်းများသည် စာမျက်နှာနံပါတ်များဖြစ်လာကာ နောက်မှဂဏ… များက အခန်းနံပါတ်များ ဖြစ်လာနိုင်သည်မဟုတ်လား။

ဤသို့ စာမျက်နှာနံပါတ်များနှင့် အခန်းကဏ္ဍများကို တစ်ခါလျှင် တစ်… စီ ပြောင်းလဲရည်ညွှန်းကာ သတင်းပေးပို့နေကြခြင်းမှာ ရန်သူ့ဘက်က စကား… ဝှက် အဓိပ္ပာယ်ဖော်သူများအတွက် အခက်တွေ့နေစေရန် တမင်ဖန်တီးထားခြင်…

မည်သို့ပင်ဖြစ်စေ ဘာလင်နှင့်လန်ဒန် အပြန်အလှန် ကြေးနန်းပေးပို့… သူများသည် **စာအုပ်တစ်အုပ်**ကိုအခြေခံကာ အချက်ပြဆက်သွယ်နေခြင်းမှ… ထင်ရှားနေပေပြီ။

**စာအုပ်တစ်အုပ်**ဆိုသော သဲလွန်စကို ရလိုက်သဖြင့် မာဗင်က ဝမ်းသာသွ… သလို စိတ်ဓာတ်လည်း တက်လာသည်။

သူက သူ့အား အစဖော်ပေးခဲ့သည့် သူ့ဇနီးထံမှ ပထမစာကြောင်း… ပြန်ဖတ်လိုက်သည်။

'ကာဆင်ရျော့'စကားလုံးကိုမှ ချန်ပစ်ခဲ့သည်။

အိုင် ဟက်ဗ် ဂျတ်စ် ရီတန်းဒ် ဖရွမ် အေ ဗစ်ဇစ်…

စာကြောင်းရေးဖွဲ့ပုံက ရိုးရိုးကလေး။

မာဗင်က ဘာလင်နှင့်လန်ဒန် အပြန်အလှန်ပေးပို့သည့် ကြေးနန်းစာများ… ဂဏန်းများကို ထပ်လေ့လာလိုက်သည်။

အနိမ့်ဆုံး ဂဏန်းက ၀၀၁။

ယနေ့အထိ အမြင့်ဆုံးဂဏန်းက ၃၁၀၀။

သည်ဂဏန်းများထဲမှ သုညများကို ဖယ်ထုတ်လိုက်လျှင်…

၁ မှ ၃၁ အထိသာ ကျန်တော့၏။

၃၁ ဆိုသည်မှာ စာအုပ်တစ်အုပ်တွင် အများအားဖြင့် ရှိတတ်သည်… နောက်ဆုံးအခန်းကဏ္ဍ။

သည်ဂဏန်းများသည် သတ်မှတ်ထားသည့် စာအုပ်တစ်အုပ်၏ အခန်းနှ… စာမျက်နှာများကို ဖော်ပြနေပြီး ပေးပို့သည့် ကြေးနန်းစကားဝှက်ကို မည်သည့်… အခန်း၊ မည်သည့်စာမျက်နှာကိုသုံး၍ အဓိပ္ပာယ်ဖော်ပါဟု ညွှန်းလိုက်သည့်… အညွှန်းများ။

သို့မဟုတ်…





ရှေ့တွင်ရှိသောဂဏန်းများမှာ ပို့သူက စကားဝှက်အဖြစ် အသုံးပြုထား… …ည့် စာမျက်နှာဖြစ်နိုင်ကာ နောက်ဘက်မှဂဏန်းများမှာ ကြေးနန်းပြန်လျှင် …မည့် စာမျက်နှာကို ညွှန်းထားခြင်းလည်း ဖြစ်နိုင်သည်မဟုတ်လား။

မည်သို့ပင်ဖြစ်စေ စာအုပ်တစ်အုပ်ကို သော့ချက်အဖြစ် အခြေခံကာ …က်ပြ ဆက်သွယ်နေကြသည်ကတော့ ထင်ရှားနေ၏။

ဒေါက်တာမာဗင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

၃၈ လိပ်မြောက် စီးကရက်လား၊ ၃၉ လိပ်မြောက်စီးကရက်လား ဆိုသည် …တော့ သူ မမှတ်မိတော့။

စီးကရက်ကို အားရပါးရရှိုက်လိုက်ပြီးနောက် မာဗင်က ဆက်၍ စဉ်းစား …င်နေ၏။

စာအုပ်တစ်အုပ်…

အိုင် ဟက်ဗ် ဂျတ်စ် ရီတန်းဒ် ဖရွမ် အေ ဗစ်ဇစ်…

သည်စာကြောင်းပါသည့် စာအုပ်တစ်အုပ်။

စာအုပ်တွင် အခန်း ၃၁ အထိ။

အခန်း(၁)တွင် အိုင် ဟက်ဗ် ဂျတ်စ် ရီတန်းဒ် ဖရွမ် အေ ဗစ်ဇစ်… …သော စာကြောင်းဖြင့် စထားလေမလား။

သူက ဒေါက်တာဘွဲ့ကို ရှေးဟောင်းဘာသာစကားနှင့် သချာ်စာတမ်း… ရခဲ့သူဖြစ်ရာ အင်္ဂလိပ်စာပေမှာ သူနှင့်နီးစပ်မှုမရှိလှ။

အကူအညီရမှ ဖြစ်နိုင်မည်။

သံရုံးတွင် ထောက်လှမ်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဗိုလ်ချုပ် …င်ဂျာထံမှ အကူအညီရနိုင်သည်။

ဤမျှအရေးကြီးနေသည့် လျှို့ဝှက်ကြေးနန်းကို အဖြေထုတ်ရာ၌ စာအုပ် …အုပ် လိုနေသည်။

သည်စာအုပ်ကို ဘီလင်ဂျာအကူအညီဖြင့် ရှာဖွေရယူနိုင်မည်မဟုတ်လား။

ညဉ့်အတော်နက်နေပြီဖြစ်သည့်တိုင် မာဗင်က တယ်လီဖုန်းခွက်ကိုကိုင်ကာ …င်ဂျာအိပ်ခန်းရှိရာသို့ ဆက်လိုက်၏။

ည ၁၂ နာရီ…။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

ဆိုက်ဖာဌာန စကားဝှက်ရုံးခန်း...

ရုံးခန်းထဲရှိ စားပွဲကုလားထိုင်နှင့် ခုံတန်းလျားပေါ်တွင် စာအုပ်များ အထ လိုက် စုပုံနေ၏။

လိုအပ်သည်က စာအုပ်တစ်အုပ်။

သို့သော် လုပ်ရသည့်အလုပ်က သံရုံးစာကြည့်တိုက်မှ စာအုပ်မှန်သ စကားဝှက်ရုံးခန်းသို့ သယ်ယူလာကာ တစ်အုပ်ချင်းဖွင့်၍ ရှာနေရခြင်း။

ထောက်လှမ်းရေးမှူး ဘီလင်ဂျာ စကားဝှက်ရုံးခန်းသို့ ရောက်လာပြီးနော နောက်ထပ် ၂ နာရီကြာသွားသည်။

လိုချင်သည့်စာအုပ်ကို မတွေ့ရသေး။

စာအုပ် အခန်း(၁)တွင်...

အိုင် ဟာက်ဖ် ဂျတ်စ် ရီတန်း၃် ဖရွမ် အေ ဗစ်ဇစ်ဆိုသည့် စာကြောင်း စသည့်စာအုပ်။

လိုချင်သည့် စာအုပ်တစ်အုပ်။

လှန်လှောရှာဖွေရသည်က စာအုပ် ထောင်ပုံ ရာပုံ။

လုပ်ငန်းထုထည် ပမာဏ မည်မျှကြီးပုံကို ဆိုက်ဖာဌာနအဖွဲ့သားအား ခုမှ နားလည်သဘောပေါက်လာကြသည်။

ရုံးခန်းထဲတွင် စာအုပ်များဖြင့် ပြည့်နေသလို၊ ကော်ဖီအိုးများ၊ ကေ ပန်းကန်များ၊ စီးကရက်မီးခိုးများကလည်း ပြန့်လျက်။

ဆိုက်ဖာဌာနရှိ ရုံးလုလင်၊ စာရေးစာချီများမှ အထက်၊ ဘီလင်ဂျာအ တစ်ရုံးသားလုံး အိပ်ချင်မူးတူးဖြင့် အလုပ်များနေကြ၏။

အိပ်ချိန်တွင် မအိပ်ရသောကြောင့်လည်း စိတ်တိုနေကြ၏။





ဆိုက်ဖာအရာရှိ ဒေါက်တာမာဗင်အား သတ်ပစ်ချင်လောက်အောင် စိတ်တို နေသူက လက်ထောက် ထောက်လှမ်းရေးမှူး ဗိုလ်မှူးဖိုဒါနှင့် သူ့လက်ထောက် ဗိုလ်ဂျို။

အမှန်စင်စစ် ဖိုဒါက ထောက်လှမ်းရေးတပ်မှမဟုတ်။ တိုက်ခိုက်ရေးတပ်မှ။

သို့သော် ဂျာမနီ၊ အီတာလျံနှင့် ပြင်သစ်စကားကို ရေရေလည်လည် ပြောတတ်သူတစ်ယောက် ဖြစ်နေခြင်းကြောင့် ဆွစ်နိုင်ငံ ဘန်းမြို့ အမေရိကန် သံရုံးသို့ လက်ထောက် ထောက်လှမ်းရေးမှူးအဖြစ် တာဝန်ပေးထားခြင်းခံရသူ။

ကြုံကြုံဖန်ဖန် ကြုံကြိုက်ချင်တော့ ဖိုဒါက ဧပြီလ ၁၇ ရက်နေ့ညတွင်မှ သံရုံးဘာသာပြန်ဌာနမှ တစ်လင်ကွာ တစ်ခုလပ်မကလေး အေမီအား ညစာစား ရန် ဖိတ်ခေါ်ထားမိခြင်း။

ညစာက အထက်တန်းစားမဟုတ်။

သို့သော် ညစာသုံးဆောင်ရင်း အရက်နှစ်ပုလင်း ကုန်ခါနီးလောက်သို့ ရောက်တွင်...

ယခင်က ဖိုဒါခေါ်တိုင်း ငြင်းဆန်လေ့ရှိနေခဲ့သော အေမီက လိုက်လျောမှု ပြလာသည်။

နောက်ထပ် ဘရန်ဒီနှစ်ပက်စီကို တစ်ကျိုက်စီမြို့နေသောအခါ အေမီက ဖိုဒါ့အခန်းတွင်ပင် ညအချိန်ကိုဖြုန်းလိုကြောင်း အရိပ်အရောင်ပြလာ၏။

"မှုလိုက်တာဖိုဒါရယ်၊ ရှင့် ညဝတ်အင်္ကျီကြီး ကျွန်မကိုယ်ပေါ်မှာ ခြုံထား ရရင် ကောင်းမယ်ထင်တယ်"

ဖိုဒါ့ ညဝတ်အင်္ကျီကို အေမီက လဲ၍ဝတ်နေစဉ် ဘီလင်ဂျာထံမှဆက်လိုက် သော ဖုန်းသံက ဖိုဒါ့အခန်းထဲသို့ ရောက်လာ၏။

"ကျွန်မစောင့်နေမယ်လေ၊ ရှင်သွားမှာသာသွားပါ၊ အခန်းထဲမှာ ခါတ်ပြား တွေ ရှိနေသားပဲ၊ ဓာတ်ပြားဖွင့်ရင်း ရှင့်ပြန်အလာကို စောင့်နေမယ်"

ဖိုဒါက အေမီ့စကားကို ခေါင်းညိတ်လိုက်ပြီး အခန်းချင်းကပ်နေသည့် ဗိုလ်ဂျိုကို တံခါးထု၍ခေါ်လိုက်သည်။

ဗိုလ်ဂျိုတွင်လည်း ညအိပ်မည့်အမျိုးသမီးတစ်ဦး ရှိနေသည်။

သို့သော် အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ဘီလင်ဂျာက ဆိုက်ဖာဌာနသို့ အရေးတကြီး ဆင့်ခေါ်လေသောအခါ ဗိုလ်မှူးဖိုဒါရော၊ ဗိုလ်ဂျိုပါ အမျိုးသမီး နှစ်ယောက်ကို အခန်းထဲတွင် ထားပစ်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သူတို့နှစ်ယောက်က ဆိုက်ဖာအရာရှိ မာဗင်အား သတ်ပစ်ချင်လောက်အောင် စိတ်တိုနေကြခြင်း။

ဆိုက်ဖာအရာရှိ မာဗင်ကသာ ဘီလင်ဂျာထံ ဖုန်းမဆက်ခဲ့လျှင်...

သည်အတွေးက ဗိုဒါနှင့် ဂျိုတို့ မာဗင့်အပေါ်တွင် အခဲမကြေနိုင်လောက်သည့် အချက်။

စကားဝှက်ရုံးခန်းတွင် အလုပ်များနေသူများအနက် အတိုက်အခိုက် ကျွမ်းကျင်သူ၊ ဘာသာစကားသုံးလေးမျိုး ပြောတတ်သူ၊ သင်္ချာနှင့် သိပ္ပံပညာရပ်တွင် ထူးချွန်သူ၊ ထောက်လှမ်းရေးတွင် အတွေ့အကြုံများသူ စသည်ဖြင့်...။

သို့သော် အင်္ဂလိပ်စာပေကို နှံ့နှံ့စပ်စပ် လေ့လာလိုက်စားဖူးသူဟူ၍ တစ်ယောက်မှမျှမပါ။

သို့ဖြစ်၍လည်း အိုင် ဟက်ပ် ဂျတ်စ် ရီတန်း၌ ဖရွမ် အော ဗစ်စစ်ဖြင့် စသည့်စာအုပ်ကို ရှာ၍မတွေ့နိုင်ခြင်း။

မာဗင်က စာအုပ်တစ်အုပ်ဟုဆိုသည်။

ထိုစာအုပ်က ဂန္တဝင်မြောက်စာအုပ်လား၊ ဘာသာပြန်စာအုပ်လား၊ ဘက်စ်ဆဲလားခေါ် အရောင်းရဆုံးစာအုပ်လား...

မည်သူမျှမပြောနိုင်။

"ကျုပ်က မွေးလာကတည်းက စစ်သားဖြစ်လာတဲ့အကောင်၊ ဒီတော့ စာနဲ့ ပေနဲ့ အဝေးကြီး။

"မင်းတို့က ကောလိပ်က ဒီဂရီတွေ အများကြီးရလာတဲ့လူတွေ၊ ဒါတောင် ဘယ်စာအုပ်ဆိုတာ မပြောနိုင်ကြဘူး"

"ကျုပ်က သံအမတ်ကြီးကို ဒီကြေးနန်းတွေရဲ့ အဓိပ္ပာယ်ကို နက်ဖြန် ဖော်ပေးနိုင်မယ်လို့ ကတိပြုခဲ့တယ်။ ခုတော့ သောက်ကျိုးနည်းနေပြီ"

စိတ်မရှည်နိုင်တော့သော ထောက်လှမ်းရေးမှူး ဘီလင်ဂျာက မြည်တွန်တောက်တီးနေ၏။

"ပုံနှိပ်စာအုပ်တွေဆိုတာ ဆယ့်ငါးရာစုနှစ်လောက်ကပဲ ပေါ်နေတာ ဒီတော့..."

တစ်ယောက်က လူအုပ်ကြားထဲမှ ဝေဖန်ချက်ပေးလိုက်၏။

"ဒါကို ကျုပ်သိတယ်၊ ဒီရုံးခန်းထဲမှာပုံနေတဲ့ စာအုပ်ပုံကြီးကို ကြည့်တာနဲ့ သိတယ်၊ ကျုပ်တို့လိုချင်တာ စာအုပ်ပုံကြီးမဟုတ်ဘူး၊ စာအုပ်တစ်အုပ်တည်း





သည်"

ဘီလင်ဂျာ့စကားကို ဗိုလ်မှူးဗိုဒါက...

"စာအုပ်တစ်အုပ်မဟုတ်ဘဲ နေ့စဉ်မှတ်တမ်း ဖြစ်ချင်ဖြစ်နေမလား၊ မာဗင်ပြောတဲ့ဝါကျက ဘယ်စာအုပ်မှာမှ တွေ့နိုင်မယ့်စာကြောင်းမဟုတ်ဘူး။ ဘယ်ဝတ္ထုစာအုပ်မှ ဒီလောက်ရိုးတဲ့စာကြောင်းနဲ့ မစဘူး"

"နှစ်ဆယ်ရာစုနှစ်မှာတော့ ဘယ်ဝတ္ထုစာအုပ်မှ ဒီဝါကျမျိုးနဲ့ မစပါဘူးဗျာ"

တစ်ယောက်က ကြားဖောက်၍ ထင်မြင်ချက်ပေးလိုက်သည်။

ဘီလင်ဂျာက ထင်မြင်ချက်ပေးသူဘက်သို့ လှည့်လိုက်ကာ...

"ဒါဖြင့် ဆက်ပြောစမ်းပါ၊ ဘယ်ရာစုနှစ်မှာ ဒီဝါကျမျိုးနဲ့စတဲ့ ဝတ္ထုစာအုပ်မျိုး ရှိလို့လဲ"

"ဒါတော့ ကျွန်တော်လည်း အတိအကျမပြောနိုင်ပါဘူးခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်သိသလောက်တော့ ဒီလို ပထမပုဂ္ဂိုလ် First Person နာမ်စားနဲ့စတဲ့ ဝါကျမျိုးကိုတော့ ဆယ့်ကိုးရာစုနှစ် စာရေးဆရာတွေ ခပ်များများရေးလေ့ရှိကြပါတယ်။ ဆိုပါတော့...ဒစ်ကင်းလို စာရေးဆရာမျိုး"

ဤတွင် ဗိုလ်ဂျိုက...

"ဒစ်ကင်းဝတ္ထုတွေ ကျွန်တော်လှန်ကြည့်ပြီးပါပြီ။ အခန်းတစ်က အစဝါကျတွေဆိုပါတော့။ ဒစ်ကင်းရေးတဲ့အထဲမှာ ဒစ်ဗစ်ကော့ပါဖီးလ်ဝတ္ထုဟာ နာမည်ကျော်ပဲ။ ဒီဝတ္ထုစာအုပ်ထဲမှာလည်း မာဗင်ပြောသလို စ,မထားဘူး"

ပထမထင်မြင်ချက်ပေးသူက...

"ဘယ်သူ့ဝတ္ထုစာအုပ်လို့ ကျွန်တော်က တိတိကျကျပြောတာ မဟုတ်ပါဘူး။ ဆယ့်ကိုးရာစုနှစ်က စာရေးဆရာတွေ ဒီလိုပထမပုဂ္ဂိုလ်နာမ်စားနဲ့ ရေးလေ့ရှိတာကို ပြောတာပါ"

"ဒီတော့ ဆယ့်ကိုးရာစုနှစ် စာရေးဆရာတွေကို စာရင်းချပြီး မနက်ကျမှ စာကြည့်တိုက်မှူးကို အရှာခိုင်းရင် ပိုကောင်းလိမ့်မယ် ထင်ပါတယ်"

ဤတွင် ဘီလင်ဂျာက...

"ကျုပ်က သံအမတ်ကြီး ဒါးလ်စ်ကို မနက်ကျရင် စကားဝှက်ရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်လိမ့်မယ်လို့ အာမခံထားခဲ့တယ်။ ဘယ့်နှယ်လုပ်မလဲ"

"ဒါတော့ ဖြစ်နိုင်မယ်မထင်ပါဘူး ဗိုလ်ချုပ်"

ဗိုလ်မှူးဗိုဒါက ကြားဝင်တင်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ နေထွက်လာတဲ့အထိ ဖွဲ့ရှိရှိနဲ့ ရှာနေပေမယ့် ကျွန်တော်တို့ လိုချင်တဲ့စာအုပ်ကိုတော့ တွေ့နိုင်မှာမဟုတ်ပါဘူး"

"မနက်ကျလို့ စာကြည့်တိုက်မှူးကိုမေးလိုက်ရင် ခဏကလေးနဲ့ ရနိုင်မှာပါ"

အခန်းသို့ ပြန်ချင်စောကြီးနေသည်ကတစ်ကြောင်း၊ လုပ်နေရသည့်အလုပ်က ပင်ပန်းသလောက် အရာရောက်မည်မဟုတ်ကြောင်း နားလည်နေသည်က တစ်ကြောင်းတို့ကြောင့် ဖိုဒါက လျှောက်လဲချက်ပေးလိုက်၏။

ဘီလင်ဂျာက ဖိုဒါအား ယုံရပါ့မလားဟူသော အဓိပ္ပာယ်ဖြင့် စိုက်ကြည့်နေ၏။

ဖိုဒါက...

"ကျွန်တော်တို့ တစ်ညလုံးလုပ်ရတဲ့အလုပ်ကို စာကြည့်တိုက်မှူးက တစ်စက္ကန့်တည်းနဲ့ လုပ်လို့ရပါတယ်။ ဒီတာဝန်ကို ကျွန်တော်ကိုယ်တိုင်ယူပါ့မယ်"

ဘီလင်ဂျာက သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီးနောက် အမိန့်ပေးလိုက်သည်။

"အားလုံး ပြန်အိပ်နိုင်ပြီ"

▲



[ ၂၂ ]

ဗိုလ်မှူးဖိုဒါနှင့် ဗိုလ်ဂျိုတို့က မိမိတို့အခန်းသို့ပြန်၍ ခြေဦးလှည့်ခဲ့ကြသည်။ အမျိုးသမီးနှစ်ယောက်က သူတို့ကိုစောင့်နေဆဲ။

ဂျိုက ဖိုဒါအား ဥတ်နိုက်ဟု နှုတ်ဆက်လိုက်ပြီး သူ့အခန်းတံခါးကို ဖွင့်သွားသည်။

ဘာသာပြန်ဌာနမှ တစ်ခုလပ်၊ တစ်လင်ကွာမကလေး အေမီက ဖိုဒါအား ခါးဝမှ အသင့်ဆီးကြိုနေ၏။

'ဒီလိုစောင့်နေတာ ကျေးဇူးတင်လိုက်တာ အေမီ'

ဖိုဒါက အေမီအားဖက်ထားလိုက်ရင်း စကားဆိုလိုက်၏။

အေမီက ဖိုဒါ၏ ညဝတ်အင်္ကျီကြီးကို ဝတ်ထားသည်။

နှစ်ယောက်ထိုင်ဆိုဖာတွင် ယှဉ်တွဲ၍ထိုင်လိုက်သောအခါ အေမီက ဖိုဒါ့ထက် ဘရန်ဒီတစ်ပက်ကို ထည့်ပေးလိုက်ရင်း...

'ဒါလောက်တောင် ညကြီးအချိန်မတော် ဘာတွေများ အလုပ်ရှုပ်နေရတာနဲ့ဒါ'

'မပြောပါနဲ့တော့ကွာ'

ဖိုဒါက ညှိုးမှုသော စကားဆိုကာ ဘရန်ဒီတစ်ပက်ကို ထက်ဝက်လောက်အောင် မော့ချလိုက်၏။

သူ့ခေါင်းထဲတွင် အေမီထက် 'စာအုပ်တစ်အုပ်'ကိစ္စက အရေးကြီးနေသည်။

'ဟင်...ရှင့်ဆီက ဆေးလိပ်စော်နံလိုက်တာ'

ဖိုဒါ့ ပါးနားသို့ကပ်လာသော အေမီ့နှုတ်မှ ကန့်ကွက်သံထွက်လာ၏။

'ဒီလိုဆိုလည်း ရေချိုးခန်းထဲသွားပြီး မျက်နှာသစ်လိုက်ဦးမယ်'

'အို...သစ်မနေပါနဲ့တော့၊ ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



အေမီက ဖိုဒါအား ဖက်ထားလိုက်သည်။

ဆိုက်ဖာဌာန စကားဝှက်ရုံးခန်းတွင် ရှိနေစဉ်က အေမီ၏ ဖောဌပွအ ကို ခုံခုံမင်မင် တမ်းတနေမိသော်လည်း စကားဝှက်ရုံးခန်းမှ ပြန်လာပြီးချိန် ဖိုဒါက ဗိုလ်ချုပ်ဘီလင်ဂျာအား နက်ဖြန် 'စာအုပ်တစ်အုပ်'ကိုစွနှင့်ပတ်သ ကတိပေးထားချက်ကိုသာ သတိရနေသည်။

အေမီနှင့်အတူ အိပ်ရာထဲသို့ရောက်နေသည့်တိုင် ဖိုဒါက ရုံးခန်းထဲမှအ ကို ပြန်၍ တဖွဖွရွတ်နေမိ၏။

'အိုင် ဟက်ဗ် ဂျတ်စ် ရီတန်း ဒ် ဖရွမ် အေ ဗစ်ဇစ်'

အေမီက ဖိုဒါ့နှုတ်မှ တဖွဖွထွက်လာနေသည့် စကားသံကို လိုက်ဆို ဆက်ဆိုနေ၏။

'အိုင် ဟက်ဗ် ဂျတ်စ် ရီတန်း ဒ် ဖရွမ် အေ ဗစ်ဇစ် တူ မိုင် လ လောဒ်'

ဖိုဒါက လှဲအိပ်နေရာမှ ထထိုင်လိုက်ပြီး...

'အေမီ...မင်း ခုနကဆိုလိုက်တဲ့ ဝါကျက ဘာ'

အေမီက အံ့သြသွားကာ...

'ဝါကျ...ဟုတ်လား၊ ကျွန်မအလွတ်ရနေတာ ကျွန်မဆိုလိုက်တာ

'ကဲ...ဆိုစမ်း...ဆိုစမ်း'

'အိုက် ဟက်ဗ် ဂျတ်စ် ရီတန်း ဒ် ဖရွမ် အေ ဗစ်ဇစ် တူ မိုင် လ လောဒ်၊ သ ဆော်လစ်ထရီ နေဘာအိုင် ရှဲလ် ဘီ ထရားဘူးလ် ဝစ်သ်'

'I have just returned from a visit to my landlord, the s tary neighbour I shall be troubled with'

အေမီက ရသမျှ ရွတ်ဆိုပြလိုက်ပြီး ဖိုဒါအား အံ့သြသည့်အမူအရ ကြည့်နေသည်။

ဖိုဒါက အေမီ့လက်မောင်းတစ်ဖက်ကို အားရပါးရ ဆုပ်ညှစ်လိုက်သ

အေမီက မျက်နှာကလေးကို ရှုံ့လိုက်ရင်း...

'အို...နာပါတယ်၊ တကတည်း'

'နေပါဦး...ခု အေမီရွတ်လိုက်တာက စာအုပ်ထဲကမဟုတ်လား'

'စာအုပ်ထဲကပေါ့ရှင့်၊ အေမီက စာရေးဆရာမမှ မဟုတ်တာ၊ ဘာဖြ လဲဟင်'





'စာအုပ်ထဲကဆိုရင် ဘာစာအုပ်လဲ အေမီ'

အေမီက

'အို...ဒါတောင် မသိဘူးလား၊ ဒီဝါကျက ဝုစ်သားတင်းဟိုက်စ် (Wuth Heights) ဝတ္ထုစာအုပ်ထဲကလေ၊ အမ်မလီဘရွန်တီရေးတဲ့ဝတ္ထု'

'နေပါဦး...ဒီဝါကျက ဒီ**လေထန်ကုန်း**ဝတ္ထုထဲမှာ ဘယ်နေရာမှာပါတာ

'ဒီဝါကျက ဝတ္ထုရဲ့အဖွင့်ဝါကျရှင့်၊ အခန်းတစ်မှာ အစဆုံးကပါတာ၊ က ဒီလေထန်ကုန်းဝတ္ထုကို အစကနေ အဆုံးထိ အလွတ်ရနေတာ'

'နေပါဦး အေမီ၊ မင်းက ဒီစာအုပ်က စာသားတွေကို ဘာကြောင့် ဒီ က် မှတ်မိနေရတာလဲဟင်'

'အေမီက ဒီဝတ္ထုစာအုပ်နဲ့ လူလားမြောက်လာတာရှင့်...သိရဲ့လား ..'

'ဒီဝတ္ထုက အမျိုးသမီးစာရေးဆရာမတွေရေးတဲ့အထဲမှာ စိတ်ကူးယဉ်အချစ် သိပ်ပြီး သရုပ်ပေါ်အောင် ဖွဲ့နွဲ့ထားတဲ့ ဝတ္ထုရှင့်၊ ရှင်က ဗိုလ်မှူးတစ်ယောက် နေပြီး ဒီလောက်မှ မသိဘူးလား'

'ကျုပ်က စစ်နဲ့ပတ်သက်တာမှ စိတ်ဝင်စားတာ၊ အမျိုးသမီးစာရေးဆရာမ ယောက်ရေးတဲ့ စိတ်ကူးယဉ်အချစ်ဝတ္ထုကို ဘယ်ဖတ်မိမှာတုံး'

'ကျုပ်က စိတ်ကူးမယဉ်တတ်ဘူး၊ သိတယ်မဟုတ်လား'

အေမီက ချစ်မျက်စောင်းကလေး တစ်ချက်ထိုးလိုက်၏။

ပြီးမှ အေမီက စကားဆက်လိုက်သည်။

'ဒီဝတ္ထုက အမျိုးသမီး စာရေးဆရာမတစ်ယောက်က အမျိုးသမီးတွေ ုံးအတွက် စိတ်ကူးယဉ်ရေးလိုက်တဲ့ အချစ်ဝတ္ထုရှင့်'

'ဝတ္ထုတွေထဲမှာတော့ အေမီ့အကြိုက်ဆုံး ဝတ္ထုတစ်ပုဒ်ပေါ့'

ဗိုလ်မှူးဖိုဒါက သူ့ရင်ဘတ်ကို သူ့လက်ဖြင့် စည်တီးသလို မတီးမိအောင် း ချုပ်တည်းထားလိုက်ရသည်။

'ဒီလောက်ပဲ အ,ရ၊ နံ့ရသလားဖိုဒါ'

ဖိုဒါက စိတ်ထဲမှ ရေရွတ်လိုက်သည်။

ဆိုက်ဖာဌာန စကားဝှက်ရုံးခန်းတွင် မကြာမီကလေးက လူလေးငါးဆယ် က် ခေါင်းချင်းဆိုင်ကာ စာအုပ်တစ်အုပ်ကို ရှာခဲ့ကြ၏။

မည်သူမျှ ထို'စာအုပ်တစ်အုပ်'ကို အမည်ဖော်ထုတ်ခြင်း မပြုနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသူ လေးငါးဆယ်ယောက်မှာလည်း အားလုံး အမျိုးသားတွေချ
မည်သူကမှ 'အမျိုးသမီးစာရေးဆရာမ'တစ်ယောက်ကို မစဉ်းစား
ဒစ်ကင်း၊ တော်စတွိုင်၊ ဇိုလာ စသော အမျိုးသားစာရေးဆရာများ
သည့် စာအုပ်များကိုသာ ဦးစားပေး စဉ်းစားခဲ့ကြသည်မဟုတ်လား။

ဖိုဒါက အိပ်ရာပေါ်တွင်ထိုင်နေရာမှ အောက်သို့ဆင်းလိုက်၏။

'ရှင် ဘယ်သွားမလို့လဲ ဖိုဒါ'

အေမီက အာသာမပြေသေးသည့်အသံဖြင့် စိုးရိမ်တကြီးမေးလိုက်

ကုလားထိုင်လက်ရန်းပေါ်တွင် စောစောကတင်ထားသော ဘောင်းဘီ
ဖိုဒါက ကောက်စွပ်နေရင်း အဖြေပေးလိုက်၏။

'အေမီ...မင်းက သိပ်လှပြီး သိပ်လည်း ချစ်စရာကောင်းတယ်'

'ဒါပေမယ့် ဒီနေ့ညတော့ ဒီမျှနဲ့ပဲ နိဂုံးချုပ်ကြပါစို့၊ ကျုပ်မှာ သိပ်အရေး
တဲ့ ကိစ္စရှိနေတယ်'

ဖိုဒါက ပြောပြောဆိုဆို ဘောင်းဘီဝတ်လျက်တန်းလန်းမှ ဗိုလ်ဂျို့ အ
နားသို့ ခုန်ဆွခုန်ဆွလုပ်၍ သွားကာ တံခါးကို တဒုန်းဒုန်းမြည်အောင်ထုလိုက်

ဗိုလ်ဂျို၏ စိတ်တိုတိုဖြင့် ပြန်၍ထူးလိုက်သံက ဂျိနီဗာမြို့မှ ကြား
လောက်အောင် ကျယ်လောင်နေလေသည်။

▲



[ ၂၃ ]

ဖိုဒါ့ တပ်လှန့်သံက ဆိုက်ဖာဌာနတစ်ခုလုံးရှိ ကြီးကြီးငယ်ငယ် အမှုထမ်း
မျှအား အိပ်ရာမှလန့်နိုးလာစေသည်။

စကားဝှက် ရုံးအမှုထမ်းများကလည်း အိပ်မောကျနေရာမှ လူးလဲထလာ
၏။

အဘယ်ကြောင့်ဆိုသော်...

ထောက်လှမ်းရေးမှူး ဗိုလ်ချုပ်ဘီလင်ဂျာကိုယ်တိုင်က သက်ဆိုင်ရာ အကြီး
အားလုံးအား ညကြီးအချိန်မတော် ဖုန်းဆက်ကာ နှိုးနေသောကြောင့်။

စကားဝှက်ရုံးခန်းတွင် လူစုမိကြပြီးနောက် ဖိုဒါ့စကားအရ တောင်ပုံရာပုံ
နေသည့် စာအုပ်ပုံကြီးများထဲမှ အမ်မလီဘရွန်တီရေးသည့် ဝုစ်သားတင်း
စ် ဝတ္ထုစာအုပ်ကို ကြိုးစားပမ်းစား ရှာကြသည်။

မတွေ့။

ဗိုလ်ချုပ်ဘီလင်ဂျာက ကျမ်းစာအုပ်သပ်သပ်၊ ဝတ္ထုစာအုပ်သပ်သပ် တစ်
ခု တန်းစီထားရန် အမိန့်ပေးလိုက်ပြီးနောက်...

ဒုတိယအကြိမ်မြောက် ရှာပုံတော်ဖွင့်ကြပြန်၏။

သို့ရာတွင် ဝုစ်သားတင်းဟိုက်စ်ကို မတွေ့။

ဗိုလ်ချုပ်ဘီလင်ဂျာက ၁၉၇၁ ခုနှစ်ထုတ် ဝတ္ထုစာအုပ်ချည်း သပ်သပ်ထပ်
အပုံခိုင်းလိုက်သည်။

ပုံ၍ပြီးသွားသောအခါ တစ်ယောက်လျှင် ဆယ်အုပ်စီအပ်လျက် ဝုစ်သား
ဟိုက်စ်ကို ရှာခိုင်းပြန်၏။

တတိယအကြိမ်မြောက် ရှာပုံတော်ဖွင့်ရာတွင်လည်း အချည်းနှီး။



www.burmeseclassic.com

www.burmeseclassic.com



ဝှစ်သားတင်းဟိုက်စ်ကို အင်္ဂလိပ်နှင့် ဂျာမန်ဘာသာဖြင့် ရိုက်နှိပ်ထုတ် ထားကြောင်း လူတိုင်းသိထားပြီးဖြစ်သည့်တိုင် မည်သည့်ဘာသာဖြင့် ရိုက်နှိ ထားသည့်စာအုပ်ကိုမျှ မတွေ့။

တတိယအကြိမ်မြောက် ရှာပုံတော်ဖွင့်ရာ၌ သံရုံးစာကြည့်တိုက်မှူးကိုယ်တို ပါဝင်နေသည်။

စာကြည့်တိုက်မှူးကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ဂျာမ ဘာသာဖြင့်သော်လည်းကောင်း ရိုက်နှိပ်ထားသည့် ဝှစ်သားတင်းဟိုက်စ် ဝတ္ထု စာအုပ်ကို ရှာမတွေ့သောအခါ..

'ကျွန်တော့်မိတ်ဆွေ စာအုပ်တိုက်ပိုင်ရှင်တစ်ယောက်ရှိတယ်၊ သူ့စာအု တိုက်မှာတော့ ဒီစာအုပ်ရှိမှာ အမှန်ပဲ၊ သူ့စာအုပ်တိုက်က ဗစ်တိုရီးယားလ ထဲမှာ'ဟု အကြံပေးလာ၏။

'ဒီလိုအချိန်ကြီးမှာ စာအုပ်တိုက်ပိုင်ရှင်ကို စာအုပ်တိုက်ဖွင့်ပေးပါလို့ ပြေ လို့ ရမလား'

ဂျိုက ဖြတ်မေးလိုက်ခြင်း။

သူတို့အားလုံးက မိမိတို့လက်မှနာရီကို ကြည့်လိုက်မိကြသည်။

၄ နာရီ။

ဧပြီလ ၁၈ ရက်၊ နံနက် ၄ နာရီ။

'ကျွန်တော်တို့ ပရိယာယ်သုံးပြီး ဖွင့်ခိုင်းရင်တော့ ရနိုင်လိမ့်မယ်၊ သူ့ စာအုပ်တိုက်မှာ အပြာစာအုပ်တွေ၊ အပြာဓာတ်ပုံတွေ လက်သိပ်ထိုးရောင်း တော့ ကျွန်တော်တို့လိုတဲ့စာအုပ်ကို စာအုပ်တိုက်ဖွင့်ပြီး ရှာမပေးဘူးဆိုရင်

စာကြည့်တိုက်မှူး၏စကားမဆုံးမီ ဗိုလ်ချုပ်ဘီလင်ဂျာက ဗိုလ်မှူးဖိုဒါနှ ဗိုလ်ဂျိုတို့နှစ်ယောက်အား စာကြည့်တိုက်မှူးနှင့်အတူ စာအုပ်တိုက်သို့ လွှတ် လိုက်သည်။

သူတို့သုံးယောက် စာအုပ်တိုက်သို့ ရောက်သွားသည့်အချိန်က နံနက် ၄ နာရီခွဲ။

အိပ်ကောင်းသည့်အချိန်။

သို့ရာတွင် နိုင်ကွက်ကိုပိုင်ထားပြီးဖြစ်သည့်အလျောက် စာအုပ်တိုက်ပိုင်ရှ အား အိပ်ရာမှထလာအောင်လုပ်ဖို့သာ အရေးကြီးသည်။

စာအုပ်တိုက်ပိုင်ရှင်နှင့် စကားပြောခွင့်ရလိုက်ပြီးနောက် လာရင်းကိစ္စ





ချောမောမော။

ဝှစ်သားတင်းဟိုက်စ်ဝတ္ထုစာအုပ်ကို အင်္ဂလိပ်လိုရော၊ ဂျာမန်ဘာသာပြန်နှင့် နှစ်မျိုးလုံးရလာသည်။

သံရုံးစကားဝှက်ရုံးသို့ ဖိုဒါတို့သုံးယောက် ပြန်ရောက်လာသည့်အချိန်က က် ၅ နာရီ ၁၅ မိနစ်။

ဗိုလ်ချုပ်ဘီလင်ဂျာက ဆေးပြင်းလိပ်မှာလိုက်၊ ကော်ဖီသောက်လိုက်ဖြင့် ကြပ်နေစဉ်...

ဖိုဒါ၊ ဂျိုနှင့် ဒေါက်တာမာဇင်တို့သုံးယောက်က ဘာလင်နှင့် လန်ဒန် ပြန်ပြန်အလှန်လှန်ပေးပို့နေခဲ့သည့် ကြေးနန်းစာ စကားဝှက်ကို အဓိပ္ပာယ် ော်နေကြသည်။

ဖိုဒါနှင့် ဂျိုက ဂျာမန်စကားနှင့် ဂျာမန်စာကို မှတ်နေအောင် ကျွမ်းကျင် ားပီပီ ဘာလင်မှပေးပို့သည့် ကြေးနန်းများကို အဓိပ္ပာယ်ဖော်နိုင်ရန် ကြိုးစား ကြပြီး ဒေါက်တာမာဇင်က လန်ဒန်မှ ကြေးနန်းလျှို့ဝှက်ချက်ကို ဖော်ထုတ် ်အောင် အားထုတ်နေသည်။

အမ်မလီဘရွန်တီ၏ ဝှစ်သားတင်းဟိုက်စ်ဝတ္ထုတွင် အခန်း ၃၁ အထိ။

ဤ နောက်ဆုံးအခန်းတွင်မှ ကြေးနန်းပို့သူ လက်ခံသူနှစ်ယောက်၏ မည်ဝှက်နှင့် လိပ်စာစကားဝှက်ကို ရှာ၍ရတော့သည်။

ကြေးနန်းပို့သူက ဆု။

ကြေးနန်းလက်ခံသူက မေခလာ။

လန်ဒန်မှ ဆုနှင့် ဘာလင်မှ မေခလာတို့နှစ်ယောက်က စစ်ဆင်ရေးတစ်ရပ် တွက် အပြန်ပြန်အလှန်လှန် ကြေးနန်းပေးပို့ကာ စကားကမ်းလှမ်းနေကြခြင်း။

စစ်ဆင်ရေးကို အမည်ပေးထားသည်က **မြင်းကုန်ကူး။**

ဧပြီလ ၁၈ ရက်၊ နံနက် ၇ နာရီ၊ မိနစ် ၂၀ သို့ ရောက်လာသောအခါ ်ချုပ်ဘီလင်ဂျာက လန်ဒန် ဘာလင် လျှို့ဝှက်ကြေးနန်းများနှင့် ပတ်သက်၍ ဓိပ္ပာယ်အားလုံးကို သိခွင့်ရလိုက်ပြီ။

လန်ဒန်မှ ဆုနှင့် ဘာလင်မှ မေခလာတို့က မြင်းကုန်ကူး စစ်ဆင်ရေးဟု ည်ပေးကာ တစ်ဖက်နှင့်တစ်ဖက် အပေးအယူလုပ်နေကြသည်ကို သိလာ သည်။

သို့သော် မည်ကဲ့သို့ အပေးအယူဆိုသည်ကိုကား သိခွင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



ဆု,အမည်ခံသူက မည်သူ၊ မေခလာအမည်ခံသူက မည်သူဆိုသည်
လည်း ယခုအချိန်ထိ သိနိုင်ရန် မစွမ်း။

ဤအချက်များကို သိလာအောင် ထပ်ဆင့် ထောက်လှမ်းရေးလုပ်ရဦးမည်

တိတိကျကျသိနေရသည့်အချက်က မြင်းကုန်ကူးစစ်ဆင်ရေးက မ
တော့သောအချိန်တွင် ပေါ်ပေါက်လာရမည်ဟူသောအချက်။

ဗိုလ်ချုပ်ဘီလင်ဂျာက စကားဝှက်အဖြေများကို နေ့စွဲအလိုက် အစီအ
ကျအောင် ထပ်နေရင်း...

"ဒီစကားဝှက်အဖြေတွေကို ခက်ခက်ခဲခဲဖော်ထုတ်ပေးနိုင်တဲ့ အမှုထ
တွေကို ဘယ်လိုဆုတွေ၊ တံဆိပ်တွေ ပေးတယ်ဆိုတာတော့ ကျွန်တော်မသိဘူး

"ဒါပေမယ့် ခင်ဗျားအတွက် သက်ဆိုင်ရာအကြီးအကဲက အသိအမှ
ပြုချက် တစ်ခုခုတော့ ရစေရမယ် ဒေါက်တာမာဗင်"

ဒေါက်တာမာဗင်က...

"ဒီစကားဝှက်ရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တာ ကျွန်တော် တ
ယောက်တည်း မဟုတ်ပါဘူး ဗိုလ်ချုပ်။

"တကယ်လို့သာ ဖိုဒါက ဘာဝစ္စတာအုပ်ဆိုတာ အကြံပြုချက်မပေးခဲ့ရင်

ဘီလင်ဂျာက ဖိုဒါဘက်သို့ လှည့်ကြည့်လိုက်သည်။

ဖိုဒါနှင့်အတူ ဂျိုက ဆိုဖာတစ်ခုစီပေါ်တွင် အိပ်ပျော်နေကြသည်။

"ခင်ဗျားပြောတာ ဟုတ်ပါတယ်။ ဖိုဒါရော၊ ဂျိုကိုပါ စာရင်းထည့်ပြ
သက်ဆိုင်ရာကို အစီရင်ခံရမယ်။ ဒါပေမယ့် အခုအချိန်မှာတော့ သူတို့နှစ်ယော
က အိပ်ပျော်တဲ့ဆုကို လက်ငင်းခံစားနေကြရပြီလေ"

ဘီလင်ဂျာက တစ်ချက်သမ်းလိုက်ပြီးမှ မာဗင်အား စကားပြန်လိုက်က
ပြုံးလိုက်၏။

လမ်းပေါ်တွင် လူသွားလူလာ များစပြုလာနေပြီ။

▲

[ ၂၄ ]

ဆွစ်ဇာလန်နိုင်ငံ၊ အမေရိကန်သံရုံး၏ သံအမတ်ကြီးဟူသောရာထူးကို
ထားသူ အလန်ဒါးစ်က အမှန်စင်စစ်တွင် အမေရိကန် လျှို့ဝှက်ထောက်လှမ်း
အဖွဲ့ အိုအက်စ်အက်စ်(OSS)၏ အကြီးအကဲတစ်ဦး။

သံအမတ်ကြီး၏အိမ်က အားမြစ်ကိုမှီး၍ မြင်နိုင်သည့် တစ်နေရာမှာ။
ရုံးမှကားဖြင့်ဆိုလျှင် မိနစ်အနည်းငယ်ကြာရုံသာအကွာ။

ဗိုလ်ချုပ်ဘီလင်ဂျာက အမေရိကန်အလံလွှင့်ထားသည့် ကာဒီလက် ဓိမ်ခံ
ကြီးကို အဝင့်သားစီးကာ သံအမတ်ကြီးအိမ်သို့ အခန့်သားရောက်လာသည်။

သံအမတ်ကြီး၏ စာကြည့်ခန်းထဲသို့ ဘီလင်ဂျာရောက်လာသည့်အချိန်က
က် ၈ နာရီထိုးပြီးခါစ။

သံအမတ်ကြီးက ဒူးကိုက် ပေါင်ကိုက် ခြေကိုက်သည့် ဒူလာရောဂါကို
စ်နေ့မပြတ် ခံနေရသူ။

ထို့ကြောင့် ညောင်စောင်းပေါ်တွင်ထိုင်နေပြီး ဘယ်ခြေထောက်ကို ဆန့်
ကာ ခေါင်းအုံးနှစ်လုံးဆင့်လျက် အောက်မှခံထားသည်။

ပါးစောင်တွင် ခဲထားသည့်ဆေးတံမှ မီးခိုးများလွှင့်တက်နေ၏။

အသက် ၅၀ လောက်သာရှိသေးသည့်တိုင် အသံအမတ်ကြီး လန်ဒါးစ်၏
မ်းမာရေးက ချွတ်ယွင်းလျက်။

ကိုင်းမပါသောမျက်မှန်တပ်ထားသည့် အလန်ဒါးစ်က အသက်ကို ပြင်းပြင်း
နေသည်။ မျက်စိသူငယ်အိမ်ကပင် အပ်ခေါင်းလောက်သာရှိနေ၏။

အကိုက်အခဲမှသက်သာအောင် သံအမတ်ကြီး မည်ကဲ့သို့သော မူးယစ်
များကို သုံးထားသလဲဟု ဘီလင်ဂျာက တွေးလိုက်မိသည်။

သံအမတ်ကြီးက ထိုင်ရန် အချက်ပြလိုက်သောကြောင့် ဘီလင်ဂျာက





www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်တစ်လုံးကို ညောင်စောင်းနားသို့ ရွှေ့ယူ၍ ထိုင်လိုက်ပြီး ဖမ်း
သော မှုရင်းကြေးနန်းစာများနှင့်အတူ အဖြေထုတ်ထားချက်များကိုပါ တင်
လိုက်သည်။

တင်ပြချက်တွင် ဘာလင်-လန်ဒန် အပြန်အလှန်ပေးပို့သည့် ကြေးနန်းမျာ
ကို ကြားဖြတ်၍ ဖမ်းမိပုံကအစ၊ စကားဝှက်ကို မည်သို့အဖြေထုတ်ရပုံများကို
ဘီလင်ဂျာက အစီရင်ခံစာအဖြစ် ပူးတွဲထားသည်။

သံအမတ်ကြီးက တင်ပြလွှာများကို အတန်ကြာအောင်ဖတ်နေပြီးမှ စကာ
ဆိုလိုက်၏။

"ဂုဏ်သားတင်းဟိုလ်စ်တဲ့၊ ဟား...ဟား...ဗြိတိန်တွေက သိပ်ပြီး ဟာ
လုပ်ချင်တဲ့လူတွေ"

"သူတို့ဟာသလုပ်ပေမယ့် ကျွန်တော်တို့ကတော့ တစ်ညလုံးကုန်းပြ
မိုးစင်စင်လင်းတဲ့အထိ တစ်ရေးမှမအိပ်ရဘဲ စကားဝှက်ကိုဖော်ဖို့ ကြိုးစားနေ
ရတယ်"

"ကျွန်တော်တို့သာဆိုရင် အမျိုးသမီးစာရေးဆရာမတစ်ယောက်ရဲ့ ဝတ္ထ
စာအုပ်ကို မသုံးဘဲ ဟဲမင်းဝေးလို အမျိုးသားစာရေးဆရာတစ်ယောက်ကိုသာ
တစ်ခါသုံးစကားဝှက်အနေနဲ့ သုံးကြမှာ"

သံအမတ်ကြီးအလန်ဒါးစ်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ဗြိတိသျှတွေရဲ့ မြင်းကုန်ကူးစစ်ဆင်ရေးဆိုတာကို ခင်ဗျား ဘယ်လို
အဓိပ္ပာယ်ကောက်မိလဲ"

"ဒီစစ်ဆင်ရေးရဲ့အဓိပ္ပာယ်က ရှင်းသလိုရှိပေမယ့် အတွင်းကျကျတော့
အဓိပ္ပာယ်ဖော်ဖို့ မလွယ်ပါဘူးခင်ဗျာ၊ သူတို့ကပြောပြမှ ကျွန်တော်တို့က သိရ
မှာပါ"

"ဒါပေမယ့် ထင်ရှားနေတဲ့အချက်ကတော့ ဗြိတိသျှတွေဟာ ကျွန်တော်တို့
အမေရိကန်တွေနဲ့ ထားခဲ့တဲ့ကတိကိုဖျက်ပြီး နာဇီအကြီးအကဲတစ်ယောက်နဲ့
အပေးအယူလုပ်ဖို့ စကားကမ်းလှမ်းနေတယ်ဆိုတဲ့ အချက်ပါပဲ"

"ထားခဲ့တဲ့ကတိဆိုတာက ဘာလဲ"

"ထောက်လှမ်းလို့ရတဲ့ အချက်တွေကို တစ်ဖက်နဲ့တစ်ဖက် အသိပေးဖို့
ခြွင်းချက်မရှိ လက်နက်ချရေးဆိုတာကလွဲပြီး နာဇီတွေနဲ့ ဘယ်လိုနည်းနဲ့မှ
တခြားအပေးအယူမလုပ်ဖို့ဆိုတဲ့ ကတိတွေပါ"





"ကျွန်တော့်အထင်တော့ ဗြိတိသျှတွေဟာ နာဇီတွေနဲ့ အပေးအယူလုပ်ဖို့
ကြိုးစားနေတယ်လို့ပဲ"

"ဒီလိုအပေးအယူလုပ်ဖို့ ကြိုးစားနေတာကို ကျုပ်တို့က ကန့်ကွက်ရမယ်
ဘုတ်လား"

"ကန့်ကွက်ထားတာ အစကတည်းကပါပဲ။ ဒါပေမယ့် သမ္မတကြီးထရူးမင်း
စောစောကထားခဲ့တဲ့ ပေါ်လစီကို ပြောင်းပစ်လိုက်ရင်တော့ မပြောတတ်ဘူး"

"သမ္မတကြီးက မပြောင်းပါဘူး၊ ခြွင်းချက်မရှိ လက်နက်ချရေးကလွဲရင်
ဘာမှလက်မခံဘူး၊ နာဇီတွေက တမန်တွေလွှတ်ပြီး ကျုပ်ဆီကို တခြားနည်းနဲ့
ချဉ်းကပ်ဖို့ ကြိုးစားခဲ့ကြတယ်"

"ဒါပေမယ့် ကျုပ်ကလည်း ခြွင်းချက်မရှိ လက်နက်ချရေးကိုပဲ အမြဲ
တောင်းဆိုနေခဲ့တာပဲ"

ဘီလင်ဂျာက ခေါင်းညိတ်လိုက်၏။

ဟစ်တလာ၏ လက်ရုံးတစ်ဦးဖြစ်သော ဟင်မလာက တမန်တစ်ယောက်
လွှတ်ကာ သံအမတ်ကြီး အလန်ဒါးစ်အား အမေရိကန်နှင့် သီးသန့် တစ်ဦး
ချင်း သဘောတူခွင့်ပြုချက်ရအောင် ကြိုးပမ်းခဲ့သည်။

ဤအကြောင်းကို ဆွစ်နိုင်ငံရှိ အမေရိကန်သံရုံး အဖွဲ့သားအားလုံးပင်
သိ။

ဒါးစ်က ဟင်မလာတမန်အား ခြွင်းချက်မရှိ လက်နက်ချရေးကိုသာ တောင်း
ခဲ့သည်။

ဘီလင်ဂျာက ဤအချက်ကိုတွေးမိကာ...

"ဒါဖြင့် သံအမတ်ကြီး၊ လန်ဒန်နဲ့ ဘာလင်လျှို့ဝှက်ပြီး အပြန်ပြန်အလှန်
လှန် ဆက်သွယ်နေတာ ဘာလင်ဘက်က ဟင်မလာမဖြစ်နိုင်ဘူးလား။

"ကျွန်တော်တို့ကိုချဉ်းကပ်လို့မရတော့ ဗြိတိသျှတွေဆီဆက်သွယ်တာ
ဖြစ်နိုင်ဘူးလား"

"အင်း...ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး"

အလန်ဒါးစ်က ပြောပြောဆိုဆို ဆေးအိုးတွင် ဆေးတစ်ဆုံ ထပ်ဖြည့်ကာ
ညှိ၍ ဖွာနေလိုက်၏။

အတန်ကြာမှ ဘီလင်ဂျာတင်ပြထားသည့် စကားဝှက်အဖြေထဲမှ ကြေးနန်း
သုံးစောင်ကို ရွေးထုတ်ကာ ဘီလင်ဂျာအား လှမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီလ ၂၈ ရက်

မတ်လ ၃၀ ရက်

ဧပြီလ ၁၅ ရက်နေ့စွဲများဖြင့် ပေးပို့သည့်ကြေးနန်းများ။ သုံးစောင်စလုံ လန်ဒန်မှ ဘာလင်သို့ပို့ခဲ့ခြင်း။

"ပထမကြေးနန်းက မြင်းကုန်ကူးစစ်ဆင်ရေးကို နိုင်ငံရေးအခက်အ ကြောင့် အကောင်အထည်ဖော်ဖို့မလွယ်လို့ ဆိုထားတယ်"

"ဒုတိယကြေးနန်း မတ်လ သုံးဆယ်ရက်နေ့စွဲကတော့ နိုင်ငံရေးအ အနေအရ မြင်းကုန်ကူးစစ်ဆင်ရေးကို ဆင်နွှဲဖို့ အလားအလာ ကောင်းလာပြီ ဆိုထားပြီး..."

"ဧပြီလ ၁၅ ရက်နေ့ကပို့တဲ့ တတိယကြေးနန်းမှာတော့ အလျင်သဘော တူချက်အတိုင်း မြင်းကုန်ကူးစစ်ဆင်ရေးကို ချက်ချင်းဆင်နွှဲတော့မယ်လို့ ဆိုထ တယ်။

"ဒီအချက်သုံးချက်ကို စဉ်းစားကြည့်စမ်း"

ဘီလင်ဂျာက ငြိမ်နားထောင်နေရာမှ...

"အလျင်က သဘောတူချက်အတိုင်းလို့ ဆိုတာကိုတော့ ကျွန်တော် ဘာမှမသိဘူး၊ သူတို့ကြေးနန်းကို ကျွန်တော်တို့ ကြားဖြတ်ပြီး မဖမ်းနိုင်ခင် ပို့ထားတဲ့ ကြေးနန်းပဲဖြစ်ရမယ်'

"ကြေးနန်းနဲ့မဟုတ်ဘဲ ဆက်သားလွှတ်ပြီး ပို့နိုင်းတာကော မဖြစ်နိုင် လား၊ မေခလာရဲ့လှုယုံတော်တစ်ယောက်နဲ့ ဆုဆိကလွှတ်လိုက်တဲ့ ဆက်သ နဲ့တွေ့ပြီး စီစဉ်တာလည်း ဖြစ်နိုင်တာပဲ"

သံအမတ်ကြီးက ဆေးအိုးကို မီးတို့လိုက်သည်။ ပြီးမှ...

"ခင်ဗျားလက်ထဲမှ ကြေးနန်းစာသုံးစောင်ရဲ့ နေ့စွဲတွေကို သတိထားကြ စမ်း၊ ဒီနေ့စွဲတွေက သိပ်အရေးကြီးတယ်၊ အထူးသဖြင့် ဧပြီလ ၁၅ ရက် သိပ်အရေးကြီးတယ်။

"ဥရောပစစ်မျက်နှာမှာ မဟာမိတ်တပ်ပေါင်းစု တပ်မှူးကြီးအဖြစ် ဆော ရွက်နေတဲ့ အမေရိကန်ဗိုလ်ချုပ်ကြီး အိုက်စင်ဟောင်ဝါးက ဘာလင်ကို ဆက် မချီတော့ဘူးလို့ နည်းဗျူဟာ ပြောင်းပစ်လိုက်ပြီး...။

"နှစ်ရက်အကြာမှာ လန်ဒန်က ဘာလင်ကိုပို့လိုက်တဲ့ ကြေးနန်း"

အလန်ဒါးစ်က ဆေးတံကို သုံးလေးချက်ဖွာလိုက်ပြီးမှ...





"စောစောက ခင်ဗျားပြောတဲ့ ဗြိတိသျှနဲ့ အမေရိကန်တွေရဲ့ အခြေခံ သဘောတူ ကတိပြုချက်ဆိုတာကို ဗြိတိန်တွေက ချိုးဖောက်လိုက်တာပဲ။

"ဘာဖြစ်လို့လဲဆိုတော့ အိုက်က ဘာလင်ကိုသိမ်းမယ်လို့ ကတိပေးပြီးမှ နည်းဗျူဟာပြောင်းပစ်လိုက်တာကိုး။

"ဘာကြောင့် ဒီလိုပြောင်းပစ်လိုက်တယ်ဆိုတာ ခင်ဗျားလို ဗိုလ်ချုပ် တစ်ယောက်က သိပြီးသားမဟုတ်လား။

"အိုက်က ဒီလိုနည်းဗျူဟာပြောင်းပစ်လိုက်တာ မှားတယ်လို့ ဗြိတိသျှတွေ က ခံယူထားတယ်၊ ကျုပ်ကလည်း အိုက် မှားတယ်လို့ ယူဆတယ်။

"ဘာလင်ဟာ စစ်ရေးအရ ဘာမှအသုံးမဝင်တော့ပေမယ့် စစ်ကြီးအပြီးမှာ ပေါ်ပေါက်လာမယ့် ပြဿနာတွေအတွက် သိပ်ကို အချက်အချာကျတဲ့နေရာ။

"အဲဒီနေရာကို အမေရိကန်ဗိုလ်ချုပ်ကြီးတစ်ယောက်က ခူပြီးကိုင်ထားဖို့ ကောင်းလျက်နဲ့ ရုရှတွေလက် ထိုးအပ်လိုက်တာက အိုက်ရဲ့အမှား။

"ဒီလို ဘာလင်ကို ရုရှတွေလက် ထိုးအပ်လိုက်တာကို ဗြိတိန်တွေက သိပ်နာကျည်းတယ်၊ ကျုပ်သာ ဗြိတိန်ဆိုရင်လည်း နာကျည်းမိမှာပဲ"

"ဒီလိုနာကျည်းခဲ့တာ ဗြိတိန်တွေက နာဇီထိပ်သီးတစ်ယောက်နဲ့ အပေး အယူလုပ်ဖို့ ကြိုးပမ်းတာ ဘာဆန်းတော့လို့လဲ။ ကျုပ်ဆိုရင်လည်း ဒီလိုလုပ်မှာပဲ"

ဤတွင် ဘီလင်ဂျာက...

"ဒါဖြင့် ကျွန်တော်တို့က ဒီစကားဝှက်တွေကို ဖိုင်တွဲထားပြီးရင်..."

ဘီလင်ဂျာ စကားမဆုံးမီ သံအမတ်ကြီးက...

"သိပ်အလျင်မလိုစမ်းနဲ့၊ ကဲ...ကျုပ်အတွက်ပါ တစ်ခွက်ထည့်ဗျာ၊ ကျုပ် ကတော့ ဝီစကီနဲ့ ဆိုဒါပဲ"

ဘီလင်ဂျာက စာကြည့်ခန်းနံရံတွင်ချိတ်ထားသည့်နာရီကို မော့ကြည့်လိုက်၏။

ရှစ်နာရီခွဲ...

နံနက် ရှစ်နာရီခွဲဆိုသည်မှာ အရက်ပြင်းပြင်းသောက်ရန် သင့်လျော်သည့် အချိန်မဟုတ်။

သို့သော် အထက်လူကြီးက အမိန့်ပေးနေပြီဖြစ်၍ ဘီလင်ဂျာက ဖန်ခွက် နှစ်ခွက်တွင် ဝီစကီနှင့် ဆိုဒါရော၍ ထည့်လိုက်၏။

ဝီစကီများများ၊ ဆိုဒါက နည်းနည်း။

အလန်ဒါးစ်က ဝီစကီကို တစ်ကျိုက်၊ကျိုက်လိုက်ပြီး ခေါင်းအုံးနှင့်သုံးပေါ



www.burmeseclassic.com

www.burmeseclassic.com



တင်ထားသည့် ခြေထောက်ကို အောက်ချလိုက်ကာ ညာခြေထောက်ကို ပြောင်တင်လိုက်သည်။

ပြီးမှ…

“ကဲ…ကျုပ်တို့ ဒီကြေးနန်းတွေနဲ့ပတ်သက်ပြီး ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားကြရအောင်။

“ပထမ။ ။ဗြိတိသျှတွေဟာ နာဇီထိပ်သီးကြီးတစ်ယောက်နဲ့ အပေးအယူ လုပ်ဖို့ ကြိုးစားနေတယ်ဆိုတာ ကျုပ်တို့သိထားပြီးပြီ။

“ဒါပေမယ့် ဗြိတိသျှတွေက ဘာပေးပြီး နာဇီကြီးဆီက ဘာပြန်ယူမယ် ဆိုတာ ကျုပ်တို့မသိရဘူး၊ ကျုပ်တို့လုပ်နိုင်တာက မှန်းဆရုံလောက်ပဲရှိမယ်။

“ဒီတော့ မှန်းဆရုံနဲ့ အမှန်ကိုမရောက်နိုင်တဲ့အတွက် ပထမအချက်ကို ချန်ခဲ့။

“နောက် ဒုတိယ။ ။အပေးအယူကို မကြာမီလုပ်ကြတော့မယ်ဆိုတာ ကြေးနန်းတွေအရ သေချာနေပြီ။

“ဒါပေမယ့် ဘယ်လိုလုပ်မယ်၊ ဘယ်နေရာမှာလုပ်မယ်ဆိုတာ ကျုပ်တို့ မသိရဘူး။

“တတိယ။ ။ဒီအပေးအယူကို ဗြိတိသျှ အထူးစစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့တည်း ရဲ့ သဘောတစ်ခုတည်းနဲ့လုပ်နေတာ မဟုတ်ဘူးလို့ ကျုပ် အနုံခံလို့ရတယ်။

“နိုင်ငံရေးအခြေအနေတွေအရဆိုတဲ့ စကားက ကျုပ်ထင်မြင်ချက်ကို ထောက်ခံနေတယ်။

“ဒီတော့ ဒီအဖွဲ့တစ်ဖွဲ့တည်းရဲ့သဘောနဲ့ မဟုတ်ဘူးဆိုရင် ဒီမြင်းကုန်ကူး စစ်ဆင်ရေးမှာ ဗြိတိသျှနန်းရင်းဝန်ကြီးကိုယ်တိုင် ပါဝင်ပတ်သက်နေရမယ် ဆိုတာ သိပ်သေချာတယ်။

“ချာချီကိုယ်တိုင် ပါဝင်ပတ်သက်နေတယ်ဆိုတော့ ဘာလင်က မေခလာ ဆိုတဲ့ နာမည်ဝှက်ကိုယူထားတဲ့ နာဇီထိပ်သီးဟာ သာမညထိပ်သီးမဟုတ်ဘဲ ရောမအကောင်ကြီး ဖြစ်ရမယ်ဆိုတာ သေချာနေပြီ။

“ဒီတတိယအချက်က ကျုပ်ကို စတုတ္ထအချက်အထိ ရောက်လာအောင် ဆွဲခေါ်သွားတယ်။

“စတုတ္ထ။ ။ကျုပ်တို့ဟာ ဒီမြင်းကုန်ကူးစစ်ဆင်ရေးမှာ ပါဝင်ဆင်နွှဲနိုင် အောင် ကြိုးပမ်းရမယ်”





ဘီလင်ဂျာက အံ့သြနေ၏။

အလန်ဒါးစ်ကမူ ဝီစကီတစ်ခွက်ကို တစ်ချက်တည်းမော့ချလိုက်သည်။

“ကျွန်တော်တို့က ဒီအထဲမှာ ပါရမယ်”

ဘီလင်ဂျာက သံအမတ်ကြီးလည်းဖြစ်၊ ထောက်လှမ်းရေးအဖွဲ့ အကြီး ကဲလည်းဖြစ်သော အလန်ဒါးစ်အား ငေးကြည့်ရာမှ ရေရွတ်လိုက်မိ၏။

“ဟုတ်တယ်…ခင်ဗျားရော၊ ကျုပ်ရော ကျုပ်တို့ အမေရိကန် လျှို့ဝှက် ထောက်လှမ်းရေး အဖွဲ့တစ်ဖွဲ့လုံးပေါ့”

“ဒါဖြင့် သံအမတ်ကြီးက ဒီမြင်းကုန်ကူးစစ်ဆင်ရေး ဆက်လုပ်တာကို ကန့်ကွက်ဘူးပေါ့။ ဗြိတိသျှတွေကို မကန့်ကွက်ဘူး၊ မတားမြစ်ဘူးပေါ့။

“ဗြိတိသျှတွေ ဆက်လုပ်မယ်ဆိုရင် အမေရိကန်အစိုးရကို တိုင်မယ်လို့ ပြောတော့ဘူးပေါ့”

အလန်ဒါးစ်က ခေါင်းကို လေးဆေးစွာ ခါပစ်လိုက်ပြီး…

“ခင်ဗျားက တိုက်ခိုက်ရေးတပ်ကလာတဲ့ ဒုဗိုလ်ချုပ်ဆိုတော့ ထစ်ခနဲရှိ တိုက်ဖို့လောက် စိတ်ကူးနေတာ”

“ကျုပ်တို့လုပ်နေတာက လျှို့ဝှက်ထောက်လှမ်းရေးဆိုတာ သတိထားဦး။

“မှားတယ်၊ မှန်တယ်ဆိုတာ ထောက်လှမ်းရေးက ဆုံးဖြတ်ရတာမဟုတ် ဘူး ထောက်လှမ်းရေးရဲ့အလုပ်က ဘယ်သူတွေ ဘာလျှို့ဝှက်ကြံစည်လုပ်ကိုင် နေတယ်ဆိုတဲ့ ရလဒ်ကို ရအောင်ယူတတ်ဖို့ပဲ။

“ဒီတော့ ဗြိတိသျှတွေဆင်နွှဲမယ့် မြင်းကုန်ကူးစစ်ဆင်ရေးမှာ ကျုပ်တို့ အက်စ်အက်စ်အဖွဲ့ကလူတွေလည်း ပါခွင့်ရအောင် လုပ်ရလိမ့်မယ်’

“ဖြစ်ပါ့မလားသံအမတ်ကြီး၊ အမေရိကန်အစိုးရက ဒီအကြောင်းသိသွားရင်”

“သိတော့ကော ဘာအကြောင်းလဲ၊ ကျုပ်က ကျုပ်ကိုယ်တိုင် နာဇီတွေနဲ့ အပေးအယူလုပ်တာမှမဟုတ်ဘဲ၊ သူများတွေလုပ်တာမှာ ဘယ်လိုလုပ်တယ်ဆိုတာ သိရအောင် ဝင်ထောက်လှမ်းတာပဲ။

“ဒီအပေးအယူက စစ်ကြီးပြီးသွားတဲ့အချိန်မှာ သိပ်ကို တန်ဖိုးရှိလာမှာ သေချာတယ်၊ သေချာလို့ ကျုပ်က ဒီလိုဆုံးဖြတ်လိုက်တာ”

ဘီလင်ဂျာက သံအမတ်ကြီးဖန်ခွက်ထဲသို့ ဝီစကီနှင့် ဆိုဒါ ရောစပ်ထည့် ပေးလိုက်သည်။

“ကဲ…”



www.burmeseclassic.com

www.burmeseclassic.com



အလန်ဒါးစ်က ဝီစကီကို တစ်ကျိုက်,ကျိုက်လိုက်ပြီးမှ စကားပြန်စလိုက်၏

"ဗြိတိသျှတွေရဲ့ အထူးစစ်ဆင်ရေးအဖွဲ့မှာ ဆုဆိုတဲ့နာမည်ဝှက်ကို ယူနိုင်လောက်အောင် လူဘယ်နှစ်ယောက်လောက်ရှိမလဲ၊ ဘယ်သူဟာ ဆုဖြစ်နိုင်မလဲ"

ဘီလင်ဂျာက ချက်ချင်းပင် အဖြေပေးလိုက်နိုင်သည်။

"ပထမကြေးနန်းရဲ့ အဓိပ္ပာယ်ကို ဖော်လိုက်နိုင်ကတည်းက ဆုဆိုတာ ဘယ်သူဖြစ်နိုင်မယ်ဆိုတာ ကျွန်တော် စဉ်းစားထားပြီးပါပြီ"

"ဒီလိုအရေးကြီးတဲ့ကိစ္စကို ကိုင်နိုင်တဲ့လူ ဗြိတိသျှ အထူးစစ်ဆင်ရေးမှာ လေးယောက်လောက်ပဲရှိပါတယ်"

"ဂရင်းလေး၊ ဘရန့်ဂျူး၊ ဘရိုလီနဲ့ အဲလစ်တို့လေးယောက်ပဲ၊ ဒီလေးယောက်ထဲမှာ ဂရင်းလေးက အဖြစ်နိုင်ဆုံးပဲ"

"အင်း…ဟုတ်တယ်၊ ဒီအချက်မှာတော့ ကျုပ် ခင်ဗျားနဲ့ သဘောချင်း တိုက်ဆိုင်တယ်၊ တကယ်လို့ ဂရင်းလေးမဟုတ်ဘူးဆိုရင် ကျန်သုံးယောက်ထဲ သွေးတိုးစမ်းကြည့်ရုံပဲပေါ့"

သံအမတ်ကြီးက ဆေးအိုးကို မီးတို့ကာ သုံးလေးချက် ရှိုက်ဖွာလိုက်ပြီးမှ ဆက်၍လုပ်ရမည့် အသေးစိတ်အစီအစဉ်ကို ဘီလင်ဂျာအား ညွှန်ကြားနေ၏

"လန်ဒန်က အမေရိကန်သံရုံးမှာ လင်ကွန်းရှိတယ်၊ လင်ကွန်းက ခင်ဗျားကို အကူအညီအများကြီးပေးနိုင်လိမ့်မယ်၊ ဒီတော့ ခင်ဗျား လန်ဒန်ကိုသွားပါ"

"ဘယ်တော့သွားရမလဲခင်ဗျာ"

"ဒီနေ့ပဲပေါ့၊ လမ်းခရီးအစီအစဉ်ကို ကျုပ်လုပ်ပေးလိုက်မယ်၊ စောနိုင်သမျှ စောအောင်သွားပါ"

ဘီလင်ဂျာက ထိုင်ရာမှထလိုက်ပြီး တံခါးရှိရာသို့ လျှောက်သွားသည်

တံခါးနားအရောက်တွင် နောက်ပြန်လှည့်လိုက်ပြီး…

"မေခလာဆိုတာကကော ဘယ်သူဖြစ်နိုင်မလဲ သံအမတ်ကြီး"

အလန်ဒါးစ်က ပြုံးလိုက်ပြီးမှ အဖြေပေးလိုက်၏။

"မေခလာဆိုတာ ဟစ်တလာကိုယ်တိုင် ဖြစ်နေရင်ကော ဘာများ ထူးဦးမှာလဲ၊ လုပ်မှာသာ ဆက်လုပ်ပါ"

▲



[ ၂၅ ]

စစ်ဦးစီးအဖွဲ့ အစည်းအဝေးပြီးသွားသည်နှင့် တစ်ပြိုင်နက် စစ်ဝန်ကြီးဌာနကိုပါ ပူးတွဲထမ်းဆောင်နေရသော နန်းရင်းဝန်ကြီးချာချီက ဂရင်းလေးအား အစည်းအဝေးခန်းမ ထောင့်တစ်ထောင့်သို့ ခေါ်ယူလိုက်၏။

ဂရင်းလေးထက် ရာထူးကြီးသည့် စစ်အရာရှိကြီးများက အလိုက်သိစွာ ခန်းမတစ်နေရာသို့ ဖဲခွာသွားကြသည်။

ချာချီက အိတ်တစ်အိတ်ထဲမှ ကြေးနန်းတစ်စောင်ကို ထုတ်လိုက်သည်။

နိုင်ငံခြားရေးအတွင်းဝန် အီဒင်ထံမှပေးပို့လိုက်သည့် ကြေးနန်း။

အမေရိကန်ပြည်ဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး လော့ဒ်ဟာလီဖက်စ်နှင့် ဗြိတိသျှနိုင်ငံခြားရေးအတွင်းဝန် အီဒင်တို့က ပိုလန်အရေးအခင်းနှင့်ပတ်သက်၍ ဗြိတိန်အမေရိကန်တို့က ရုရှားအာဏာရှင် စတာလင်အား မည်သို့ချဉ်းကပ် ဆက်သွယ်သင့်သည်ဟူသောအချက်ကို အမေရိကန်သမ္မတသစ် ထရူးမင်းနှင့် ဆွေးနွေးရန် အမေရိကားသို့ ရောက်နေကြချိန်။

ယော်တာကွန်ဖရင့်တွင် မဟာမိတ်သုံးနိုင်ငံ သဘောတူချက်ကို စတာလင်က စောင့်ထိန်းခြင်းမရှိဘဲ အင်္ဂလန်သို့ စစ်ပြေးအစိုးရအဖြစ် ရောက်ရှိနေသည့် ပိုလန်အမျိုးသားအဖွဲ့ခေါင်းဆောင် မီကိုလာဇက်နှင့် ပိုလန်ရှိ ရုပ်သေးအစိုးရအဖွဲ့တို့ ညှိနှိုင်းရေးကို စတာလင်က အချိန်ဆွဲနေသဖြင့်…

ပိုလန်နိုင်ငံသည် ရုရှားဩဇာခံနိုင်ငံအဖြစ်သို့ ၁၉၄၅ ခု၊ ဧပြီလအတွင်းတွင် မရောက်သေးသော်လည်း ရောက်လာရတော့မည်မှာ လွဲနိုင်ဖွယ်မရှိ။

ချာချီက ကြေးနန်းတစ်ပိုင်းတစ်စကို ဂရင်းလေးအား ဖတ်ကြည့်ခိုင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထရူးမင်းနှင့် တွေ့ဆုံဆွေးနွေးခွင့်ရသဖြင့် သူ့အပေါ် ကျွန်တော့် ထင်မြင်ချက်မှာ သမ္မတသစ်သည် ကျွန်တော်တို့ဗြိတိသျှလူမျိုးများကို ချစ်ခင်ရင်းနှီးမှုရှိရုံမက ရိုးသားစွာဆက်ဆံလိုစိတ်လည်းရှိကြောင်း တွေ့ရှိရပါသည်။

"သမ္မတတစ်ဦး၏တာဝန်ကို ထမ်းဆောင်ရခါစဖြစ်၍ သူသည် စိုးရိမ်စိတ်လွှန်ကဲနေသည့်တိုင် ကြောက်ရွံ့ထိတ်လန့်နေခြင်းကား မရှိပါ။

"နန်းရင်းဝန်ကြီးနှင့်ပတ်သက်၍ သမ္မတကြီး၏ သဘောထားမှာ လေးစားလောက်ဖွယ်ရှိပါသည်။

"ကျွန်တော်တို့ ဗြိတိသျှလူမျိုးများအဖို့ သမ္မတကြီးသည် ယုံကြည်စိတ်ချရသော အကြည်တော်တစ်ဦးအဖြစ် ရပ်တည်နေမည်ဟု ထင်မိပါသည်"

ဂရင်းလေးက အီဒင်ထံမှပေးပို့လိုက်သော ကြေးနန်းကို ဖတ်ကြည့်လိုက်ပြီးနောက် နန်းရင်းဝန်ကြီးလက်သို့ ပြန်ပေးလိုက်သည်။

အီဒင်၏ ထင်မြင်ယူဆချက်ကို ထောက်ခံရမည်လား၊ လန့်ကွက်ရမည်လား သူ မဝေခွဲတတ်။

ဂရင်းလေးမှာ သည်လိုနိုင်ငံရေးထင်မြင်ချက်မျိုးကို ခွဲခြမ်းဝေဖန်နိုင်သည့် စွမ်းရည်မရှိ။

နန်းရင်းဝန်ကြီးချာချီက အသံထွက်အောင် တစ်ချက်ရယ်လိုက်သည်။ ပြီးမှ ဝေဖန်ချက်ပြုလိုက်၏။

"ကျုပ် ထင်မြင်ချက်ကတော့ နိုင်ငံခြားရေးအတွင်းဝန်နဲ့ ဆန့်ကျင်ဘက်ပဲ။

"ထရူးမင်းဟာ ကျုပ်တို့ရဲ့မိတ်ဆွေဆိုတာကိုတော့ လက်ခံပါတယ်။ ဒါပေမယ့် သူက. သူ့လူမျိုးအပေါ်မှာ ပိုပြီးတာဝန်ရှိနေတယ်မဟုတ်လား။

"အီဒင်က ထရူးမင်းနဲ့ပတ်သက်ပြီး ဘယ်လိုပဲအကောင်းမြင်မြင် ထရူးမင်းရဲ့ စတာလင်အပေါ်ထင်မြင်ချက်က ရုစဘဲ့နဲ့ ဘာမှမထူးခြားပါဘူး။

"နိုင်ငံခြားရေးအတွင်းဝန် အီဒင်ဆီက ဒီကြေးနန်းရပြီးတဲ့နောက် ကျုပ်က ထရူးမင်းကို အိုက်စင်ဟောင်ဝါးရဲ့ နည်းပရိယာယ်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး မကျေနပ်တဲ့အကြောင်း...။

"အိုက်ကို ဘာလင်အရှေ့ဘက်အထိ ချီတက်ပြီး ရုသမ္မဂျာမန်နယ်မြေကို ထိန်းသိမ်းထားဖို့လိုကြောင်း ထပ်ပြီးတိုက်တွန်းလိုက်တယ်"

"ဒါပေမယ့် ထရူးမင်းက မဟာမိတ်တပ်ပေါင်းစုမှူးဖြစ်တဲ့ အိုက်ရဲ့ နည်းဗျူဟာကိုသာ ထောက်ခံမြဲ ထောက်ခံနေပါတယ်ဆိုတာပဲ ပြန်ကြားလိုက်တယ်"





နန်းရင်းဝန်ကြီးချာချီက စိတ်ပျက်သည့်အမူအရာဖြင့် ခေါင်းကို ခါပြလိုက်သည်။

"သမ္မတထရူးမင်းမှာ ရှေ့မကိုးသာ နောက်မဆုတ်နိုင်ဖြစ်နေတဲ့ အခြေအနေ ကိုလည်း ကျုပ် နားလည်ထားတယ်"

"ဒီစစ်ကြီးအတွင်းမှာ အမေရိကန်က ဂျပန်ကိုပြန်တိုက်ရမှာလည်း ရှိနေသေးတယ်။ ဒီလိုတိုက်တဲ့အချိန်မှာ ရုရှက အမေရိကန်ဘက်က ဝင်မတိုက်ဘဲနေမှာကို ထရူးမင်း သိပ်စိုးရိမ်နေတယ်။

"အရှေ့ဖျားစစ်ပွဲမှာ ရုရှတွေက အချိန်ဆွဲထားပြီး ဂျပန်ကိုမတိုက်ဘဲနေမှာ ထရူးမင်း အစိုးရိမ်ဆုံးပဲ။

"တိုက်ရင်လည်း အမေရိကန်တွေ သောက်သောက်လဲသေပြီးမှ၊ အောင်ပွဲခါနီးမှာ ရုရှက ဂျပန်ကိုဝင်တိုက်မယ်၊ ဒီအချိန်မှာ အမေရိကန်က လက်ပန်းကျနေမှာ။

"ဒီလိုမဖြစ်ရအောင် ထရူးမင်းက စတာလင်ကို ချော့ပေါင်းနေရတယ်။ စတာလင်စိတ်ကွက်သွားမယ့်ကိစ္စကို ဘာမှမလုပ်မိအောင် သတိထားဖို့ ညွှန်ကြားထားတယ်။

"ကျုပ်အယူအဆကတော့ ထရူးမင်းဟာ မာရှယ်စတာလင်ရဲ့ ရုရှတပ်တိုက်စစ်အင်အားကို သိပ်ပြီးအထင်ကြီးနေတယ်။ တကယ်တော့ စတာလင်ရဲ့ ရုရှတပ်တွေမှာ တိုက်စစ်အင်အား ကုန်သလောက်ဖြစ်နေပြီ"

နန်းရင်းဝန်ကြီးချာချီက စည်းဝေးခန်းမကြီးတစ်ခုလုံးကို ပြန်၍ အကဲခတ်လိုက်သည်။ စစ်ဘက်အရာရှိကြီးအချို့က ယခုတိုင် ခန်းမကြီးထဲတွင် ချာချီအား စောင့်နေကြဆဲ။

ချာချီက လိုရင်းကို တိုတိုပင် နိဂုံးချုပ်ကာ...

"မြင်းကုန်ကူးစစ်ဆင်ရေးက အလျင်ထက်ပိုပြီး အရေးကြီးနေပြီ ဂရင်းလေး။

"ကျုပ်တို့မိတ်ဆွေကြီး အမေရိကန်က ဘယ်လိုပဲစွပ်စွဲစွပ်စွဲ၊ ဘာတွေပဲပြောပြော ကျုပ်တို့က မြင်းကုန်ကူးစစ်ဆင်ရေးကို ချက်ချင်းအကောင်အထည်ဖော်ဖို့ လိုနေပြီ။

"အမေရိကန်တွေက ကျုပ်တို့ကို လှေနံနှစ်ဖက်နင်းတယ်လို့ အပြစ်တင်ချင်တင်ပါစေတော့။ ကျုပ်တို့လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ။

"စတာလင်မှာ အရှေ့ဥရောပနဲ့ အလယ်ပိုင်းမှာ နယ်မြေပိုင်ဆိုင်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လောဘတွေရှိနေတယ်၊ သူ့ဝါဒကလည်း ဟစ်တလာနဲ့ သိပ်မထူးခြားဘူး"

'ဒီတော့ မြင်းကုန်ကူးစစ်ဆင်ရေးကို ဆက်လုပ်'

ချာချီက ဤသို့ညွှန်ကြားချက်ပေးကာ ဂရင်းလေး၏အနားမှ ထွက်ခွာသွားသည်။

ရေကြောင်းဒုဗိုလ်ချုပ်ကြီးတစ်ဦးက လက်ထဲတွင်ကိုင်ထားသည့် စာရွက်စာတမ်းတစ်ထပ်ကြီးကို ဆွဲယမ်းပြလိုက်ပြီး နန်းရင်းဝန်ကြီးထံ ချဉ်းကပ်လာ၏။

ဂရင်းလေးက စည်းဝေးခန်းမကြီးနားတွင် ကပ်လျက်ရှိနေသော ယာယီဧည့်သည်ထိုင်ခုံများအခန်း၌ ထားခဲ့သည့် လက်ဆွဲအိတ်ကိုသွားယူကာ အဆောက်အအုံကြီးအတွင်းမှ ထွက်လာခဲ့၏။

ဤသို့ထွက်လာရင်း နိုင်ငံရေးသမားတစ်ယောက် ဖြစ်မလာသည့်အတွက် ထာဝရဘုရားရှင်အား ကျေးဇူးတင်နေမိသည်။

သူ့အလုပ်က အထက်မှပေးသည့်အမိန့်ကို လိုက်နာဆောင်ရွက်ရုံ။

သို့သော် နန်းရင်းဝန်ကြီးချာချီလို နိုင်ငံရေးသခမိန်တစ်ဦးအဖို့မှာမူ လုပ်ဖော်ကိုင်ဖက်တို့အား လမ်းညွှန်ချက်ပေးနေသည်သာမက သမိုင်းကတောင်းဆိုသည့် အဖြေများကိုပါ မရပ်မနား ပေးနေရသူပါတကား။

* * *

မေဖဲယားဂေဟာသို့ ပြန်ရောက်လာသောအခါ ဂရင်းလေးက ကိုယ်ရေးကိုယ်တာ အတွင်းရေးမှူးဖြစ်သူ မစ္စအင်နီအား မတွေ့ရ။

'နေ့လယ်စာ စောစောစားရန် ဆင်းသွားပါသည်'ဟူသော စာတိုကလေးကိုသာ ဖတ်ရသည်။

စာတိုကလေးနှင့်အတူ မစ္စအင်နီတာ စားပွဲပေါ်တွင် ပူးတွဲထားခဲ့သည့် သတင်းပို့ချက်ကို တွေ့ရ၏။

အရေးကြီးသည့် သတင်းသုံးခု ဂရင်းလေးစားပွဲပေါ်တွင် ထားခဲ့သည့် အကြောင်း။

အောက်ထပ်မှ မိမိရုံးခန်းရှိရာ အပေါ်ထပ်သို့ ရောက်လာပြီးနောက် ဂရင်းလေးက ဘရန်ဒီတစ်ခွက်ကို ထည့်သောက်လိုက်သည်။

အချိန်က အရက်ပြင်းပြင်းသောက်ချိန်မဟုတ်။





သို့သော် ဂရင်းလေးက သောက်ချင်နေသည်။

ဘရန်ဒီကိုသောက်ပြီးမှ ဂရင်းလေးက စားပွဲတွင်ထိုင်လိုက်သည်။

ပထမသတင်းက ဗိုလ်မှူးဂျက်ထံမှပို့လိုက်သည့် သတင်း။

"လန်ဒန်မှာရတဲ့ ခွင့်ရက်တွေအတွင်းမှာ ပျော်ပျော်ကြီးနေခဲ့ရကာ ငြီးငွေ့သလောက်တောင် ရှိနေပါပြီ။

"ဒီတော့ ဒီဗွန်မှာရှိတဲ့ လေ့ကျင့်ရေးစခန်းကိုသွားရတာ ကောင်းမယ်ထင်ပါတယ်။

"အကောင်းဆုံးကတော့ ဒီနေ့ညနေသွားရရင် သိပ်နေရာကျမယ်၊ ကားတစ်စီးသာ ရမယ်ဆိုရင် တပ်ကြပ်ကြီးဖူးလားနဲ့ ဒုတပ်ကြပ်မိုက်တို့ကိုပါ တစ်ပါတည်း ခေါ်သွားချင်တယ်"

ဂျက်က ထုံးစံအတိုင်းပင် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း သတင်းပို့လိုက်ပုံကို ဗိုလ်ချုပ်ဂရင်းလေးက သဘောကျသွားကာ တစ်ကိုယ်တည်းပြုံးလိုက်မိ၏။

ဂျက်အဖို့ စစ်ဆိုသည်မှာ ဘယ်အခါမှ ပြီးဆုံးနိုင်မည့်ကိစ္စမဟုတ်ဟု ဂရင်းလေးက စိတ်ထဲမှ မှတ်ချက်ချလိုက်၏။

ဒုတိယသတင်းက ပထမသတင်းထက် ပို၍လေးနက်သည့်အဓိပ္ပာယ်ကို ဆောင်နေသည်။

ဗိုလ်မှူးချုပ်ဂရင်းလေးက အရေးပေါ် စစ်ဆင်ရေးတစ်ရပ်အတွက် အထူးခေါ်ယူထားသည့် ဗိုလ်မှူးကနေဒီနှင့် တပ်ကြပ်ကြီးဟုမ်းတို့ နှစ်ယောက် ကားမှောက်၍ သေဆုံးသွားကြပြီဟု သတင်းရသဖြင့်...

အတွင်းရေးမှူးမစ္စအင်နီတာက သူမ၏ ထိုးထွင်းဉာဏ်အရ ယူဂိုစလားဗီးယားမှ မကြာမီက ပြန်ရောက်လာသည့် ဗိုလ်ကြီးဒမ်ဗာနှင့် ဒုတပ်ကြပ်ကော်ကလင်းတို့နှစ်ယောက်အား ဗိုလ်မှူးချုပ်ဂရင်းလေးထံ သတင်းပို့ပါဟု အရေးတကြီး အမှာအထားပြုခဲ့ကြောင်း။

ဗိုလ်မှူးကနေဒီ ကားမှောက်၍သေဆုံးသွားကြောင်းကိုမူ ဗိုလ်မှူးဂျက်အား သတင်းမပို့ဘဲထားခဲ့ကြောင်း...။

အဘယ်ကြောင့်ဆိုသော် ကနေဒီနှင့် ဂျလ်မှာ ဗိုလ်မှူးချုပ်ဂရင်းလေး၏ ရင်းနှီးခဲ့သည့် ရဲဘော်ရဲဘက်များဖြစ်သည့်အလျောက်...

ကနေဒီ ကားမှောက်သေဆုံးရခြင်းကို ဂရင်းလေးကသာ ပြောပြသင့်သည်ဟု ယူဆ၍ဖြစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရေးမှူး မစ္စအင်နီတာထားခဲ့သည့် ဒုတိယသတင်းကိုဖတ်ပြီးနောက် ဂရင်းလေးက ခွက်ထဲတွင်ကျန်နေသည့် ဘရန်ဒီကို မော့သောက်လိုက်သည်။

သတင်းက စိတ်မကောင်းစရာ။

သို့သော် စစ်ကြီးအတွင်း ချစ်လည်းချစ်၊ ခင်လည်းခင်၊ မင်လည်းမင်သည့် ရဲဘော်ရဲဘက်များ ကျဆုံးသွားရသည်ကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသည့်အကြိမ်က မနည်းတော့။

တစ်ဦးစီအတွက် အချိန်အကြာကြီး ဝမ်းနည်းကြေကွဲနေရမည်ဆိုလျှင် စစ်ကြီးအတွင်း ရန်သူကို တိုက်စရာခိုက်စရာအချိန်ပင် ရတော့မည်မဟုတ်။

ဂရင်းလေးက တတိယသတင်းကို ဖတ်လို၏။

သတင်းက အပြင်ပန်းအားဖြင့် သာမညဟုထင်ရသော်လည်း ဓာတ်သိချင် ဖြစ်နေသည့် ဂရင်းလေးအဖို့မူ မီးခဲကိုင်မိသလို ဖြစ်သွားစေ၏။

လန်ဒန်မြို့တော်ရှိ အမေရိကန်သံရုံးမှ မစ္စတာလင်ကွန်းဟုဆိုသူ တစ်ယောက်က ဗိုလ်မှူးချုပ်ဂရင်းလေးအား ဆွစ်နိုင်ငံ အမေရိကန်သံရုံးမှ ဒုဗိုလ်ချုပ် ဘီလင်ဂျာအား အမြန်ဆုံးတွေ့ခွင့်ပေးပါဟု ဆိုလာသည့်သတင်း။

ဒုဗိုလ်ချုပ်ဘီလင်ဂျာသည် ဆွစ်နိုင်ငံ ဘန်းမြို့တော်သို့ ယနေ့ညနေပင် အဆောတလျင် ပြန်ရမည်ဖြစ်၍...

ဂရင်းလေးက ဘီလင်ဂျာအား ယနေ့ နေ့လယ် ၂ နာရီခွဲကို နောက်ဆုံးထားကာ တွေ့ခွင့်ပေးပါဟူသော ပန်ကြားချက်။

ပန်ကြားချက်ဟုဆိုသော်လည်း ပန်ကြားချက်တွင် အမိန့်သံပါနေလေသည်။

သည်တတိယသတင်းက ဂရင်းလေးအား ဘရန်ဒီ နောက်ထပ်တစ်ခွက် သောက်ရန် ဖန်တီးနေတော့၏။

ဘီလင်ဂျာနှင့် အဆက်အသွယ်ပြတ်တောက်နေသည်မှာ ခြောက်လလောက် ရှိနေပြီ။

ယခု ဘီလင်ဂျာက ယနေ့ နေ့လယ် ၂ နာရီခွဲကို နောက်ဆုံးထား၍ တွေ့ချင်ပါသည်ဟု ဆိုလာခြင်းမှာ...

ရာသီဥတုအခြေအနေကို နှီးနှောရန်မဟုတ်သည်မှာ ထင်ရှားနေပေပြီ။

▲



[ ၂၆ ]

နေ့လယ် ၂ နာရီ ၂၉ မိနစ် တိတိ။

မေဖဲယားဂေဟာရှိ အတွင်းရေးမှူး မစ္စအင်နီတာထံမှ ဆက်လိုက်သည့် အတွင်းတယ်လီဖုန်းသံက ဗိုလ်မှူးချုပ်ဂရင်းလေးထံ ရောက်လာသည်။

အမေရိကန် ဒုဗိုလ်ချုပ် ဘီလင်ဂျာ အောက်ထပ်တွင်ရောက်ရှိလာပြီဟု ပြောလိုက်သည့်သတင်း။

၄၅ စက္ကန့်ကြာပြီးသည့်အချိန်၌ ဘီလင်ဂျာက ဂရင်းလေး၏ရုံးခန်းဝသို့ ရောက်လာ၏။

ဘီလင်ဂျာ၏ပခုံးဒေါက် တစ်ဖက်တစ်ချက်ပေါ်တွင် ဒုဗိုလ်ချုပ်ဖြစ်ကြောင်း ပြင်ကြားနေသည့် ရွှေရောင်ကြယ်ပွင့်ကြီးနှစ်ပွင့်။

ဂရင်းလေးနှင့် ဘီလင်ဂျာတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

စစ်ထုံးစံအရ အလေးပြုခြင်းမရှိ။

ဘီလင်ဂျာက ဆွစ်နိုင်ငံရှိ အမေရိကန်သံရုံးမှ ထောက်လှမ်းရေးမှူးဖြစ်သလို...

ဂရင်းလေးက ဗြိတိသျှအထူးစစ်ဆင်ရေး အရာရှိကြီးတစ်ဦး ဖြစ်နေသည့်အလျောက်...

ဆွစ်ဇာလန်နိုင်ငံတွင် ၁၉၄၃ ခုနှစ် ၄၄ ခုနှစ်များမတိုင်မီကပင် တစ်ယောက်နှင့်တစ်ယောက် တွေ့ဖူး မြင်ဖူး ရင်းနှီးဖူးကြပြီးသား။

အမေရိကန်ထောက်လှမ်းရေးအဖွဲ့ အိုအက်စ်အက်စ်နှင့် ဗြိတိသျှ အထူးစစ်ဆင်ရေးအဖွဲ့ အက်စ်အိုအီးတို့က တစ်ခါတစ်ရံ ရည်မှန်းချက်တစ်ခုတည်းကို ပူးပေါင်းတူထောက်လှမ်း စုံစမ်းခဲ့သည့်အခါမျိုး ရှိခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ရှိနေသောအခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်မှုယူကာ မိမိတို့ပိုင်သည့် ကဏ္ဍကို တာဝန်ခွဲယူကာ ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်မှာလည်း အကြိ မနည်းလှ။

သို့သော် အမေရိကန်ထောက်လှမ်းရေးသမားများက ဗြိတိသျှတို့၏ အထူး စစ်ဆင်ရေးအဖွဲ့မှ ထောက်လှမ်းရေးသမားများသည် ထောက်လှမ်းရေးနှင့် တန်ပြန် ထောက်လှမ်းရေးတွင် အမေရိကန် အိုအက်စ်အက်စ်ကို ဗြိတိသျှ အိုအက်စ်အီး မမီဟု အထင်သေးတတ်ကြစမြဲ။

ဤအချက်ကို ဂရင်းလေးက သိထားပြီးသား။

"ဗြိတိသျှတွေဟာ သူတို့ရဲ့အားကစားပြိုင်ပွဲတွေကို တိုက်ပွဲလို သဘော ထားပြီး သူတို့ရဲ့တိုက်ပွဲတွေကိုတော့ အားကစားပြိုင်ပွဲတွေလို သဘောထား တတ်ကြတယ်ဗျို့"

ဤကား အမေရိကန်ထောက်လှမ်းရေးသမားများက ဗြိတိသျှ အထူးစစ် ဆင်ရေးမှ ထောက်လှမ်းရေးသမားများအပေါ် နှိမ်၍ပြောတတ်ကြသည့်စကား။

"ခင်ဗျား အတော့်ကို ဝ,လာပါလား"

ဂရင်းလေးက ဘီလင်ဂျာအား ရင်းရင်းနှီးနှီးပင် ပဋိသန္ဓာရစကားဆိုလိုက် သည်။

"ဆွစ်အစားအစာတွေက သိပ်ကောင်းတာကိုးဗျ၊ ကြာရင် ဗိုက်တောင် ပေါက်ကျမလား မှတ်ရတယ်"

ဘီလင်ဂျာကလည်း ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော။

"ဘရန်ဒီပဲသောက်မလား"

"ကောင်းတာပေါ့ဗျာ"

ဘီလင်ဂျာက အဖြေပေးလိုက်ပြီးနောက် လိုရင်းကို တိုတိုပင် ပြောချ လိုက်သည်။

"ကျွန်တော်ကတော့ ဝုစ်သားတင်းဟိုက်စ်ကိစ္စနဲ့ ခင်ဗျားဆီ ရောက်လာ ရပါသဗျား"

ဘီလင်ဂျာ့စကားကြောင့် ဂရင်းလေးက ကမ္ဘာကြီး ချက်ချင်းမှောက်သွား သလို ခံစားလိုက်ရ၏။

သို့သော် မသိကျိုးကျွန်ပြုကာ...

"ဘာလဲဗျာ...ဝုစ်သားတင်းဟိုက်စ်ကိစ္စဆိုတာ"





"အိပ်ပျော်ချင်ယောင်ဆောင်မနေစမ်းနဲ့ဗျာ၊ ကျွန်တော်တို့က လုံးစေ့ပတ်စေ့ ဆုပ်လက်ကိုင် မိနေတဲ့ဥစ္စာ"

ဂရင်းလေးက မင်သေသေဖြင့်...

"ခင်ဗျား ဘာတွေပြောနေတာလဲဗျာ၊ ခင်ဗျားပြောတာ ကျွန်တော် ဘာမှ လည်ဘူး"

ဘီလင်ဂျာက...

"ထပ်တရိုး၊ ဖြီးမနေစမ်းပါနဲ့၊ ခင်ဗျားတို့ ဘာလင်နဲ့ အပြန်အလှန်ပို့နေတဲ့ န်းတွေ ကျွန်တော်တို့အားလုံးသိနေပြီးသား"

"မြင်းကုန်ကူးစစ်ဆင်ရေးတဲ့၊ မေခလာတဲ့၊ ဆုတဲ့...ဒါတွေ ကျွန်တော်တို့ ှက်အဖြေထုတ်လို့ ရနေပြီးသားဗျ၊ ဒီစကားဝှက်တွေက ဘာဆိုတာ အောင် ကျွန်တော်လာတာ"

"မသိရဘူးဆိုရင်..."

ဂရင်းလေးကသွေးတိုးစမ်းလိုက်သည်။

"မသိရဘူးဆိုရင်တော့ ကျွန်တော်တို့ အိုအက်စ်အက်စ်အကြီးအကဲ အလန် က သမ္မတထရူးမင်းအထိတက်ပြီး သတင်းပို့တော့မှာပေါ့။ ခင်ဗျားတို့ ပ်သီးတစ်ယောက်နဲ့ လျှို့ဝှက်အပေးအယူလုပ်ဖို့ စကားကမ်းလှမ်းနေတယ် "

"နာဇီထိပ်သီးတစ်ယောက်ဆီ ကြေးနန်းအဆက်အသွယ်လုပ်နေတာ ပါဘူးဗျာ၊ ကျွန်တော်တို့ရဲ့ ဂျာမနီမှာရှိနေတဲ့ အထောက်တော်ဆီ ဆက် နေတာပါ"

"ခင်ဗျား ဒီလိုပြောလိမ့်မယ်ဆိုတာ ကျွန်တော် တွက်မိပြီးသားပါဗျာ၊ မြွေ င်း ခြေမြင်ပါတယ်ဗျ"

"တကယ်ပြောနေတာပါ၊ ဘာလင်မှာ ကျွန်တော်တို့လူ မေခလာရှိတယ် အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော်ကတော့ ဆုမဟုတ်ပါဘူး"

ဘီလင်ဂျာက ရယ်လိုက်ပြီး...

"နေပါဦးဗျ၊ ခင်ဗျားကို ကျွန်တော်က ဆုပါလို့ ဘယ်မှာပြောရသေးလို့လဲ၊ ကလည်း မလုံတဲ့အိုး တုတ်မိုးရုံနဲ့အာဆိုတာမျိုး ဖြစ်နေပါလား"

ဂရင်းလေးက စကားတစ်ခွန်းမှားသွားသည့်အတွက် လျှာကိုပင် ဖြတ်လိုက် ်ပေါက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဟန်ကိုယ့်ဖို့ဆိုသည့်စကားအတိုင်း...

"ဆုဆိုတာ ကျွန်တော့်အထက်က အရာရှိကြီးတစ်ဦးဦး ဖြစ်ချင်လ ဖြစ်နေနိုင်တာပေါ့၊ ကျွန်တော်ဆိုလိုတာက ကျွန်တော်ဟာ ဆုတွေ၊ မေခလာ မြင်းကုန်ကူးစစ်ဆင်ရေးဆိုတာတွေ တစ်ခုမှမသိတဲ့အကြောင်း ခင်ဗျားကို ချင်တာ"

ဘီလင်ဂျာက ဘရန်ဒီကို တစ်ကျိုက်ကျိုက်လိုက်ပြီး...

"ခင်ဗျားဆီက မသိရလည်း ကိစ္စမရှိပါဘူးဗျာ၊ ဆု ဘယ်သူဆိုတာ တော့်မှာ စုံစမ်းလို့ရမယ့်နေရာတွေ အများကြီးပဲ"

"တကယ်လို့ စုံစမ်းလို့မရရင်လည်း ဘာကိစ္စရှိမှာလဲ၊ သမ္မတထရူး ဆီ ကျွန်တော်တို့ရထားတဲ့ သတင်းတွေ ပို့လိုက်ရုံပေါ့။

"ကျွန်တော်တို့ရဲ့ အိုအက်စ်အက်စ် အကြီးအကဲ အလန်ဒါးစ်က ဗြိတိ တွေရဲ့ မြင်းကုန်ကူးစစ်ဆင်ရေးကို ကဖျက်ယဖျက်လုပ်ဖို့ ရည်ရွယ်ချက် ပါဘူး။

"ဒီစစ်ဆင်ရေးမှာ ကျွန်တော်တို့ အိုအက်စ်အက်စ်အဖွဲ့က ထောက်လှမ်း သမား တစ်ယောက်နှစ်ယောက်လောက် ပူးတွဲပါဝင်ခွင့်ရရင် ဒါးစ်က ကျေ မှာပါ"

ဂရင်းလေးက ခဏစဉ်းစားလိုက်ပြီး...

"နေပါဦး၊ ခင်ဗျားက ဘန်းကို ဘယ်တော့ပြန်မှာလဲ"

"အလွန်ဆုံး နှစ်နာရီ၊ ဒါမှမဟုတ် သုံးနာရီကြာရင်ပေါ့"

"ဒါဖြင့်လည်း ကောင်းပြီလေ"

ဂရင်းလေးက ရုံးတွင်းပြော စကားပြောခွက်ခလုတ်ကို နှိပ်လိုက်သ တစ်ဖက်မှ အတွင်းရေးမှူး မစ္စအင်နီတာ့အသံ ထွက်လာ၏။

"ဘာများဆောင်ရွက်ပေးရမလဲရှင်"

"ကျုပ်ကားနဲ့ ဒရိုင်ဘာကို အိမ်ရှေ့မှာ ငါးမိနစ်အတွင်း အသင့်ရှိ စေ၊ ကျုပ်မှာ အမေရိကန် ဒုဗိုလ်ချုပ်တစ်ယောက်ကို လန်ဒန်မြို့တော်ရှုခင်း လိုက်ပြဖို့ရှိနေတယ်လို့ ဒရိုင်ဘာကိုပြောထားပါ၊ သူနားလည်ပါတယ်"

ဂရင်းလေးစကားအဆုံးတွင် ဘီလင်ဂျာက အံ့သြသည့်အမူအရာဖြင့် လိုက်၏။

"ဘာလဲ...ကျွန်တော်တို့ ဘယ်သွားကြမှာလဲ"





"ခဏလေး ပါ၊ ခင်ဗျားကို ကျွန်တော်ပြချင်တာကလေးတွေ ရှိနေလို့ပါ"

ဘီလင်ဂျာက လန်ဒန်သို့ ၁၉၃၀ ခုနှစ်တွင် တစ်ခေါက်ရောက်ခဲ့ပြီးနောက် က်ပိုင်းတွင် မရောက်ဖြစ်ခဲ့။

ယခုတစ်ကြိမ် ရောက်လာပြန်တော့လည်း ဟတ်ဖို့ရှိုင်းယား လေယာဉ်ကွင်း န်ဒန်သို့ တိုက်ရိုက်လာခဲ့ရသဖြင့် လန်ဒန်မြို့တော်တစ်ခုလုံး စစ်အတွင်း ပျက်စီးနေသည်ကို များများစားစား မြင်ခွင့်မရခဲ့။

ဂရင်းလေးနှင့်အတူ ကားစီးကာ လန်ဒန်မြို့ အရှေ့ပိုင်းသို့ ရောက်လာ အခါမှသာ နာဇီ-ဂျာမနီဗုံးဒဏ်ကြောင့် လန်ဒန်မြို့ကြီး မည်မျှအထိ စီးနေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရတော့သည်။

ဟစ်တလာက လန်ဒန်မြို့တော်အရှေ့ပိုင်းကို တစ်နေ့တည်းတွင် ဗုံးကြဲ လေယာဉ် အစီး ၆၂ စီး၊ တိုက်လေယာဉ် အစီး ၆၅၀ စုစုပေါင်း ယာဉ် ၁၂၇၅ စီးဖြင့် တိုက်ခိုက်ခဲ့သည်မဟုတ်လား။

ဂရင်းလေးက အပျက်အစီးနှင့် ပြာပုံအတိဖြစ်နေသော လန်ဒန်အရှေ့ပိုင်း က်ကို ကားဖြင့်လျှောက်ပြရင်း...

"ဒီအပျက်အစီးတွေအောက်က လူ့အရိုးတွေကို နောက်ဆယ်နှစ် ဆက်ပြီး လို့တောင် ကုန်နိုင်စရာမရှိဘူးဗျ၊ ဒီတော့ ဒီလို မရှုမလှ အသက်ပျောက်သွား တဲ့ အပြစ်ကင်းမဲ့တဲ့ မြို့သူမြို့သားတွေအတွက် ကျွန်တော်တို့မှာ လက်တုံ့ ခွင့်ရှိတယ်လို့ ခင်ဗျား မယူဆဘူးလား"

"ဒီမြင်းကုန်ကူးစစ်ဆင်ရေး ဆိုတာကလည်း ကျွန်တော်တို့ကစပြီး ကမ်း တဲ့ စစ်ဆင်ရေးမဟုတ်ပါဘူး၊ ဂျာမန်တွေဘက်က မေခလာဆိုတာက ကမ်းလှမ်းလို့ ကျွန်တော်တို့က နိုင်ငံရေးအခြေအနေအရ လက်ခံလိုက်ရ စစ်ဆင်ရေးပါ။

"ဒါပေမယ့် မေခလာဆီက ကျွန်တော်တို့ ဘာရမယ်ဆိုတာတော့ ခုထက် မသေချာသေးဘူး၊ ဒီတော့ ခင်ဗျားတို့ အိုအက်စ်အက်စ်အဖွဲ့က ဒီစစ်ဆင် ပါဝင်ခွင့်လိုချင်တယ်ဆိုရင်တော့ ခင်ဗျားတို့လူနှစ်ယောက်အပြင် ပိုပြီး င်ခွင့်တော့ မပေးနိုင်ဘူးဗျာ"

ဘီလင်ဂျာက ငြိမ်၍ နားထောင်နေသည်။

"ခင်ဗျားတို့လူနှစ်ယောက်ဟာ တိုက်ခိုက်ရေးမှာ ကျွမ်းကျင်ပြီးသား ဖြစ် ယ်၊ ယူနီဖောင်း ဝတ်မလာရဘူး၊ ဂျာမန်စကားကို ရေရေလည်လည် ပြော

www.burmeseclassic.com

www.burmeseclassic.com



ဘာဟ်သူဖြစ်ရမယ်"

ဘီလင်ဂျာက ဗြိတိသျှတို့၏ မြင်းကုန်ကူးစစ်ဆင်ရေးတွင် အမေရိ
အိုအက်စ်အက်စ်အဖွဲ့မှ တစ်ယောက်သာ လေ့လာသူတစ်ဦးအဖြစ် လိုက်ပါ
ရလျှင် တော်ပြီဟု ခံယူထားခဲ့၏။

ယခုမူ နှစ်ယောက်လိုက်ပါခွင့်ရသောကြောင့် ကျေနပ်နေသည်။

"ဒီစစ်ဆင်ရေးမှာ ကျွန်တော်တို့ရဲ့ အက်စ်အိုအီးအဖွဲ့က စစ်ဆင်ရေး
အဖြစ် တာဝန်ယူရမယ်၊ သူ့အဆင့်က ဗိုလ်မှူးအဆင့်ပဲရှိတော့ ခင်ဗျားတို့ဘ
ကလည်း ဗိုလ်မှူးအဆင့်ရှိသူပဲ ပါဝင်ခွင့်ပေးမယ်"

"ကြိုက်ပြီ"

ဘီလင်ဂျာက ခေါင်းညိတ်လိုက်၏။

"ကဲ...မေဖဲယားကို ပြန်မောင်းတော့ဟေ့"

ဂရင်းလေးက ဒရိုင်ဘာအား အမိန့်ပေးလိုက်သည်။

မေဖဲယားသို့ ပြန်ရောက်လာသောအခါ ဘီလင်ဂျာနှင့် ဂရင်းလေးတို့
ဘာရန်ဒီသောက်ရင်း အသေးစိတ်အချက်အလက်များကို ညှိနှိုင်းလိုက်ကြ၏
မြင်းကုန်ကူး စစ်ဆင်ရေး...

* * *

ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့၊ အမေရိကန်သံရုံးသို့ ဒုဗိုလ်ချုပ်ဘီလင်
ပြန်ရောက်ချိန်မှာ ညသန်းခေါင်ယံ။

မနေ့ညက တစ်ညလုံးမအိပ်ခဲ့ရသည့်ပြင် လေယာဉ်ပေါ်၌လည်း ယ
တစ်ရေးမျှသာ မှေးခဲ့ရသဖြင့် ဘီလင်ဂျာက စိတ်တိုနေ၏။

သို့သော် သံအမတ်ကြီးထံ သတင်းပို့ရန်ရှိနေသေးသဖြင့် အလန်ဒါးစ်
ဂေဟာသို့ ဆက်၍သွားရပြန်သည်။

ဒါးစ်က ဘီလင်ဂျာကိုမျှော်နေသည်နှင့် အသင့်။

"အမောပြေ ဝီစကီတစ်ခွက် လုပ်လိုက်လေ"

ဝဲလက်တွင် ဆေးတံ၊ ယာလက်တွင် ဝီစကီခွက်ကိုင်ကာ ဝဲဘက်
ထောက်ကို ခေါင်းအုံးနှစ်လုံးပေါ် ဆန့်၍ တင်ထားသော သံအမတ်ကြီး အလ
ဒါးစ်က ဘီလင်ဂျာအား ကြိုဆိုလိုက်သည့်စကား။





ဘီလင်ဂျာက ခရီးရောက်မဆိုက်ပင် ဂရင်းလေးနှင့် အပေးအယူလုပ်ခဲ့ရ
အသေးစိတ် သတင်းပို့လိုက်သည်။

"သိပ်ကောင်းတယ်ဗျို့"

သံအမတ်ကြီးက ဝမ်းသာအားရစကားဆိုလိုက်၏။ ပြီးမှ...

"ကျုပ်တို့ဘက်က ဘယ်သူ့ကိုလွှတ်မယ် စိတ်ကူးလဲ"

"တိုက်ခိုက်ရေးသမားလည်းဖြစ်ရမယ်၊ ဗိုလ်မှူးအဆင့်ထက်လည်း မမြင့်
ဆိုတော့ ဖိုဒါပဲ အကောင်းဆုံးဖြစ်မှာပဲ၊ သူက ဂျာမန်စကားလည်း သွက်
က်လက်လက် ပြောတတ်တယ်"

"ဟုတ်ပြီ၊ နောက်တစ်ယောက်က"

"နောက်တစ်ယောက်က ဖိုဒါကြိုက်တဲ့လူပဲ အကောင်းဆုံးဖြစ်မယ်ထင်
ယ်"

"ဟုတ်တယ်"

"ဖိုဒါက ဂရင်းလေးတို့ရဲ့ လေ့ကျင့်ရေးစခန်းရှိတဲ့ ဒီဗွန်ကို သန်ဘက်ခါ
ရောက် သတင်းပို့ရလိမ့်မယ်"

"ကောင်းပြီ၊ ဆက်လုပ်"

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၂၇ ]

ဒီဗွန် လေ့ကျင့်ရေးစခန်း။

သည်စခန်းက ဒတ်မိုးမြေရိုင်းတောကြီးအလယ်တွင်။

ဒတ်မိုးမြစ်ဘက်မှ တဖြည်းဖြည်းမြင့်တက်လာသည့် တောတန်းကြီး စခန်းကို ကိုယ်ရောင်ဖျောက်ထားနိုင်သည်။

စခန်းနှင့်အနီးဆုံးမြို့က အနောက်တောင်ဘက် ၁၅ မိုင်၊ ၁၆ မိုင်လော အကွာမှာ။

အရှေ့မြောက်ဘက် မိုင် ၂၀ လောက်အကွာတွင် အကွစ်တာမြို့။

ရာသီဥတုကောင်းမွန်နေသည့် အချိန်မျိုးတွင်ပင် မြူများ ရုတ်ခြည် ဆိုင်းဆို့လာတတ်သည်ကတစ်ကြောင်း၊ သက်ရှိသတ္တဝါ တစ်ကောင်ကော အမှတ်တမဲ့ကျမိလျှင် ပြန်တက်၍မရနိုင်သော ရွံ့ဗွက်အိုင်ကြီးများ ရှိနေသည် တစ်ကြောင်းတို့ကြောင့်...

ဤဒတ်မိုး မြေရိုင်းတောကြီးထဲသို့ သိုးကျောင်းသားပင် မျက်စိလည် ရောက်မလာတတ်။

ဒီဗွန်လေ့ကျင့်ရေးစခန်း ပတ်ပတ်လည်တွင် ရှစ်ပေမြင့်သည့် အုတ်နံ ကြီးက ကာဝိုင်းလျက်။

ဝင်ပေါက်ထွက်ပေါက်အဖြစ် ခြံဝင်းတံခါးမကြီးတစ်ခုသာ။

စခန်းတစ်ခုလုံးကို ဘုရင့်ရေတပ်မတော်မှ လက်ရွေးစင် ရွေးကော ထားသည့် အရာရှိအကြပ်တပ်သား ၃၀ ခန့်က အလှည့်ကျ စောင့်ကြပ်လျက်

လေ့ကျင့်ရေးစခန်းကျယ်ကြီးအတွင်းတွင် သေနတ်ပစ်ကွင်း၊ အစောင့်မျာ နေထိုင်ရာ အဆောက်အအုံ၊ လေ့ကျင့်ရေးရောက်လာသူများ နေထိုင်ရန် သီးသ





က်အိမ်များ၊ လေ့ကျင့်ရေးဆရာများအဖို့ တိုက်အိမ်များ စသည်ဖြင့် တသီး ခြားစီ ပိုင်းခြားပေးထားသည်။

ဟစ်တလာ၏ လုံခြုံရေးတပ်မှူးကြီး ရိန်-ဟတ်ဟေဒရစ်အား ၁၉၄၂ ခုနှစ် ချက်ကိုစလိုဗာကီးယား မျိုးချစ်တော်လှန်ရေးသမား ဂျန်ကူဗစ်နှင့် ဂျိုဇက် တို့အဖွဲ့က လုပ်ကြံသတ်ဖြတ်ရာ၌

လုပ်ကြံသတ်ဖြတ်ခြင်းမပြုမီ ဤဒီဗွန်လေ့ကျင့်ရေးစခန်းတွင် လျှို့ဝှက် ကျင့်ခဲ့ကြ၏။

ဒီဗွန်လေ့ကျင့်ရေးစခန်းကား ဗြိတိသျှ အထူးစစ်ဆင်ရေးအဖွဲ့တွင် သမိုင်း အောင်မြေပင်။

သည်အောင်မြေ လေ့ကျင့်ရေးစခန်းသို့ မြင်းကုန်ကူးစစ်ဆင်ရေးအတွက် ကျင့်ရန် ဗိုလ်မှူးဂျက်၊ တပ်ကြပ်ကြီးဖူးလား၊ ဒုတပ်ကြပ်မိုက်တို့သုံးယောက် လ၊ ၁၉ ရက်နေ့၊ ည ၃ နာရီတွင် ရောက်လာကြသည်။

ဒုတပ်ကြပ်မိုက်က အထူးစစ်ဆင်ရေးအဖွဲ့ ဗိုလ်မှူးချုပ်ဂရင်းလေး စီစဉ်ပေး က်သည့်ကားကို မောင်း၍ ရောက်လာကြခြင်း။

တစ်ခုတည်းသာရှိသော အဝင်,အထွက် တံခါးပေါက်ဝတွင် ဗိုလ်မှူးဂျက် လူစုက ဘုရင့်ရေတပ်မတော် တပ်ကြပ်ကြီး၏ အစစ်အဆေး အမေးအမြန်း အတော်ကြာအောင် ခံကြရသည်။

ပါလာသည့် အထောက်အထား စာရွက်စာတမ်းများကို စစ်ဆေး၍ ကျေနပ် သည့်တိုင် ရေတပ် တပ်ကြပ်ကြီးက ဗိုလ်မှူးဂျက်တို့သုံးယောက်အား ်ပေါက်ဝမှ လွှတ်မပေးသေးဘဲ လေ့ကျင့်ရေးစခန်းမှူးကိုယ်တိုင် ရောက်လာ ည်အထိ ဧည့်ခန်းတွင် အစောင့်ခိုင်းထားသည်။

လန်ဒန်မှ ဒီဗွန်လေ့ကျင့်ရေးစခန်းသို့ ကားစီး၍လာရသည့်ဒဏ်က မသက် ။

ကျင်းများ၊ ကုန်းများ၊ ချိုင့်များပေါ်တွင် ကားဆောင့်သည့်ဒဏ်က အခံရ က်လှသည်။

ဗိုလ်မှူးဂျက်က စိတ်တိုကာ မောလည်းမောနေ၏။

တိုက်ဖော် တိုက်ဖက်ဖြစ်ခဲ့ကြသည့် မေဂျာကနေဒီနှင့် တပ်ကြပ်ကြီးဟုမ်း နှစ်ယောက်က သေမင်းကို သစ္စာနှံ၍ တိုက်ခိုက်ခဲ့ရသည့် တိုက်ပွဲများ၌

တစ်ခါမှ ဒဏ်ရာမရခဲ့ကြသော်လည်း ကားမှောက်ရာတွင်မူ ပွဲချင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အသက်ပျောက်သွားခဲ့ကြရသည့်အဖြစ်။

ဗိုလ်ကြီးဒမ်ဗာနှင့် ဒုတပ်ကြပ်မက်ကလင်တို့ နောက်ကျနေသည့်အဖြ
နှင့်...

မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့တွင် စောစောက သဘောတူသတ်မှတ်ထာ
သလို မဟုတ်ဘဲ..

အချိန်နီးနေမှ တစ်ခါမှ လက်တွဲမတိုက်ဖူးသော အမေရိကန်နှစ်ယောက်
ထပ်ထည့်လိုက်သည့်အဖြစ်...

သည်အဖြစ်များက မြင်းကုန်ကူးစစ်ဆင်ရေးကို ဦးစီးရမည့် ဗိုလ်မှူးဂျ
အား စိတ်တို၍ မောရ်နေစေသည်။

စစ်ဆင်ရေးတစ်ခုတွင် အချိန်ကပ်နေမှ မမျှော်လင့်သည့်အပြောင်းအ
များ ဖြစ်လာတတ်သည်ကို ဗိုလ်မှူးဂျက်အနေဖြင့် တွေ့ဖူး၊ ကြုံဖူး၊ သိဖူးပြီးသာ

သို့သော်...

ယခု မြင်းကုန်ကူးစစ်ဆင်ရေးတွင်မူ အခြေအနေက ထူးခြားနေသည်

ဆင်နွှဲရမည့် စစ်ဆင်ရေးအမျိုးအစားက အချိုးမကျဖြစ်နေသလို ထ
သွင်းထားသည့်လူများတွင်လည်း ငြူစူစရာကောင်းသူနှစ်ယောက်က အဆ
ပါလာလျက်။

"ကျွန်တော်တို့အဖွဲ့က ဦးလေးနေတဲ့လှေနဲ့ တူနေပြီ၊ ဒါထက်ဆိုးတာ
တစ်ယောက်အထာကို တစ်ယောက်နားမလည်တဲ့ အမေရိကန်နှစ်ယောက် အဆ
ပါလာတဲ့ကိစ္စပဲ"

ဗိုလ်မှူးချုပ်ဂရင်းလေးက ဗိုလ်မှူးဂျက်အပေါ်တွင် စာနာပါ၏။ သို့သေ
အမေရိကန်နှစ်ယောက် နောက်ထပ် အဆစ်ပါလာခြင်းကိုမူ သူလည်း မည်သို့
မတတ်နိုင်။

"သူတို့လှေကျင့်ရေးစခန်း ရောက်လာတဲ့အချိန်မှာ တစ်ယောက်သဘော
တစ်ယောက်နားလည်အောင် ကြိုးစားကြဖို့ပဲ ရှိတော့တယ်"

"ဘာပဲဖြစ်ဖြစ် ဒီစစ်ဆင်ရေးတစ်ခုလုံးကို ဦးစီးရမှာက မောင်ရှင်ပဲ
တကယ်လို့ မောင်ရင် တစ်ခုခုဖြစ်သွားရင်တောင် မောင်ရင့်နေရာကို ဗိုလ်ကြီး
ဒမ်ဗာက ဆက်ခံပြီး စစ်ဆင်ရေးမှူးတာဝန်ကို ယူရမှာပဲ"

ဗိုလ်မှူးဂျက်က ဂရင်းလေးနှင့် အပြန်အလှန်ပြောခဲ့ကြရပုံကို တွေးနေစဉ်
လှေကျင့်ရေးစခန်းမှူး ရောက်လာသည်။





လက်တစ်ဖက်ပြတ်နေသည့် ဗိုလ်မှူးကြီးအဆင့်ရှိသူ။

စစ်အင်္ကျီရင်ဘတ်ပေါ်တွင် ဆုတံဆိပ်များနှင့် တိုက်ပွဲစဉ် အမှတ်အသား
များ ပြည့်နေ၏။

သို့သော် တပ်အမှတ်အသားကိုမူ စစ်ဝတ်စုံပေါ်တွင် တပ်ဆင်ထားခြင်း
မရှိ။

"ကျုပ်က လှေကျင့်ရေးစခန်းမှူးဆိုပေမယ့် ခင်ဗျားတို့ကို လိုအပ်တဲ့
သင်ကြားမှုတွေကို ပေးမှာကတော့ ကျုပ်မဟုတ်ဘူး၊ အရပ်ဝတ်အရပ်စား ဝတ်
ထားတဲ့ စစ်အရာရှိတွေပဲ။

"ကျုပ်တို့စခန်းမှာ တစ်ယောက်နဲ့တစ်ယောက် အလေးပြုနေဖို့မလိုဘူး၊
သင်ကြားပေးတဲ့အတိုင်း လှေကျင့်လိုက်နာဖို့က အဓိက။

"ခင်ဗျားတို့ဟာ ဒီညကစပြီး ဂျာမန်စကားကိုသာ ပြောကြရမယ်၊ လှေကျင့်
...ကတော့ နက်ဖြန်ညနေမှစမယ်၊ သေနတ်ပစ်ကွင်းမှာ ဂျာမန်လက်နက်တွေ
...ပဲ လှေကျင့်ပစ်ခတ်ရမယ်။

"ကဲ...ခင်ဗျားတို့အတွက် စီစဉ်ထားတဲ့ နေရာထိုင်ခင်းကို လိုက်ပြမယ်၊
ခင်ဗျားတို့ ဆာလာမှာဖြစ်လို့ စားသောက်စရာတွေလည်း ပြင်ဆင်ထားတယ်၊
...လာကြ"

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၂၈ ]

ဧပြီလ ၂၀ ရက်နေ့။

နံနက်ခင်း။

တစ်တောင့်ချင်းပစ်သံ။

အတွဲလိုက်ဆွဲသံ။

လက်နက်ကလည်း မျိုးစုံ။

အားလုံး ဂျာမန်လက်နက်။

ဇ၈ ကော၊ အက်ဖ်ဂျီ ၄၂၊ အမ်ပီ ၃၈၊ ပီ ၃၈...

ပစ်မှတ်နေရာတွင်ထောင်ထားသည်က ဗြိတိသျှနှင့် အမေရိကန်စစ်သားရု

များ။

တစ်လှည့်စီ လေ့ကျင့်ပစ်ခတ်နေသူများက ဗိုလ်မှူးဂျက်၊ တပ်ကြပ်ကြ

ဖူးလားနှင့် ဒုတပ်ကြပ်မိုက်။

မိဖွန်လေ့ကျင့်ရေးစခန်းတွင် ဂျာမန်လက်နက်များ ကိုင်တွယ်ပစ်ခတ်ပုံ

သင်ကြားပြသသူကိုမူ တပ်ကြပ်ကြီးစစ်ဝတ်စုံ ဝတ်ဆင်ခွင့်ပေးထားသည်။

ဂျာမန်စစ်ဝတ်စုံ၊ ဂျာမန်စစ်အသုံးအဆောင်နှင့် ပတ်သက်၍မူ ဘရောင်

နင်း၊ ဂရေးနှင့် ကိစ်ဟု အမည်ခံထားသူသုံးဦးက သင်ပြပေးသည်။

အင်္ဂလိပ်ကဗျာဆရာကျော်ကြီးများ၏ အမည်ကို ခံထားခြင်းကပ

ဆရာသုံးယောက်၏ နာမည်ရင်းမဟုတ်ကြောင်း ပေါ်လွင်နေစေ၏။

သည်ဆရာသုံးယောက်က ဂျက်၊ ဖူးလားနှင့် မိုက်တို့အား မူလ ဗြိတိသျ

စစ်ရာထူးများနှင့်ညီသည့် ဂျာမန်အဆင့်များကို ပေးထားခဲ့၏။

လက်တွေ့ကွင်းဆင်းရာ၌ အယောင်ယောင်အမှားမှား ကင်းစေရန် ရည





ည်ချက်။

ဂျာမန်လက်နက်များ ကိုင်တွယ်ပစ်ခတ်နည်းကို သင်ပြပေးသူ တပ်ကြပ်

ကြီးက ဂျာမန်လက်နက်တစ်ခုစီအကြောင်းကို သမိုင်းနှင့်ချီ၍ ပြောပြနိုင်သည်။

ဂျက်၊ ဖူးလားနှင့် မိုက်တို့သုံးယောက်က တစ်မနက်ခင်းအတွင်းမှာပင်

ဂျာမန်လက်နက်ကလေးမှန်သမျှကို ဖြုတ်နိုင်၊ တပ်နိုင်၊ ပစ်ခတ်နိုင်သည်အထိ

ကျွမ်းကျင်သွားကြ၏။

"နက်ဖြန်မနက် ခြောက်နာရီ ဒီသေနတ်ပစ်ကွင်းကို လာခဲ့ကြပါဦး"

တာဝန်ခံဆရာအား နှုတ်ဆက်လိုက်ပြီးနောက် ဂျက်က ခေါင်းဆောင်လျက်

သေနတ်ပစ်ကွင်းမှ ထွက်လာသည်။

သေနတ်ပစ်ကွင်းနှင့် ဂျက်တို့အား နေထိုင်ခွင့်ပေးထားသည့် တိုက်ခန်းမှာ

ဝေးလှ။

ဂျက်က သေနတ်ပစ်ကွင်းကြီးကို ပတ်ပတ်လည် ကာရံထားသည့် အုတ်

တံတိုင်းကြီးမှ တံခါးကို တွန်းဖွင့်လိုက်ပြီးနောက် ရှေ့သို့ ခြေလှမ်း၍ ထွက်

လိုက်တွင် တုံ့ခနဲ ရပ်ပစ်လိုက်၏။

ရှေ့နားတွင် ဂျာမန်စစ်သားနှစ်ယောက်။

အရပ်ပိုမြင့်သည့် ဂျာမန်က ဗိုလ်ကြီးအဆင့်။

နောက်တစ်ယောက်က တပ်ကြပ်ကြီးအဆင့်။

ဂျက်က သေနတ်ချိတ်ထားလေ့ရှိသည့် ညာဘက်ခါးဆီသို့ အလိုအလျောက်

ရောက်သွားသည်။

သို့သော် သေနတ်က မရှိ။

ဗိုလ်ကြီးအဆင့်ရှိ ဂျာမန်စစ်ဗိုလ်က ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။

"ကျွန်တော်တို့ ဒီနေ့မနက်မှ ဒီကိုရောက်တယ် ဗိုလ်မှူး"

အသံကိုကြားလိုက်ရတော့မှပင် ဂျာမန်ဗိုလ်ကြီးဝတ်စုံဖြင့် မိမိအား ဂျာမန်လို

ခင်းပို့လိုက်သူမှာ ဗိုလ်ကြီးဒမ်ဗာဖြစ်နေကြောင်း ဂျက်က သတိထားလိုက်မိ

သည်။

ဗိုလ်ကြီးဒမ်ဗာ၊ ဒုတပ်ကြပ်မက်ကလင်း။

ဗိုလ်မှူးဂျက်၊ တပ်ကြပ်ကြီးဖူးလား၊ ဒုတပ်ကြပ်မိုက်။

စုစုပေါင်း ငါးယောက်။

သင်တန်းဆရာကြီးအဖြစ် ဆောင်ရွက်ရသော ဘရောင်းနင်းက ဂျက်တို့



www.burmeseclassic.com

www.burmeseclassic.com



လူစုအား စကားစမြည်ပြောနိုင်ရန် ၁၅ မိနစ် ခွင့်ပေးလိုက်သည်။

ရောင်းရင်းအချင်းချင်းပြန်ဆုံကာ နောက်ကြောင်းစမြုံ့ပြန်ရသည်မှာ အရသာရှိလှ၏။

၁၅ မိနစ် နားခွင့်စေသွားသောအခါ ဘရောင်းနင်းက သင်တန်းကို စ,လိုက်၏။

ဟစ်တလာ့ ကိုယ်ရံတော်တပ်ဖွဲ့ဖြစ်သော အက်စ်အက်စ်အကြောင်းကို ယေဘုယျအဖြစ် ကိုယ်ရံတော်တပ်၏ ယန္တရားတပ်မ ဒတ်စ်ရစ်ချ်အကြောင်းကို အသေးစိတ်အဖြစ် ဆလိုက်များဖြင့် ပို့ချသည်။

ကိုယ်ရံတော်တပ်ဖွဲ့တွင် နှစ်မျိုးနှစ်စားရှိကြောင်း အထူးပြု၍ သင်ကြား သည်။

တိုက်ခိုက်ရေးကိုယ်ရံတော်တပ်နှင့် အကျဉ်းစခန်းစောင့် ကိုယ်ရံတော် တပ်ဟူ၍...

တိုက်ခိုက်ရေးကိုယ်ရံတော်တပ်တွင် မျိုးကြီးဆွေကြီးထဲမှ တပ်သားများသာ ပါဝင်လျက် အကျဉ်းစခန်းစောင့် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များမှာမူ အများအားဖြင့် လူသတ်သမားများ၊ မုဒိမ်းကောင်များသား။

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးဂျက်တို့လူစုအတွက်မှာမူ အားလုံးကို ရန်သူများ အဖြစ် မုန်းတီးစရာ သတ္တဝါများ။

နေ့လယ် ၁၂ နာရီတွင် နေ့လယ်စာလာပို့သည်။

ပူပူနွေးနွေး အရသာရှိရှိ။

နေ့လယ်စာစားသောက်ပြီးချိန်၌ ငါးယောက်သား ညှိခန်းဆောင်တွင် ထိုင်ကာ စကားပြောရင်း အနားယူကြသည်။

ညနေ သင်တန်းချိန်တွင် ဟစ်တလာ့ကိုယ်ရံတော်တပ်ဖွဲ့ ယန္တရားတပ်မ ဒတ်စ်ရစ်ချ်တပ်ဖွဲ့သားများ တပ်ဆင်ရသည့် ရာထူးတံဆိပ်များ၊ သူရဲကောင်း တံဆိပ်များ၊ တိုက်ပွဲစဉ်မှတ်တမ်းတင်တံဆိပ်များအကြောင်းကို သင်တန်းဆရာ ကိစ်က သင်ပြသည်။

မည်သို့မည်ပုံဆင်ယင်ရပုံကိုလည်း ဆေးရောင်စုံပုံများဖြင့် ပြောပြသည်။

သင်တန်းမှပို့လာသော ညနေစာကို စားသောက်ကြပြီးနောက် ဂျက် ဒမ်ဗာနှင့် မက်ကလင်းတို့က စကားလက်ဆုံကျနေကြစဉ် ဗိုလ်မှူးချုပ်ဂရင်းထေ ထံမှ ဗိုလ်မှူးဂျက်ထံ ဖုန်းခေါ်လိုက်သည်။





တယ်လီဖုန်းရှိရာအခန်းမှ ပြန်လာသည့်ဂျက်က...

"အမေရိကန်နှစ်ယောက် ကျုပ်တို့စခန်းကို ထွက်လာပြီတဲ့၊ နက်ဖြန် ရောက်လိမ့်မယ်လို့ ဗိုလ်မှူးချုပ်က ပြောတယ်"

မက်ကလင်းက ဂျက် ဖန်ခွက်ထဲသို့ ဝီစကီတစ်ခွက် နောက်ထပ်ထည့် ပေးလိုက်၏။

"တစ်ခါမှမနွဲဖူးတဲ့ လူနှစ်ယောက်နဲ့ တွဲရမှာဆိုတော့ ကျွန်တော်တို့ အတော့်ကို ပူးတွဲလေ့ကျင့်ဖို့ လိုလိမ့်မယ်"

ဗိုလ်ကြီးဒမ်ဗာက ထင်မြင်ချက်ပေးလိုက်သည်။

မြင်းကုန်ကူးစစ်ဆင်ရေးကို ဦးစီးရမည့် ဗိုလ်မှူးဂျက်က ခေါင်းညိတ်ရုံသာ ညိတ်ပြီး တစ်ခွန်းမှဝင်မပြော။

"ကျွန်တော်ကတော့ ဒီစစ်ဆင်ရေးမှာ ဒမ်ဗာပါလာတာနဲ့ ကျွန်တော်ပါ ပါလာရတာ"

ဒုတပ်ကြပ်မက်ကလင်းက လိုက်၍ပြောလိုက်၏။

"ဒါဖြင့် မောင်ရင်က မောင်ရင့်သဘောအတိုင်း ဗော်လံတီယာလုပ်လာ တာ မဟုတ်ဘူးပေါ့"

သည်တော့မှ ဂျက်က မေးလိုက်၏။

"ဟုတ်တယ်၊ ကျွန်တော် ဗော်လံတီယာလုပ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒမ်ဗာနဲ့ကျွန်တော်က အမြဲတွဲနေကျဖြစ်တော့ ဒီစစ်ဆင်ရေးမှာ ကျွန်တော်ပါလာ တာ"

ဂျက်က ဝီစကီကို ရေမရောဘဲ မော့ချလိုက်သည်။

ညှိခန်းက တိတ်ဆိတ်နေလေသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

ဧပြီလ ၂၀ ရက်နေ့က ဟစ်တလာ့ ၅၆ နှစ်မြောက် မွေးနေ့…။

မွေးနေ့ နေ့လယ်ဘက်တွင် ဟစ်တလာက လာရောက် ဂါရဝပြုကြသော ဧည့်သည်များအား ဧည့်ခံသည်။

ဟင်မလာ၊ ဂိုအားရင်း၊ ဂိုးဘဲလ်စ်…စသော ဝန်ကြီးများနှင့် ရေကြောင်းဗိုလ်ချုပ်ကြီး ဒိုနစ်၊ ဖီးမာရှယ်ကီတယ်၊ ဗိုလ်ချုပ်ကြီးဂျိုးတို့က နေ့လယ်ပိုင်းစောစောတွင် ရောက်လာကြ၏။

ညနေခင်းမှ…ရောက်လာသူများမှာ ဗွန်ရစ်ဘင်ထရော့၊ ဘောမန်း စသော နာဇီပါတီ ထိပ်သီးကြီးများနှင့် စက်ယန္တရားထုတ်လုပ်မှုဝန်ကြီး အဲလ်ဘတ်စပီးယား စသည်တို့…။

အဓိပတိကြီး၏ မွေးနေ့မင်္ဂလာပွဲသို့ မတက်ရောက်လာနိုင်ကြသူများမှာ စစ်ရေးကိစ္စဖြင့် ခေါင်းမဖော်နိုင်လောက်အောင် အလုပ်ရှုပ်နေကြသူများ။

သို့မဟုတ် ဘာလင်မြို့တော်အပြင်ဘက်သို့ ရောက်နေကြသူများ။

ဟစ်တလာက ဟစ်တလာလူငယ်တပ်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား အဓိပတိရုံး ဥယျာဉ်ကြီးထဲတွင် တွေ့ခွင့်ပေးသည်။

လူငယ်အဖွဲ့တပ်မှူးက ဆုတံဆိပ်ချီးမြှင့်ရန် ထောက်ခံခြင်းခံရသူအချို့ကို ဟစ်တလာကိုယ်တိုင် ဆုတံဆိပ်များ အပ်နှင်းသည်။

မွေးနေ့မင်္ဂလာဧည့်ခံပွဲနောက်ပိုင်းတွင် အဓိပတိကြီး ဟစ်တလာက ဖီးမာရှယ်ကီတယ်အား အထူးဖော်ဖော်ရွေရွေ ကျေးဇူးတင်စကားဆိုသည်။

ရှုလိုင်လအတွင်းက ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုတစ်ရပ် ပေါ်ပေါက်ခဲ့၏။





ထိုလုပ်ကြံမှုလွတ်မြောက်အောင် ကယ်ဆယ်ခဲ့သူမှာ ဖီးမာရှယ်ကီတယ်ပင် ဖြစ်သည်။

ဟစ်တလာက ဖော်ဖော်ရွေရွေဆက်ဆံနေသဖြင့် စစ်သူကြီးကီတယ်က ငြိမ်းချမ်းရေးအတွက် စေ့စပ်ချဉ်းကပ်မှုကို ချက်ချင်းပင်လုပ်သင့်ပြီဖြစ်ကြောင်း၊ ကြာလျှင် ဘာလင်မြို့တော်မှာ နောက်ဆုံးစစ်မြေပြင်ဖြစ်လာဖွယ်ရာရှိကြောင်း အဓိပ္ပာယ်သက်ရောက်သည့်စကားကို သွယ်ဝိုက်ပြောဆိုလိုက်၏။

ဤတွင် ဟစ်တလာက…

"ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖို့ ကျုပ် အကြိမ်ကြိမ်ကြိုးစားခဲ့တယ်၊ ဒါပေမယ့် မဟာမိတ်တွေက လက်မခံဘူး။

"မဟာမိတ်တွေက ၁၉၄၃ ခုနှစ်ကတည်းက စပြီး ခြွင်းချက်မရှိ လက်နက်ချရမယ်လို့ တောင်းဆိုနေခဲ့ကြတယ်။

"ဒီလို ခြွင်းချက်မရှိ လက်နက်ချရမယ့်အရေးဟာ ကျုပ် ကိုယ်ရေးကိုယ်တာအတွက် ဘယ်လိုပဲဖြစ်လာဖြစ်လာ ကျုပ်က မမှုပါဘူး၊ ဒါပေမယ့် ဂျာမန်ပြည်သူတွေအတွက်တော့ ဘယ်လိုမှ အလျှော့မပေးနိုင်ဘူးဆိုတာ အသိဉာဏ်ရှိတဲ့သူတိုင်း ဝန်ခံရမှာပဲ"

"ကျုပ်တို့ အခုရင်ဆိုင်နေရတဲ့ အခက်အခဲကြီးကို ကျော်နင်းနိုင်အောင် ကျုပ်တို့ အတတ်နိုင်ဆုံးကြိုးပမ်းလိုက်ရင် ကျုပ်တို့ရဲ့လက်နက် အသစ်အဆန်းတွေက ကျုပ်တို့ကို အောင်ပွဲဆီရောက်အောင် ခေါ်သွားနိုင်လိမ့်မယ်"

ဘန်ကာအပြင်ဘက်သို့ ရက်သတ္တပတ်ပေါင်းများစွာကြာသည်အထိ တစ်ခါမျှ မထွက်ခဲ့သူ…

ဘာလင်တစ်မြို့လုံး အုတ်အင်္ဂတေအကျိုးအပဲ့နှင့် ပြာပုံအတိဖုံးကာ မြို့တော်မှ မြို့တော်သားအားလုံး အစာအငတ်ငတ် ရေအငတ်ငတ် ဖြစ်နေကြပုံကို မမြင်ရသူ…

စစ်မြေပုံပေါ်တွင် စိတ်ကူးထဲတွင်ရှိနေသည့် တပ်မဟာများကို ကျားကွက်ရွှေ့သလို ရွှေ့ရင်း မဟာမိတ်တပ်များအား အလဲထိုးရန် စိတ်ကူးယဉ်နေခဲ့သူ…

ဟစ်တလာလို လူတစ်ယောက်အဖို့ အထက်ပါစကားများမှာ သတ္တိပြောင်သည့် မိန့်ခွန်းတစ်ရပ်ပမာ ဖြစ်နေရတော့၏။

အဓိပတိကြီး မွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်လာကြသည့် စစ်ဘက်၊ အုပ်ချုပ်ရေးဘက်နှင့် ပါတီထိပ်သီး ကြီးကြီးငယ်ငယ်များအား တစ်ဦးချင်း



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ် လေ့လာနေသူကား…

လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီး လန်ဂျင်ဒေါဖ်။

လူကိုယ်တိုင်မလာရောက်နိုင်သဖြင့် ကိုယ်စားစေလွှတ်ခြင်းခံရသူများ လည်း ဗိုလ်ကြီးလန်ဂျင်ဒေါဖ်က အလွတ်မပေး။

အဓိပတိကြီးအား ဂါရဝ်ပြုရန် လာရောက်ကြသူများအနက် သစ္စာဖော တစ်ယောက်တော့ ပါနေပြီဟု လန်ဂျင်ဒေါဖ်က တွက်ထားသည်။

သို့သော် မည်သူသစ္စာဖောက်ဖြစ်နိုင်သည်ကိုမူ လန်ဂျင်ဒေါဖ်က ယခုတိ အရိပ်အရောင်ပင် မဖမ်းမိနိုင်သေး။

ရိပ်ဖမ်းပုံမှန်းသိအောင် အထက်အရာရှိကြီးများထံ ချဉ်းကပ်၍လည်းမဖြ

အထက်အရာရှိကြီးများထဲတွင် သစ္စာဖောက်တစ်ယောက် ရှိနေလေ ကိုသို့ချဉ်းကပ်ခြင်းအားဖြင့် ထိုအရာရှိကြီးထံ တိုက်ရိုက်သတင်းပို့လိုက်သ ဖြစ်နေမှာကိုလည်း စိုးရိမ်ရသေးသည်။

ထိပ်သီးအရာရှိများ အားလုံးလိုလိုပင် သစ္စာဖောက်ရန် ကြံစည်နေမှုတွ ဂစ်ကျိတ်တည်းတစ်ဉာဏ်တည်း ဖြစ်နေနိုင်သည်မဟုတ်လား။

ထို့ကြောင့် ဗိုလ်ကြီးလန်ဂျင်ဒေါဖ်က သူ့ လျှို့ဝှက်ထောက်လှမ်းရေ လက်နက်ကိုပင် ဆက်၍ကိုင်ထားရန် ဆုံးဖြတ်လိုက်သည်။

သူ့ လျှို့ဝှက်လက်နက်က သူကိုယ်တိုင် မျက်စိကိုဖွင့် နားကိုစွင့်ထားတ သူကိုယ်တိုင် သဲလွန်စရှာမည်ဆိုသော လက်နက်။

မည်သူပင် သစ္စာဖောက်ဖြစ်နေနေ၊ ထိုသစ္စာဖောက်တစ်ယောက်တည် မဟုတ်ကြောင်း ထင်ရှားနေသည်။

ဂျာမန်–ဆွစ်နယ်စပ်တွင် ပစ်သတ် ဖမ်းဆီးခြင်းခံခဲ့ရသော ဗိုလ်မှူးကလော ဘူးယား၏ အဖြစ်အပျက်က သက်သေခံချက်ပေးနေသည် မဟုတ်လား။

ကလော့ဇ်ဘူးယား၏ အကျႌအိတ်ထဲတွင် ဟစ်တလာ့ကိုယ်ရံတော် တို ်က်ရေးတပ်မှ ဗိုလ်မှူးဖြစ်ကြောင်း သက်ဆိုင်ရာစာရွက်စာတမ်း အပြည့်အ ေတွ့ရှိခဲ့ရသည်မဟုတ်လား။

ထိုစာရွက်စာတမ်းများက အတုမဟုတ်။ လုံခြုံရေးတပ်ဖွဲ့မှ တံဆိပ်ရိုက် ထုတ်ပေးထားသည့် စာရွက်စာတမ်းအစစ်။

သို့သော် ကိုယ်ရံတော် တိုက်ခိုက်ရေးတပ်ဖွဲ့တွင် ဗိုလ်မှူးကလော့ဇ်ဘူးယာ ဟူ၍ စာရင်းပင် မှတ်ပုံတင်ထားသူ တစ်ဦးမျှမရှိကြောင်း ဗိုလ်ကြီးလန်ဂျ





ေါ်ဖ်က စုံစမ်း၍ အတိအကျ သတင်းရထားပြီးသား။

သို့ဖြစ်လျှင် သစ္စာဖောက်ရန် ကြံစည်နေသူသည် တစ်ယောက်တည်း ဟုတ်၊ အုံနှင့်ကျင်းနှင့်ဆိုသည်မှာ ထင်ရှားနေပြီ။

ထိုသစ္စာဖောက်သည် သစ္စာဖောက်လုပ်ငန်းအတွက် တစ်ကြိမ်သောအခါက ား‌မှ အောင်သွယ် ဒလန်တစ်ယောက်ကို အသုံးပြုခဲ့ဖူးရာ…

နောက်တစ်ကြိမ်တွင်လည်း နောက်ထပ် ဒလန်တစ်ယောက်ကို အသုံးချ မည်မုချ။

သို့ဖြစ်လျှင် ဒလန်ကိုဖမ်းမိလိုက်ခြင်းဖြင့် သစ္စာဖောက်လုပ်ငန်းကို ကြိုးကိုင် သူ၏ ခြေရာကိုခံ၍ ရနိုင်မည်မဟုတ်လား။

အသွားအလာ မှုမမှန်၊ အနေအထိုင် ပုံပျက်နေသူတစ်ယောက်ယောက်ကို ထောက်လှမ်းတွေ့ရှိရလျှင်…

ဗိုလ်ကြီးလန်ဂျင်ဒေါဖ်တွင် ထောက်လှမ်းရေးတာဝန်ကို မိမိဆုံးဖြတ်ချက် ရ ခံယူထားသည့်တိုင် ဘာလင်မြို့တော် လုံခြုံရေးတွင်လည်း တာဝန်ရှိနေ န်သည်။

ဘာလင်မြို့တော်မှာ အဝိုင်းခံထားရသည့် မြို့ဟုဆိုက မှားနိုင်မည်မဟုတ်။ ၌လိုအချိန်မျိုးတွင် ရန်သူကို ခံတိုက်လိုသူထက် လက်မြှောက်အရှုံးပေးလို က များနေတတ်သည်။

လက်မြှောက်အရှုံးပေးလိုသူများကို ရပ်တန့်က ရပ်သွားအောင် လုပ်ရမည့် ာဝန်ကိုလည်း ဗိုလ်ကြီးလန်ဂျင်ဒေါဖ် ယူထားရ၏။

အဓိပတိကြီးဟစ်တလာက ကတိပြုထားသည့် လက်နက်ဆန်းများက သည်း အချိန်မရွေး ရောက်လာနိုင်သည်မဟုတ်လား။

သည်လက်နက်ဆန်းများကို ဘာလင်မြို့သူမြို့သားများ၊ ဂျာမန်တပ်သား ား၊ ဂျာမန်အရပ်သားများက ကိုင်ဆောင်လျက် အိုင်ဗင်ခေါ် ရုရှများကို တိုက် တ်လိုက်လျှင်…

ရုရှတပ်များသည် ဘာလင်မြို့တော် တံခါးဝမှ တပ်ခေါက်ပြီး အပြီးအပိုင် တ်သွားနိုင်သည်မဟုတ်လား။

ဤဦးတည်ချက်ကို ရင်တွင်ပိုက်လျက် ဗိုလ်ကြီးလန်ဂျင်ဒေါဖ်က လုံခြုံရေး ပ်ဖွဲ့အတွက် သီးသန့်ပေးထားသော ဘန်ကာအခန်းမှ ဗိုလ်သုံးယော ကို ေါ်ကာ ဘာလင်မြို့ထဲသို့ လှည့်ကင်းထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှလေတပ်မတော်မှ အုပ်နှင့်ချီ၍ ဗုံးကြဲတိုက်ခိုက်သွားပြီးခဲ့သည်မှာ ၁၀ မိနစ်ပင် ကြာနေပြီ။

လေကြောင်းအန္တရာယ်ကင်းရှင်းကြောင်း ဥသြပင် မှုတ်ပြီးနေပြီ။

နီးရာဗုံးခိုကျင်းများတွင် ပုန်းအောင်းနေခဲ့ကြသည့် ဘာလင်မြို့သူမြို့သားများက လမ်းပေါ်သို့ အလျှိုအလျှိုတက်လာကြသည်။

လက်ထဲတွင် မရှင်ပစ္စတိုတစ်လက်စီ အသင့်ကိုင်ကာ လေးယောက် ရင်ပေါင်တန်း၍ လျှောက်လာသည့် ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်တို့ အက်စ်အက်စ် လုံခြုံရေးစစ်ဗိုလ်များကို လှမ်းမြင်လိုက်ရသူများက လမ်းပေါ်မတက်သေးဘဲ ရောက်သည့်နေရာတွင် ရပ်နေကြ၏။

ပြုလုပ်ပြီးခြင်း အဆောက်အအုံအောက်တွင် ပိ၍သေရခြင်းက အက်စ်အက်စ် တပ်သားများ၏ အဖမ်းကိုခံရခြင်းထက် သက်သာသည်ဟု ဘာလင်မြို့သူမြို့သားများက သဘောပေါက်နေကြသည်။

မြောက်ဘက် ကောင်းကင်ထက်တွင် ရုရှလေယာဉ်သုံးစီးနှင့် ဂျာမန် အမ်အီး ၁၀၉ အမျိုးအစား တိုက်လေယာဉ်တို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေကြ၏။

ဗြိတိသျှလေတပ်မှ လေယာဉ်များ ဗုံးကြဲတိုက်ခိုက်၍ ပြန်လှည့်သွားပြီးနောက် ရုရှလေတပ်က ဘာလင်ကို အမွှန်းခြေရန် နိဒါန်းပျိုးလာခြင်း။

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်တို့ လှည့်ကင်းရောက်မလာမီ အလက်ဇန္ဒြားလမ်းထဲသို့ ပထမလှည့်ကင်း ရောက်ရှိသွားကြောင်း လမ်းဘေးရှိ ဓာတ်မီးတိုင်များတွင် လည်ပင်းကြိုးတပ်လျက် အသက်ထွက်နေကြသည့် အလောင်းတစ်ဒါဇင်ခန့်က သက်သေထုတ်ပြနေလေသည်။

အသက်ပျောက်နေကြသူများအနက် အသက် ၂၀ ပင် မပြည့်တတ်သေးသည့် ဂျာမန်စစ်သားကလေးများက အရေအတွက်များများ။

သေဆုံးနေသူများ၏ လည်ပင်းတွင် စာများချိတ်ဆွဲထား၏။

"စစ်မတိုက်လိုသဖြင့် အသက်တိုကြရသူ သစ္စာဖောက်များ"

အက်စ်အက်စ် တပ်ဖွဲ့ဝင်များကလည်း ဂျာမန်။

အသတ်ခံရသည့် စစ်သားများကလည်း ဂျာမန်။

ဂျာမန်က အခြားဂျာမန်အား ဤသို့ရက်စက်နိုင်ကြလျှင် ဘာလင်မြို့ထဲသို့ ဝင်လာမည့် ရုရှတပ်များက ဂျာမန်အရပ်သားများအား သည့်ထက်မက ရက်စက်နိုင်ကြတော့မည်။





ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က ဦးဆောင်ကာ လမ်းတွင်တွေ့ရသမျှ စစ်သားများ၊ အရပ်သားများအား သက်ဆိုင်ရာ စာရွက်စာတမ်းနှင့် မှတ်ပုံတင်များ ပါ၊မပါ စစ်ဆေးသည်။

ညနေ ၅ နာရီထိုးခါနီး...

လှည့်ကင်းတာဝန်ကုန်ဆုံးရန် နာရီဝက်မလိုတော့။

လမ်းခွဆုံတစ်ခုသို့အရောက်တွင် ဂုန်နီအိတ်တစ်လုံးကိုဆွဲလာသည့် ဂျာမန်လူငယ်နှစ်ယောက်ကို တွေ့လိုက်ရ၏။

သူတို့နှစ်ယောက်က ၁၉ နှစ်၊ အနှစ် ၂၀ အရွယ်။

"ဂုန်နီအိတ်ထဲမှာ ဘာတွေပါလဲဟေ့"

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က အသံမာမာဖြင့် မေးလိုက်၏။

"ပေါင်မုန့်တွေပါခင်ဗျာ"

ဂုန်နီအိတ်ထဲရှိ ပေါင်မုန့်အချို့မှာ အောက်သိုးသိုးအနံ့ပင် ထွက်နေလေသည်။

"မင်းတို့ ခိုးလာတာမဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ဝင်ပုန်းတဲ့နေရာက မုန့်တိုက်တစ်ခုဖြစ်နေတော့ ဒီမုန့်တွေတွေ့လို့ ယူလာတာပါ"

"မင်းတို့စာရွက်စာတမ်းတွေနဲ့ မှတ်ပုံတင်ပြစမ်း"

ပို၍သွက်ပုံရသော လူငယ်က...

"ကျွန်တော်တို့အိမ် ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးသွားတာမှာ ပါသွားပါတယ်၊ အသစ်ပြန်လုပ်ဖို့ မလွယ်သေးလို့ပါ"

"ဒါဖြင့် မင်းတို့ဟာ တပ်ပြေးပဲဖြစ်ရမယ်၊ တပ်ကပြေးလာတာက တစ်ပြစ်၊ ခိုးမှုကျူးလွန်တာကတစ်ပြစ်။ နှစ်ပြစ်ဖြစ်နေပြီ"

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်စကားမဆုံးမီ သွက်ပုံရသောလူငယ်က ရပ်နေရာမှ ထွက်ပြေးသွားသည်။

"ဟေ့...ဘာလုပ်နေကြတာလဲ၊ လိုက်ပစ်ကြပါတော့လား"

လန်ဂျင်ဒေါ်ဖ်ထံမှ အမိန့်သံထွက်လာသည်နှင့် တစ်ပြိုင်နက် ဂျာမန်စစ်ဗိုလ်သုံးယောက်က လူငယ်နောက်ကျောဆီသို့ မရှင်ပစ္စတိုဖြင့် ပစ်ထည့်လိုက်သည်။

ထွက်ပြေးသွားသည့်လူငယ်က ပေ ၃၀ လောက်အရောက်တွင် ကိုယ်နှစ်ပိုင်းပြတ်ကာ လဲကျသွားတော့သည်။

"ကဲ...ဒီကောင့်ကိုတော့ ဓာတ်မီးတိုင်မှာ လည်ပင်းကြိုးတပ်ပြီး သတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်"

ဂျာမန်စစ်ဗိုလ်သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်
လက်နေးနေကြ၏။

ဤအချိန်တွင် လေကြောင်းရန် အချက်ပေးဥသြဆွဲသံက ကျယ်လောင်
ပေါ်ထွက်လာသည်။

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က လက်ထဲတွင်ကိုင်ထားသည့် မရှင်ပစ္စတိုဖြ
အနားရှိလူငယ်အား ပစ်သတ်လိုက်ပြီး တည်ငြိမ်အေးဆေးသည့်လေသံဖြင့် ဗို
သုံးယောက်အား အမိန့်ပေးလိုက်၏။

"အနီးဆုံးဗုံးခိုကျင်းမှာ အကာအကွယ်ယူ"

လေးယောက်သား အနီးဆုံးဗုံးခိုကျင်းရှိရာသို့ ပြေးလာကြစဉ် လေယာဉ်
များ၊ ဥသြဆွဲသံများက ကမ္ဘာပျက်သလို ဆူညံနေ၏။

ရုရှတိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များ...။

▲



[ ၃၀ ]

လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်းမရှိသည့်တိုင် လူအများသိနေသည့်
အချက်တစ်ချက် ရှိနေ၏။

စစ်ကြီးတစ်လျှောက်လုံးတွင် အမေရိကန်စစ်ဘက်နှင့် ဗြိတိသျှစစ်ဘက်
တို့သည် တပ်မှူးမှ အောက်ဆုံးတပ်သားအဆင့်အထိ အချင်းချင်းသင့်တင့်မှုမရှိ
ဆိုသောအချက်။

အမေရိကန်တပ်သားများက သူတို့ကိုယ်သူတို့ ဥရောပနှင့် လွတ်လပ်သော
ကမ္ဘာကြီးကို ကယ်တင်သူဟု ခံယူထားကြကာ...

ဗြိတိသျှတပ်သားများကမူ အမေရိကန်တပ်သားများသည် သူခိုးပြေးမှ
ဆိုးကွင်းထသူများဟု အထင်သေးနေကြခြင်း။

အမေရိကန်တပ်များသည် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ခရာမှုတ်သံပေါ်လာ
ပြီး နှစ်နှစ်ကြာမှ စစ်ထဲသို့ဝင်လာခဲ့ကြသည်။

ပထမကမ္ဘာစစ်ကြီးတွင်လည်း အမေရိကန်တပ်များသည် ဤနည်းနှင်နှင်
ဝင် စစ်ဖြစ်၍ နှစ်,နှစ်ကြာမှ ဗြိတိသျှတို့ဘက်မှ ဝင်ကူလာခဲ့သည့် သာဓက
ရှိနေခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ခရာသံပေါ်ထွက်လာပြီး နှစ်,နှစ်ကြာသည့်
အချိန်ဆိုသည်မှာ...

ဟစ်တလာ့ ထိုးစစ်လက်နက်ကြီး ချွန်ထက်နေရာမှ တုံးသွားသည့်အချိန်
ဝင် ဖြစ်၏။

အမေရိကန်တပ်များ ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ နှစ်နှစ်ကြာပြီးမှ
ဗြိတိသျှတို့၏ မဟာမိတ်အဖြစ် ဝင်ရောက်လာခဲ့ခြင်းမှာ...



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအားလျော်စွာ ကြန့်ကြာနေခဲ့ခြင်းမဟုတ်ဘဲ တမင်တကာ အစဉ် ကျကျနနချပြီး ကြန့်ကြာအောင် အချိန်ဆွဲခဲ့ခြင်းသာ ဖြစ်ပါသည်ဟု စွပ်စွဲပြောဆိုသူက ပြောဆိုနေကြ၏။

အမေရိကန်အစိုးရအိမ်ဖြူတော်တွင် ဤသို့ အချိန်ကြန့်ကြာအောင် တမင် တာက အချိန်ဆွဲနေသူသည် ဝန်ထုပ်ဝန်ပိုး ပိလာမည်ကို ကြောက်သူ...

တစ်ယောက်ယောက်က အင်ပိုင်ယာအရှင်သခင်ဖြစ်နေသည်ကို မနာလို မရှုဆိတ်သူဟုလည်း ပြောနေကြ၏။

ထို့ကြောင့် ထိုသူသည် ဗြိတိသျှက စစ်ကြီးကို နိုင်သည်ဖြစ်စေ၊ ရှုံးသည် ဖြစ်စေ ဗြိတိသျှအင်ပိုင်ယာကြီးသည် စစ်ရေးအရ၊ နိုင်ငံရေးအရ၊ စီးပွားရေး အရ ပြန်၍ နာလန်ထူနိုင်တော့မည်မဟုတ်ဟု သေချာလာသည့် အခြေအနေသို့ ဆိုက်ရောက်လာမှ...

စစ်ကြီးအပြီးတွင် ဝေစုများရရန် ဝင်ရောက်လာခြင်းသာဖြစ်သည်ဟုလည်း ထင်မြင်ချက်ပေးနေကြသည်။

အိမ်ဖြူတော်မှလူက ဗြိတိသျှတပ်များအား လေယာဉ်များ၊ စစ်လက်နက် ပစ္စည်းများ ချေးငှားထောက်ပံ့ခဲ့၏။

ဤသို့ ချေးငှားထောက်ပံ့ခဲ့ခြင်းမှာ အမေရိကန်ပြည်ထောင်စုဟု ပေါ်ပေါက် မလာမီ...

အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်လာသူ ပီတာမင်နစ်ဆိုသူက တိုင်းရင်း သား အင်ဒီးယန်းတစ်ဦးပိုင်သည့် မန်ဟက်တန်ပြည်နယ်ကို ရောင်စုံစကြာ မှန်ပြောင်းများကို ၂၄ ဒေါ်လာဖိုး ဝယ်ပေးခြင်းဖြင့် အလဲအလှယ်လုပ်ပုံမျိုးဟု လည်း ကဲ့ရဲ့စကားဆိုနေကြ၏။

ဟစ်တလာ့ ထိုးစစ် လက်နက်ကြီး တုံ့သွားသည့်အချိန်ကျမှ စစ်ကြီးထဲသို့ အမေရိကန်တပ်များ ဝင်လာသည်ကို ဗြိတိသျှတပ်သားများက အခဲမကြေဖြစ်နေ သည့်အထဲတွင်...

ဗြိတိသျှတပ်သားများအဖို့ နောက်ထပ်မတွေ့နိုင် မမျိုသိပ်နိုင်သည့် အဖြစ် မျိုးနှင့်လည်း တိုးလာရသေးသည်။

သည်အဖြစ်က ပထမအချက်ထက်ပင် ရင်နင့်စရာကောင်းနေသေး၏။

စစ်မြေပြင်တွင် တိုက်ပွဲတစ်ပွဲကိုပင် ကြီးမှူး၍ မတိုက်ခဲ့ဖူးသူ အမေရိကန် ဗိုလ်ချုပ်အိုင်စင်ဟောင်ဝါးအား ဥရောပ မဟာမိတ်တပ်ပေါင်းစု တပ်မှူးကြီးအဖြစ် ခန့်အပ်ပေးလိုက်ရသည့်အဖြစ်။





ဗြိတိသျှတပ်မှူး တပ်သားများအဖို့မှာ...

ဆေးရုံတွင် ကြမ်းတိုက်သူတစ်ယောက်အား ခွဲစိတ်ကုသမှုကြီးတစ်ခုကို တာဝန်ယူ ခွဲစိတ်ကုသရန် တာဝန်ပေးလိုက်ခြင်းခံရသလို...

ဤသို့ ကြမ်းတိုက်သမားအား ခွဲစိတ်ဆရာဝန်ကြီးအဖြစ် တာဝန်ပေးလိုက် ခြင်းမှာ...

ထိုကြမ်းတိုက်သမားသည် အမြဲပြုံးနေတတ်ကာ သူနာပြုဆရာမများအပေါ် တွင် ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်သောကြောင့်ဟူသော အကြောင်းပြချက်။

ဤသို့ တစ်ဖက်နှင့်တစ်ဖက် အခဲမကြေ အဖုအထစ်ဖြစ်နေသည့် အချက် သုံးနှစ်ခွဲတိုင်တိုင် မဟာမိတ်များအဖြစ် ပူးတွဲတိုက်ပွဲဝင်နေရသူ ဗြိတိသျှ အမေရိကန်တပ်သားများ ရင်ထဲ၌ ပြေပျောက်သွားပြီဟု ထင်မှတ်စရာ ၏။

သို့သော်...အပေါ်ယံတွင်သာ ပြေပြေပျောက်ပျောက်ရှိနေခြင်း။

ဗြိတိသျှတပ်သားများက အမေရိကန်တပ်သားများနှင့် စပ်လျဉ်း၍ နောက် ကက်ပြောင်ပြောင် ပြောနေကျ စကားပုံတစ်ခုရှိသည်။

"အမေရိကန်တွေနဲ့ တွဲရတဲ့ဒုက္ခတစ်ခုက သူတို့ဟာ လခကောင်းကောင်းရ၊ များစား၊ များများဇိမ်ခံပြီး ကျုပ်တို့ဆီရောက်လာတဲ့ အချက်ပဲ"

မည်သို့ပင်ဖြစ်စေ၊ အမေရိကန်တပ်သားများကမူ ဗြိတိသျှတပ်သားများ သည် သူတို့နှင့် တွဲတိုက်နေရသော အမေရိကန်တစ်ယောက်တည်း ကျန်သည် အထိ ရဲရဲဝံ့ဝံ့တိုက်မည်ဟု ယုံကြည်နေကြ၏။

ဗိုလ်မှူးဂျက်အဖို့မှာလည်း အမေရိကန်နှစ်ယောက်နှင့် မတွဲချင်ဘဲ တွဲနေ ရသည့်အတွက် ခေါင်းခဲနေသည်။

သို့သော် တွဲရမည့်အတူတူ အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ရေးစခန်း တွင် ကြိုးစားကြည့်မည်။

မရလျှင် ဗိုလ်မှူးချုပ်ဂရင်းလေးအား စောစောတင်ပြ၍ အမေရိကန်နှစ် ယောက်အား တစ်နည်းနည်းဖြင့် ချန်ထားခဲ့ရန် အကြံပေးမည်ဟု စိတ်ကူးထား လိုက်၏။

ဧပြီလ ၂၁ ရက်နေ့ နံနက်ခင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီဗွန်လေ့ကျင့်ရေးစခန်းသို့ အမေရိကန်နှစ်ယောက် ရောက်လာ၏။

ဗိုလ်မှူးဖိုဒါနှင့် ဗိုလ်ဂျိဇက်။

ဖိုဒါ့ပုံပန်းက ဝါရင့် စစ်သားကြီးတစ်ယောက်အသွင် ထင်ထင်ရှား

သို့သော် ဗိုလ်ဂျိဇက်က ဖိုဒါနှင့် ဆန့်ကျင်ဘက်။

အသက်အရွယ်ငယ်သူတစ်ယောက် ဖြစ်နေရုံမက နေခဲ့ရသည့်တပ်ကလည်း တိုက်ရေးခိုက်ရေးထက် ထောက်ပံ့ရေးကိုသာ လုပ်ရသည့် တပ်ဖြစ်၍ ဂျိဇက်၏ ထောင့်မကျိုး။

နောက်ဆုံးတာဝန်ယူခဲ့ရသည့် ဌာနကလည်း ဆွစ်နိုင်ငံရှိ အမေရိကန်သံ

ထို့ကြောင့် စိတ်ကောင်း သဘောကောင်းရှိသူ မှန်သည့်တိုင် အမိန့်နာခံ ၌ ပျင်းရိပျင်းတွဲ ဖြစ်နေတတ်၏။

သံရုံးတွင် အစားကောင်း အနေကောင်းခဲ့သလောက် ဒီဗွန်လေ့ကျင့်ရေး စခန်းသို့ အရောက်တွင် အစားနှင့် အနေညံ့ပုံကို တညည်းညည်း တညူ ဖြစ်နေတတ်သည်။

ဝါရင့်စစ်သားကြီးများဖြစ်သည့် ပူးလား၊ မိုက်နှင့် မက်ကလင်းတို့အ ဂျိဇက်က ရယ်စရာသတ္တဝါ။

ဗိုလ်မှူးဂျက်က ဂျိဇက်အဖြစ်ကို ကြားနေရ မြင်နေရသော်လည်း အ မယူနိုင်။

ဂျိဇက်က သတ်မှတ်ထားသည့် စည်းမျဉ်းအထိသာ ကလေးတစ်ယော လို 'ဆိုး'နေပြီး ထိုစည်းမျဉ်းထက် ကျော်မဆိုး။ သို့ဖြစ်၍လည်း ဂျက်က ဘ လိုမှ အရေးမယူနိုင်။

ဗိုလ်မှူးဖိုဒါက မြင်းကုန်ကူးစစ်ဆင်ရေးတွင် ဦးစီးမည့် ဗိုလ်မှူးဂျက်ဆို ၏ အရည်အသွေးကို လေ့လာအကဲခတ်နေသည်။

အသက်စွန့်၍လုပ်ရမည့် စစ်ဆင်ရေးတစ်ရပ်တွင် ဦးစီးသူညံ့နေမည် လျှင် ဦးစီးအမိန့်ကို တစ်သဝေမတိမ်း လိုက်နာ၍ နေရာမကျ။

ဤသို့သောခံယူချက်ဖြင့် ဖိုဒါက ဂျက်ကို လေ့လာအကဲခတ်သည်။

ဗိုလ်ဂျိဇက်အတွက် ဂျက်က ဆုံးဖြတ်ရခက်နေသည်။

ဂျိဇက်က စားရာ နေထိုင်ရာ၌ ကလေးဆိုးကြီးတစ်ယောက်လို နွဲ့ဆို ဆိုးနေသော်လည်း...

စစ်မြေပြင်ကြံ့ခိုင်ရေးနှင့် စစ်လက်နက်ပစ်ခတ်လေ့ကျင့်ရာ၌ ဂျိဇက်





သွက်လက်လက်၊ ထက်ထက်မြက်မြက်။

ဤအချက်နှစ်ချက်တွင် ဂျိဇက်ညံ့ဖျင်းနေပါက ဗိုလ်မှူးဂျက်သည် မည်သူ့ နာကိုမျှမထောက်ဘဲ ဂျိဇက်အား ပြန်လွှတ်လိုက်မည်မှာ သေချာသည်။

ဒီဗွန်လေ့ကျင့်ရေးစခန်းသို့ ဂျိဇက်ရောက်လာပြီးနောက် ဒုတိယမြောက် သေနတ်ပစ်လေ့ကျင့်ရာ၌ ဂျိဇက်က ဒုတပ်ကြပ်မိုက်၊ တပ်ကြပ်ကြီးပူးလား၊ ပ်ကြပ် မက်ကလင်းတို့လိုပင် လက်ဖြောင့်သူတစ်ယောက်ဖြစ်ကြောင်း သက် သ တင်နိုင်ခဲ့၏။

ပစ်မှတ်ကို တိတိကျကျမှန်သလို သေသေချာချာလည်း မြန်နေ၏။

ဟစ်တလာ့ကိုယ်ရံတော် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ဗိုလ်ဝတ်စုံကို ဝတ် အားသည့် ဂျိဇက်က ရုပ်ရှင်မင်းသားစတိုင်။

သူပစ်နေသည်က ၄၈ ကေ အမျိုးအစား ဂျာမန်မော်ဇာ။

လက်နက်သင်တန်းဆရာက ဂျိဇက်အား ဂျာမန် မရှင်ပစ္စတို အမ်ပီ ၃၈ ကို နောက်တစ်လှည့်တွင် အပစ်ခိုင်းသည်။

ဂျိဇက်က သင်တန်းဆရာကျေနပ်သွားအောင် မှန်မှန်နှင့်မြန်မြန် ပစ်ပြသွား နိုင်သည်။

ထိုနေ့ နေ့လယ်စာစားသောက်ပြီးချိန်တွင် ဗိုလ်မှူးဂျက်က မြင်းကုန်ကူး စစ်ဆင်ရေးတွင်ပါဝင်သည့် အဖွဲ့ဝင်အားလုံးကို စစ်ဝတ်စုံ၊ စစ်လက်နက် အပြည့် အစုံဖြင့် မိုင် ၂၀ ခရီးပြင်း လေ့ကျင့်ခန်းထွက်ရန် ခေါ်ထုတ်လာခဲ့၏။

သင်တန်းခန်းမနှင့် သေနတ်ပစ်ကွင်းတွင်သာ အချိန်ကုန်ခဲ့ရသည့် အဖွဲ့ဝင် များအဖို့ လှုပ်ရှားမှုပိုမိုရရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့်။

မြင်းကုန်ကူးစစ်ဆင်ရေးကို လက်တွေ့ဆင်နွှဲရာတွင် အပြေးမြန်ဖို့လည်း လိုမည်မဟုတ်လား။

ခရီးပြင်း မိုင် ၂၀ ဆိုသည်မှာ ကွန်မန်ဒိုတပ်သားတစ်ယောက်ဖို့လည်း ဘာမှအပန်းကြီးလှသည့် ခရီးမဟုတ်။

ဖိုဒါကမူ ဘန်းမြို့ အမေရိကန်သံရုံးတွင်ရှိနေစဉ်ကပင် စစ်ဝတ်စုံအပြည့် ဖြင့် ရံဖန်ရံခါ ခရီးပြင်းလှုပ်ရှားသည့် လေ့ကျင့်ခန်းကို ကျင့်သုံးနေတတ်သည်။

သို့သော် ဂျိဇက်ကမူ သံရုံးအရိပ်ကိုခိုကာ ခိမ်ကျကျပင်နေခဲ့၏။

ထို့ကြောင့် ဂိုက် ၈၀၀ ခန့် ခရီးပြင်းနှင့်လိုက်မီလျှင်ပင် ဂျိဇက်အ မြေကြီးပေါ်တွင် လှဲအိပ်ကာ အမောဖြေနေဖို့သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ရက်လျှင် စီးကရက်နှစ်ဘူးကုန်အောင် သောက်တတ်သူလည်း မဟုတ်လား။ အရက်ပုလင်းဆိုသို့လည်း သူပင် စောစောစီးစီးရောက်တတ်သူ

သို့သော် သူက မိုက်တို့၊ ဖွားလားတို့၊ မက်ကလင်းတို့နည်းတူ မှန်မှန်ပြ ခရီးပြင်းနှင်နေ၏။

၁၅ မိုင်ကျော်ကျော်လောက်အရောက်တွင် ဂျိုဇက်က စကားတစ်ခွန်း ပြောလိုက်၏။

"ဒီနှုန်းအတိုင်း ခရီးနှင်နေရင် အရက်သောက်ဖို့ နောက်ကျနေတော့မယ်"

သည်စကားကိုဆိုလိုက်ပြီးနောက် ဗိုလ်ဂျိုဇက်က စောစောကထက် နှစ်ဆ မြန်သည့်နှုန်းဖြင့် လေ့ကျင့်ရေးသင်တန်းဆီသို့ ပြေးထွက်သွား၏။

ခြေတံရှည်သော ဒုတပ်ကြပ်မက်ကလင်းက ဂျိုဇက်နောက်မှ ပြေးလိုက် သွားသည်။

ထွက်လာသည့်ခရီးပြင်းက ဂျိုဇက်အဖို့ တစ်ခါမျှမသွားဖူးသည့်လမ်း ဂျက်က တမင်တကာပင် ကျင်းထူ၍ ကုန်းပေါ်သည့်နေရာကို လေ့ကျင့်ခန်း အဖြစ် ရွေးချယ်ခဲ့၏။

တစ်ခါမျှ ခရီးပြင်းမထွက်ဖူးသေးသည့် ဂျိုဇက်က ခြေတံရှည်သည့် မက် ကလင်းထက် ၁၀ မိနစ်စော၍ လေ့ကျင့်ရေးသင်တန်းသို့ ရောက်နေတော့သည်။

ဤအချက်ကိုသိလာသော ဗိုလ်မှူးဂျက်က ဗိုလ်ဂျိုဇက်အား မြင်းကုန်ကူး စစ်ဆင်ရေးတွင် ဆက်လက်ပါဝင်သင့်သည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်ရတော့ သည်။

▲



[ ၃၁ ]

၄ ရက်မြောက်နေ့။

ဒီဗွန်လေ့ကျင့်ရေးစခန်းသို့ အမေရိကန်နှစ်ယောက် ရောက်လာသည့် လေး ရက်မြောက်နေ့။

မြင်းကုန်ကူးစစ်ဆင်ရေးတွင်ပါဝင်ရမည့် အရာရှိနှင့် အကြပ်အားလုံးပင် သနတ်ပစ်ကွင်းသို့ ရောက်နေကြ၏။

အားလုံး ၇ ယောက်။

ဗိုလ်မှူးဂျက်

တပ်ကြပ်ကြီးဖွားလား

ဒုတပ်ကြပ်မိုက်

သူတို့သုံးယောက်က အစုတစ်စု။

ဗိုလ်ကြီးဒမ်ဇာ

ဒုတပ်ကြပ်မက်ကလင်း

သူတို့နှစ်ယောက်က ဒုတိယအစု။

ဗိုလ်မှူးဖိုဒါ

ဗိုလ်ဂျိုဇက်

သူတို့နှစ်ယောက်က တတိယအစု။

အားလုံး ၇ ယောက်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်သင်တန်းဆရာဖြစ်သူ တပ်ကြပ်ကြီးအိုတာလိုရန်က ရှားရှား ပါးပါး ဂျာမန်လက်နက်တစ်ခုကို ရလာသဖြင့် ထိုလက်နက်အား ကိုင်တွယ် ပစ်ခတ်တတ်အောင် သင်ပေးနေသည်။

လက်နက်က ဂျီအီးဒဗလျူ ၄၃ အမျိုးအစား ဂျာမန် အော်တိုမက်တစ် ရိုင်ဖယ်...

သည်လက်နက်က ဂျီအီးဒဗလျူ ၄၃ အမျိုးအစား ဂျာမန် အော်တိုမက်တစ် ရိုင်ဖယ်ကို တစ်မူထူးအောင် ထွင်ထားသည့် ဆနိုက်ပါလက်နက်။

သည်လက်နက်သည် ရုရှစစ်မျက်နှာတွင် ဂျာမန်ဆနိုက်ပါခေါ် လျှို့ဝှက် လက်ဖြောင့်တပ်သားများက ရုရှတပ်မှူးကြီးများကို ဇီဝိန်ပြတ်ရာ၌ အလွန်အသုံး ဝင်ခဲ့သည်။

သည်အော်တိုမက်တစ်ရိုင်ဖယ်ကို ခုနစ်ဦးလုံးပင် ယခင်က မမြင်ဖူးခဲ့။

ဘာလင်သို့အဝင်တွင်ဖြစ်စေ၊ ဘာလင်မှအထွက်တွင်ဖြစ်စေ သည်လက် နက်မျိုး တွေ့ရပါက ကိုင်တွယ်ပစ်ခတ်တတ်အောင် သင်တန်းဆရာက သင်ပြ ပေးနေခြင်း။

ဗိုလ်မှူးဂျက်က စစ်ဆင်ရေးမှူးဖြစ်သည့်အလျောက် ၄၃ အော်တိုမက်တစ် ရိုင်ဖယ်ကို စတင်ကိုင်တွယ်ပစ်ခတ်ရမည်ဖြစ်၏။

ကျည်ဆန် ၁၀ တောင့်ကို ဗိုလ်မှူးဂျက်က ပုံမှန်လျင်မြန်နှုန်းဖြင့် ပစ်လိုက် ပြီး သင်တန်းဆရာနှင့်အတူ ပစ်မှတ်ကိုသွားကြည့်သည်။

"ဒီရိုင်ဖယ်က ညာဘက်ကို နည်းနည်းဆွဲတယ်"

ဂျက်၏မှတ်ချက်ကို သင်တန်းဆရာက...

"ဟုတ်တယ်၊ ဒီရိုင်ဖယ်က ၄၁ ထက် တစ်ပေါင်ခွဲလောက်ပေါ့တော့ ညာဘက်ကို နည်းနည်းဆွဲနေတယ်၊ ဒီတော့ ခလုတ်ကိုဆွဲညှစ်တဲ့အခါ ခါတိုင်း ထက် အောင်စဝက်လောက် ဖိညှစ်ပြီးပစ်မှ အတော်ပဲ"

ဂျက်က ခေါင်းညိတ်လိုက်၏။

ဒုတပ်ကြပ်မိုက်က ဒုတိယအလှည့်။

သင်တန်းဆရာညွှန်ကြားချက်ကို ကြားထားရသော မိုက်က ကျည်ဆံ ဆယ်တောင့်အနက် ငါးတောင့်ကို ပစ်မှတ်အလယ်တည့်တည့်ဆီသို့ ပစ်ထည့် လိုက်နိုင်၏။

တတိယအလှည့်။





ဗိုလ်ကြီးဒမ်ဖာနှင့် ဗိုလ်ဂျိုဇက်တို့က တတိယအလှည့်ကို လုနေကြ၏။

ဂျိုဇက်က မိုက်လက်ထဲမှရိုင်ဖယ်ကို လှမ်းယူမည်အလုပ်တွင် ဒမ်ဖာက ဂျိုဇက်ရှေ့က ကာ၍ ရပ်လိုက်ပြီး...

"ဒီနေရာမှာတော့ အဆင့်က စကားပြောရလိမ့်မယ် ကလေးရေ့"ဟု ခတ်ချက်ချရင်း မိုက်ထံမှ ရိုင်ဖယ်ကို လှမ်းယူလိုက်သည်။

ဒမ်ဖာ့မှတ်ချက်က ဂျိုဇက်အဖို့ နာလိုခံခက်ဖြစ်နေ၏။

သို့တိုင်အောင် ဂျိုဇက်က ခေါင်းငုံ့ကာ အရိုအသေပြုလိုက်ရင်း ပါးစပ်ကို ပြဲ၍ ရယ်နေ၏။

ဒမ်ဖာမှာ မနေ့ကပင် အအေးမိနေပြီး စိတ်တိုနေကြောင်း ဂျက်က သတိ ထားမိသည်။ သည်လိုအဖြစ်မျိုး နောက်ထပ်မပေါ်ပေါက်ရအောင် ဒမ်ဖာအား နှစ်ယောက်ချင်း သတိပေးထားမည်ဟု ဂျက်က စိတ်ကူးထားလိုက်၏။

"ဒီနေ့မနက် ဗိုလ်ကြီးပစ်တဲ့ပစ်မှတ်တွေကတော့ ပါရဂူတွေလာကြည့်ရ အောင်ကို တည့်နေမှာ"

ပစ်မှတ်ရှိရာသို့ချိန်နေသော ဒမ်ဖာအား ဂျိုဇက်က ခနဲ့တဲ့တဲ့စကားဆို လိုက်၏။

ဒမ်ဖာက မကြားတကြားရေရွတ်လိုက်ပြီး ပေးထားသည့်ကျည်ဆန် ဆယ် တောင့်ကုန်အောင် ပစ်ထည့်လိုက်သည်။

အအေးမိကာ စိတ်တိုနေသည့်အလျောက် ဒမ်ဖာ့ပစ်ချက်က ခါတိုင်း ရနေကျအမှတ်ကိုပင် မမီ။

ဒမ်ဖာသည် မည်သူ့ကိုမျှ အလှည့်မပေးသေးဘဲ သင်တန်းဆရာထံမှ ကျည် ဆယ်တောင့်ကို လှမ်းယူကာ ပစ်မှတ်ရှိရာသို့ ဒုတိယအကြိမ် ပစ်ထည့်နေပြန် သည်။

သည်လိုပစ်သွားပြီးမှပင် ကျေနပ်သွားဟန်ဖြင့် ရိုင်ဖယ်ကို ဗိုလ်ဂျိုဇက် လက်ထဲ ပစ်ထည့်ပေးခဲ့ကာ ပစ်မှတ်ရှိရာသို့ သင်တန်းဆရာနှင့်အတူ သွားကြည့် လိုက်သည်။

ဗိုလ်ဂျိုဇက်က ပစ်မှတ်ရှိရာဘက်သို့ ရိုင်ဖယ်ကိုချိန်လိုက်ကာ ခလုတ်ကို ဆွဲညှစ်ရာ၌ ထားရမည့်လက်အနေအထားကို အစမ်းထားကြည့်ရင်း ခလုတ်ကို ဆွဲညှစ်ကြည့်လိုက်သည်။

ကျည်တစ်တောင့်က ဒိုင်းခနဲမြည်၍ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ပစ်မှတ်နားတွင်ရပ်နေသည့် ဗိုလ်ကြီးဒမ်ဗာနှင့် သင်တန်းဆရာက မြေပေါ်တွင် မှောက်ချလိုက်ကြပြီးသား။

ခလုတ်ကိုဆွဲညှစ်လိုက်မိသူ ဗိုလ်ဂျိုဇက်က ကြောင်၍ ရပ်နေသလို ဗိုလ်မှူးဂျက်တို့ကလည်း ငေး၍ကြည့်နေမိကြ၏။

မိမိကိုလည်းကောင်း၊ သင်တန်းဆရာကိုလည်းကောင်း ထိမှန်ခြင်းမရှိမှန်း သိလာသော ဗိုလ်ကြီးဒမ်ဗာက ပစ်မှတ်ရှိရာမှ ပြန်ပြေးလာ၏။

ဒေါသထွက်နေသော ခြင်္သေ့ကြီးတစ်ကောင် ပြေးဝင်လာသလို။

စကားပြောသံများက ချက်ချင်းညံတက်လာလေသည်။

"မအေ…မင်း ဘာတွေလျှောက်လုပ်နေတာလဲ"

ဗိုလ်မှူးဗိုဒါက ဗိုလ်ဂျိုဇက်အား ဆဲသံ။

"ဒမ်ဗာက ဆယ်တောင့်ပြည့်အောင်မှ မပစ်ခဲ့တာ၊ ဒီတော့ စလုတ်ထဲမှာ တစ်တောင့်ကျန်နေတာ ကျွန်တော် ဘယ်လိုလုပ်သိမလဲ"

ဂျိုဇက်၏ ပြန်ပြောသံ။

"ဘုရားရေ …ကို လက်နက်ကိုင်နည်းကစပြီး သင်ပေးရမလို ဖြစ်နေပြီ"

ဒုတပ်ကြပ်မိုက်၏ ရေရွတ်သံ။

"ကဲ…အားလုံးတိတ်ကြစမ်း"

ဗိုလ်မှူးဂျက်၏ အမိန့်ပေးသံ။

၄၃ အမျိုးအစား အော်တိုမက်တစ်ရိုင်ဖယ်သေနတ်သံ ပေါ်ထွက်လာသည့် အချိန်နှင့် ဗိုလ်ကြီးဒမ်ဗာက ပစ်မှတ်နားမှပြန်ရောက်လာချိန်မှာ ဆယ်စက္ကန့်ပင် မကြာ။

၁၀ စက္ကန့်ပင်မကြာသည့် အချိန်ကလေးအတောအတွင်း လူလေးယောက်၏ စကားပြောသံများက အပြိုင်အဆိုင်ထွက်ပေါ်လာခြင်း။

ဗိုလ်ကြီးဒမ်ဗာမျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေကာ တစ်ကိုယ်လုံးကလည်း ဒေါသကြောင့် ဆတ်ဆတ်တုန်လျက်။

ဒုတပ်ကြပ်မက်ကလင်းကသာ ဆွဲမထားလျှင် ဒမ်ဗာက ဂျိုဇက်အား ဤနေရာတွင်ပင် ပွဲချင်းပြီး သတ်ပစ်မည်မှာ မုချ။

"ကျုပ်ကိုသတ်ပစ်မလို့"

ဒမ်ဗာက အော်၍ဟစ်၍ ပြောနေသည်။

"ဒီလို အခြောက်လိုအကောင်မျိုးနဲ့ ကျုပ်တို့ ဘာလင်ကိုသွားရင် ရောက်





တာနဲ့ ဆယ်မိနစ်အတွင်း မသာတွေဖြစ်ကုန်လိမ့်မယ်"

"မက်ကလင်း ကျုပ်ကိုလွှတ်လိုက်စမ်း၊ မလွှတ်ရင် မင်းလည်း မလွယ်ဘူးဟော့"

ဗိုလ်မှူးဂျက်က စစ်ဆင်ရေးမှူးတစ်ဦး အာဏာကိုမသုံးဘဲ တတ်နိုင်သမျှ ချုပ်ထားလိုက်သည်။

ဤသို့ အာဏာသုံးရမည်ကိုလည်း ဂျက်က မလိုလား။

သို့သော် အဖွဲ့သားများမှာ စစ်သားများနှင့်မတူတော့ဘဲ အရက်သမား ရမ်းကားများနှင့်တူနေရာ စည်းကမ်းကို တင်းကျပ်ပစ်လိုက်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ပေါ်ပေါက်လာရသည့် အဖြစ်အပျက်အတွက် ဒမ်ဗာတွင် တာဝန်ရှိသလို ဂျိုဇက်တွင်လည်း အပြစ်မကင်း။

ပြန်တမ်းဝင်အရာရှိ စစ်ဗိုလ်တစ်ယောက်အား ကလေးဟု လူပုံအလယ်တွင် ဒမ်ဗာက ခေါ်ခဲ့ခြင်းမှာ ဒမ်ဗာ့အပြစ်။

သည့်နောက်တွင် ရိုင်ဖယ်စလုတ်ထဲရှိကျည်ဆန် ကုန်အောင်မပစ်မိခြင်းကလည်း ဒမ်ဗာ့ပေါ့ဆမှု။

သို့သော်…ဂျိုဇက်က ရိုင်ဖယ်ကို ပစ်မှတ်နားတွင် လူနှစ်ယောက်ရှိနေစဉ် ချိန်လိုက်ပြီး ခလုတ်ကိုဆွဲညှစ်လိုက်ခြင်းက ပို၍ အပြစ်ကြီးနေ၏။

အမေရိကန်နှစ်ယောက် မလာမီအထိ စစ်ဆင်ရေးတပ်ဖွဲ့ထဲတွင် အားလုံး အဆင်ပြေနေသည်။ အမေရိကန်နှစ်ယောက် ရောက်လာမှ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာခဲ့သည်မဟုတ်လား။

ဂျိုဇက်က သေနတ်ပစ်ရာတွင် မည်မျှပင် လက်ဖြောင့်ဖြောင့် အဖွဲ့သားများ အတွင်း အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်မှုမရှိလျှင်…

အဖွဲ့သားအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် အထောက်အကူပေးဖော် ရေလျှင်…

စစ်ဆင်ရေးက အောင်ပွဲနှင့်ဝေးရုံမက စစ်ဆင်ရေးအဖွဲ့တွင် ပါဝင်သူများ၏ အသက်အန္တရာယ်ကိုပင် စိုးရိမ်နေရပေတော့မည်။

ဂျက်က ဒမ်ဗာနားသို့ တိုးကပ်လိုက်သည်။

မက်ကလင်းက စိုးရိမ်တကြီး ကြည့်နေ၏။

"ဂျက်က ဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်အတွေးက မက်ကလင်းခေါင်းထဲတွင် လှုပ်ရှားလျက်။

ဒမ်ဗာနှင့် မက်ကလင်းမှာ စကော့အမျိုးသားချည်း ဖြစ်နေရုံမက တိုက်ကျ များ၌ တပူးပူးတတွဲတွဲ။

သူတို့နှစ်ယောက်က ရာထူးအဆင့်ချင်းခြားသည့်တိုင် သေဖော်သေဖက် ရောင်းရင်းများ။

"မက်ကလင်း...သူ့ကိုလွှတ်လိုက်"

ဂျက်ထံမှ အမိန့်ပေးသံ ထွက်ပေါ်လာသည်။

မက်ကလင်းက ဒမ်ဗာ့လက်နှစ်ဖက်ကို လွှတ်လိုက်ပြီးနောက် ဒမ်ဗာနှင့် ဂျီဇက်တို့အကြားတွင် ရပ်ပစ်လိုက်၏။

ဂျက်က ဒမ်ဗာ့ပခုံးကိုဖက်လျက် လှုရှင်းရာဘက်သို့ ဆွဲခေါ်သွားရင်း နှစ်ယောက်ကြားလောက်ရုံသာ။

"အခန်းကိုပြန်ပြီး အနားယူစမ်းပါ၊ နောက်တစ်ခါ သေနတ်စလုတ်ထဲမှာ ကျည်တစ်တောင့်ချန်ထားတဲ့ စတန့်မျိုးလုပ်ရင်တော့ မောင်ရင့်ကို တပ်ရင်း စားဖိုဆောင်မှာ စားဖိုမှူးအဖြစ်နဲ့ ပြောင်းပစ်လိုက်မယ်"

ဒမ်ဗာက စောဒကတက်ရန် ဟန်ပြင်လိုက်ပြီးမှ နှုတ်ခမ်းကိုပိတ်လျက် ခေါင်းညိတ်လိုက်သည်။

သေနတ်ပစ်ကွင်းမှ ဒမ်ဗာထွက်သွားတော့မှ ဂျက်က ဂျီဇက်နှင့် ဗိုဒါအား လှမ်း၍အမိန့်ပေးလိုက်၏။

"ဂျီဇက်...မင်း ကျုပ်နဲ့လိုက်ခဲ့၊ ဗိုဒါက ဒီမှာတာဝန်ယူပြီး ကြည့်ထိန်းပါ"

မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ဝင်များ၏ တိုးတက်မှုနှင့် အခြားလိုအပ်သည့် အစီရင်ခံချက်များ ရေးသားနိုင်ရန် ဂျက်အား ဘရောင်းနင်းက အဆောက်အအုံ အောက်ထပ်တွင် ရုံးခန်းလေးတစ်ခန်း သီးသန့်ပေးထား၏။

သည်ရုံးခန်းထဲသို့ ဗိုလ်ဂျီဇက်ကိုခေါ်သွင်းပြီးနောက် ဂျက်က အခန်းတံခါး ကို အထဲမှ ပိတ်ပစ်လိုက်သည်။

"ကဲ...ထိုင်ဟေ့"

ဂျီဇက်က ညွှန်ကြားသည့်အတိုင်း ထိုင်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် မိမိအပြစ်ကို ကြိုတင်ကာကွယ်လိုက်သည်။

"အမှတ်တမဲ့ဖြစ်သွားတဲ့ကိစ္စပါ ဗိုလ်မှူး"

ဂျက်က ဂျီဇက်အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ ပြီးမှ...





"အမှတ်တမဲ့ ..ဟုတ်လား၊ မင်း လက်နက်ကိုင်လာတာ ဘယ်လောက် ကြာပြီလဲ"

"ကျွန်တော့်တစ်သက်လုံးလို့ပဲ ဆိုပါရို့၊ ကျွန်တော်ကြီးလာတာ လက်နက် ကိုင်ပြီး ကြီးလာရတာ၊ ပစ်ဖို့မရည်ရွယ်ဘဲနဲ့ သေနတ်ကို မချိန်ရဘူးဆိုတာ သိပါတယ်။

"သိပေမယ့် မင်းက ချိန်ခဲ့တာပဲမဟုတ်လား၊ မင်းက မင်းကိုယ်ကို မင်း ဗာတ်လိုက်လို့ထင်ပြီး ဟန်ရေးပြလိုက်တာ၊ ဒမ်ဗာနဲ့ သင်တန်းဆရာပါ မသာပေါ်တော့မလို့"

"မင်းဟာ ဒီကိုရောက်လာတဲ့အချိန်ကစပြီး ဗာတ်လိုက်တစ်ယောက်လို ပြုမူကျင့်ကြံနေထိုင်တာ ကျုပ်မြင်ရတယ်"

"ဟာ...ဒီမှာ..."

"ဘာ...ဟာ...ဒီမှာလဲ၊ မင်းအထက်က အရာရှိတစ်ယောက်နဲ့ စကား ပြောနေတယ်ဆိုတာ သတိထားစမ်းပါ"

"ဒီအခန်းထဲမှာ တို့နှစ်ယောက်တည်းပဲ၊ အခန်းတံခါးကိုလည်း ပိတ် ထားတယ်၊ ဒီတော့ မင်းပါးစပ်ပြဲကြီးကို အမြဲဖြဲထားဖို့ စိတ်မကူးနဲ့။

"ကျုပ်စကားကိုမလိုက်နာရင် မင်း အသက်ပျောက်သွားမယ်၊ နားလည် လား၊ ကျုပ်က မင်းကို မသတ်ရဲဘူးထင်လို့လား"

ဂျီဇက်က ငြိမ်၍နားထောင်နေသည်။ ပြီးမှ လေးလေးကန်ကန် ဝန်ခံလိုက် သည်။

"လိုက်နာပါ့မယ်"

"မင်းနဲ့ပတ်သက်ပြီး ကျုပ် ဗိုလ်မှူးဗိုဒါဆီက ကြားခဲ့ရတာက မင်းဟာ ဒီစစ်ဆင်ရေးမှာ မင်းသဘောနဲ့မင်း စိတ်လိုလက်ရ လိုက်လာတာမဟုတ်ဘူးဆို"

"ဟုတ်တယ်၊ ကျွန်တော့်အဖို့ စစ်ကြီးက ပြီးနေပြီဥစ္စာ...။ ကျွန်တော်က ဘာဖြစ်လို့ ဒီစစ်ဆင်ရေးမှာ စိတ်လိုလက်ရ လိုက်လာရမှာလဲ၊ ကျွန်တော်က ဒီလောက်ထိ မရူးသေးပါဘူး"

"ကောင်းပြီ၊ မင်းက ဒီစစ်ဆင်ရေးမှာ မပါချင်ဘူးဆိုတော့ မင်းကို ကျုပ်ကလည်း မလိုချင်ပါဘူး။

"မင်းကိုတင်မဟုတ်ဘူး၊ မင်းတို့နှစ်ယောက်လုံးကို မလိုချင်တာ။ သို့သော်မယ့် ဗိုလ်မှူးဗိုဒါကတော့ ဒီစစ်ဆင်ရေးမှာ ဆက်ပြီးပါလာနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုတော့ ဒီကပြန်လွှတ်ရမယ်၊ မင်းလာခဲ့တဲ့နေရာ ပြန်သွား"

ဂျိုဇက်က ကုလားထိုင်တွင် ကိုယ်ကိုမတ်မတ်ထားလိုက်ပြီး...

"ဒါကိုတော့ ဗိုလ်မှူးလုပ်နိုင်မှာမဟုတ်ဘူး"

"မလုပ်နိုင်ဘူး...ဟုတ်လား"

"ကျွန်တော်ဆိုလိုတာက"

ဂျိုဇက်က ပြောရမည့်စကားကို ခေါင်းထဲတွင် စီစဉ်နေသည်။

"ဗိုလ်မှူးက ကျွန်တော့်ကို ဒီက ကန်ထုတ်ပစ်လိုက်ရင် ကျွန်တော့် အထက်အရာရှိကြီးက ဘာကြောင့် ကျွန်တော် ကန်အထုတ်ခံရတယ်ဆိုတာ မေးလာမှာ၊ ဒီလိုဆိုရင် ကျွန်တော် ကွဲရော"

"ကွဲမှာသေချာတယ်၊ ဒါပေမယ့် မင်းက ဘာဂရုစိုက်စရာရှိလဲ၊ မင်းက ဒီစစ်ဆင်ရေးမှ မပါချင်ဘူး၊ ကျုပ်က မင်းကိုကန်ထုတ်ပစ်လိုက်တယ်၊ ပြီးနေပြီ မဟုတ်လား"

"ကျွန်တော်ပြောချင်တာက ဒီလိုမဟုတ်ဘူး ဗိုလ်မှူး။

"ဘာလင်ကို ရုရှတပ်တွေ ဝိုင်းပိတ်ထားသလောက် ဖြစ်နေတဲ့အချိန်မှာ ဘာလင်ကိုသွားရမယ့် စစ်ဆင်ရေးအဖွဲ့ထဲမှာ ကျွန်တော်မပါချင်တာကို ပြောတာပါ။

"ဒါပေမယ့် ခုတော့ ဒီစစ်ဆင်ရေးအဖွဲ့ထဲ ရောက်လာပြီးမှ ကျွန်တော် ဘယ်ပြန်ထွက်လို့ဖြစ်တော့မှာလဲ၊ ကျွန်တော့်ကို စစ်ခုံရုံးတင်ပြီး စစ်ကြတော့မှာပေါ့"

"ဒါလည်း သိပ်သေချာတယ်"

"ဒါကြောင့် ဗိုလ်မှူးက ကျွန်တော့်ကို ဒီစစ်ဆင်ရေးအဖွဲ့က ပြန်လွှတ်လို့ မဖြစ်နိုင်ဘူးလို့ ဆိုလိုတာပါ"

"ဟော့...ဂျိုဇက်၊ မင်းက မဖြစ်နိုင်ဘူးဆိုတာ ကျုပ်အတွက်မဟုတ်ဘူး ဆိုတာ နားလည်ထားစမ်းပါ။

"ဒီစစ်ဆင်ရေးနဲ့ပတ်သက်ပြီး ကျုပ်မှာ လုပ်ပိုင်ခွင့်တွေ အများကြီးရှိတယ်"

"တပ်သား နောက်ထပ်ငါးဆယ်ပေးမှဖြစ်မယ်လို့ ကျုပ်ကပြောရင်လည်း ဖြစ်လာရမယ်၊ မင်းကို ဟစ်တလာကျန်းမာပါစေလို့ သီချင်းဆိုခိုင်းရင်လည်း ဖြစ်တယ်။

"မင်းကို ဒီမှာဆက်ထားချင်ထား၊ မထားချင်ရင် မင်းနေရာ မင်းကိုပြန်ပို့ မယ်ဆိုရင်လည်း ဖြစ်တယ်။





"မင်းဟာ ဒီကိုရောက်လာကတည်းက အစားအသောက်ညံ့တာ၊ အနေအထိုင်မကောင်းတာတို့ကိုပဲ ယိုးမယ်ဖွဲ့ပြီး ညည်းနေတာ ကျုပ်တွေ့ရတယ်"

"ဘာလင်မှာလည်း မင်း ဒီလိုပဲ အနှောင့်အယှက်ပေးနေဦးမှာပဲ၊ ကျုပ်က ခုန်လို့ အမိန့်ပေးလိုက်လို့ မခုန်နိုင်တဲ့လူကို ကျုပ် မလိုချင်ဘူး"

"ဘာပဲဖြစ်ဖြစ် ဗိုလ်မှူးက ကျွန်တော့်ကို ခုအချိန်ရောက်မှ ကန်ထုတ်လို့တော့ အဆင်ပြေမှာမဟုတ်တော့ဘူး"

ဂျိုဇက်က 'မဖြစ်တော့ဘူး'ဟူသော အသုံးအနှုန်းကို အစားထိုးပြောင်းလဲပစ်လိုက်သည်။

"ဘာကြောင့်အဆင်မပြေရမှာလဲ"

"ကျွန်တော့်အထင်ပြောရရင်"

ဗိုလ်ဂျိုဇက်က နီဒါန်းပျိုးလိုက်ပြီး ..

"ဗိုလ်မှူးဖိုဒါနဲ့ ကျွန်တော် ဒီကိုရောက်လာတာ ဒီကဖိတ်ခေါ်လို့ ရောက်လာတာမဟုတ်ပါဘူး၊ ထိပ်သီးတစ်ယောက်က တစ်နေရာကနေပြီး ညွှန်ကြားချက်ပေးလိုက်လို့ ရောက်လာရတာ။

"ဒီတော့ အထက်အမိန့်အရ ရောက်လာရတဲ့ ကျွန်တော့်ကို ကန်ထုတ်မယ်ဆိုရင် ဗိုလ်မှူးကိုယ်တိုင်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်လလောက် အစီရင်ခံစာတွေ ရေးနေရမယ်"

"မင်းကိုကန်ထုတ်ပစ်ပြီးတော့ လူစားသွင်းလိုက်မှာပေါ့ကွ"

ဂျိုဇက်က ခေါင်းကိုခါပစ်လိုက်ပြီး...

"အချိန်ရတော့မယ်မထင်ဘူး ဗိုလ်မှူး၊ ကျွန်တော်လည်း ရေဒီယိုသတင်းကို နားထောင်တဲ့လူပါ။

"ရုရှတပ်တွေက ဘာလင်ကိုဝိုင်းပြီး ပိတ်ဆို့ထားမတတ် ဖြစ်နေပြီ၊ နောက်လေးဆယ့်ရှစ်နာရီဆိုရင် ဘာလင်မြို့ထဲကို အပြင်ကလူ ဝင်လို့မရနိုင်လောက်အောင် ဖြစ်သွားမှာ သေချာတယ်။

"ဒီတော့ ကျွန်တော်တို့လုပ်စရာတွေ မြန်မြန်ထက်ထက်လုပ်ဖို့ လိုနေပြီ၊ ကျွန်တော့်နေရာမှာ အစားထိုးလို့ရမယ့်လူတစ်ယောက် ရနိုင်ပေမယ့်...

"ဒီလူက ဂျာမန်စကား ရေရေလည်လည်ပြောတတ်ဦးမှ၊ ပြောတတ်တယ်ဆိုဦး၊ ဂျာမန်ဒတ်စ်ရစ်ချ်တပ်မက အရာရှိတစ်ယောက်ပုံစံအတိုင်း ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



အောင် လှေကျင့်ပေးဖို့က လေးဆယ့်ရှစ်နာရီနဲ့ မလုံလောက်ဘူး။

"ပြီးတော့ ဂျာမန်လက်နက်တွေ ကိုင်ပုံကိုင်နည်း၊ ပစ်ပုံပစ်နည်းတွေ"

"မင်းပြောတာ ဟုတ်တယ်၊ မင်းရဲ့စောဒကတက်ချက်တွေကို ကျုပ် လက်ခံတယ်။

"ဒါပေမယ့် မင်းက ကျုပ်တို့ကို နောက်ထပ်အနှောင့်အယှက် မပေးနိုင် အောင် လုပ်တဲ့နည်းရှိတယ်"

"ဘယ်နည်းလဲ ဗိုလ်မှူး"

"မင်းကို ပစ်သတ်တဲ့နည်းပေါ့"

ဂျိုဇက်က ဇက်ကလေးပုသွားပြီး မျက်လုံးပြူးသွားသည်။

"ဗိုလ်မှူးက တမင်ပြောင်ပြောနေတာထင်တယ်"

ဂျက်က လစ်စဒတ်မြို့ ဂျာမန်လုံခြုံရေးဌာနချုပ်တွင် ဒိုက်နမိုက်ဖောက်ခွဲ ကာ သတ်ပစ်ခဲ့သည့် အမေရိကန်များကို မြင်ယောင်လာကာ အေးအေးပင် အဖြေပေးလိုက်၏။

"ပြောင်ပြောနေတာမဟုတ်ဘူး၊ တကယ်ပြောနေတာ၊ မင်းကြောင့် ဒမ်ဗာ သေရတော့မလို့၊ ကံကောင်းလို့၊ ဒီလိုအဖြစ်မျိုး မင်းမှာလည်း ကြုံလာနိုင်တယ်။

"ကျုပ်လက်မှာကိုင်ထားတဲ့ ရိုင်ဖယ်က ခြေချော်လက်ချော်ဖြစ်ပြီး ကျည် ထွက်သွားတယ်ဆိုရင် မင်းခေါင်းပြုတ်ထွက်သွားမှာပဲ"

ဂျိုဇက်က ဂျက်၏စကားကြောင့် ကျောချမ်းသွားကာ...

"ဒါဖြင့် ကျွန်တော်က ဒီအချိန်ကစပြီး ကျွန်တော့်နောက်ကျောကို ပြန် ပြန် ကြည့်နေရတော့မှာပေါ့"

"မလိုပါဘူး၊ မင်းပါးစပ်ပြကြီးကို မလိုအပ်ဘဲနဲ့ မဖြဲထားရင် ပြီးတာပဲ။

"နောက်ပြီး တခြားဆဖ့်တွေကို မင်းက အစေခံတွေလို မဆက်ဆံရင် ပေါ့။

"ဒီအချက်နှစ်ချက်ကို လိုက်နာနိုင်မယ်ဆိုရင် ခုပဲ ဗိုလ်ကြီးဒမ်ဗာဆီသွားပြီး ဝန်ချတောင်းပန်ပါ။

"ကျုပ်ပြောတဲ့အတိုင်း မလိုက်နာဘူးဆိုရင်တော့ ဒီနေ့မဆုံးခင် မင်း ခေါင်းနဲ့ကိုယ် အိုးစားကွဲရလိမ့်မယ်ဆိုတာ မှတ်ထားပေတော့"

ဂျိုဇက်က ခေါင်းကို လေးလေးပင်ပင်ညိတ်လိုက်ကာ နေရာမှထလိုက် သည်။ တံခါးနားသို့အရောက်တွင် ပြန်လှည့်လိုက်ပြီး...





"ကျွန်တော် ဝန်ချတောင်းပန်ပေမယ့် ဒမ်ဗာက မကျေနပ်ဘူးဆိုရင်"

"ကျေနပ်လိမ့်မယ်၊ ဒမ်ဗာက ဝါရင့်စစ်သားကြီးပဲ၊ ဒါမျိုးကို ကျေနပ် ...တ်မှာ သေချာတယ်"

"ဒါဖြင့် ဗိုလ်ကြီးဒမ်ဗာနဲ့ ကျွန်တော် ဘာလင်အထိ လက်တွဲသွားရဖို့ ...နေပြီပေါ့"

"အေး...ကျုပ်ပြောတဲ့အတိုင်း မင်းလိုက်နာမယ်ဆိုရင်"

▲



www.burmeseclassic.com

[ ၃၂ ]

ဧပြီလ ၂၅ ရက်နေ့ နေ့လယ်။

"ဗိုလ်မှူးချုပ်ဂရင်းလေးက ဒီလေ့ကျင့်ရေးစခန်းကို ထွက်လာပြီတဲ့၊ ဒီ ညနေစောင်းမှာ ရောက်လာမယ်တဲ့၊ သူနဲ့အတူ ဆက်သားလည်း ပါလာမယ်

သင်တန်းတွင် ဆရာကြီးအဖြစ်သင်ကြားနေသော ဘရောင်းနှင်းက ယားမှ ရောက်လာသည့် တယ်လီဖုန်းသတင်းကို ဗိုလ်မှူးဂျက်အား အသိ လိုက်၏။

ဂျက်က ဗိုလ်မှူးဖိုဒါမှအပ အဖွဲ့ဝင်အားလုံးအား မိမိတို့၏ အသုံးအဆေ မှန်သမျှ အသင့်ထုပ်ပိုးထားရန် ညွှန်ကြားလိုက်သည်။

အမှန်တော့ အဖွဲ့ဝင်အားလုံးပင် ခရီးထွက်ရန် အသင့်ပြင်ဆင်ထားပြီး

အဖွဲ့ဝင်တိုင်းတွင် မှတ်ပုံတင်ကတ်ပြား၊ အစစ်နှင့်ခွဲမရအောင်တုလု သက်ဆိုင်ရာ စာရွက်စာတမ်းများ ရရှိထားပြီးသား။

အဖွဲ့သားတိုင်းပင် ဒုတ်စ်ရစ်ချ် ယန္တရားတပ်မတွင် အမှုမထမ်းဖူး လျက် ဟစ်တလာ့ ကိုယ်ရံတော်တပ်ဖွဲ့အကြောင်းကို တတ်နိုင်သမျှ အနှ သိနေပြီးသား။

ထို့ကြောင့် ဗိုလ်မှူးချုပ်ဂရင်းလေးက ဆက်သားနှင့်အတူ ရောက်လာ မည်ဟု သိလာရသောအခါ အဖွဲ့သားတိုင်းပင် ဆင်နွှဲရတော့မည့် စစ်ဆင် အတွက် လက်ယား၍နေတော့သည်။

"ဒါဖြင့် စစ်ဆင်ရေး စ,တော့မှာပေါ့"

နှစ်ယောက်တည်းရှိသည့်အခိုက် ဖိုဒါက ဂျက်အား မေးလိုက်၏။





"ထင်တာပဲ၊ ဒါပေမယ့် ဘာလင်မြို့ထဲကို ဘယ်ပုံဘယ်နည်း ဝင်ရမယ် ကျွန်တော်တော့ စဉ်းစားလို့မရသေးဘူး"

ဤတွင် ဖိုဒါက...

"ကျွန်တော်တော့ ပြန်အထွက်ကိုပဲ စဉ်းစားနေတယ်၊ နက်ဖြန် ဒါမှမဟုတ် ကာခါဆိုရင် ရုရှတွေက ဘာလင်ကို လေးဘက်လေးတန်က ပိတ်မိုင်းပြီး ဖြစ်နေတော့မှာ"

"ပြန်အထွက်ကိုတော့ ဆက်သားက လမ်းညွှန်ပေးမယ်လို့ ထင်ရတယ်၊ မယ့် တစ်ခုသေချာတာကတော့ ဂရင်းလေးဟာ ကျွန်တော်တို့ကို ဘာမှ ကျတဲ့ကိစ္စအတွက်တော့ ဘာလင်ကို လွှတ်တာမဟုတ်ဘူးဆိုတဲ့အချက်ပဲ"

"ခင်ဗျား ဆက်သားကိုကော တွေ့ပြီးပလား"

"မတွေ့ရသေးဘူးဗျ၊ ဂရင်းလေးက ဘာမဆိုလုပ်ရင် သိပ် သိုသိုသိပ်သိပ် တတ်တဲ့အကျင့်ရှိတယ်လေ"

ဗိုလ်မှူးနှစ်ယောက်က အရက်တစ်ခွက်စီထည့်လိုက်ပြီး ဇိမ်ဆွဲ၍ သောက် း

"ဒါထက် မေခလာဆိုတာ ဘယ်သူများဖြစ်နိုင်မလဲဗျ"

"ကျွန်တော်တော့ မပြောတတ်ဘူး"

"ဘယ်သူဆိုတာ သိကောမသိချင်ဘူးလား"

"သိတော့သိချင်တာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့်မှာ အကျင့်တစ်ခုရှိနေ ကိုယ်တိုင်မဖြေနိုင်တဲ့ မေးခွန်းတစ်ခုအတွက် အချိန်ကုန်ခံမနေတတ်တဲ့ ကျင့်"

"ကိုယ်ကျင့်တရားနဲ့ သက်ဆိုင်တဲ့မေးခွန်းဆိုရင်ကော"

"ဘာလဲဗျ၊ ကိုယ်ကျင့်တရားနဲ့သက်ဆိုင်တဲ့ မေးခွန်း"

"နာဇီဗိုလ်ချုပ်ကြီးတစ်ယောက် ကြိုးစင်တင် အသတ်မခံရဖို့အတွက် တော်တို့လည်ပင်းတွေကို စတေးရတဲ့မေးခွန်းလေ"

"နာဇီဗိုလ်ချုပ်ကြီးလို့ ဘယ်သူပြောတာတုံး"

"ဘယ်သူမှမပြောပါဘူး၊ ဒါပေမယ့် ခန့်မှန်းကြည့်တာပါ၊ ဘယ်သူပဲ ဒီလိုသွားကယ်ရတာ ခင်ဗျားစိတ်ထဲမှာ အနှောင့်အယှက်မဖြစ်မိဘူးလား"

"ဒီမေးခွန်းမျိုး ဂရင်းလေးက ကျွန်တော့်ကို မေးခဲ့ဖူးတယ်၊ ဒီတော့ ကျွန် က ဘယ်လိုအဖြေပေးလိုက်သလဲဆိုရင်...

www.burmeseclassic.com



"ကျွန်တော်ဟာ အထူးစစ်ဆင်ရေးတပ်ဖွဲ့က စစ်ဆင်ရေးအရာရှိတစ်ဦး ဖြစ်တယ်၊ ဒီတော့ ကျွန်တော့်ကို ဘယ်သွားပါလို့ အမိန့်ပေးရင် သွားရမှာ"

"အမိန့်ကိုနာခံတယ်ဆိုတဲ့ စကားမျိုးလား၊ ဒီလိုစကားမျိုးကို စစ်ပြီး တဲ့ အချိန်မှာ နာဇီစစ်ရာဇဝတ်ကောင်တွေကလည်း အများကြီးပြောလာ မယ်"

"အမိန့်ကိုနာခံတယ်ဆိုတာ မှန်တဲ့စကားပဲ၊ ဒါပေမယ့် ဒီစကားရဲ့ ခြေ ချက်က ဘက်နှစ်ဘက် ရပ်တည်နေတဲ့ အခြေခံပေါ်မှာ မူတည်နေတယ်ဗျ။ တော်တို့က လူချင်းစာနာစိတ်ထားတဲ့ဘက်...

"သူတို့ဘက်ကတော့ အာရီယန်ဂျာမန်တွေကလွဲရင် လူမဟုတ်ဘူး ခံယူထားတာ"

ဤတွင် ဗိုဒါက...

"ဗိုလ်မှူးအနေနဲ့ဆိုရင် သူတို့ဂျာမန်တွေအပေါ် ဘယ်လိုသဘောထား"

"ကျွန်တော့်စိတ်တိုင်းကျသာ လုပ်ရမယ်ဆိုရင် ဟစ်တလာနဲ့ နာဇီအ ဝန်ကြီးတွေ၊ နာဇီပါတီထိပ်သီးတွေမှန်သမျှ ကြိုးစင်တင်ပြီး သတ်ပစ်ရ ဒါပေမယ့် ကျွန်တော်လုပ်ချင်တိုင်း လုပ်လို့ရနိုင်ပါ့မလား၊ တစ်နေရာမှာရှိ အာဏာပိုင်တစ်ယောက်က ဒီဂျာမန်ကောင်ဟာ မဟာမိတ်တွေအဖို့ အသုံးဝင် လိမ့်မယ်လို့ ဆုံးဖြတ်လိုက်လို့ ကျွန်တော်တို့ ခုလို ဘာလင်ကို ခရီးထွက် ဖြစ်လာတာပေါ့။ ကျွန်တော်ကတော့ ဘယ်သွားပါလို့ လက်ညှိုးညွှန်ရင် ညွှန် ဘက်ကို သွားတဲ့လူ"

"ခင်ဗျားပြောပုံက မကြမ်းလွန်းဘူးလားဗျာ"

ဂျက်က ဘာမှပြန်မပြောဘဲ...

ဂျာမန်ဗုံးဒဏ်ကြောင့် အသက်ပျောက်သွားရသည့် ဇနီးနှင့် ကလေး ယောက် မျက်နှာကိုသာ မြင်ယောင်နေသည်။

ခဏကြာမှ ဂျက်က အဖြေပေးလိုက်၏။

"ကြမ်းတော့ ကြမ်းတယ်၊ ဒါပေမယ့်...မှန်တယ်"

* * *

လေ့ကျင့်ရေးစခန်း သင်တန်း ညှိခန်းဆောင်ထဲတွင် စစ်ဆင်ရေးအဖွဲ့ များ အားလုံးထိုင်နေကြ၏။





ဂျက်၊ ဗိုဒါနှင့် တပ်ကြပ်ကြီးဖူးလားတို့က ပက်လက်ကုလားထိုင်များပေါ်

ဒုတပ်ကြပ် မိုက်၊ ဗိုလ်ကြီးဒမ်ဗာနှင့် ဒုတပ်ကြပ် မက်ကလင်းတို့က ခင်းဖိုနားတွင် ဝိုင်းလျက်။

ဗိုလ်ဂျိဇက်ကမူ အားလုံးသူနှင့် လှမ်းလှမ်းမှာ။

ဂျိုဇက်က ဒမ်ဗာနှင့် ငြိမ်းချမ်းရေးလုပ်ပြီးနောက် ဂျက်အား ပေးခဲ့သည့် အတိုင်း တတ်နိုင်သမျှ ရှောင်ရှတ်ဆိတ် လုပ်နေသည်။

အချိန်က ညနေအတော်စောင်းနေပြီ။

ဗိုလ်မှူးချုပ်ဂရင်းလေး ကားမှန်း ဂိတ်ဝမှဝင်လာသံ ကြားကတည်းက သိနေ၏။

ကားက ညှိခန်းဆောင်ရှေ့တွင် ထိုးရပ်လိုက်သည်။

သင်တန်းဆရာများဖြစ်ကြသော ဘရောင်းနင်း၊ ဂရေးနှင့် ကိစ်တို့၏ အယောင်ကိုပင် မမြင်ရ။

ထိုနည်းအတူ လက်တစ်ဖက်ပြတ် စခန်းမှူး ဗိုလ်မှူးကြီးကိုလည်း မတွေ့ရ။ လက်နက်သင်တန်းပေးခဲ့သည့် တပ်ကြပ်ကြီးလည်း ပေါ်မလာ။

ညှိခန်းထဲတွင် မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့မှ အဖွဲ့သားများမှလွဲ၍ သူမှမရှိ။

လေ့ကျင့်ရေးစခန်းသို့ အခေါက်ပေါင်း မရေနိုင်လောက်အောင် ရောက်လာ သည့် ဂရင်းလေးက ညှိခန်းရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဝင်ရောက် သည်။

"မင်္ဂလာညနေခင်းပါ လူကြီးမင်းများခင်ဗျား"

ဂရင်းလေးက အဖွဲ့သားများအား အင်္ဂလိပ်စကားဖြင့် နှုတ်ဆက်လိုက်၏။

အဖွဲ့သားအားလုံးပင် ဗိုလ်မှူးချုပ်ရောက်ရှိနေခိုက် အင်္ဂလိပ်စကားဖြင့် ပြောစေလိုသည့် ရည်ညွှန်းချက်။

သည်ရည်ရွယ်ချက်ကို အဖွဲ့သားအားလုံးပင် ချက်ချင်း နားလည်သဘော ပေါက်သွားကြပြီး...

"ဂွတ်အီးဗနင်း ဘာရီဂေးဒီးယား"

"မင်္ဂလာညနေခင်းပါ ဗိုလ်မှူးချုပ်ခင်ဗျာ"ဟု ပြန်၍ နှုတ်ဆက်စကား ပြောင်းဘူဆိုလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလိုက်ပြီးမှ စစ်ဆင်ရေးအဖွဲ့ဝင် ခုနစ်ယောက်တို့၏ ၁၄ လုံး မျက်စိတို့က ဗိုလ်မှူးချုပ်နောက်နားတွင် ရပ်နေသည့် ဆက်သားဆီသို့ ရောက် ကြ၏။

ဗိုလ်မှူးဂျက်က ဆက်သားအား ငေးစိုက်၍ကြည့်နေသည်။

ဂျက်အကြည့်က တစ္ဆေသရဲတစ်ကောင်ကို ညမှောင်ရိပ်ပျိုးစတွင် တွေ့ ရသကဲ့သို့။

ဆက်သားက လက်တစ်ဖက်ကိုဆန့်တန်းလိုက်ရင်း ဗိုလ်မှူးဂျက်ရှိ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာပြီး နှုတ်ဆက်လိုက်သည်။

"ဟဲလို...ဂျက်၊ ပြန်တွေ့ကြရပြန်ပြီ"

ဆာယာက ဂျက်မျက်နှာကိုကြည့်လျက် ပြုံးနေသည်။

ဆာယာ...ဆာယာ...

တစ်ခါက ဂျက်နှင့်အကျွမ်းဝင်ခဲ့သည့် အမျိုးသမီး။

▲



# ...ဒေ့ညီ

[ ၃၃ ]

ကမ်းလာသည့် ဆက်သားအမျိုးသမီး ဆာယာ၏လက်ကို ဗိုလ်မှူးဂျက်က ...မ်း၍လည်းမဆွဲ၊ နှုတ်လည်းမဆက်။

"မဖြစ်နိုင်ဘူး၊ ဘယ်လိုမှမဖြစ်နိုင်ဘူး"

ဂျက်က ခေါင်းတယမ်းယမ်းဖြင့် မြည်တမ်းနေ၏။

စစ်ဆင်ရေးအဖွဲ့ဝင်ခြောက်ယောက်က ဆာယာအား ငေးကြည့်နေရာမှ ...ဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။ ပြီးမှ သူတို့မျက်လုံးတစ်ဒါဇင်က ...ယာဆီသို့တစ်ဖန်။

ဆာယာ့အရပ်က ငါးပေ ရှစ်လက်မဟု သူတို့ခြောက်ယောက်က ခန့်မှန်း ...ကြ၏။

ဒေါက်မြင့်ဖိနပ်ကိုစီးထားသဖြင့် ဆာယာ့အရပ်က နောက်ထပ် နှစ်လက်မ ...် ပို၍မြင့်နေသည်။

ဆာယာ့အသက်က ၂၀ ပြည့်လုပြီဟု သူတို့တွက်ကြ၏။

ချထားသည့်သနွှဲဉ္စာန်၊ တင်းထားသည့်မာန်တို့က ဆာယာ့အား ပို၍ ...သက်ကြီးသည်ဟု ထင်ရသည့်တိုင် မျက်နှာတွင်ခြယ်သထားသည့် မိတ်ကပ် ...ကြောင့် ဒါဇင်ဝက်မျှသော စစ်ဆင်ရေးအဖွဲ့ဝင်တို့က အသက် ၂၀ ဟု ခန့်မှန်း ...ကြခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဆာယာ့မျက်နှာကို သူတို့ရပ်နေသည့်နေရာမှ ထင်ထင်ရှားရှားမမြင်ရ ကစား အမျိုးသမီး၏မျက်လုံးအရောင်က ရွှမ်းရွှမ်းစိုနေသော အစိမ်းရော မှန်ကန်စွာဆုံးဖြတ်နိုင်ကြသည်။

ဝေလ၊ အိုင်းရစ်ချ်နှင့် စကော့လူမျိုးစုများ ဆင်းသက်လာရာ မူလလူမျိုး မှာ ဆဲ့လ်တ်ဖြစ်သည်ဟု သမိုင်းတွင်အဆိုရှိထားသည်ဖြစ်ရာ...

ဆာယာ၏ ရွှမ်းရွှမ်းစိုသည့် မျက်လုံးစိမ်း၊ ဖွံ့ထွားသည့်ကိုယ် အချိုးကျ ကိုယ်ခန္ဓာအနေအထားတို့ကြောင့် ဆဲ့လ်တ်သွေးပါသူတစ်ယောက်ဟုလည်း ခန့် နေကြ၏။

ခေါင်းပေါ်တွင် စောစောကလွှမ်းခြုံထားသည့် ပိုးဇာပဝါကို အမျိုးသမီး ဖြုတ်ချလိုက်သောအခါ ပိတုန်းရောင်လို နက်မှောင်သည့်ဆံပင်က ကြွေ လျက်။

ကေသာက ပခုံးတွင် ခွေကာကျနေ၏။

ရွှေရောင်တင်ထားသည်နှင့်တူသော အဝါရောင်မိုးကာအင်္ကျီကို ခါး ပတ်မထား။ ရင်ဘတ်အလယ်တွင် လုပ်ထားသဖြင့် အောက်မှဝတ်လာသ ဆွယ်တာထူထူနှင့် ဆွယ်တာအောက်မှ တွီဒ်သက္ကလတ်နဖြင့် ချုပ်ထား ရှပ်အင်္ကျီကို မြင်နေရ၏။

သို့တိုင်အောင် အမျိုးသမီး၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်က ဆွယ် အောက်မှ ဖန်းတပြပြ။

ဆာယာက အဝတ်,ဝတ်ထားသည်ထက် မဝတ်ဘဲနေလျှင် ပို၍လှသ အမျိုးသမီးမျိုး။

ဗိုလ်မှူးဂျက်က ဆာယာနှင့်မတွေ့ခဲ့သည်မှာ သုံးနှစ်ကျော်နေပြီ။

ဆာယာ့ယောက်ျား ဒိုက်ပီတိုက်ပွဲတွင် ကျဆုံးပြီးသည့်အချိန်မှစ၍ မ ခဲ့ရ။

ဆာယာ့ယောက်ျား အလန်ဖာဂူဆင် မကျဆုံးမီက ဗိုလ်ကြီးအဆင့် တပ်ခွဲမှူးတာဝန်ကို ယူခဲ့ရသည်။ ထိုစဉ်က ဂျက်က ဒုတပ်ခွဲမှူး။

ဖာဂူဆင်အသက်နှင့်ရှိနေစဉ်ကမူ စကော့တလန်ရှိ ဆာယာတို့အိမ် ဂျက်က မကြာခဏ အလည်ရောက်စမြဲ။

သို့သော် ဖာဂူဆင် ကျဆုံးသွားပြီးချိန်၌မူ ဂျက်က ဗိုလ်မှူးရာထူး ရှေ့တန်းစခန်းတစ်နေရာသို့ ရောက်နေခဲ့ရသည်။





ထို့ကြောင့် ဆယာနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်။

ဆာယာ့ထံမှ နောက်ဆုံးရသည့်စာတွင် ဆာယာက ကနေဒါသို့ ပြောင်းရွှေ့ ဆိုင်မည်ဖြစ်ကြောင်း ရေးသားခဲ့၏။

ဆာယာက ဂျက်၏ ကွယ်လွန်ခဲ့သောဇနီးနှင့် ကိုယ်လုံးကိုယ်ပေါက်ရေး နှာပုံပန်းပါ အတော်တူသည်။

ရွှမ်းရွှမ်းစိုသောမျက်လုံးနှင့် နက်မှောင်သည့် ကေသာရောင်ကမူ ချွတ်စွပ်။

ဂျက်က မယားနှင့် ကလေး သေဆုံးရသည့် သောကမီးကို ငြိမ်းအောင် ကြိုးစားနေရချိန်...

ဆာယာက လင်ကျဆုံးရသဖြင့် အပူလုံးကြွနေသည့်အချိန်...

ထို့ကြောင့်ပင် နှစ်ဦးစလုံးက နောက်ထပ်အိမ်ထောင်ပြုရေးကို ထိုစဉ်က ည်သူမျှ ထည့်မတွက်ခဲ့မိကြ။

ဂျက်က ဆာယာကိုငေးကြည့်ရင်း နှုတ်မှ ဆက်၍မြည်တမ်းနေသည်။

"မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဂျက်က မည်သည့်အဓိပ္ပာယ်ဖြင့် 'မဖြစ်နိုင်ပါဘူး'ဟု ပြောနေခြင်းကို ရင်လေးက နားလည်ပြီးသား။

"ခင်ဗျား ဒီလိုငြင်းနေမယ်ဆိုတာ ကျုပ် တွက်မိထားပြီးသား၊ ဒါပေမယ့် နေရာက ဒီအကြောင်းဆွေးနွေးလို့ ကောင်းတဲ့နေရာမဟုတ်ဘူး"

"ကျုပ်တို့သုံးယောက်တည်း ဆွေးနွေးနိုင်မယ့်နေရာ မရှိဘူးလား"

"ကျွန်တော့်ရုံးခန်းရှိတယ်လေ"

"ဒါဖြင့်လည်း ခင်ဗျားက လမ်းပြ၊ ဗိုလ်မှူးဗိုဒါ ခင်ဗျားပါ ကျုပ်တို့ထဲ လိုက်ခဲ့ပါ"

ရုံးခန်းသို့ရောက်သောအခါ ဂရင်လေးက အကျင့်ပါနေသည့်အတိုင်း စားပွဲနောက်မှ ကုလားထိုင်တွင် နေရာယူလိုက်သည်။

ပြီးမှ ဗိုဒါ၊ ဂျက်နှင့် ဆာယာတို့သုံးယောက်အား ကြိုက်သည့်နေရာတွင် ထိုင်ရန် အချက်ပြလိုက်၏။

ဆာယာက လက်ဆွဲအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်ပြီး ဘူးထဲမှ စီးကရက်တစ်လိပ်ကို လက်ဖဝါးထဲသို့ သွန်ချလိုက်သည်။

ဗိုဒါက မီးခြစ်,ခြစ်ပြီး မီးညှိပေးရန် အသင့်။

ဆာယာက ကျေးဇူးတင်ကြောင်းကို အပြုံးဖြင့် အဓိပ္ပာယ်ဖော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဗိုလ်မှူးဂျက်၊ ခင်ဗျား ဘာကြောင့်မဖြစ်နိုင်ဘူးလို့ တငြင်းတည်း ငြင်းနေတဲ့အကြောင်း ကျုပ်တို့နားထောင်ရအောင်"

ဂရင်းလေးက ဗိုလ်မှူးချုပ်တစ်ဦးလေသံဖြင့် အလုပ်သဘောဆန်ဆန် နိဒါန်းပျိုးလိုက်ပြီး…

"တင်ပြစရာရှိတာ တိုတိုနဲ့ အနှစ်ချုပ်ပြီး တင်ပြပါ၊ ကျုပ်တို့ အ သိပ်မရဘူး"

ဗိုလ်မှူးဂျက်က လိုရင်းကိုစ၍ တင်ပြနေသည်။

"မဖြစ်ဘူးလို့ တငြင်းတည်းငြင်းနေရတဲ့အကြောင်းက ထင်ရှားပြီးသား ဗိုလ်ချုပ်"

ဂရင်းလေးက ဗိုလ်မှူးချုပ်အဆင့်ပင်ဖြစ်သော်လည်း တပ်တွင်း အ အကျင့်အရ ဂျက်က ဗိုလ်ချုပ်ဟု 'အာလုပ်'ပြုလိုက်၏။

"ဗိုလ်ချုပ်က ကျွန်တော်တို့နဲ့အတူ ဆက်သားတစ်ယောက် ထည့်ပေးလို မယ်ဆိုတော့ ဒီဆက်သားဟာ ထုံးစံအတိုင်း အမျိုးသား ယောကျ်ားတစ်ယော ဖြစ်မယ်လို့ တွက်ထားခဲ့တယ်။

"အမျိုးသမီးတစ်ယောက် မပါဘဲနဲ့တောင် ကျွန်တော်တို့စစ်ဆင်ရေး သိပ်ကို အန္တရာယ်များတဲ့ စစ်ဆင်ရေးဆိုတာ အားလုံး သဘောပေါက်ထား ကြသားပါ။

"ကျွန်တော်တင်ပြနေတာက ဆာယာဆိုတဲ့ အမျိုးသမီးကြောင့် မဟု ပါဘူး။

"ဆာယာမဟုတ်ဘဲ ဒီ့ပြင် အမျိုးသမီးတစ်ယောက် ဆက်သားအဖြ ပါလာမယ်ဆိုရင်လည်း ကျွန်တော် သဘောတူနိုင်မှာ မဟုတ်ပါဘူး။

"အမျိုးသမီးဆိုရင် ကျွန်တော် ကန့်ကွက်ပါတယ်"

ဂရင်းလေးက ဖြတ်မေးခွန်းတစ်ခု မေးလိုက်သည်။

"ဘာဖြစ်လို့"

ဂျက်က ဂရင်းလေးမေးခွန်းကို ပြန်ရေရွတ်လိုက်ပြီး အထူးစစ်ဆင်ရေး အရာရှိ ဗိုလ်မှူးချုပ်ခေါင်းတွင် ချိုနှစ်ချောင်း ချက်ချင်းထွက်လာသလို အံ့ သည့်အမူအရာဖြင့် ကြည့်နေသည်။

ပြီးမှ အဖြေပေးလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ဆာယာရဲ့လုံခြုံရေးကို ကျွန်တော် တာဝန်မယ

အမြူးညီနောင်



နိုင်ပဲ၊ ဒါကြောင့်ပါ"

"နောက်ပြီး ဆာယာ ဘယ်လိုဖြစ်နေတယ်ဆိုတာ နောက်လှည့်ပြီးကြည့်နေ အချိန်ရမှာလည်းမဟုတ်ဘူး"

ဤတွင် ဂရင်းလေးက…

"ဒီလို နောက်လှည့်ပြီးကြည့်နေဖို့ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆာယာဟာ စစ်ဖြစ်နေတဲ့ ဂျာမနီမှာ ဗိုလ်မှူးတို့တစ်တွေထက် အနေကြာအောင် နေခဲ့ဖူးလို့ပါပဲ။

"ဒီတော့ ဆာယာဟာ သူ့ကိုယ်သူ ဘယ်လိုအန္တရာယ်ကင်းအောင် နေရ မယ်ဆိုတာ နားလည်ပြီးသား၊ ဒီလိုနားလည်ပြီးသားဖြစ်နေလို့လည်း ဆာယာဟာ ဂျာမနီမှာ အကြာကြီးနေခဲ့ပြီးမှ ခု ဒီရုံးခန်းကို ရောက်လာတာ။

"ဒါ ဆာယာ့အတွက် သက်သေခံချက်ပဲ"

ဗိုလ်မှူးဂျက်က ဆက်၍ စောဒကတက်လိုသဖြင့်…

"ဆာယာ အသက်နဲ့ကိုယ် အိုးစားမကွဲပဲ ဂျာမနီကပြန်လာနိုင်တယ်ဆိုတာ သူလုပ်ရတဲ့အလုပ်အပေါ်မှာ မူတည်ပါတယ်။

"လျှို့ဝှက်ထောက်လှမ်းရတဲ့ အလုပ်မျိုးမှာတော့ သူလျှိုတစ်ယောက်ဟာ နေရာရာမှာ ဝင်ပုန်းပြီး ကိုယ်ရောင်ဖျောက်ပစ်ဖို့ လွယ်ပါတယ်။

"ဒါပေမယ့် ကျွန်တော်တို့ ခုလုပ်ရမှာက လျှို့ဝှက်ထောက်လှမ်းရေး မဟုတ် ပါဘူး၊ ကွန်မန်ဒိုပုံစံနဲ့ စစ်ဆင်ရေးလုပ်ရမှာ။

"လျှို့ဝှက်ထောက်လှမ်းရေးသမားတစ်ယောက်ဟာ လူရှုပ်တဲ့ရပ်ကွက်မှာ ယှက်ပြီး ရှောင်နေလို့ရပါတယ်။ ဒါက **ခြောင်ပုန်းတယ်**လို့ ခေါ်နေတဲ့ ဝေါဟာရပါ။

"ဒါပေမယ့် ကျွန်တော်တို့လုပ်ရမယ့် ကွန်မန်ဒိုပုံစံစစ်ဆင်ရေးမှာ ခြောင် ပုန်းနေလို့လည်းမရ၊ ရှောင်ပုန်းနေလို့လည်းမရဘဲ အားလုံးကို ခြောင်ကျကျနဲ့ ဘိတ်တစ်လုံး ဟန်တစ်လုံးထုတ်ပြီး ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ရမှာပါ။

"ခုလို အမျိုးသမီးတစ်ယောက် ပါလာတယ်ဆိုတော့ ကျွန်တော်တို့ဟာ ဘာလင်မြို့ထဲမရောက်ခင် လမ်းထက်ဝက်ကပဲ အဖမ်းခံရဖို့ သေချာနေပြီ။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က အမျိုးသမီးကို နောက်လှည့်ပြီး ချွဲချွဲခေါ်နေရမှာကြောင့်ပဲ"

ဂျက်စကားအဆုံးတွင် ဂရင်းလေးက…

အမြူးညီနောင်

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆွဲခေါ်နေစရာ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်မှူးတို့ ဘာလင်မြို့ထဲကို တိုက်ရိုက်ရောက်သွားမှာကြောင့်ပဲ"

ဗိုလ်မှူးဖိုဒါက ခရစ်တော်ကိုတလိုက်ပြီး...

"ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး ဘာလင်မြို့ထဲကို တိုက်ရိုက်သွား မှာလဲ"

"ဒါကို နောက်မှရှင်းပြမယ်"

ဂရင်းလေးက အဖြေပေးလိုက်ရင်း...

"ခုအချိန်မှာတော့ ဆက်သားအဖြစ်လိုက်မယ့် ဆာယာနဲ့ပတ်သက် ဗိုလ်မှူးဂျက်က စိတ်အေးအေးထားစေချင်တယ်။

"ခုနက ကျုပ်ပြောသလို ဆာယာဟာ သူ့ကိုယ်သူ အန္တရာယ်ကင်းအော ထိန်းနိုင်တဲ့ အရည်အသွေးရှိတယ်၊ သူ့ကို ဆက်သားအဖြစ် ရွေးလိုက်တာ လည်း တခြားဆက်သားတွေထက် အရည်အချင်းပြည့်နေလို့ပဲ။

"ကုန်ခဲ့တဲ့နှစ်ရက်အထိ ဗိုလ်မှူးဂျက်နဲ့ ဆာယာတို့နှစ်ယောက် သိယော ကျွမ်းဝင်းဆိုတာ ကျုပ်မသိခဲ့ဘူး။

"ဆာယာ့ကို ဆက်သားအဖြစ်လွှတ်ဖို့အတွက် ကျုပ် အချိန်ယူပြီး စဉ်း ခဲ့တယ်၊ တိုင်ပင်သင့်တဲ့ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ခဲ့တယ်။

"ဆက်သားအဖြစ် လွှတ်နိုင်မယ့်လူတွေကိုလည်း ခေါင်းခေါက်ပြီး ရွေး တယ်။ ဒီလိုရွေးတဲ့အခါမှာ ဆာယာလောက် အရည်အချင်းပြည့်တဲ့လူ တ ယောက်မှ မတွေ့ရဘူး။

"ဆာယာ့မှာ ကျုပ်တို့လိုချင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံနေတာကို တွေ့ တယ်။

"သူဟာ ဂျာမန်စကားကို မွတ်နေအောင် ပြောတတ်ရုံမက ဘာလင်မြို့ ကိုလည်း နေရာအနှံ့ရောက်ဖူးတယ်၊ ဘယ်နေရာမှာဘာရှိတယ်ဆိုတာ ဒက် ပြောနိုင်အောင် နှံ့စပ်ကျွမ်းကျင်မှုရှိတယ်။

"ဒါ့အပြင် ဆာယာမှာ ထူးခြားတဲ့အချက်တွေ ရှိနေသေးတယ်၊ ဆာယ ဟာ ဂျာမန်စစ်ခေါင်းဆောင်ကြီးတွေနဲ့ နာဇီပါတီခေါင်းဆောင်ကြီးတွေရဲ့ ကိုယ်ရေး ရာဇဝင် ဖိုင်တွေကိုလည်း လေ့လာဖူးနေတဲ့အချက်ပဲ။

"ဒါပေမယ့် မေခလာဟာ ဘယ်သူဖြစ်တယ်ဆိုတာ ဗိုလ်မှူးတို့မသိသ ဆာယာကလည်း မသိဘူး။





"ဒီလိုမသိပေမယ့် မေခလာယောင်ဆောင်ပြီး လှည့်စားလို့တော့ ဆာယာ့ ရမှာမဟုတ်တာ သေချာတယ်"

"တကယ်လို့...တကယ်လို့ဆိုတဲ့စကားကို ထည့်ပြောရတာက ဆယ်ရေး ရေး ကိုးရေးတစ်ရာဆိုသလို ပြောရတာပါ"

"တကယ်လို့ ကျုပ်တို့ကို မေခလာဆိုပြီး အဆက်အသွယ်လုပ်နေတဲ့လူဟာ ထိပ်သီးထဲကမဟုတ်ဘဲနဲ့ သာမန်အရာရှိတစ်ယောက်သာ ဖြစ်နေပြီး...

"သူ့ဆီကလည်း တန်ဖိုးရှိမယ့်သတင်းတွေ ရနိုင်မယ်မထင်ဘူးဆိုရင် ကိုလည်း ဆာယာက အဆုံးအဖြတ်ပေးနိုင်လိမ့်မယ်။

"မေခလာနဲ့ပတ်သက်လာရင် ဒီအတိုင်းပဲ၊ မေခလာဟာ ဘယ်လို လူပုံ န်းဆိုတာ ခုအချိန်မှာ ဆာယာကမသိပေမယ့် ဘာလင်ကိုရောက်သွားပြီး ခလာရဲ့လူယုံတော်နဲ့ အဆက်အသွယ်ရလာတဲ့အချိန်မှာ...

"ဆာယာက မေခလာဆီကို ဒီကယူသွားတဲ့ တချို့စာရွက်စာတမ်းတွေကို ယ်ထိလက်ရောက် ပေးအပ်နိုင်လိမ့်မယ်။

"ဒီလောက်အရည်အချင်းရှိတဲ့ ဆက်သားတစ်ယောက်ဟာ အမျိုးသမီး နေပါတယ်ဆိုတဲ့ အချက်တစ်ချက်လောက်နဲ့တော့ ဗိုလ်မှူးတို့ ငြင်းပယ်ဖို့ သင့်ဘူး။

"ဆက်သားတစ်ယောက် နောက်ထပ်ရှာရမယ်ဆိုရင်လည်း အချိန်က ပ်ကပ်နေတော့ ရဖို့မလွယ်ဘူး။

"ဆာယာ့ကိုလည်း စစ်ဆင်ရေးနဲ့ပတ်သက်ပြီး လိုအပ်သမျှ သွန်သင် ကြားထားပြီး ဖြစ်နေပြီ၊ သူ ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတာ နားလည် ပြီ"

ဂရင်းလေးက စကားပြောရပ်လိုက်ပြီး ဗိုလ်မှူးဂျက်အား လှမ်းကြည့်လိုက်၏။

"ဆာယာ့ကို ကျွန်တော်တို့က ဘယ်လိုလုပ်စာတ်ဆင်ပြီး ခေါ်သွားရမလဲ၊ စ်တလာ့ကိုယ်ရံတော် ယန္တရားတပ်က အရာရှိနဲ့ အကြပ်ခုနစ်ယောက်နောက် အမျိုးသမီးတစ်ယောက် တကောက်ကောက်ပါနေတာကို ကျွန်တော်တို့က ယ်လိုအကြောင်းပြပြီး ပြောနိုင်မလဲ"

"ဗိုလ်မှူးဂျက်ရဲ့မေးခွန်းကို အမျိုးသမီးဆက်သားအဖြစ် ဆောင်ရွက်မယ့် ဆာယာကိုယ်တိုင်ဖြေတာက ပိုပြီးအချိုးကျလိမ့်မယ်။

"ဘာဖြစ်လို့လဲဆိုတော့ ဘာလင်မြို့ထဲမှာ ဆာယာကိုယ်တိုင် နည်း



www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်သုံးပြီး တော်တော်ကြာအောင် နေထိုင်ခဲ့လို့ပဲ၊ ကဲ...ဆာယာ"

ဗိုလ်မှူးချုပ်ဂရင်းလေးက မီးစိမ်းပြလိုက်သဖြင့် ဆာယာက ထိုင်ရာ ထလိုက်သည်။

"ကျွန်မက ဂျက်တို့အဖွဲ့မှာ စခန်းထိန်းသိမ်းတဲ့ ရဲဘော်အဖြစ်နဲ့ ပါလာ ပါ ဗိုလ်မှူး။

"စစ်တလင်းဖြစ်နေတဲ့ ဘာလင်မြို့တော်မှာ စစ်သားတွေ သူ့အစုနဲ့ မြို့ထဲလှည့်ပြီး သွားလာနေတဲ့အခါမှာ အမျိုးသမီးတွေ တစ်ယောက်စ နှ ယောက်စ တွဲပြီး ပါလာတတ်တာဟာ ရိုးနေတဲ့ မြင်ကွင်းတစ်ခုပါ။

"အမျိုးသမီးတွေက ချက်ရေးပြုတ်ရေး၊ လျှော်ရေးဖွပ်ရေး ပြုစုယုယရေး တာဝန်ယူထားတဲ့အတွက် သူတို့ဟာ စစ်သားတွေဆီက စားစရာနဲ့ လုံခြုံမှု ရနေကြပါတယ်။

"ဒီတော့ အက်စ်အက်စ်အရာရှိနဲ့ အကြပ်ခုနစ်ယောက်ကြားမှာ ဆာယာ ဆိုတဲ့ အမျိုးသမီးတစ်ယောက် ညှပ်ပြီးပါလာတာဟာ ဘာလင်မှာ ဘယ်ဆ တော့မလဲရှင်"

ဆယာ့စကားအဆုံးတွင် ဂျက်က...

"ဆာယာ...ခင်ဗျားက ဘာလင်ကလုပ်နေတဲ့ပုံစံမျိုး လုပ်မလို့လား"

ဤတွင် ဆာယာက...

"ဘာဖြစ်လို့လဲ...ဆာယာက ဗြိတိသျှအမျိုးသမီးတစ်ယောက် ဖြစ်နေ ဒီလိုမလုပ်ထိုက်ဘူး ထင်လို့လား"

ဗိုလ်မှူးဖိုဒါက ကြားဝင်ကာ...

"မဟုတ်ဘူးဗျို့...သိပ်လှလွန်းနေလို့"

ဆာယာက ဖိုဒါဘက်သို့လှည့်ကာ ကျေးဇူးတင်ကြောင်း အပြုံးဖြ နှုတ်ဆိတ်စကားဆိုလိုက်သည်။

ပြီးမှ...

"မလှအောင် ရုပ်ဖျက်လိုက်ရင် အလွယ်ကလေးပါ၊ ကျွန်မဆံပင်ကို တစ်မျိုးပြင်လိုက်ရင် ဗိုလ်မှူးတို့ ဆာယာဆိုတာ ဘယ်သူလို့တောင် မှတ်မိကြ မှာ မဟုတ်ပါဘူး။

"နောက်ပြီး မိတ်ကပ်တွေဖျက်၊ အဝတ်ကိုလည်း တစ်မျိုးပြောင်းဝ လိုက်ရင် ဆာယာက ဘာလင်က စခန်းထိန်းသိမ်းတဲ့ ရဲဘော်နဲ့ တစ်ပုံစံတည်





သွားမှာပါ၊ ဒါက အပြင်ပန်းပုံစံကို ပြောတာနော်"

အခန်းထဲရှိ အမျိုးသားသုံးယောက်စလုံး ပြုံးလိုက်မိကြသည်။

"ဒါထက် ပိုပြီး ခိုင်လုံချက်ရှိအောင် ဆာယာက ဂတ်စတာပိုအတွက် လုပ်လုပ်ပေးနေတဲ့ အမျိုးသမီးဖြစ်ကြောင်း ထောက်ခံချက် စာရွက်စာတမ်း ကိုပါ ယူလာမှာ...

"ဘာလင်ကို ဘာကိစ္စနဲ့လာတာလဲဆိုတာ သက်ဆိုင်ရာတပ်ဖွဲ့က ထုတ် တဲ့ ထောက်ခံစာတွေပါလာမှာ၊ ဒီတော့ ဆာယာ့အတွက် စိတ်ချပါလို့ င်ပြချင်ပါတယ်"

ဆာယာ့စကားအဆုံးတွင် ဂရင်းလေးက...

"ကျုပ်တို့မှာ ဆာယာ့အပြင် ရွေးစရာဆက်သားမရှိတော့ဘူး၊ အချိန်က ည်း သိပ်ကပ်နေပြီ၊ နက်ဖြန်ဆိုရင် ဗိုလ်မှူးတို့အဖွဲ့ ဘာလင်ကိုရောက်နေပြီး ား ဖြစ်ရမယ်"

ဗြိတိသျှ အထူးစစ်ဆင်ရေးအရာရှိ ဂရင်းလေးက ထိုင်ရာမှထလိုက်သဖြင့် က်နှင့် ဖိုဒါတို့ကလည်း မတ်တတ်ရပ်လိုက်ကြ၏။

သို့သော် ဆာယာက ထိုင်မြဲထိုင်နေရာမှ ဗိုလ်မှူးချုပ်ဂရင်းလေးအား မ်း ပြောလိုက်သည်။

"ဗိုလ်မှူးဂျက်နဲ့ နှစ်ယောက်ချင်း စကားပြောခွင့်ပြုပါ ဗိုလ်ချုပ်"

"ပြောနိုင်ပါတယ်၊ ဒါပေမယ့် တိုတိုပဲပြောပါ၊ ကဲ...ဖိုဒါ...လာဟေ့၊ ောင်ရင်နဲ့ကျုပ်က အဖွဲ့ဝင်တွေဆီသွားပြီး အမျိုးသမီးဆက်သားတစ်ယောက် ဘာကြောင့်ပါလာတယ်ဆိုတာ ရှင်းပြကြရအောင်...

"အမျိုးသားတွေက အမျိုးသမီးတစ်ယောက်နဲ့ ဥရောပတိုက်ကို ခရီးထွက် တာကို ဘာကြောင့်ကန့်ကွက်နေရသလဲ၊ ကျုပ်ဖြင့် နားကိုမလည်ဘူး"

ဂရင်းလေးက ဆာယာအား အဖြေပေးရင်း ဖိုဒါ့ကိုပါ ရယ်ရယ်မောမော ပြောကာ အခန်းထဲမှထွက်သွားသည်။

"ဟုတ်တယ် ဗိုလ်ချုပ်"

ဖိုဒါက ဂရင်းလေးအား ထောက်ခံလိုက်၏။ ဖိုဒါ့အသံတွင် ခံစားချက် ပေါ်နေလေသည်။

ဂရင်းလေးနှင့် ဖိုဒါတို့ ထွက်သွားပြီးနောက် ရုံးခန်းထဲတွင် တိတ်ဆိတ် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆာယာက အမျိုးသမီးပီပီ မိန်းမဉာဏ်ဖြင့် ကသိကအောက်ဖြစ်နေသ
အခြေအနေကို အဆင်ပြေအောင် ဖန်တီးလိုက်သည်။

စီးကရက်ဘူးကို ဂျက်အား လှမ်းပေးလိုက်ခြင်း။

ဂျက်က စီးကရက်နှစ်လိပ်ကိုထုတ်ယူကာ ပါးစပ်တွင်တပ်လိုက်ပြီး နှစ်
စလုံးကို တစ်ပြိုင်တည်း မီးညှိလိုက်သည်။

ပြီးမှ တစ်လိပ်ကို ဆာယာ့ဆီသို့ လှမ်းပေးလိုက်၏။

"ဂျက်...ရှင်က ကျန်းမာရေးကောင်းပုံရတယ်"

ဆာယာက စကားစ,လိုက်၏။

"ရှင်နဲ့မတွေ့ရတာ သုံးနှစ်တောင်ကျော်သွားပြီနော်"

ဤတွင် ဂျက်က စကားပြန်ဖော်ရလာကာ...

"ကနေဒါရောက်နေတယ်လို့ ကြားရပြီး ဆာယာ ဘယ်ပျောက်သွားမှ
မသိလိုက်ဘူး၊ ကိုယ်ကလည်း တိုက်ရေးခိုက်ရေးနဲ့ အလုပ်များနေတော့ ဆာယ
ဆီ စာမရေးဖြစ်ဘူး"

"ဟုတ်ပါတယ်၊ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ ဂျက်ရယ်...၊ ဆာယာ
ကနေဒါမှာနေရပေမယ့် မပျော်ဘူး၊ မပျော်ဆို အလန် တိုက်ပွဲမှာကျသွားပြ
ကတည်းက ဆာယာဟာ အရူးတစ်ပိုင်းဖြစ်နေခဲ့ရတာကိုး။

"ဒါနဲ့ ကနေဒါပြောင်းနေရင် ကောင်းမလားဆိုပြီး ပြောင်းလာခဲ့တယ်
ဒါပေမယ့် နေလို့မရဘူး။

"စိတ်သက်သာရာရအောင်ဆိုပြီး လူမှုရေးလုပ်ငန်းတွေမှာ ဝင်လုပ်တယ်
ဒါပေမယ့် ဆာယာ့ထက် ထက်မြက်ကျွမ်းကျင်တဲ့ အမျိုးသမီးကြီးတွေ ရှိနေတ
တွေ့ရတယ်။

"ဒီလိုနဲ့ စိတ်ပျက်လက်ပျက်ဖြစ်နေတုန်း ဗြိတိသျှအထူးစစ်ဆင်ရေးအဖွဲ့က
စည်းရုံးရေးမှူးတစ်ယောက်နဲ့ အမှတ်မထင် တွေ့လာရတယ်။

"သူက ကျဆုံးသွားတဲ့ ယောကျ်ားအတွက် လွမ်းနေမယ့်အစား ရန်သူ
ကိုယ်တတ်နိုင်တဲ့ဘက်က ပြန်ပြီးတိုက်တာဟာ အကောင်းဆုံးပဲလို့ အကြံပေး
တယ်။

"သူ့အကြံကိုကြိုက်တာနဲ့ ဆာယာလည်း အထူးစစ်ဆင်ရေးအဖွဲ့မှာ
သင်တန်းတက်ပြီး အမှုထမ်းတစ်ယောက် ဖြစ်လာတော့တာပေါ့။

"မကြာခင်မှာပဲ လေထီးဆင်း လေ့ကျင့်ရပြီး ပြင်သစ်နိုင်ငံတောင်ပိုင်းကို





ထီးနဲ့ဆင်းပြီး မြေအောက်တော်လှန်ရေးတွေဖြစ်တဲ့ ဒီဂေါလ်ရဲ့ ပြောက်ကျားတွေ
အဆက်အသွယ်လုပ်ခဲ့ရတယ်"

ဂျက်က စီးကရက်ဖွာရင်း ငြိမ်၍ နားထောင်နေ၏။

"အတိုချုံးပြီးပြောရရင် ဆာယာဟာ ဂျာမနီနဲ့ ဂျာမန်တွေသိမ်းပိုက်ထား
ပြင်သစ်မှာ နှစ်,နှစ်ခွဲကြာတဲ့အထိ လျှို့ဝှက်လှုပ်ရှားနေခဲ့တယ်။

"ဒီနှစ်,နှစ်ခွဲအတွင်းမှာ သူ့လူကိုယ့်ဘက်သားလုပ်ပြီး သစ္စာဖောက်နေတဲ့
စ်ယောက်ကို ဆာယာကိုယ်တိုင် သုတ်သင်နိုင်ခဲ့တယ်"

ဂျက်က ဆာယာ့မျက်နှာကိုကြည့်ရင်း အကဲခတ်နေသည်။

တစ်ကြိမ်သောအခါက အိမ်ရှင်မကောင်းတစ်ယောက်အဖြစ် လင်ယောကျ်ား
လင်ယောကျ်ား၏ မိတ်ဆွေအပေါင်းအသင်းများအပေါ်တွင် ကြင်နာစိတ်
ခဲ့သည့် ဆာယာက လူသတ်ဝံ့သည့် မိန်းမကြမ်းကြီးတစ်ယောက် ဖြစ်လာ
ပါမည်လား။

ဆာယာ့မျက်လုံးအစုံက ဆာယာပြောပြချက် မှန်ကန်ကြောင်း သက်သေခံ
သည်ကို တွေ့ရ၏။

"ဆာယာ ဒီအကြောင်းတွေပြောပြနေတာ ကြွားချင်လို့ မဟုတ်ပါဘူး၊
ကြာခင်ဆင်နွှဲရတော့မယ့် မြင်းကုန်ကူးစစ်ဆင်ရေးမှာ ဆာယာ့လို အမျိုးသမီး
စ်ယောက် ဆက်သားအဖြစ်နဲ့ ပါလာတာဟာ...

"ရှင့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေမှာမဟုတ်ဘူးဆိုတာ ရှင်လက်ခံ
အောင် ပြောပြနေတာပါ။

"ဒီနေ့ဆာယာဟာ လွန်ခဲ့သုံးနှစ်က ဆာယာ မဟုတ်တော့ပါဘူး၊ နောက်
း စိတ်ကူးယဉ်ပြီး တိုက်ပွဲဝင်ချင်နေတဲ့ နှစ်ဆယ်အရွယ် အမျိုးသမီးလည်း
ဟုတ်တော့ပါဘူး။

"ဆာယာ့အသက် နှစ်ဆယ့်ကိုးနှစ်ရှိပါပြီ၊ ဒီတော့ ဆာယာ ဘာလုပ်နေ
ယ်ဆိုတာ ဆာယာ နားလည်ပြီးသားပါ"

"နက်ဖြန် ဒီလိုအချိန်လောက်ဆိုရင် ဆာယာဟာ ကြောက်လို့ ကျောက်ရုပ်
လိုဖြစ်နေမှာပဲဆိုတာလည်း ဆာယာ သိပါတယ်။

"နက်ဖြန် ဒီလိုအချိန်လောက်ဆိုရင် ဆာယာဟာ ကြောက်လို့ ကျောက်ရုပ်
လိုဖြစ်နေမှာပဲဆိုတာလည်း ဆာယာသိပါတယ်။

"ဒါပေမယ့် အထူးစစ်ဆင်ရေးအဖွဲ့က ဆာယာ့ကိုပဲ ဆက်သားအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ပြီး တာဝန်ပေးလိုက်တော့ ဆာယာ စွန့်စားရတော့မှာပေါ့။

"လွန်ခဲ့တဲ့ ၄၈ နာရီလောက်ကမှ ဒီစစ်ဆင်ရေးကို ခေါင်းဆောင်မ… တပ်မှူးဟာ ဂျက်,ဆိုတာ သိလာရတယ်။

"ဒီလိုသိလာရတဲ့အတွက် ဆာယာ သိပ်ဝမ်းသာသွားတယ်။ စိတ်လည်… အေးသွားတယ်။ ဂျက်အပြင် ဆာယာ့ကို လုံခြုံမှုအပေးနိုင်ဆုံးလူ ဘယ်… ရှိဦးမှာလဲ"

ဗိုလ်မှူးဂျက်က ပြုံးလိုက်၏။

လေ့ကျင့်ရေးစခန်းသို့ ရောက်လာပြီးနောက် ပထမဆုံး ပြုံးလိုက်သည့် အပြုံး။

"ဆာယာ ဒီနေရာကိုရောက်လာတဲ့အတွက် ဝမ်းသာအားရ ပွေ့ဖက်… နှုတ်ဆက်ရမလား၊ ဒါမှမဟုတ် သိပ်မိုက်ရူးရဲတာပဲဆိုပြီး မြင်းရိုက်တဲ့ကြာပွတ်… ရိုက်လွှတ်ရမလား၊ ဘာလုပ်ရမယ်ဆိုတာ ကိုယ်တော့ မဝေခွဲနိုင်အောင် ဖြစ်… တယ်"

ဂျက်က ရိုးသားပွင့်လင်းစွာ စကားဆိုလိုက်၏။

"ဝမ်းသာအားရ ပွေ့ဖက်နှုတ်ဆက်တာက ပိုကောင်းတာပေါ့ ဂျက်ရယ်… စောစောက တွေ့စတုန်းကဆိုရင် ဆာယာကမ်းပေးတဲ့လက်ကိုတောင် လှမ်း… ပြီး နှုတ်ဆက်ဖော်မရခဲ့ဘူး"

"ဂျက်…ရှင် တော်တော်ဆိုးတဲ့လူ"

ဂျက်က ထိုင်ရာမှထပြီး ဆာယာအား ရင်ချင်းအပ်ကာ ပွေ့ဖက်နှုတ်ဆက်… လိုက်သည်။

မှုဆိုးမလေး ဆာယာ့တစ်ကိုယ်လုံး မဂ်လာဦးညမှ အပျိုစင်သတို့သမီးလို… တုန်နေသည်ကို ဂျက်က အံ့သြနေမိသည်။

"ကဲ…လာ…ဆာယာ၊ ကိုယ်တို့ အခန်းပြင်ဘက် ထွက်လိုက်ကြရအောင်"

ဂျက်က ဆယာကို ဆွဲခေါ်ရင်း ပြောနေသည်။

"ဒီရုံးခန်းထဲမှာ ဒါထက်ကြာနေရင် တစ်ယောက်ယောက်က အမိပွာယ်… အကောက် လွဲနေဦးမယ်"

တံခါးပေါက်ဝသို့အရောက်တွင် ဂျက်က တုံ့ခနဲရပ်လိုက်ပြီး…

"ဒါထက် ဆာယာ၊ ဆာယာနဲ့ ကိုယ်နဲ့ သိဟောင်းကျွမ်းဟောင်းဆိုတာ ဂရင်းလေး သိသွားပြီးနောက် သူနဲ့ ဆာယာတို့နှစ်ယောက်က ကိုယ့်ဆီက…





…ယ်လိုတုံ့ပြန်ချက်လာနိုင်တယ်ဆိုတာ ဆွေးနွေးခဲ့ကြတယ်မဟုတ်လား"

"အများကြီးဖြစ်နိုင်တာပေါ့"

ဆာယာက ဆင်ဖေ့ရန်ရှောင် အဖြေပေးလိုက်သည်။

"ဒီလို ဆွေးနွေးပြီးတော့မှ ကိုယ်က ဆာယာ့ကို ဆက်သားအဖြစ် လက်ခံ… …အောင် ဆွဲဆောင်စည်းရုံးဖို့။

"တကယ်လို့ စည်းရုံးလို့မရရင် ဂရင်းလေးက အာဏာသုံးပြီး ဆာယာ့ကို …ခေါ်သွားဖို့ အမိန့်ပေးမလို့ မဟုတ်လား"

ဆာယာက ရှမ်းရှမ်းစိုသည့် မျက်လုံးစိမ်းစိမ်းတစ်စုံကို အောက်သို့ စိုက် …ကြည့်လိုက်ပြီး အဖြေပေးလိုက်သည်။

"အဲဒီလိုသဘောမျိုးပဲ"

ဖြူဝင်းနေသည့် ပါးမို့မို့နှစ်ဖက်က ကြက်သွေးရောင် ဖြန်းသွားသည်။

"မှန်တာကိုဖွင့်ပြောလို့ ကျေးဇူးတင်ပါတယ် ဆာယာ"

ဆာယာ့လက်ကိုဆွဲခေါ်ရင်း ဂျက်က ပြုံး၍ပြောလိုက်သည်။

▲



www.burmeseclassic.com

www.burmeseclassic.com



[ ၃၄ ]

'ဘာလင်ဟာ အဝိုင်းခံရလုနီးနီး ဖြစ်နေပြီ"

ဗိုလ်မှူးချုပ်ဂရင်းလေးက မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ဝင် ရှစ်ယောက်အ နောက်ဆုံးအကြိမ်အဖြစ် စစ်ဆင်ရေးနှင့် သက်ဆိုင်သမျှကို အနှစ်ချုပ်၍ ရှင်းလင် ပြောပြနေသည်။

ဘာရီဖင်းပေးနေခြင်း။

ညှိခန်းနံရံပေါ်တွင် ဘာလင်မြို့တော် ဗဟိုချက်မနှင့် မြို့စွန်ဒေသများ ကို ထင်ရှားစွာပြထားသည့် မြေပုံကြီးကိုချိတ်လျက်။

မြားအနီစင်းများက ချီတက်လာနေသည့် ရုရှတပ်ဦးများ ရောက်နေသည့် နေရာကို ညွှန်းနေကြသည်။

ရုရှစစ်သူကြီး မာရှယ်ဇူးကော့ဗ်၏ စစ်ကြောင်းကြီးတစ်ကြောင်းက ဘာလင် မြို့တော် အရှေ့ဘက်ဆီသို့ ဦးတည်နေကာ...

အခြားစစ်ကြောင်းကြီးတစ်ကြောင်းက မြောက်ဘက်မှနေ၍ ဘာလင်မြို့သို့ ရှေးရှုဆင်းလာနေပြီး...

တောင်ဘက်မှချီလာသည့် ရုရှဗိုလ်ချုပ်ကြီး ကိုနက်ဗ်၏ စစ်လျင်တပ်များ က မြောက်ဘက်မှဆင်းလာသော စစ်ကြောင်းကြီးနှင့်...

ဘာလင်တွင် စစ်ကြောင်းကြီးသုံးကြောင်းဆိုင်၍ ဆုံမိရန် ၂၄ နာရီ သို့ မဟုတ် ၄၈ နာရီသာ လိုတော့သည်။

"စစ်ဇာတ်ခုံမှာ ဇာတ်စုံခင်းနေတာက ဒီအတိုင်းပဲ"

ဂရင်းလေးက ဆက်၍ရှင်းပြနေသည်။

"ဒီစစ်အခြေအနေက ဒီနေ့ ၁၅:၀၀ နာရီမှာ ကျုပ်တို့သိခဲ့ရတဲ့ အခြေ အနေ"



"ဒီအခြေအနေဟာ မြန်မြန်ထက်ထက်ကြီး ပြောင်းသွားမှာကတော့ သိပ် သေချာတယ်"

"ဒါပေမယ့် ဒီအပြောင်းအလဲဟာ ကျုပ်တို့အဖို့ အခက်အခဲတွေ ပိုလာစေ မယ့် အပြောင်းအလဲဖြစ်သလို ဂျာမန်တွေအတွက်လည်း ဒီအတိုင်းပဲဖြစ်လာမှာပဲ"

"စစ်ရေးအရပြောရရင် ဘာလင်ဟာ ဘဲသေကြီးတစ်ကောင်နဲ့ တူနေတယ်"

"ဘာလင်မြို့ထဲကိုဝင်နိုင်မယ့် ကုန်းလမ်းဆိုလို့ တစ်ခုမှ မရှိတော့ဘူး။ ယကုန်းလမ်းမှ ပွင့်မနေတော့ဘူး"

"ဒီတော့ ဟစ်တလာ့ကိုယ်ရံတော် ယန္တရားတပ် စစ်ဝတ်စုံကို ဝတ်ထား တဲ့ လူတွေအတွက် ကုန်းလမ်းဆို ပိုပြီး မပွင့်တော့ဘူးပေါ့"

ဂရင်းလေးက စုံးဖောက်ခွဲလိုက်သလိုဖြစ်သွားမည့် စကားကို မပြောမီ ခေတ္တမျှ ရပ်ပစ်လိုက်သည်။

ပြီးမှ ဆက်လိုက်၏။

"ဒါကြောင့် ခင်ဗျားတို့ လေကြောင်းကနေပြီး ဘာလင်မြို့ထဲကို ဝင်ရမယ် လို့ ကျုပ် ဆုံးဖြတ်လိုက်တယ်"

စစ်ဆင်ရေးအဖွဲ့သားများကြားတွင် လှုပ်လှုပ်ရှားရှားဖြစ်သည်။ တီးတိုး မှတ်ချက်ချသံများ၊ မေးသံများပေါ်လာ၏။

"ကျုပ်က ဒီလိုဆုံးဖြတ်လိုက်တဲ့အတွက် စစ်ဆင်ရေးအဖွဲ့ဝင်တွေစိတ်ထဲ မှာ ဘယ်လိုခံစားရမယ်ဆိုတာ နားလည်ပါတယ်။

"ဒါပေမယ့် ဒီနည်းအပြင် တခြားနည်းမရှိတော့တဲ့အတွက် ဒီလိုဆုံးဖြတ် လိုက်ရတယ်ဆိုတာ အဖွဲ့ဝင်တွေ သဘောပေါက်စေချင်တယ်"

ဆာယာအပါအဝင် အဖွဲ့ဝင်ရှစ်ယောက်က ဂရုတစိုက် နားထောင်နေ ကြ၏။

"ရုရှတပ်တွေဟာ ဒီလောက်မြန်မြန်ထက်ထက် ချီတက်နိုင်ကြလိမ့်မယ် လို့ ကျုပ်တို့ အထူးစစ်ဆင်ရေးအဖွဲ့ဝင်တွေက ဘယ်သူမှမထင်ခဲ့ကြဘူး"

"နောက်တစ်ချက်ကလည်း ဘာလင်က **လာပါ**လို့ မခေါ်ဘဲနဲ့ ကျုပ်တို့ က ခင်ဗျားတို့အဖွဲ့ကို လွှတ်လို့မဖြစ်ပြန်ဘူး။

"ဒီနေ့မနက်ကျတော့ ဘာလင်က **လာပါ**ဆိုတဲ့ ကြေးနန်းရောက်လာတယ်။

"ဒီတော့ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ဟာ ဘာလင်မြို့ထဲကို နက်ဖြန်ညမှာ လေကြောင်းကနေဝင်ရမယ်။

အမြွှာညီနောင်

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ညဟာ ဧပြီလ ၂၆ ရက်နေ့ည။

"စစ်ဆင်ရေးအဖွဲ့ဟာ ဧပြီလ ၃၀ ရက်နေ့ကို နောက်ဆုံးထားပြီး မေခလာနဲ့အတူ ဘာလင်က ပြန်ထွက်ရမယ်။

"ဧပြီလ ၃၀ ရက်နေ့ဟာ ရုရှတပ်တွေ ဟစ်တလာရဲ့ အဓိပတိရုံးရှိ ဝီးလ်ဟဲန်း လမ်းမကြီးပေါ်မှာ အလံနီလွှင့်ထူမယ့်နေ့ ဖြစ်လိမ့်မယ်လို့ ကျုပ်တို့ ခန့်မှန်းထားကြတယ်။

"ဒီအချက်ကို အဖွဲ့ဝင်တိုင်း စွဲစွဲမြဲမြဲမှတ်ထားကြဖို့လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်မှူးဂျက်နဲ့ ဗိုလ်ကြီးဒမ်ဖာတို့ တစ်ခုခုဖြစ်သွားရင် ကျန်အဖွဲ့ဝင်တွေက ဆက်ပြီး တာဝန်ကိုထမ်းနိုင်အောင်။

"ခင်ဗျားတို့စစ်ဆင်ရေးအဖွဲ့ဟာ မေခလာနဲ့အတူ ဧပြီလ ၃၀ ရက်နေ့ကို နောက်ဆုံးထားပြီး ဘာလင်က ထွက်မလာနိုင်ဘူးဆိုရင် ခင်ဗျားတို့အဖို့ အသက်အပြန်လမ်း ရှိတော့မှာမဟုတ်ဘူး"

ပြောလိုက်သည့်စကားက အဖွဲ့ဝင်တိုင်း၏ နှလုံးသားထဲတွင် စိမ့်ဝင်သွားနိုင်လောက်သည့် အချိန်အထိ ဂရင်းလေးက နှုတ်ဆိတ်နေလိုက်ပြီးမှ...

"ဘာလင်ကို လေကြောင်းကဝင်နိုင်မယ့် လေယာဉ်ကွင်းသုံးကွင်းရှိတယ်၊ ဝင်နိုင်မယ်ဆိုတာကလည်း အခြေအနေပေါ်မှာ မူတည်နေတယ်"

ဂရင်းလေးက မြေပုံကြီးပေါ်တွင် ပွိုင်တာတုတ်ကို ထောက်လိုက်က...

"ဟောဒါက ဂါတိုလေယာဉ်ကွင်း၊ ဘာလင်မြို့ အနောက်ဘက်မှာ ဘာလင်မြို့လယ်နဲ့ဆိုရင် ၁၅ မိုင်လောက်လှမ်းတယ်။

"ဟောဒီဘာလင်မြို့တောင်ဘက်ကတော့ တင်ပဲဟော့ဖ် လေယာဉ်ကွင်း ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ၊ သူက ဂါတိုထက် မြို့နဲ့ပိုနီးတယ်။

"ဟောဒါက...အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်း။

"အရှေ့အနောက်ဝင်ရိုးဟာ စောစောကတော့ ရိုပ်သာလမ်းကျယ်ကြီးပဲ၊ ဒီလမ်းကျယ်ကြီးက ဘာလင်မြို့လယ်ကို ဖြတ်ပြေးနေတဲ့လမ်း။

"ဒီရိုပ်သာလမ်းကျယ်ကြီးက တစ်ဖက်တစ်ချက်မှာရှိတဲ့ လျှပ်စစ်မီးတိုင်တွေ၊ စီတန်းနေတဲ့သစ်ပင်တွေကို ခုတ်လှဲဖြိုချပြီး လေယာဉ်ပြေးလမ်းကြောင်းဖြစ်အောင် မကြာခင် လေး၊ငါးရက်ကမှ ပြောင်းလဲပစ်လိုက်တာ။

"ဒီလေယာဉ်ပြေးလမ်းကြောင်းပေါ်မှာ ဂျာမန်လေယာဉ်တွေ အဆင်းအတက် လုပ်နေတယ်လို့ ကျုပ်တို့ သေသေချာချာ သတင်းရထားပြီးပြီ"





ဂရင်းလေးက အဖွဲ့ဝင်များအား တစ်ချက် အကဲခတ်လိုက်ပြီးမှ စကားဆက်နေပြန်၏။

"လေယာဉ်ကွင်းနှစ်ကွင်းရယ်၊ လေယာဉ်ပြေးလမ်းကြောင်းတစ်ခုရယ် ပေါင်းပြီး လေယာဉ်ကွင်းသုံးကွင်းလို့ပဲ ဆိုကြပါစို့။

"ဒီလေယာဉ်ကွင်းသုံးကွင်းဟာ အနည်းနဲ့အများဆိုသလို အမြောက်နဲ့ဗုံးဒဏ် အထုခံနေရတာချည်းပဲ။

"ဒါပေမယ့် စစ်ဆင်ရေးအဖွဲ့ ဆင်းသက်ရမယ့် လေယာဉ်ကွင်းဟာ တင်ပဲဟော့ဖ်ပဲ ဖြစ်သင့်တယ်လို့ ကျုပ် ယူဆတယ်။

"ဘာဖြစ်လို့လဲဆိုတော့ နက်ဖြန်ည ခင်ဗျားတို့ လေယာဉ်နဲ့ရောက်သွားတဲ့အချိန်မှာ ဂါတိုလေယာဉ်ကွင်းက ရုရှတပ်တွေလက်ထဲ ရောက်နေနိုင်တယ်။

"နောက်တစ်ခါ အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းကို စဉ်းသပ်ကြည့်ကြတဲ့အခါ...

"ဒီလေယာဉ်ပြေးလမ်းကြောင်းဟာ ဘာလင်မြို့လယ်ကောင်မှာ ရှိနေတဲ့အတွက် အဖွဲ့ဝင်တွေကို တင်ဆောင်လာတဲ့ လေယာဉ်ဆင်းသက်လာရင်...

"ဒီလေယာဉ်ဟာ ဂျာမန်လုံခြုံရေးတပ်နဲ့ ဂက်စတာပိုတွေက မျက်စိကျနေမယ့် လေယာဉ်တစ်စီးဖြစ်နေပြီး အစစ်အဆေး အမေးအမြန်းထူနေမှာစိုးလို့ပဲ။

"ခုရက်တွေအတွင်းမှာ ဘာလင်လေယာဉ်ကွင်းတွေကိုဆင်းတဲ့ လေယာဉ်တွေကို သိပ်နည်းတယ်၊ ဆင်းလာတဲ့လေယာဉ်မှာဆိုရင်လည်း ရိက္ခာ၊ ဒါမှမဟုတ် ဆေးဝါးတွေပါလာလေ့ရှိတယ်။

"ဒါတောင်မှ ကောင်းကင်မှာမင်းမူနေတဲ့ ရုရှလေတပ်ကို တစ်နည်းနည်းနဲ့ ရှောက်ထွင်းလာနိုင်မှ ဘာလင်လေယာဉ်ကွင်းတစ်ခုခုကို ရောက်လာနိုင်တာ"

"တင်ပဲဟော့ဖ် လေယာဉ်ကွင်းကနေပြီး အဓိပတိရုံးကို ခပ်မြန်မြန် လျှောက်မယ်ဆိုရင် တစ်နာရီလောက်နဲ့ ရောက်နိုင်တယ်။

"စစ်ဆင်ရေးအဖွဲ့က ယာဉ်တစ်စီးလောက် ရနိုင်အောင် ကြိုးပမ်းလိုက်ရင်တော့ ပိုပြီးမြန်မှာပဲ။

"ဒါပေမယ့် ဘာလင်အနားမှာရှိတဲ့ လေယာဉ်ကွင်းသုံးကွင်းအနက် ဘယ်ကွင်းမှာဆင်းမယ်ဆိုတဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ကိုတော့ အဖွဲ့ဝင်တွေကို တင်ဆောင်သွားတဲ့ လေယာဉ်လေသူရဲက ဆုံးဖြတ်ချက်ပေးလိမ့်မယ်။

ဂရင်းလေး စကားဆုံးလျှင်ဆုံးချင်း ဗိုလ်ကြီးဒမ်ဖာက ထ၍မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တင်ပဲဟော့ဖ်နဲ့ ဂါတိုလေယာဉ်ကွင်းတွေ ရန်သူ့လက်ထဲရောက်ေ အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းကလည်း အမြောက်နဲ့လှမ် တာကို ခံနေရရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း တပ်ခေါက်လာရတော့မှာပေါ့။

"ဒီစစ်ဆင်ရေးဟာ သာမန်စစ်ဆင်ရေး မဟုတ်ဘူးဆိုတာ အဖွဲ့ဝင်အာ သတိထားဖို့လိုတယ်။

"အမိကဦးတည်ချက်ကို အပြောင်းအလဲလုပ်လို့မရဘူး၊ ဘယ်ကွင်းမှ လေယာဉ်ဆင်းလို့မရဘူးဆိုရင် စစ်ဆင်ရေးကလည်း အဲဒီမှာတင် ရပ်တန် ရပ်သွားပြီ"

"လေထီးနဲ့ဆင်းရင် မဖြစ်ဘူးလား"

ဗိုလ်မှူးဖိုဒါက အကြံပေးလိုက်၏။

ဂရင်းလေးက ခေါင်းခါလိုက်ပြီး...

"တကယ်လက်တွေ့မှာ ဖြစ်နိုင်စရာမရှိဘူး၊ လေထီးနဲ့ဆင်းမယ့်ကိစ္စ ကျုပ်တို့ ဂရုတစိုက် သုံးသပ်ကြည့်ပြီးပြီ။

"စစ်ဆင်ရေးအဖွဲ့ဝင်အားလုံး လေထီးနဲ့ဆင်းဖူးသူတွေဖြစ်လို့ ဒီကိစ္စ ကျုပ်တို့ သုံးသပ်ကြည့်ခဲ့ကြတယ်။

"ဘာလင်မြို့ပေါ်ကို လေထီးနဲ့ဆင်းလာတဲ့ အဖွဲ့ဝင်ရှစ်ယောက်ကို အော က ဂျာမန်မြို့စောင့်တပ်သားတွေက ဘယ်လိုထင်မလဲ၊ ရုရှတွေလို့ပဲထင်မ ဒီတော့ မြေပြင်မရောက်ခင် ခင်ဗျားတို့ အသက်ပျောက်ပြီး ဖြစ်နေကြလိမ့်မယ်

"ဒီတော့ လေယာဉ်နဲ့ ဘယ်ကွင်းကိုမှ မဆင်းနိုင်ဘူးဆိုရင် ခင်ဗျား စစ်ဆင်ရေးကို ပြန်ခေါက်ဖို့ပဲရှိတယ်"

"သိပ်ကောင်းတာပေါ့ခင်ဗျာ"

ဒုတပ်ကြပ် မက်ကလင်းက မှတ်ချက်ပေးလိုက်၏။

အဖွဲ့ဝင်အားလုံးက သဘောကျသွားပြီး ရယ်လိုက်ကြသည်။

ဂရင်းလေးက အဖွဲ့ဝင်များနှင့်အတူ ရယ်လိုက်ပြီး...

"ကျုပ်ကလည်း ခင်ဗျားတို့အခြေအနေမျိုးမှာ ရောက်နေရင် ခင်ဗျား လိုပဲ ခံစားမိမှာပါ"

ဗိုလ်မှူးဂျက်က...

"ကျွန်တော်တို့ကို တင်ခေါ်သွားမယ့်လေယာဉ်က ဂျာမန်လေယာဉ်တစ်





ဖြင့်ရမှာပဲ"

"ဟုတ်တယ်၊ ဂျန်ကား ၅၂ လေယာဉ်အမျိုးအစား၊ အလျင်တုန်းကတော့ ယန်အင်နီလို့ခေါ်တဲ့ ဂျာမန်လေယာဉ်မျိုးပဲ။

"ကျုပ်တို့ဘက်က ဒီဂျန်ကားလေယာဉ်အချို့ကို အပျက်အစီးမရှိဘဲ ပကတိ ကောင်းအတိုင်း ဖမ်းမိထားတာရှိတယ်။

"ဂျန်ကား ၅၂ လေယာဉ်တစ်စီးက ခင်ဗျားတို့ကို တင်ဆောင်သွားဖို့ ာလန်နိုင်ငံ အိန့်ဟိုဗင်လေယာဉ်ကွင်းမှာ အသင့်ရှိနေပြီးပြီ။

"ဒီလေယာဉ်ကွင်းဟာ ဘာလင်နဲ့ လေကြောင်း မိုင် ၃၅၀ လောက်ပဲ ေတယ်၊ ပုံမှန်အတိုင်းပျံရင် နှစ်နာရီလောက်ပဲ ပျံရမယ်။

"ဒီဂျာမန်လေယာဉ်က မိုင် ၉၃၀ ကို တစ်ဆက်တည်းပျံနိုင်စွမ်းရှိတယ်။ ျုပ်တို့က ဒါထက်တိုးပြီး ပျံနိုင်အောင် ဓာတ်ဆီတိုင်ကီအသစ်တစ်လုံး ထပ် ည့်ထားသေးတယ်။

"တိုင်ကီအပိုတစ်လုံးပါလာတော့ နောက်ထပ် မိုင်နှစ်ရာလောက် ပိုပျံနိုင် း လမ်းမှာ ကွေ့ကောက် တိမ်းရှောင်ပြီးသွားနေရလို့ ကုန်မယ့်ဓာတ်ဆီအပြင် ေယာဉ်အဖွဲ့သားတွေ အပြန်ခရီးအတွက်ပါ ကျုပ်တို့ ထည့်စဉ်းစားပြီး လုပ် ား‌တာ"

ဤတွင် ဗိုလ်ဂျိဖက်က...

"တိုက်လေယာဉ်တွေနဲ့ အန္တရာယ်ကကော၊ ကျွန်တော်တို့ဘက်က တိုက် လယာဉ်တွေကို ပြောတာပါ၊ တစ်စီးတည်းပျံလာတဲ့ ဂျာမန် ဂျန်ကား ၅၂ ို မြင်ရရင် ကျွန်တော်တို့ မဟာမိတ်တိုက်လေယာဉ်တွေက ဝင်ပြီး ခလုတ် ှိက်သွားမယ့် အန္တရာယ်ရှိနေတယ်"

"ဒီမေးခွန်းက မေးသင့်တဲ့မေးခွန်းပဲ"

ဂရင်းလေးက ပြုံးလိုက်ပြီးမှ ရှင်းပြလိုက်သည်။

"အာအေအက်ဖ် ဘုရင့်လေတပ်မတော်နဲ့ ယူအက်စ်အေအေအက်ဖ် အမေရိကန် ြည်ထောင်စု လေတပ်မတော်တို့ ကျုပ်တို့ ဘယ်နေ့ဘယ်အချိန် ဘာလေယာဉ်နဲ့ ယ်နေရာကိုခရီးထွက်မယ်ဆိုတာ ကြိုတင်သတင်းပို့ထားပြီး ရုံမက...

"သက်ဆိုင်ရာတိုက်လေယာဉ်တွေက ဂျန်ကား ၅၂ ကို ဘယ်လိုအန္တရာယ် ျိုးမှ မပေးရအောင်လည်း စီစဉ်ပြီးနေပြီ။

"ဒါပေမယ့် ကျုပ်တို့က ရုရှတွေကိုတော့ ဘာမှပြောထားလို့မဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုးမှာ ရှိနေတယ်။

"ဒီတော့ အဲလ်ဘ် Elbe မြစ်ကို ခင်ဗျားတို့လေယာဉ် ကျော်မိတာ ရုရှဘက်က လေကြောင်းအန္တရာယ်နဲ့ တွေ့နိုင်တယ်။

"ဒါပေမယ့် ခင်ဗျားတို့ဟာ ညအချိန်မှာ ခရီးထွက်ရမှာဖြစ်တော့ အန္တရာယ်ကတော့ များများမတွေ့နိုင်ဘူးလို့ ယူဆထားတယ်။

"ခင်ဗျားတို့ ဘာလင်မြို့နား နီးလာလေ လေကြောင်းအန္တရာယ်က မ ဝေးလေ ဖြစ်လာမယ်။

"ဘာကြောင့်လဲဆိုတော့ ရုရှမြေပြင်တပ်တွေက ဘာလင်နဲ့ကပ်နေ ရုရှလေတပ်က ဘာလင်ကို လေကြောင်းက အန္တရာယ်ပေးလို့မဖြစ်နိုင်တော့ဘူး မဟုတ်လား။

"ဒါပေမယ့် ဘာလင်ကို လေယာဉ်နဲ့အဝင်ဟာ နွားနို့ပို့သမား နွား လာပို့သလို လွယ်မယ်တော့ မထင်နဲ့။

"လေယာဉ်ကွင်းတစ်ကွင်းကွင်းမှာ ကျုပ်တို့လေယာဉ်ဆင်းနိုင်အောင် ကျ တို့ အတော်ဆုံး၊ အကျွမ်းကျင်ဆုံး၊ သတ္တိအရှိဆုံး လေသူရဲတစ်ဦးနဲ့ တွဲဖ လေသူရဲတစ်ဦးကို ဘုရင့်လေတပ်မတော်က ရွေးပြီး တာဝန်ပေးထားတယ်

"စစ်ဆင်ရေးအဖွဲ့ဝင်တွေမှာ ခက်ခဲတဲ့တာဝန်တွေရှိသလို လေသူရဲ မှာလည်း ခက်ခဲတဲ့တာဝန်တွေ ရှိနေတယ်ဆိုတာ မမေ့မထားကြနဲ့။

"စစ်တလင်းဖြစ်နေတဲ့ ဘာလင်လေယာဉ်ကွင်းတစ်ကွင်းမှာ လေယာ ဆင်းနိုင်အောင် ကြိုးပမ်းရသလို လေယာဉ်ကွင်းက ပြန်တက်ဖို့ကိုလည်း သူ ကြိုးစားရဦးမယ်။

"အဆင်းမှာ လွယ်တယ်ပဲထားဦး၊ ပြန်အတက်ကတော့ ဆယ်ဆမ ခက်လိမ့်မယ်"

ဗိုလ်မှူးဂျက်က ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။

သူနှင့်တကွ အဖွဲ့ဝင်တိုင်းသိချင်နေသည့် မေးခွန်းကိုမေးရန် ထလိုက် ခြင်း။

အဖွဲ့ဝင်များက ဂျက်၏မျက်နှာကို မျှော်လင့်တကြီး မော့ကြည့်လျက်...

▲



[ ၃၅ ]

"ဗိုလ်ချုပ်ခင်ဗျား..."

ဂျက်က နိဒါန်းပျိုးလိုက်သည်။

"လေယာဉ်ကွင်းသုံးကွင်းအနက် တစ်ကွင်းကွင်းမှာ ကျွန်တော်တို့စစ်ဆင် အဖွဲ့ ဆင်းနိုင်တယ်လို့ ထားပါတော့...

"နောက်ပြီး ဗိုလ်ချုပ်တို့နဲ့ အပေးအယူလုပ်နေတဲ့ မေခလာဆိုတဲ့လူကို ည်း တွေ့ထားပြီထားပါတော့...

"ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ဘာလင်မြို့ထဲက ထွက်နိုင်မလဲ။

"ခုချိန်မှာတောင် ရုရှတပ်တွေက ဘာလင်တံခါးဝကို ရောက်နေပြီလို့ တင်းရထားရင် ကျွန်တော်တို့ပြန်ထွက်ရမယ့်အချိန်မှာ ရုရှတပ်တွေ ဘာလင် ကို ဝင်စီးပြီးဖြစ်နေရုံမက...

"ထွက်ပေါက်ဆိုလို့ တစ်ပေါက်မှမရှိအောင် ဘာလင်တစ်မြို့လုံးကို လေး တ် လေးတန်က ဝိုင်းဝန်းပိတ်ဆို့ပြီးသား ဖြစ်နေမယ်ဆိုတာ ယုံမှားစရာ ရှိတော့ပါဘူး။

"ဒီလိုဖြစ်နေတဲ့အခြေအနေမှာ ကျွန်တော်တို့က မေခလာဆိုတဲ့လူကိုပါ ပါခေါ်ပြီး ဧပြီလ ၃၀ ရက်နေ့ကို နောက်ဆုံးထားပြီး ထွက်လာရမယ်ဆိုတာ ယ်လိုလုပ်ပြီး ဖြစ်လာနိုင်မှာလဲ"

ဂျင်းလေးက ထိုင်ရာမှထလိုက်ပြီး စစ်ဆင်ရေးအဖွဲ့ဝင်များအား တစ်ဦးစီ ည့်၍ကြည့်လိုက်သည်။

ပြီးမှ လေးနက်တည်ငြိမ်သောအသံဖြင့် အဖြေပေးလိုက်၏။

"ဘယ်လိုလုပ်ပြီးထွက်ရမယ်ဆိုတာ ကျုပ်လည်းမသိဘူး"

ဗိုလ်မှူးချုပ်အဖြေကြောင့် စစ်ဆင်ရေးအဖွဲ့ဝင်အားလုံး၏ မျက်နှာပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဝေသည့်လက္ခဏာများ အထင်းသားပေါ်လာသည်။

"ဘာလင်ကိုဝင်ဖို့တော့ စီစဉ်ပေးနိုင်တယ်၊ ထွက်ဖို့အခါကျတော့ ဘ
လုပ် ထွက်ရမှန်း မသိဘူးတဲ့"

အဖွဲ့ဝင်အားလုံး၏စိတ်တွင် တစ်ပုံစံတည်းပင် တွေးထင်နေကြဟန်
သည်။

ဗိုလ်မှူးချုပ်က အခြေအနေကို အကဲခတ်လိုက်ပြီးမှ စကားဆက်
သည်။

"ဘာလင်ကနေပြီး ဘယ်လိုလုပ်ထွက်ရမယ်ဆိုတာ မေခလာတစ်ယေ
တည်းပဲ သိတယ်။

"ဒါပေမယ့် ထွက်ပေါက် ဘယ်လိုစီစဉ်ထားတယ်ဆိုတာ မေခလ
သူ့ခေါင်းထဲမှာပဲ ဝှက်ထားတယ်၊ ဒါကလည်း သူ့လုံခြုံရေးအတွက် သူ့လျှ
ချက် ဖြစ်နေတော့ ကျုပ်တို့ကမေးလို့လည်း မသင့်တော်ဘူး။

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့လွှတ်လိုက်တဲ့ စစ်ဆင်ရေးအဖွဲ့
သူ့ဆီက အဖိုးတန်တဲ့ စာရွက်စာတမ်းတွေကို သူ့ကိုသတ်ပြီး ယူသွားမှာစိုး

"ဒါကြောင့် မေခလာက ထွက်ပေါက် ဘယ်လိုစီစဉ်ထားတယ်ဆို
ဘယ်သူ့မှ အသိမပေးဘဲထားတာ ဖြစ်နိုင်တယ်။

"တကယ်လို့ ကျုပ်တို့လွှတ်လိုက်တဲ့ စစ်ဆင်ရေးအဖွဲ့ သူ့ဆီကို ရော
မလာရင် သူက သူ့ဟာသူစီစဉ်ထားတဲ့ ထွက်ပေါက်က ပြေးလာမှာ အမှ

"ဒါပေမယ့် အကူအညီမပါနဲ့တော့ သူ့တစ်ယောက်တည်းရဲ့ စွန့်စား
ဟာ အန္တရာယ်ကင်းအောင် မစောင့်ရှောက်နိုင်ဘူးဆိုရင် ဒီလိုစောင့်ရှောက်
နေရာမှာလည်း ခင်ဗျားတို့က မေခလာရဲ့လုံခြုံရေးကို ခင်ဗျားတို့ အသက်
တန် ပေးပြီး စောင့်ရှောက်ရလိမ့်မယ်။

"ဒီလို သူ့ကို အန္တရာယ်ကင်းအောင် မစောင့်ရှောက်နိုင်ရင် ခင်ဗျာ
ဟာ ကိုယ့်အိမ်ကို ပြန်ရောက်မှာမဟုတ်ဘူး။

"မေခလာဟာ ပါးလည်းပါးတယ်၊ နပ်လည်းနပ်တယ်၊ သတိလ
အထူးရှိတယ်ဆိုတာ အဖွဲ့ဝင်တွေ သိထားဖို့လိုတယ်။

"ခင်ဗျားတို့စစ်ဆင်ရေးအဖွဲ့ဝင်တွေလည်း မေခလာလို အခြေအနေ
ရင်ဆိုင်နေရရင် မေခလာလုပ်သလိုပဲ လုပ်မယ်၊ ကျုပ်လည်း မေခလာလုပ်သ
လိုက်လုပ်လိမ့်မယ်"





ဤတွင် ဗိုလ်မှူးဗိုဒါက ခရစ်တော်အား တ,လိုက်ပြီး ထိုင်ရာမှမထဘဲ
ည်းညည်းညူညူ စကားဆိုလိုက်သည်။

"ဒီအတိုင်းဆိုရင်တော့ ကျုပ်တို့က ခံဘက်ချည်းပဲ၊ ဒီငရဲသား ကြိုးစင်
င်မခံရအောင်လည်း ကျုပ်တို့က ကယ်ရဦးမယ်၊ ဘာလင်ကအထွက်မှာလည်း
ကိုယ့်ပြီး ပုံအပ်ရဦးမယ်တဲ့"

"ဟုတ်တယ်၊ ဗိုလ်မှူးပြောတဲ့အတိုင်းပဲ"

ဂရင်းလေးက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်ပြီးမှ…

"ဒီစစ်ဆင်ရေးဟာ ဘယ်စစ်ဆင်ရေးနဲ့မှ မတူဘူးဆိုတာ အဖွဲ့ဝင်တွေ
ထူးသတိထားစေချင်တယ်။

"သူက ဘာလင်ကထွက်မလာဘူးဆိုရင် သူဟာ လူသေတစ်ယောက်
နေပြီးသားပဲ၊ ခင်ဗျားတို့က သူ့ကို ဘာလင်ကထွက်လာနိုင်အောင် မလုပ်ပေး
ဘူးဆိုရင်လည်း သူဟာ လူသေတစ်ယောက်ဖြစ်နေဦးမှာပဲ"

ဂရင်းလေးက နံရံပေါ်မှ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။ ပြီးမှ
ကားဆက်လိုက်၏။

"စစ်ဆင်ရေးအဖွဲ့ဝင်တွေကို လန်ဒန်ကိုခေါ်သွားမယ့်ကားတွေ မကြာခင်
ရောက်လာတော့မယ်။

"ဒီတော့ ဒီဘရီဖင်းမှာ ဆာယာကလည်း ရှင်းပြချင်တဲ့အချက်တွေ ရှင်းပြဖို့
ိသေးတယ်။

"ဒီစစ်ဆင်ရေးမှာ ဆာယာက ဆက်သားအဖြစ်ပါလာတာဟာ ဝန်ထုပ်
န်ပိုးတစ်ခု ဖြစ်မနေဘူးဆိုတဲ့ အချက်ကိုတော့ ဆာယာက ဗိုလ်မှူးဂျက်ကို
သက်ာကင်းအောင် ရှင်းပြပြီးပြီလို့ ယူဆရတယ်။

"နောက်ပြီး ဆာယာ ဆက်သားအဖြစ်လိုက်လာတာကို ဗိုလ်မှူးဗိုဒါက
လည်း အဓိပတိရုံး အပေါ်ထပ်အထိ လိုက်ပို့ချင်တဲ့စေတနာတွေ ရှိနေတယ်
ဆိုတာ ဗိုဒါ့မျက်နှာပေါ်မှာ ပေါ်လွင်နေတယ်။

"ဒါပေမယ့် သူတို့နှစ်ယောက်က စစ်ဆင်ရေးအဖွဲ့မှာ လူနည်းစုသာ
ဖြစ်နေသေးတဲ့အတွက် ကျန်တဲ့အဖွဲ့သားတွေကို ရှင်းပြဖို့တာဝန် ဆာယာ့မှာ
ရှိနေသေးတယ်"

ဂရင်းလေးက အချက်ပြလိုက်သဖြင့် ဆာယာက ထိုင်နေရာမှ ထ၍
ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါရောင်မိုးကာအင်္ကျီကို ဆာယာက ချွတ်ထားပြီးသား။

အောက်ခံ သက္ကလတ်နရှုပ်အင်္ကျီနှင့် အပေါ်မှ ဆွယ်တာထူထူက ဆာယာ၏ ကိုယ်ခန္ဓာအချိုးအစားကို ဖုံးကွယ်၍မထားနိုင်။

ဖွံ့သောရင်၊ ကျဉ်းသောခါး၊ ကားသည့်တင်က ထူးထူးခြားခြား ပေါ်လွင်နေ၏။

ဆာယာက ခါးတွင်ဝတ်ထားသည့်စကတ်ကို သပ်သပ်ရပ်ရပ်ရှိအောင် ကိုယ်ခန္ဓာအထက်ပိုင်းကို ကိုင်းလျက် လက်ဖြင့်ပွတ်သပ်နေသည်။

ဒါဇင်ဝက်နှင့် တစ်ယောက် စာရင်းပေါက်သည့် ပုရိသခုနစ်ယောက်၏ ခုနစ်စုံသောမျက်လုံးများက ဆာယာ့လှုပ်ရှားမှုတိုင်းကို တကောက်ကောက်လိုက်လျက်။

ဂရင်းလေးက စစ်ဆင်ရေးအဖွဲ့သားများ၏ အမူအရာကို မသိမသာ အကဲခတ်လိုက်ရင်း တစ်ကိုယ်တည်း ကျိတ်၍ပြုံးနေမိသည်။

ဆာယာက ဤသို့သော မာယာကိုသုံးနေခြင်းမှာ ဘာကြောင့်ဟု ဂရင်းလေးက နားလည်ပြီးသား။

"စစ်ဆင်ရေးက အစီအစဉ်ချပေးထားတဲ့ ဆာယာ့တာဝန်က ယောဒိကအစ်ကိုတွေ၊ မောင်တွေ ထမ်းရွက်ရမယ့် တာဝန်တွေနဲ့ယှဉ်လိုက်ရင် အင်မတန်လွယ်ကူလှပါတယ်ရှင့်"

ဆာယာက ကိုယ်ကို မတ်မတ်ရပ်၊ မျက်နှာကို တည်တည်ထားထားသော်လည်း နှုတ်ခမ်းအစုံကမူ ပြုံးပန်းဖူးပွင့်လျက်။

"ဆာယာထမ်းရွက်ရမယ့် တာဝန်ဟာ လွယ်ကူတာနဲ့အမျှ လုပ်ရမယ့်အလုပ်ကလည်း အင်မတန်မှ နည်းပါတယ်။

"ဒါပေမယ့် ဗိုလ်ချုပ်ဂရင်းလေး စောစောကရှင်းပြခဲ့သလို မတော်တဆ ဆာယာ တစ်ခုခုဖြစ်သွားရင်..."

ဆာယာ့စကား အဆုံးမသတ်မီ အဖွဲ့ဝင်ပုရိသများထံမှ ဆုတောင်းသံတစ်ပြိုင်နက်ထွက်လာ၏။

"ထာဝရဘုရားရှင် မ,လို့ ဆာယာ ဘာမှမဖြစ်ပါစေနဲ့"

ဆာယာက ဦးခေါင်းကိုညွှတ်၍ အရိုအသေပေးလိုက်ကာ အဖွဲ့ဝင်များ၏ ဆုတောင်းမှုကို အသိအမှတ်ပြုလိုက်သည်။

"ဒါကြောင့် ဆာယာက ယခုလိုရှင်းပြနေရခြင်း ဖြစ်ပါတယ်"





အဖွဲ့ဝင်များက ငြိမ်၍ နားထောင်နေကြသည်။

"ဗိုလ်မှူးဂျက်နဲ့ ဗိုလ်မှူးဖိုဒါတို့နှစ်ယောက် ပြောသွားခဲ့သလို ဆာယာဟာ အစ်ကိုတို့စစ်ဆင်ရေးအဖွဲ့မှာ စခန်းထိန်းသိမ်းတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ လိုက်ပါလာမှာ ဖြစ်ပါတယ်။

"ဒီလိုလိုက်ပါလာရင်း ဆာယာကိုယ်တိုင် မေခလာကိုပေးဖို့ စာရွက်စာတမ်းတွေကိုလည်း ဆာယာနဲ့အတူ ယူဆောင်လာမှာဖြစ်ပါတယ်။

"ဒီစာရွက်စာတမ်းတွေက မေခလာဆိုတဲ့လူကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်လို့ ကတိပြုတဲ့ စာရွက်စာတမ်းတွေပါ။

"ဒီစာရွက်စာတမ်းတွေဟာ အထူးစစ်ဆင်ရေးအဖွဲ့က ဆာယာ့ကို အပ်နှံလိုက်တဲ့အတိုင်း တံဆိပ်မပျက်၊ ချိပ်မပျက် နဂိုအတိုင်း ရှိနေရပါ့မယ်။

"ဒီစာရွက်စာတမ်းတွေဟာ ရန်သူ့လက်ထဲကို မဆိုထားနဲ့၊ ဆာယာတို့အဖွဲ့ဝင်တွေရဲ့ လက်ထဲကိုတောင် ဆာယာ တစ်ခုခုမဖြစ်ပဲနဲ့ ရောက်မသွားအောင် ထိန်းသိမ်းဖို့က ဆာယာ့တာဝန်ဖြစ်သလို...

"လုံခြုံမှုပေးဖို့က အစ်ကိုတို့တာဝန်ဖြစ်ပါတယ်။

"ဆာယာဆောင်ရွက်ရမှာက ဒီစာရွက်စာတမ်းတွေကို မေခလာဆိုတဲ့လူရဲ့လက်ထဲအရောက် ကိုယ်တိုင်ပေးပို့ရင်း မေခလာဆိုတာ ဘယ်သူဆိုတာကိုလည်း အမှန်ကန်ကန် ဝေဖန်အကဲခတ် ဆုံးဖြတ်ပေးရမှာ ဖြစ်ပါတယ်ရှင့်။

"ဒါပေမယ့် အခက်အခဲရှိနေတာက အစ်ကိုတို့လိုပဲ မေခလာဆိုတာ ဘယ်သူဆိုတာ ဆာယာကိုယ်တိုင် မသိသေးတဲ့ အချက်ပါပဲ"

စစ်ဆင်ရေးအဖွဲ့ဝင် တစ်ယောက်,နှစ်ယောက်၏ မျက်နှာပေါ်တွင် ဝေခွဲမရသည့် လက္ခဏာကို ဆာယာက သတိထားလိုက်မိသည်။

ထို့ကြောင့် ဆာယာက...

"ဆာယာပြောလိုက်တဲ့စကားဟာ အမြီးအမောက်မတည့်ဘူးလို့ အစ်ကိုတို့အထဲက အချို့က ထင်ချင်ထင်နေကြပါလိမ့်မယ်။

"ဒါပေမယ့် ဒီလိုမထင်ကြပါနဲ့လို့ မေတ္တာရပ်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေခလာဆိုတာ ဘယ်လိုပုံပန်းရှိပြီး ဘယ်လောက် အသက်အရွယ်နဲ့ ဘာရာထူးကို ထမ်းဆောင်နေတယ်ဆိုတာ...

"ဆာယာတို့ စစ်ဆင်ရေးအဖွဲ့ဝင်တွေထဲမှာက ဘယ်သူ့ကိုမှ အသိပေးထားလို့ပါပဲ။ ဒီလိုအသိပေးမထားတာကလည်း လုံခြုံရေးအတွက်ကြောင့်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်တိုင်း နားလည်ကြပါတယ်။

"သိထားတာ နည်းနိုင်သမျှ နည်းလေလေ၊ ဆာယာတို့က ထုတ်ပြော တာ နည်းလေလေပဲမဟုတ်လား။

"ဒါပေမယ့် အစ်ကိုတို့ကို ဆာယာ တစ်ခုတော့တင်ပြချင်ပါတယ်၊ ဆ ယာဟာ ကုန်ခဲ့တဲ့နှစ်နှစ်လောက်အတွင်းမှာ ဟစ်တလာရဲ့ နာဇီမြို့တော် ဘာလ မှာ ခြေရာချင်းထပ်အောင် နေရာတိုင်းလိုလိုကို ပေါက်ရောက်နေခဲ့သူတစ်ယော ဖြစ်နေခဲ့တော့...

"ဂျာမန်နိုင်ငံရဲ့ ထိပ်သီး နာဇီပါတီဝင်တွေနဲ့ နာဇီအစိုးရထိပ်သီးကြီးေ နာဇီစစ်ဘက်ထိပ်တန်းအရာရှိကြီးတွေကို လေ့လာခွင့် သိခွင့်ရခဲ့ပါတယ်။

"ဒါကြောင့် မေခလာဆိုတဲ့ နာမည်ဝှက်နဲ့လူကြီးကို ဆာယာတွေ့လို ရတာနဲ့ တစ်ပြိုင်နက် ဘယ်သူဆိုတာ သိနိုင်စွမ်းတဲ့အရည်အချင်းတော့ ဆာယ က ပိုင်ဆိုင်ထားပါတယ်။

"ဒါတင်မက မေခလာဆိုတဲ့လူကြီးရဲ့ လက်ထဲမှာ ဘယ်လောက် အ တန်တဲ့ လျှို့ဝှက်စာရွက်စာတမ်းတွေ ရှိနေတယ်ဆိုတာလည်း မေခလာရဲ့ နိ ရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး အဆင့်အတန်းတစ်ခုခုကိုသိရုံနဲ့ ဆာယာမှာ ဆုံးဖြ နိုင်တဲ့အရည်အသွေး ရှိပါတယ်။

"မေခလာဆိုတဲ့လူကြီးဟာ ဆာယာတို့တွေးထင်ထားတဲ့အတိုင်း ထိပ် တစ်ယောက် မဟုတ်ဘဲ တတိယအဆင့်လောက်သာ ရှိနေတဲ့လူဆိုရင်ေ ဆာယာတို့နဲ့ အထူးစစ်ဆင်ရေးအဖွဲ့ဟာ ဘာမဟုတ်တဲ့လူလက်ထဲမှာ အနှ ရပြီလို့ တွက်ရတော့မှာပါပဲ"

အဖွဲ့ဝင်အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြ၏။

ဆာယာက အဖွဲ့ဝင်အားလုံးထံ တစ်လှည့်စီ မျက်လုံးဝင့်၍ ကစားလို ပြီး...

"ဆာယာမှာ ဆာယာ့အတွက်ရော၊ မေခလာအတွက်ပါ အရေးကြီး စာရွက်စာတမ်းတွေ ယူဆောင်သွားမှာဖြစ်သလို၊ အသံလွှင့်၊ အသံဖမ်းလို့ရ ရေဒီယိုလွှင့် ဖမ်းစက်ကလေး တစ်လုံးကိုလည်း ဆောင်ယူခဲ့မှာဖြစ်ပါတယ်

"ဒီရေဒီယိုလွှင့်,ဖမ်းစက်ကလေးက စီးကရက်ဘူးလောက်သာရှိပြီး ကရက်ဘူးနဲ့လည်း တူအောင်ဖန်တီးပေးထားခဲ့ကြပါတယ်။

"ဒီရေဒီယိုလွှင့်,ဖမ်းစက်ကလေးကို ကြိုတင်သတ်မှတ်ထားတဲ့အတိုင်း လို





ကနေပြီး လွှင့်,ဖမ်းလို့ရပါတယ်။ ဒါကြောင့် ကြိုတင်စီစဉ်ထားတဲ့ သင်္ကေတ ားဝှက်တွေကို သတ်မှတ်ထားတဲ့အချိန်မှာ အဆက်မပြတ်လွှင့်လို့ ဖမ်းလို့ ပါတယ်။

"ဆာယာတို့ ဘာလင်မြေပေါ်ကို ခြေချမိတာနဲ့ တစ်ပြိုင်နက် ဆာယာ ရေဒီယိုလွှင့်,ဖမ်းစက်နဲ့ သက်ဆိုင်ရာစခန်းကို အသံလွှင့် သတင်းပို့လိုက် မယ်။

"ဒီလိုသတင်းပို့ပြီးလို့ ၁၂ နာရီတိတိအကြာမှာ ဆာယာတို့အဖွဲ့ကို ဘာလင် ရဲ့ ဘရင်ဒင်ဘာဂ်မြို့တံခါးကြီးရဲ့ မြောက်ဘက်...

"ကလော့တန်ဘာဂ်လမ်းနဲ့ လင်ဒန်လမ်းဆုံမှာ မေခလာရဲ့လူယုံတော် တစ် ယောက်က လာတွေ့ပါလိမ့်မယ်။

"ဘာဖြစ်လို့ ၁၂ နာရီကြာပြီးမှ လာတွေ့မယ်ဆိုတာကိုတော့ ဆာယာ သည်း ရှင်းမပြတတ်ဘူး။

"မေခလာရဲ့ညွှန်ကြားချက်ထဲမှာ ဆာယာတို့ဆီက ဘာလင်ကိုရောက်လာ ီး ရေဒီယိုလွှင့်,ဖမ်းစက်နဲ့ သတင်းပို့ပြီးတာနဲ့ ၁၂ နာရီအကြာ တစ်မိနစ်မှ သည်းမလို၊ တစ်မိနစ်မှလည်း မပိုတဲ့အချိန်လို့ တိတိကျကျ ဖော်ပြထားပါတယ်"

ဆာယာက ရှင်းပြချက်ကိုအဆုံးသတ်တော့မည်ဟု ဟန်ပြင်လိုက်ပြီးမှ ရင်းလေးဘက်သို့ လှည့်မေးလိုက်သည်။

"ဘာများရှင်းပြစရာကျန်သေးလဲ ဗိုလ်ချုပ်"

"စကားဝှက်အကြောင်းလေ"

ဂရင်းလေးက တိုတိုပင်ပြောလိုက်၏။

"သြော်...ဟုတ်သားပဲ၊ စကားဝှက်အကြောင်း ပြောပြဖို့ ကျန်နေသေး တယ်။

"ခုနက အစီရင်ခံခဲ့တဲ့အတိုင်း မေခလာရဲ့လူယုံတော်က ဆာယာတို့အဖွဲ့ ကို ကြိုတင်ချိန်းဆိုထားတဲ့နေရာမှာ လာတွေ့မယ်။

"ဒီလိုလာတွေ့တဲ့အခါ ဒီလူယုံတော်က စ,ပြီး ဆာယာတို့အဖွဲ့ကို နှုတ် ဆက်ရမယ်၊ ဆာယာတို့အဖွဲ့မှာ လူဘယ်နှစ်ယောက်ပါပြီး ဘယ်လိုဝတ်စုံနဲ့ လာမယ်၊ ဘာအမှတ်အသားလုပ်ထားမယ်ဆိုတာလည်း လူယုံတော်က သိပြီးသား ဖြစ် ... ယ်။

"ဒီလူယုံတော်က ဆာယာတို့အဖွဲ့ကို **မြင်းကုန်ကူး**ဆိုတဲ့ စကားဝှက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စ,ပြီး နှုတ်ဆက်ရမယ်။

"ဒီတော့မှ ဆာယာတို့က ထပ်ဆင့်စကားဝှက်ဖြစ်တဲ့ **မာကျူရီဆိုတဲ့စကား** နဲ့ ပြန်နှုတ်ဆက်ရမယ်။

"မေးစရာရှိရင် မေးနိုင်ပါတယ်ရှင်"

ဆာယာက အပြုံးဖြင့်ဖိတ်ခေါ်ကာ ထိုင်လိုက်သည်။

ဒုတပ်ကြပ်မက်ကလင်းက ထိုင်ရာမှ ထရပ်လိုက်ပြီး...

"ညီမလေးဆာယာ ရှင်းလင်းတင်ပြသွားတဲ့ အချက်တွေထဲမှာ မရှင်းတဲ့ အချက်တစ်ချက် တွေ့ရပါတယ်။

"ဒီအချက်က ဘာလဲဆိုတော့ ဆာယာတစ်ခုခုဖြစ်သွားခဲ့ရင် ဆိုတာမှာ တကယ်ပဲ ဆာယာ တစ်ခုခုဖြစ်သွားပြီဆိုတော့ ကျွန်တော်တို့က မခ... ဘယ်သူဆိုတာ ဘယ်လိုလုပ် သိနိုင်တော့မှာလဲ။

"ကျွန်တော်တို့အဖွဲ့ကို ပုံမှားရိုက်ပြီး အငိုက်ဖမ်းမယ့် နာဇီတစ်ယောက် ယောက်ပေါ်လာရင် ဘယ့်နှယ်လုပ်မလဲ"

ဆာယာက ထိုင်ရာမှထလိုက်သည်။

"မေးသင့်တဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဖြေရမယ်ဆိုရင် တော့ ဆာယာ တစ်ခုခုဖြစ်သွားရင် မခလာအစစ် ဟုတ်,မဟုတ် အကဲဖြတ်ဖို့ ဆိုတာ မလွယ်တော့ပါဘူး။ ဒီတော့ အကြံပေးချင်တာက ဆာယာ ဘာမှမဖြစ် အောင် အစ်ကိုတို့တစ်တွေက ဝိုင်းဝန်းစောင့်ရှောက်ကြဖို့ပဲ ဖြစ်ပါတယ်။

"နောက်ထပ်မေးစရာများ ရှိပါသေးသလားရှင်"

ဗိုလ်မှူးပိုဒါက ထိုင်ရာမှမထဘဲ...

"စခန်းထိန်းသိမ်းတဲ့ ရဲဘော်အဖြစ်နဲ့လိုက်ပါမယ့် ဆာယာက အစ်ကိုတို့ ညနေစာအတွက် ဘာတွေများပြင်ဆင်ထားမလဲ"

ဆာယာက ထိုင်ရာမှထလိုက်သည်။ မျက်နှာတွင် ပြုံးပန်းတွေ ဝေနေ၏။

"အစ်ကိုတို့စားမယ့်ညစာကို ဆာယာလည်း လိုက်စားဖို့ ပြင်ထားပါတယ်။ လန်ဒန်ကိုအသွား ကားထဲမှာ အသားညှပ်မုန့်တွေပဲ စားသွားရမယ်လို့ မျှော်လင့် ပါတယ်ရှင်"

ဆာယာက အထိုင်လိုက်တွင် ဂရင်းလေးက ထ၍ရပ်လိုက်ပြီး...

"ဆာယာပြောတဲ့အတိုင်း အသားညှပ်မုန့်ပဲ စားသွားကြရမှာပဲ၊ လာခေါ် မယ့်ကားတွေ မိနစ်သုံးဆယ်အတွင်း ရောက်လာလိမ့်မယ်။



"လန်ဒန်မှာ စစ်ဆင်ရေးအဖွဲ့ဝင်တွေ ဒီနေ့ ညအိပ်ရမယ်၊ နက်ဖြန် အဖွဲ့ဝင်တွေကို ဟော်လန်နိုင်ငံ အိန့်ဟိုဗင်လေယာဉ်ကွင်းကို အာရ်အေအက်ဖ် လေယာဉ်နဲ့ ပို့ပေးမယ်။

"ဒီလေယာဉ်ကွင်းမှာ ဂျန်ကားလေယာဉ်က လေသူရဲနဲ့ အဖွဲ့သားတွေကို အဖွဲ့ဝင်တွေ တွေ့ရလိမ့်မယ်၊ ဒီလိုတွေ့ရပြီးတဲ့နောက်"

ဂရင်းလေးက ပခုံးနှစ်ဖက်ကိုတွန့်လိုက်ပြီးမှ စကားဆက်လိုက်သည်။

"ဒီလိုတွေ့ပြီးနောက် ကျန်တဲ့ခရီးလမ်းကတော့ ထာဝရဘုရားရှင် အလို တော်အတိုင်းပဲ"

ဂရင်းလေးက ထိုင်တော့မည်အလုပ်တွင် ဂျက်က...

"ဗိုလ်ချုပ်က မိနစ်သုံးဆယ်လောက် အချိန်ရဦးမယ်လို့ ပြောပါတယ်"

"ဟုတ်တယ်၊ မိနစ်သုံးဆယ်လောက်ပဲ"

ထိုင်နေရာမှ ဂရင်းလေးက အဖြေပေးလိုက်သည်။

"ဒါဖြင့် ကျွန်တော်တို့ တစ်ခွက်နှစ်ခွက်လောက်သောက်ဖို့ အချိန်ရသေး သားပေါ့"

"ရပါတယ်၊ နှစ်ခွက်မကဘူး၊ သောက်နိုင်ရင် သုံးခွက်လေးခွက်အထိ ရပါတယ်"

ဂရင်းလေးက ပြုံး၍ အဖြေပေးလိုက်ပြီး စားပွဲအောက်မှ ခလုတ်တစ်ခုကို နှိပ်လိုက်၏။

၁၀ စက္ကန့်အတွင်းတွင် ဝီစကီပုလင်းနှစ်လုံးနှင့် ဖန်ခွက်ကိုးလုံး ညွှန်ခန်းထဲ သို့ ရောက်လာလေသည်။

▲

www.burmeseclassic.com

www.burmeseclassic.com

[ ၃၆ ]

သို့ ။ ။ မေလော CVX/၀၁၅/SSS/၂၁၀၀၀/Z

မှ ။ ။ ဆု ၂၁-၄-၄၁

တပ်ဖွဲ့လှုပ်ရှားနေပြီ။

ရည်မှန်းချက် သို့ ၂၆/၂၇ ရက်နေ့။

အကြောင်းပြန်။

သို့ ။ ။ ဆု CVX/၀၀၉/SSS/၂၈၀၀၀/Z

မှ ။ ။ မေလော ၂၁-၄-၄၁

နားလည်သည်။

ဤကြေးနန်းသည် နောက်ဆုံး။

လုံခြုံရေးအရေးကြီးသဖြင့်

နောက်ထပ်မဆက်သွယ်နှင့်။

ပြီးပြီ။

▲



[ ၃၇ ]

မေခလာ့နာမည်ဗက်ကိုယူထားသူက အစီအစဉ်လုပ်သင့်သမျှကို စနစ်တကျ သိပ်သိပ်သည်းသည်း သိုသိုဗက်ဗက်လုပ်ပြီးသား။

အပေါ်ယံအမြင်တွင် သူ့လောက် ဟစ်တလာကိုထောက်ခံသူမရှိဟု။

ဟစ်တလာနှင့် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားမည်သူက...သူ။

ဟစ်တလာ ရွှေထီးဆောင်းလျှင် ထီးရိပ်ကိုခိုလျက်၊ ဟစ်တလာ မြေကြီးတွင် အောင်းရလျှင် သူပါလိုက်၍ လျောင်းမည့်သူ. .။

မဟာမိတ်တပ်များ နော်မန်ဒီကမ်းခြေပေါ်သို့ တက်ရောက် ခြေကုပ်ယူနိုင်သည့်အချိန်ကပင် စ,လျက် တစ်နေ့သောအခါ၌ သူ့လည်ပင်းတွင် ကြိုးကွင်းစွပ်ခံရခြင်းမှကင်းအောင် သူက အကွက်ရိုက် အစီအစဉ်ချနေခဲ့၏။

အနေအထိုင်၊ အပြောအဆိုနှင့် လှုပ်ရှားမှုမှန်သမျှ ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် သတိထားခဲ့ရ၏။

ယခုအချိန်အခါ၌ ပို၍သတိထားရမည်။

ဗြိတိသျှတို့၏ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့က စတင်လှုပ်ရှားနေပြီဖြစ်ရာ ဘာလင်သို့ မကြာမီကလေးတွင် ရောက်လာပေတော့မည်။

သို့တိုင်အောင် အလျင်စလိုမလုပ်သင့်ကြောင်း မေခလာက သိနေ၏။

လှုပ်သည်နှင့်တစ်ပြိုင်နက် ခေါင်းပြုတ်သွားမည်။

အတူစီးလာသည့်လှေကြီး မြုပ်တော့မည့်ဆဲဆဲတွင် စွန့်ခွာသွားကြမည်ကို ဟစ်တလာက အထူးစိုးရိမ်နေ၏။ သို့ဖြစ်၍လည်း မြုပ်တော့မည့်လှေကြီးအား စွန့်ခွာသွားရန် ကြံသူမှန်သမျှအား အကြင်နာကင်းကင်းဖြင့် 'ရှင်း'ပစ်လိုက်ရန် ဟစ်တလာက သန္နိဋ္ဌာန်ချပြီးသား။

ရှရှတပ်များက ဘာလင်ကို လေးဘက်လေးတန်မှ ဝိုင်းဝန်းပိတ်ဆို့ထား

www.burmeseclassic.com



ခြင်း မပြုနိုင်မီ မြို့တော်မှဖယ်ခွာသွားလိုသည့်ဆန္ဒက ပြင်းပြနေ၏။

မဟာမိတ် ဗြိတိသျှတို့နှင့် ကျကျနနအကွက်ကိုက် စီစဉ်ပြီးသားလည်း ဖြစ်နေသည်။ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့က နောက်အကျဆုံး ၄၈ နာရီအတွင်း ဘာလင်သို့ ရောက်လာတော့မည်ဖြစ်ရာ…

ဘာလင်ကို ရုရှတပ်များမှ မဝိုင်းမိမီ ဘာလင်မှ လွတ်အောင်ပြေးရန် အကောင်းဆုံး၊ စိတ်အချရဆုံး။

သို့သော် ဘာလင်မှ လွတ်အောင်ပြေးနိုင်လျက် ဘာလင့်အလွန်တွင် ဟစ်တလာစေခိုင်းလိုက်သည့် ပါးကွက်အာဏာသားများလက်မှ လွတ်နိုင်မည် ကား မဟုတ်။

ဘာလင်မှလွတ်အောင်ပြေးသည်ထက် ဟစ်တလာ့ကိုယ်ရံတော် ပါးကွက် အာဏာသားများလက်မှ လွတ်မြောက်ရေးက အဆတစ်ရာလောက် ခက်နေ ကို မေခလာက တွက်မိပြီးသား။

အဓိပတိရုံး ခြံဝင်းကြီး၏ ဧပေါ်ဆယ်အနက် အောက်တွင် လာရော ခိုအောင်းနေရသည့်တိုင် ဘာလင်မြို့တော်ပေါ်သို့ ကျရောက်ပေါက်ကွဲနေသော အမြောက်သံများကိုမူ မကြားဟန်ပြုနေ၍ မရ။

ရုရှတို့က ဘာလင်တစ်မြို့လုံးကို ပိပိပြားသွားအောင်၊ ဖြစ်နိုင်လျှင် က မြေပြင်ပေါ်မှ အစပျောက်သွားအောင် အငြိုးတကြီး ကြိုးပမ်းနေကြသလို

ဖမ်းမိသည့် နာဇီမှန်သမျှကိုလည်း စိစိညက်ညက် အမှုန့်ခြေပစ်နေ သည်။

ထို့ကြောင့် အသင့်တော်ဆုံးအချိန်မှာ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ ဘာလ သို့ရောက်လာပြီဟု အချက်ပြ အဆက်အသွယ်ရသည်နှင့် တစ်ပြိုင်နက် ဘာလ ကို စွန့်ခွာရန်။

သို့သော်…

ဆင်ခြင်စဉ်းစား၍ ထွက်လာသည့်အဖြေနှင့် စိတ်ထဲတွင်ပေါ်ပေါက်နေသည် ခံစားချက်က တက်တက်စင် လွဲနေသည်။

မေခလာက ပြဿနာတစ်ရပ်ကို ဆုံးဖြတ်ချက်ချတော့မည်ဆိုလျှင် ဆင်ခြင် စဉ်းစား၍ရသည့်အဖြေထက် စိတ်ထဲတွင်ခံစားလာရသည့် (ဝါ) စိတ်ထဲတွင် အလိုအလျောက်ပေါ်လာသည့် အဖြေအတိုင်းသာ လိုက်နာကျင့်ဆောင်တတ်မြ ယခုလည်း စိတ်ထဲတွင် အလိုအလျောက်ပေါ်လာသည့်အသံက မေခလာအား





လင်တွင်ပင် ဆက်၍နေ၊ ထွက်မသွားနှင့်ဦးဟု သတိပေးနေ၏။

လွတ်မြောက်ရေးလမ်းကို စနစ်တကျစီစဉ်ထားခဲ့သည်မှာ လပေါင်း တော်ကြာပြီ။

အချိန်အခါက မရေမရာဖြစ်နေသည့်တိုင် သူစီစဉ်ထားခဲ့သည့် လွတ် မြောက်ရေးလမ်းကမူ သေချာရေရာလှ၏။

ဟစ်တလာက ကျင်းပနေကျအစည်းအဝေးကို နေ့စဉ်ပင်ကျင်းပလျက် နေသည်။ စည်းဝေးပွဲသို့တက်ရန် တစ်နေ့ပျက်ကွက်ပြီဆိုလျှင် ထိုသို့ပျက်ကွက် နောက်သို့ ဟစ်တလာ့ကိုယ်ရံတော်တပ်မှ ပါးကွက်အာဏာသားများက ကျက်လာစမြဲ။

သို့ဖြစ်ရာ စောင့်နေခြင်းက သူ့အတွက် အကောင်းဆုံး။

ဘာလင်မြို့တော်ကို ရုရှတပ်များဝိုင်းလာသည်နှင့် တစ်ပြိုင်နက် ဟစ်တလာ သတ်သေတော့မည်ဟု မေခလာက ယုံကြည်နေသည်။

ထို့ကြောင့် ဟစ်တလာ သတ်သေပြီးသည့်အချိန်ထိ စောင့်နေခြင်းသာ အတွက် အကောင်းဆုံး။

ဟစ်တလာ၏ကိုယ်ရံတော် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဟစ်တလာ တ်သေသည့်အချိန်အထိ စားထက်နေကြမည်မှာ မလွဲ။

သတ်သေပြီးသည့်အချိန် နောက်ပိုင်းတွင်မူ…

မေခလာက စောင့်နေရသည့်အချိန်အတွင်း လုပ်စရာအလုပ်များ ကျန် သေးသည်။

သူ့အသက်ကို ဗြိတိသျှတို့လက်တွင် ဆက်လက်ရှင်သန်နေနိုင်ရေးအတွက် သျှတို့အဖို့ အဖိုးတန်လာမည့် လျှို့ဝှက် စာရွက်စာတမ်းများ။

သည်စာရွက်စာတမ်းများကို ရှာဖွေကာ ကိုယ်နှင့်ထပ်တူ ယူသွားရမည်။ ရွက်စာတမ်းအများအပြားကိုမူ မီးရှို့ဖျက်ဆီးပစ်ခဲ့ရသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၃၈ ]

မြောက်ပင်လယ်ကိုဖြတ်ကျော်လျက် မိုင် ၆၀၀ ပျံသန်းလာခဲ့သည့် လေယာဉ်က ဟတ်ဖို့ရှိုင်းယားလေယာဉ်ကွင်းတွင် ဆင်းသက်လိုက်၏။

အချိန်က ညနေ ၅ နာရီ ၄၅ မိနစ်။

လေယာဉ်မှဆင်းလာသူက ဗိုလ်မှူးချုပ်ဂရင်းလေး။

ဟော်လန်နိုင်ငံ အိန္ဒိဟိုဗင်လေယာဉ်ကွင်းမှ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ ညရှစ်နာရီခွဲတွင် ဂျန်ကားလေယာဉ်ဖြင့် ဘာလင်သို့ ထွက်ခွာကြတော့မည် ဖြစ်ရာ...

ဗိုလ်မှူးချုပ်ဂရင်းလေးက ဟတ်ဖို့ရှိုင်းယားသို့လာပြီး စစ်ဆင်ရေးအဖွဲ့အား နှုတ်ဆက်အားပေးစကားပြောခြင်း။

လာခဲ့စဉ်က စစ်ဆင်ရေးအဖွဲ့ အိန္ဒိဟိုဗင်လေယာဉ်ကွင်းမှ ထွက်ခွာသွားသည့် ညရှစ်နာရီခွဲထိ ဟော်လန်နိုင်ငံတွင်နေမည်ဟု စိတ်ကူးထားခဲ့သည်။

သို့သော် လန်ဒန်မှ ဖုန်းဖြင့် အရေးတကြီးလှမ်းခေါ်လိုက်သဖြင့် ဂရင်းလေးက မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့အား အိန္ဒိဟိုဗင် လေယာဉ်ကွင်းသို့ လိုက်မပို့နိုင်တော့။

"အရေးတကြီးကိစ္စဆိုရင်လည်း ဖုန်းကနေ ပြောနိုင်တယ်မဟုတ်လား"

ဂရင်းလေးက ပြန်၍ စောဒကတက်ခဲ့သေးသည်။

"ဒီတယ်လီဖုန်းလိုင်းက ကြားက ခိုးနားထောင်လို့ရတယ် ဗိုလ်ချုပ် ပြောလို့မဖြစ်ဘူး၊ ကိစ္စက သိပ်အရေးကြီးနေလို့ပါ"

အထူးစစ်ဆင်ရေးအဖွဲ့မှ အရာရှိတစ်ယောက်က တောင်းတောင်းပန်ပန် စကားဆိုနေသည်။





ထို့ကြောင့် ဂရင်းလေးက လန်ဒန်သို့ ရေးကြီးသုတ်ပျာ ပြန်လာခဲ့ရ၏။

လန်ဒန်လေယာဉ်ကွင်းတွင် အထူးစစ်ဆင်ရေးအဖွဲ့ဝင် ဗိုလ်ကြီးတစ်ယောက် အရပ်ဝတ်,ဝတ်လျက် ဂရင်းလေးအား လာကြိုနေသည်။

ဗိုလ်ကြီးအမည်က ရုသာဖို့ဒ်။

သူက အထူးစစ်ဆင်ရေးအဖွဲ့တွင် တပ်စုအမှတ်(၇)မှ။

တပ်စုအမှတ်(၇)၏ လုပ်ငန်း အထူးစစ်ဆင်ရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူအားလုံး ဗိုလ်မှူးချုပ်မှအစ၊ ရုံးအကူ ရဲဘော်အထိတို့၏ သစ္စာစောင့်သိမှု ရှိ,မရှိ အမြဲစောင့်ကြည့်နေရသည့် အစု။

ထို့ကြောင့် တပ်စုအမှတ်(၇)သည် စစ်ထောက်လှမ်းတာဝန်ကို တစ်စိတ်တစ်ပိုင်းယူနေရသလို၊ နိုင်ငံခြားရေးတာဝန်ကိုလည်း မျှဝေကျေပွန်ရကာ လျှို့ဝှက်အလုပ်ကိုလည်း လုပ်နေရသည်။

လန်ဒန်လေဆိပ်တွင် ကြိုဆိုသူအဖြစ် အမှတ်(၇)တပ်စုမှ ဗိုလ်ကြီးရုသာဖို့ဒ်ကို တွေ့လိုက်ရသောကြောင့် ဂရင်းလေးက အံ့အားသင့်သွားသည်။

"ဘာများ ဒါလောက်အရေးကြီးလို့လဲကွာ"

"ခွင့်လွှတ်ပါ ဗိုလ်ချုပ်၊ ဟိုရောက်ရင် သိရမှာပါ"

ရုသာဖို့ဒ်က ဆင်ဝှေ့ရန်ရှောင် အဖြေပေးနေ၏။

"ဟိုရောက်ရင်ဆိုတာ ဘယ်ရောက်ရင်လဲကွ"

ဂရင်းလေးက စိတ်မရှည်။

"ဟိုဆိုတာ မကြာခင်သိရတော့မှာပါ ဗိုလ်ချုပ်"

"ဒီတပ်စုကကောင်တွေဟာ သိပ်ရိုင်းတဲ့ကောင်တွေ"

ဂရင်းလေးက စိတ်ထဲမှရေရွတ်လိုက်ပြီးမှ...

"ဒါဖြင့် ကိစ္စက သိပ်ကိုအရေးကြီးနေလို့ပေါ့"

"ဟုတ်ပါတယ်၊ ဟိုရောက်တော့ ဗိုလ်ချုပ်သိရပါလိမ့်မယ်"

ရုသာဖို့ဒ်က အဖြေပေးလိုက်ပြီး ကားရဲဘော်အား အမြန်မောင်းရန် အမိန့်ပေးလိုက်၏။

ည ၆ နာရီခွဲကျော်ကျော်ကလေးတွင်ပင် လန်ဒန်မြို့ အနောက်ပိုင်း အဆောက်အအုံတစ်ခုရှေ့သို့ ရောက်လာသည်။

ဗိုလ်ကြီးရုသာဖို့ဒ်က ဂရင်းလေးအား အဆောက်အအုံထဲသို့ ရှေ့ဆောင်၍ ခေါ်သွားသည်။ အထဲသို့ရောက်သော် အပေါ်ထပ်သို့တက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စေ့ထားသည့်တံခါးပေါက်တွင် တော်မီတစ်လက်ကို ကိုင်ထားသည့် ထ... ကြပ်ကြီးတစ်ယောက် စောင့်လျက်။

ရှသာဖို့ဒ်က တပ်ကြပ်ကြီးအား တစ်ဖက်သို့ဖယ်နေရန် အချက်ပြလိုက်ပြီး စေ့ထားသည့်တံခါးကို တွန်းဖွင့်ဝင်သွားသည်။

စားပွဲကြီးတစ်လုံးတွင် ထိုင်နေသူနှစ်ဦးက အထူးစစ်ဆင်ရေးအဖွဲ့မှ ဗိုလ်မှူးကြီးမာတင်နှင့် ဒုဗိုလ်မှူးကြီး ဒီဗာနေး။

စားပွဲနောက်ဘက်တွင် နေရာယူထားသူက ဗိုလ်မှူးအဆင့်မျှသာ။

သို့သော် ကိစ္စက ဗိုလ်မှူးနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စဖြစ်ကြောင်း ပေါ်လွင်နေ၏။

အခန်းထဲသို့ ဂရင်းလေးဝင်လာသောအခါ သုံးဦးလုံးပင် ထိုင်ရာမှ မ... တတ်ရပ်လိုက်ကြသည်။

ရှသာဖို့ဒ်က တံခါးကိုပြန်ပိတ်ပစ်လိုက်ပြီး သင့်လျော်ရာနေရာတွင် ဝင်... လိုက်၏။

"ဘာတွေဖြစ်နေလို့လဲဗျ"

ဂရင်းလေး၏အမေးကို ဗိုလ်မှူးကြီးမာတင်က...

"ကျွန်တော်တို့လည်း စုံစုံစေ့စေ့မသိရသေးပါဘူးခင်ဗျာ၊ ဗိုလ်မှူးအင်ဆဲလ်က စောင့်ပါဦးဆိုလို့ စောင့်နေရတာပါ"

ဤတွင် ဂရင်းလေးက အင်ဆဲလ်ဘက်သို့ လှည့်လိုက်ပြီး...

"ကဲ...ဘာကိစ္စလဲ ဗိုလ်မှူး"

အမှတ်(၇)တပ်စုအရာရှိဖြစ်သူ အင်ဆဲလ်က...

"ထိုင်ပါဦး ဗိုလ်ချုပ်၊ ကျွန်တော် အတိုဆုံးတင်ပြပါ့မယ်"

ဂရင်းလေးက ထိုင်လိုက်သဖြင့် အားလုံးထိုင်လိုက်ကြသည်။ ဗိုလ်မှူးအင်ဆဲလ်က စားပွဲပေါ်မှဖိုင်ကို ဖွင့်လိုက်၏။

"ဗိုလ်ချုပ်ခင်ဗျာ...ဂျင်းကလော့ဒက်ဆင်နေဆိုတဲ့လူကို သိပါသလား"

"မသိဘူး၊ ဒီလူက ဘယ်လိုလူတဲ့လဲ"

"သူကပြောတော့ သူဟာ ဒီဂေါ်ရဲ့ လွတ်လပ်တဲ့ ပြင်သစ်အဖွဲ့ဝင်တစ်ယောက် ဖြစ်တယ်။ လန်ဒန်မှာနေတာ ခြောက်နှစ်ရှိပြီလို့ ပြောနေပါတယ်"

"ဒါ သူ့လုပ်ဇာတ်ဖြစ်နိုင်ပါတယ်၊ အမှန်တော့ သူဟာ ရုရှတွေအတွက် ဒလန်လုပ်ပေးနေတဲ့ လူတစ်ယောက်ပဲ၊ အထူးထောက်လှမ်းရေးအဖွဲ့က ဒီလူကို ...နေပြီး ကျွန်တော်တို့ဆီ ပို့လိုက်တာပါ။

"သူ့ကိုဖမ်းမိတဲ့နေရာက သူ့အမျိုးသမီးမိတ်ဆွေရဲ့ တိုက်ခန်းမှာပါ။

"သူ့အမျိုးသမီးနာမည်က အင်နီတာတဲ့"

အင်နီတာ့အမည်ကို ကြားလိုက်ရသဖြင့် ဂရင်းလေးမေးရိုးက အောက်သို့ ...စ်ပေလောက်ပြုတ်ကျသွားသလို ခံစားလိုက်ရ၏။

"ကျူပ်အတွင်းရေးမှူး မစ္စအင်နီတာလား"

"ဟုတ်ပါတယ် ဗိုလ်ချုပ်"

ဗိုလ်မှူးအင်ဆဲလ်က အဖြေပေးလိုက်ပြီးမှ...

"အထင်မလွဲပါနဲ့ ဗိုလ်ချုပ်၊ ကျွန်တော်က ဗိုလ်ချုပ်ရဲ့ အတွင်းရေးမှူး အမျိုးသမီးကလည်း ရုရှဒလန်လုပ်နေတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။

"အထူးထောက်လှမ်းရေးက ဂျင်းကလော့ဒက်ဆင်နေကို အင်နီတာ့ တိုက်ခန်းမှာ ဖမ်းမိပြီး အင်နီတာဟာ ဗိုလ်ချုပ်ရဲ့ အတွင်းရေးမှူးဖြစ်ကြောင်း သိလာ...တော့ ဒီအမှုကို ကျွန်တော်တို့ဆီ လွှဲပေးလိုက်တာပါ။

"ရုရှဒလန်တစ်ယောက်နဲ့မှ သွားပြီး အချစ်ရေးကိစ္စ ဆက်သွယ်မှုရှိနေတာ ...ခက်သွားတာပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အထူးစစ်ဆင်ရေးအဖွဲ့ ...လျှို့ဝှက်ချက်တွေ မပေါက်ကြားအောင် တာဝန်ယူနေရတာပါ"

ဗိုလ်မှူးအင်ဆဲလ်က အင်နီတာနှင့်သက်ဆိုင်နေသည့် လိင်ဆက်ဆံရေး ...ယွမှုများကို ဆက်၍ တင်ပြနေသည်ကို ဗိုလ်မှူးချုပ်ဂရင်းလေးက တအံ့တသြ ...ထောင်နေရ၏။

အထက်တန်းစား ဣန္ဒြေရှိ အပျိုကြီးတစ်ယောက်ပုံစံမျိုးဖမ်းထားသည့် အင်နီတာက စင်စစ်မှာ သပွတ်အူ ကျိုးအာသီး။

ရုရှဒလန် ဂျင်းကလော့ဒက်ဆင်နေနှင့် အင်နီတာတို့ အဆက်အသွယ် ...ဖြစ်နေခဲ့ကြသည်မှာ သုံးလေးလလောက်သာ ရှိသေးသည်ဟု သိလာရ၏။

အင်နီတာအား အရေးကြီးသည့် လျှို့ဝှက် စာရွက်စာတမ်းများကို ကိုင်ခွင့် ...ပေးခဲ့သလို လျှို့ဝှက်ချက်များကိုလည်း အသိမပေးခဲ့။

ချိန်းထားသည့်လူလာလျှင် တံခါးဖွင့်ပေးရုံ၊ အချို့ပုဂ္ဂိုလ်များထံ တယ်လီ...ဖုန်းဆက်၍ သတင်းပို့ရုံလောက်သာ မိမိခိုင်းစေခဲ့သည်ကို ဂရင်းလေးက သိပြီး...သား။

သို့တိုင်အောင် မိမိရုံးခန်းသို့ မည်သူများ အဝင်အထွက် အဆက်အသွယ်







www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း သိနေခြင်းကပင် ရုရှဒလန်အား ဖောက်သည်ချနိုင်လောက်အော
တန်ဖိုးရှိနေပြီမဟုတ်လား။

"အင်နီတာ့ကို ခင်ဗျားတို့ မေးမြန်းပြီးရောပေါ့"

"မေးပြီးပါပြီ ဗိုလ်ချုပ်၊ အင်နီတာက ပစ်သတ်ခံရတော့မလောက် ကြော
နေတယ်။

"ရုရှဒလန်နဲ့ အလုပ်အကြောင်း တစ်ခါမှမဆွေးနွေးဖူးပါဘူးလို့ အစ
တယ်၊ ဒါပေမယ့် အင်နီတာက အရေးမကြီးပါဘူးလို့ထင်ပြီး ပြောလိုက်တဲ့စကာ
တွေဟာ ရုရှဒလန်အဖို့ အဖိုးတန်လျှို့ဝှက်ချက်တွေ ဖြစ်ချင်ဖြစ်နေမှာပဲမဟု
လား။

"အင်နီတာ့ဆီက လိုချင်တဲ့သတင်းမရဘဲနဲ့တော့ ဂျင်းကလော့ဒက်ဆင်
က အင်နီတာ့အခန်း လာနေမှာမဟုတ်ဘူး ဗိုလ်ချုပ်"

ဤတွင် ဂရင်းလေးက...

"အင်နီတာ့ဆီက ဘာသတင်းတွေ ရသွားတယ်ထင်လို့လဲ"

"အထူးထောက်လှမ်းရေးရော၊ ကျွန်တော်တို့ပါ ဒီနေ့တစ်နေ့လုံး ဂျင်
ကလော့ဒက်ဆင်နေကို စစ်ဆေးခဲ့ကြပါတယ်။

"သူက ပျော့ပျော့နဲ့ အတော်ခေါင်းမာတဲ့အကောင်၊ ဒါပေမယ့် သူပြေ
တာတွေကတော့ သိပ်ပြီး အဓိပ္ပာယ်မရှိလှပါဘူး ဗိုလ်ချုပ်"

"သူက ဘာတွေပြောလဲ"

ဗိုလ်မှူးအင်ဆဲလ်က မှတ်စုကိုပြန်ကြည့်လိုက်ပြီး...

"သူပြောတဲ့အထဲမှာ နာမည်တွေပါနေတယ်၊ ဂျက်တဲ့၊ ဒမ်ဗာတဲ့၊ မ
ကလင်းတဲ့၊ မိုက်တဲ့၊ ဖူးလားတဲ့၊ ဗိုဒါ...တဲ့၊ နောက်ပြီး ဂျီဇေဆိုလာ
ဂျိုဇက်ဆိုလားပဲ။

"ကျွန်တော်တို့က ခပ်ကြမ်းကြမ်းကလေး စစ်မေးရတော့ ရုရှဒလန်
နှုတ်ခမ်းတွေ စုတ်ပြဲ၊ လျှာတွေလေးပြီး အသံ မပီကလာပီကလာ ဖြစ်လာတယ်"

ဗိုလ်မှူးချုပ် ဂရင်းလေးက...

"သူ့ဆီက ဘာတွေ အစ်လို့ရသေးလဲ"

"သူနဲ့ မစ္စအင်နီတာနဲ့ အဆက်ဖြစ်တာ သုံးလေးလလောက် ရှိနေပေမယ့်
သူ့ဆရာက အင်နီတာ့ဆီက ကြားလာရတဲ့စကားတွေကို ဘာမှအရေးစိုက်ဖော်
မရဘူးတဲ့။





"ဒါပေမယ့် ကုန်ခဲ့တဲ့ **ရှစ်ရက်၊ ကိုးရက်**လောက်က စ,ပြီး ဂျင်းကလော့
ဒက်ဆင်နေရဲ့ ဆရာတွေက အင်နီတာ့ဆီက ရသမျှသတင်းတွေ အတင်းနှိုက်ခိုင်း
ခဲ့တယ်လို့ အစစ်ခံတယ်။

"အထူးသဖြင့် ခုနက ကျွန်တော်ဖတ်ပြတဲ့နာမည်တွေနဲ့ ပတ်သက်ပြီး
ဆက်ဆက်တွဲ ဘာတွေဖြစ်ကြ လုပ်ကြတယ်ဆိုတာ စုံစမ်းခိုင်းသတဲ့။

"ဒီတော့ ရုရှတွေဟာ တစ်ခုခု သိပ်အရေးကြီးတဲ့ကိစ္စတစ်ရပ်ကို အပြင်း
ထန် ခြေရာခံပြီး လိုက်ထောက်လှမ်းနေတယ်ဆိုတာ ထင်ရှားနေတယ်"

ဂရင်းလေးက ဗိုလ်မှူးကြီးမာတင်နှင့် ဒုဗိုလ်မှူးကြီး ဒီဗာနေးတို့ဘက်သို့
ကြည့်လိုက်၏။

သို့သော် ဗိုလ်မှူးကြီးနှစ်ဦးကိုမမြင်ဘဲ မြင်းကုန်ကူးစစ်ဆင်ရေးတွင် ဦးစီး
အဖြစ် တာဝန်ပေးလိုက်ခြင်းခံရသည့် ဗိုလ်မှူးဂျက်၏ မျက်နှာကိုသာ အာရုံထဲ
တွင် မြင်နေမိသည်။

ခေါင်းထဲတွင် မေးခွန်းတွေကလည်း အစီအရီ။

"မြင်းကုန်ကူးစစ်ဆင်ရေးကို ရုရှတွေ သိနေကြပြီလား"

"မေခလာအကြောင်းကိုကော သတင်းရနေကြပြီလား"

"ဒီသတင်းကို အင်နီတာဆီကရတာ ဖြစ်နိုင်သလား"

မိမိသိရသမျှဆိုလျှင် အင်နီတာရှေ့၌ မြင်းကုန်ကူးစစ်ဆင်ရေးအကြောင်း၊
မေခလာကိစ္စ...စသည်တို့ကို မိမိ တစ်ခွန်းမျှမဟာခဲ့စဖူး။

အင်နီတာ့တွင် အရေးတကြီး လျှို့ဝှက်စာရွက်စာတမ်းများကို ကိုင်ခွင့်မရှိ၊
မိမိကလည်း မပေးခဲ့။

"ဒါဖြင့်ရင် ရုရှဒလန်က ဂျက်နာမည်နဲ့ တခြားနာမည်တွေကို ဘယ်လို
လုပ် သိနေလဲ"

"ဆက်သားအဖြစ် လိုက်ပါမယ့် ဆာယာ့နာမည်ကိုပါ သူတို့သိနေသလား"

ဗိုလ်မှူးချုပ်ဂရင်းလေးက အမှတ်(၇)တပ်စု အုပ်ချုပ်ရေးမှူး ဗိုလ်မှူးအင်ဆဲလ်
အား...

"ဒီဖုန်းတွေက အပြင်လူ ခိုးနားထောင်လို့မရအောင် လုပ်ထားတဲ့ဖုန်းတွေ
လား"

"ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ဒါပေမယ့် စက်ခလုတ်ခုံကိုသွားပြီး သက်ဆိုင်ရာ
ခလုတ်ကိုတော့ ပိတ်ပစ်လိုက်ဖို့လိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျားနဲ့ ရှသာဖို့ဒ်တို့ အပြင်ကို ခဏထွက်ပေးစေချင်တယ်၊ အထူးလျှို့ဝှက်တဲ့ကိစ္စကို ပြောစရာရှိလို့ပါ"

ဗိုလ်မှူးအင်ဆဲလ်နှင့် ဗိုလ်ကြီးရှသာဖို့ဒ်တို့က အခန်းအပြင်ဘက် ထွက်သွားပြီးနောက် လက်မှနာရီကို ကြည့်လိုက်၏။

ဗိုလ်မှူးဂျက် ခေါင်းဆောင်သော မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ လေယာဉ်ဖြင့် ခရီးထွက်မည့်အချိန်က ည ရှစ်နာရီခွဲ။

ဖုန်းဖြင့်လှမ်းအကြောင်းကြားရန် အချိန်ရသေးသည်။

ဗိုလ်မှူးကြီးမာတင်က...

"ကျွန်တော်တို့ ဗိုလ်မှူးဂျက်ဆီကို ရှုရှတွေကိုသတိထားဖို့ သတင်းပို့ရင်ကောင်းမယ်"

ဂရင်းလေးက ခေါင်းညိတ်လိုက်ပြီး...

"သူတို့က ဒီစစ်ဆင်ရေးထဲကို ထိုးဖောက်နှောင့်ယှက်လာမှာ ကြောက်ရတယ်"

"ဟုတ်တယ်"

"သူတို့က ကုန်ခဲ့တဲ့ ရှစ်ရက်၊ ကိုးရက်ကမှ ဂျက်တို့နာမည်တွေကို စိတ်ဝင်စားလာတယ်လို့ ဗိုလ်မှူးအင်ဆဲလ်က ပြောခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်၊ အမေရိကန်တွေကလည်း ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးကို လွန်ခဲ့တဲ့ ရှစ်ရက် ကိုးရက်ကမှ သိလာခဲ့တယ်"

ဤတွင် ဒုဗိုလ်မှူးကြီး ဒီဗာနေးက...

"စစ်ဆင်ရေးအဖွဲ့နဲ့ ကပ်ပြီးပါသွားတဲ့ အမေရိကန်နှစ်ယောက်ကတော့ ကွန်မြူနစ်သူလျှိုတွေ ဖြစ်နိုင်မယ်မထင်ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီလို တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားတာကိုက မကောင်းဘူး"

ဂရင်းလေးက ပြောပြောဆိုဆို တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး...

"တာဝန်မှူးဆီကို မြန်မြန်ပေးစမ်းပါ"

"စစ်ဆင်ရေးကို ပြန်ခေါက်ခိုင်းမလို့လား"

ဗိုလ်မှူးကြီးမာတင်က မေးလိုက်၏။

"ဒါမျိုး မလုပ်ပါဘူး၊ ဂျက်ဆီကို ကျွန်တော်တို့ရထားတဲ့ သတင်းတွေအကြောင်း ပြောပြပြီး နောက်ကျောကိုလုံအောင်ထိန်းပါလို့ သတိပေးမလို့"





"ဒါပေမယ့်..."

"ခဏ...ခဏ"

ဂရင်းလေးက ဗိုလ်မှူးကြီးမာတင်အား လက်ကာပြလိုက်ကာ စကားပြောခွက်ကို နှုတ်ခမ်းနားကပ်လိုက်သည်။

"တာဝန်မှူးလား"

"ခုပြောနေတာ ဗိုလ်မှူးချုပ်ဂရင်းလေးပဲ။

"ကျုပ် ဟော်လန်မှာရှိတဲ့ အိန့်ဟိုဗင်လေယာဉ်ကွင်းနဲ့ လျှို့ဝှက်တဲ့လိုင်းကနေ ပြောချင်တယ်၊ မြန်မြန်လုပ်ပေးစမ်းပါ"

"ဟုတ်ကဲ့...ကောင်းပါပြီခင်ဗျာ"

တစ်ဖက်မှအသံက ရိုသေကျိုးနွံသံ။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၃၉ ]

ဂျန်ကားလေယာဉ်က အရှေ့စူးစူးသို့ ဦးတည်ပျံသန်းနေ၏။

ပော်လန်နိုင်ငံ အိန္ဒိဟိုဗင်လေယာဉ်ကွင်းမှ ထွက်လာသည်မှာ တစ်နာရီ ကျော်နေပေပြီ။

ဂျန်ကား ၅၂ ဂျာမန်လေယာဉ်က စက်သုံးလုံးတပ်။

စက်တစ်လုံးလျှင် မြင်းကောင်ရေအား ၈၃၀။

တစ်နာရီလျှင် ၁၈၉ မိုင် အမြန်နှုန်းပျံနိုင်ကာ မိုင် ၉၃၀ ခရီးကို ဆီဖြည့် ရန်မလိုဘဲ တစ်ဆက်တည်းပျံနိုင်စွမ်းရှိသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း သယ်ယူပို့ဆောင်ရေးနှင့် ဗုံးကြဲရာ၌ နာမည် ကျော်ခဲ့သည့် လေယာဉ်အမျိုးအစားမှာ ဂျာမန်ဘက်မှ ဂျန်ကား ၅၂ ဖြစ်လျက် မဟာမိတ်တွင်မူ ဒါကိုတာလေယာဉ်အမျိုးအစား။

ဂျန်ကား ၅၂ လေယာဉ်အား ပို၍ ခရီးဝေးပျံနိုင်စေရန် ဘုရင့် လေတပ် မတော် အင်ဂျင်နီယာများက ဓာတ်ဆီတိုင်ကီအပိုများ တပ်ဆင်ပေးထားကြ၏။

ထို့ကြောင့် မူလ တစ်နာရီပျံသန်းနှုန်းထက် လျော့နည်းသွားသည်။

လေယာဉ်ဝမ်းဗိုက်တွင် ဆတ်ချ်လိုက်ခေါ် မီးမောင်းကြီးများတပ်ဆင်ထား လိုက်သောကြောင့်လည်း လေယာဉ်၏ မူလလျင်မြန်မှုက လျော့နည်းသွားရ၏။

သို့သော် လေယာဉ်က စစ်တလင်းပြင်ဖြစ်နေသည့် ဘာလင်တွင် ဆင်းသက် ရမည်ဖြစ်သောကြောင့် အပိုတပ်ဆင်ထားသည့် ဓာတ်ဆီတိုင်ကီများနှင့် မီးမောင်း ကြီးများက အထူးအသုံးဝင်မှာ သေချာနေ၏။

ဤသို့တပ်ဆင်ပေးရန်လည်း ဘုရင့်လေတပ်မတော် လေယာဉ်အုပ်စု ခေါင်းဆောင် လေသူရဲ ဝီလီမက်ဂရီကာက တောင်းဆိုခဲ့ခြင်း။





ဝီလီက ဝါရင့်ရုံမက ကျွမ်းလည်းကျွမ်းကျင်၊ သတ္တိလည်းရှိသည့် ဗြိတိသျှ လေသူရဲ။

ဗြိတိသျှလေသူရဲတစ်ယောက်က ဂျာမန်သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စီးကို ညအချိန်မောင်းနှင်ပျံသန်းဖို့ဆိုသည်မှာ မလွယ်။

ထို့ထက် လေယာဉ်ပြေးလမ်းကြောင်းဟူ၍ ထင်ထင်ရှားရှားရှိနိုင်မည်လည်း မဟုတ်သော...

အန္တရာယ်ပေးမည့်လေယာဉ်များဖြင့် ပြွမ်းသော...

လေယာဉ်ပစ်အမြောက်ကြီးများဖြင့်လည်း ပစ်ခတ်ခံရမည်ဟုလည်း ခိုမိရသော ခရီးတွင် မောင်းနှင်ပျံသန်းဖို့အရေးမှာ ပို၍ခက်ခဲလှသည်။

ဆင်းသက်ရမည့်နေရာပေါ်သို့ ဂိုက်သုံးဆယ်ကျော်အမြင့်မှနေ၍ လေယာဉ်ဝမ်းဗိုလ်၌တပ်ဆင်ထားသော ဆလိုက်မီးမောင်းနှစ်လုံးကို ဖွင့်လိုက် ရမည်။

ပြီးမှ...ဆင်းမည်။

ဆင်းပြီးနောက် ပြန်တက်ရပေဦးမည်။

ဘာလင်သို့အလာတွင်လည်းကောင်း၊ ဘာလင်မှအပြန်တွင်လည်းကောင်း အန္တရာယ်များကို လွတ်အောင်ရှောင်နိုင်ရန် ဓာတ်ဆီတိုင်ကီအပိုများတပ်ကာ ယာဉ်စာဆီကို ပို၍ယူလာခဲ့သည်။

လေယာဉ်တွင် ၁၃ မမ အမ်ဂျီ ၁၃၁ အမျိုးအစား စက်သေနတ်တစ်လက်၊ ၁သမ ၉ မမ အမ်ဂျီ ၁၅ အမျိုးအစား စက်သေနတ်နှစ်လက် တပ်ဆင် ထားသည်။

လေယာဉ်အမှုထမ်းက လေးယောက် အမြဲပါရသည်။

လေသူရဲ တစ်။

တွဲဖက်လေသူရဲ သို့မဟုတ် အင်ဂျင်နီယာ တစ်။

လေကြောင်း လမ်းပြ တစ်။

စက်သေနတ်သမား တစ်။

ပေါင်း လေးယောက်။

သို့သော် ယခုအခေါက်တွင် လေယာဉ်စစ်မှုထမ်း သုံးယောက်သာ။

လေသူရဲ ဝီလီမက်ဂရီကာ။

တွဲဖက်လေသူရဲ၊ အင်ဂျင်နီယာနှင့် လေကြောင်းလမ်းပြတာဝန်သုံးရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပွဲတွဲထမ်းရွက်ရသူက လေတပ်ဗိုလ်ပီတာ။

စက်သေနတ်သမားက လေတပ် တပ်ကြပ်ကြီး ပယ်ဒီ။

သုံးယောက်လုံးပင် သူရဲကောင်းတံဆိပ်ရထားသူချည်း။

သုံးယောက်လုံးပင် လေကြောင်းတိုက်ပွဲအမျိုးမျိုးကို နွှဲခဲ့ဖူးသည့် သူရဲကောင်းများ။

သုံးယောက်လုံးပင် ဂျာမနီနိုင်ငံ ဆေဟင်ပြင်တွင် လေယာဉ်နှင်ကာ ဂျာမန်မြို့ကြီးပြကြီးများနှင့် ပစ်မှတ်ကြီးများကို ဗုံးကြဲတိုက်ခိုက်ရာ၌ စွမ်းရည်ထက်သူများ။

လေယာဉ်က အရှေ့ဘက်ရှုသို့ ဦးတည်ပျံသန်းနေစဉ် ဗိုလ်မှူးဂျက်က စစ်ဆင်ရေးအဖွဲ့သားများ၏ စိတ်ကို ထိန်းထားနိုင်ရန် ခွဲဝေပေးထားသည့် တာဝန်ပိုင်းကို ပြန်၍ပြောပြစေခိုင်းနေ၏။

လန်ဒန်မှနေ၍ ဗိုလ်မှူးချုပ်ဂရင်းလေး နောက်ဆုံးပြောလိုက်သည့် စကားများကို ဂျက်က လောလောဆယ် မေ့ထားလိုက်သည်။

"ကဲ...ဗိုလ်မှူးဖိုဒါက စပြောဗျာ"

"ကျွန်တော်တို့ လေယာဉ်ကွင်းပေါ်ကို ဆင်းမိလျှင် ဆင်းမိချင်း ဒါကောတင်ပဲလ်ဟော့ဖ်လေယာဉ်ကွင်းပေါ်မှာ ဆင်းနိုင်မယ်လို့တွက်ပြီး ပြောနေတာ။

"အဲဒီလို လေယာဉ်ကွင်းပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် မက်ကလင်းဖူးလားနဲ့ ကျွန်တော်က လေယာဉ်အံဖုံးကိုဖွင့်ပြီး ကွင်းပေါ်ကို ပထမဆင်းရမယ်။

"ဒီလိုဆင်းလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့သုံးယောက်က လေယာဉ်တောင်ပံအောက်မှာ နေရာယူပြီးသား ဖြစ်နေရမယ်။ ဒါက လေယာဉ်နဲ့ လေယာဉ်ပေါ်မှာရှိနေသူတွေကို အပြင်ကနေပြီး အန္တရာယ်မပေးနိုင်အောင်။

"ကျွန်တော်တို့က လေယာဉ်နားကိုကပ်လာတဲ့ မည်းမည်းမြင်သမျှ အသေကို ပစ်သတ်ရမယ်"

ဖိုဒါ၏စကားအဆုံးတွင် ဗိုလ်မှူးဂျက်က...

"မည်းမည်းမြင်သမျှ ပစ်ရမယ်ဆိုတာ တကယ်ပဲ၊ လေယာဉ်ကွင်းမှာ လေယာဉ်အဆင်းအတက် သိပ်နည်းနေတော့ ကျုပ်တို့လေယာဉ်ဆင်းလာရင် အထူးအဆန်းလိုဖြစ်နေပြီး ဂျာမန်တွေဝိုင်းလာကြမှာ"

"ဒီလိုဝိုင်းလာတာကို မခံနိုင်ဘူး၊ ကျုပ်တို့မှာ လေတပ်က ကျုပ်တို့ရောင်းရင်းကြီးတွေ အိမ်ပြန်ဖို့ရှိသေးတယ်။





"သူတို့သုံးယောက်က တစ်ယောက်မှ ဂျာမန်စကား မပြောတတ်ဘူး၊ ဒါတော့ လေယာဉ်နားကပ်ပြီး လေတပ်ကရောင်းရင်းကြီးတွေကို တစ်ခုခု မေးလိုက်တာနဲ့ ကျုပ်တို့စစ်ဆင်ရေးကြီးတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်ပြီလို့ မှတ်လိုက်တော့"

"ကဲ...ဒမ်ဗာ၊ မောင်ရင့်တာဝန်က ဘာလဲ...ပြောစမ်း"

"မိုက်နဲ့ ကျွန်တော်က လေယာဉ်ပေါ်က ဒုတိယအသုတ်အဖြစ်နဲ့ ဆင်းရမှာ။

"ကျွန်တော်တို့နှစ်ယောက်က ထရပ်ကားတစ်စီးဖြစ်ဖြစ်၊ ဘီးပါပြီး မောင်းရတဲ့ယာဉ်တစ်စီးစီးကို အရယူဖို့ပဲ၊ တကယ်လို့ အနီးအနားမှာ ယာဉ်တစ်စီးမှ တွေ့ရဘူးဆိုရင်တော့ ဗိုလ်မှူးဖိုဒါတို့ကို လိုအပ်တဲ့အကူအညီပေးဖို့ပဲ"

"မောင်ရင်ပြောတာ ဟုတ်တယ်"

ဗိုလ်မှူးဂျက်က အနီးကပ် ဘရီဖင်းပေးနေ၏။

"ဒါပေမယ့် တစ်ခုတော့ တက်သာ ဆုတ်သာရှိအောင် လုပ်ရလိမ့်မယ်။ အနီးအနားမှာ ယာဉ်တစ်စီးစီးရှိနေတယ်ဆိုပါတော့။

"ဒါပေမယ့် ဖိုဒါတို့က ဝိုင်းလာတဲ့ဂျာမန်တွေကို ရှင်းနေတာတွေ့ရင် ယာဉ်ကိုအသာထားပြီး ဝိုင်းလာတဲ့ဂျာမန်တွေကို ဖိုဒါတို့နဲ့အတူတူ ရှင်းပေးရမယ်။

"ကျုပ်တို့ကိုယ်ပေါ်ကဝတ်စုံတွေက သာမန် ဂျာမန်တွေကို မကပ်ရဲအောင် ခြောက်ထားနိုင်တယ်။ ဒါပေမယ့် ရှုရှတပ်တွေ ဝင်စီးခံရတော့မယ့် အခြေအနေမျိုးမှာ ဂျာမန်တွေဟာ တို့ရဲ့ အက်စ်အက်စ်ဝတ်စုံတွေကို ရှုရှတပ်သားတွေလောက် ကြောက်စရာကောင်းတယ်လို့ ထင်မှာမဟုတ်ဘူး။

"ဒီတော့ ဘာမှညာမနေနဲ့၊ လေယာဉ်နားကပ်လာတဲ့လူဆိုရင် အသေသာ ပစ်၊ နားလည်တယ်မဟုတ်လား။

"ကဲ...ဂျိုဇက်၊ မင့်တာဝန်က ဘာလဲ"

သေနတ်ပစ်ကွင်းတွင် အချင်းဖြစ်ပွားခဲ့ပြီးနောက် ဗိုလ်မှူးဂျက်၏ ကြိမ်းမောင်းသံကို နာခံလိုက်နာခဲ့သည့် ဗိုလ်ဂျိုဇက်က စောစောကပင် ခွဲဝေပေးထားသည့် တာဝန်ပိုင်းကို ရိုးရိုးပင်ပြန်ပြောလိုက်၏။

သို့တိုင်အောင် သူပြောပုံက ခနဲ့သလို။

"ကျွန်တော့်တာဝန်ကတော့ ဆက်သားကိုကြည့်ရှုစောင့်ရှောက်ဖို့ပဲ၊ ဒီလိုစောင့်ရှောက်ကြည့်ရှုရတာကလည်း အတော့်ကို ပျော်စရာကောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဂျိုဇက်အထက်ဘက်နားတွင် ထိုင်နေသည့် ဆာယာက တစ်ကို
တည်း ပြုံးမိသွားသည်။

ဗိုလ်မှူးဖို့ဒါက လေအေးအေးဖြင့် ညည်းလိုက်သည်။

"ဗိုလ်မှူးဂျက်က ဂျိုဇက်ကို ဘာဖြစ်လို့ ဆက်သားအမျိုးသမီးကို စေ
ရှောက်ကြည့်ရှုဖို့ တာဝန်ပေးထားရတာလဲ မဆိုနိုင်ဘူး။

"ဂျိုဇက်ကို အမျိုးသမီးတစ်ယောက်ကို စောင့်ရှောက်ကြည့်ရှုဖို့ ခိုင်းထ
တာဟာ ကစော်သမားတစ်ယောက်ကို အရက်ဆိုင်ထိန်းပေးပါလို့ ခိုင်းတာ
အတူတူပဲ။

"ဒီလိုပြောလိုက်တာ နာစေလိုတဲ့သဘောမရှိပါဘူး"

ဖို့ဒါက နောက်ဆုံးအပိုဒ်ကို မြန်မြန်ကလေး ထည့်၍ပြောလိုက်၏။

ဤတွင် ဆာယာက အရွန်းကလေးဖောက်၍ လေပြည်ထိုးလိုက်သည်

"ဘယ်သူကမှလည်း မနာပါဘူးရှင်...၊ ဆာယာက ဒီလို ကဖျစ်ကည
ဝတ်စားထားတာကိုတောင် သူက မနောခွေ့နေတယ်ဆိုတော့ သူဟာ သိ
စိတ်ကူးယဉ်မယ့် လူတစ်ယောက်ပါ"

စစ်တလင်းဖြစ်နေသည့် ဂျာမနီတွင် စခန်းထိန်းသိမ်းရေး ရဲဘော်အဖြ
သရုပ်ဆောင်လာသည့် ဆာယာက ဂျာမန်တပ်မှ ဂရိတ်ကုတ်အင်္ကျီအဟော
ကြီးကို ဝတ်ထားသည်။

ဂရိတ်ကုတ်အင်္ကျီကြီးအဖျားက ဆာယာ့ ဒူးအောက်ဘက်နားသို့ပင် ဖားလျ
ကျလျက်။

ဂရိတ်ကုတ်အင်္ကျီကြီးအောက်တွင် ဆာယာက ဆွယ်တာအစုတ်တစ်ထည
ကို ဝတ်ထားသည်။ စကတ်ကလည်း အဟောင်း။ အတွင်းခံအင်္ကျီကမှ ၁၉၃
ခုနှစ်ကပင် ဂျာမနီနိုင်ငံ ဟမ်ဘက်မြို့၌ ဝယ်လာခဲ့သည့်အင်္ကျီ။

နှုတ်ခမ်းပေါ်တွင် အပေါစား အနီရောင်နှုတ်ခမ်းဆိုးဆေးကို ခြယ်သထာ
သည်မှအပ မျက်နှာပေါ်တွင် မိတ်ကပ်လုံးဝမရှိ။

ဆံပင်ကလည်း လျှော်ဖို့၊ ဖြီးဖို့ သင်ဖို့ လိုနေကြောင်း ဖော်ပြနေသည်

သို့တိုင်အောင် ဆာယာ့ရုပ်ရည်က ကာမတဏှာကို လာပါဟု ဖိတ်ခေါ်နေ
သည့်ပုံ ပေါ်နေ၏။

သည်အချက်ကိုလည်း စစ်ဆင်ရေးတွင်ပါသည့် ပုရိသတိုင်းက မြင်နေ
တွေ့နေရသည်ဖြစ်ရာ ဗိုလ်ဂျိုဇက်လို ယောကျ်ားလူရွယ်ကျမှ အဘယ်ကြောင





မြင်မတွေ့ဘဲနေပါမည်နည်း။

ဂျိုဇက်က ဆာယာပြောလိုက်သည့်စကားကို...

"ကျွန်တော်က စိတ်ကူးယဉ်တဲ့လူတစ်ယောက်ဖြစ်နေတာ ဘာထူးဆန်း
ဘာ့မလဲဗျာ၊ ဆာယာက လေရှူးသုန်သုန်ဓာတ်ကားထဲက မင်းသမီး ဗီဗီယင်
လေးနဲ့ သိပ်တူနေတာကိုးဗျ"

ဗိုလ်မှူးဖို့ဒါက ခရစ်တော်ကိုတ၍ ညည်းလိုက်ရင်း...

"ဂျိုဇက်ရေ...မင်းကလည်း ပြောနေပြန်ပါပြီ၊ ဆာယာက ရုပ်ရှင်မင်းသမီး
နဲ့ မတူပါဘူးကွယ်"

"မတူဘူး ဟုတ်လား"

ဂျိုဇက်က ကိုယ်အထက်ပိုင်းကို မတ်မတ်ထား၍ ပြင်ထိုင်လိုက်ရင်း
လေရှူးသုန်သုန်ဓာတ်ကားတွင် သရုပ်ဆောင်မင်းသားအဖြစ်ပါဝင်သော ကလပ်
ဂေဘယ် အမူအရာမျိုးလုပ်ရန် ဟန်ပြင်လိုက်သည်။

အမေရိကန်နှစ်ယောက်က ရုပ်ရှင်လူရွှင်တော် ဘတ်အကော့နှင့် ကော့စတီ
လိုယ်တို့ သရုပ်ဆောင်ခန်းသို့ ဆိုက်မလာခင် ဗိုလ်မှူးဂျက်က ကြားဝင်လိုက်
သည်။

"ကဲ...မင်းကိုပေးထားတဲ့ တာဝန်နဲ့ပတ်သက်တဲ့ ကျန်တဲ့အပိုင်းကို ကြား
ကြရအောင်"

ဗိုလ်ဂျိုဇက်က ချက်ချင်းပင် တည်ငြိမ်လေးနက်သည့် အမူအရာကို ပြလာ
သည်။

"စစ်ဆင်ရေးအဖွဲ့ဝင်တွေက သက်ဆိုင်ရာတာဝန်တွေကို လုပ်ဆောင်နေချိန်
မှာ ဆာယာကလည်း သူ့ကိုပေးထားတဲ့တာဝန်ကို ထမ်းဆောင်နေမှာပဲ။

"ဒီလိုထမ်းဆောင်နေချိန်မှာ ကျွန်တော်က မိခင်ကြက်မကြီးက ကြက်
ပေါက်စကလေးကို စောင့်ကြည့်နေသလို စောင့်ကြည့် စောင့်ရှောက်နေရမယ်။

"ဗိုလ်မှူးဂျက်က ကျွန်တော့်ကို လိုတဲ့အကူအညီပေးဖို့ အသင့်ရှိနေမယ်။

"ဒီစစ်ဆင်ရေးအဖွဲ့က တခြားအဖွဲ့ဝင်တွေ ဒဏ်ရာရတာ၊ သေတာ၊
ကြတာ ကျွန်တော့်တာဝန်မဟုတ်ဘူး။

"ကျွန်တော့်တာဝန်က ဆာယာနဲ့အတူ ဆာယာရဲ့စာရွက်စာတမ်းတွေနဲ့
အသံလွှင့် အသံဖမ်းစက်ကို ဘာလင်မြို့ထဲအရောက် ရောက်လာအောင် တာဝန်
ယူပေးဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဇက်က ဤမျှနှင့် ရပ်ပစ်လိုက်သင့်ပါလျက်နှင့် သူ့ဝသီအတိုင်း စ
ကြောရှည်လိုက်ပြန်၏။

"ဒီလိုတာဝန်ထမ်းဆောင်ပြီးတဲ့နောက်မှာတော့ ကျွန်တော်က လေ
သုန်သုန် ဓာတ်ကားထဲက ဓာတ်လိုက်လို"

ဂျိုဇက် စကားအဆုံးမသတ်နိုင်မီ ဂျက်က...

"လေယာဉ်ပေါ်က နောက်ဆုံးဆင်းမယ့်လူဟာ ကျုပ်ပဲ၊ ကျုပ်တို့စီစဉ်
တဲ့အတိုင်း အားလုံးအဆင်ပြေနေတာတွေ့ရရင် ကျုပ်က ဗိုလ်ပယ်ရီကို လေယ
အံဖုံးကိုပိတ်ပြီး လေယာဉ်ပျံထွက်ဖို့ အချက်ပြလိုက်မယ်။

"ကျုပ်တို့ရဲ့လှုပ်ရှားမှုဟာ လေယာဉ်ကွင်းပေါ်ရောက်လာပြီး လေယာ
ထွက်သွားတဲ့အချိန်အထိ စက္ကန့် ၃၀ ထက်ပိုပြီး မကြာစေရဘူး"

စစ်ဆင်ရေးအဖွဲ့ဝင်တိုင်းက လေယာဉ်ကွင်းပေါ်သို့အရောက်တွင် အသီး
လုပ်ဆောင်ရမည့် တာဝန်ကို တိတိကျကျသိနေသဖြင့် ဗိုလ်မှူးဂျက်က ကျေ
သွားသည်။

လေယာဉ်နံရံကို ကျောမှီကာ အပန်းဖြေနေသည့် ဂျက်က သူနှင့်ခပ်လှ
လှမ်းတွင်ရှိနေသော ဆာယာတစ်ယောက် ပြုံးနေမည်ကို လှည့်မကြည့်ဘဲ သိနေ

ဆာယာ့ယောကျ်ား ကွယ်လွန်ခဲ့ပြီးနောက် သူနှင့် ဆာယာတို့၏ တ
ယောက်နှင့်တစ်ယောက် နီးစပ်မှုရှိရန် အကြောင်းကံဖန်တီးလာခဲ့ပုံကို ဂျက်
ပြန်သတိရနေ၏။

သို့သော်...

ဆာယာက အထူးစစ်ဆင်ရေးအဖွဲ့တွင် အမှုထမ်းတစ်ယောက်အဖြစ်
ရောက်သွားသောအခါ ဂျက်က ဆာယာ့ကို စုံစမ်းမရခဲ့တော့။

အကယ်၍သာ ဆာယာက ကနေဒါတွင် ဆက်၍ နေထိုင်ခဲ့လျှင်...

သည်အတွေးကြောင့် ဂျက်က သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်မိ

အချိန်၊ အခါ၊ ရောက်နေသည့်နေရာက နှလုံးသားအရေးကို အကဲပေး
မည့်နေရာမဟုတ်။

ဂျက်က သိပြီးသား။

လေယာဉ်ရှေ့ခန်းမှ လေသူရဲဝိုလီအသံက လေယာဉ်ကိုယ်ထည်ကြီးအတွ
ရှိ အသံချဲ့စက်တွင် ကျယ်ကျယ်ကလေးပေါ်လာ၏။

"ကျွန်တော်တို့ အဲလ်ဘ်မြစ်ဘက်ကို နီးလာပြီ၊ ကျေးဇူးပြုပြီး ဗိုလ်မှူးဂျ





 န်တော်တို့ရှေ့ခန်းကို လာစေချင်ပါတယ်"

ဂျက်က လေယာဉ်ရှေ့ခန်းဆီသို့လာခဲ့၏။

လဆုတ်လက မိုးသားကင်းသည့် ကောင်းကင်ပြင်တွင် မင်းမူနေသည်။

လရောင်ဖြင့် အဲလ်ဘ်မြစ်ကို အောက်တွင် တွေ့မြင်နေရ၏။

ဝန်းကျင်တစ်ဝိုက်ကလည်း လရောင်တွင် မွေးလျက်။

ဂျာမန်မြေ...

အဲလ်ဘ်မြစ် အရှေ့ဘက်တွင် စစ်ဖြစ်နေသည်နှင့်မတူသည့် ဝန်းကျင်ကို
င်တွေ့နေရ၏။

မဟာမိတ်များသိမ်းပိုက်ထားသည့်နေရာ။

နေဝင် မီးငြိမ်းအမိန့်ကို လျှော့ပေါ့ထားသဖြင့် အောက်ဘက်တွင် တလက်
က် မီးရောင်များကို ကြိုကြားကြိုကြား မြင်နေရလေသည်။

သို့သော်...

အဲလ်ဘ်မြစ် အရှေ့ဘက် ဂျာမန်တပ်များ ယခုတိုင် ခံစစ်ပြုနေသည့်
ရာများ၌ အောက်တွင် မြင်မြင်သမျှ အမည်းနှင့်အမှောင်ချည်း။

သည်အမှောင်နှင့် မည်းမည်းကြားမှ လင်းခနဲ ဖြာခနဲ ဖြစ်သွားသည့်
ရောင်များက လျှပ်ပြက်သလို။

ပစ်လိုက်သည့်အမြောက်ဆန်များမှ ထွက်လာသည့်မီးလျှံ။

သည်မီးလျှံများအကြားတွင် ကွင်းပြင်ကျယ်တစ်ခုလိုဖြစ်နေသည့် မီးရောင်
န်းများ။

မီးရောင်တန်းများဝိုင်းထားသည့် ကွက်လပ်က ကြည့်ရင်းကြည့်ရင်း ပို၍
းလာသည်။

"လေယာဉ်ကွင်းအဖျားပိုင်းကို ကျွန်တော်တို့မြင်နေရပြီ၊ ဘာအန္တရာယ်မှ
ရင် လေယာဉ်ကွင်းကို မိနစ် ၂၀ အတွင်းမှာ ရောက်နိုင်တယ်"

လေသူရဲဝိုလ်ထံမှ ကြားလိုက်ရသောစကားကြောင့် ဂျက်က ဝမ်းသာသွား
...

"ကျွန်တော့်အဖွဲ့သားတွေကို အသင့်ရှိနေဖို့ ကျွန်တော် သွားသတိပေးလိုက်
ယ်"

"အဖွဲ့သားတွေကို ငြိမ်ငြိမ်ကလေးထိုင်နေကြဖို့ သတိပေးထားပါ၊ လေယာ
ဆင်းမှာ တစ်ခုခုနဲ့ဝင်တိုက်မိရင် မတ်တတ်ရပ်နေတဲ့လူတွေ ဒုက္ခဖြစ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်"

ဂျက်က ဝီလီစကားကို နားထောင်နေရာမှ ပိုချ်ပိုချ် ကြီးလာသည့် မီးတေ
အပိုင်းကြားမှ ကွက်လပ်ကိုကြည့်ရင်း တွဲဖက်လေသူရဲ ပီတာအား မေးလိုက်၏
"ခုမြင်နေရတာက ဘာလဲဗျ"

"ဒါ ဗိုလ်မှူးတို့သွားနေတဲ့နေရာပေါ့၊ ဘာလင်မြို့တော်လေ၊ ထင်းရှူးသေတ္တာ
မီးရှို့ခံနေရသလို ဖြစ်နေတဲ့ ဘာလင်၊ ဒါပေမယ့် မိုင် ၅၀ လောက် လိုပါသေး
တယ်"

"ဘာဖြစ်လို့ မီးရောင်တဖျပ်ဖျပ် တောက်နေရတာလဲဟင်"

"မီးခိုးတွေအူထွက်လာပြီး မီးလျှံတွေနဲ့အတွေ့မှာ မီးရောင်တဖျပ်ဖျပ်တောက်
သလို ဖြစ်နေတာပါ"

"မနေ့ကပဲ ကျွန်တော် ကောင်းကင်ကနေ ဓာတ်ပုံရိုက် ထောက်လှမ်း
ဒီနေရာရောက်ခဲ့သေးတယ်၊ မီးခိုးတွေက သိပ်ထွက်နေတော့ ပေ ၅၀၀ လောက်
ရောက်အောင်ဆင်းမှပဲ အောက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ မြင်ရတော့တယ်"

"ကျွန်တော်တို့ကတော့ ဘာလင်ကို ဗုံးမကြဲတော့ဘူး၊ ရုရှအမြောက်ကြီး
တွေကသာ ဘာလင်ကို မြေပြင်ကပျောက်သွားအောင် လက်စွမ်းပြနေကြတာ
ပါဗျာ"

ဂျက်က လေယာဉ်ရှေ့ခန်းမှ အထဲသို့ပြန်ဝင်လာကာ…

"အားလုံးအသင့်ပြင်၊ ပြင်ပြီးရင် ငြိမ်ငြိမ်ထိုင်နေ၊ ရန်သူ့ တိုက်လေယာဉ်
လာတိုက်မယ့်အန္တရာယ်ရှိနေတယ်"

အဖွဲ့သားတိုင်းပင် မိမိတို့အသုံးအဆောင်ပစ္စည်းနှင့် လက်နက်များ အသင့်
ရှိ၊ မရှိ ပြန်စစ်ကြည့်ကြ၏။

အမှန်တော့ ပြန်စစ်ကြည့်ဖို့မလိုတော့။ လေယာဉ်စီးလာစဉ် ပြန်စစ်ခဲ့သည့်
အကြိမ်က ဒါဇင်ဝက်ကျော်ကျော်။

လက်နက်ကိုင်ဆောင်ခြင်းမရှိသည့် ဆာယာမှအပ အဖွဲ့ဝင်တိုင်း မိမိတို့
လက်နက်များကို ပြန်စစ်နေကြ၏။

အဖွဲ့သား အမျိုးသားတိုင်းတွင် မရှင်ပစ္စတိုတစ်လက်စီ။

အရာရှိများကမူ မရှင်ပစ္စတိုအပြင် ၉ မမ လူဂါသေနတ်ကို ခါးတွင်ချိတ်
လျက်။

အခြားအဆင့် စစ်သည်များအနက် ဒုတပ်ကြပ် မက်ကလင်းတစ်ယောက်





သာ ယူဂိုစလားဗီးယား ပြောက်ကျားတိုက်ပွဲများမှ ရလာသည့်အကျင့်ကို မဖျောက်
နိုင်ဘဲ…

အများကိုင်နေကျ မရှင်ပစ္စတိုအပြင် နောက်ပစ္စတိုတစ်လက်ကို လက်
မောင်း၌ စလွယ်သိုင်း၍ ယူဆောင်လာ၏။

စစ်ပစ္စည်းနှင့် လက်နက်များကို ပြန်စစ်ပြီးကြပြီးနောက် ဗိုလ်မှူးဂျက်က
အဖွဲ့ဝင်တစ်ယောက်စီကို လိုက်၍ စစ်ဆေးကြည့်ရှုနေသည်။

ဒီဗွန်လေ့ကျင့်ရေးစခန်းမှ ဆရာများဖြစ်ကြသော ဘရောင်းနင်း၊ ဂရေးနှင့်
ထိစ်တို့က ချီးမြှင့်လိုက်သည့် ဘွဲ့တံဆိပ်များမှာ အတော်ပင် များနေသည်ဟု
ဂျက်က ထင်နေ၏။

ဒုတပ်ကြပ်မက်ကလင်းနှင့် မိုက်တို့က ဂျာမန် အက်စ်အက်စ် ယန္တရားတပ်
ဒုတပ်ကြပ်ဝတ်စုံများကို ဝတ်လျက်။ ဝတ်စုံများပေါ်၌ ဂျာမန်ပထမတန်း သူရဲ
ကောင်းတံဆိပ်နှင့် ဒုတိယတန်း သူရဲကောင်းတံဆိပ်များကို တပ်ဆင်ထားကြ
သည်။

ဒုတပ်ကြပ်မိုက်၏ စစ်အင်္ကျီလက်ယာဘက်လက်တွင် ရန်သူ့တင့်ကားကို
တစ်ယောက်တည်းတိုက်ခိုက်ခဲ့သည့် တံဆိပ်ကိုလည်း ဆွဲချိတ်လျက်။

တပ်ကြပ်ကြီးမှူးလား၏ ဂျာမန်စစ်ဝတ်စုံပေါ်တွင်လည်း အိုင်ယင်ကရော့စ်
ဒက်စ်ကလပ်စ်နှင့် ဆဲ့ကင်ကလပ်စ်သူရဲကောင်း ပထမတန်းတံဆိပ်နှင့် ဒုတိယ
တန်း တံဆိပ်က တွဲလောင်းခိုကာ။

၄၁/၄၂ ဆောင်းရာသီတိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့သော ဝါရင့်စစ်သား
ဟောင်းကြီးတစ်ယောက်ဖြစ်ကြောင်း ဖော်ပြသည့် ဖဲပြားတံဆိပ်ကလည်း မှူးလား
၏ စစ်ဝတ်စုံ ကြယ်သီးပေါက်တွင် နေရာယူထားသည်။

ဒီဗွန်လေ့ကျင့်ရေးစခန်းမှ ဆရာကြီးဘရောင်းနင်းက အရာရှိများဖြစ်သော
ဂျက်၊ ဗိုဒါ၊ ဒမ်ဗာနှင့် ဂျိဇက်တို့သည် သူရဲကောင်းပထမတန်း တံဆိပ်များကို
တပ်ဆင်သင့်သည်ဆိုကာ စစ်ဝတ်စုံများတွင် ချိတ်ဆွဲပေးလိုက်၏။

ဂျက်က စစ်ဆင်ရေးမှူးဖြစ်နေသောကြောင့် ဗစ်တိုးရီးယားကရော့စ်နှင့်
အကြမ်းဖျင်းတူညီသည့် ဂျာမန်ဝက်သစ်ချရွက် တံဆိပ်ကိုပင် တပ်ဆင်ပေးထား
သည်။

ဗိုလ်ဂျိဇက်ကလည်း ဂျာမန်အက်စ်အက်စ် ယန္တရားတပ် စစ်ဗိုလ်ဝတ်စုံတွင်
ပထမတန်းနှင့် ဒုတိယတန်း သူရဲကောင်းတံဆိပ်အပြင် ၄၁/၄၂ ဆောင်းရာသီ



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေး၌ ပါဝင်ခဲ့ဖူးသည့် မော်ကွန်းဖဲပြားတံဆိပ်။

ဗိုလ်ကြီးဒမ်ဗာ့ဝတ်စုံတွင်လည်း ဂျာမန်သူရဲကောင်း ပထမတန်းနှင့် ဒုတိယ တန်း တံဆိပ်များအပြင် လက်ဝဲအင်္ကျီအိတ် အထက်ဘက်၌ လက်တစ်ကမ်း တိုက်ပွဲဆင်နွှဲရာ၌ စွမ်းစွမ်းတမံ သံမဏိသူရဲကောင်းဖြစ်ကြောင်း ဖွင့်ဆိုထား သည့် တံဆိပ်က ချိတ်လျက်။

ဒီပွန်လေ့ကျင့်ရေးစခန်းမှ ဆရာကြီးဘရောင်းနင်းက ဗိုလ်မှူးဂွက်၏ ဂျာမ စစ်ဝတ်စုံ လက်ယာဘက် အင်္ကျီလက်ဖျားတွင်...

ဟစ်တလာ အဓိပတိအဖြစ်သို့မရောက်မီကပင် နာဇီပါတီဝင်ဟောင်းကြီး တစ်ဦးဖြစ်ကြောင်း ဖော်ပြသည့် မော်ကွန်းတံဆိပ်က ဝင့်ကြွားကာ။

ဂျန်ကား ၅၂ ဂျာမန်လေယာဉ်က အဲလ်ဘ်မြစ်ကို ဖြတ်ကျော်မိသည်နှင့် မကြာမီ တွဲဖက်လေသူရဲ ပီတာ့အသံက ပေါ်ထွက်လာလေသည်။

"လေယာဉ်နောက်ဘက်မှာ ဗိုလ်မှူး"

"ကောင်းပြီ၊ ဘယ်လိုရန်သူ၊ ဘယ်လောက်အကွာဆိုတာ သတင်းပို့"

"ရုရှ ယဒ်က် နိုင်ယူ Yak - 9 U တိုက်လေယာဉ်၊ နောက်ဘက် ဂိုက် ၄၀၀၀ အကွာ၊ လေသူရဲတစ်ယောက်တည်း"

လေသူရဲဝီလီက ရုရှတိုက်လေယာဉ် ယဒ်က်နိုင်ယူအကြောင်းကို သိပြီး သား။

ရုရှတိုက်လေယာဉ်က တစ်နာရီ မိုင် ၄၃၀ အထိ ပျံနိုင်စွမ်းရှိကာ ၂၀ မမ စက်အမြောက်တစ်လက်နှင့် ၁၂ ဒသမ ၇ မမ စက်သေနတ်နှစ်လက် တပ်ဆင်ထားသည်။

အလှည့်အကျွေ့ အတက်အဆင်းတွင် ရုရှတိုက်လေယာဉ်က သိမ်းငှက် တစ်ကောင်လို။

ပေ ၂၀၀၀၀ အောက်၌ ရုရှတိုက်လေယာဉ်က ဘယ်သူ့ကိုမှ ဗိုလ်မထား။

ရုရှတိုက်လေယာဉ်နှင့် ယှဉ်လိုက်လျှင် ဂျန်ကား ၅၂ က ဗိုက်ထဲမှ ငါး တစ်ကောင်လို မလှုပ်သာ မရွေ့သာ။

လေသူရဲဝီလီက ပီတာနှင့် တပ်ကြပ်ကြီးပယ်ဒီအား ပစ်ရန် အသင့်ပြင်ဟု အမိန့်ပေးလိုက်ပြီးနောက် လေယာဉ်ဦးပိုင်းကို အောက်ဘက်သို့နှိမ့်ပေးလိုက်၏။

ရုရှလေယာဉ်နှင့် ဝီလီ၏ ဂျာမန်သယ်ယူပို့ဆောင်ရေးလေယာဉ် ဂျန်ကား ၅၂ ထံမှ စက်အမြောက်ကလေးအသံများ တစ်ပြိုင်နက် ပေါ်ထွက်လာလေသည်။





ဂျန်ကား ၅၂ လေယာဉ်ထဲမှ စစ်ဆင်ရေးအဖွဲ့ဝင်များမှာ လေယာဉ်နှင့် အတူ ရှေ့သို့လိမ့်၍ကျလာ၏။

တစ်နာရီလျှင် မိုင် ၄၀၀ နှုန်း ပျံသန်းနေသော ရုရှတိုက်လေယာဉ်က အထနှေး အပျံနှေးနေသည့် ဂျန်ကားသယ်ယူပို့ဆောင်ရေးလေယာဉ်ကို လွန်ကာ ဂိုက် ၃၀၀၀ အကွာသို့ ရောက်သွားသည်။

ဝါရင့် လေသူရဲ ဝီလီက ရုရှတိုက်လေယာဉ် လေသူရဲမှာ လက်သင် ကလေး တစ်ယောက်မျှဟု အတတ်သိလိုက်၏။

ဂျာမန်စစ်မျက်နှာ၌ စစ်ပွဲကြီးတစ်ပွဲ နိဂုံးတံတော့မည်ကို သိနေသည့် ရုရှ လေသူရဲပေါက်စကလေးများက ဂျာမန်လေယာဉ်တစ်စီးစီးကို ပစ်ချလိုက် သည်ဟူသောဂုဏ်ကို လိုချင်ဇောဖြင့်...

ဝေဟင်တွင် လေယာဉ်ဖြင့်တက်လာကြောင်း ဝါရင့်လေသူရဲ ဝီလီက စားလည်နေသည်။

ရုရှတိုက်လေယာဉ်က တစ်ပတ်ပြန်လှည့်ကာ ဂျန်ကား ၅၂ ကို စက် အမြောက်ဖြင့် တိုက်ခိုက်ပြန်၏။

ဝီလီက ရုရှတိုက်လေယာဉ်ထက် ပေ ၅၀၀ အောက်သို့ ရောက်နေ၏။

စက်အမြောက်ကျည်ဆန်များက လေကိုသာထွင်းဖောက်နေကြသည်။

ရုရှတိုက်လေယာဉ်က ဂျန်ကား ၅၂ ကိုလွန်ကာ ရှေ့ဘက် နှစ်မိုင်အကွာ သို့ ရောက်သွား၏။

မည်သို့ပင်ဖြစ်စေ၊ လ,က ထိန်ထိန်သာနေသဖြင့် ရုရှတိုက်လေယာဉ်မှ လေသူရဲပေါက်စကလေးက ဂျန်ကား ၅၂ မည်သည့်နေရာသို့ ရောက်နေသည် ကို အထင်းသား မြင်နိုင်ပေလိမ့်မည်။

ရုရှလေသူရဲက ငယ်သူဖြစ်သောကြောင့် အနံ့ခံရာတွင် ထက်မြက်နိုင်ပေ သည်။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၄၀ ]

လေသူရဲဝီလီက ဘာလင်သို့ အမြန်ဆုံးရောက်အောင် စက်ကုန်နှင်နေ၏။

ဘာလင်နှင့် ပို၍နီးလာလေ၊ မြင်နေရသည့် မီးတောက်မီးလျှံကြီးက ပို၍ မီးပင်လယ်ကြီးနှင့် တူလာလေ။

မြို့တော်ကြီးတစ်မြို့ရှိနေခဲ့သည်ဆိုသည့်စကားကို မြင်နေရသော မီးပင်လယ်ကြီးကြောင့် ယုံရခက်သလို။

တင်ပဲလ်ဟော့ဖ်လေယာဉ်ကွင်းပေါ်သို့ရောက်ရန် ဆယ်မိနစ်ခန့်သာ လိုတော့မည်ဟု ဝီလီက ခန့်မှန်းလိုက်၏။ နောက်မှလိုက်လာသည့် ရုရှ တိုက်လေယာဉ်က လေယာဉ်ကွင်းအထက် ကောင်းကင်ပြင်သို့ ထိုးဝင်လာလျှင်...

ဂျာမန်လေယာဉ်ပစ်အမြောက်များ၏ ဆီးဆို့ပစ်ခတ်ခြင်းကို ခံရမည်မှာ မလွဲ။

"ရုရှလေယာဉ် ဘယ်ရောက်နေလဲ"

ဝီလီက တပ်ကြပ်ကြီးပယ်ဒီအား လှမ်းမေးလိုက်သည်။

လေကြောင်းလမ်းပြတာဝန်ကိုပါ ယူထားရသော တွဲဖက်လေသူရဲပီတာက တင်ပဲလ်ဟော့ဖ် လေယာဉ်ကွင်းပေါ်သို့ ဆင်းသက်နိုင်ရေးအတွက် လေကြောင်းလမ်းကို စူးစိုက်ရှာဖွေ တွက်ချက်နေသည်။

"ရုရှလေယာဉ်က ကျွန်တော်တို့အထက် ပေ ၂၀၀၀ အမြင့်မှာ၊ ကျွန်တော်တို့နောက်ဘက် ကိုက် ၅၀၀၀ အကွာမှာ။

"ဟော...ရုရှလေယာဉ် ကျွန်တော်တို့ဘက် ပြန်လှည့်လာပြီ၊ ကျွန်တော်တို့ အထက် ပေ ၃၀၀၀ အမြင့်မှာ၊ အကွာကတော့ နောက်ဘက် ကိုက် ၅၀၀၀ မှာ။





"ရုရှလေယာဉ်က ကျွန်တော်တို့ကိုမြင်ပုံမရဘူး၊ ရုရှလေသူရဲက ကန်း နေသလားမသိဘူး"

ပယ်ဒီ့ သတင်းပို့ချက်ကို လေသူရဲဝီလီက...

"ရုရှ လေသူရဲပေါက်စကလေးက ကျုပ်တို့ကို လွယ်လွယ်နဲ့ တိုက်လို့ နိုင်မှန်း သိသွားပုံရတယ်၊ သူ့လေယာဉ် တို့အောက်ဘက်ရောက်လာရင် သတင်းပို့"

"ကောင်းပါပြီ"

စကားပြောသံ တိတ်သွားသည်။

ငါးစက္ကန့်လောက်ကြာပြီးနောက် ပယ်ဒီ့အသံ ပြန်ပေါ်လာ၏။ လေယာဉ် မောင်းလိုက်ပါကြရသော ဗိုလ်မှူးဂျက်တို့အဖို့ ငါးနာရီလောက်ကြာသည်ဟု ထင်နေရ၏။

"ရုရှလေယာဉ် ကျွန်တော်တို့ကို တွေ့သွားပြီ"

ဝီလီက...

"ရုရှလေယာဉ် ကိုက် ၁၀၀၀ လောက်အကွာအထိ ရောက်လာရင် သတင်း ပို့"

ပယ်ဒီက ရုရှလေယာဉ်လှုပ်ရှားမှုကိုကြည့်ရင်း သတင်းပို့နေ၏။

"ကိုက် ၄၀၀၀"

"ကိုက် ၃၀၀၀"

လေယာဉ်ထဲရှိ ဗိုလ်မှူးဗိုဒါက ဘုရားတ,လိုက်၏။

"ကိုက် ၂၀၀၀"

"ကိုက် ၁၀၀၀"

တပ်ကြပ်ကြီးပယ်ဒီက ရုရှလေယာဉ်ကို ကြိုး၍တိုက်ခိုက်လိုက်၏။

လေသူရဲဝီလီက လေယာဉ်ကို ဘေးတိုက် စောင်းချလိုက်သည်။

ဂျက်နှင့်အဖွဲ့သားများက လေယာဉ်ကြမ်းပြင်ကို ကျားကန်ကာ အပေါ်မှ န်းကို မြဲမြဲချိတ်ထားသည့်တိုင် တစ်ရွတ်တိုက်၍ ပါနေ၏။

ကော်ဒိုက်ယမ်းနံ့က လေယာဉ်ထဲတွင် လှောင်နေသည်။

ပယ်ဒီ့စက်သေနတ်သံက စက်သံထက်ကျယ်သလို ထင်နေရ၏။

ခဏအကြာတွင် လေယာဉ်က ပုံမှန်အတိုင်းဆက်၍ ပျံနေသည်။ ရုရှ လေယာဉ်က နောက်ဘက်မှာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးနှင့်တစ်စီး ပစ်ခတ်နေဆဲ။

သို့သော် ဂျန်ကား ၅၂ လေယာဉ်က ရုရှတိုက်လေယာဉ်ထက် အော ဘက် ပေ ၂၀၀၀ လောက်အကွာသို့ ရောက်နေသဖြင့် ရုရှလေသူရဲ ပစ်မှတ်နှင့်လွဲနေသည်။

လေသူရဲဝီလီက မိမိလေယာဉ် ပေ ၂၅၀၀ အမြင့်တွင် ပျံသန်းနေကြော အမြင့်အနိမ့်ပြ ဒိုင်ခွက်ကိုကြည့်၍ သိနေ၏။

တွဲဖက်လေသူရဲပီတာက တည်ငြိမ်သည့်လေသံဖြင့်...

"တင်ပဲလ်ဟော့ဖ် လေယာဉ်ကွင်းဆင်းဖို့ လေကြောင်းလမ်းအသစ် ရှ ပေးရဦးမလား"

"လောလောဆယ်တော့ မလိုသေးဘူး၊ အနီးဆုံးလမ်းကြောင်းလော ထောက်ပြရင်ဖြစ်တယ်၊ ရုရှတိုက်လေယာဉ်က ထပ်ပြီး လာတိုက်ဦးမယ်ဆို တော့ ကျုပ်တို့ အီတလီနိုင်ငံဘက်ကို ပျံပြေးရမှာပဲ"

ဗိုလ်မှူးဂျက်က အဖွဲ့သားများအား အထိအနိုက် ရှိ၊မရှိ မေးနေ၏။

တပ်ကြပ်ကြီးပယ်ဒီက လေသူရဲဝီလီထံ သတင်းပို့သံထွက်ပေါ်လာ

"ကျွန်တော်တို့ ရုရှမိတ်ဆွေကလေးကတော့ ဂျာမန်တိုက်လေယာဉ်ထ နဲ့ တွေ့နေပြီ"

"သေချာရဲ့လားဟေ့"

"သေချာတယ်၊ မက်ဆာားစမစ် ဘီအက်ဖ် ၁၀၉ အမျိုးအစား ဂျာ တိုက်လေယာဉ်"

"ဟော...ရုရှတိုက်လေယာဉ်က ထွက်ပြေးသွားပြီ"

"ဒါဖြင့် ကောင်းတာပေါ့၊ ကျုပ်တို့ တင်ပဲလ်ဟော့ဖ်မှာ အခြေအနေကြ မယ်၊ ဆင်းလို့ရရင် ဆင်းမယ်"

လေသူရဲဝီလီက တင်ပဲလ်ဟော့ဖ် လေယာဉ်ကွင်းကို အရှေ့တောင်ဘက် ဝဲပျံ၍ ဆင်းနိုင်အောင် ကြိုးပမ်းနေ၏။

ဘာလင်က မီးပင်လယ်ပြင်ကြီးဖြစ်နေသည့်တိုင် မီးမလောင်ဘဲ ကျန် သည့် နေရာများရှိနေသည်ကို တွေ့ရ၏။

၁၂ မိုင် သို့မဟုတ် ၁၅ မိုင်အကွာလောက်တွင် ရှိနေသည့် မီးပင်လယ် ကြီးကို ကြည့်နေရသည်မှာ တုန်လှုပ်စရာ။ မီးခိုးနှင့်ပြာများက လေထဲတွ တလူလူလွင့်ပါလျက်။





"ဗိုလ်မှူးဂျက်ခင်ဗျား...ကျွန်တော့်လေယာဉ်ဦးခန်းကို ခဏရောက်လာစေ ပါတယ်၊ အရေးပေါ်ကိစ္စပေါ်လာရင် ချက်ချင်းညှိလို့လွယ်အောင်လို့ပါ"

လေသူရဲ ဝီလီအသံက လေယာဉ်ထဲတွင်တပ်ထားသည့် မိုက်ကရိုဖုန်းမှ ထွက်လာ၏။

ဂျက် လေယာဉ်ဦးပိုင်းသို့ ရောက်သွားသောအခါ ဝီလီက လေသူရဲနှင့် ကလေသူရဲ ထိုင်ခုံနှစ်ခုကြားတွင် ထိုင်ခိုင်းပြီး...

"ကျွန်တော်တို့လက်ယာဘက်မှာ မြင်ရတာက တင်ပဲလ်ဟော့ဖ်လေယာဉ် င်းပဲ။

"ဘာလင်မြို့ရဲ့ တောင်ဘက်အစွန်မှာရှိတဲ့ လေယာဉ်ကွင်းပေါ့၊ ဗိုလ်မှူး တော့ မှန်းတတ်မှာမဟုတ်ဘူး၊ မီးခိုးတွေလည်းရှိနေတော့ မြင်လည်း မမြင် ဘူး။

"အမှန်ပြောရရင်တော့ လေယာဉ်ကွင်းအခြေအနေက ကောင်းမယ်လို့ င်ဘူး၊ မီးရောင်တွေ တစ်ချက်တစ်ချက် လက်သွားတာ လေယာဉ်ပစ် မြောက်တွေ ပစ်နေတဲ့ မီးရောင်ပဲ။

"ဒီလေယာဉ်ပစ်အမြောက်တွေက လေယာဉ်ကွင်းနဲ့ သိပ်ကပ်လွန်းနေ ယ်၊ ဂျာမန်အမြောက်တွေဆိုရင်တော့ ကိစ္စမရှိဘူး၊ ဒါပေမယ့် ရုရှအမြောက် ဖြစ်နေရင်..."

ဝီလီက ခဏရပ်လိုက်ပြီးမှ...

"ကျွန်တော် ကြိုးစားပြီး အခြေအနေကို ဆင်းကြည့်မယ်၊ ပေ ၅၀၀ ဘက်လောက် ရောက်မှပဲ ကောင်းကောင်းမြင်ရမှာ၊ မီးခိုးတွေက သိပ်အူထွက် တယ် မဟုတ်လား။

"ဒီတော့ ဗိုလ်မှူး ဒီမှာပဲထိုင်ပြီး အခြေအနေကို အကဲခတ်ပေးစေချင်တယ်၊ ဘက်က ရုရှ တင့်ကားတွေကို ကျွန်တော်က ဂျာမန်တင့်ကားတွေထင်ပြီး င်းလိုက်ရင် အားလုံး ကိစ္စချောကုန်မယ်။

"ဒါကြောင့် ဒီ တင်ပဲလ်ဟော့ဖ်မှာ ဆင်းဖို့စမ်းကြည့်မယ်၊ မဖြစ်နိုင်ဘူး ရင် အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းကို ထပ်စမ်းကြည့် ဦးမှာပဲ"

ဗိုလ်မှူးဂျက်က...

"ကျွန်တော့်အဖွဲ့သားတွေကို နည်းနည်းရှင်းပြီး ပြောပြလိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိလီက ခလုတ်တစ်ခုကို နှိပ်ပေးလိုက်၏။

ဂျက်က စကားပြောခွက်ထဲသို့ ပြောချင်သမျှ သွန်ချကာ ရှင်းပြလို… သည်။

ဂရန်နီဝါးဒ်တောအုပ်ထဲတွင် နေရာယူထားသည့် ရုရှ လေယာဉ်… အမြောက်သံများကို တဝုန်းဝုန်းကြားလာရသည်။

သို့သော် ပစ်မှတ် မည်သည့်နေရာတွင်ရှိနေသည်ကို မမြင်ရဘဲ ရမ်းသ… ပစ်ခတ်နေခြင်းသာ။

လေသူရဲဝိလီက လေယာဉ်ကို ရုရှလေယာဉ်ပစ်အမြောက် လှမ်းမ… သည့် အမြင့်ပေအထိတက်၍ ရနိုင်ပါ၏။ သို့သော် လေထဲတွင် ကင်းပုန်းချ… သည့် ရုရှတိုက်လေယာဉ်နှင့် ရင်ဆိုင်တိုးမိမည်ကိုလည်း ထည့်တွက်ရသေးသ…

လေသူရဲဝိလီက ဂျန်ကား ၅၂ လေယာဉ်ကို ပေ ၁၂၅၀ အထိ နိ… ပျံနေ၏။ သည်ထက်နိမ့်၍ မပျံရဲ။

လေယာဉ်ဝမ်းဗိုက်အောက်တွင် မီးမောင်းကြီးနှစ်လုံးကို တပ်ဆင်ထား… ဖြစ်ရာ သစ်ပင်မြင့်မြင့်နှင့် တိုက်မိမှာက…

"အောက်မှာ ဘာများမြင်ရလဲ"

ဝိလီက ပီတာနှင့် ဂျက်အား လှမ်းမေးလိုက်၏။

နှစ်ယောက်လုံး ခေါင်းခါပြလိုက်သည်။

တင်ပဲလ်ဟော့ဖ် လေယာဉ်ကွင်းက အောက်ဘက်တွင်ရှိနေကြောင်း … က ကောင်းကောင်းကြီးသိနေသည်။ သို့သော် သူကိုယ်တိုင်လည်း မမြင်ရ…

အမြောက်ကြီးများပစ်ရာမှ ထွက်လာသည့်မီးရောင်ကို အရှေ့ဘက်… တောင်ဘက်တွင် တွေ့နေရ၏။ အမြောက်ဆန်များက ဘာလင်မြို့ပေါ်သို့ … ရောက် ပေါက်ကွဲနေသည်ဟု ရမ်းသန်းမှန်းဆရတော့၏။

ရုရှများက တင်ပဲလ်ဟော့ဖ် လေယာဉ်ကွင်းကို သူတို့အသုံးပြုနိုင်… အမြောက်ဖြင့်မပစ်ဘဲ ထားချင်လည်း ထားနိုင်သည်မဟုတ်လား။

သို့မဟုတ်…

လေယာဉ်ကွင်းပေါ်တွင် ရုရှတင့်ကားတပ်ကြီးနှင့် ခြေလျင်တပ်များ… နေရာယူထားပြီးလည်း ဖြစ်နိုင်သည်။

"အခြေအနေကတော့ မကောင်းဘူးဗျ၊ ဗိုလ်မှူးက ဘယ်လိုဆုံးဖြတ်… ပေးမလဲ"





ဝိလီက အော်၍မေးလိုက်၏။

"အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းကို ပြောင်းပြီး စမ်း… ည့်ရရင် မကောင်းဘူးလား"

ဝိလီက လေယာဉ်ကို ဦးမော့ပေးလိုက်ကာ အမြင့်သို့ ထိုးတက်လိုက် … ည်။

အကယ်၍သာ အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းသာ … င်းတက်နိုင်သည့် အခြေအနေရှိနေသေးလျှင်…

ရေဒီယိုအသံလွှင့်တိုင်နှင့် ထိန်းချုပ်မျှော်စင်က တိရစ္ဆာန်ဥယျာဉ်နှင့် လှမ်း… း်းတွင် နဂိုအတိုင်း ရပ်တည်နေရမည်ဖြစ်၏။

တင်ပဲလ်ဟော့ဖ်လေယာဉ်ကွင်း အထက်ကောင်းကင်မှ အရှေ့အနောက် … ဘက်သို့ ဦးတည်လိုက်သောအခါ ဂရန်နီဝါးဒ်တောအုပ်ပေါ်မှ ကျော်ဖြတ် … သန်းရပြန်၏။

သည်တစ်ကြိမ်မှာတော့ ရုရှလေယာဉ်ပစ်အမြောက်ကြီးများမှ မီးပွင့် … က်လာခြင်းမရှိ။

အောက်ဘက်ရှိ ရုရှအမြောက်တပ်က ဂျန်ကား ၅၂ ကို မြင်နိုင်စွမ်းမရှိ၍ … ဖြစ်ရမည်။ လေယာဉ်အမြင့်ပေ ၁၈၇၅ တွင် ပျံနေသည့်တိုင် မီးခိုးများက … အမြင့်တွင်ပင် သိပ်သည်းထူထပ်နေ၏။

ဤမျှအမြင့်တွင် ဤမျှထူထပ်သိပ်သည်းနေသည့် မီးခိုးလုံးကြီးကို တစ် … ဘက်မှ မတွေ့ခဲ့ဖူးကြ။

လေသူရဲဝိလီက ဘုရားကိုတ,ရင်း အလိုအလျောက်ပေါ်ပေါက်လာသော … င်းစိတ်၏ လမ်းညွှန်ချက်ဖြင့်သာ လေယာဉ်ကို လေယာဉ်ပြေးလမ်းကြောင်း … ည်ဟု ထင်ရသောအရပ်သို့ ဦးတည်မောင်းနှင်နေရတော့၏။

"ကျွန်တော်စဉ်းစားမိတယ်"

တွဲဖက်လေသူရဲပီတာက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။

"ရုရှစက်မဲ့လေယာဉ်တွေ မဆင်းနိုင်အောင် ဂျာမန်တွေက အရှေ့အနောက် … ိုး လေယာဉ်ပြေးလမ်းကြောင်းကို မိုင်းနဲ့ဖောက်ခွဲထားမယ်…

"ဒါမှမဟုတ် ရုတ်တရက် ကောင်းကင်ကိုကြည့်လို့ မမြင်ရအောင် ပိုက် … န်နဲ့ ပုံဖျက်ထားမယ်ဆိုရင်…"

လေသူရဲဝိလီက…



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က အကောင်းမြင်ဝါဒသမားမဟုတ်လား၊ ဘာဖြစ်လို့ စိတ်
စရာတွေ တွေးနေရတာလဲ၊ ဂျာမန်တွေ့ဟ သူတို့လေယာဉ်တွေကိုတောင်
မှာ ဆင်းလိုက်တက်လိုက် လုပ်နေတဲ့ဥစ္စာ"

"ဟုတ်တယ်၊ ကျွန်တော်တို့ ဒီလေယာဉ်ပြေးလမ်းကြောင်းပေါ်မှာ ဆင်
မှာ သေချာတယ်"

ပီတာက အားတက်လာသည့်လေသံဖြင့် ထောက်ခံနေ၏။

"ဒီလေယာဉ်ပြေးလမ်းကြောင်းက ငါးမိုင်လောက်ရှည်တယ်၊ ရိပ်သာ
ကြီး လေးလမ်းကို ဆက်ပြီးဖောက်ထားတာ။

"အလျင်က လမ်းဘေးမှာရှိနေတဲ့ သစ်ပင်တွေနဲ့ ဓာတ်တိုင်တွေကိုလ
ဖယ်ပစ်ထားပြီးသား"

လေယာဉ်က ရိပ်သာလမ်းမကြီး လေးလမ်းကို ဆက်ထားသည့် ကို
ရိပ်သာလမ်းမကြီး၏ အနောက်ဘက်အစွန်း အထက်ဘက် ကောင်းကင်ပြ
ရောက်လာ၏။

လေက အနောက်ဘက်မှနေ၍ အရှေ့ဘက်သို့ တိုက်ခတ်နေသည်
ထို့ကြောင့် သည်မှာဘက် ကောင်းကင်ထက်တွင် မီးခိုးများကင်းနေ
သို့သော် လေယာဉ်ဦးတည်ထားရာဘက်တွင် မြင်နေရသည့် ဘာလင်
ငရဲသို့ဝင်ရာ တံခါးပေါက်သဖွယ်။

"ဆပ်ကပ်ထဲမှာတန်းထားတဲ့ မီးကွင်းတွေကို ဖြတ်ပြီး ခုန်ဝင်တဲ့ 
ကြီးလို"

ပီတာက ခိုင်းနှိုင်းချက်ပေးနေ၏။

လေသူရဲဝီလီက ကိုယ်ကို ရှေ့သို့ကိုင်း၍ မျှော်ကြည့်လိုက်သည်။

ရေဒီယိုတိုင်နှင့် ထိန်းချုပ်မျှော်စင်ကို မြင်လိုက်ရ၏။

လေယာဉ်ပြေးလမ်းကြောင်းနှင့် ကိုက် ၆၀၀ လောက်အကွာသို့ ရော
လာ၏။

တွဲဖက်လေသူရဲ ပီတာက ဝမ်းသာအားရ အော်ပြောလိုက်၏။ သူ့အသံ
စကားပြောခွက်မှ လျင်လျင်မြန်မြန် ထွက်လာသည်။

"ရှေ့မှာ ဂျာမန်လေယာဉ်တစ်စီး"

ဝီလီနှင့် ဂျက်တို့ကပါ ရှေ့သို့စိုက်ကြည့်လိုက်ကြ၏။

ဂျန်ကား ၅၂ ထက် ပေ ၁၀၀ လောက်အနိမ့်တွင် စက်တစ်လုံးတ





လာစတော့ချ် အမျိုးအစား ဂျာမန်လေယာဉ်။

ကြည့်နေရင်းတွင်ပင် စတော့ချ်လေယာဉ်က အောက်သို့ နောက်ထပ်
၁၀၀ နိမ့်ဆင်းလိုက်သည်။

စက္ကန့်အနည်းငယ်အတွင်းတွင် အူထွက်နေသော မီးခိုးများကို ဖြတ်ကျော်
က် လေယာဉ်ကလေးက လေယာဉ်ပြေး လမ်းကြောင်းပေါ်သို့ ပြေးဆင်းသွား
ည်။

"ကျုပ်တို့လည်း သူ့နောက်ကလိုက်ဆင်းမယ်"

လေသူရဲဝီလီက အားတက်သရောပြောလိုက်၏။

သို့သော် ပြောသလောက် မလွယ်။

စက်တစ်လုံးတပ် လေယာဉ်ကလေး၏အရှိန်နှင့် ဂျန်ကား ၅၂ လေယာဉ်
၏ ပျံသန်းနှုန်းက အကွာကြီးကွာလှသလို...

လေယာဉ်ပြေး လမ်းကြောင်းပေါ်သို့ ချဉ်းကပ်လာရာ၌လည်း ချဉ်းကပ်
ချင်း ကွာခြားနေ၏။

ကြွင်းကျန်နေသည့် လောင်စာများကြောင့် လေယာဉ်ပြေး လမ်းကြောင်း
ခြားတစ်ဖက်မှ မီးခိုးများအူတက်နေ၏။ သည်မီးခိုးများက လေယာဉ်ပြေးလမ်း
ဖုံးထားသည်။

ဝီလီက လေယာဉ်ဝမ်းဗိုက်တွင် အထူးတပ်ဆင်လာခဲ့သည့် မီးမောင်းကြီး
လုံးနှင့် ဆက်ထားသော ခလုတ်ကို ဖွင့်ပေးလိုက်၏။

မီးရောင်ဖြင့် ပြေးလမ်းကို မြင်နေရပြီ။ လေယာဉ်က အမြင့်ပေ ၁၀၀
ဘက်မှာ။

လေယာဉ်က တဖြည်းဖြည်းနိမ့်၍နိမ့်၍ ကျလာသည်။

အူထွက်နေသည့် မီးခိုးများက လေယာဉ်ကိုရစ်ပတ်ထားလိုက်၊ ပျောက်
ယ်သွားလိုက်။

မြင်ကွင်းများက တရိပ်ရိပ်ပြောင်းနေ၏။

လေယာဉ်က လမ်းပေါ်တွင် တစ်နာရီ မိုင် ၇၀ နှုန်းဖြင့် ပြေးနေ၏။

သို့သော် လေယာဉ်ပြေးလမ်းကြောင်းပါဟု မည်သူမျှ မပြောနိုင်။ ရမ်းဆ
း ဆ၍သာနေကြရသည်။

လေယာဉ်ကို နှိမ့်၍ဆင်းလာခဲ့စဉ်က မိုးသို့ထွက်နေသည့် အောင်ပွဲအထိမ်း
မှတ်အတွက် ကျောက်တိုင် Victory Column ထိပ်ဖျားနှင့် ဝင်မတိုက်မိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုပင် ကံကောင်းသည်ဟု တွဲဖက်လေသူရဲ ပီတာက မှတ်ထင်နေ

လေယာဉ်က အောင်ပွဲအထိမ်းအမှတ် ကျောက်တိုင်ဘက်မှ ဘရန်ဒင် မုခ်ဦးဆီသို့ ပြေးနေ၏။ အကွာအဝေးက တစ်မိုင်ခန့်။

လေယာဉ်ပြေးနှုန်းက တစ်နာရီ မိုင် ၇၀။

လေယာဉ်ပြေးလမ်းကြောင်း တစ်ဖက်တစ်ချက်တွင်ရှိနေသည့် အရာ များကို ပုံရိပ်အဖြစ်သာ မြင်နေရ၏။

ရုပ်ရှင်ပြသူက ကားလိပ်များကို မြန်မြန်ဆွဲ၍ပြသည်ကို ကြည့်နေရသ

လူ့မျက်နှာများဟု ထင်ရသည့်အရာများကို ဖြူဖြူအခဲတုံး တစ်တုံး မြင်နေရ၏။

ရင်သပ်ရှုမော အံ့သြသည့်အမှုအရာများဖြင့် ထုလုပ်ထားသည့် ကျေ ဆစ်ရုပ်များလို။

ထင်းချောင်းများကို ပုံထားသလိုဖြစ်နေသော အလောင်းကောင်မျ လည်း လေယာဉ်ပြေးလမ်းကြောင်းဘေးတွင် ပြန့်လျက်။

မီးလောင်ထားသော ထရပ်ကားများ၊ တင့်ကားများ။

မီးလောင်နေဆဲ ထရပ်ကားများနှင့် တင့်ကားများ။

ပြိုကျ ငေါထွက်နေသော အဆောက်အအုံများ။

အမြောက်ဆန် ကျရောက်ပေါက်ကွဲသံများကလည်း ရှေ့မှာ နောက်

လေသူရဲဝီလီက ဆံဆိုရေရွတ်ရင်း ပြေးနေသော လေယာဉ်အရှိ နေးအောင် လုံးပမ်းနေသည်။

ဘရင်ဒင်ဘက်မုခ်ဦးမှ မုခ်ခုံးများက ပို၍ပို၍ ကြီးလာသည်ဟု ထင်နေရ

မီးတောက်မီးလျှံများကလည်း ပို၍နီးလာသလို။

ငရဲခန်းကိုဖွဲ့သီခဲ့သော ဂရိစာဆိုကြီး ဒန်တေက သည်လိုငရဲမျိုးကို မြင် ခဲ့မည်မထင်။

မည်သို့ပင်ဖြစ်စေ လေသူရဲဝီလီက လေယာဉ်ကိုထိန်းချုပ်လာနိုင်ပြီဖြစ်

လေယာဉ်က အရှိန်နှေးလာသည်။

ဗုံးဒဏ် အမြောက်ဒဏ်များကြောင့် ဖြစ်ပေါ်နေသည့် ကျင်းများ၊ ချိုင့် ကို ရှောင်ရှားလာနိုင်သည်။

ဘရင်ဒင်ဘက်မုခ်ဦးကြီးကလည်း လေယာဉ်ဆီသို့ ပြေးလာခြင်းမရှိတေ့ စောစောက ကျောက်ဆစ်ရုပ်ဟုထင်ရသော အရာများကလည်း လူ့မျက်





အသွင်အပြင် ပီလာကြသည်။

တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်မနေနိုင်။ နှုတ်ဆက်နေရန် အချိန် လည်း မရ။

လေသူရဲဝီလီက လေယာဉ်ကို ရပ်မပစ်မီပင် ပျံတက်နိုင်ရန်အတွက် တစ် ကွေ့ကြီး ပတ်ဝိုက်ကွေ့ကာ အောင်ပွဲအထိမ်းအမှတ် ကျောက်တိုင်ဘက်သို့ ဦးတည်ထားပြီးသား။

ဘရင်ဒင်ဘက်မုခ်ဦးမှ ထိုးကျနေသောအရိပ်ကိုခိုကာ စောစောကဆင်းသွား သည့် စတော့ချ်စက်တစ်လုံးတပ် လေယာဉ်ကလေးရပ်ထားသည်ကို ဗိုလ်မှူး ဂျက်က တွေ့နေရ၏။

လေယာဉ်ကလေးအနားတွင် လက်နက်ကိုင် ဂျာမန်စစ်သားများဝိုင်းလျက်။

ဗိုလ်မှူးဂျက် ကြည့်နေစဉ်မှာပင် လေယာဉ်ကလေးအနားတွင် ဝိုင်းနေကြ သော စစ်သားများအနက် အချို့က ဂျန်ကား ၅၂ လေယာဉ်ကြီးရှိရာသို့ အပြေးလိုက် ပြေးလာသည်ကို တွေ့လိုက်ရ၏။

လေယာဉ်ထဲတွင်ရှိနေသော ဗိုလ်မှူးဖိုဒါက လေယာဉ်ဝမ်းဗိုက်အဖုံးတံခါးကို ဖွင့်ပြီးနေပြီ။ အောက်သို့ ခုန်ဆင်းရန် ဟန်ပြင်လိုက်စဉ် ဒုတပ်ကြပ် မက်ကလင်း နှင့် တပ်ကြပ်ကြီးဖူးလားတို့ကလည်း ဖိုဒါနောက်က အသင့်။

"ဟိတ်...ဘယ်သူမှ လေယာဉ်နားမကပ်နဲ့"

ဗိုလ်မှူးဂျက်က လေယာဉ်ဦးခန်းမှ လှမ်းအော်လိုက်သည်။

"ဟစ်တလာကိုယ်တိုင်တောင် ဒီလေယာဉ်နားကို မကပ်ရဘူး"

ဗိုလ်မှူးဂျက်၏ ဂျာမန်စကားသံက ပြတ်ပြတ်သားသား ကျယ်ကျယ်လောင် လောင်။

မက်ကလင်းနှင့် ဖူးလားတို့ လေယာဉ်မှခုန်ဆင်းပြီးနောက် ဗိုလ်ကြီးဒမ်ဗာ နှင့် ဒုတပ်ကြပ်မိုက်တို့ကလည်း အောက်သို့ရောက်သွားကြ၏။

လေယာဉ်ကြီးက တဖြည်းဖြည်းလိမ့်နေစဉ်မှာပင် အဖွဲ့သားများအနက် ထက်ဝက် အောက်သို့ရောက်နေကြကြောင်းတွေ့လိုက်ရသဖြင့် ဦးခန်းမှ လေယာဉ် ထဲသို့ ရောက်လာသော ဗိုလ်မှူးဂျက်က ကျေနပ်သွားသည်။

ဗိုလ်ဂျိဇက်က အံဖုံးတံခါးမှဆင်းလိုက်သည်ကို ဂျက်က မြင်လိုက်ရ၏။ ဂျိဇက်နောက်မှ ဆာယာ။

ဆာယာက ခုန်မဆင်းမီ ဂျက်အား ရပ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်က လက်မထောင်ပြလိုက်ရင်း အားပေးလိုက်၏။

ယော်လန်နိုင်ငံ အိန္ဒိယဂိုဗင်လေယာဉ်ကွင်းတွင် စည်းဝါးရိုက်ထားခဲ့သည့်အတိုင်း လေယာဉ်အံဖုံးတံခါးပေါက်မှ ဗိုလ်မှူးဂျက် ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက်...

တပ်ကြပ်ကြီးပယ်ဒီက လေယာဉ်စက်အမြောက်ခုံနေရာမှ ခဏခွာလာကာ အံဖုံးတံခါးကို ပြန်ပိတ်ရမည်ဖြစ်၏။

ဗိုလ်မှူးဂျက်က အံဖုံးတံခါးမှဆင်းရန် ခြေလှမ်းလိုက်သည်နှင့် တစ်ပြိုင်နက် တပ်ကြပ်ကြီးပယ်ဒီက စက်ကလေးခုံမှ ထလာသည်။

လေယာဉ်အပြင်ဘက်မှ အော်ဟစ်သံများ ပေါ်ထွက်လာသည်။

အော်တိုမက်တစ်လက်နက်များမှ ပစ်သံခတ်သံများကလည်း ဆူဆူညံညံ ပေါ်ထွက်လာသည်။

ဂျက်က ဆဲဆိုရေရွတ်လိုက်ပြီး တပ်ကြပ်ကြီးပယ်ဒီအား...

"လေယာဉ်ကို ခဏရပ်ထားဦးလို့ လေသူရဲဝီလီကို သတင်းပို့စမ်းပါ"

လေယာဉ်ပေါ်မှဆင်းလာသော ဗိုလ်မှူးဂျက်က လေးငါးလှမ်းမျှ လှမ်းလိုက်လျှင်ပင် လေယာဉ်ပြေးလမ်းပေါ်၌ ခွေခွေကလေးလဲကျနေသော တပ်ကြပ်ကြီးဖူးလားအား တွေ့လိုက်ရ၏။

ပေါင်တွင်ရထားသည့်ဒဏ်ရာမှ သွေးပွက်ပွက်ဆူ၍ ထွက်နေ၏။

ဒုတပ်ကြပ်မိုက်က ဖူးလားအနားတွင် ဒူးနှစ်ဖက်ထောက်၍ ထိုင်နေသည်။

အနားတွင် ဂျာမန်စစ်သားအလောင်းက နှစ်လောင်း။

ကိုက် ၄၀ ခန့်အကွာတွင် လေယာဉ်ကို ကျောပေး၍ သွားနေကြသည့် ဂျာမန်စစ်သား ဒါဇင်ဝက်ခန့်ကို မြင်နေရ၏။

ဗိုလ်မှူးဗိုဒါ၏ အမ်ပီ ၃၈ သေနတ်ပြောင်းဝတွင် ယမ်းငွေ့တွေဝေဆဲ

"ဘာတွေ ဖြစ်ကုန်ကြတာလဲ"

"သူတို့က လေယာဉ်ကို သူတို့လူနာတွေ တင်မသွားဘဲနဲ့ ပြန်မထွက်ရဘူးလို့ အကျပ်ကိုင်နေကြတယ်၊ ဒါနဲ့ ပစ်ကြ၊ ခတ်ကြ ဖြစ်သွားတယ်"

ဗိုလ်မှူးဗိုဒါက သတင်းပို့လိုက်၏။

ဗိုလ်မှူးဂျက်က နောက်ပြန်ဆုတ်သွားသော ဂျာမန်စစ်သားခေါင်းပေါ် ကျော်ကာ အတွဲလိုက်ဆွဲ၍ ပစ်လိုက်သည်။

အက်စ်အက်စ် စစ်ဝတ်စုံများကို မြင်ကတည်းက ကြောက်နေကြပုံရသော





ဂျာမန်စစ်သား ဒါဇင်ဝက်က ခြေဦးတည့်ရာသို့ တစ်ကွဲတပြားစီ ပြေးထွက်သွားကြ၏။

"ဖူးလား အခြေအနေက ဘယ့်နှယ်လဲ"

"ဆိုးတယ်၊ ဆရာဝန်နဲ့ ကုဖို့လိုတယ်"

ဂျက်အမေးကို မိုက်က ခေါင်းတယမ်းယမ်းဖြင့် အဖြေပေးလိုက်၏။

"ကဲ...သူ့ကို လေယာဉ်ပေါ်ပြန်တင်"

တပ်ကြပ်ကြီးဖူးလားက ဒဏ်ရာကို အပြင်းအထန်ခံနေရသော်လည်း သတိကား မလစ်။

သို့သော်...သူက သူ့ရဲကောင်းမဆန်။ သူ့အခြေအနေက သည်တစ်ပွဲတွင် နွှဲခွင့်မပေးတော့ကြောင်း သူ သိပြီးသား။

"ဂွတ်လပ်ဒ် ဂျက်"

ဖူးလားက မခေါ်စဖူး ဗိုလ်မှူးဂျက်အား ပထမနာမည်ရင်းကို ခေါ်၍ နှုတ်ဆက်လိုက်သည်။

မိုက်နှင့် ဒမ်ဗာတို့က ဖူးလားအား သယ်ယူသွားကြကာ လေယာဉ်ပေါ်သို့ တင်လိုက်၏။ တပ်ကြပ်ကြီးပယ်ဒီက လေယာဉ်အံဖုံးတံခါးကို ပိတ်လိုက်၏။

ဗိုလ်မှူးဂျက်က အဖွဲ့သားအားလုံးကို နောက်သို့ဆုတ်နေရန် အချက်ပြလိုက်၏။

အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ရှရှ အမြောက်ဆန်များ ကျလာပြန်၏။

ဘာလင်မြို့ပေါ်သို့ လေယာဉ်အဝင်အထွက် ရှိနေကြောင်း၊ ရုရှ ရှေ့ပြေးကင်းစခန်းမှ သတင်းရောက်လာသောကြောင့်လား။

သို့မဟုတ်...

ခါတိုင်းလိုပင် တချိန်စီ သဲသဲမဲမဲပစ်ခတ်ပြီးနောက် ခေတ္တငြိမ်ကာ နောက်တစ်ချီ သဲသဲမဲမဲပစ်ခတ်လေ့ရှိသောကြောင့်လား၊ အဖွဲ့သားထဲမှ မည်သူမှ မပြောတတ်။

သို့သော် အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ အမြောက်မိုးရွာလာသည်က လက်တွေ့။

လေသူရဲ ဝီလီမောင်းနှင်သော ဂျန်ကား ၅၂ သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးက ဒဏ်ရာရထားသူ တပ်ကြပ်ကြီးဖူးလားအား တင်ဆောင်လျက်



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပြေး လမ်းကြောင်းပေါ်တွင် ပြေးနေသည်။

အောင်ပွဲအထိမ်းအမှတ်ကျောက်တိုင် အရှေ့ဘက် ဘဲလ်လီဗူအယ်လီ လမ်းမ က ချာလော့တန်ဘာဂါချောင်ဆီ လမ်းမကြီးကိုဖြတ်သည့် နေရာတစ်ဝိုက်သို့ ရှရှအမြောက်ဆန်များ တိုက်ရိုက်ကျရောက်ပေါက်ကွဲလာ၏။

နောက်ထပ် ဂိုက် ၆၀၀ လောက် ပြေးလိုက်လျှင် လေထဲသို့ရောက်အောင် ပျံတက်နိုင်မည်ဖြစ်သော ဂျန်ကား ၅၂ လေယာဉ်ကြီးကို လေသူရဲဝိလီက လေယာဉ်ပြေး လမ်းကြောင်းပေါ်မှ ကြွတက်လာအောင် ကြိုးစားနေ၏။

ဗိုလ်မှူးဂျက်အမှူးပြုသော မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့သားများကလည်း လေယာဉ်ကြီးပျံတက်ပါစေဟု ဆန္ဒပြုနေကြသည်။

သို့သော် ဆန္ဒပြုနေရုံဖြင့် မလုံလောက်။

အမြောက်ဆန်များက လေသူရဲဝိလီ၏ လေယာဉ်ကြီးရှေ့ဘက်သို့ ကျရောက်ပေါက်ကွဲကာ လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ချိုင့်အသစ်များ၊ ကျင်းအသစ်များကို ဖြစ်ပေါ်လာစေ၏။

လေယာဉ်ကြီးက ကျင်းကြီးတစ်ခုထဲသို့ တိုက်ရိုက်ကြီး ထိုးကျသွားသည်။

၂၅ ပေါင်ဒါ အမြောက်ဆန်နီးနီးကြီးသည့် အမြောက်ဆန်က လေယာဉ် လက်ယာဘက်တောင်ပံကို လာထိသည်။ ပေါက်ကွဲသံက ကြောက်ခမန်း ပေါ် လာကာ သံတိုသံစများက ပြန့်ကျဲပျံတက်လာ၏။

လက်ယာတောင်ပံအောက်မှ လေယာဉ်ဘီးပြုတ်ထွက်သွားကာ လေယာဉ် ကြီးက ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်။

လက်ဝဲတောင်ပံလည်း ပြုတ်ထွက်သွားသည်။

လေယာဉ်ကြီးက တစ်နာရီ မိုင် ၈၀ နှုန်းပြေးနေသည့်အချိန်။

လေယာဉ်ကြီးပေါ်တွင်ပါသမျှ အသက်ရှင်နိုင်ရန် အကြောင်းမရှိ။

ဓာတ်ဆီတိုင်ကီသို့ မီးကူးလာသည်။

လေယာဉ်ပေါ်မှလူများအဖို့ ဖြေသိမ့်စရာတစ်ခုတော့ရှိသည်။

ကြာရှည်ဒုက္ခခံမနေရဘဲ မြန်မြန်အသက်ပျောက်သွားခြင်း။

▲



[ ၄၁ ]

ပွဲဦးထွက်အရှုံး...။

မြင်းကုန်ကူးစစ်ဆင်ရေးကို စလိုက်သည်နှင့် ပွဲဦးထွက်အရှုံးဖြင့် ရင်ဆိုင်နေ ပြီ။

သည်ပွဲဦးထွက်အရှုံးက စစ်ဆင်ရေးတစ်ခုလုံးကို စုံးစုံးနစ်သွားစေမည့် နိမိတ်ဆိုးကြီးတစ်ခု။

ဝိလီလို လေသူရဲကောင်းတစ်ယောက်...

ပီတာလို တွဲဖက်လေသူရဲကောင်းတစ်ယောက်...

ပယ်ဒီလို တေတပ် တပ်ကြပ်ကြီးတစ်ယောက်...

ဖူးလားလို ကွန်မန်ဒိုသူရဲကောင်းတစ်ယောက်...

လူလေးယောက်အသက်ကို စစ်ဆင်ရေးစထွက်လျှင်ထွက်ချင်း ဆုံးရှုံးခဲ့ရပြီ။

ဗိုလ်မှူးဂျက်တို့လူစု ရောက်နေသည့်နေရာက ဟစ်တလာ့ အဓိပတိရုံးကြီး ကို ပတ်ချာဝိုင်းထားသော လမ်းသုံးခွဆုံနှင့် ဂိုက်လေးငါးခြောက်ရာမျှသာ ကွာ ဝေးသည့်နေရာ။

အဓိပတိရုံးကြီးက ဟာမန်းဂိုအားရင်းလမ်း၊ ဗီးလ်ဟိန်းလမ်းနှင့် လစ်ဇစ်ဂါ လမ်းမကြီး သုံးခွဆုံမှာ။

သည်လမ်းသုံးလမ်းက အဓိပတိရုံးကြီးကို ပတ်ချာဝိုင်းလျက်။

သည်လမ်းသုံးလမ်းကို ဟစ်တလာ့ကိုယ်ရံတော်တပ်ဖွဲ့မှ လုံခြုံရေးတပ်သား များက စောင့်ကြပ်နေ၏။

"လာကြဟေ့...တို့ ဒီနေရာက မြန်မြန်ထွက်မှဖြစ်လိမ့်မယ်"

ပွဲဦးထွက် အရှုံးဖြင့်ရင်ဆိုင်လိုက်ရသောကြောင့် ငေးငေးငိုင်ငိုင်ဖြစ်နေကြ သော တပ်ဖွဲ့ဝင်များအား ဗိုလ်မှူးဂျက်က တပ်လှန့်နှိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ကြာရင် ဂျန်ကားလေယာဉ်ကြီးနဲ့ ဘယ်သူတွေရောက်လာထဲ ဂျာမန်စစ်သားတွေကိုပစ်တာ ဘယ်သူတွေလဲလို့ လာမေးနေရင် ပိုပြီးရှုပ်ကုန် လိမ့်မယ်"

ဗိုလ်မှူးဂျက်၏ တပ်လှန့်နှိုးလိုက်သံကြောင့် စစ်ဆင်ရေးအဖွဲ့သားများက လေယာဉ်ပြေးလမ်းကြောင်းထက်မှ တစ်ဖက်သို့ ထွက်ခွာစပြုနေ၏။

ဆာယာတစ်ယောက်သာ လှမ်းလှမ်းရှိ မီးတဟုန်းဟုန်းလောင်နေသည့် လေယာဉ်ကြီးကို ငေးကြည့်နေတုန်း။

ဂျက်က ဆာယာ့ပခုံးနှစ်ဖက်ကိုကိုင်ကာ ဆတ်ဆတ်ကလေးလှုပ်လိုက် သည်။

သည်တော့မှ ဆာယာက ဂျက်အား ကြည့်ဖော်ရလာ၏။

"ဘယ်လောက်များ နှမြောစရာကောင်းလိုက်တဲ့ အသက်တွေလဲဂျက်ရယ်"

ဆာယာ့မြည်တမ်းချက်ကို ဗိုလ်မှူးဂျက်က ဂရုစိုက်မနေဘဲ မေးခွန်းထုတ် လိုက်၏။

"အသံလွှင့်စက်နဲ့ သတင်းပို့ပြီးပြီလား"

"ပြီးပြီ၊ လေယာဉ်ပေါ်က ဆင်းလာကတည်းက သတင်းပို့ပြီးပြီ"

ဗိုလ်မှူးဂျက်က လက်မှနာရီကိုကြည့်လိုက်သည်။

၂၂၅၀ နာရီ။

ည ၁၀ နာရီနှင့် မိနစ် ၅၀။

ကြိုတင်စီစဉ်ထားသည့်အတိုင်းဆိုလျှင် 'မေခလာ'ထံမှ လွှတ်လိုက်သည့် လှုယုံတော်နှင့်ဆုံမိရန် နောက်ထပ် ၁၂ နာရီပျော့ပျော့ စောင့်ရဦးမည်။

"ကဲ…ကိုယ်တို့ ခု ဘယ်ကိုသွားကြမလဲ"

ဂျက်က ဆာယာအား မေးလိုက်သည်။

"ဒီနေရာမှာ ဆာယာက ကိုယ့်ထက် နယ်ကျွမ်းတယ်မဟုတ်လား"

ဆာယာက ခဏစဉ်းစားလိုက်ပြီး…

"မြေအောက်ဗုံးခိုကျင်းတွေကိုတော့ ဆာယာတို့ ရှောင်ရလိမ့်မယ်၊ ဒီဗုံးခို ကျင်းတွေမှာ လူတွေသိပ်များနေတော့ ဆာယာတို့ကို အာရုံစိုက်လာတဲ့လူ ရှိချင် ရှိလာမှာ။

"ဒီနေရာတစ်ဝိုက်မှာ ဆာယာနဲ့ အလျှင်ဂုန်းက အဆက်အသွယ်လုပ်ခဲ့ဖူး တဲ့လူတွေ ရှိပါတယ်။ ဒါပေမယ့် ဗိုလ်မှူးချုပ်ဂရင်းလေးက အလျှင်အဆက် အသွယ်တွေနဲ့ လုံးဝသွားမတွေ့ရဘူးလို့ မှာလိုက်တယ်"

ဂရင်းလေးက ဘာကြောင့် ဤသို့မှာလိုက်သည်ကို ဂျက်က နားလည်ပြီး သား။

"ဒါဖြင့် ဒီညတစ်ညလုံး ဒီလိုပဲ ယောင်လည်လည်ဖြစ်နေရတော့မှာလား"

"ဖြစ်နေရတော့မှာပဲလို့ ထင်တာပဲ"

ဆာယာက ပြောပြောဆိုဆို တစ်ဖက်သို့ လက်ညှိုးညွှန်လိုက်ရင်း…

"ဟောဟိုက အလက်စန္ဒြာ ပန်းခြံတစ်ဝိုက်မှာတော့ အတော်ကလေး ဆိတ်ငြိမ်ပုံရတယ်၊ ပန်းခြံထဲမှာ ပစောက်သဏ္ဌာန် ချိုင့်ကလေးတွေရှိတယ်။

"ရှုရှုအမြောက်တွေပစ်လာရင် ဆာယာတို့ ခဏဝင်ပုန်းနေလို့ဖြစ်ပါတယ်"

ဂျက်က ခေါင်းညိတ်လိုက်သည်။

အဖွဲ့သားတိုင်းတွင် ရေဘူးနှင့် အရေးပေါ်ရိက္ခာခြောက်များက အသင့်။

တစ်ငုံစီ တစ်ဖဲ့စီ ချွေတာစားသုံးလျှင် တစ်ပတ်လောက်တော့ စားသောက် နိုင်မည် မဟုတ်လား။

* * *

ဘရင်ဒင်ဘာဂ်မုခ်ဦးနှင့် မိုင်ဝက်ပျော့ပျော့လောက်အကွာ။

မေခလာ့လှုယုံတော်၏ အမိန့်ပေးထားချက်အရ ဝိုင်ယာလက်စက်တွင် တာဝန်ကျနေသည့် ဟစ်တလာ့ကိုယ်ရံတော်တပ်မှ တပ်သားတစ်ယောက်က…

ဆာယာ့အသံလွှင့်စက်မှ အချက်ပြပေးပို့လိုက်သည့်သတင်းကို လွန်ခဲ့သော ၃ မိနစ်က ဖမ်းယူရရှိခဲ့၏။

ထိုတပ်သားက သူ့လိုပင် အလှည့်ကျတာဝန်ယူရသော အခြားတပ်သား နှစ်ယောက်နည်းတူ မြင်းကုန်ကူးစစ်ဆင်ရေးနှင့်ပတ်သက်၍ တစ်လုံးတပါဒမျှ မသိ။

မြို့ထဲတွင် ကင်းလှည့်တာဝန်ယူရသည်ထက် ဘန်ကာထဲတွင် ဝိုင်ယာလက် စက်အနားခွ တစ်နေ့ ၈ နာရီ စောင့်နေရခြင်းက ပို၍ကောင်းသည်ဟု အလှည့်ကျ တပ်သားသုံးယောက်လုံးကပင် ယုံမှတ်နေကြ၏။

ကြိုတင်သတ်မှတ်ထားသည့် လေလှိုင်းသံမှ သတင်းပို့ချက်တစ်ခုရသည် နှင့် တစ်ပြိုင်နက် အထက်အရာရှိအား တင်ပြလိုက်လျှင် ဝိုင်ယာလက်စက်







www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျပြီးသား။

တာဝန်ကျတပ်သားက ဆာယာအသံလွှင့်စက်မှ ပေးပို့လိုက်သည့် သတင်းကို ကြားလိုက်ရသည်။

"မာကျူရီ...မာကျူရီ...မာကျူရီ"

မော့စ်သင်္ကေတသတင်းပို့နည်းဖြင့် ပေးပို့လိုက်သည့်သတင်းက သုံးလုံးတည်း။

"မာကျူရီ"

အတန်ကြာအောင် စူးစိုက်နားထောင်သည့်တိုင် အချက်ပြ သတင်းပို့ချက်က သုံးလုံးတည်း။

လျော့လည်းမသွား၊ ပိုလည်းမလာ။

ဟစ်တလာ့ကိုယ်ရံတော်တပ်မှ များစွာသော အက်စ်အက်စ်တပ်သားများအတိုင်းပင် တာဝန်ကျတပ်သားကလည်း အသိဉာဏ်ကောင်းကောင်းရှိသူမဟုတ်။

စစ်မဖြစ်မီ သားသတ်ရုံတွင်အလုပ်လုပ်နေရာမှ စစ်ကြီးအတွင်း အက်စ်အက်စ် စစ်ဝတ်စုံကိုခြုံကာ ကိုယ်ရံတော်တပ်သားဖြစ်လာသူ။

မာကျူရီဆိုသည်မှာ စေးစေးပျစ်ပျစ်အရည်တစ်မျိုးဆိုသည်လောက်ကိုတော့ သူကြားဖူးနားဝရှိခဲ့သည်။

သို့သော်...

မာကျူရီဆိုသည်မှာ နေနှင့်အနီးဆုံးသော ဂြိုဟ်တစ်လုံးဖြစ်သည်ဆိုသည်ကိုလည်းကောင်း...

နတ်ဘုရားများ၏ စေတမန်ကို မာကျူရီဟုပင်ခေါ်သည် ဆိုသည်ကိုလည်းကောင်း ကြားပင်ကြားဖူးသူမဟုတ်။

တာဝန်ကျတပ်သားက ခေါင်းတွင်ဖိတပ်ထားသည့် နားကျပ်ကိုဖြုတ်လိုက်ပြီးနောက် သူရေးမှတ်ထားသော ကြေးနန်းစာကိုယူကာ ရေဒီယိုခန်းထဲမှ ထွက်လာခဲ့သည်။

သူရှိနေသည့်နေရာက မြေအောက် ပေ ၅၀ လောက်နက်သည့်နေရာ။ သို့တိုင်အောင် ရုရှအမြောက်ပစ်သံများကို တဝုန်းဝုန်းကြားနေရ၏။

ကြေးနန်းစာရွက်ကိုကိုင်လာသော တပ်သားက စေ့ထားသည့်တံခါးရှေ့တွင် ရပ်လိုက်သည်။

**ဗိုလ်မှူးကော့ဒ်**





တံခါးအောက်တွင် ဆိုင်းဘုတ်ငယ်ကလေးချိတ်လျက်။

တပ်သားက စစ်ဝတ်စုံကို သပ်သပ်ရပ်ရပ်ဖြစ်သော ဆွဲဆန့်လိုက်ပြီး ကိုယ်ကိုမတ်မတ်ထားကာ တံခါးခေါက်လိုက်၏။

"ဝင်ခဲ့"

ဗိုလ်မှူးကော့ဒ်၏ ဝင်ခွင့်ပေးသံ ပေါ်လာလေသည်။

ကော့ဒ်က အသက် ၃၅ နှစ်။

အရပ် နိမ့်လည်းမနိမ့်၊ မြင့်လည်းမမြင့်။

ဗိုလ်မှူးရာထူးကိုရထားသော်လည်း ပုံပန်းက ကျောင်းဆရာတစ်ယောက်လို။

အမှန်စင်စစ်အားဖြင့် ကော့ဒ်သည် မူလတန်းကျောင်းဆရာအဖြစ် သက်မွေးဝမ်းကျောင်းနေရာမှ စစ်ကြီးဖြစ်လာသဖြင့် ဟစ်တလာ့ ကိုယ်ရံတော်တပ်တွင် 'ဆွဲခန့်' ဗိုလ်မှူးဖြစ်လာသူ။

"ကြေးနန်းဝင်လာတယ် ဗိုလ်မှူး"

တပ်သားလှမ်းပေးသည့် ကြေးနန်းစာကို ကော့ဒ်က အလျင်စလို လက်လှမ်းလိုက်ပြီး မြန်မြန်အမိန့်ပေးလိုက်၏။

"ကြေးနန်းစာ ငါ့ကိုပေးခဲ့၊ ပြီးရင်ထွက်သွား"

အခန်းထဲတွင် တစ်ယောက်တည်းရှိတော့မှ ကော့ဒ်က ကြေးနန်းစာကို ဖတ်လိုက်ပြီး လက်ခံရရှိသည့် နေ့စွဲနှင့် အချိန်ကို စာရွက်ပေါ်တွင် တိတိကျကျ မှတ်ထားလိုက်သည်။

ပြီးမှ စားပွဲပေါ်ရှိ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

* * *

နာမည်ဝှက်နှင့် အချက်ပြဆက်သွယ်ရေးစကားဝှက်ကို လပေါင်းများစွာကြိုတင်၍ သတ်မှတ်ထားခဲ့သည့်တိုင်...

ကြေးနန်းစာရွက်ပေါ်တွင် သတ်မှတ်ထားခဲ့သည့် နာမည်ဝှက်နှင့် စကားဝှက်ကို ကိုယ်တိုင်ကိုယ်ကြပ် တွေ့လိုက်ရသောအခါ **မေစလာ**က ဝမ်းမြောက်ကြည်နူးသွားမိသည်မှာ အမှန်။

ရောက်ရှိလာသည့်အဖွဲ့သည် နတ်ဘုရားများ၏ စေတမန်ဖြစ်သည်ဆိုလျှင် ဗိုလ်မှူးချုပ်ဂရင်းလေးက နတ်မင်းကြီးဇီးယပ်စ် ဖြစ်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့ အရေးပါသူများအဖြစ် ဖန်တီးတတ်သည့် ဉာဉ်ရှိနေကြပါကလား။

“ထိုင်လေ…ကော့ဒ်၊ ထိုင်၊ အချက်ပြစကားဝှက်ရောက်လာတဲ့အချိန်ကို ထောက်ပြီး ကျုပ်တို့ဧည့်သည်တွေဟာ ဂျန်ကား ၅၂ လေယာဉ်နဲ့ ရောက်တာပဲ ဖြစ်ရမယ်”

“ဒီလေယာဉ်ကြီးကလည်း ပျံအတက်မှာ ရုရှတွေရဲ့အမြောက်ဒဏ်ကြောင့် မီးလောင်ပျက်စီးသွားခဲ့ရရှာတယ်”

မေခလာ၏စကားကြောင့် ဗိုလ်မှူးကော့ဒ်က အံ့အားသင့်သွား၏။

ကော့ဒ်၏အမူအရာကို ဒဲကဲခတ်မိသော မေခလာက…

“ဂျန်ကား ၅၂ လေယာဉ်လေ…ကော့ဒ်၊ ဂျန်ကား ၅၂၊ မင်းက အပြင်ဘက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဘာမှသိပုံမရဘူး။

ဖရယ်ဒရစ်လမ်းမကြီးပေါ်မှာ မာရှယ်စတာလင်က အောင်ပွဲစစ်ရေးပြ အခမ်းအနားလုပ်နေတာကိုတောင် မင်းကို ရုရှတပ်သားတစ်ယောက်က လာပြီး သေနတ်နဲ့ပစ်တော့မှ သိမယ့်လူစားမျိုး”

ကော့ဒ်က သေပြီးနောက်မှ မိမိသချိုင်းပေါ် မစင်စွန့်ခြင်းခံလိုက်ရသလို ဖြစ်သွားသည်။

မေခလာက ကြေးနန်းစာရွက်ကို ဇွေ့ယမ်းပြလိုက်ရင်း…

“စဉ်းစားရမှာက တို့ ရှေ့ဆက်ပြီး ဘာလုပ်မယ်ဆိုတာပဲ”

“ရှေ့ဆက်ပြီး လုပ်ရမှာက…”

ကော့ဒ်က အနှိမ်ခံလိုက်ရသဖြင့် အောင့်သက်သက်ဖြစ်နေရာမှ ပညာစွမ်းကို ပြလိုက်မည်ဟူသော စိတ်ထားမျိုးထားကာ…

“စီစဉ်ထားတဲ့အတိုင်း ကျွန်တော်က သူတို့အဖွဲ့ကို သွားတွေ့ပြီး သူတို့ယူလာတဲ့စာရွက်စာတမ်းတွေဟာ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ကျွန်တော်တို့ကို အကျိုးပြုနိုင်မယ့် စာရွက်စာတမ်းတွေ ဟုတ်မှန်နေရင် ကျွန်တော်တို့ ဒီကထွက်ခွာဖို့…”

“ဒီလောက်တော့လည်း မလွယ်သေးဘူး၊ မင်းလည်း အဓိပတိကြီးရဲ့စိတ်ကို သိနေပြီးသားမဟုတ်လား”

“တကယ်လို့ ကျုပ် အဲ…ကျုပ်တို့က ခုအချိန်မှာ ထွက်ခွာသွားမယ်ဆိုရင် ကျုပ်တို့ ဒီမှာမရှိတော့တဲ့အကြောင်း အဓိပတိကြီး ချက်ချင်းသိသွားလိမ့်မယ်။





“အထူးသဖြင့် ကျုပ်မရှိတော့တာကို အဓိပတိကြီး ဦးဆုံးသိသွားမှာပဲ၊ ဒီလိုသိတာနဲ့တစ်ပြိုင်နက် ကျုပ် အဲ…ကျုပ်တို့နောက်ကို အက်စ်အက်စ်ပါးကွက်သားတွေ ထက်ကြပ်မကွာ လိုက်လာမယ်ဆိုတာ မင်းသိထားပါ။

“ကျုပ်တို့ဟာ အက်စ်အက်စ်ပါးကွက်သားတွေနဲ့ ရုရှစစ်တပ်ကြားမှာ ပိတ်မိနေလိမ့်မယ်။

“ဒီတော့ ဒါမျိုးကိုစွန့်စားလို့မဖြစ်ဘူး၊ ဒီနေရာကထွက်ခွာမယ့်အချိန်ကို အလျင်စလိုဆုံးဖြတ်လိုက်ရင် ကျုပ်တို့ဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ပြီး သတ်သေသလို ဖြစ်နေလိမ့်မယ်”

မေခလာက ကုလားထိုင်တွင် ကျောမှီထိုင်လိုက်ရင်း လက်ဝါးနှစ်ဖက်ကို ပွတ်ယှက်လိုက်သည်။

“ကော့ဒ်…မင်းကိုယ်မင်း ကားတစ်စီးထဲမှာ ထိုင်နေတယ်လို့ မှတ်ထားလိုက်စမ်း”

မေခလာက တပည့်ကျော်အား သဘောတရားတစ်ရပ်ကို ရှင်းပြရန် နိဒါန်းပျိုးလိုက်၏။

“မင်းထိုင်ပြီးစီးလိုက်လာတဲ့ကားဟာ တံတားတစ်ခုပေါ်က ချော်ပြီး မြစ်ထဲကို ထိုးကျသွားတယ်ဆိုကြပါစို့။

“မြစ်ကလည်း သိပ်ရေနက်တဲ့မြစ်၊ မင်းစီးလာတဲ့ကားဟာ ရေအောက်ကို စုံးစုံးမြုပ်သွားတယ်လို့ မှတ်လိုက်၊ ဒီတော့ မင်းက ဘာလုပ်မလဲ။

“ကားထဲကထွက်ဖို့ ပထမဆုံးကြိုးစားမယ်၊ ဒါဟာ လူတိုင်းလုပ်နေကျအလုပ်မျိုး၊ မင်းက ကားတံခါးကို အတင်းတိုးဖွင့်မယ်၊ ပြီးတော့ ရေမျက်နှာပြင်ပေါ်ရောက်အောင် ကြိုးစားမယ်၊ ဟုတ်တယ်မဟုတ်လား”

“ဟုတ်ပါတယ်ခင်ဗျာ”

ကော့ဒ်က အဖြေပေးလိုက်၏။ မေခလာက ဆက်ပြီး…

“ရေအောက်ကိုရောက်သွားချင်း ကားတံခါးကို တွန်းဖွင့်ဖို့ ကြိုးစားကတည်းက မင်းမှားနေပြီ၊ တံခါးကို တွန်းဖွင့်လို့ရတယ်ထားဦး၊ တံခါးပွင့်သွားတာနဲ့တစ်ပြိုင်နက် အပြင်ကရေတွေ တရဟောဝင်လာမှာ သေချာတယ်။

“ဒီလို တရဟောဝင်လာတဲ့ရေကြောင့်ပဲ မင်း သေသွားရမှာပဲ၊ ဒီတော့ လုပ်ထုံးလုပ်နည်းအမှန်က ကား ရေအောက်ကိုရောက်သွားတာနဲ့ တစ်ပြိုင်နက် ကားမှန်တံခါးတွေကို ပိတ်ပစ်လိုက်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပိတ်ပစ်လိုက်တဲ့အတွက် ရေဟာ ကားထဲကို ဖြည်းဖြည်းပဲဝင်လာမယ်၊ ကားထဲမှာ ရေတွေက တဖြည်းဖြည်းပြည့်လာတဲ့အချိန်မှာ မင်းဟာ မင်းပါးစပ်ကို ကားခေါင်မိုးဆီကိုကပ်ထားပြီး အသက်ကို မှန်မှန်ရှူနေရမယ်။

"ကားထဲကိုရောက်လာတဲ့ ရေဖိအားဟာ အပြင်မှာရှိတဲ့ရေဖိအားနဲ့ တူလာတဲ့အချိန်မှာ တံခါးဟာ မင်းဖွင့်ဖို့မလိုဘဲ အလိုလိုပွင့်သွားလိမ့်မယ်။

"ဒီလိုဖိအားချင်းတူလာတဲ့အထိ ထိုင်စောင့်နေဖို့ကတော့ စိတ်ဓာတ်အရေးကြီးတယ်၊ ကိုယ့်စိတ်ကိုယ်ထိန်းနိုင်ဖို့ သိပ်လိုတယ်။

"ဖိအားချင်းတူလာတဲ့အချိန်မှာ ကားတံခါးတွေပွင့်သွားပြီး မင်းလည်း ရေမျက်နှာပြင်ပေါ် ပေါ်လာတော့မှာပဲ။

"ဒီတော့ ကျုပ်တို့လည်း ဒီလိုဖိအားချင်းတူလာတဲ့အချိန်အထိ စောင့်နေဖို့လိုတယ်။ မစောင့်ဘဲ အလျင်စလိုလုပ်လိုက်ရင် ရေမွန်းပြီး သေကုန်လိမ့်မယ်"

ကော့ဒ်က မေခလာ့သဘောတရားကိုမပေါက်၊ ထို့ကြောင့်…

"ကျွန်တော်တို့ ဒီအချိန်မှ ဒီက ထွက်မသွားရင် ဘယ်တော့မှ ထွက်နိုင်တော့မယ်မထင်ဘူး။

"ရုရှတွေက တင်ပဲယော့ဖ်လေယာဉ်ကွင်းကိုတောင် လွန်ခဲ့တဲ့ တစ်နာရီက သိမ်းယူသွားပြီးပြီ။

"မက်ချ်နောင်၊ နစ်ကိုလာစီး၊ ဇယ်လ်ဟစ်ဒေါ့ဖ်…စတဲ့ ရပ်ကွက်တွေကလည်း ရုရှလက်အောက်ရောက်နေပြီ၊ မြောက်ဘက်က ရပ်ကွက်တွေလည်း ရုရှတွေလက်ထဲမှာ။

"ဘာလင်မြို့တော်ကာကွယ်ရေးအတွက် အထူးတာဝန်ပေးခံထားရတဲ့ ယန္တရားတပ်ကလည်း တရှုံးတည်းရှုံးနေပြီ၊ ဘာလင်ကာကွယ်ရေးနယ်မြေအဖြစ် သတ်မှတ်ထားတဲ့ အမှတ်(၃)နဲ့ (၄)နယ်မြေတွေကိုလည်း ရုရှတင့်ကားတပ်တွေက ဝင်ပြီး နင်းခြေနေပြီ"

မေခလာက ခေါင်းကိုညိတ်လိုက်ပြီး…

"အခြေအနေဘယ်လောက်ဆိုးနေပြီဆိုတာ ကျုပ် အားလုံးသိတယ်၊ မင်းသိတာထက် ပိုသိတယ်။

"ဒါပေမယ့် ဒီအချိန်ဟာ ဒီနေရာက စွန့်ခွာဖို့ကောင်းတဲ့အချိန် မဟုတ်သေးဘူး။

"ဒီတော့ မင်းတစ်ယောက်တည်း ဒီနေရာကိုစွန့်ခွာပြီး ခုအချိန်မှာ သွားချင် ဘယ်ဆိုရင်လည်း သွားနိုင်တယ်"

ကော့ဒ်က ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

"ကျွန်တော့်တစ်ယောက်တည်းတော့ ဘယ်တော့မှ မသွားပါဘူးခင်ဗျာ"

"မသွားပါဘူးဆိုတာထက် မသွားနိုင်ဘူးဆိုတာက ပိုမှန်လိမ့်မယ် ."

မေခလာက ကော့ဒ်စကားကို ပြင်ပေးလိုက်ရင်း…

"ရောက်လာတဲ့အဖွဲ့နဲ့ ကျုပ်တို့နဲ့ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုသင်္ကေတနဲ့ ဘယ်လိုအမှတ်အသားထားတယ်ဆိုတဲ့ တိကျတဲ့အစီအစဉ်ကိုလည်း မင်. မသိသေးဘူးမဟုတ်လား။

"မင်းမှာက ပြင်သစ်ဟိုတယ်ပိုင်ရှင်ရဲ့ မိန်းမကို လိုချင်တာနဲ့ ဟိုတယ်ပိုင်ရှင်ကို အမှုရှာဖမ်းပြီး သတ်ပစ်တဲ့ကိစ္စက ရှိနေတယ်၊ ဒီတော့ မင်းဟာ ကျုပ်လောက်အရေးပါတဲ့ လူတစ်ယောက်မဟုတ်တောင် ဒီအမှုနဲ့ပတ်သက်ပြီး စစ်ကြိုးပြီးသွားရင် မင်းလည်ပင်းကို ကြိုးတပ်မယ့် ဟိုတယ်ပိုင်ရှင်ဘက်က ဆွေမျိုးတစ်ယောက်ယောက်တော့ ပေါ်လာမှာ အမှန်ပဲ။

"ဒီတော့…ကော့ဒ်၊ မင်းဟာ ကျုပ်မပါဘဲနဲ့တော့ ဂျာမနီက အသက်နဲ့ ကိုယ်မြဲပြီး ထွက်သွားနိုင်မှာမဟုတ်ဘူးဆိုတာ သိထားစမ်း…"

မေခလာက ကော့ဒ်အား ကြောက်သွားအောင် ခြောက်လိုက်ပြီးမှ ပြန်၍ ချော့လာသည်။

"ဒီအချိန်မှာ မင်းနဲ့ကျုပ်နဲ့ စကားများနေဖို့အချိန်မဟုတ်ဘူး၊ ကျုပ်ဘာလုပ်နေတယ်ဆိုတာ ကျုပ်ကိုယ်တိုင် နားလည်ထားတယ်ဆိုတာ ယုံစမ်းပါ ကော့ဒ်"

ဂျာမန်နဲ့ဆွစ်ဇာလန်နယ်စပ်တွင် ဂျာမန်ဗိုလ်မှူးတစ်ယောက်အဖြစ် လှုပ်ရှားနေခဲ့သော **ကလော့စ်ဘူးယား**သေဆုံးခဲ့သရခြင်းမှာ မေခလာ့စကားကို တိတိကျကျ မလိုက်နာခဲ့သောကြောင့်ဟူသော အချက်ကို ကော့ဒ်က ပြေး၍ သတိရလိုက်သည်။

ထို့ကြောင့် မေခလာ့ညွှန်ကြားချက်ကို လိုက်နာပါတော့မည်ဟု ကော့ဒ်က ဆုံးဖြတ်လိုက်ပြီး…

"ကျွန်တော် ဘာဆက်လုပ်ရမလဲခင်ဗျာ"

"ကျုပ်တို့ထွက်ခွာဖို့ အသင့်ဖြစ်မယ့်အချိန်အထိ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ကို ဘာလင်မှာ စောင့်ခိုင်းထားရမှာပဲ၊ ဒါပေမယ့် သူတို့အဖွဲ့ကို ကျုပ်တို့က ဘာအဆက်အသွယ်မှမလုပ်ဘဲ ဒီအတိုင်းပစ်ထားလို့တော့ မဖြစ်ဘူး။




အမြှားဦးနှောင်

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပစ်ထားရင် ကျုပ်ဘက်က တစ်ခုခုအဆင်မပြေဖြစ်နေတယ်ထင်ပြီး စစ်ဆင်ရေးအဖွဲ့ ပြန်တပ်ခေါက်သွားမှာ စိုးရတယ်၊ ဒါပေမယ့် ကျုပ်အကူအညီမပါဘဲ သူတို့ ဘာလင်ကပြန်ထွက်လို့ရနိုင်မှာမဟုတ်ဘူး။

"ဒီတော့ သူတို့နဲ့ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဟောဒီမာကျူရီဆိုတဲ့ ကြေးနန်း႔ပြီး ဆယ့်နှစ်နာရီအကြာမှာ မင်းက သူတို့အဖွဲ့ကို သွားတွေ့ရမယ်။

"အဲ...နက်ဖြန် ၁၀ နာရီ ၄၅ မိနစ်မှာ သွားတွေ့ရမယ်၊ ဒီစစ်ဆင်ရေးအဖွဲ့သားတွေကိုထားဖို့ မင်းမှာ နေရာရှာပြီးသား အသင့်ရှိရဲ့လား"

"ဘယ်သူမှမသိသေးတဲ့ မြေအောက်တိုက်ခန်း တစ်ခန်း၊နှစ်ခန်းရှိပါတယ်"

"ကောင်းပြီ...သူတို့အဖွဲ့ကို အဲဒီကို တိုက်ရိုက်ခေါ်သွား၊ အဲဒီအခန်းဟာ ကျုပ်တို့လုံခြုံရေးတပ်တွေ အစောင့်အနေချထားတဲ့ နယ်မြေထဲမှာဖြစ်ရမှာ အဲဒါ သတိထား။

"နက်ဖြန် သူတို့နဲ့သွားတွေ့တဲ့အခါ မင်းက ဟစ်တလာကိုယ်ရံတော်တပ်ဖွဲ့ အက်စ်အက်စ် တပ်မဗိုလ်မှူးဝတ်စုံဝတ်ထားတဲ့ အဖွဲ့ဝင်တစ်ယောက်ကို တွေ့ရလိမ့်မယ်"

"ဒီအဖွဲ့ဝင်ရဲ့ စစ်ဝတ်စုံအင်္ကျီလက်မှာ ဒုတိယစစ်ပွဲတပ်မက အရာရှိတွေ တပ်ဆင်လေ့ရှိတဲ့ လက်ကြယ်သီးတပ်ထားလိမ့်မယ်၊ သူ့ခေါင်းမှာ ပတ်တီးစည်းထားမယ်။

"ပတ်တီးရဲ့ ဘယ်ဘက်မှာ သွေးစွန်းနေတာတွေ့ရမယ်၊ တကယ်တော့ သွေးမဟုတ်ဘူး၊ ဆေးနီဆိုးထားတာ။

"ဒါက မင်း မှားပြီး အဆက်အသွယ်လုပ်မှာစိုးလို့ သူတို့အဖွဲ့နဲ့ ကြိုတင်ပြီး စည်းလားရိုက်ထားခဲ့တဲ့ အချက်ပြသင်္ကေတပဲ။

"ဒီလူနဲ့တွေ့တာနဲ့ မင်းက စကားဝှက်ဖြစ်တဲ့ **မြင်းကုန်ကူးစစ်ဆင်ရေးလို့** စပြီးနှုတ်ဆက်ရမယ်၊ သူက **မာကျူရီလို့** ပြန်ပြောလိမ့်မယ်၊ ရှင်းရဲ့လား"

"ရှင်းပါတယ်ခင်ဗျာ၊ သူတို့က သူတို့ဘယ်လောက်ကြာအောင် စောင့်နေရမလဲလို့မေးရင် ကျွန်တော် ဘယ်လိုအဖြေပေးရမလဲ"

"ဒါကတော့ မေးမှာပဲ၊ မေးရင် နှစ်ရက်စောင့်ပါလို့ပြော၊ အလွန်ဆုံး သုံးရက်ပေါ့ကွာ"

"အို...သုံးရက်တောင်ပဲလား"

ကော့ဒ်က အံ့သြသည့်လေသံဖြင့် ပြန်မေးလိုက်မိ၏။





မေခလာက စားပွဲကို လက်သီးဖြင့်ထုလိုက်သည်။

"ဒီလောက်ကြောက်တတ်တဲ့အကောင်က ဘယ်လိုလုပ် ဗိုလ်မှူးဖြစ်လာတာလဲ"

မေခလာက လျှာဖျားသို့ရောက်လာသည့် စကားလုံးများကို ဖျောက်ပစ်လိုက်သည်။ ပြီးမှ စိတ်ထဲတွင် မှတ်ချက်ချလိုက်၏။

"ဒီလိုကြောက်တတ်တဲ့ အကောင်မျိုးကြောင့် ဒီလိုကိစ္စမျိုးမှာ အသုံးချလို့ကောင်းတာပေါ့"

ကော့ဒ်က မေခလာထံမှထွက်လာမည့်စကားကို ရွံ့ကြောက်သည့်အမူအရာဖြင့် ငံ့လင့်နေ၏။

သို့သော် ထွက်လာသည့်လေသံက အေးအေး။

"ကော့ဒ်ရေ...မင်းလည်းစဉ်းစားကြည့်ပေါ့၊ ကျုပ်တို့က ကျုပ်တို့ထင်တဲ့အတိုင်း လုပ်နိုင်တာမဟုတ်ဘူး၊ အခြေအနေကိုကြည့်ပြီး အခွင့်အရေးသာမှ လုပ်နိုင်မှာ။

"ရုရှတပ်တွေက ကျုပ်တို့ ဟောဒီ အဓိပတိရုံးနားကို ရက် ၃၀ လောက်မှ ရောက်လာနိုင်မှာ၊ ဒါတောင် အမြန်ဆုံးခန့်မှန်းချက်နဲ့ ခန့်မှန်းထားတာ၊ ဒီတော့ မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ခေါင်းဆောင်ကို မင်းပြောရမှာက ၂၉ ရက်နေ့ညနေကို နောက်အကျဆုံးထားပြီး မင်းက သူတို့အဖွဲ့ကို လာခေါ်ပါမယ်လို့၊ နားလည်ရဲ့လား"

"နားလည်ပါတယ်ခင်ဗျာ"

"ကောင်းပြီ၊ နောက်တစ်ချက်...မင်းက သူတို့ယူလာတဲ့စာချုပ်စာတမ်းထဲမှာ ကျုပ်တို့ကို ဘေးမဲ့ပေးဖို့ ကတိပြုထားတဲ့အချက် ပါ၊မပါဆိုတာ ကြည့်ရမယ်၊ သူတို့အဖွဲ့ဟာ တကယ်ပဲ **ဆု**ကလွှတ်လိုက်တဲ့အဖွဲ့ ဟုတ်၊မဟုတ် သိရအောင်၊ နောက်ပြီး ဘေးမဲ့ပေးမယ်ဆိုတာ အစစ်အမှန်ပဲလားဆိုတာ သိရအောင်"

ဤတွင် ကော့ဒ်က ထင်မြင်ချက်ပေးလိုက်၏။

"ဒါကလည်း ယုံရခက်ကြီးပါပဲခင်ဗျာ"

"အင်း...ဒီနေ့ဒီခေတ်မှာ ဘယ်သူ့ကိုမှ မယုံရတော့ဘူး"

မေခလာကလည်း မှတ်ချက်ချလိုက်သည်။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၄၂ ]

အဲလ်ဘတ်မင်းသားလမ်းမကြီးပေါ်ရှိ ဂက်စတာပိုဌာနချုပ် အဆောက်အအုံ ကြီးမှာ မဟာမိတ်များ၏ ဗုံးဒဏ်နှင့် ရုရှအမြောက်ကြီးများ၏ လက်ချက်ကြောင့် မီးလောင်ငုတ်တိုတစ်ခုလို။

သို့သော် ဂျာမန်စစ်ထောက်လှမ်းရေးဌာနချုပ် ခြံဝင်းကြီးအတွင်း၌ ဂက် စတာပို ထောက်လှမ်းရေးဌာနချုပ်ရုံးကို မြေအောက်တွင် တိုက်ခန်းများဆောက် လျက် ဖွင့်လှစ်ထား၏။

ရုံးလုပ်ငန်းကို လုပ်နေကြသူများက ဂျာမန်တို့ စစ်ရှုံးတော့မည်ဆိုသည်မှာ မဟာမိတ်တို့၏ လှည့်စား ဝါဒဖြန့်ချက်သာဖြစ်သည်ဟု ယူဆထားကြလေ သလားမသိ။ အလုပ်ကို ကြိုးစားပမ်းစားလုပ်ဆောင်နေကြဆဲ။

ဂက်စတာပိုဌာနချုပ်တွင် လုံခြုံရေးတပ်ဖွဲ့ရုံးကိုလည်း ပူးတွဲထားသည်။

ဟစ်တလာအစိုးရအဖွဲ့၌ ကြောက်စရာအကောင်းဆုံး ဌာနနှစ်ခုရှိသည်။ ဂက်စတာပိုခေါ် စစ်ထောက်လှမ်းရေးဌာနနှင့် အက်စ်ဒီခေါ် လုံခြုံရေးဌာန။

ဂျာမန်လက်အောက်သို့ ရောက်ရှိလာခဲ့သည့် နိုင်ငံများအပေါ်၌ အရက်စက် ဆုံး အပြုအမူကို ဤဌာနနှစ်ခုမှ ခေါင်းဆောင်များအမိန့်ဖြင့် ပြုလုပ်ခဲ့ကြ၏။

လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်မှာ ရက်စက်ရာတွင် နာမည်ဆိုး ဖြင့် ကျော်ကြားသူ။

ဂက်စတာပို မြေအောက်တိုက်ခန်းဌာနချုပ်တွင် လုံခြုံရေးဗိုလ်ကြီး လန်ဂျင် ဒေါ်ဖ်အဖို့ ရုံးခန်းကလေးတစ်ခန်း ရထားသည်။

သူ့စားပွဲပေါ်တွင် ဂျာမန်–ဆွစ်နယ်စပ်၌ ပစ်သတ်ဖမ်းဆီးခံရသော ဗိုလ်မှူး ကလော့ဇ်ဘူးယား၏ အမှုနှင့်ပတ်သက်နေသည့် စာရွက်စာတမ်းများကို ဖြန့်ချ ထားသည်။





ဟစ်တလာကိုယ်ရံတော်တပ်ဖွဲ့တွင် ဗိုလ်မှူးကလော့ဇ်ဘူးယားဟူသော အမည်ဖြင့် အရာရှိတစ်ယောက်မျှမရှိခဲ့ကြောင်းကို ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က သိထားပြီးပြီ။

အသံလွှင့်စက်ကလေးတစ်ခုမှ နောက်ဆုံးဖမ်းယူရရှိခဲ့သည့် **မာကျူရီ** ဆိုသော စကားဝှက်ကလည်း ကြေးနန်းအဖြစ် သူ့စားပွဲပေါ်မှာ။

ဘာလင်မြို့တော်ကြီးတစ်ခုလုံး ဗုန်းဗုန်းလဲပြိုနေသည်မှာ လန်ဂျင်ဒေါ်ဖ်၏ အလုပ်မဟုတ်သလို မြောက်ဘက်မှတိုက်လာသော ရုရှစစ်သူကြီး မာရှယ်ဇူး ကော့ဗ်၏ တပ်များနှင့် တောင်ဘက်မှချီတက်တိုက်ခိုက်လာသော မာရှယ်ခိုနက်ဗ် ၏ တပ်များက ဘာလင်မြို့တော်ကြီးအား ကွမ်းသီးတစ်လုံးကို ကွမ်းညှပ်ကြီးဖြင့် ညှပ်ပစ်လိုက်တော့မည်ကဲ့သို့ ရှိနေခြင်းမှာလည်း သူနှင့်မဆိုင်ဟု လန်ဂျင်ဒေါ်ဖ်က ယူဆထား၏။

သူ့အလုပ်က နာဇီပါတီနှင့် နာဇီအစိုးရအဖွဲ့မှ သစ္စာဖောက် လောက် ကောင်များကို ဖော်ထုတ်ရှင်းလင်းသုတ်သင်ရေး။

လုတိုင်းလူတိုင်းသာ သူ့လိုတာဝန်ကျေပွန်လျှင် နာဇီဂျာမနီက ဒုတိယ ကမ္ဘာစစ်ကြီးတွင် အောင်ပွဲရမည်မလွဲ။

အဓိပတိကြီး ဟစ်တလာက ဗိုလ်မှူးကြီးစတိန်နာနှင့် ဗိုလ်ချုပ်ကြီးဝိနက် ၏ တိုက်ခိုက်ရေးတပ်များ ဘာလင်မြို့တော်ကာကွယ်ရေးအတွက် ရောက်လာ တော့မည်ဟု မိန့်ကြားထားသည်မဟုတ်လား။

ထို့ကြောင့် ဘာလင်မြို့တော်ကာကွယ်ရေးမှာ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်၏ တာဝန်မဟုတ်။ သူ့အလုပ်က သစ္စာဖောက်ကို ဖော်ထုတ်ရေး။

သို့သော် သူ့အဖို့ ခက်နေသည်က မျက်စိကိုဖွင့် နားကိုစွင့်ထားရုံနှင့် သစ္စာဖောက်သူများကို မဖော်ထုတ်နိုင်သေးခြင်း။

သူတစ်ယောက်တည်းအဖို့ လုပ်ရသည့်အလုပ်က ကြီးလွန်းလှသည်။

အထက်အရာရှိကြီးများထံ အကူအညီတောင်းခံရန်လည်းမဖြစ်။ ခုမှ အကူ အညီ တောင်းရသလားဟု ပြစ်တင်မောင်းမဲခံရရုံမက ပစ်သတ်ပင်ခံရမည်။ အကယ်၍ အထက်အရာရှိကြီး တစ်ယောက်ယောက်က သစ္စာဖောက်ဖြစ်နေလျှင် သူ့ကြံထားသမျှ ဖွင့်ပြောလိုက်သလို ဖြစ်သွားမည်ကိုလည်း စိုးရိမ်နေရသေးသည်။

မေခလာနှင့် ဆုတို့နှစ်ယောက်အကြား အပြန်အလှန်ပေးပို့ကြသည့် ဝိုင်ယာ လက် သတင်းများကိုလည်း ယခုတိုင် အဓိပ္ပာယ်မဖော်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် လက်ဆုပ်လက်ကိုင် သက်သေပြနိုင်သည့် စာရွက်စာတမ်းဆိုရှိ ဗိုလ်မှူးကလော့ဇ်ဘူးယားအမည်ကို ခံယူခဲ့သော သစ္စာဖောက်တစ်ယောက်၏ အိတ်ထဲတွင်တွေ့ရသည့် စာရွက်စာတမ်းများနှင့် ဂျာမန်–ဆွစ်နယ်စပ်ကင်းစခန်းမှ ပေးပို့ထားသည့် အစီရင်ခံစာ။

ဘူးယားပြီးနောက် နောက်ထပ်ပေါ်ပေါက်နေသော သစ္စာဖောက်များ၏ ခြေရာကိုကောက်၍ ရလိုရငြား ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က ဂျာမန်–ဆွစ်နယ်စပ်ကင်းစခန်းမှူးမှ ဘူးယားနှင့်ပတ်သက်သည့် အစီရင်ခံစာကို ပြန်ဖတ်လိုက်၏။

ဗိုလ်မှူးကလော့ဇ်ဘူးယားဟု အမည်ခံသူသည် ဆွစ်ဇာလန်နိုင်ငံသို့ ထိုနိုင်ငံသားဖြစ်ကြောင်း သက်သေခံစာရွက်စာတမ်းများကို ကိုင်ဆောင်လျက် ဝင်ရောက်ခဲ့သကဲ့သို့...

ဂျာမန်နိုင်ငံအတွင်းသို့လည်း အက်စ်အက်စ်ကိုယ်ရံတော် ဗိုလ်မှူးတစ်ဦးဖြစ်ကြောင်း လုံခြုံရေးဌာနမှထုတ်ပေးသည့် စာရွက်စာတမ်းများကို ကိုင်ဆောင်လျက် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း။

ဘူးယား ဂျာမန်နယ်စပ်သို့ ဝင်ရောက်လာသည့်အချိန်မှာ နေ့လယ် ၁၂ နာရီ ၂၂ မိနစ်ဖြစ်ကြောင်း၊ တပ်ကြပ်ကြီးဟိုးနှင့် ကျွန်တော်တို့သည် ဘူးယား နောက် ပြောင်ပြောင်တင်းတင်းပင် လိုက်လာခဲ့ကြောင်း။

တပ်ထဲတွင် အယောင်ဆောင် အက်စ်အက်စ်အရာရှိများ ရှိနေခြင်းမှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်ပါကြောင်း။

ဘူးယားက ကျွန်တော်နှင့် တပ်ကြပ်ကြီး ကင်းစခန်းမှဆင်းလာသည်ကို မြင်သောအခါ ရပ်၍ပင်စောင့်နေသေးကြောင်း၊ ကျွန်တော်တို့က သွားနှင့်ရန် လက်ပြလိုက်သောအခါ ဘူးယားသည် တောင်အောက်ခြေရှိ အများပြော တယ်လီဖုန်းရုံထဲသို့ ဝင်သွားကြောင်း။

ဤသို့ဝင်၍ တယ်လီဖုန်းပြောမည်ကို တင်ကြိုရထားသည့်သတင်းအရ ကျွန်တော်တို့သိနေကြောင်း၊ ဘူးယားသည် တစ်ဖက်မှလူနှင့် အတော်ကြာအောင်ပင် စကားပြောနေပြီးမှ ပြန်ထွက်လာကြောင်း၊ သူစကားပြောချိန်မှာ ခြောက်မိနစ်ထိပင် ကြာသည်ဟု မှတ်သားထားပါကြောင်း။

တယ်လီဖုန်းရုံမှ ပြန်ထွက်အလာတွင် ကျွန်တော်က ဘူးယားအား သေနတ်ဖြင့်ချိန်လျက် လုံခြုံရေးတပ်ဖွဲ့ဌာနချုပ်သို့ လိုက်ခဲ့ရမည်ဟုခေါ်ရာ သူသည် အလွန်အံ့သြသွားပုံပေါ်နေကြောင်း။





သူက ဒီလို မထီလေးစားလုပ်သည့်အတွက် နောင်တကြီးစွာရလိမ့်မယ်၊ သူဟာ ဂျာမန်နိုင်ငံတော်အတွက် အရေးကြီးသောကိစ္စကို ဆောင်ရွက်နေရသူဟု ပြောကြောင်း။

ကျွန်တော်က သူ့အား သစ္စာဖောက်မှုတစ်ခုခုကို ပြုလုပ်ရန် ကြိုးစားနေသည်ဟု ယုံကြည်ရန် အကြောင်းရှိသဖြင့် ကျွန်တော်နှင့်အတူလိုက်ခဲ့ရမည်ဟု ခေါ်ရာ ပထမတွင် သူက လိုက်ပါရန်သဘောတူသည်ဟုပြောပြီး ခဏအကြာတွင်မှ ထွက်ပြေးသွားပါကြောင်း။

ကျွန်တော်တို့က မပြေးရန်ပြောသော်လည်း မရပါ။ ထို့ကြောင့် တပ်ကြပ်ကြီးဟိုးက သေနတ်ဖြင့်ပစ်သတ်လိုက်ရပါကြောင်း။

ဘူးယားဆိုသူအား ဆရာဝန်က ရင်ခွဲစစ်ဆေးပြီးနောက် တွေ့ရှိရသည့် ဆေးအစီရင်ခံကိုပါ ပူးတွဲပေးပို့ပါကြောင်း၊ ဆေးအစီရင်ခံစာတွင် ဘူးယားသည် သေနတ်ဒဏ်ရာအပြင် ပါးစပ်ထဲ၌ငုံထားသည့် အဆိပ်ဆေးလုံးကို ပေါက်ကွဲသွားအောင် ကိုက်လိုက်မိသဖြင့် သေဆုံးရကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အဆိပ်ဆေးလုံးကို ဘူးယားက တမင်ပင်ကိုက်လိုက်မိသလား၊ သို့မဟုတ် သေနတ်ဒဏ်ရာကြောင့် ယောင်များ၍ကိုက်လိုက်မိခြင်းလားဆိုသည်ကိုမူ ဆရာဝန်ကိုယ်တိုင် ပြောမပြနိုင်ပါကြောင်း။

ဘူးယားသည် ဆွီဒင်အမျိုးသားတစ်ယောက်ဖြစ်ကြောင်းနှင့် အက်စ်အက်စ်တပ်ဖွဲ့ ဗိုလ်မှူးတစ်ဦးဖြစ်ကြောင်း သက်သေခံအထောက်အထားများမှာ လုံခြုံရေးတပ်ဖွဲ့မှ ထုတ်ပေးသည့် အထောက်အထားများပင် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ အတုလုပ်သူ သစ္စာဖောက်များ မည်မျှတွင်ကျယ်နေသည်ကို သိသာနိုင်ပါကြောင်း၊ အမှန်စင်စစ်အားဖြင့် အက်စ်အက်စ်တပ်ဖွဲ့တွင် ဗိုလ်မှူးကလော့ဇ်ဘူးယားအမည်ဖြင့် အရာရှိတစ်ယောက်မျှမရှိဟု သိရပါကြောင်း။

ဘူးယား၏အိတ်ထဲတွင် ငွေ၊ ကိုယ်ရေးကိုယ်တာစာနှင့် ဓာတ်ပုံတစ်ခုမှ ပါမလာပါ။ အရေးကြီးဆုံးမှာ လက်ဝဲဘက် လက်ကောက်ဝတ်တွင် ရေဒီယို လေလှိုင်းသံကို ရေးမှတ်ထားခြင်းပင် ဖြစ်ပါကြောင်း။

ဗိုလ်မှူးကလော့ဇ်ဘူးယားဆိုသူတစ်ယောက် မည်သည့်အချိန် ကင်းစခန်းသို့ ရောက်လာမည်။ မည်သို့ တယ်လီဖုန်းရုံးသို့ ဝင်မည်၊ မည်သို့ပုံပန်းရှိသည် ...စသည်တို့ကို ကျွန်တော်တို့အား ကြိုတင်၍ သတင်းပေးသူမှာ မည်သူမည်ဝါ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ကို ကျွန်တော်မသိပါ။

သစ္စာဖောက်အစုထဲမှ မယုံကြည်ရတော့သဖြင့် ငါးကြင်းဆီဖြင့် ငါးကြင်းကြော်သလို ကြော်နိုင်ရန် တစ်ယောက်ယောက်က ကျွန်တော်တို့အား သတင်းပေးလိုက်ခြင်းပင်ဖြစ်သည်ဟု ယူဆမိပါကြောင်း။

ဗိုလ်ကြီးလန်ဂျင်ဒေါဖ်က အစီရင်ခံစာကိုဖတ်လိုက်ပြီးနောက် ခေါင်းထဲတွင်စွဲကျန်နေသော စာကြောင်းများမှ အဖြေထုတ်နေ၏။

ဘူးယားဆိုသော အယောင်ဆောင် အက်စ်အက်စ် ဗိုလ်မှူးတစ်ယောက် ကင်းစခန်းသို့ရောက်လာပြီး မည်သို့ဆက်လက်ပြုမူမည်ကို မည်သူက ကင်းစခန်းမှူးအား ကြို၍ သတင်းပေးခဲ့ပါသလဲ။

ဘူးယား၏အပြုအမူ အလေ့အကျင့်ကိုသိနေသူသည် ဘူးယားနှင့်အတူ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်ခဲ့ဖူးသူ။

ဘူးယားနှင့် အဆက်ရှိနေခဲ့သူအား ထောက်လှမ်းရေးက မသင်္ကာဖြစ်နေခဲ့သဖြင့် ထိုအဆက်က ဘူးယားအား အစပျောက်အောင် ဖျောက်ပစ်ခဲ့ခြင်းသာ

တောင်ခြေရှိ တယ်လီဖုန်းရုံမှ ခြောက်မိနစ်ကြာအောင် ဘူးယားက စကားပြောနေခြင်းမှာ အဆက်ရှိနေသူထံ သတင်းပို့နေခြင်းသာ ဖြစ်နိုင်သည်။

အဆက်သည် ဘူးယားထံမှလိုချင်သည့် အချက်အလက်များကို ရယူပြီးနောက်မှ ဘူးယားအား သေတွင်းသို့ပစ်သွင်းခဲ့ခြင်းပင် ဖြစ်ရမည်။

သို့ဖြစ်လျှင် ဘူးယား၏အဆက်သည် လိမ္မာပါးနပ်သည်နှင့်အမျှ ရက်စက်စရာရှိလျှင် လက်မရွံ့တတ်သူ။

လန်ဂျင်ဒေါဖ်က ဘူးယား၏ ဆွစ်ဇာလန်နိုင်ငံသားဖြစ်ကြောင်း၊ အက်စ်အက်စ်တပ်ဖွဲ့မှ ဗိုလ်မှူးဖြစ်ကြောင်း သက်သေခံအထောက်အထား စာရွက်စာတမ်းများကို စစ်ဆေးကြည့်လိုက်သည်။

အစစ်နှင့် ဘယ်လိုမှခွဲမရ။

ဤအထောက်အထား စာရွက်စာတမ်းများသည် သူရုံးထိုင်လျက်ရှိသော လုံခြုံရေးဌာနချုပ်ရုံးမှ ထုတ်ပေးလိုက်ခြင်းသာ ဖြစ်ရမည်။

သို့ဖြစ်လျှင် သစ္စာဖောက်လောက်ကောင်ကြီးသည် ဤဌာနချုပ်တွင် ရာထူးကြီးတစ်ခုကို ဆုပ်ကိုင်ထားသူတစ်ယောက်သာ ဖြစ်ရပေတော့မည်။

ဤဌာနချုပ်ရုံးတွင်ပင် ဘူးယားအား ထုတ်ပေးလိုက်သည့် သက်သေခံအထောက်အထား စာရွက်စာတမ်းများ၊ မိတ္တူများရှိရမည်။





ထိုမိတ္တူများကို ရှာ၍ရလျှင်...

သစ္စာဖောက်လောက်ကောင် မည်သူဖြစ်ကြောင်း ဘွားဘွားကြီးပေါ်လာတော့မည်။

လန်ဂျင်ဒေါဖ်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး မှတ်တမ်းဌာနသို့ ဆက်လိုက်၏။

တစ်ဖက်မှပြန်ထူးသံက အရာရှိပေါက်စကလေး တစ်ယောက်အသံ။

"ခုစကားပြောနေတာ ဗိုလ်မှူးချုပ်ဝိုက်ဒီမန်း၊ မှတ်တမ်းဌာနမှာ ခုအလှည့်ကျ တာဝန်ယူနေတဲ့ အကြီးဆုံးအရာရှိ ဘယ်သူလဲ"

လန်ဂျင်ဒေါဖ်က အသံဖျက်ကာ ဗိုလ်မှူးချုပ်တစ်ဦး၏လေသံဖြင့် စကားဆိုလိုက်၏။

"ကျွန်တော် ဗိုလ်ကြီးကို့ချ်ပါ ဗိုလ်မှူးချုပ်"

ဗိုလ်ကြီးလန်ဂျင်ဒေါဖ်က အကွက်ဝင်သွားသဖြင့် စကားပြောခွက်ကိုကိုင်ရင်း ပြုံးလိုက်၏။

ဗိုလ်ကြီးအဆင့်ရှိသူက အခြားဗိုလ်ကြီးတစ်ယောက်အား မေတ္တာရပ်ခံသည်ထက် ဗိုလ်မှူးချုပ်တစ်ဦးအနေဖြင့် မှတ်တမ်းဌာနမှ ဗိုလ်ကြီးအား စကားပြောရခြင်းမှာ မိမိဘက်က အမြဲတမ်း အသာရနေမည်မဟုတ်လား။

"ကျုပ်မှာ သိပ်အရေးကြီးတဲ့ကိစ္စရှိနေတယ်၊ ဒီတော့ မောင်ရင်က ကျုပ်အတွက် ဦးစားပေး ဆောင်ရွက်ပေးပါ"

"ဟုတ်ကဲ့...ဗိုလ်မှူးချုပ်"

တစ်ဖက်မှ ဗိုလ်ကြီးကို့ချ်အသံ။

"ကျုပ် ဗိုလ်မှူးကလော့ဇ်ဘူးယားနဲ့ပတ်သက်တဲ့ ဖိုင်ကို ချက်ချင်းလိုချင်တယ်။ ဘူးယားဆိုတာ တကယ်ရှိတဲ့ ဗိုလ်မှူးမဟုတ်ဘူး၊ လုပ်ကြံပြီး လံကြုတ်စာတ်ဆင်ထားတဲ့ ဗိုလ်မှူး။

"သူနဲ့ပတ်သက်တဲ့ ခန့်စာကအစ အားလုံး ကျုပ်ကိုရှာပေးစမ်းပါ"

"ဟုတ်ကဲ့ခင်ဗျာ"

"ဘူးယားရဲ့ဖိုင်ဟာ သိပ်အရေးကြီးနေတယ်၊ ဘယ်လောက်အရေးကြီးလဲဆိုရင် ဂျာမန်နိုင်ငံတစ်ခုလုံးရဲ့ ကံကြမ္မာကိုတောင် ပြောင်းလဲပစ်နိုင်လောက်အောင် အရေးကြီးနေတယ်။

"ဒါကြောင့် ဒီဖိုင်ကိုရှာဖို့ မောင်ရင့်ကိုပဲ ကျုပ် တာဝန်ပေးတယ်။ ဒီဖိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စပ်ဆိုင်သမျှဖိုင်တွေလည်း လိုချင်တယ်”

ဗိုလ်ကြီးကိုချုံထံမှ တော်တော်နှင့် စကားပြန်မလာ။

ဘာလင်မြို့တော်ကြီးအား ရန်သူဝိုင်းလုမတတ်ဖြစ်နေစဉ် ဘူးယားဆိုသော ဗိုလ်မှူးအတုတစ်ယောက်၏ဖိုင်ကို ရှာဖို့အရေးမှာ မဖြစ်နိုင်သည့်အလုပ်တစ်ခု မဟုတ်။ သို့သော် လွယ်ကူခြင်းကား ရှိမည်မဟုတ်သည်ကို လန်ဂျင်ဒေါ်ဖ်က နားလည်ပြီးသား။

ထို့ကြောင့် ဗိုလ်ကြီးကိုချုံထံမှ လေသံထွက်မလာမီ လန်ဂျင်ဒေါ်ဖ်က...

“ဘူးယားရဲ့ဖိုင်နဲ့ ဘူးယားနဲ့ဆက်စပ်နေတဲ့ ဖိုင်တွေကို ကျုပ်ရဲ့တပ်ရေးဗိုလ်ကြီး လန်ဂျင်ဒေါ်ဖ်ဆီကို ပို့ပေးပါ၊ ဒီဖိုင်တွေဟာ ဂျာမန်နိုင်ငံတော်ရဲ့ သမိုင်းကိုတောင် တစ်မျိုးတဖုံ ပြောင်းလဲပစ်နိုင်လောက်အောင် အရေးကြီးနေတယ်ဆိုတာ ကျုပ် ထပ်ပြောလိုက်တယ်။

“ဒီဖိုင်တွေကိုရှာဖို့ကိစ္စမှာ အခက်အခဲတွေ့နေရင် ကျုပ်ရဲ့တပ်ရေးဗိုလ်ကြီး လန်ဂျင်ဒေါ်ဖ်ဆီကို ချက်ချင်းလှမ်းပြီး အကူအညီတောင်းပါ”

လန်ဂျင်ဒေါ်ဖ်က သူ့ဖုန်းနံပါတ်လိုင်းခွဲကို ပေးလိုက်ပြီးနောက် တယ်လီဖုန်းကို ချလိုက်၏။

စက္ကန့် ၃၀ ပင် မကြာလိုက်။

မှတ်တမ်းဌာနမှ ဗိုလ်ကြီးကိုချုံက ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ထံ ဆက်လိုက်သည့် တယ်လီဖုန်းသံ ပေါ်လာ၏။

ယခုအကြိမ်တွင် အဆင့်တူအချင်းချင်း ပြောခွင့်ရသဖြင့် ဗိုလ်ကြီးကိုချုံအသံက ကျယ်ကျယ်လောင်လောင်။

“ကမ္ဘာမီးလောင်နေတဲ့အချိန်မှာ ဗိုလ်ကြီးရဲ့ ဗိုလ်မှူးချုပ်က ဘူးယားဆိုတဲ့ ဗိုလ်မှူးအတုတစ်ယောက်ရဲ့ ဖိုင်ကို ရှာခိုင်းတာ ဒုက္ခပါပဲ ဗိုလ်ကြီးရာ။

“ကျွန်တော်တို့မှတ်တမ်းဌာနမှာ ဘယ်လို ကသောင်းကနင်းဖြစ်နေတယ်ဆိုတာ ဗိုလ်ကြီးရဲ့အဘိုးကြီး သိပုံမရဘူး”

လန်ဂျင်ဒေါ်ဖ်က ပုံမှန်လေသံအတိုင်း စကားဖြန့်ထိုးလိုက်သည်။ ပြီးမှ...

“အဘိုးကြီးက အရေးကြီးတယ်လို့ပြောရင် တကယ်အရေးကြီးတယ်လို့ပဲ မှတ်ပါ ဗိုလ်ကြီး၊ အဘိုးကြီးက ဒီဖိုင်တွေကို ၂၄ နာရီအတွင်း လိုချင်တယ်ဆိုရင် ၂၅ ရောက်မှပေးလို့ မဖြစ်ဘူးဆိုတာလည်း ပြောချင်တယ်။

“ဒီလို ၁ နာရီနောက်ကျသွားတာဟာ နောက်ကျသူကို လက်မရွံ့ သေနတ်





သမားတွေရှေ့ ပို့ပေးတတ်တယ် ဗိုလ်ကြီး”

တစ်ဖက်မှ ဗိုလ်ကြီးကိုချုံအသံက တုန်လှုပ်နေ၏။

“မဖြစ်နိုင်ဘူးတော့ မဟုတ်ဘူး ဗိုလ်ကြီး၊ ဒါပေမယ့် ဒီဖိုင်ကိုရှာဖို့ ရဲဘော် ဒါဇင်ဝက်လောက်လိုမယ်၊ ဗိုလ်ကြီးသိတဲ့အတိုင်း ဒီအချိန် ဒီအခြေအနေမှာ ရဲဘော်အားလုံးမှာ တာဝန်နဲ့ချည်းပဲ”

“အင်း...ဒါကတော့ ဗိုလ်ကြီးအလုပ်ကို ဗိုလ်ကြီး ပိုသိမှာပေါ့လေ”

လန်ဂျင်ဒေါ်ဖ်က လေပြေထိုးလိုက်၏။

ပြီးမှ လုပ်ကြံသတင်းပို့လိုက်သည်။

“အဘိုးကြီးက အဓိပတိကြီး ဟစ်တလာနဲ့တွေ့ပြီး ဘူးယားရဲ့ဖိုင်ကို ဗိုလ် ကြီးဆီမှာ သူကိုယ်တိုင် ဖုန်းဆက်တောင်းတာ၊ ဒီတော့ ဒီဖိုင်ဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ တွေးကြည့်ပေါ့”

တစ်ဖက်မှ ဗိုလ်ကြီးကိုချုံ၏ ဘုရားတသံ ပေါ်ထွက်လာ၏။

“အဲ...ဗိုလ်ကြီးအတွက် အချိန်နည်းနည်းပိုရအောင်တော့ ကျွန်တော် ကြိုးစားပေးပါ့မယ်”

လန်ဂျင်ဒေါ်ဖ်က နှစ်သိမ့်လိုက်ပြန်၏။

မဖြစ်နိုင်သည်ကို ဗိုလ်မှူးချုပ်တစ်ဦးက အတင်းခိုင်းနေပါသည်ဟု ဗိုလ်ကြီးကိုချုံက သတင်းပို့ခဲ့လျှင် သူ့အတွက် ‘ချောက်ပေါက်’ဖြစ်နေမည်ကိုစိုး၍ လန်ဂျင်ဒေါ်ဖ်က အလျှော့ပေးစကားဆိုလိုက်ခြင်း။

“ဟုတ်လား...ဗိုလ်ကြီး”

တစ်ဖက်မှအသံက အားတက်သည့်လေသံ။

“ဟုတ်တယ်၊ ကျွန်တော်ကြိုးစားပေးမယ်၊ အဘိုးကြီးပြောထားတဲ့ ၂၄ နာရီအစား ၃၆ နာရီထိ တိုးပေးအောင် ကျွန်တော် ကြိုးစားပေးမယ်”

ဗိုလ်ကြီးကိုချုံက...

“၃၆ နာရီဆိုတာ အင်မတန်နည်းသေးတာပဲဗိုလ်ကြီး၊ ရှာရမှာက ဘူးယားရဲ့ ဖိုင်တစ်ခုတည်းမဟုတ်ဘူး၊ သူနဲ့သက်ဆိုင်နေတဲ့ ဖိုင်တွေပါ ရှာရမှာ။ ၄၈ နာရီလောက်ရအောင်တော့ လုပ်ပေးပါဗိုလ်ကြီးရာ”

လန်ဂျင်ဒေါ်ဖ်က စဉ်းစားနေဟန်ဖြင့် ရုတ်တရက် စကားမပြန်။ အတန်ကြာမှ...

“ကောင်းပြီလေ၊ ကျွန်တော်ကြိုးစားပေးမယ်၊ ဒါပေမယ့် ၄၈ နာရီဟာ



www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး ခွင့်ပြုနိုင်တဲ့အချိန်ဆိုတာတော့ ဗိုလ်ကြီး သတိထားစေချင်တယ်။

"ဒီအချိန်ကကျော်သွားရင်တော့ ဗိုလ်ကြီးရော၊ ကျွန်တော်ရော လက်မရွံ့ သေနတ်သမားတွေရှေ့မှာ ရပ်ရတော့မယ်ဆိုတာ သတိထားပါဗျာ"

"ကောင်းပါပြီဗျာ၊ ကျေးဇူးပါပဲ၊ ကျွန်တော် ၄၈ နာရီအတွင်း ရအောင် ရှာပေးပါ့မယ်"

လန်ဂျင်ဒေါဖ်က ဖုန်းကိုချလိုက်ပြီး ပြုံးလိုက်၏။

နာရီကိုကြည့်လိုက်တော့ ၂ နာရီ။

၂၇ ရက်နေ့ ည ၂ နာရီ။

၂၉ ရက်နေ့ည ၂ နာရီတွင် ဗြိတိသျှဘက်သို့ သစ္စာဖောက်၍ ကူးပြောင်းဆက်သွယ်နေသူ သစ္စာဖောက်၏အမည်ကို သိရပေတော့မည်။

* * *

၂၇ ရက်နေ့၊ ည ၂ နာရီ၊ ၂၅ မိနစ်။

ဗြိတိသျှ အထူးစစ်ဆင်ရေးအရာရှိ ဗိုလ်မှူးချုပ်ဂရင်းလေးက ဟော်လန်နိုင်ငံ အိန်ဟိုဗင်လေယာဉ်ကွင်းမှဆက်မည့် တယ်လီဖုန်းသတင်းကို စောင့်မျှော်နေရာမှ စိတ်ပျက်စပြုနေ၏။

ဗိုလ်မှူးဂျက်ဦးဆောင်သော မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့အား ဘာလင်သို့ ပို့ဆောင်ရန်သွားသော ဂျန်ကား ၅၂ လေယာဉ် ပြန်ရောက်လာသည့်သတင်း ခုချိန်ထိ ရောက်မလာ။

လောင်စာဆီ တိုင်ကီအပိုများ တပ်ဆင်ထားသည့်တိုင် ဂျန်ကား ၅၂ လေယာဉ်ကြီးက လေထဲတွင် ၅ နာရီထက် ပို၍ ပျံသန်းမနေနိုင်။

အိန်ဟိုဗင်လေယာဉ်ကွင်းမှ လေယာဉ်ကြီး ပျံတက်သွားသည်မှာ ၅ နာရီထက် ကျော်နေပြီ။

လေယာဉ်ကြီးက မဟာမိတ်နိုင်ငံ တစ်ခုခုထဲသို့ ဝင်ရောက်မိပြီဆိုလျှင် မိမိထံ သတင်းရောက်လာရမည်။

ယခု သတင်းရောက်မလာ။

ရောက်လာသည့်သတင်းက ရုရှတပ်များက တင်ပဲလ်ဟော့ဖ် လေယာဉ်ကွင်းကို သိမ်းယူလိုက်ပြီးပြီဆိုသော သတင်း။





လေယာဉ်ကြီး ပြန်မရောက်တာ သေချာနေပြီ။

သို့သော်...

ဗိုလ်မှူးဂျက်နှင့်အဖွဲ့ကို ဘာလင်မြေပေါ်သို့ ရောက်အောင်ပို့နိုင်ခဲ့သလား။ မပို့နိုင်မီ မီးလောင်ပျက်စီးခဲ့လေသလား။

ဗိုလ်မှူးချုပ်ဂရင်းလေးကမူ လေယာဉ်ကြီးက ဗိုလ်မှူးဂျက်တို့အဖွဲ့အား ဘာလင်မြေပေါ်သို့ အရောက်ပို့ဆောင်ပြီး နောက်မှ ပျက်ကျသွားခဲ့သည်ဟု ထင်မှတ်လိုက်၏။

"ခုချိန်ဆိုရင် ဂျက်တို့အဖွဲ့က ဘာလင်မြို့တော်ပေါ်မှာ လှုပ်ရှားနေမှာပဲ"

ဂရင်းလေးက စိတ်ကိုဖြေရင်း တစ်ကိုယ်တည်း တီးတိုးစကားဆိုလိုက်၏။

ညက မှောင်နေလေသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

# အဝိုက်

[ ၄၃ ]

ဟာမန်းဂိုအားရင်း လမ်းမကြီး...

သည်လမ်းမကြီး၏ တောင်ဘက်တွင် ဘရန်ဒင်ဘက်မုခ်ဦး။

၂၇ ရက်နေ့

ဧပြီလ

နံနက် ၁၀ နာရီ၊ မိနစ် ၅၀

ဟာမန်းဂိုအားရင်း လမ်းမကြီးအတိုင်း တောင်ဘက်သို့လျှောက်နေသူကား ဗိုလ်မှူးဖိုဒါ။

ခေါင်းတွင် သွေးစွန်းနေသည့်ပတ်တီးကို စည်းလျက်။

တထောင်းထောင်းထနေသည့် ဖုန်မှုန့်များ၊ တဝေ့ဝေ့တက်နေသည့် မီးခိုးများ၊ အန္တရာယ်ကိုကာကွယ်ရန် မျက်နှာအောက်ပိုင်းတွင် ပိုးလက်ကိုင်ပဝါတစ်ထည်ကို စည်းထားရသည်။

ဘာလင်မြို့တော် အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းပေါ်သို့ ရုရှ မြေပြင်ပစ်အမြောက်ဆန်များ တဝုန်းဝုန်း ကျရောက်ပေါက်ကွဲလျက်။

ရုရှ ဗုံးကြဲတိုက်လေယာဉ်များကလည်း ဘာလင်မြို့တော်ပေါ်သို့ ဗုံးမိုးရွာချနေဆဲ။

ကောင်းကင်ပြင်တွင် မီးလျှံနှင့် မီးခိုးလုံးများ ခဏတစ်ဖြုတ် ပျောက်ကွယ်သွားသည့်အချိန်၌ ရုရှ ဗုံးကြဲတိုက်လေယာဉ်များကို ဂျာမန် အမ်အီး ၁၀၉ အမျိုးအစား တိုက်လေယာဉ်များက လိုက်တိုက်နေသည်ကို ဖိုဒါ မြင်ရ၏။





သည်တိုက်လေယာဉ်များအတွက် လောင်စာဆီကို 'ဂျာမန်တွေ ဘယ်လိုရနေနိုင်ကြတာလဲ'ဟု ဖိုဒါက တွေးနေမိ၏။

ရုရှ အမြောက်ဆန်များက ဘရန်ဒင်ဘက် မုခ်ဦးကြီးရှိရာသို့ တစ်ချက်တစ်ချက် ပျံ့ဝဲရောက်ရှိလာသည်။

ပျက်ပြိုနေပြီဖြစ်သော အဓိပတိရုံးအဆောက်အအုံကြီး၏ အရှေ့ဘက်သို့ရောက်အလာတွင် ဗိုလ်မှူးဖိုဒါက လက်တစ်ဖက်ကို လေထဲတွင်ဝှေ့ယမ်းပြလိုက်ပြီးနောက် အုတ်ပုံတစ်ပုံနား၌ ဝပ်ချလိုက်သည်။

နောက်ဘက် ကိုက် ၅၀ အကွာလောက်မှ လိုက်ပါလာသည့် ဗိုလ်မှူးဂျက်နှင့် အဖွဲ့သားများက ဖိုဒါလိုပင် လမ်းဘေး၌ ဝပ်ချလိုက်ကြ၏။

လမ်းတစ်ဖက် မီးခိုးလုံးများကြားမှ ရုတ်တရက်ထွက်ပေါ်လာသူများက ဂျာမန်ကင်းလှည့်သမားများ။

လှည့်ကင်းသမားများက မြောက်ဘက်သို့ ဦးတည်ချီတက်သွားသည်။ ဖိုဒါကိုသော်လည်းကောင်း၊ ဗိုလ်မှူးဂျက်တို့အဖွဲ့ကိုသော်လည်းကောင်း ဂရုတစိုက်မေးခြင်းမြန်းခြင်း မရှိ။

လှည့်ကင်းအဖွဲ့မှာ မြို့စောင့်တပ်သားများသာ။

ဟစ်တလာ လူငယ်အဖွဲ့ဝင်များနှင့် ပင်စင်စားအဘိုးကြီးများကို ပူးပေါင်းဖွဲ့ထားသည့် မြို့စောင့်တပ်။

ထိုမြို့စောင့်တပ်ကို အက်စ်အက်စ် အရာခံအချို့အား ဦးစီးထားစေ၏။

ဘာလင်မြို့တော်ကြီးအား နေ့လယ်နေ့ခင်းဘက်တွင် တွေ့မြင်နေရခြင်းကရင်နင့်စရာ၊ ရင်ကျိုးစရာ။

ဗိုလ်မှူးဂျက်နှင့် အဖွဲ့သားအားလုံးပင် မြို့သိမ်းတိုက်ပွဲဆင်နွှဲခြင်းခံခဲ့ရသည့်မြို့များကို မျက်ဝါးထင်ထင် ရှုမြင်ခဲ့ကြရဖူး၏။

သို့သော် မည်သည့်မြို့သိမ်းတိုက်ပွဲ၏ မြင်ကွင်းကမှ ဘာလင်မြို့တော်အဖြစ်အပျက်နှင့် မတူ။

မီးတဟုန်းဟုန်းတောက်လောင်နေသောကြောင့်လည်း မဟုတ်။

တိုက်တာအဆောက်အအုံများ၊ ရေခဲတောင်ကြီးများ ပြိုကျသလို ရုတ်ခြည်းပြို၍ ပျက်၍ ကျနေသောကြောင့်လည်း မဟုတ်။

အသက်ရှူရကျပ်လောက်အောင် ပိတ်မှောင်နေသည့် မီးခိုးလုံးများကြောင့်လည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ရင်တုန်ဖွယ် ကောင်းလောက်အောင် ပေါ်ထွက်နေသည့် အမြောက်သံ၊ ဗုံးသံ၊ လေယာဉ်ပျံသံများကြောင့်လည်း မဟုတ်။

မီးတောက်မီးလျှံများဒဏ်ကြောင့် သံမဏိ ရက်မကြီးများ ရဲရဲနီလာကာ တဖြန်းဖြန်း တအုန်းအုန်း ပြုတ်ကျနေသောကြောင့်လည်း မဟုတ်။

ဤအသံများ၊ အနိဋ္ဌာရုံများက လမ်းများနှင့် ပြိုပျက်နေသော အဆောက်အအုံများအကြား၌ ပြန့်ကျဲနေသည့် အရပ်သားများ၊ စစ်သားများ၏ အပုပ်နံ့ ထွက်နေသော အလောင်းကောင်များ၏ မြင်ကွင်းနှင့် နှိုင်းယှဉ်လျှင် အသေးအဖွဲ မျှသာ။

ယခင်က ဤအလောင်းကောင်များကို ဖယ်ရှားမြေမြှုပ်ရန် သန့်ရှင်းရေး အဖွဲ့ဟု ရှိနေခဲ့သည်။ သို့သော် ယခုအချိန်၌ သန့်ရှင်းရေးအဖွဲ့ဆိုသည်မှာ နာမည်သာကျန်လျက် အဖွဲ့သားဟူ၍ တစ်ယောက်မျှမရှိတော့။

အသက်မသေဘဲ ကြွင်းကျန်နေသည့်လူများ၏ ဒုက္ခကလည်း ပင်လယ်ဝေ သလို။

နာဇီပါတီနှင့် နာဇီစစ်တပ်အဖို့မှလွဲ၍ မြို့သူမြို့သားများအတွက် သုံးရေ သောက်ရေ လုံးဝမရှိ။ ရေပေးသည့်ပိုက်လိုင်းကြီးမှန်သမျှ ဗုံးဒဏ်ကြောင့် ပျက်စီး ခဲ့သည်မှာ ရက်သတ္တပတ်အတန်ပင် ကြာခဲ့ပြီ။

ဗုံးဒဏ်ကြောင့်ပေါ်လာသည့် ချိုင့်ကြီးများတွင် ရေပိုက်လိုင်းအပေါက်မှ ပန်းထွက်ကျန်ရစ်ခဲ့သော ရေကို သောက်ရေအဖြစ် ရေငတ်ပြေနေရသည်။

သောက်စရာမရှိသလို စားစရာကလည်း ဗလာနတ္ထိ။

အစိုးရက သိုလှောင်ထားသည့်ရိက္ခာများ ကုန်သွား၍လား၊ သို့မဟုတ် ပေါ်ပေါက်နေသည့် အခြေအနေက ရိက္ခာဝေငှ၍ မရနိုင်တော့သည့် အခြေအနေ မျိုးကြောင့်လား မည်သူမျှမပြောနိုင်။

သို့သော် ပြောနိုင်သည်က ပေါင်မုန့်ကလေးတစ်ချပ် ရမည်ဆိုလျှင် လူ သတ်ရဲသည့်အဖြစ်မျိုး။

ထိုးဆေးနှင့် စားဆေးဆို၍လည်း လုံးဝမရှိ၊ ပတ်တီးပင် မရနိုင်တော့ အောင် အခြေအနေဆိုးနေ၏။

ဒဏ်ရာအနာတရ ရထားသူများ၊ မီးလောင်ခံထားရသူများမှာ ပတ်တီး မစည်းနိုင်၊ ဆေးမထည့်နိုင်ဘဲ ယင်များကို တမောင်းတည်း မောင်းနေရသည်။

မျက်စိပျက်သွားသူများ၊ နားပင်းသွားသူများမှာလည်း ကူသူ ကယ်သူ





မရှိသလောက်။

ဘာလင်မြို့တော်သည် လူ့ဘဝအညွန့်တုံးသည့်နေရာ ဖြစ်နေရလေပြီ။

လူ့ဘဝအညွန့်တုံးသည့်နေရာသို့ လူများကို အညွန့်တုံးအောင်လုပ်ခဲ့သူ များတွင် တစ်ယောက်အပါအဝင်ဖြစ်ခဲ့သော 'မေခလာ'ဆိုသည့် အကောင်ကြီး အား ငါတို့ ကယ်တင်ရန် ရောက်နေခြင်းပါတကားဟု မြင်းကုန်ကူးစစ်ဆင်ရေး အဖွဲ့သားများက တွေးနေမိကြ၏။

စစ်ကြီးအပြီးတွင် စစ်တရားခံတစ်ယောက်အဖြစ် လည်ပင်း၌ ကြိုးတပ်၍ အသတ်ခံရမည့် မေခလာဆိုသော စစ်ရာဇဝတ်ကောင်အား လည်ပင်းကြိုးကွင်း စွပ် ခံရခြင်းမှကင်းအောင် ငါတို့ ဘာလင်သို့ရောက်နေခြင်းပါတကားဟုလည်း စိတ်မကောင်းဖြစ်နေမိကြ၏။

သို့သော် သည်'မေခလာ'ဆိုသည့် အကောင်ကြီးက အင်္ဂလိပ်နှင့် အမေရိ ကန်တို့အဖို့ တန်ဖိုးရှိသောသတင်းကို ပေးနိုင်မည်ဟု အထက်လူကြီးများက ခံယူကာ ငါတို့အား စစ်ဆင်ရေးအဖွဲ့ စေလွှတ်လိုက်ခြင်းပါတကားဟူ၍လည်း စိတ်ကို သတိဖြင့်ထိန်းနေကြရသည်။

ဗိုလ်မှူးဗိုဒါက ဝပ်နေရာမှရပ်လိုက်ပြီး ရှေ့သို့ချီတက်လာရန် အချက်ပြ လိုက်သည်။

"ကဲ...တက်ကြဟေ့"

ဗိုလ်မှူးဂျက်က ဆော်ဩလိုက်၏။

ဂျက်က မောနေသည်။ ဂျက်သာမဟုတ် တစ်ဖွဲ့လုံး မောဟိုက် ပင်ပန်း နေပြီ။

ကုန်ခဲ့သည့်ညက တစ်ညလုံးလိုလို မအိပ်ခဲ့ရ။ ဗုံးဒဏ်နှင့် အမြောက်ဆန်မှ လွတ်အောင် ရှောင်ရ တိမ်းရ လုပ်နေခဲ့ရသလို၊ ဂျာမန်ကင်းလှည့်အဖွဲ့များနှင့် ရင်ဆိုင်မတိုးမိအောင်လည်း လမ်းပြောင်း နေရာပြောင်း လုပ်နေခဲ့ရသည်။

အဖွဲ့သားတိုင်းပင် တစ်ရေးကလေး မှေးသည်ဆိုရုံ မှေးခဲ့ကြရ၏။

ဟာမန်းဂိုအားရင်းလမ်းနှင့် အန်ဒါဒင်လင်ဒန်လမ်းဆုံးသို့ ဗိုလ်မှူးဗိုဒါ ရောက်သွားပြီးနောက် ရပ်တန့်ကာ အခြေအနေကို အကဲခတ်လိုက်၏။

သည်နေရာက အန္တရာယ်ပြွမ်းသည့်နေရာ။

အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းနှင့် ကပ်နေကာ တောင် ဘက်တွင် ဟာမန်းဂိုအားရင်းလမ်းမ။



www.burmeseclassic.com

www.burmeseclassic.com



သည်လမ်းမကြီးက အဓိပတိရုံးကြီးကို ဝိုင်းပတ်ထားသည့် ကြိုဂံလ
သုံးသွယ်တွင် တစ်ခုအပါအဝင်။

သည်နေရာတစ်လျှောက်တွင် အက်စ်အက်စ် တိုက်ခိုက်ရေးတပ်များ
ဟစ်တလာဘန်ကာကို သေသည်အထိ ကာကွယ်ရမည်ဟူသော သံမဏိဆုံးဖြ
ချက်ဖြင့် လက်နက်အပြည့်အစုံ ကိုင်စွဲကာ စောင့်ကြပ်လျက်။

ဗိုလ်မှူးဖိုဒါ ရှေ့ဘက်တွင် ဘရန်ဒင်ဘက်မုခ်ဦးကြီး။

ယခင်က အဆန်းတကြယ် ခမ်းနားကြီးကျယ်ခဲ့သည့် မုခ်ဦးအဆော
အဆုံကြီးမှာ ယခုတော့ ကျောက်ငုတ်တိုကြီးလို။

မုခ်ဦးထိပ်ဘက်ရှိ 'အောင် စစ်ရထား'ကြီးကလည်း ရုပ်ပျက်ကာ တွန့်
ကောက်ကွေးလျက်။ စစ်ရထားကြီးတွင် 'က'ထားသည့် မြင်းလေးစီးကလည်း
စစ်မြင်းများနှင့်မတူတော့။

ကျောက်တိုင်ငုတ်တိုကြီးလိုဖြစ်နေသော မုခ်ဦးအောက်တွင် အက်စ်အက်
တပ်သား တစ်ဒါဇင်လောက်က တွန့်ခွေလိမ်ကောက်နေသည့် လေယာဉ်
အမြောက်ကြီးတစ်လက်ကို ဝိုင်း၍ကြည့်နေကြ၏။

မလှမ်းမကမ်းတွင် ရုရှားပုံးကြိုတိုက်လေယာဉ်များ၏ တိုက်ရိုက်ပစ်ခတ်ခံ
သဖြင့် မီးဟုန်းဟုန်းထတောက်နေသည့် တိုက်ဂါးအမျိုးအစား ဂျာမန်တင့်ကား
တစ်စီး။

တင့်ကားအံဖုံးတံခါးပေါက်မှ ကိုယ်တစ်ပိုင်း အပြင်သို့ထွက်နေသော ဂျာမ
တင့်ကားတပ်သားတစ်ယောက်၏ ကိုယ်တွင် မီးတဟုန်းဟုန်း ထတောက်လျက်

ဖိုဒါက သက်ပြင်းတစ်ချက်ချလိုက်၏။

ခေါင်းပေါ်တွင် သွေးရောင်စွန်းနေသည့် ပတ်တီးကို စည်းပတ်ထားရသဖြင့်
ဂျာမန်စစ်သားများ၏အလယ်တွင် သိသာမြင်သာ ဖြစ်နေမည်ကို စိုးရိမ်နေ
သည်။

သို့သော် မတတ်နိုင်။

မေလဘူလှူယုံတော်နှင့် ဆက်သွယ်မိရန် သည်အတိုင်း အချက်ပြထား
ရမည်ဟု ညွှန်ကြားအမိန့်ပေးထားသည် မဟုတ်လား။

ဖိုဒါက ကောင်းကင်သို့ မော့ကြည့်လိုက်၏။

အနီးအနားတွင် ရုရှလေယာဉ်များ အခိုက်အတန့် ကင်းနေ၏။

ဖိုဒါက တစ်၊ နှစ်၊ သုံး...ဟု ရေလိုက်ပြီး ဘရန်ဒင်ဘက်မုခ်ဦးရှိရာသို့





ပြေးထွက်လိုက်သည်။

အန်ဒါဒင် လင်ဒန်လမ်း မြောက်ဘက်ထိပ်တွင် ဗိုလ်မှူးဂျက်က ကျန်အဖွဲ့
သားများနှင့်အတူ ဗိုလ်မှူးဖိုဒါ လှုပ်ရှားမှုကို မသိမသာ လှမ်း၍ အကဲခတ်နေ
ကြ၏။

မမျှော်လင့်သည့် အစစ်အဆေး၊ အမေးအမြန်း အဖမ်းအဆီး ပေါ်ပေါက်
ပါက သူတို့သည် ဖိုဒါအား သည်အတိုင်းပင် ပစ်ထားခဲ့ပြီး စစ်ဆင်ရေးကို
ဆက်လုပ်ရမည်ဖြစ်၏။

တွန့်လိမ်ကောက်ကွေးနေသည့် လေယာဉ်ပစ်အမြောက်ကြီးကို ဝိုင်းအုံကြည့်
နေသော အက်စ်အက်စ်တပ်ဖွဲ့သားထဲမှ တပ်သားတစ်ယောက်ထွက်လာကာ
ဖိုဒါ့ဆီသို့ လှမ်းလာသည်။

မြောက်ဘက်လမ်းထိပ်မှကြည့်နေသော ဂျက်နှင့် အဖွဲ့သားများက ရင်
တလှုပ်လှုပ် ဖြစ်သွားကြရ၏။

ဖိုဒါက စီးကရက်တစ်ထုပ် ထုတ်ပေးလိုက်သည်ကို မြင်လိုက်ရတော့မှ
ဂျက်တို့ စိတ်အေးသွားကြသည်။

စီးကရက်တောင်းရန်လာသည့် ဟစ်တလာ့ကိုယ်ရံတော် တိုက်ခိုက်ရေး
တပ်သား။

"ဗိုလ်မှူးက မှားပြီး အမေရိကန်စီးကရက်ကို ထုတ်ပေးလိုက်ရင် ဒုက္ခ"
ဗိုလ်ဂျိုဇက်က မှတ်ချက်ချလိုက်၏။

အမှန်တော့ သည်လိုအမှားမျိုး မမှားမိစေရန် လေ့ကျင့်ရေးစခန်းက ပုဂ္ဂိုလ်
များက အထူးစီမံပေးထားခဲ့၏။

မြင်းကုန်ကူးစစ်ဆင်ရေး အဖွဲ့ဝင်များဝတ်သည့် ခြေအိတ်တို့မှချည်ကိုပင်
ဂျာမန်ပြည်သုံး ချည်မျှင်ဖြင့် ရက်လုပ်စေသည်မဟုတ်လား။

ဘရန်ဒင်ဘက်မုခ်ဦးအောက်တွင် ဖိုဒါရပ်နေသည်မှာ ၃ မိနစ်ပင် ကြာ
သွားသည်။

မြောက်ဘက်လမ်းထိပ်မှ လှမ်းကြည့်နေသော ဗိုလ်မှူးဂျက်က ဖိုဒါ့အတွက်
စိတ်လေးလာသည်။

ဖိုဒါသည် ဓာတ်ရထားစောင့်သူတစ်ယောက်လို မုခ်ဦးအောက်တွင် တစ်နေ့
လုံး စောင့်နေနိုင်မည်မဟုတ်။

စောင့်နေနိုင်သည့်တိုင် သံသယကို လက်ယပ်ခေါ်နေသလို ဖြစ်နေပေတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

နောက်ထပ် ၁ မိနစ်။

စုစုပေါင်း ၄ မိနစ်။

မေခလာ့လူယုံတော်က နောက်ကျနေ၏။

စစ်ဆင်ရေးသဲလွန်စကို ဟစ်တလာ့ကိုယ်ရံတော်တပ်က အနံ့ခံမိသွားလေ ပြီလား။

အန်တာဒလင်ဒန်လမ်းအတိုင်း အရှေ့ဘက်မှလာနေသည့် အက်စ်အက် စစ်ဝတ်စုံဝတ် လူတစ်ယောက်ကို ဆာယာက စ၍တွေ့မြင်လိုက်သည်။

အရပ်က မနိမ့်လွန်း၊ မမြင့်လွန်း။

တထောင်းထောင်းထနေသည့် ဖုန်မှုန့်နှင့် မီးခိုးများကြောင့် ထိုလူ့ဝတ် တွင် တပ်ဆင်ထားသည့် ရာထူးတံဆိပ်များကို ထင်ရှားစွာမမြင်ရသည့်တိုင် ဆာယာက ဗိုလ်မှူးအဆင့်ရှိသူဟု ကြို၍ပြောနေ၏။

အရှေ့ဘက်မှလျှောက်လာသူသည် ဗိုဒါရပ်နေသည့်နေရာသို့ တန်းတန်း မတ်မတ်ပင် သွားကာ နာဇီအလေးပြုသည့်ပုံစံအတိုင်း အလေးပြုလိုက်၏။

ဗိုဒါကလည်း ပြန်၍ နာဇီပုံစံအတိုင်း အလေးပြုသည်ကို ဂျက်တို့က မြင် နေကြရ၏။

ပြီးနောက် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်စကားဆိုနေကြသည် ကို မြင်ကြရပြီး နှစ်ယောက်ယှဉ်လျက် နောက်ဘက်သို့ ပြန်လျှောက်လာကြ၏။

မေခလာ့လူယုံတော်ဖြစ်ကြောင်း သေချာနေပြီ။

* * *

မေခလာ့လူယုံတော် ဗိုလ်မှူးကော့ဒ်က ဗိုလ်မှူးဂျက်နှင့် အဖွဲ့သားများအား တစ်ဦးချင်း အကဲခတ်ကြည့်လိုက်သည်။

မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ ရောက်လာမည်ကို ဂျာမန်ဂတ်စတာပို ထောက်လှမ်းရေးအဖွဲ့ကဖြစ်စေ၊ ဂစ်တလာ့လုံခြုံရေးတပ်ဖွဲ့ကဖြစ်စေ သဲလွန်စ ရသွားပြီး စစ်ဆင်ရေးအဖွဲ့ဟန်ဆောင်၍ သူ့အား ထောင်ဖမ်းခြင်းလားဟု ကော့ဒ် က စူးစမ်းနေခြင်း။

ဆာယာ့အား ကော့ဒ်က ကြည့်လိုက်ပြီး ဗိုလ်မှူးဂျက်ဘက်သို့လှည့်ကာ





"ဘာဖြစ်လို့ အမျိုးသမီးတစ်ယောက်ကို ခေါ်လာခဲ့ရတာလဲ"

"ဆက်သားအဖြစ် ခေါ်လာတာ၊ သူက လိုအပ်တဲ့စာရွက်စာတမ်းတွေ ယူလာတာ"

"စာရွက်စာတမ်းတွေ သယ်လာဖို့အတွက် အမျိုးသမီးတစ်ယောက် ခေါ်လာတော့ သိပ်အတင့်ရဲရာကျတယ်"

ဂျက်က အထူးစစ်ဆင်ရေးဌာနချုပ်မှ မည်သည့်အတွက် ဆာယာအား ဆက်သားအဖြစ် ထည့်လိုကြောင်း ထုတ်မပြောဘဲ ကော့ဒ်မေးခွန်းကို မေးခွန်း ဖြင့်ပင် ပြန်လိုက်၏။

"စာရွက်စာတမ်းတွေက အရေးမကြီးဘူးဆိုရင် ခင်ဗျားနဲ့ ခင်ဗျားရဲ့ဆရာ က ဘာဖြစ်လို့ ထွက်မလာဘဲ ကျွန်တော်တို့လာခေါ်တဲ့အထိ စောင့်နေတာလဲ"

ကော့ဒ်က ဂျက်အား လက်ဆွဲနှုတ်ဆက်လိုက်ပြီး...

"ဒါတွေ ထားပါတော့လေ...၊ ဒီစာရွက်စာတမ်းတွေဟာ သိပ်အဖိုးတန် နေတော့ ဒီစာရွက်စာတမ်းတွေကို ကျွန်တော့်ဆီမှာအပ်ထားဖို့ ကောင်းတယ်"

ဂျက်က ခေါင်းခါလိုက်ပြီး...

"စာရွက်စာတမ်းတွေကို ကျွန်တော်တို့ပဲ ဆက်သိမ်းထားမယ်၊ သက်ဆိုင် တဲ့လူလက်ထဲကိုမှ ဒီစာရွက်စာတမ်းတွေကို အပ်မယ်"

"ကျွန်တော်လည်း သက်ဆိုင်တဲ့လူတစ်ယောက်ပါ၊ ကျွန်တော်က ဗိုလ်မှူး ကော်လတာကော့ဒ်ပါ"

"ခင်ဗျားဟာ သက်ဆိုင်တဲ့လူတစ်ယောက် ဖြစ်မယ်ဆိုတာ ကျွန်တော် အကဲခတ်မိပါတယ်။ ဒါပေမယ့် ဒီစာရွက်စာတမ်းတွေက ဝေလလို ရေသတ္တဝါ အကောင်ကြီးကို ပေးရမှာဖြစ်ပြီး ငါးသိုင်းကိုတော့ ပေးလို့ရမှာ မဟုတ်ပါဘူး"

"ဒါဖြင့်လည်း ခင်ဗျားသဘောအတိုင်းပဲလေ"

အမြောက်ဆန်ကြီးတစ်ဆန် ပြေးလာသံ ပေါ်ထွက်လာသည်။ အားလုံးပင် ထိုင်ချလိုက်ကြ၏။ အမြောက်ဆန်က ခေါင်းပေါ်မှ ဝဲပျံသွားသည်။

"ကဲ...လာကြ ဒီနေရာက သွားမှဖြစ်မယ်၊ ကျွန်တော်တို့ကို ပစ်မှတ်အနေ နဲ့ သတ်မှတ်နေပြီ။

ဂျက်က နေရာမှ မရွေ့။

အဖွဲ့သားများကိုလည်း ထွက်ခွာမသွားရန် လက်ဖြင့် အချက်ပြလိုက်၏။

"ခင်ဗျားက ကျွန်တော်တို့ကို ဘယ်ကိုခေါ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုံခြုံမှုရှိတဲ့နေရာကိုပေါ့"

"လုံခြုံမှုရှိတဲ့နေရာဆိုတာ ဘယ်လိုနေရာမျိုးလဲ"

"အဲဒီနေရာကို ပြောပြလို့လည်း ခင်ဗျားသိမှာ မဟုတ်ဘူး"

"ခင်ဗျားပြောပြရင် သိနိုင်ပါတယ်"

"ကျွန်တော့်ကို မယုံစရာမရှိပါဘူး၊ ခင်ဗျားတို့အဖွဲ့ဟာ မြင်းကုန်ကူး စစ်ဆင်ရေးအဖွဲ့ဖြစ်ကြောင်းလည်း ကျွန်တော် ကြိုသိထားတဲ့ ညွှန်ကြားချက်တွေအရ သိပြီးပါပြီ"

ဤတွင် ဗိုလ်ဂျိုးဇက်က ကြားဝင်ကာ...

"မယုံစရာမရှိပါဘူးဆိုပြီး ခင်ဗျားတို့ဂျာမန်တွေက ချက်တွေပိုးတွေကို လည်း ပြောခဲ့တာပဲမဟုတ်လား"

ဂျက်က ဂျိုးဇက်အား 'တိတ်စမ်း'ဟု တစ်ချက်ငေါက်လိုက်ပြီး ကော့ဒ်နှင့် စကားဆက်ဆိုနေ၏။

"ယုံတယ်...မယုံတယ်ဆိုတဲ့ ပြဿနာ မရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့လာတာက ခင်ဗျားဆရာနဲ့တွေ့ရအောင် လာတာ၊ ကျွန်တော်တို့ကို ခင်ဗျား ဆရာဆီ ခေါ်မသွားဘဲ လုံခြုံတဲ့နေရာ ခေါ်သွားမယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော့်ဆရာက ခင်ဗျားတို့ကို ချက်ချင်းလက်ခံပြီး တွေ့ဆုံဖို့ မဖြစ်နိုင်သေးလို့ပါ၊ လုံခြုံတဲ့နေရာဆိုတာလည်း မတ်ဂရာဖန်လမ်းထဲက တိုက်ပျက်ကြီးအောက်မှာရှိတဲ့ မြေအောက်တိုက်ခန်းတစ်ခန်းပါ၊ ဒီနေရာက သိပ်မဝေးလှပါဘူး။

"အဲဒီနေရာဟာ လုံခြုံမှုရှိတဲ့အပြင် ခင်ဗျားတို့အဖို့ ရေနဲ့ရိက္ခာလည်း အသင့်ရှိနေတယ်"

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ကျွန်တော်တို့က အဲဒီနေရာမှာ တစ်လ လောက်များကြာအောင် စောင့်နေရမှာလား"

"မစောင့်ရပါဘူးဗျာ၊ နှစ်ရက်လောက်ပါ၊ အကြာဆုံး ၂၉ ရက်နေ့ ညနေ နောက်ဆုံးပဲ"

ဂျက်က ရှေ့တစ်လှမ်းတိုးလိုက်ပြီး ကော့ဒ်ပခုံးပေါ်မှ ရာထူးတံဆိပ်ကို ကိုင်ဆွဲလိုက်ရင်း...

"ဘာပြောတယ်...နှစ်ရက်...ဟုတ်လား"

"ဒါက အခြေအနေမပေးလို့ပါ၊ ကျွန်တော်တို့ကလည်း နှစ်ရက်ကြာ





အောင် မစောင့်ချင်ပါဘူး၊ ဒါပေမယ့် အခြေအနေမပေးလို့ပါဗျာ"

ဒုတပ်ကြပ်မိုက်က လှမ်းသတိပေးလိုက်သည်။

"လှည့်ကင်းသမားတွေ လာနေပြီ"

ဂျက်က စောင်းလှည့်ကြည့်လိုက်သောအခါ ဟစ်တလာ့လူငယ်နှင့် ပင်စင်စားများပါသော ကင်းအဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း တွေ့ရ၏။

"ကျွန်တော်တို့ ဒီနေရာက ခွာမှဖြစ်မယ်"

ကော့ဒ်က ဂျက်ဆွဲကိုင်ထားသည့် ရာထူးတံဆိပ်ကို ပြန်၍ဆွဲနေသည်။ သို့သော် အားချင်းမတူသဖြင့် ဆွဲမရ။

"ကျွန်တော်တို့ကြောက်တာ ရုရှအမြောက်ဆန်တွေမဟုတ်ဘူး၊ လုံခြုံရေး တပ်ဖွဲ့ရဲ့ ထောက်လှမ်းရေးမျက်လုံးတွေ၊ ဒီတော့ ဒီနေရာက ခွာမှဖြစ်မယ်"

"နေဦး"

ဂျက်က ကော့ဒ်အား ဆွဲမြဲဆွဲထားရင်း စကားဆိုနေ၏။

"ခင်ဗျားပြောတဲ့ နှစ်ရက်ဆိုတာ ဘာသဘောလဲ"

"မဖြစ်နိုင်လွန်းလို့၊ အခြေအနေမပေးသေးလို့ နှစ်ရက်လောက်ဆိုင်းပါလို့ ပြောနေတာပါ"

ရုရှအမြောက်ဆန်များ ဂျက်တို့ခေါင်းပေါ်မှ ဝဲပျံသွားသည်။ ကင်းလှည့်ထွက်လာသော လှည့်ကင်းအဖွဲ့သားများ တစ်ကွဲတပြားစီ ပြေးသွားကြ၏။

မြေပြင်တိုက်ပွဲကြီးများကို ဆင်နွှဲခဲ့ဖူးသော ဗိုလ်မှူးဂျက်နှင့် ဗိုလ်ကြီးဒမ်ဗာတို့နှစ်ယောက်က ရုရှအမြောက်သမားများသည် မိမိတို့အား တိကျသည့်ပစ်မှတ်အဖြစ် တဖြည်းဖြည်းချိန်၍ ပစ်နေကြောင်း သတိထားလိုက်မိကြ၏။

"ဒီလူပြောသလို ဒီနေရာကခွာမှဖြစ်မယ် ဗိုလ်မှူး၊ နှစ်ရက်ကိစ္စကိုတော့ ဒီလူပြောတဲ့နေရာရောက်မှ ဆက်ဆွေးနွေးကြရင် မကောင်းဘူးလား"

ဗိုလ်ကြီးဒမ်ဗာ အကြံပေးချက်ကို ဂျက်က ခေါင်းညိတ်လိုက်ပြီး ဆွဲကိုင်ထားသည့် ကော့ဒ်၏ ရာထူးတံဆိပ်ကို လွှတ်ပေးလိုက်သည်။

ကော့ဒ်က စစ်ဝတ်စုံကို ပုံကျအောင် ဆွဲဆန့်လိုက်ပြီး...

"ကဲ...ကျွန်တော်တို့ ဒီနေရာက ခွာကြရအောင်"

ဖရယ်ဒရစ်လမ်းမကြီးဆီသို့ ဦးတည်၍သွားနေကြသည့်အချိန်၌ ရုရှအမြောက်ဆန်များက ဂျက်တို့ရပ်နေခဲ့သော နေရာတစ်ဝိုက်၌ ကျစပြုလာလေသည်။

ရှေ့ဆုံးမှ ကော့ဒ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်က ဂျက်နှင့် ဒမ်ဗာ။

သူတို့နောက်က ဂျိုဇက်နှင့် ဆာယာ။

မက်ကလင်း၊ မိုက်နှင့် ဖိုဒါတို့သုံးယောက်က နောက်ရံတပ်အဖြစ်။ တစ်ယောက်နှင့် တစ်ယောက် ခြေလှမ်း ၃၀ စီအကွာ။

ရုရှ အမြောက်ပစ်သမားများက ချိန်သားရလာပြီဖြစ်သောကြောင့် မြောက်ဘက်ရှိ အန်တာဒင်လင်ဒန်လမ်း၊ တောင်ဘက်တွင် လစ်ပစစ်ဂါလမ်း၊ အနောက်ဘက်ရှိ ဗီးလ်ဟိန်းလမ်းနှင့် အရှေ့ဘက်ရှိ မတ်ဂရာဖန်လမ်းကြားတွင် အမြောက်ဆန်များ အတွဲလိုက် ကျရောက်ပေါက်ကွဲနေလေပြီ။

ချီတက်နေကြသူအားလုံးပင် ကိုယ်ကို နှစ်ကုန်းတကွလုပ်၍ လျင်လျင်မြန်မြန် ပြေးလွှားနေကြရ၏။

ရှေ့ဆုံးမှပြေးနေသော ကော့ဒ်က နောက်မှလူများကို အချက်မပြဘဲ အန်တာဒင်လင်ဒန်လမ်းကို ဖြတ်အပြေးလိုက်တွင် ချိုင့်ခွက်ကြီးတစ်ခုထဲသို့ ထိုးကျသွားသည်။

သို့သော် စိတ်ဆောင်နေသဖြင့် ချိုင့်ထဲမှ ချက်ချင်းပြန်တက်လာနိုင်ကာ ဆက်၍ပြေးနေပြန်၏။

မတ်ဂရာဖန်လမ်းက ဂျက်တို့လက်ယာဘက်မှာ။

ကော့ဒ်က ထိုလမ်းထဲသို့ ပြေးဝင်သည်။ ကိုက် ၂၀ လောက်ရောက်ပြီးနောက် ထိုင်ချလိုက်၏။ ဒူးခေါင်းနှစ်လုံးကို လက်နှစ်ဖက်ဖြင့် ဖက်ကိုင်ထားရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။

ဂျက်က ကော့ဒ်အနားသို့ရောက်လာပြီး ဆွဲထူလိုက်ရင်း...

"ဘယ်လောက်ဝေးသေးလဲ"

"မဝေးတော့ပါဘူး၊ ဟောဟို လစ်ပစစ်လမ်းဘက်မှာပါ"

ကော့ဒ်က ပင့်သက်ကို အနိုင်နိုင်ရှူ၍ အဖြေပေးလိုက်၏။

'ဟောဟိုအနားမှာ'ဆိုသော်လည်း ဂျက်က ကော့ဒ်ပြသည့်နေရာကို မမြင်ရ။ မီးခိုးများက မြူတွေဆိုင်းသလို ဝိုင်းဝေ့လျက်။

အနားသို့ရောက်လာသော ဆာယာက...

"လစ်ပစစ်လမ်းဘက်မှာဆိုရင် နောက်ထပ် မိုင်ဝက်လောက်ဝေးသေးတယ်"

ဂျက်က ပုန်းခို၍ရနိုင်မည့်နေရာကို လိုက်ကြည့်နေသည်။

ပုန်းခိုစရာ တစ်ခုမှမမြင်။





ဒုတပ်ကြပ်မိုက်က ဂျက်လက်ကို ဆွဲယူလိုက်ပြီး...

"ဟောဟိုအောက်မှာ ဗိုလ်မှူး"

လမ်း၏တစ်ဖက် ကိုက် ၆၀ ကျော်ကျော်လောက်အကွာတွင် လူတစ်ယောက် လက်ယပ်ခေါ်နေသည်ကို မှုန်ဝါးဝါးမြင်ရသည်။

"ခေါ်တိုင်းမသွားနဲ့လေ၊ ဘယ်သူဘယ်ဝါမှန်း မသိဘဲနဲ့"

ကော့ဒ်က ကန့်ကွက်လိုက်၏။

"ဒီမှာလည်း မနေနိုင်ဘူးဗျာ၊ အမြောက်ဆန်ထိပြီး ကျွန်တော်တို့အထဲက တစ်ယောက်ယောက် ကြွသွားလိမ့်မယ်၊ ဒီတော့ ဟင်းလင်းပြင်မှာ ရပ်နေတာထက် ပုန်းစရာ ခိုစရာ တစ်ခုခုထဲမှာ ဝင်နေရတာက ကောင်းမယ်၊ ခေါ်တဲ့သူ ဘယ်သူဖြစ်ဖြစ်ပေါ့ဗျာ"

ဂျက်က ပြောပြောဆိုဆို လမ်းတစ်ဖက်သို့ ဖြတ်ကူးရန် အချက်ပြလိုက်၏။

တစ်ဖက်သို့ရောက်သွားသောအခါ မိမိတို့အား လက်ယပ်ပြ၍ ခေါ်သူမှာ အက်စ်အက်စ်တပ်ဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိသူ တစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ကြရ၏။

သူက မြေအောက်တိုက်ခန်းတစ်ခုသို့ အဝင်ဝနှင့်တူသည့်နေရာတွင် ရပ်လျက်။

သူကိုင်ထားသည့်အရာက သံတံခါးတစ်ရွက်။

တစ်ခြမ်းဖွင့်ထားသော သံတံခါးမှနေ၍ ကြည့်လိုက်သောအခါ မြေအောက်ခန်းထဲတွင် မီးရောင်ထိန်လင်းနေသည်ကို တွေ့လိုက်ကြရ၏။

"အထဲကိုဝင်ကြ"

ဗိုလ်မှူးကြီးက အော်ပြောလိုက်ပြီး သူ့ကိုယ်တိုင်ခေါင်းဆောင်လျက် ရှေ့မှ ဝင်သွားသည်။

ဂျက်က ပါလာသူအားလုံးကို အထဲသို့ဝင်ခိုင်းလိုက်ပြီး သူက နောက်ဆုံးမှ ဝင်ကာ သံတံခါးကြီးကို ပိတ်လိုက်၏။

အထဲတွင် လင်းနေလေသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၄၄ ]

ရေပွက်သလို ပွက်နေသည့်နေရာမှ တိတ်ဆိတ်ငြိမ်နေသည့် နေရာသို့ ရုတ်ခြည်းရောက်လာရသဖြင့် ဗိုလ်မှူးဂျက်နှင့် အဖွဲ့သားအားလုံးပင် အံ့သြနေ ကြသည်။

"ဘယ်လိုနေရာမျိုးဖြစ်ပါလိမ့်"

သည်အတွေးက ခေါင်းထဲတွင်ကိုယ်စီ။

သို့ရာတွင် ဗိုလ်မှူးကြီးက ဂျက်တို့အား ဆက်စဉ်းစားခွင့်မပြုဘဲ ညွှန်ကြား ချက်ပေးလိုက်၏။

"အောက်ကိုဆက်ပြီး ဆင်းကြပါ၊ ဒီနေရာက အန္တရာယ်မကင်းသေးဘူး"

ကော့ဒ်က ခေါင်းဆောင်၍ အောက်သို့ဆက်ဆင်းသည်။ သူ့နောက်က ဗိုလ်မှူးဖို့ဒ်ါ။

လှေကားက ကျဉ်းကျဉ်း။ သစ်သားလှေကား။ သို့သော် ပြီးစလွယ်မဟုတ် ခိုင်ခိုင်ခံ့ခံ့လုပ်ထားသည့်လှေကား။

သည်လိုအချိန် သည်လိုအခြေအနေမျိုးတွင် ခိုင်ခိုင်ခံ့ခံ့ရှိအောင် တမင် ကြံစည်လုပ်ထားသည့်ပုံစံမျိုး။

လှေကားအကွေ့နေရာများကိုပယ်၍ အထက်မှအောက်အထိ လှေကားထစ် ၄၆ ထစ်။

ဖို့ဒ်ါက ခြေလှမ်းတစ်ချက်ချတိုင်း လှေကားထစ်များကို ရေတွက်လာခဲ့ သည်။

လှေကားလက်ရန်းနှင့်တန်းလျက် မီးသီးများ ထွန်းညှိထားမှုကိုထောက်၍ သည်မြေအောက်တိုက်ခန်း တစ်နေရာရာ၌ သီးသန့်မီးပေးစက်တစ်လုံး ရှိနေမည် ဟု တွက်၍ရသည်။



လှေကားအောက်ဆုံးအထစ်သို့ ရောက်သောအခါ ၁၂ ပေ ပတ်လည် ကျယ်သည့် အခန်းတစ်ခန်း။

ညှိသည်များ ခဏတစ်ဖြုတ်နားနေရန် စီမံထားသည့်အခန်း။

ကြမ်းပြင်က အင်္ဂတေ။ သို့သော် အင်္ဂတေပေါ်တွင် ကော်ဇောများခင်းလျက်။

အခန်းထောင့်တစ်ထောင့်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး။

စားပွဲလက်ယာဘက်တွင် တံခါးပေါက်တစ်ပေါက်။

တံခါးက ပိတ်လျက်။ တံခါးတွင် အပြင်သို့အသံမထွက်နိုင်အောင် လေလုံ ဆီရိယာများ တပ်ဆင်ထားသည်။

ခန့်မှန်းချက်ဖြင့် မိမိတို့ရောက်နေသည့်နေရာမှာ ပေအနက် ၆၀ ခန့် ရှိမည်ဟု ဂျက်က တွက်လိုက်၏။

ဗိုလ်မှူးကြီးက တင်ပါးနှစ်ဖက်ပေါ်တွင် လက်ထောက်ကာ ဂျက်တို့လူသိုက် ကို အကဲခတ်နေ၏။

ရထားသည့် ဗိုလ်မှူးကြီးအဆင့်ထက် သူ့အသက်က ပို၍ငယ်နေလေသည်။ အသက် ၃၀ လောက်သာထင်ရ၏။

ဗိုလ်မှူးကြီးက ဂျက်နှင့် အဖွဲ့သားများ ဝတ်စုံပေါ်တွင် တပ်ဆင်ထားသည့် ဆုတံဆိပ်များ၊ တိုက်ပွဲစဉ်တံဆိပ်များနှင့် စစ်ဝတ်စုံ လက်ကြယ်သီးမှ ဒတ်စ်ရစ်ချ် တံဆိပ်များကိုကြည့်ကာ အားကျဂုဏ်ယူသည့်အမူအရာ ပေါ်လွင်နေ၏။

သူ့လည်ပင်းတွင် သူ့ရဲကောင်းတံဆိပ်ကို ချိတ်ဆွဲလျက်။

တစ်ယောက်စီ တစ်ယောက်စီ လိုက်ကြည့်နေသော ဗိုလ်မှူးကြီး၏ မျက်စိ အာရုံက ဆာယာဂူပါရုံဆီသို့ ရောက်သွားသည်။

ဗိုလ်မှူးကြီးက နှစ်သိမ့်စွာပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

သူက ထုံးစံအတိုင်းပင် စကားဆိုလိုက်၏။

"ကျွန်တော်ဘယ်သူဆိုတာ ပြောပါရစေခင်ဗျာ။

"ကျွန်တော်ဟာ အမှတ်(၁၁)ကိုယ်ရံတော် သံချပ်ကာကားတပ် တပ်မက ဗိုလ်မှူးကြီး ဂျိုအာချင်ဟာမယ်ပါ။ ကျွန်တော်ဟာ ရုရှတွေရဲ့ အမြောက်ပစ် လေ့ကျင့်ခန်းပြီးတာနဲ့ မိခင်တပ်မကို ပြန်ရမှာဖြစ်ပါတယ်"

ဗိုလ်မှူးဂျက်က မိမိမည်သူဖြစ်ကြောင်း ပြောပြလိုက်ပြီး မိမိနှင့်အတူပါလာ သော အရာရှိများအား ဗိုလ်မှူးကြီးနှင့် မိတ်ဆက်ပေးလိုက်သည်။

ဤသို့မိတ်ဆက်ပေးရာ၌ ဂျာမန်အမည်၊ ဂျာမန်ရာထူးအဆင့်၊ ဂျာမန်

www.burmeseclassic.com

www.burmeseclassic.com



တပ်အမည်များကို ဒီဗွန်လေ့ကျင့်ရေးကျောင်းမှ သင်ပေးလိုက်သည့်အတိုင်း ပြောရသဖြင့် ဂျက်အဖို့ မြိန်မြိန်ယှက်ယှက်မရှိလှ။

ကော့ဒ်နှင့်ပတ်သက်၍မူ ဂျက်က ဗိုလ်မှူးကော့ဒ်သည် မိမိအဖွဲ့သားတစ်ယောက်မဟုတ်၊ လမ်းတွင် ရန်သူ့အမြောက်ဘေးမှ လွတ်အောင်ပြေးရင်း ဆုံမိကြခြင်းသာဟု ရှင်းပြလိုက်သည်။

အခြားအဆင့်ရှိ ဒုတပ်ကြပ်မိုက်၊ ဒုတပ်ကြပ် မက်ကလင်းတို့ကိုမူ ဗိုလ်မှူးကြီးနှင့် မိတ်ဆက်မပေး။

ဤသည်မှာ ဂျာမန်စစ်တပ်ထုံးစံဖြစ်သကဲ့သို့ ဗြိတိသျှစစ်တပ်ကျင့်သုံးနေကျဓလေ့လည်း ဖြစ်ချေ၏။

အလိုက်သိသော မိုက်နှင့် မက်ကလင်းတို့က ခပ်လှမ်းလှမ်းတွင်သွား၍ ရပ်နေပြီး သတိအနေအထားဖြင့် ဂျက်နှင့် ဗိုလ်မှူးကြီးတို့ မိတ်ဆက်နေသည်ကို စောင့်နေကြသည်။

ဒုတိယစစ်ရစ်ချ်တပ်မက ဗီယင်နာကို ရောက်နေတယ်ထင်တယ်”

ဗိုလ်မှူးကြီးဟာမယ်က မိတ်ဆက်အပြီး စကားစလိုက်၏။

“ဟုတ်ပါတယ်၊ ဗီယင်နာမှာပါပဲ၊ ဒါက ကျွန်တော် အဲဒီကထွက်မလာခင် အထိ သိခဲ့တာပါ၊ ခုလည်း ဗီယင်နာမှာပဲရှိမယ်လို့ ယုံကြည်ရပါတယ်။

“ကျွန်တော်တို့က မနေ့ညကမှ ဂျန်ကား ၅၂ နဲ့ရောက်လာတာပါ။ ဒါထက်ပိုပြီး သတင်းပို့ရမယ်ဆိုရင်တော့ အဲ…ဗိုလ်မှူးကြီးလည်း အသိသားသတင်းမပေါက်ကြားရေးစည်းကမ်း ရှိနေတယ်လေ”

“ဟုတ်တယ်…ဒါကိုနားလည်ပါတယ်”

ဂျက်ထက် ရာထူးနှစ်ဆင့်မြင့်နေသော ဟာမယ်က သိမ်သိမ်မွေ့မွေ့ပြန်ပြောလိုက်ရင်း ဆာယာရပ်နေရာသို့ မေးငေါ့ပြလိုက်ပြီး…

“အမျိုးသမီးကကော ဗိုလ်မှူးတို့နဲ့ တစ်ဖွဲ့တည်းပဲလား”

ဂျက်က ဆာယာ့ဘက်သို့ လှည့်စောင်းကြည့်လိုက်၏။

ချက်ဆိုလျှင် နားခွက်က မီးတောက်ပြီးဖြစ်သော ဆာယာက ရင်ကိုကော့ခေါင်းကိုမော့ကာ သတင်းပို့လိုက်၏။

“ဖရော်ဟာနာဘက် သတင်းပို့ပါတယ်၊ အဲလ်ဘတ်မင်းသားလမ်း၊ ဂက်စတာပိုဌာနချုပ်ကို သတင်းပို့ရမယ်ဆိုတဲ့တာဝန်နဲ့ ဘာလင်ကိုရောက်လာတာပါ”

“ဒီက ဗိုလ်မှူးတွေက လေယာဉ်မှာ လိုက်ပါခွင့်ပေးလို့ ဗိုလ်မှူးတို့နဲ့အတူ





ဘာလင်ကိုရောက်လာတာပါ”

ဆာယာ့သတင်းပို့ချက်က အကွက်ဝင်သွားသည်။

စောစောကစီစဉ်ထားခဲ့သလို ဗိုလ်မှူးဂျက်တို့၏ အက်စ်အက်စ်ဒုတိယစ်ရစ်ချ်အဖွဲ့မှ စခန်းထိန်း အမျိုးသမီးရဲဘော်ဟု ပြောလိုက်လျှင်…

ယခုအခြေအမျိုး၌ အဆိုးနှင့်တွေ့လာနိုင်မည်ကို ဆာယာက ဘာလင်အတွေ့အကြုံအရ သိထားခဲ့သည်။

ဘာလင်တွင် နာရီပိုင်းလောက်သာ နေရမည်ဆိုပါက စခန်းထိန်း အမျိုးသမီး ရဲဘော်ဟူသော အဆင့်က သင့်တင့်လျောက်ပတ်သည်။

သို့သော် ကော့ဒ်၏ စကားအရ ဘာလင်တွင် နောက်ထပ်နှစ်ရက် ဆက်ရမည်ဆိုသောအခါ စခန်းထိန်း အမျိုးသမီးရဲဘော်အဆင့်က မသင့်လျော်တော့။

ထို့ကြောင့် အမျိုးသမီးဂက်စတာပိုဟု သတင်းပို့လိုက်ခြင်းက အကောင်းဆုံး။

ဂျာမန်လူမျိုးများသည် လျှို့ဝှက်လုပ်ငန်းတွင် စိတ်ဝင်တစားရှိကြသည့်နည်းတူ ရက်စက်ကြမ်းကြုတ် အလုပ်ခံရမည်ကိုလည်း ကြောက်လန့်တကြားရှိနေတတ်ကြ၏။

သည်စိတ်မျိုးကြောင့်ပင် ဆာယာ့သတင်းပို့ချက်က အသက်အရွယ်ငယ်ငယ်ဖြင့် ဗိုလ်မှူးကြီးရာထူးကို ရထားသူ ဟာမယ်အား ကျောချမ်းသွားစေခဲ့၏။

ဗိုလ်မှူးကြီးဟာမယ်၏ မျက်လုံးအစုံတွင် စောစောက အာရုံထင်ဟပ်နေသော ဓာတကျာက ကပျာကယာ တပ်ခေါက်၍ပြေးနေကြောင်း ပေါ်လွင်လာ၏။

ဟာမယ်က ကိုယ်ကို ခါးတစ်ပိုင်းညွှတ်အောင် ကိုင်းလိုက်ပြီး…

“တွေ့ရတာ ဂုဏ်ယူပါတယ် ဖရော်ဟာနာဘက်”ဟု ယဉ်ကျေးသိမ်မွေ့စွာ စကားဆိုလိုက်သည်။

“ဒီနေရာက ဘယ်လိုနေရာလဲ ဗိုလ်မှူးကြီး”

ဖိုဒါက ဟာမယ့်အာရုံကို ပြောင်းပစ်လိုက်သည်။

“ဟုတ်သားပဲ၊ ကျွန်တော်က ဒီနေရာအကြောင်း ပြောမလို့ပဲ။

“ဒီနေရာဟာ အလျင်တုန်းကတော့ ပန်းချီကုန်သည်တစ်ဦးရဲ့ မြေအောက်ဂိုဒေါင်တစ်ခုပဲ။ ဒါပေမယ့် စစ်ကြီးအတွင်းမှာတော့ သူက ဒီအလုပ် ဆက်မလုပ်နိုင်ခဲ့ပါဘူး။

“သူစုဆောင်းထားတဲ့ ပန်းချီကားတွေက သိပ်တန်ဖိုးရှိခဲ့တာပေါ့၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာသိုလှောင်ထားခဲ့တဲ့ ပန်းချီကားတွေဟာ မာရှယ်ဂိုအားရင်းရဲ့ ပစ္စည်းတွေ ဖြစ်ကုန်ပါပြီ။

"မာရှယ်ဂိုအားရင်းကလည်း ဒီပန်းချီကားကြီးတွေကို သိပ်ပြီး ဂရုတစိုက် ထိန်းသိမ်းထားပါတယ်။

"ဒီမြေအောက်တိုက်ခန်းဟာ အဖိုးတန်ပန်းချီကားကြီးတွေ သိုလှောင်ထား ခဲ့တဲ့ နေရာဖြစ်တော့ ရေလုံ၊ လေလုံ၊ မီးလုံပါပဲ။

"စစ်ကြီးဖြစ်လာပြီးမှ အမိုးနဲ့ နံရံတွေကို အုတ်စီပြီး အင်္ဂတေကိုင်ခဲ့တယ်။ ဒါကြောင့် ဗုံးဖြစ်ဖြစ်၊ အမြောက်ဆန်ဖြစ်ဖြစ် ဒါရိုက်လာထိရင်တောင် ဒီမြေ အောက်တိုက်ခန်းက ပြိုမှာမဟုတ်ဘူး။

"ဒီမြေအောက်တိုက်ခန်းကို ၁၉၄၄ ခု၊ ဧပြီလမှာ နာဇီပါတီနဲ့ နာဇီအရာရှိ ကြီးတွေအတွက် ထပ်ပြီးပြုပြင်ခဲ့တယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ လေး,ငါးလလောက် က စပြီး ဒီနေရာဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့တယ်"

ဗိုလ်မှူးကြီးဟာမယ်က ဆာယာရှိရာဘက်သို့ လှည့်လိုက်ပြီး...

"ဖရော်ဘက်ဟာ ကျွန်တော်ဆက်ပြောမယ့်စကားကို နားမထောင်နိုင် လောက်အောင်တော့ ရှိမယ်မထင်ဘူး၊ လောကကြီးအကြောင်း ကောင်းကောင်း နားလည်ပြီးသားလို့ ယူဆပါတယ်"

ဆာယာက ခေါင်းကိုမော့ ရင်ကိုကော့ကာ ခပ်တည်တည် အဖြေပေးလိုက် ၏။

"ဖရော်ဘက်ဟာ ဗိုလ်မှူးကြီးဟာမက်ထက် လောကကြီးအကြောင်းကို ကောင်းကောင်းကြီး သိထားပြီးသားပါ။

"ဒီလိုသိထားတာဟာလည်း ဂတ်စတာပိုစခန်းမှာ သိထားတဲ့ လောကကြီး အကြောင်းလောက်သာ မဟုတ်ပါဘူးဆိုတာ ဗိုလ်မှူးကြီး သိစေချင်ပါတယ်"

ဆာယာပြောလိုက်ပုံက ဂတ်စတာပိုအဖွဲ့ဝင် အမျိုးသမီးများ ပြောနေကျ လေသံ။

ပြည်တည်တည်နှင့် ရယ်တည်တည်ဖြစ်နေသော ဗိုလ်မှူးကြီးဟာမယ့် မျက်နှာက ရုတ်ခြည်းတည်သွားသည်။

သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း ဟာမယ်က စကားဆက်နေ ပြန်၏။

"ကျွန်တော်တို့ဟာ ကိုယ်တတ်နိုင်တဲ့ဘက်က တာဝန်ထမ်းပြီး တိုက်နေတဲ့





လူတွေပါ ဖရော်ဘက်။

"ဒီတော့ ကျွန်တော်နဲ့အတူ နောက်တစ်ခန်းကို လိုက်ခဲ့စေချင်ပါတယ်။ အခြားအဆင့်တွေပါ လိုက်ခဲ့ပါ။ ဒီနေရာမှာ အဆင့်အတန်းမခွဲခြားဘူးဆိုတာ တွေ့ကြရပါလိမ့်မယ်"

ဟာမယ်က ကြားတွင်ခြားထားသည့်တံခါးကို တဒုန်းဒုန်းမြည်အောင် ထုလိုက်၏။

တံခါး ချက်ချင်းပွင့်လာသည်။ ဖွင့်ပေးသူက ဒုဗိုလ်တစ်ယောက်။ ကိုယ် ပေါ်တွင် အဝတ်အစားမရှိသလောက်။ လက်ဝဲလက်တွင် ပြင်သစ်ဘရန်ဒီတစ်လုံး ကို ကိုင်လျက်။

ဒုဗိုလ်က ညာလက်ဖြင့် ဖြစ်ကတတ်ဆန်း အလေးပြုလိုက်သည်။

ပွင့်သွားသောအခန်းက မီးလုံရေလုံရုံမက အသံပါလုံနေကြောင်း တွေ့လာ ရသည်။

ဂီတသံ၊ ရယ်မောသံ၊ ဖန်ခွက်သံ၊ စကားသံများက အခန်းဟိုမှာဘက်မှ ပေါ်ထွက်နေသည်။

ဟာမယ်က ဒုဗိုလ်ကို ခပ်ကြမ်းကြမ်းတွန်းဖယ်လိုက်ပြီး အခန်းထဲသို့ ဝင်လိုက်သည်။

အခန်းထဲသို့ရောက်သွားသောအခါ ဂျက်နှင့်ပါလာသူအားလုံးပင် အံ့အား ကြီးသင့်သွားကြရ၏။

ဘာလင်မြို့တော်ပေါ်တွင် တွေ့မြင်ကြုံတွေ့နေရသည်က ရောမမြို့တော်၏ နောက်ဆုံးနေ့များနှင့် တူနေပြီး မြေအောက်ဘာလင်အခြေအနေကမူ နောက်ဆုံး နေ့များသို့မရောက်မီ တစ်ပတ်အလိုကလို။

သည်အခန်းက ပထမအခန်းထက်ကျယ်သည်။ အလျားပေ ၈၀၊ အနံပေ ၇၀ ခန့်။ ကလပ်နှင့်တူအောင် မီးကိုမှိန်မှိန်ထွန်းလျက်။

စားပွဲများတွင် ယောက်ျားနှင့် မိန်းမ ၃၀ လောက် ထိုင်နေကြ၏။

ဆိုဖာနှင့် ကြမ်းပြင် ကော်ဇောပေါ်တွင် ခြေပစ်လက်ပစ် လဲလျောင်းနေသူ များလည်း မနည်းလှ။

မှန်ဗီရိုထဲတွင် ဝိုင်ပုလင်းများနှင့် အရက်ပုလင်းများ။

ပုလင်းအလွတ်များက ကြမ်းပြင်ပေါ်တွင် အစုလိုက် အပုံလိုက်။

အခန်းထဲတွင်ရှိနေသည့် ယောက်ျားအများစုမှာ ယူနီဖောင်းဝတ်များ။



www.burmeseclassic.com

www.burmeseclassic.com



အက်စ်အက်စ် ယူနီဖောင်းက ပိုများနေပြီး ရေတပ်အပြာရောင်နှင့် ကြည်းတပ် အညိုရောင်များက ကြိုကြားကြိုကြား။ အရပ်ဝတ် ဝတ်ထားသူ ယောကျ်ားက တစ်ယောက်နှစ်ယောက်လောက်သာ။

ယောကျ်ားနှစ်ယောက်ရှိလျှင် မိန်းမက တစ်ယောက်သာရှိနေလေရာ မိန်းမများမှာ အင်္ကျီအဝတ်အစားများ ဝတ်နေရန်ပင် အချိန်မရကြ။

အခန်းထဲတွင် လေဝင်လေထွက်ကောင်းအောင် တစ်နေရာရာမှ စီမံထားသည်ဟု ထင်ရသည်။ သို့တိုင်အောင် ဆေးပြင်းလိပ်နှင့် စီးကရက်မီးခိုးများ ပိတ်လှောင်နေ၏။

အဖိုးတန်ဆေးပြင်းလိပ်နှင့် စီးကရက်များ ဘာလင်မြို့ပေါ်တွင် မမြင်ရလောက်အောင် ရှားပါးနေချိန်တွင် ဘာလင်မြေအောက်တွင်မူ လှိုင်ဘောလည်နေ၏။

အခန်းထောင့်တစ်ထောင့်တွင် စန္ဒရားတစ်လုံး။

စစ်ဗိုလ်တစ်ယောက်က စစ်ကြိုခေတ်သီချင်းများကို တီးနေ၏။

အက်စ်အက်စ် စစ်ဗိုလ် ဒါဇင်ဝက်လောက်က စန္ဒရားခုံနားတွင် ဝိုင်းရပ်ကာ သီချင်းကို သံပြိုင်လိုက်ဆိုနေသည်။

ဗိုလ်မှူးကြီးဟာမယ်၏ အစီအစဉ်ဖြင့် စားပွဲနှစ်လုံးကိုဆက်ကာ ဂျက်နှင့် ပါလာသူအားလုံး ဝိုင်းထိုင်လိုက်ကြ၏။ မကြာမီ အရက်ပုလင်းများနှင့် မြည်းစရာများ ရောက်လာ၏။

အက်စ်အက်စ် စစ်ဗိုလ်များနှင့် ကြည်းတပ်၊ ရေတပ် စစ်ဗိုလ်များက ဆာယာ့ဆီသို့ မျက်စိရောက်နေကြသည်။

ဟာမယ်က အနီးဆုံးအက်စ်အက်စ် စစ်ဗိုလ်အား ဆာယာ့အကြောင်းကို တီးတိုးပြောပြလိုက်သည်။

"အမျိုးသမီးဂတ်စတာပို"၊ "အမျိုးသမီး စစ်ထောက်လှမ်းရေး"

သည်သတင်းက အခန်းထဲတွင် ခဏအတွင်း ပြန့်သွားပုံရသည်။

"ကျွန်တော်တည်ခင်းတဲ့အရက်နဲ့ မြည်းစရာများကို သောက်ကြ စားကြပါ၊ ကျွန်တော်ကတော့ မိတ်ဆွေစစ်ဗိုလ်တစ်ယောက်နဲ့ ကိုယ်ရေးကိုယ်တာကိစ္စရှိနေလို့ ခွင့်လွှတ်ကြပါ"

ဟာမယ်က ပြောပြောဆိုဆို ကိုယ်ကိုကိုင်းညွှတ်၍ ဂါရဝပြုလိုက်ပြီး စားပွဲနားမှ ထွက်ခွာသွားသည်။





ဗိုလ်မှူးဂျက်က အဖွဲ့သားအားလုံးအား နှစ်ပက်ထက် ပိုမသောက်ရဟု တီးတိုးညွှန်ကြားချက်ထုတ်လိုက်၏။ ပြီးမှ...

"ဆာယာ...ကိုယ်က ကော့ဒ်နဲ့ စကားပြောစရာရှိနေတယ်၊ ဒီလိုပြောနေတဲ့ အချိန်မှာ ကိုယ်တို့အဖွဲ့သားတွေ ဘယ်ကိုမှ ထမသွားရအောင် ဆာယာ ထိန်းပေးထားပါ"ဟု လေသံဖြင့်ပြောလိုက်သည်။

ဆာယာက ခေါင်းညိတ်လိုက်၏။

ကော့ဒ်က ဘရန်ဒီပုလင်းကိုဆွဲကာ ဖြီစပြုနေပြီ။ သူက စစ်ဆင်ရေးအဖွဲ့ဝင်တစ်ယောက် မဟုတ်သောကြောင့် ဂျက်က ဘာမျှမဟန့်။ လိုရင်းကိုသာ ပြောလိုက်၏။

"ကဲ...နှစ်ရက်ကိစ္စဆိုစမ်း"

ပြင်သစ်ဘရန်ဒီနှစ်ပက်ကို ဆက်တိုက်သောက်ထားပြီးဖြစ်သော ကော့ဒ်က ရဲတင်းလာသည်။

"ဒါက ဘယ်လိုမှ ရှောင်လို့မရနိုင်တဲ့ကိစ္စပဲ၊ ကျွန်တော် အဲ...ကျွန်တော်တို့ကလည်း နှစ်ရက်ဆက်နေရမှာကို မလိုလားပါဘူး၊ ဒါပေမယ့် ထည့်သွင်းစဉ်းစားစရာ အချက်တွေရှိနေတယ်၊ ဒီအချက်တွေဟာ ဘာတွေဆိုတာ ခင်ဗျားမသိပါဘူး"

"ဒါဖြင့် ခင်ဗျားတို့က ကျုပ်တို့ကို ဘာဖြစ်လို့ မြန်မြန်လာပါလို့ မှာရတာလဲ"

ကော့ဒ်က ပြုံးလိုက်ပြီး...

"ဒီမှာ ဘာတွေဘယ်လိုဖြစ်နေတယ်ဆိုတာ ဗိုလ်မှူးလည်း မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား၊ ဗိုလ်မှူးတို့သာ မနေ့ကရောက်မလာခဲ့ရင် ဘယ်တော့မှ ရောက်လာနိုင်တော့မှာ မဟုတ်ဘူးဆိုတာ ဗိုလ်မှူး နားလည်မှာပဲ"

ဂျက်က မိမိကိုယ်ကိုမိမိ အပြစ်တင်လိုက်မိသည်။ ကော့ဒ်က သည်အချက်တွင် ကျော်သွားပြီမဟုတ်လား။

"ကျုပ်က ခင်ဗျားဆရာနဲ့ တိုက်ရိုက်ပြောချင်တယ်ဗျာ"

"ဒါကတော့ ခုအချိန်မှာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ်ဆိုရင်လည်း ကျုပ်ကို ဘာဖြစ်လို့ လူယုံတော်အဖြစ် ခင်ဗျားတို့ဆီ လွှတ်နေတော့မှာတုံး"

ဂျက်က 'ကျုပ်'ဟု သုံးလာသလို ကော့ဒ်ကလည်း ထိုနာမ်စားကိုပင် သုံးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင့်ကို ရှင့်ဆရာက လှူယုံတော်အဖြစ် အသုံးချပြီးတဲ့အခါ မှာတော့ ရှင်ဟာ အသုံးမကျတော့တဲ့ ပစ္စည်းတစ်ခု ဖြစ်သွားတော့မှာ သေချာ တယ်"

ဆာယာက ကော့ဒ်အား ခပ်ချဥ်ချဥ်ဖြစ်လာသဖြင့် ဘုဝင်၍တောလိုက်ခြင်း

ကော့ဒ်က ဆာယာ့မျက်နှာကို အလေးအနက်ထား၍ ကြည့်ရင်း...

"အင်း...ခင်ဗျားပြောလိုက်တော့မှပဲ ကျွန်တော် သတိထားမိလာတယ်၊ ကျွန်တော့်ဆရာက ကျွန်တော့်ကို လှူယုံတော်အဖြစ် အသုံးချပြီးတဲ့နောက် ကျွန် တော်ဟာ စွန့်ပစ်ပစ္စည်းတစ်ခု ဖြစ်လာရတော့မှာကိုး"

ရုရှအမြောက်တပ်က ဘာလင်မြို့တော်အား အမြောက်စာကျွေးနေခဲ့သည် မှာ တစ်နာရီပင်ကျော်နေပါပြီ။ ခုထိမရပ်သေး။

အခန်းထဲရှိ ယောကျ်ားများရော၊ မိန်းမများပါ ကြမ်းပြင် ကော်ဇောနှင့် ဆိုဖာများ၊ ကုလားထိုင်များပေါ်တွင် ခွေခွေကလေး အိပ်ပျော်နေကြပြီ။

ဂျက်က ဒုတပ်ကြပ်မိုက်အား မြေအောက်တိုက်ခန်းမှထွက်၍ အခြေအနေ ကို ကြည့်ရန် လွှတ်လိုက်သည်။

"အမြောက်တွေတော့ ခုပဲအပစ်ရပ်သွားတယ်"

ပြန်လာသော မိုက်က သတင်းပို့လိုက်၏။

"အပစ်ရပ်သွားပေမယ့် နောက်ထပ် ၁၅ မိနစ်လောက်တော့ စောင့်ဦး။ ရုရှတွေက အပစ်ရပ်ချင်ယောင်ဆောင်ပြီးမှ ပြန်ပစ်တော့ လူတွေသိပ်သေတယ်။ ဒါ သူတို့နည်းဗျူဟာပဲ"

ကော့ဒ်က အဆိုပြုသည်ကို ဂျက်က လက်ခံလိုက်ပြီးနောက် ၁၅ မိနစ် အကြာတွင် မြေအောက်တိုက်ခန်းမှ ပြန်ထွက်လာခဲ့ကြ၏။

အခန်းတစ်နေရာတွင် ယစ်နေပြီဖြစ်သော ဗိုလ်မှူးကြီးဟာမယ်အား တွေ့ကြ ရသည်။ သူ့အခြေအနေက သူ့ကိုယ်တိုင်ပင် သူ မထိန်းနိုင်တော့သည့် အခြေ အနေ။

ဟာမယ်က ဂျက်နှင့် အဖွဲ့သားများအား လက်တယမ်းယမ်းလှုပ်ကာ နှုတ်ဆက်ရင်း ကျန်နေရစ်ခဲ့၏။ သူက သည်နေ့ သူ့မိခင်တပ်မသို့ ဘယ်နည်း နှင့်မှ ရောက်နိုင်တော့မည်မဟုတ်တော့။

ဘာလင်မြို့တော်ပေါ်သို့ ပြန်ရောက်လာကြသော ဂျက်နှင့်အဖွဲ့သားများက လူသေအလောင်း လတ်လတ်ဆတ်ဆတ်များနှင့် အကျိုးအပဲ့ အပျက်အစီးအသစ်





များကို တွေ့ကြရ၏။

ပုန်းခိုကျင်းများထဲမှ တက်လာကြသူများမှာ လူရုပ်ပင်မပေါ်။

ကော့ဒ်က ဂျက်နှင့် အဖွဲ့သားများအား အဆောက်အအုံနှင့် သစ်ပင်များ ကင်းမဲ့နေသည့် ကွင်းပြောင်တစ်ခုကိုဖြတ်၍ ခေါင်းဆောင်ခေါ်ယူသွားသည်။

ပြီးမှ တစ်ကြိမ်သောအခါက လေးထပ်တိုက် အဆောက်အအုံတစ်ခုဖြစ်ခဲ့ပုံ ရသော နေရာရှေ့၌ ရပ်လိုက်၏။ ရက်မကြီးများ၊ ထုပ်များ၊ ပေါင်းကွပ်များက တိုက်အောက်ထပ်သို့ အဝင်ရခက်အောင် ရှေ့မှပိတ်ဆီးနေသည်။

"ဒါတွေဟာ ပကတိ သံမဏိရက်မတွေ၊ ထုပ်တွေမဟုတ်ဘူး၊ သစ္စာ အပေါ်စားကို ပုံဖျက်ဆေးသုတ်ပြီး ရက်မတွေ ထုပ်တွေနဲ့ တူအောင်လုပ်ထား တာ"

ကော့ဒ်က ဂျက်အား ရှင်းပြလိုက်ပြီး ခလုတ်တစ်ခုကို နှိပ်လိုက်၏။

မြေညီထပ်မှ တံခါးတစ်ချပ်က ကျည်ခနဲမြည်ကာ ပွင့်သွားသည်။

"ကဲ...ဝင်ကြ၊ မြန်မြန်ဝင်ကြ"

ကော့ဒ်က ဆော်သြလိုက်၏။

လှေကား လေး,ငါး,ဆယ်ထစ်ခန့် ဆင်းလိုက်သောအခါ မြေအောက် တိုက်ခန်းတစ်ခန်းထဲသို့ ရောက်သွားကြ၏။

အခန်းက သာမန်ညှော်ခန်းတစ်ခန်းစာလောက်။

နံရံလေးဘက်လေးတန်တွင် အိပ်စင်များနှင့် စည်သွတ်ရိက္ခာဘူးများ တင် ထားသည့် စင်တစ်ခု။

တစ်နေရာတွင် သောက်ရေများထည့်ထားသည့် သံစည်ပိုင်းကြီးတစ်လုံး။

အခန်းနှင့်ဆက်နေသည့် အခန်းငယ်ကလေးတွင် အိမ်သာနှင့် ရေချိုးခန်း။

အလင်းရောက်ရအောင် မီးတိုင်များကိုသာ သုံးကြရမည်ဖြစ်၏။

"ကျွန်တော်ထွက်သွားပြီးရင် အခန်းတံခါးကို အထဲက သော့နဲ့ပိတ်ထားပါ၊ ဒီနေရာဟာ မကျယ်လှပေမယ့် လုံခြုံရေးတော့ အပြည့်အဝရှိပါတယ်။

"၂၉ ရက်နေ့၊ ညနေကို နောက်ဆုံးထားပြီး ကျွန်တော်ပြန်လာခဲ့မယ်။ ပြန်လာရင် တံခါးကို ခုနစ်ချက်ခေါက်မယ်၊ တစ်စက္ကန့်လောက်နားပြီး နောက် သုံးချက်ခေါက်မယ်"

ကော့ဒ်ထွက်သွားပြီးနောက် နားနေအိပ်စက်ရန် ပြင်ဆင်ကြရ၏။

နှစ်ရက်တိုင်တိုင် အခန်းအောင်း၍ စောင့်နေရမည်ကို မည်သူမျှမကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခုအချိန်မှာတော့ ဘာမှမတတ်နိုင်။

မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူရပေတော့မည်။

"အလှည့်နဲ့ ကင်းစောင့်ရမယ်၊ မိုက်က စပြီးစောင့်၊ တစ်ယောက်နှစ်နာရီ ... ဟောဒီမှာ ဒီစာရင်းအတိုင်း တာဝန်ယူပြီးစောင့်ရမယ်"

ဂျက်က ဒုတပ်ကြပ်မိုက်အား ရေးထားသည့် စာရင်းစာရွက်ကလေးကို လှမ်းပေးလိုက်သည်။

ပြီးမှ အိပ်စင်တစ်ခုထက်တွင် လှဲအိပ်လိုက်၏။

ရှုအမြှောက်သံက တိတ်နေလေသည်။

▲



[ ၄၅ ]

ဧပြီလ ၂၈ ရက်...

ညနေ ၄ နာရီထိုးပြီးစ...

ဘင်နီတို မူဆိုလီနီနှင့် အချစ်တော် ကလာရာပက်တာစီတို့အား ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ပြေးရန် ကြိုးပမ်းနေစဉ် အီတလီဖက်ဆစ်တော်လှန်ရေးသမားများက ဒွန်ဂိုရွာ၌ လက်ရဖမ်းဆီးရမိပြီးနောက် သုတ်သင်လိုက်သည့်အချိန်။

ဖက်ဆစ်တော်လှန်ရေးသမားများ၏ ခေါင်းဆောင် ဝေါလတာအော်ဒစ်ဆီယိုက မတ်စ်အမျိုးအစား ၇ ဒသမ ၄၅ မီလီမီတာ မရှင်ပစ္စတိုဖြင့် ခြောက်ချက်တိတိ ပစ်လိုက်သဖြင့် အီတလီနိုင်ငံ၏ အာဏာရှင် မူဆိုလီနီနှင့် အချစ်တော်တို့ အသက်ပျောက်သွားခဲ့ခြင်း။

ဧပြီလ ၂၉ ရက်။

တနင်္ဂနွေနေ့ နံနက်။

မူဆိုလီနီ၊ အချစ်တော် ကလာရာပက်တာစီနှင့် အခြားသုတ်သင်ခြင်းခံရသော ဖက်ဆစ် ထိပ်သီးတချို့၏ အလောင်းများကို မီလန်မြို့သို့ သယ်ဆောင်လာခဲ့ကြပြီး ဆောက်လက်စ ဓာတ်ဆီဆိုင်အနီးတွင် ချထားလိုက်သည်။

မူဆိုလီနီ အသတ်ခံရသည့်သတင်းကို ဂျာမန်အစိုးရ သတင်းဌာနမှ ဖိုင်ယာသက် အော်ပရေတာတစ်ယောက်က ဧပြီလ ၂၈ ရက်နေ့၊ ည ၉ နာရီ ကျော်ကျော်လောက်တွင် ဖမ်းယူရရှိခဲ့၏။

အစိုးရသတင်းဌာနကို ဟာစ်တလာ ဘန်ကာ အထက်ထပ်တွင် အခန်းကလေး တစ်ခန်းပေး၍ ဖွင့်လှစ်ထားသည်။

အော်ပရေတာက လက်ခံရရှိသည့်သတင်းကို ကြေးနန်းစာရွက်ပေါ်တွင် ရေးချလိုက်ပြီးနောက် ဟာစ်တလာ့ လက်ပါးစေထံသို့ပေးပို့ရန် ကြံနေစဉ် နောက်ထပ် ကြေးနန်းသတင်းတစ်ခုက ဝင်လာပြန်လေသည်။

အော်ပရေတာက လက်ခံရရှိသည့်သတင်းကို ကြေးနန်းစာရွက်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရေးချလိုက်ပြီးနောက် ဟစ်တလာ့ လက်ပါးစေထံသို့ ပေးပို့ရန် ကြံနေစဉ် နောက်ထပ် ကြေးနန်းသတင်းတစ်ခုက ဝင်လာပြန်လေသည်။

သတင်းက ဘီဘီစီမှလွှင့်လိုက်သည့် သတင်း။

လန်ဒန်မြို့ အစိုးရဌာနပိုင်းဆိုင်ရာ ရပ်ကွက်များ၌ တရားဝင်ပျံ့နှံ့နေသော သတင်းတစ်ရပ် မနေ့ကပင် ပေါ်ထွက်နေကြကြောင်း။

သတင်းအစုံအလင်မှာ ဟစ်တလာ့ ညာလက်ရုံးတစ်ဦးဖြစ်သူ ဟင်မလာ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး အီဒင်နှင့် ရုရှနိုင်ငံခြားရေးဝန်ကြီး မိုလိုတော့ဗ်ထံ ပေးပို့လိုက်သည့် ကြေးနန်းသတင်းဖြစ်ကြောင်း။

ဟင်မလာက ဂျာမန်အစိုးရသည် ဗြိတိသျှနှင့် အမေရိကန်အစိုးရထံ ခြွင်းချက်မရှိ လက်နက်ချရန် သဘောတူကြောင်း။

သို့သော် ရုရှထံသို့ကား လက်နက်ချမည်မဟုတ်ကြောင်း။

အနောက်မဟာမိတ်နှစ်နိုင်ငံဖြစ်သော ဗြိတိန်နှင့် အမေရိကန်ထံ ခြွင်းချက်မရှိ လက်နက်ချရေးကို ဟင်မလာကိုယ်တိုင် သဘောတူလက်ခံလျက်ရှိရုံမျှ ထိုသို့ လက်နက်ချနိုင်ရန် အစီအစဉ်များ ပြုလုပ်နေကြောင်း။

ထိုသို့ လက်နက်ချရန်အစီအစဉ်ကိုလည်း ဟင်မလာကိုယ်တိုင် ဆောင်ရွက်နိုင်သည့် အခြေအနေတွင်ရှိကြောင်း။

* * *

ဟစ်တလာသည် ကြေးနန်းနှစ်စောင်လုံးကို တိတ်ဆိတ်စွာ ဖတ်လိုက်ပြီး နောက် ညာလက်ရုံးများဖြစ်သော ကိုးဘဲနှင့် မာတင်ဘောမန်းတို့နှင့်အတူ တံခါး ပိတ် အစည်းအဝေးပြုလုပ်သည်။

အစည်းအဝေးအပြီးတွင် ဟစ်တလာက အမိန့်ထုတ်လိုက်၏။

"ဟင်မလာ့ဆက်သွယ်ရေးအရာရှိ ဖက်ဂီလင်အား ဘန်ကာတွင် အကျဉ်း ချုပ်ထားရာမှ မိမိရှေ့မှောက်သို့သွင်းစေ"

ဖက်ဂီလင့်ဇနီးက ဟစ်တလာ့အချစ်တော် အီဗာဘရွန်နှင့် ညီအစ်မအရင်း အီဗာဘရွန်က ဖက်ဂီလင်အား မတ်တော်သည်။

ဖက်ဂီလင်အား ယမန်နေ့ကပင် ဂက်စတာပိုက အိမ်တွင် သွားရောက် ဖမ်းဆီးခဲ့၏။





ဤသို့အဖမ်းခံရချိန်၌ ဖက်ဂီလင်သည် အရပ်ဝတ်အရပ်စား ဝတ်ထားရုံ မက ဆွစ်ငွေများအပါအဝင် နိုင်ငံခြားငွေများနှင့် ရွှေနှင့် စိန်များပါ အိတ်တစ်လုံး အသင့်တည်ထားပြီးသား ဖြစ်နေသည်။

ဆွစ်ဇာလန်နိုင်ငံသို့ ဖက်ဂီလင် ထွက်ပြေးရန်ကြံစည်နေကြောင်း ထင်ရှား နေပေပြီ။

ဂက်စတာပိုက ဖက်ဂီလင်အား ထုထောင်းရိုက်နှက် စစ်ဆေးပြီးနောက် ဟစ်တလာ့ဘန်ကာသို့ ဖမ်းဆီးယူဆောင်လာခဲ့ကြ၏။

မတ်တော်မောင်အတွက် အီဗာဘရွန်သာ ကြားဝင်၍မကယ်လျှင် ဖက်ဂီ လင်သည် ချက်ချင်းအသတ်ခံရမည် မုချ။

ညီမဖြစ်သူ မျက်နှာမြင်နေသဖြင့် မတ်တော်မောင်အား အသက်ချမ်းသာ ပေးပါရန် ဟစ်တလာ့ထံ အီဗာက အသနားခံသည်။

အီဗာ့အသနားခံသံကို ဟစ်တလာက တိတ်ဆိတ်စွာနားထောင်နေပြီးမှ ဖက်ဂီလင်အား ရာထူးမှချလိုက်သည်။ ပေးအပ်ထားသည့် သူရဲကောင်းဘွဲ့တံဆိပ် ကိုလည်း ပြန်သိမ်းလိုက်သည်။

ယခုမှ ဖက်ဂီလင်၏ဆရာဖြစ်သူ ဟင်မလာကိုယ်တိုင် သစ္စာဖောက်လျက် ခြွင်းချက်မရှိ လက်နက်ချရန် စီစဉ်နေသည်ဟု သတင်းထွက်လာပြီ။

ရသည့်သတင်းကလည်း ခိုင်ခိုင်လုံလုံ။

ဆရာဖြစ်သူ ဟင်မလာ၏ ခြွင်းချက်မရှိ လက်နက်ချရန် အစီအစဉ်တွင် တပည့် ဖက်ဂီလင်လည်း ပါဝင်ပတ်သက်နေရမည်ဟု ဟစ်တလာက ဆုံးဖြတ် လိုက်သည်။

ဖက်ဂီလင်အား မိနစ် ၅၀ အတွင်း စစ်ခုံရုံးတင် စစ်ဆေးပြီးသွား၏။

"သစ္စာဖောက်ကြောင်း အခိုင်အလုံတွေ့ရှိသဖြင့် မသေမချင်း သေနတ်ဖြင့် ပစ်၍ သတ်စေ"

ခုံရုံးအမိန့်ကလည်း ချက်ချင်းထွက်လာ၏။

သည်တစ်ကြိမ်မှာတော့ အီဗာရွန်က ကြားဝင်ကာ အသနားမခံတော့။

မတ်တော်မောင် ဆောင်ယူသွားမည့်အိတ်ထဲတွင် တွေ့ရှိရသော ရွှေငွေ၊ ကျောက်သံပတ္တမြားအနက် ရတနာပစ္စည်းအချို့မှာ အီဗာ့ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်နေကြောင်း တွေ့ရှိရသောကြောင့်...

မတ်တော်မောင်နှင့်အတူ ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ပြေးမည့်အစီအစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



အိဖာ့ညီမမဟုတ်ဘဲ အခြားသူတစ်ယောက်၏ မယားဖြစ်နေသောကြောင့်။

စစ်ခုံရုံးမှ အမိန့်ထုတ်ပြန်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် တစ်ကြိမ်သော အခါက ဟင်မလာ၏ ဆက်သွယ်ရေးအရာရှိလည်းဖြစ်၊ ဗိုလ်မှူးချုပ်လည်း ဖြစ် သော ဖက်ဂီလင်အား အဓိပတိရုံး ခြံဝင်းကြီးတစ်နေရာသို့ ခေါ်ထုတ်သွားကြ နောက် ပစ်သတ်လိုက်ကြ၏။

ပစ်သတ်သည့်သေနတ်သမားအဖွဲ့ကို ကြီးကြပ်ရသူက လုံခြုံရေးတပ်ဖွဲ့ ဗိုလ်ကြီး**လန်ဂျင်ဒေါ်ဖ်**။

* * *

လန်ဂျင်ဒေါ်ဖ်က မှတ်တမ်းရုံးမှ ဗိုလ်ကြီးကို့ချ်အား ဆွစ်–ဂျာမန်နယ် တွင် ပစ်သတ်ခံခဲ့ရသည့် ဗိုလ်မှူးကလော့စ်ဘူးယားဆိုသူ၏ ဖိုင်နှင့် ထိုဖိုင်နှင့် ဆက်သွယ်နေသော ဖိုင်များကိုရှာပေးရန် အချိန်ပေးခဲ့၏။

ပေးခဲ့သည့်အချိန်က ၄၈ နာရီ။

ဤသို့ပေးခဲ့ရာတွင်လည်း ဗိုလ်မှူးချုပ် ဝိုက်ဒီမန်းဆိုသော တကယ်မရှိသူ အရာရှိကြီးအမည်ကို အသုံးပြု၍ ပေးခဲ့ခြင်း။

မှတ်တမ်းရုံးမှ ဗိုလ်ကြီးကို့ချ်မှာ ဖိုင်များကိုရှာရန် ၄ နာရီသာကျန်တော့ သည့်တိုင် တစ်ခုမျှမတွေ့သေး။

ပေးထားသည့်အချိန်က စေ့လုနီးနေပြီ။

ထို့ကြောင့် ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ထံ လှမ်း၍ ဖုန်းဆက်လိုက်၏။

"ကျွန်တော်တော့ အစွမ်းကုန်ရှာနေတာပဲဗိုလ်ကြီး၊ ဒါပေမယ့် ဖိုင်ရေ အားလုံး ဝရုန်းသုံးကားဖြစ်နေတော့ ဘယ်လိုမှ ရှာမရဘူး"

လန်ဂျင်ဒေါ်ဖ်က အောက်နှုတ်ခမ်းကို သွေးထွက်လုမတတ် ကိုက်ထားလိုက် ရသည်။

ကို့ချ်က စကားပြောနေသည်မှာ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ကို။ ဗိုလ်မှူးချုပ် ဝိုက်ဒီမန်းထံ ဆက်နေခြင်းမဟုတ်ဟု သူ့ကိုယ်သူ သတိပေးလိုက်ရ၏။

ဟင်မလာနှင့် ဟင်မလာ့ဆက်သွယ်ရေးအရာရှိ ဖက်ဂီလင်တို့ သစ္စာဖော် သွားပြီးသည်နောက် လန်ဒန်နှင့် အဆက်အသွယ်လုပ်ခဲ့သော သစ္စာဖောက်တစ် ယောက်ကို လက်ဆုပ်လက်ကိုင်ဖမ်းမိရန် လက်တစ်လုံးလောက်သာ လိုတော့





သည်ဟု ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က ယုံကြည်နေ၏။

ကလော့စ်ဘူးယား၏ဖိုင်...

ဘူးယားနှင့် ဆက်စပ်နေသူများ၏ဖိုင်...

သည်ဖိုင်များကိုသာ မှတ်တမ်းရုံးမှရခဲ့လျှင် လန်ဒန်နှင့် စကားဝှက်ဖြင့် အချက်ပြ ဆက်သွယ်နေသည့် သစ္စာဖောက်ကြီးကို လက်ဆုပ်လက်ကိုင် ဖမ်းတွေ့ နိုင်တော့မည်။

"ဒီဖိုင်တွေနဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် ဗိုလ်မှူးချုပ်ဝိုက်ဒီမန်းဆီ ကို အစီရင်ခံပါ့မယ် ဗိုလ်ကြီး"

"ကို့ချ်က စိတ်မရှည်နိုင်တော့သဖြင့် အရဲစွန့်၍ ပြောလိုက်သည်။ လန်ဂျင် ဒေါ်ဖ်က ထိတ်ထိတ်ပျာပျာဖြစ်သွားကာ...

"ဗိုလ်မှူးချုပ်အထိ တက်နေစရာမလိုပါဘူးလေ၊ ကျုပ်နဲ့လည်း ဖြစ်ပါတယ်၊ ဗိုလ်ကြီးက နောက်ထပ် အချိန်ဘယ်လောက်လိုမယ်ထင်လဲ"

အသံကို အေးနိုင်သမျှ အေးအေးထား၍ စကားဆိုလိုက်၏။

"ဘယ်လောက်လိုမယ်ဆိုတာတောင် ပြောရမှာ ခက်နေတယ် ဗိုလ်ကြီး"

ကို့ချ်အသံက ညည်းသံအပြည့်။

"ဆယ်မိနစ်အတွင်းမှာ တွေ့ချင်လည်းတွေ့နိုင်မယ်၊ နောက်တစ်ရက် လောက် ကြာချင်လည်းကြာနေမယ်။ ဖိုင်တွေက မှတ်တမ်းရုံးကြီးက ဖြစ်သလို သယ်ယူလာရတာဆိုတော့ ဗိုလ်ကြီးသိတဲ့အတိုင်း ပျောက်တာပျောက်၊ စုတ်တာ စုတ် ဖြစ်ကုန်ပြီမဟုတ်လား"

"ဒါဖြင့်လည်း နောက်ထပ် ၂၄ နာရီထပ်ပေးပါလို့ ဗိုလ်မှူးချုပ်ကို ပြော ပေးမယ်"

လန်ဂျင်ဒေါ်ဖ်က လေပြေထိုးလိုက်၏။

"ကျွန်တော်တို့ အတတ်နိုင်ဆုံးလုပ်နေတယ်ဆိုတာတော့ ပြောပေးပါ ဗိုလ်ကြီး"

ကို့ချ်က ဤသို့ပြောဆိုပြီး ဖုန်းချသွားသည်။

* * *

လက်ရုံးကြီးတစ်ယောက်ဖြစ်သော ဟင်မလာကိုယ်တိုင် သစ္စာဖောက်သွား ခြင်းက ဘာလင်မြို့တော်နှင့်အတူ တတိယနိုင်ငံတော်ကြီးသည်လည်း ပြိုကွဲ



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးရတော့မည်ဟု ဟစ်တလာအား ယုံမှတ်လာစေသည်။

ဗိုလ်ချုပ်စတိန်နာ ဦးစီးသော တိုက်ခိုက်ရေးအဖွဲ့များ၊ ဗိုလ်ချုပ်ဝိနက် ဦးစီးသည့် တိုက်ခိုက်ရေးတပ်များက ဘာလင်နှင့် တတိယဂျာမန်နိုင်ငံတော်ကြီးကို တန်ခိုးပြသလို လာရောက်ကယ်တင်နိုင်တော့မည်မဟုတ်ဟု ဟစ်တလာက ယုံမှတ်လာ၏။

အချိန်က ဧပြီလ ၂၈ ရက်။ သန်းခေါင်ကျော်။

တစ်ချက်တစ်ချက် အပြောင်းအလဲမြန်တတ်သော သူ့စရိုက်အတိုင်း ဟစ်တလာက စိတ်ကူးအသစ်တစ်ခု ရလာ၏။

ဗိုလ်ချုပ်ဝိနက်၏ တပ်များကိုသာ ဘာလင်မြို့တော်သို့ ဝင်လာနိုင်အောင် လေကြောင်းမှ ကာပစ် ပစ်ပေးနိုင်လျှင်...

ဤသို့ ကာပစ် ပစ်ပေးနိုင်အောင် ရက်ချ်လင်လေဆိပ်တွင် ဇက်ထားသည့် လေယာဉ်များကို ဘာလင်သို့ခေါ်လာခဲ့ရမည်။

ဤစိတ်ကူးဖြင့် ဟစ်တလာက အိပ်ရာမှထလာကာ လက်ပါးစေ တစ်ယောက်အား ဗိုလ်ချုပ်ကြီး ရတောဗွန်ဂျာရင်းနှင့် လေယာဉ်ကို အစမ်းကျင့်မောင်းနေသူ အမျိုးသမီးလေသူရဲ ဟင်နာတို့အား ရုံးခန်းသို့ခေါ်လာရန် အမိန့်ပေးလိုက်သည်။

ဗိုလ်ချုပ်ကြီး ဗွန်ဂျာရင်းမှာ ဟစ်တလာ့အမိန့်ဖြင့် ဧပြီလ ၂၆ ရက်နေ့ညက စတော့ချ်လေယာဉ်ငယ်ဖြင့် ဘာလင်ကာကွယ်ရေးအတွက် ရောက်လာခဲ့ရသူ။

ဂျာရင်းအား လေယာဉ်ငယ်ကိုမောင်း၍ ခေါ်လာခဲ့သူက လေယာဉ်ကို အစမ်းကျင့်၍ မောင်းနေရဆဲ လေသူရဲအမျိုးသမီး ဟင်နာ။

ဗိုလ်ချုပ်ကြီးဂျာရင်းက လေယာဉ်နှင့်အလာတွင် ဒဏ်ရာရထားခဲ့သဖြင့် အိပ်ရာထဲတွင် လှဲနေရ၏။

ဟစ်တလာ့စကားကိုကြားလိုက်ရသော ဂျာရင်းရော၊ ဟင်နာပါ အံ့အားသင့်သွားကြ၏။

"ရက်ချ်လင်လေဆိပ်ကိုရောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး အမိပတိကြီး၊ ကျွန်တော်တော့ ဒီဘန်ကာထဲမှာပဲ သေချင်ပါတယ်"

"တတိယဂျာမန်နိုင်ငံတော်ရဲ့ စစ်သားကောင်းတွေပီပီ တတ်နိုင်သမျှကြိုးပမ်းရမှာက ကျုပ်တို့တာဝန်ပဲ ဗိုလ်ချုပ်ကြီး၊ ဒါဟာ နောက်ဆုံးကြိုးပမ်းမှုပဲ၊ ဒီအစီအမဉ်အောင်မြင်သွားရင် ဘာလင်မြို့တော်နဲ့ တတိယနိုင်ငံတော်ကြီးကို





ကျုပ်တို့ ကယ်တင်နိုင်လိမ့်မယ်"

လေသူရဲအမျိုးသမီးဟင်နာက...

"ကျွန်မတို့ ဒီရက်ချ်လင်လေဆိပ်ကို ရောက်အောင်သွားနိုင်တယ်ဆိုဦးတော့ ကျွန်မတို့ ဘာဆက်လုပ်နိုင်မှာလဲ အမိပတိကြီး"

ဟစ်တလာက ဟင်နာ၏ ကျိုးကြောင်းမှန်နေသည့် မေးခွန်းကို မသိကျိုးကျွန်ပြုကာ ဗိုလ်ချုပ်ကြီးဂျာရင်း၏ မျက်နှာကိုသာ စိုက်ကြည့်နေ၏။

နောက်ဆုံးအချိန်သို့ ရောက်နေသည့်တိုင် ဟစ်တလာက ညှို့ဓာတ်ကို ဩဇာအဖြစ် အသုံးချနိုင်သေးသည်ကို တွေ့ရ၏။

ဗိုလ်ချုပ်ကြီးဂျာရင်းက ဟင်နာဘက်သို့လှည့်ကာ...

"ဒီမှာရှိနေတဲ့ လူတွေအတွက် ကျုပ်နဲ့ ဟင်နာဟာ တကယ့်မျှော်လင့်ချက်ကြီးပဲ၊ အောင်မြင်မှုဘယ်လောက်ရမယ်ဆိုတာတော့ ကြိုးစားကြည့်မှ သိရမှာပဲ။

"ကျုပ်တို့က ဖြစ်ပေါ်နေတဲ့ အခြေအနေကို ကယ်နိုင်မှ ကယ်နိုင်လိမ့်မယ်၊ ဒါပေမယ့် ကြိုးစားဖို့တော့ သင့်တယ်မဟုတ်လား"

ဗိုလ်ချုပ်ကြီးဂျာရင်းက လဲလျောင်းနေသည့် လက်တွန်းခုတင်ထက်မှ ဆင်းလိုက်ပြီး စစ်ယူနီဖောင်းဝတ်နေသည်။

ဟင်နာက အော်ဟစ်၍ငိုလိုက်ပြီး လေယာဉ်ကိုမမောင်းပါရစေနဲ့ဟု ဂျာရင်းအား တောင်းပန်နေ၏။

သို့သော် ထွက်သည့်ဆင်စွယ် ဝင်သည်ဟုမရှိသော ဟစ်တလာ့အမိန့်ကို မည်သူက လွန်ဆန်ဝံ့ပါမည်နည်း။

ဂိုးဘဲလ်စနီး ဖရော်ဂိုးဘဲလ်က ယခင်လင်နှင့်ရခဲ့သည့် သားထံသို့ စာတစ်စောင်၊ အီဗာဘရွန်က ညီမဖြစ်သူ ဖက်ဂီလင်၏ဇနီးထံ စာတစ်စောင် ပေးလိုက်သည်။

ဂိုးဘဲလ်၊ ဂိုးဘဲလ်၏ဇနီးနှင့် ကလေးခြောက်ယောက်၊ ပေါင်း ရှစ်ယောက်တို့မှာ ယခုအချိန်၌ ဟစ်တလာ့ဘန်ကာတွင် အမြဲနေကြသူများ ဖြစ်နေကြလေပြီ။

ဟင်နာမောင်းလာသည့် စတော့ချ်လေယာဉ်ငယ်မှာ အဆင်းတွင် ဝင်ရိုးတစ်ချောင်း ကျိုးသွားခဲ့သည်။

ထို့ကြောင့် သံချပ်ကာကားတစ်စီးက ဘရန်ဒင်ဘက်မုခ်ဦးနားတွင် သိုဝှက်ထားသည့် အေရာဒို ၉၆ အမျိုးအစား အစမ်းမောင်းလေယာဉ်ရှိရာသို့ ဗိုလ်ချုပ်ကြီး ဂျာရင်းနှင့် ဟင်နာတို့အား တင်ဆောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်နာက လေယာဉ်ငယ်ကို အရှေ့အနောက်ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် အပြေးနိုင်းလိုက်ပြီး လေထဲသို့ ပျံတက်လိုက်၏။

အမြင့်ပေ ၁၀၀ လောက်သို့အရောက်တွင် အောက်မှထိုးဖွင့်လိုက်သည့် ရှရှမီးမောင်းကြီးများက လေယာဉ်ငယ်ကို ဝိုင်းမိနေကြ၏။

လေယာဉ်ပစ်အမြောက်သံများက ညနှမ်နာရီလောက်အချိန် တထိန်းထိန်းဆူညံလာသည်။

သို့သော် ဟင်နာ့ကံက ကောင်းနေပုံရသည်။

လေယာဉ်ငယ်က အထိအခိုက်မရှိဘဲ ညအမှောင်ထုထဲတွင် ပျောက်ကွယ်သွားသည်။

* * *

ဗိုလ်ချုပ်ကြီးဂျာရင်း စီးနင်းလိုက်ပါသွားသော လေယာဉ်ငယ် ရက်ချ်လင်လေဆိပ်ဘက်သို့ ပျံတက်ထွက်ခွာသွားနိုင်ခဲ့သည်ကို သိနေသည့်တိုင် ဟစ်တလာက အဆိုးကိုသာ ဆက်၍မြင်နေ၏။

ဘာလင်မြို့တော်ကြီး ရန်သူ့လက်သို့ကျကာ တတိယဂျာမန်နိုင်ငံတော်ကြီးသည်လည်း ပျက်သုဉ်းသွားရပေတော့မည်။

တစ်ချက်တစ်ချက် သွက်သွက်လည်အောင် ဖောက်တတ်သည့် စိတ်ဓာတ်ကြောင့် ဟစ်တလာက သူ့အပေါ်တွင် သစ္စာအရှိဆုံး သူ့အချစ်တော် အီဗာဘရွန်အား အမြဲတစေ ပူဆာနေခဲ့သည့် လက်ထပ်မင်္ဂလာဆောင်နှင်းခြင်းဖြင့် ကျေးဇူးတုံ့ပြန်သင့်သည်။

ဤသို့ သူနှင့် သူ့အချစ်တော် အီဗာတို့ အကြင်လင်မယားအဖြစ် မင်္ဂလာဆောင်နှင်းလိုက်ခြင်းမှာ အီဗာအား 'ဆု'အဖြစ် ချီးမြှင့်ခြင်းလည်းမည်သည်။

ထို့ကြောင့် ဟစ်တလာက မင်္ဂလာပွဲဆင်နွှဲရန် ဆုံးဖြတ်လိုက်သည်။

သတို့သားဖြစ်သူ ဟစ်တလာ၏ သတို့သားကိုယ်ရံတော်တစ်ယောက်ကို လိုက်ရှာရသည်။ အနီးအနားရှိ အက်စ်အက်စ်တပ်ဖွဲ့ တပ်သားထဲမှ အသက်သုံးဆယ်မကျော်သေးသော ဒုဗိုလ်အဆင့်ရှိ ဝင်နာဆိုသူတစ်ယောက်ကို သတို့သားအရံအဖြစ် ရွေးလိုက်သည်။

မင်္ဂလာပွဲတွင် အသိသက်သေ လူကြီးများအဖြစ် ဂိုးဘဲလ်နှင့် မာတင်ဘောမန်းတို့က ဆောင်ရွက်ကြ၏။





ဟစ်တလာနှင့် အီဗာဘရွန်တို့နှစ်ယောက်က မိမိတို့သည် အာရိယန်မျိုးနွယ်စစ်စစ်မှ ဆင်းသက်လာသူများဖြစ်ကြောင်း၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းရန် မည်သည့်အနှောင့်အယှက် အတားအဆီးမှ မရှိသူများဖြစ်ကြောင်း ကျိန်ဆိုကြသည်။

မင်္ဂလာဆောင်နှင်းပွဲ ပြီးသွားသောအခါ ဟစ်တလာက မာတင်ဘောမန်း၊ ဂိုးဘဲလ်၊ ဂိုးဘဲလ်၏ဇနီးနှင့် အတွင်းရေးအတွင်းဝန် အမျိုးသမီးများဖြစ်သော ခရော်ခရစ္စတီန်းနှင့် ဖရော်ဂျန်းတို့အား သူ့ခန်းဆောင်တွင် ရှမ်ပိန်သောက်ရန် ဖိတ်ကြားသည်။

ဟစ်တလာ၏ မင်္ဂလာဆောင် ရှမ်ပိန်သောက်ပွဲသို့ အခြားသူများလည်း ဝင်လိုက်ထွက်လိုက်ဖြင့် လာရောက်ဂုဏ်ပြုကြ၏။

ဟစ်တလာ့အခန်းတွင် မင်္ဂလာရှမ်ပိန်သောက်ပွဲက စည်ကားနေ၏။

သို့ရာတွင် တစ်နာရီလောက်အကြာ၌ ဟစ်တလာက ဧည့်သည်များကို ဘောက်ဝိုင်းတွင်ထားခဲ့ကာ အခြားအခန်းသို့ ကူးလာခဲ့သည်။

သူနှင့်အတူပါလာသူက အတွင်းရေးအတွင်းဝန် ဖရော်ဂျန်း။

ဟစ်တလာက သူ့နိုင်ငံရေးအယူအဆနှင့် သူ့သေတမ်းစာကို ရွတ်ဆိုပေးနေသည်။ ဖရော်ဂျန်းက လက်ရေးတိုဖြင့် လိုက်၍ရေးမှတ်နေရ၏။

ဟစ်တလာက စစ်ကြီးပေါ်ပေါက်လာရခြင်းနှင့် စစ်နှင့်အတူ တွဲ၍ ဖြစ်ပေါ်လာသည့် အနိဋ္ဌာရုံမှန်သမျှအတွက် လူတိုင်းကို အပြစ်ဖို့သည်။

သို့သော် အပြစ်ဖို့ခံရသည့်လူများထဲ၌ သူ မပါ။

နိုင်ငံတကာခေါင်းဆောင်များတွင် ဂျူးလူမျိုးများအတွက် အကျိုးဆောင်နေကြသူများမှာ လမ်းမှားသို့ရောက်နေပြီး အပြစ်ရှိနေသူများဖြစ်သည်။

ပိုလန်ကို ဂျာမနီကဝင်တိုက်ရန် အားပေးအားမြှောက်လုပ်ခဲ့သည့် အင်္ဂလိပ်ကိုတွင်လည်း အပြစ်မကင်း။

- ပိုလန်နိုင်ငံရှိ နိုင်ငံရေးဂိုဏ်းတစ်ဂိုဏ်းက စီးပွားရေးအမြတ်ထုတ်နိုင်ရန် စစ်ပွဲတစ်ပွဲလိုလားနေခဲ့သည်။

ဟစ်တလာ၏ နိုင်ငံရေးယူဆချက်များကို မှတ်တမ်းတင်ရာ၌ အတွင်းရေးအတွင်းဝန်ဖြစ်သူ ဖရော်ဂျန်းက ခုနှစ် သက္ကရာဇ်၊ အချိန်နာရီတို့ကို အောက်ပါအတိုင်း ရေးမှတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**၀၄၀၀ နာရီ၊ ဧပြီလ ၂၉ ရက်၊ ၁၉၄၅ ခု။**

ဟစ်တလာက ကိုယ်ရေးကိုယ်တာ သေတမ်းစာကို ရွတ်ဆိုပေးသည်။

သူပိုင်ဆိုင်သမျှ ပစ္စည်းပစ္စယများကို နာဇီပါတီသို့ ပေးအပ်ခဲ့ကြောင်း၊ အကယ်၍ နာဇီပါတီပျက်သုဉ်းသွားခဲ့ပါလျှင် သူပိုင်ပစ္စည်းများကို နိုင်ငံတော်သို့ ပေးအပ်ခဲ့ကြောင်း။

ဆွေမျိုးများအတွက် တန်ဖိုးရှိပစ္စည်းအားလုံးကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ထိုပစ္စည်းများသည် ဆွေမျိုးများအား အလယ်အလတ်တန်းစားများအဖြစ် ဆက်လက် အသက်ရှင်နေနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဟစ်တလာက သူ့သေတမ်းစာကို အောက်ပါအတိုင်း နိဂုံးချုပ်ထားသည်။

"အနိုင်ခံရခြင်းနှင့် အနှိပ်စက် အညှဉ်းပန်းခံရခြင်းတည်းဟူသော အရှက်တကွဲအကျိုးနည်းဖြစ်ရမည့် အရေးကို ရှောင်တိမ်းရန်အတွက် ကျွန်ုပ်၏ဇနီးနှင့် ကျွန်ုပ်သည် သတ်သေခြင်းက အကောင်းဆုံးဟု ခံယူထားပါသည်။

"ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီးအလောင်းများကို ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်၏ တိုင်းသူပြည်သားများအတွက် ၁၂ နှစ်တိုင်တိုင် အလုပ်အကျွေးပြုခဲ့ရာ ဤအဓိပတိရုံး ဥယျာဉ်ကြီးအတွင်း မီးသဂြိုဟ်ရန် ဆန္ဒရှိပါသည်"

▲



[ ၄၆ ]

ဧပြီလ ၂၉ ရက်နေ့။

နေ့လယ် ၂ နာရီ။

ရုရှကြည်းတပ်များက ဟစ်တလာ့အဓိပတိရုံးကြီး တည်ရှိရာနှင့် တစ်မိုင်အကွာအထိ ချီတက်ထိုးဖောက်နိုင်ခဲ့ကြပြီ။

ဟစ်တလာ့ကိုယ်ရံတော် တိုက်ခိုက်ရေးတပ်ဖွဲ့ တပ်သားများက အဓိပတိကြီး၏ ဘန်ကာနှင့် အဓိပတိကြီးနားသို့ မည်သည့်ရန်သူမျှ မချဉ်းကပ်လာနိုင်အောင် တစ်လက်မမျှ ဆုတ်မပေး။

ခွဲနပဲကြီးကြီး၊ သတ္တိပြောင်ပြောင်ဖြင့် ခုခံတိုက်ခိုက်နေကြ၏။

သို့သော် အားချင်းအင်ချင်းမမျှလေသောအခါ ရုရှတပ်များက အတုံးအရုံးကျဆုံးနေသော အက်စ်အက်စ်တပ်သားများ၏ အလောင်းများပေါ် တက်နင်းကာ ရှေ့သို့ချီတက်လာနိုင်ခဲ့ကြခြင်း။

ရုရှကြည်းတပ်ဖွဲ့များ၏ ချီတက်မှုကို လေကြောင်းမှဝင်၍ အကူအညီပေးနေသည့် ဗြိတိသျှလေတပ်မတော် အာရ်အေအက်ဖ်လေယာဉ်များမှ လေသူရဲများနှင့် ရုရှလေတပ် ယက်ခ်လေယာဉ်မှ လေသူရဲများက တစ်ယောက်ကို တစ်ယောက် မသင်္ကာသည့်မျက်လုံးများဖြင့် စောင့်ကြည့်လျက်။

ဟစ်တလာဘန်ကာထဲမှ လူများကမူ နိဂုံးကမ္ဘတ် အဆုံးသတ်ရေးအတွက် အစီအစဉ်များ ပြုလုပ်လျက်။

ဟစ်တလာကိုယ်တိုင် လက်သပ်မွေးကာ နေ့စဉ်ကျွေးမွေးနေသော ဘလွန်ဒီအမည်ပေးထားသည့် အယ်လ်ဇေးရှင်းခွေးကြီးကို အဆိပ်ကျွေး သတ်ပစ်လိုက်ပြီးနောက် ကျန်ခွေးနှစ်ကောင်လို သေနတ်ဖြင့်ပစ်သတ်လိုက်ကြသည်။

အတွင်းရေး အတွင်းဝန်အမျိုးသမီးနှစ်ဦးဖြစ်သော ဖရော်ဂျန်းနှင့် ဖရော်ခရစ္စတိန်တို့အား ဟစ်တလာကိုယ်တိုင် အဆိပ်ဆေးပြားများကို ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွဲခွာခါနီးလက်ဆောင်အဖြစ် ဒီလို အဆိပ်ဆေးလုံးကို ပေးရတာကို ခွင့်လွှတ်ပါ"

ဟစ်တလာက ဆို့နင့်သည့်အသံဖြင့် နှစ်သိမ့်စကားဆိုသည်။

အတွင်းရေး အတွင်းဝန် အမျိုးသမီးနှစ်ယောက်၏ သတ္တိနှင့် သစ္စာရှိမှုကို ဟစ်တလာက ချီးကျူးလိုက်ပြီး...

"ကျုပ်ရဲ့ဗိုလ်ချုပ်ကြီးတွေနဲ့ နာဇီပါတီလူကြီးတွေသာ ဖရော်ဂျင်းနဲ့ ဖရော်ခရစ္စတိန်တို့လို သတ္တိမျိုး၊ သစ္စာမျိုးသာ ရှိမယ်ဆိုရင်..."

ဟစ်တလာက စကားကိုအဆုံးမသတ်ဘဲ မျက်နှာကြက်ကို ငေးကြည့်နေ၏။

ဂိုဘဲလ်၏ ကလေးခြောက်ယောက်အနက် ခုနစ်နှစ်အရွယ် ကလေးတစ်ယောက် အခန်းထဲသို့ ပြေးဝင်လာသည်။

"ရုရှအမြောက်တပ်က အမြောက်သံတွေရပ်သွားပြီ၊ နေရာမကျဘူးလား ဟင်"

ကလေးငယ်က သူ့အသိ သူ့အတွေးအတိုင်း ချစ်စဖွယ်ပြောလိုက်၏။

ဖရော်ဂျန်းက ကလေးခေါင်းကို ပွတ်သပ်ပေးလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

ရုရှအမြောက်သံများ တိတ်ဆိတ်သွားခြင်းမှာ ရုရှကြည်းတပ်ကြီး အဓိပတိရုံးရှိရာသို့ ချီတက်လာပြီဖြစ်သောကြောင့်ဟု ရှင်းမပြရက်။

* * *

မတ်ဂရာဖန်လမ်း အောက်ဘက်ပိုင်းတွင် မြေအောက်တိုက်ခန်းတစ်ခန်း၌ အောင်းနေကြရသည့် ဗိုလ်မှူးဂျက်နှင့် အဖွဲ့သားများကလည်း ရုရှအမြောက်တပ်က အပစ်ရပ်သွားသည်ကို သတိထားလိုက်မိကြ၏။

ဤသို့ အပစ်ရပ်သွားခြင်းမှာ ထူးခြားချက်တစ်ခုခုကြောင့်ဟူ၍လည်း ဗိုလ်မှူးဂျက်၊ ဗိုလ်မှူးဖိုဒါ၊ ဗိုလ်ကြီးဒမ်ဗာ စသော တိုက်ပွဲအတွေ့အကြုံရှိပြီးသူများက သဘောပေါက်ပြီးသား။

ဘာလင်မြို့တော်အလယ်သို့ ချီတက်လာသည့် ရုရှ ကြည်းတပ်ကြီး မည်သည့်နေရာသို့ ရောက်နေပြီကို ဂျက်နှင့် အဖွဲ့သားများက သိခွင့်မရ။





ရုရှကြည်းတပ်ကြီး၏ ရှေ့ဦးချီတပ်များက သူတို့ပုန်းခိုနေရာ မြေအောက်တိုက်ခန်းနှင့် ကိုက် ၅၀၀ လောက်သာ ကွာတော့သည်ကိုလည်း ဘယ်လိုမှ မသိနိုင်။

သို့တိုင်အောင် ရုရှကြည်းတပ်ကြီးက တစ်နာရီလုံးလုံးကြာမှ ကိုက် ၃၀ လောက်သာ ရှေ့သို့တိုးနိုင်သည်ကိုလည်း သိခွင့်မကြုံ။

အကယ်၍ သိခွင့်ကြုံ၍ သိနေသည့်တိုင် သူတို့က ဘာမျှလုပ်နိုင်မည် မဟုတ်။

မေခလာ့လူယုံတော် ဗိုလ်မှူးကော့ဒ်က ဧပြီလ ၂၉ ရက်နေ့ ညနေကို နောက်ဆုံးထား၍ ပြန်လာခဲ့ပါမည်ဟု မှာကြားသွားသည်။"

ခုမှ ညနေ ၅ နာရီသာ။

ညနေခင်းဆိုသည်ကလည်း နေဝင်ပြီးသည့်အချိန်အထိ ကာလကြာရှည်နိုင်သည် မဟုတ်လား။

နေဝင်သွားသည်အထိ သူတို့က စောင့်သည့်အလုပ်ကို ဆက်၍လုပ်နေကြရပေဦးမည်။

မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့တွင် ရုရှသူလျှိုတစ်ယောက် ကြားဖောက်၍ ပါနေကြောင်း ဆာယာအားပြောပြထားရန် ဗိုလ်မှူးဂျက်က စိတ်ကူးလိုက်ပြီးမှ ထိုစိတ်ကူးကို ဖျောက်ပစ်လိုက်၏။

"ဒီလိုပြောထားလိုက်ရင် ပိုပြီးရှုပ်ထွေးကုန်လိမ့်မယ်၊ နောက်မှ ဖြစ်လာတဲ့ အခြေအနေကိုကြည့်ပြီး သင့်သလိုလုပ်တာက ပိုကောင်းမယ်"

ဂျက်၏အတွင်းစိတ်က ကျိုးကြောင်းပြ၍ ကန့်ကွက်နေ၏။

"ရုရှသူလျှိုက မေခလာဆိုတဲ့လူကြီးကို တွေ့လျှင်တွေ့ချင်း လက်မြန်ခြေမြန်နဲ့ သုတ်သင်ပစ်မယ်ဆိုရင် ဘယ်သူမှ ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

ဤသို့တွေးကာ ဂျက်က သူ့စိတ်ကူး ပယ်ဖျက်လိုက်၏။

"တစ်မှတော့ဖြစ်နိုင်တယ်၊ ရုရှသူလျှိုဆိုတဲ့လူက တို့ကို ရုရှကင်းအဖွဲ့တွေ ရှိတဲ့နေရာကို ဝင်တိုးမိအောင် တစ်နည်းနည်းနဲ့ဆွယ်ခေါ်သွားနိုင်တယ်မဟုတ်လား။

"ရုရှတွေကလည်း မေခလာဆိုတဲ့လူကြီးကို အရှင်ရရ အသေရရ လိုချင်နေမှာပဲမဟုတ်လား၊ အရှင်ရနိုင်မယ်ဆိုရင်တော့ ပိုကြိုက်မှာပေါ့"

* * *



www.burmeseclassic.com

www.burmeseclassic.com



ဂတ်စတာပို့ဌာနချုပ် မြေအောက်ခန်းတစ်ခန်းတွင် ရုံးခန်းကျဉ်းကလေး တစ်နေရာရထားသော မှတ်တမ်းရုံးမှ ဗိုလ်ကြီးကိုချိုက တစ်နေ့တာအလုပ်ကို ပြီးဆုံးသည်အထိ နေဝင်မိုးချုပ်တိုင် လုပ်တတ်သည့်အကျင့်ရှိနေ၏။

အသက်အားဖြင့် ငယ်ရွယ်သူ၊ လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ် ထက် တစ်နှစ်ငယ်သူ။

သို့သော် တိုက်ပွဲတစ်ပွဲမှ မနွှဲဖူး။

အရပ် ၅ ပေ ၁၀ လက်မရှိမှ၊ မျက်စိကောင်းမှ၊ နားကောင်းမှ၊ သွား ကောင်းမှ၊ ကျန်းမာရေးကောင်းမှ အက်စ်အက်စ်တပ်ဖွဲ့သို့ ဝင်ခွင့်ပြုသည့် အချိန်...

ကိုချိုက ပေမမီ၊ ဒေါက်မမီဖြစ်နေခဲ့သဖြင့် ဝင်ခွင့်မရခဲ့။

သို့သော် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာပြီး ဟစ်တလာ၏ ထိုးနှက်ချက်များ အားပျော့ကာ အကျအဆုံးများလာချိန်၌မူ...

ကိုချိုက အက်စ်အက်စ် လုံခြုံရေးတပ်ဖွဲ့ မှတ်တမ်းရုံးတွင် ဗိုလ်ကြီးအဆင့် ကို အလွယ်တကူပင် ရရှိခဲ့တော့၏။

ဗိုလ်ကြီးအဆင့်သို့မရောက်မီ စစ်လက်နက်ထုတ်လုပ်ရေးတပ်၌ တပ်ကြပ် ကြီးအဖြစ် အမှုထမ်းခဲ့ဖူးသူ ကိုချိုသည် မှတ်တမ်းရုံးသို့ ဗိုလ်ကြီးအဖြစ်ရောက် လာခဲ့ပြီးနောက် ဂတ်စတာပိုနှင့် လုံခြုံရေးတပ်ဖွဲ့မှ တောင်းဆိုသည့်ဖိုင်များကို ဆယ်မိနစ်အတွင်း ထုတ်ပေးနိုင်ခဲ့သူ။

သို့သော် ထိုမှတ်တမ်းများကို မီးရှို့ပစ်ပါ၊ ထိုမှတ်တမ်းများမှ ထိုစာမျက်နှာ များကို ဖျောက်ဖျက်ပစ်ပါဟူသော ညွှန်ကြားချက်များကို ရလာပြီး ညွှန်ကြား ချက်အတိုင်း လိုက်၍လုပ်နေရသောအခါ ကိုချိုအဖို့ တောင်းဆိုသည့်ဖိုင်များကို လိုအပ်ချိန်၌ ပေးနိုင်ခွင့်မရှိမ်းတော့။

ကိုချိုထက် ရာထူးကြီးသူများက မှတ်တမ်းရုံးစားပွဲနှင့် ကုလားထိုင်များကို ခွာကာ အခ်ိပတိရုံး ကာကွယ်ရေးအတွက် ထွက်၍ တိုက်နေရသောအခါ မှတ် တမ်းနှင့်ဆိုင်သမျှ တာဝန်အားလုံး ကိုချိုအပေါ် ပုံ၍ပိလာတော့၏။

ဤသို့ဖြစ်နေချိန်တွင် ရုရှတို့၏ ဘာလင်မြို့သိမ်းတိုက်ပွဲက လက်တစ်ကမ်း အလိုသို့ ရောက်လာသည်။

ဂတ်စတာပို့ဌာနချုပ်ကို ရုရှထိုးစစ်တပ်များက ဧပြီလ ၃၀ ရက်နေ့ နံနက် ပိုင်းတွင် သိမ်းပိုက်နိုင်လိမ့်မည်ဟု သတိပေးထားသဖြင့် ဂတ်စတာပို့ဌာနချုပ်မှ





အရေးကြီးသောဖိုင်များကို ပို၍လုံခြုံမှုရှိသည့်နေရာသို့ ပို့နေရပြန်သည်။

အက်စ်အက်စ်တပ်ဖွဲ့ဝင် အများစုက ယုံကြည်ထားသလိုပင် ရုရှတပ်များ ဘာလင်မြို့တော်သို့ ဝင်လာနိုင်ခြင်းမှာ စစ်ကြီးပြီးဆုံးသွားခြင်းမဟုတ်ဟု ကိုချို က ယုံမှတ်နေ၏။

တတိယဂျာမန်နိုင်ငံတော်သည် ပြာပုံနှင့် လောင်စာများအကြားမှ ပြန်လည် လူးလွန့် ရှင်သန်ထမြောက်လာမည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးအတွက် အရေး ကြီးသည့် မှတ်တမ်းမှတ်ရာမှန်သမျှ အသင့်ရှိနေရမည်ဟု ကိုချိုက ယုံကြည် နေ၏။

ဤသို့သော ယုံကြည်ချက်ဖြင့် နေဝင်မိုးချုပ်ကာ နောက်ဆုံး တစ်ယောက် တည်းကျန်သည်အထိ အလုပ်လုပ်နေသည့် ကိုချိုက ကလော့ဇ်ဘူးယားဆိုသော ဗိုလ်မှူးအတု၏ ဖိုင်ကို ရှာ၍တွေ့ခဲ့သည်။

ဤသို့တွေ့ခြင်းမှာလည်း အမှတ်တမဲ့သာ။

ဗိုလ်မှူးကော့ဒ်၏ဖိုင်ကို လှန်လှောကြည့်နေမိရာမှ ဘူးယားဖိုင်ကို အမှတ် မထင် တွေ့ရှိခဲ့ခြင်း။

ဗိုလ်မှူးကော့ဒ်နှင့် ဗိုလ်ကြီးကိုချိုတို့မှာ တစ်နယ်တည်း တစ်မြို့တည်းသား။ ဆက်ဆိုနီနယ် အောက်ပိုင်းနယ်သားများ။

အက်စ်အက်စ်တပ်ဖွဲ့ထဲသို့ ကိုချိုအား သွင်းပေးသူမှာလည်း ဗိုလ်မှူးကော့ဒ်။

ထို့ကြောင့် ဗိုလ်မှူးကော့ဒ်၏ အမှုထမ်းဖိုင်ကို ရန်သူ့လက်ထဲသို့ ရောက် မသွားစေလိုသည့် စိတ်ကောင်းစေတနာကောင်းဖြင့် ပို၍လုံခြုံရာသို့ပို့မည်၊ သို့ မဟုတ် ဖျက်ဆီးပစ်မည်ဟုကြံရင်း ကော့ဒ်၏ဖိုင်ကို အမှတ်မထင် ဖွင့်၍ ဖတ် လိုက်မိခြင်း။

ကော့ဒ်၏ဖိုင်အဆုံးတွင် တွဲချိတ်ထားသည့် ကလော့ဇ်ဘူးယား၏ အမှုထမ်း မှတ်တမ်းကို တွေ့လိုက်ရသည်။

လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က ကလော့ဇ်ဘူးယားဖိုင်ကို အပူတပြင်းရှာခိုင်းနေသည်။ တွေ့မယ့်တွေ့တော့ ဗိုလ်မှူးကော့ဒ်ဖိုင်ထဲမှာ ချိတ် လျက်။

တစ်စုံတစ်ယောက်က ဘူးယားဖိုင်ကို ကော့ဒ်၏ဖိုင်ထဲတွင် မှား၍ တွဲ ချိတ်ထားခြင်းသာ ဖြစ်ပေလိမ့်မည်။

ဗိုလ်ကြီးကိုချိုက ကလော့ဇ်ဘူးယား၏ဖိုင်ကို အပြန်ပြန်အလှန်လှန် ဖတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

ရာထူးတစ်ခုခုသို့ ခန့်အပ်ခြင်းခံရလျှင် အထက်အရာရှိက ရာထူးခန့်အပ်ကြောင်း လက်မှတ်ရေးထိုးရသည်မှာ ရိုးထုံးစံ။

သို့သော် ကလော့ဇ်ဘူးယားအ၏ဖိုင်၌ အထက်အရာရှိ၏ လက်မှတ်ကို မတွေ့ရ။

ကို့ချ်က မကျေနပ်သေးဘဲ အထက်အရာရှိလက်မှတ်ကို ထပ်ရှာကြည့်သည်။ ကော့ဒ်၏ အထက်အရာရှိလက်မှတ်ကို ဘာစ်နေရာတွင်တွေ့လိုက်ရ၏။

ခုမှ ကလော့ဇ်ဘူးယားဖိုင်နှင့် ဘူးယားနှင့်ဆက်စပ်နေသူများကို တွေ့ရပြီ မဟုတ်လား။

ဗိုလ်ကြီးကို့ချ်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်ကာ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ထံ ဆက်သည်။

တစ်ဖက်မှအသံက တိတ်နေလေသည်။

ဖုန်းလိုင်းများ ပြတ်တောက်နေသည်ကို သိနေသော ကို့ချ်က ကလော့ဇ်ဘူးယား၏ဖိုင်ကို ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်လက်သို့အရောက် ကိုယ်တိုင်သွားပို့မည်ဟု ဆုံးဖြတ်လိုက်၏။

သို့သော် ကိုယ်တိုင်သွားပို့နေလျှင် အလုပ်လစ်ဟင်းမည်ဟု တွက်ကာ ကလော့ဇ်ဘူးယားဖိုင်မှ စာရွက်စာတမ်းများကို ထုတ်ယူပြီး စာအိတ်ရှည်တစ်အိတ်ထဲ ထည့်လိုက်သည်။

ပြီးမှ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ် လုံခြုံရေးတပ်ဖွဲ့ဟု လိပ်မူကာ ဒုဗိုလ်လိုရင့်၏လက်ထဲသို့ လှမ်းပေးလိုက်ရင်း...

"မောင်ရင်က ဒီစာကို လုံခြုံရေးတပ်ဖွဲ့က ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်လက်အရောက် ချက်ချင်းသွားပို့ရမယ်၊ သူ့ကို အမိပတီရုံးကြီးတစ်ဝိုက်မှာ တွေ့ရလိမ့်မယ်၊ အထူးသဖြင့် အမိပတီဘန်ကာနားမှာ တွေ့ရလိမ့်မယ်"

ဒုဗိုလ်လိုရင့်က သွားချင်ပုံမပေါ်။ သို့သော် မိမိထက် ရာထူးမြင့်သူက တာဝန်ပေးနေသောအခါ မငြင်းသာ။

အမိပတီဘန်ကာ သို့မဟုတ် ဟစ်တလာဘန်ကာ တစ်ဝိုက်တွင် အက်စ်အက်စ် တိုက်ခိုက်ရေးသမားများက အသင့် နေရာယူကာ မည်းမည်းမြင်သမျှ ပစ်ထည့်နေကြသည်မဟုတ်လား။

ထို့ပြင် ရုရှအမြောက်တပ်က အပစ်ရပ်ထားသည့်တိုင် ရုရှ တီ ၃၄ အမျိုး





အစား တင့်ကားများက ရုရှကြည်းတပ်သားများ ချီတက်လာနိုင်အောင် လမ်းထွင်ပေးနေသည် မဟုတ်လား။

ဒုဗိုလ်လိုရင့်က အကောင်းဘက်ကို ပြန်တွေးလိုက်၏။

သေမင်းခံတွင်းဖြစ်လာတော့မည့် ဤနေရာမှ လစ်ထွက်လိုက်ရခြင်းက အကောင်းဆုံးမဟုတ်လား။ အလကားရသည့်နွား သွားဖြကြည့်နေစရာမလို။

လိုရင့်၏ ဆုံးဖြတ်ချက်က တစ်ဝက်တစ်ပျက်သာ မှန်နေလေသည်။

အဘယ်ကြောင့်ဆိုသော် ရုရှကြည်းတပ်ကြီး ချီတက်လာသည့်နှုန်းကို အသေအချာ သိခွင့်မရသောကြောင့်...

ဗိုလ်ကြီးကို့ချ်နှင့် ဒုဗိုလ်လိုရင့်တို့က အလုပ်ကို ကျုံးလုပ်နေကြသည့်အချိန် ရုရှကြည်းတပ်ကြီးက ဂတ်စတာပိုဌာနချုပ် အပေါ်ထပ်ကို တက်ရောက်နင်းပြီး ဖြစ်နေကာ...

၄၅ မိနစ်ကြာပြီးသည့်အချိန်တွင် ရုရှကြည်းတပ်သားများက ဂတ်စတာပိုဌာနချုပ် မြေအောက်တိုက်ခန်းများထဲသို့ပင် ရောက်လာနေပြီ။

ဂတ်စတာပိုဌာနချုပ် စင်္ကြံတစ်လျှောက်တွင် လက်ပစ်ဗုံးပေါက်ကွဲသံများနှင့် ဆပ်မရှင်းဂန်းပစ်သံများဖြင့် ပွဲတင်ဟည်းနေတော့၏။

ဂတ်စတာပိုဌာနချုပ် မြေအောက်တိုက်ခန်းလေး တစ်ခန်းကို ရုံးအဖြစ် အသုံးချနေရသော မှတ်တမ်းယာယီတာဝန်ခံအရာရှိ ဗိုလ်ကြီးကို့ချ်နှင့် ရုံးအဖွဲ့သားများက ကြားဖူး မြင်ဖူးထားသမျှဖြင့် ရန်သူကို အနီးကပ် တိုက်ပွဲဆင်နေကြ၏။

သို့သော်...ဆင်ကို ဆိတ်က ဖော့သလို။

တင့်ကားပစ် လက်နက်သဖွယ် အသုံးပြုနိုင်သည့် ဘဇူကာတစ်လက် အနီးကပ်ကာ အတွဲလိုက်ဆွဲသံ ပေါ်ထွက်လာသည်။

မှတ်တမ်းရုံးခန်းမှ တံခါးက ဝုန်းခနဲ ပြုတ်ကျသွား၏။

ကို့ချ်နှင့် မှတ်တမ်းရုံး အဖွဲ့သားအားလုံး အံ့အားသင့်လျက်။

ခဏအကြာတွင် မှတ်ဆိတ်မွေး ထူလပျစ်နှင့် ရုရှကြည်းတပ်သားများ ရုံးခန်းထဲသို့ ရောက်လာ၏။

ရုံးခန်းထဲရှိ လူအားလုံးကို မသုတ်သင်မီ သူတို့က ပြုံးလိုက်ကြသေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းရုံးမှ ဒုဗိုလ်လိုရင့်...

သူကလည်း စိတ်ကူးတိုင်း ခရီးမပေါက်။

ဗိုလ်ကြီးကို့ချိုထံမှ ဗိုလ်ကြီးလန်ဂျင်ဒေါဖ်ထံပေးမည့် စာအိတ်ရှည်ရှည်ကို ယူလိုက်ပြီးနောက် ရုံးခန်းထဲမှထွက်လာခဲ့သည်။

သေမင်းခံတွင်းမှ လွတ်ရာကျွတ်ရာသို့...

သူက ဤသို့စိတ်ကူးခဲ့သည်။ သို့သော် ခရီးမရောက်။

ရုံးခန်းမှထွက်လိုက်ပြီးနောက် သူရောက်သွားသည့်နေရာက တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် ပစ်ခတ် တိုက်ခိုက်နေသည့် ကျည်ဆန်တွေအကြား။

သူက ကြောက်အားလန့်အားဖြင့် မိုးတဝါးသာ မှတ်မိနေသည်။

ရုရှစနိုက်ပါခေါ် လက်ဖြောင့်တပ်သားအချို့က ကားပျက်ကြီးတစ်စီးကို အကာအကွယ်ယူကာ ဂတ်စတာပို အဆောက်အအုံဘက်သို့ ပစ်ခတ်နေသလို ဂတ်စတာပိုဌာနချုပ်ကလည်း ပြန်လှန်ပစ်ခတ်နေခြင်း။

"လိုရင့်က 'မိတ်ဆွေပါ၊ မိတ်ဆွေ'ဟု အော်ရင်း ရောက်သည့်နေရာတွင် ဝပ်ချလိုက်၏။

သူ့ကို အက်စ်အက်စ်တပ်သားအချို့က ထူပေးလိုက်သည်။ ထိုနေရာတွင် တာဝန်ယူနေရသော တပ်ကြပ်ကြီးက လိုရင့်လက်ထဲမှ မရှင်ပစ္စတိုကို ဆွဲယူလိုက်ကာ ရိုင်ဖယ်တစ်လက်ကို အစားထိုးပေးလိုက်သည်။

"ဒီနေရာမှာတော့ မရှင်ပစ္စတိုထက် ရိုင်ဖယ်က ပိုအသုံးကျတယ် ဗိုလ်ကြီးရဲ့၊ မကြာခင် အိုင်ဗင်တွေ ဒီနားရောက်လာတော့မှာ"

နာဇီတပ်သားမှန်သမျှက ရုရှတပ်သားများအား အိုင်ဗင်ဟုခေါ်ကြသည်။

သေမင်းခံတွင်းမှလွတ်အောင် လစ်ထွက်လာခါမှ သေပေါက်နှင့်တိုးရမည့် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီ။

တပ်ကြပ်ကြီးက မိမိလက်ထဲသို့ ရိုင်ဖယ်တစ်လက် ထိုးထည့်ပေးလိုက်ခြင်းမှာ ခံစစ်စည်းဝိုင်းကို ခုခံကာကွယ်ရာ၌ ပါဝင်စေလိုသောကြောင့်သာဟု လိုရင့်က သိလိုက်၏။

ထို့ကြောင့် လိုရင့်က စာအိတ်ရှည်ရှည်ကို တပ်ကြပ်ကြီးမျက်နှာရှေ့တွင် ဝှေ့ယမ်းပြလိုက်ရင်း...

"ကျွန်တော့်မှာ အရေးကြီးတဲ့စာတစ်စောင် သွားပို့စရာရှိတယ်"

တပ်ကြပ်ကြီးမှာ မိမိထက် ရာထူးနိမ့်မှန်း လိုရင့်က သိပြီးသား။ သို့သော်





ဝါရင့်တိုက်ခိုက်ရေးစစ်သားကြီး ဖြစ်နေသောကြောင့် 'ကျွန်တော်'ဟု သုံးလိုက်၏။

"တို့မှာလည်း အရေးကြီးတဲ့စာတွေ ပေးစရာရှိတာပေါ့ ကလေးရယ်၊ ဒါပေမယ့် စစ်ဆိုတာ ရည်းစားစာပေးသလို ပေးနေလို့ မအောင်နိုင်ဘူးကွဲ့၊ မောင်ရင့်ကို ဒီနေရာပဲထားရမယ်"

"ဒါပေမယ့်...ဆရာ"

"သိပ်စောဒက တက်မနေစမ်းပါနဲ့၊ စာကို မင်းအင်္ကျီအိတ်ထဲမှာ ထည့်သား၊ တိုက်နိုင်သမျှတော့ ခံတိုက်ရမှာပဲ၊ တို့ဆုတ်သွားရတဲ့အခါကျတော့မှ မင့်စာကိုပေး"

တပ်ကြပ်ကြီးက လိုရင့်ကို ကလေးတစ်ယောက်လို ဆက်ဆံလာသည်။

အမှန်တော့လည်း တိုက်ပွဲအတွေ့အကြုံအရ တပ်ကြပ်ကြီးက အဖေ၊ ဒုဗိုလ်လိုရင့်က သား။ သားမှ သားလှမမည်။

သို့ဖြင့် ဗိုလ်ကြီးလန်ဂျင်ဒေါဖ် အပူတပြင်း အလိုရှိနေသော ကလော့စ်ဘူးယား၏ဖိုင်နှင့် ဆက်စပ်နေသူများ၏ဖိုင်က လိပ်မူထားသူထံရောက်ရန် နာရီ အတန်ကြာ နေခဲ့ရတော့၏။

ဗိုလ်ကြီးလန်ဂျင်ဒေါဖ်မှာလည်း ကလော့စ်ဘူးယား၏ ဖိုင်ထက် လက်ငင်း ဖြေရှင်းပေးရမည့် ပြဿနာများဖြင့် ရင်ဆိုင်နေရပြန်သည်။

စစ်ပြေးများအား သုတ်သင်ရေးတွင် ဗိုလ်ကြီးလန်ဂျင်ဒေါဖ်က အာဏာပါးကွက်သား လုပ်နေရခြင်း။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၅၇ ]

ဧပြီလ ၂၉ ရက်နေ့။

ည ၁၀ နာရီ။

သည်အချိန်ရောက်မှ စ,ရသည့် အဓိပတိကြီး၏ နေ့စဉ်ကျင်းပနေကျ စည်းဝေးပွဲ၌ ဒိုင်ခံ၍ စကားပြောနေသူမှာ အမြောက်တပ်ဗိုလ်ချုပ်ကြီး ဟဲမွတ် ဝီးဒလင်း။

ဝီးဒလင်းက အမြောက်တပ် ဗိုလ်ချုပ်ကြီးရာထူးကိုသာမက သက်ကြီး ရွယ်ကြီးများနှင့် လူမမည်ကလေးများသာ ပါဝင်ဖွဲ့စည်းထားသော မြို့စောင့်တပ် တပ်မှူးတာဝန်ကိုလည်း ယူထားရသေးသည်။

ဗိုလ်ချုပ်ကြီးသာဖြစ်နေသော်လည်း နံရိုးပြိုင်းပြိုင်းထအောင် ပိန်နေသဖြင့် သူ့အား အပေါင်းအသင်းများနှင့် လက်အောက်ငယ်သားများက သူ့နောက်ကွယ်တွင် 'ပိန်တာရိုး'ဟု ခေါ်နေကြ၏။

ဗိုလ်ချုပ်ကြီး ဝီးဒလင်းက အဓိပတိကြီးအဖို့ လမ်းနှစ်လမ်းသာပွင့်နေသည်ဟု အစည်းအဝေး၌ တင်ပြသည်။

ပထမလမ်းက ထွက်ပြေးလွတ်မြောက်ရေး။

ဒုတိယလမ်းက လက်နက်ချ အရှုံးပေးရေး။

ဘာလင်မြို့တွင်းတိုက်ပွဲမှာ တစ်လမ်းဝင်တစ်လမ်းထွက် အနီးကပ်တိုက်ပွဲ အထိ ကြောက်ဖွယ်ကောင်းလောက်အောင် တိုက်ခိုက်နေရပုံ၊ စာရွက်ပေါ်တွင်သာ ရှိနေသည့် တပ်မများမှာလည်း တပ်ရင်းလောက်သာ လူအင်အားရှိနေပုံ။

ဂျာမန်တပ်သားများ စိတ်ဓာတ်ကျဆင်းနေပုံနှင့် ခဲယမ်းမီးကျောက်လည်း မရှိတော့သလောက် ဖြစ်နေပုံများကို တင်ပြရင်း နိဂုံးချုပ်လိုက်၏။

"ဘာလင်ကို ဘယ်လိုကာကွယ်မယ်လို့ ဘယ်လိုပဲပြောနေပေမယ့် ဘာလင်





တိုက်ပွဲဟာ နက်ဖြန်ညနေမှာ အဆုံးသတ်တော့မှာ သေချာသလောက် ဖြစ်နေ ပါပြီ"

စည်းဝေးပွဲတွင် တစ်ယောက်တစ်ပေါက် ထ၍ပြောနေကြစဉ် မေခလာဇ် လူယုံတော် ဗိုလ်မှူးကော့ဒ်က ဟာစ်တလာဘန်ကာမှ လစ်ထွက်လာခဲ့သည်။

အဓိပတိရုံးအဆောက်အအုံကြီး တည်ရှိရာ ခြံဝင်းကျယ်ကြီးသည် နိုင်ငံခြားရေးရုံးရှိနေသည့်ခြံနှင့် ဝင်းချင်းဆက်လျက်။

ထို့ကြောင့် ကော့ဒ်က နိုင်ငံခြားရေးရုံး ခြံဝင်းထွက်ပေါက်မှ အမှတ်မထင် ထွက်လာနိုင်ခဲ့၏။

သူက သူ့ကိုယ်သူ ထိန်းမရအောင် အကြောက်လွန်နေသည်။

ဆိုဗီယက်တင့်ကားများ ပေါ့ဒမ်မာမလာပ်စ်လမ်းဘေးသို့ ချီတက်လာ နေကြပြီဟု သတင်းရထားခဲ့သည်မဟုတ်လား။

ရှေ့တင့်ကားတပ်၏ ရည်မှန်းချက်မှာ ဘာလင်မြို့တော်၏ သွေးကြောမ ကြီး သုံးသွယ်ကို ထိန်းကွပ်ထားလိုကြောင်း ထင်ရှားသိသာလှ၏။

ဝီးလ်ဟီန်းလမ်းမကြီး၊ ဖရက်ဒရစ်လမ်းမကြီးနှင့် မတ်ဂရာဖန်လမ်းမကြီး တို့ဆုံရာဌာနက ဘာလင်မြို့တော်၏ မြောက်ဘက်နှင့် တောင်ဘက်သို့ တိုးလျှို ပေါက်နိုင်သည်။

နိုင်ငံရေးသြဇာကြီးသူတစ်ဦး၏ အရိပ်ကိုခိုကာ ဗိုလ်မှူးတစ်ဦးဖြစ်လာရ သည့်တိုင် 'ရင်ဘောင်တန်းချီတက်သည်'ဆိုသော ဝေါဟာရမှာ ဘာလင်မြို့တော် လို စစ်တလင်းဖြစ်နေသည့်နေရာတွင် မင်းတပ်ကြီးတစ်တပ် ရင်ဘောင်တန်း ချီတက်လာခြင်းကို ဆိုလိုခြင်းမဟုတ်နိုင်သည်ကိုတော့ ကော့ဒ်က သိပြီးသား။

တီ ၃၄ အမျိုးအစား ရှေ့တင့်ကားအုပ်စုများက ရင်ဘောင်တန်း ချီတက် လာသည်ဆိုသည့်တိုင် အလျားလိုက် ညီညာဖြောင့်တန်း ချီတက်လာခြင်းမဟုတ်။

တချို့အုပ်စုက ရှေ့က၊ အုပ်စုတချို့က နောက်က။

အုပ်စုအနေအထားမပျက် ချီတက်လာခြင်းသာ။ တစ်စီးတလေမျှ အုပ်စုထက် ချွန်၍ ရှေ့ကမတက်။

ဤသို့မတက်ခြင်းမှာ ဂျာမန်တပ်များ၏ အဝိုင်းကိုခံရမည်စိုးသောကြောင့်။

ရှေ့တင့်ကားတပ်က အုပ်စုအနေအထားပုံစံဖြင့် ချီတက်နေသည့်တိုင် ဘာလင် မြေ တစ်လက်မမျှ သိမ်းပိုက်နိုင်မည့်အရေးကို ကြောက်စရာကောင်းလောက် အောင် တိုက်ယူနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်တိုက်ခိုက်ရေးတပ်များကလည်း ဘာလင် အမိမြေကို ရန်သူ့လက်သို့ တစ်မမှျ အကျမခံရအောင် သွေးချောင်းစီး ခုခံနေကြ၏။

ကျည်ဆန်အစအနများနှင့် ပြိုကျ ပြုတ်ကျလာသည့် အုတ်ကျိုးများ၏ ဒဏ်ကို ကာကွယ်ရန် သံခမောက်တစ်ခုကို ဆောင်းလျက် ဝီးလ်ဟိန်းလမ်းမနှင့် လစ်ပဇစ်ဂါး လမ်းမကြီးတို့ဆုံရာ ဝီးလ်ဟိန်းကွက်လပ်သို့ ဗိုလ်မှူးကော့ ရောက်လာသည်။

ခုအထိတော့ အန္တရာယ်ကင်းနေသေးသည်ဟု ထင်နေရ၏။

မိုးကောင်းကင်ကြီး တဖြုန်းဖြုန်း တအုန်းအုန်း လျှပ်ရှားပြိုကျသလို ဖြစ်နေသည့်တိုင် မိမိအဖို့ အန္တရာယ်ကင်းနေသည်ဟု ကော့ဒ်က ယူဆနေ၏။

ည ၁၀ နာရီကျော်နေပြီ။

သို့သော် ဝန်းကျင်ရှိလမ်းများတွင် မီးတောက်မီးလျှံများကြောင့် နေ့လို ထိန်ထိန်လင်းလျက်။

လစ်ပဇစ်ဂါးလမ်းမကြီးအတိုင်း ဖြောင့်ဖြောင့်သွားလိုက်လျှင် မတ်ဂရာဖန် လမ်းမသို့ တိုက်ရိုက်ရောက်သွားမည်။

မတ်ဂရာဖန်လမ်းထဲတွင် ဗိုလ်မှူးဂျက်ခေါင်းဆောင်သည့် မြင်းကုန်ကူး စစ်ဆင်ရေးအဖွဲ့ 'အောင်း'နေသည်မဟုတ်လား။

ကော့ဒ်က ၁၀ အထိ ရေလိုက်ပြီးနောက် ရှေ့သို့ပြေးတက်လာသည်။

သို့သော် သူ့လက်ယာဘက် လှမ်းလှမ်းဆီမှ လက်သွားသော မီးရောင်ကို မြင်လိုက်ရပြီး ပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရသဖြင့် ကော့ဒ်က နောက်သို့ ကိုယ်ကိုကုန်း၍ ပြန်ပြေးလာသည်။

တက်လာမည့် ရုရှတင့်ကားများကို အန္တရာယ်ပြုနိုင်ရန် ဂျာမန်များက မြှုပ်ထားခဲ့သည့် မြေမြှုပ်ဗုံး။

ဗုံးက ရုရှတင့်ကားများ တက်မလာမီပင် ပေါက်ကွဲနေပြီ။

သို့သော် ကော့ဒ်က မြေမြှုပ်ဗုံး ထပေါက်သည်ကို မသိ။ ဗုံးက သူနှင့် လှမ်းနေသဖြင့် သူ့ကိုအန္တရာယ်မပေးနိုင်ဆိုသည်ကိုလည်း သူ မသိ။

နောက်သို့ပြန်ခေါက်၍ ပြေးလာခြင်းက ကော့ဒ်အမှား။

သူသာ တိုက်ခိုက်ရေးစစ်သားတစ်ယောက် ဖြစ်နေပြီး လမ်းအတိုင်း ရှေ့သို့ တစ်ဆက်တည်းပြေးတက်သွားခဲ့လျှင် မတ်ဂရာဖန်လမ်းထဲသို့ တချိန်တည်း ရောက်သွားနိုင်သည်။





သို့သော် သူက နိုင်ငံရေးဩဇာရိပ်ကိုခိုကာ ဗိုလ်မှူးဖြစ်လာသူ။

သူသာ ပြန်ခေါက်၍ ပြေးမလာခဲ့ပါမူ လမ်းထဲတွင်နေရာယူထားသည့် ရုရှစနိုက်ပါက ကော့ဒ်ကို သတိပြုမိမည်မဟုတ်။

ခုတော့...မြေမြှုပ်ဗုံးကြီးတစ်လုံးပေါက်ကွဲသံ ပေါ်ထွက်လာပြီး ပြေးလာသံ ဆက်၍ဆက်၍ ပေါ်ထွက်လာသဖြင့် ဆင်အိပ်ရာ ဆိတ်လာနှိုးလိုက်သလို။

လစ်ပဇစ်ဂါးလမ်းဘေး တိုက်ပြို တိုက်ပျက်ကြားတွင် နေရာယူထားသည့် ရုရှစနိုက်ပါ လက်ဖြောင့်တပ်သားက ကိုက် ၇၀ အကွာသို့ ရောက်လာသည့် အရိပ်ကို ချိန်ကာ ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်၏။

အက်စ်ကေအက်စ် အမျိုးအစား ၇ ဒသမ ၆၂ မီလီမီတာ ကာဘိုင်မှ ကျည်ဆန်ထိပ်ဖူးတစ်ဖူးက ကော့ဒ်ရင်ဘတ်ထဲသို့ ပြေးဝင်သွားသည်။

ကော့ဒ်က အရုပ်ကြိုးပြတ် လဲကျသွားပြီး ဆောင်းထားသည့် သံခမောက် ကလည်း လွင့်ထွက်သွားသည်။

ရုရှစနိုက်ပါက ပို၍သေချာအောင် ခွေခွေကလေး လဲကျနေသော ကော့ဒ်၏ အတ္တဘောထဲသို့ နောက်ထပ် ကျည်ဆန်ထိပ်ဖူးသုံးခု ပစ်သွင်းလိုက်၏။

ခေါင်းထဲတွင် ကျည်ဆန်ထိပ်ဖူးတစ်ဖူးက ဦးနှောက်များကို အပြင်သို့ ရောက်အောင် ယက်ထုတ်ပစ်လိုက်သည်။

ကော့ဒ်သာ တစ်ချိုးတည်း ဆက်၍ပြေးသွားခဲ့လျှင် အသက်ရှင်နေဦးမည်။

အမှန်အားဖြင့် သူ သေသင့်သည်မှာ ကြာပြီ။

သူက သေမင်းကိုလှည့်စားကာ အသက်ကို ဆက်၍မွေးနေခြင်း၊ မေခလာ နှင့် မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ ဆက်သွယ်ရေးက ကော့ဒ်နှင့်အတူ နိဋ္ဌိတံ သွားခဲ့ရလေပြီ။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၄၈ ]

ဧပြီလ ၃၀ ရက်နေ့။

ည ၁၂ နာရီ။

သန်းခေါင်ကျော်စပြုသည့်အချိန်တွင် ဗိုလ်ကြီးဒမ်ဗာက ထင်မြင်ချက်ပေးလိုက်၏။

"ကော့ဒ် လာမှာမဟုတ်ဘူးဆိုတာတော့ သေချာသွားပြီ"

ဆာယာက ဒမ်ဗာ့အမြင်ကို...

"အဆင်မပြေလို့ ကြာနေတာဖြစ်နိုင်တယ်၊ ဘာလင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဆာယာတို့က မြေအောက်ရောက်နေလို့ မမြင်ရပေမယ့် ကြားနေရတဲ့အသံနဲ့ ခန့်မှန်းလို့ရပါတယ်...။

"လွန်ခဲ့တဲ့နှစ်ရက်ကထက် အခြေအနေပိုဆိုးနေမယ်ဆိုတာ သေချာတယ်၊ ဘာလင်က လန်ဒန်မဟုတ်တော့ ဘတ်စ်ကားတွေ အချိန်မှန်ရမယ်လို့ ဘယ်ပြောလို့ ဖြစ်နိုင်မလဲ"

ဆာယာ့စကားကို ဒုတပ်ကြပ်မိုက်က...

"လန်ဒန်မှာ စစ်ဖြစ်ဖြစ် မဖြစ်ဖြစ် ဘတ်စ်ကားတွေကတော့ အချိန်မမှန်ပါဘူးဗျာ"

မိုက်စကားကြောင့် စစ်ဆင်ရေးအဖွဲ့သားများ ပြုံးနိုင် ရယ်နိုင်လာကြ၏။

မြေအောက်တိုက်ခန်းတွင် နာရီခြောက်ဆယ်ကြာအောင် အောင်းနေခဲ့ရသဖြင့် အဖွဲ့သားတိုင်း၏ စိတ်က တိုနေ၏။

ကော့ဒ်သာ မပေါ်လာလျှင် သူတို့အဖို့ ဒုက္ခ။

ဤသည်ကို အဖွဲ့သားတိုင်း သိနေသည်။ ဒုက္ခက မဟာဒုက္ခ။

"ဒါလောက်လည်း စိုးရိမ်ကြောင့်ကြနေဖို့ မလိုသေးပါဘူးလေ"

ဗိုလ်မှူးဂျက်က အဖွဲ့သားများ၏စိတ်ကို ဝင်ထိန်းပေးလိုက်သည်။

၂၉ ရက်နေ့ ညဦးပိုင်းတွင် အရောက်လာခဲ့ပါမည်ဆိုသော မေခလာ့လူယုံတော်က ၃၀ ရက်နေ့ သန်းခေါင်ကျော်သည့်တိုင် ပေါ်မလာသေး။





"နောက်ထပ်တစ်နာရီလောက် စောင့်ကြည့်ကြတာပေါ့၊ တစ်နာရီလောက်ထတော့ ဘာမှ တိုးမကြာတော့ပါဘူး"

မြေအောက်အခန်းထဲတွင် တိတ်သွားပြန်၏။

ည တစ်နာရီ။

ကော့ဒ်က ပေါ်မလာ။

အဖွဲ့ခေါင်းဆောင် ဂျက်,ပင် စိုးရိမ်လာသည်။

"သူ သေများသေသွားပြီလား၊ ဒါမှမဟုတ် အဆင်မပြေသေးလို့ နောက်ကျနေတာလား၊ တစ်ခုခုတော့ လုပ်မှ"

ဂျက်က ဤသို့တွေးပြီးမှ စကားဆိုလိုက်၏။

"ကျုပ်တို့ ဒီမှာဆက်နေလို့ မဖြစ်သေးဘူး၊ ရုရှတွေ ဘယ်နေရာရောက်နေတယ်ဆိုတာလည်း မသိရဘူး၊ ဒါပေမယ့် သူတို့တင့်ကားတွေနဲ့ ခြေလျင်တပ်တွေက တို့လမ်းဘက်ကို ဦးတည်ချီတက်လာသံတော့ ကြားနေရတယ်"

တပ်ဖွဲ့ဝင်အားလုံး ငြိမ်၍ နားထောင်နေကြ၏။

"ကျုပ်တို့ ခုအောင်းနေတဲ့နေရာဟာ အဓိပတိရုံးနဲ့ ခဲတစ်ပစ်လောက်ပဲကွာတယ်၊ အဓိပတိရုံးဟာ ရုရှတွေရဲ့ အဓိကပစ်မှတ်ဖြစ်သလို ကျုပ်တို့ရဲ့ အဓိကပစ်မှတ်လည်း ဖြစ်တယ်။

"ကော့ဒ်က သေသွားတာပဲဖြစ်ဖြစ်၊ အဖမ်းခံနေရတာပဲဖြစ်ဖြစ် ကျုပ်တို့လုပ်ရမှာက သူ့ဆရာဘယ်သူဆိုတာ ရှာဖို့ပဲ၊ မေခလာ ဘယ်သူဆိုတာ ရှာဖို့ပဲ။

"မေခလာဘယ်သူဆိုတာ လိုက်ရှာတာဟာ ကျုပ်တို့စစ်ဆင်ရေးအတွက်ရော၊ ကျုပ်တို့ထွက်ပေါက်အတွက်ပါ သိပ်အရေးကြီးတယ်။

"သူ့ကိုရှာမတွေ့ရင် ကျုပ်တို့ထွက်ပေါက်လည်း မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူကမှ ထွက်ပေါက်ကို ပြနိုင်မှာ..."

ဤတွင် ဒုဗိုလ်ဂျိုဇက်က...

"ဗိုလ်မှူးစကားအတိုင်းဆိုရင် ကျွန်တော်တို့က အဓိပတိရုံးထဲကို တိုက်ရိုက်ဝင်သွားမှ ဖြစ်လိမ့်မယ်၊ ဒီလိုဝင်ပြီး ဗိုလ်မှူးကော့ဒ်ရဲ့ဆရာ ဘယ်သူလဲလို့ ဗြောင်ပဲမေးမှ ဖြစ်လိမ့်မယ်"

ဂျက်က...

"မောင်ရင်ပြောတာထက် ကျုပ်က ပိုလုပ်ဖို့တောင် စိတ်ကူးထားတယ်။ အဓိပတိရုံးဆိုတာ ဗုန်းဗုန်းလဲပြီး ပြိုကျနေပြီ၊ ကော့ဒ်နဲ့တွေ့တဲ့မနက်က ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့မြင်ခဲ့ကြတယ်မဟုတ်လား။

"ဒီတော့ ကျုပ်တို့ ဟစ်တလာ ဘန်ကာအထိ ဝင်သွားကြရမှာ"

ဒုဗိုလ်ကျိုဇက်က ဘုရားကိုတလိုက်၏။ ဂျက်က ဆက်ပြီး...

"ဒီကိုမလာခင် ထောက်လှမ်းရေးကပေးထားတဲ့ သတင်းတွေအရ မြေ အောက်ဘန်ကာဟာ တစ်ခုတည်းမဟုတ်ဘူး၊ နိုင်ငံခြားရေးရုံးအောက်မှာ ဝါဒဖြန့်ချိရေးရုံးအောက်မှာ၊ အဓိပတိရုံးအောက်မှာ ပြန့်ကျဲပြီးရှိနေတယ်ဆိုတာ သိခဲ့ရတယ်။

"ကျုပ်တို့တွေ့ချင်တဲ့ မေခလာဆိုတာ ထိပ်တန်းပုဂ္ဂိုလ်တစ်ယောက်ပဲ"

"ဒီတော့ သူက ဟစ်တလာရှိတဲ့နေရာမှာ ရှိနေမှာအမှန်ပဲ၊ သူက ဝေးဝေး မှာ နေမှာမဟုတ်ဘူး၊ ဘာလင် ခံစစ်စည်းဝိုင်းနားမှာလည်း ကွပ်ကဲနေမှာမဟုတ် ဘူး။

"ဟစ်တလာရှိနေတဲ့နေရာမှာ မေခလာဆိုတဲ့လူကို တွေ့ရမှာ သေချာတယ်"

ဗိုလ်မှူးဖိုဒါက ခေါင်းကိုခါယမ်းလိုက်ပြီး...

"ကျွန်တော်တို့ ဟစ်တလာဘန်ကာနားကိုတောင် ကပ်နိုင်မယ်မထင်ဘူး ဝင်ပေါက်ကို အက်စ်အက်စ်တပ်ဖွဲ့ ထက်ဝက်လောက်က စောင့်နေမှာ အမှန်ပဲ"

ဂျက်က...

"အက်စ်အက်စ်တွေမှာ ခံစစ်အနေအထားနဲ့ ဒီနယ်မြေတစ်ဝိုက်ကို ကာ ကွယ်နေရတာ၊ ဗိုလ်မှူးထင်သလို အက်စ်အက်စ်တပ်သားများက ဝင်ပေါက် နားမှာ တွေ့ရမှာမဟုတ်ဘူး။

"ဟစ်တလာ ဘန်ကာအဝင်ပေါက်မှာ အက်စ်အက်စ်တစ်ဆုပ်စာလောက်ပဲ တာဝန်ချထားနိုင်မှာ"

ဂျက်က စစ်ဝတ်စုံပေါ်မှ ရာထူးတံဆိပ်နှင့် သူ့ရဲကောင်းဘွဲ့တံဆိပ်များကို ကိုင်၍ပြလိုက်ရင်း...

"ဗိုလ်မှူးက ဒါတွေမေ့နေတယ်ထင်တယ်၊ ဒီဝတ်စုံနဲ့ ဒီအဆောင်အယောင် တွေက ကျုပ်တို့ကို မျက်နှာပန်းလှလှနဲ့ ဟစ်တလာဘန်ကာထဲ အရောက်ပို့ပေး မှာ သေချာတယ်။

"ကျုပ်တို့လည်း အက်စ်အက်စ်တွေပဲမဟုတ်လား၊ အက်စ်အက်စ်အစောင့် တွေက ကျုပ်တို့အက်စ်အက်စ် ဗိုလ်မှူးတွေကို ဝင်ခွင့်မပေးဘဲ မနေပါဘူး။

"တကယ်လို့ ဝင်ဖို့ခက်နေရင် ပထမ ဖြီးကြည့်မယ်၊ ဖြီးလို့မရရင် တီးပြီး





ငင်သွားမယ်"

ဗိုလ်ကြီးဒမ်ဗာက...

"ဟုတ်တယ်၊ ဒီအထဲမှာ အောင်းနေရင်လည်း မကြာခင် အပစ်အခတ်ခံရ ပြီး သေကြရမှာ၊ ဒီတော့ အပြင်ထွက်ပြီး ဗိုလ်မှူးပြောသလို တီးပြီးဝင်သွား တာက ကျွန်တော်တို့အဖို့ မျှော်လင့်ချက်ရှိချင်ရှိဦးမယ်"

ဤတွင် ဒုဗိုလ်ကျိုဇက်က မေးခွန်းတစ်ခုထုတ်လာ၏။

"ဒါဖြင့် ဆာယာကို ဘယ်မှာထားခဲ့မလဲ"

"ဘယ်မှာမှ ထားခဲ့ဖို့မလိုပါဘူး။ ဆာယာ့မှာ အမျိုးသမီးဂတ်စတာပိုဖြစ် ကြောင်း အထောက်အထား စာရွက်တွေ ရှိနေတာပဲ"

ဤသို့ပြောလိုက်သူက ဆာယာကိုယ်တိုင်။

"ဒီနေ့ ဘာလင်ဟာ ၁၉၄၀ က ဘာလင်မဟုတ်ဘူးဆိုတာလည်း သတိ ပြုကြပါ"

ဆာယာက ဆက်ပြောနေ၏။

"ဒီနေ့ဘာလင်က အရှုံးမီးဝိုင်းခံနေရတဲ့ ဘာလင်၊ ဒီတော့ ဟိုတုန်းကလို အချိန်ယူပြီး အကြာကြီး စစ်လားဆေးလားလုပ်နေမှာမဟုတ်ဘူး၊ နောက်ပြီး အားလုံးမှာလည်း အက်စ်အက်စ် စစ်ဝတ်စုံတွေနဲ့၊ ရာထူးတွေနဲ့၊ ထောက်ခံစာ လည်း အပြည့်အစုံ"

အမြဲလိုလို စကားနည်းနေတတ်သော ဒုတပ်ကြပ်မိုက်က...

"ကော့ဒ်ဟာ သေလည်းမသေ၊ အဖမ်းလည်းမခံဘဲနဲ့ ထွက်ဖို့ခက်နေလို့ ရောက်မလာတာလည်း ဖြစ်နိုင်တယ်"

"ဒီက ကျွန်တော်တို့ထွက်သွားပြီးမှ သူရောက်လာလို့ ကျွန်တော်တို့အဖွဲ့ ထဲက တစ်ယောက်ယောက်ကိုမှ မတွေ့ရရင် သူက ကယောင်ကတမ်းဖြစ်ပြီး ထင်ရာဆက်လုပ်ရင် အန္တရာယ်ဖြစ်လာနိုင်တယ်။ ဒီတော့ ဒီမှာ တစ်ယောက် ယောက် စောင့်ကျန်နေရစ်ဖို့ လိုမယ်ထင်တယ်"

ဂျက်က စဉ်းစားချင့်ချိန်နေသည်။ ဖိုဒါက...

"တစ်ယောက်တည်းတော့ ဖြစ်မယ်မထင်ဘူး၊ အနည်းဆုံး နှစ်ယောက် လောက်တော့ ကျန်နေမှဖြစ်မယ်၊ ဒါမှ တစ်ယောက်ကိုတစ်ယောက် အကူအညီ ပေးနိုင်တယ်။

"နောက်ပြီး ကော့ဒ်ကိုပါ သူ့ဆရာဆီအရောက် ပြန်ထုတ်သွားရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ နှစ်ယောက်မှပဲဖြစ်လိမ့်မယ်"

အခန်းထဲတွင် အတန်ကြာအောင် တိတ်ဆိတ်သွားသည်။

ကျန်နေရစ်သူနှစ်ယောက်အဖို့ လွတ်မြောက်ရေးလမ်းက လွယ်မည်မဟုတ်ကြောင်း ဤအချက်ကို အဖွဲ့ဝင်တိုင်း နားလည်ထားသည်။

"ဒါဖြင့်..."

ဒုဗိုလ်ဂျိုဇက်က စကားစလိုက်ပြီးမှ ဂျက်မျက်နှာကိုကြည့်ပြီး နှုတ်ပိတ်သွားသည်။

ဂျက်အဖို့ စစ်ဆင်ရေးမှူးဖြစ်သည့်အတိုင်း ချန်နေရမည့် တပ်သားနှစ်ယောက်ကို ရွေးချယ်ပေးလိုက်နိုင်၏။ သို့သော်...

"ဒီလိုလုပ်လေ...မဲနှိုက်ကြရအောင်၊ ကျုပ်နဲ့ ဆာယာကတော့ မဲနှိုက်တာမှာ ပါလို့မဖြစ်ဘူး၊ ဘာကြောင့်ဆိုတာ တပ်ဖွဲ့သားတွေသိတဲ့အတိုင်းပဲ။

"မေခလာဟာ ဘယ်သူဆိုတာ ရွေးထုတ်ပြီး သက်ဆိုင်ရာစာရွက်စာတမ်းတွေ အပ်ရမှာက ဆာယာ၊ ကျုပ်က စစ်ဆင်ရေးမှူး။ ဒီတော့ ကျုပ်ချန်နေလို့လည်း မဖြစ်ပြန်ဘူး။

"ဒီတော့ မဲနှိုက်ပါ၊ ဘယ်သူချန်နေရမလဲဆိုတာ၊ တကယ်လို့ မဲနှိုက်တာမှာ ဗိုဒါနဲ့ ဂျိုဇက်တို့နှစ်ယောက် ပြိုင်တူဖြစ်နေရင် ပြန်နှိုက်ရမယ်။

"ဘာဖြစ်လို့လဲဆိုတော့ ခုစစ်ဆင်ရေးက အမေရိကန်နဲ့ ဗြိတိသျှ တွဲလုပ်ရတဲ့ စစ်ဆင်ရေး၊ ဒီတော့ ဟာစ်တလာဘန်ကာကို ချိတက်တဲ့အခါ အမေရိကန်တပ်သားတစ်ယောက်တော့ အနည်းဆုံး ပါရလိမ့်မယ်"

ဒုဗိုလ်ဂျိုဇက်က...

"ကျွန်တော်တို့ အမေရိကန်တွေအတွက် မစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့က ဗြိတိသျှတွေအတွက် နောက်ရံတပ်အဖြစ် အမြဲတိုက်ပေးနေတဲ့လူတွေပါ"

ဂျက်က ဆုံးအောင်နားထောင်မနေဘဲ မရှင်ပစ္စတိုထဲမှ ကျည်ငါးတောင့် ထုတ်လိုက်ပြီး ကျည်ခွံနှစ်ခွံပေါ်တွင် မားဦးနှင့်ခြစ်လိုက်သည်။

ပြီးမှ ဦးထုပ်ထဲတွင် ထည့်လိုက်၏။

အဖွဲ့သားတိုင်းပင် ဂျက်၏တရားမျှတမှုကို စိတ်ထဲမှကျိတ်၍ ချီးကျူးလိုက်မိကြသည်။

"ကဲ...ဘယ်သူ စ,နှိုက်မလဲ"

ဗိုလ်ကြီးဒမ်ဗာက ရှေ့တစ်လှမ်းတိုးလာပြီး လက်ဖြင့်အုပ်ထားသည့် ဦးထုပ်





ထဲမှ ကျည်တစ်တောင့်နှိုက်ယူလိုက်သည်။

ကျည်ခွံပေါ်တွင် ခြစ်ရာမပါ။

ဗိုဒါက ဒုတိယနှိုက်သည်။

သူ့ကျည်ခွံပေါ်တွင်လည်း ခြစ်ရာမပါ။

"လက်ယားနေတဲ့ ဗိုလ်မှူးကတော့ နေရာကျသွားပြီ"

ဒုဗိုလ်ဂျိုဇက်က ပြောပြောဆိုဆို ကျည်တစ်တောင့်နှိုက်လိုက်၏။

သူ့ကျည်ခွံတွင် မားခြစ်ရာမပါ။

ဒုတပ်ကြပ်မက်ကလင်းက စတုတ္ထမြောက် နှိုက်ယူလိုက်သည်။

သူ့ကျည်ခွံတွင် မားခြစ်ရာမပါ။

ဒုတပ်ကြပ် မိုက်အဖို့ မဲနှိုက်စရာ မလိုတော့။

မည်သို့ပင်ဖြစ်စေ တစ်တောင့်သာကျန်တော့သော ကျည်ခွံတွင် မားခြစ်ရာပါနေကြောင်း တပ်ဖွဲ့သားတိုင်း မြင်သာအောင် ဂျက်က ပြလိုက်သည်။

မြေအောက်တိုက်ခန်းတွင် ကော့ဒ်ပြန်အလာကို စောင့်နေရမယ့်သူ နှစ်ယောက်က ဒုဗိုလ်ဂျိုဇက်နှင့် ဒုတပ်ကြပ်မိုက်။

တစ်ယောက်က အမေရိကန်၊ နောက်တစ်ယောက်က ဗြိတိသျှ။

အမေရိကန်နှစ်ယောက်တွင် ရှရှသူလျှိုလုပ်နေသူ တစ်ယောက်ပါနေသည်ဟုဆိုရာ ဒုဗိုလ်ဂျိုဇက်သာ ရှရှသူလျှိုဖြစ်နေပါက မြေအောက်တွင် ကျန်နေရမည့်ကိစ္စကို အကျောက်အကန်ငြင်းနေမည်ဟု ဂျက် စဉ်းစားမိသည်။

ယခုတော့ ဂျိုဇက်က အေးအေးဆေးဆေး။

သည်လိုဆိုလျှင် ဗိုလ်မှူးဗိုဒါက ရှရှသူလျှိုဖြစ်နေလေမည်လား။

ဂျက်က ဂျိုဇက်နှင့် မိုက်တို့နှစ်ယောက်အား...

"ညွှန်ကြားချက် တိတိကျကျပေးဖို့ကတော့ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ကော့ဒ်ပြန်လာရင်တော့ ဟာစ်တလာဘန်ကာတစ်ဝိုက်ကို လာခဲ့၊ ကျုပ်တို့ အဲဒီမှာရှိနေမယ်"

မြေအောက်ခန်းမှ ထွက်သွားကြသူများ ကွယ်ပျောက်သောအခါ ဒုဗိုလ်ဂျိုဇက်က ဒုတပ်ကြပ်မိုက်အား မေးလိုက်၏။

"ဖဲတစ်ဖုံလောက် ပါမလာဘူးလား မိုက်"

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၄၉ ]

ချီတက်ရသည့်ခရီးက ခြောက်ဖာလုံမျှ။

ချီတက်ရသည့် စုစုပေါင်းအချိန်ကာလက ၁၂ နာရီနီးနီး။

မတ်ဂရာဖန်လမ်းမှ ဝီးလ်ဟိန်းလမ်းသို့ အရောက်။

အဓိပတိရုံး အရှေ့ဘက်ခြမ်းက ဝီးလ်ဟိန်းလမ်းဘေးမှာ။

ရုရှတင့်ကားအန္တရာယ်က အမြဲရှိနေသည်။

လစ်ပဇစ်ဂါးလမ်းဘက်တွင် သဲသဲမဲမဲတိုက်ပွဲကြီး။

ရှေ့ဦးချီ ရုရှခြေလျင်တပ်များက စက်ကြောင်းပုံစံဖြင့်မဟုတ်ဘဲ တကွဲတပြားစီ ချီတက်နေ၏။

ချီတက်နေသည်ဟူသော ဝေါဟာရကိုပင် သုံးရခက်ခက်။

တစ်ခါချီတက်လျှင် ရောက်နိုင်သည့်အကွာအဝေးက ကိုက်အနည်းငယ်...။

ရုရှဗိုလ်ချုပ်ကြီး ကိုနက်ဖ်၏ ယူကရိန်းတပ်များကို တကွဲတပြားစီ မြင်နေရ၏။ ရုရှဘက်ကရော ဂျာမန်ဘက်ပါ ရန်သူဟု ထင်ရသမျှကို ဖိပစ်နေကြ၏။

ကိုနက်ဖ်၏ ရှေ့ဦးချီတပ်ခွဲများက ရုရှအပေါ့စားအမြောက်ဒဏ်ကို ပြန်၍ ခံနေရသလို၊ ဂျာမန်တို့ အပစ်အခတ်ကိုလည်း ခံနေရ၏။

ဂျက်ခေါင်းဆောင်သည့် မြင်းကုန်ကူးစစ်ဆင်ရေးတပ်ဖွဲ့၏ ချီတက်နှုန်းကလည်း အံ့သြစရာကောင်းလောက်အောင် နှေးကွေးနေသည်။

ဧပြီလ ၃၀ ရက်နေ့ညက မကုန်ဆုံးသေး။ သို့သော် မီးတောက်မီးလျှံများက ညကို နေ့ဟု ထင်ရလောက်အောင်။

အပျက်အစီး၊ အပြိုအပျက်များကြားမှ စနိုက်ပါများကိုလည်း အထူးသတိထားနေရ၏။

တစ်ခါတစ်ခါ ကိုက်တစ်ဒါဇင်လောက်ကို စက္ကန့်ပိုင်းနှင့် ချီတက်နိုင်ခဲ့စေကာမူ တစ်ချီတစ်ချီတွင် တစ်နာရီလောက်ကြာသည့်အထိ ခြေတစ်လှမ်းမျှ တိုး၍မရ။





ဂျက်တို့ဖို့ လှုပ်ရှားနေသူမှန်သမျှ ရန်သူချည်းဖြစ်နေတော့၏။ အမှန်တကယ်လည်း ဂျက်အဖို့ ရုရှရော၊ ဂျာမန်ပါ ရန်သူ။

ကိုယ်ပစ်လိုက်သူက ဂျာမန်လား၊ ရုရှလား ခွဲခြားမနေနိုင်။ မိမိတို့အနားရောက်လာသမျှ ပစ်ရင်းခတ်ရင်း ချီတက်နေရ၏။

မီးလျှံက တဝင်းဝင်း၊ ပစ်ခတ်သံများက တညံညံ၊ နံလိုက်သည့် ပုပ်စော်ကလည်း မခံနိုင်အောင်။

အပေါ့စား အမြောက်သံ၊ စက်ကြီးသံ၊ စက်ကလေးသံများအကြားမှ တစ်ခါတစ်ခါ ဒဏ်ရာဖြင့် ညည်းလိုက်သံများ ကြားလာရတတ်၏။

နှစ်နာရီလောက် ဆက်၍ချီတက်လိုက်သောအခါ ဂျက်တို့အဖွဲ့က အသားကျလာ၏။

အကာအကွယ်ယူ၊ ရှေ့မှာ ဘာရှိသည်ကိုလည်း လှမ်းကြည့်၊ အန္တရာယ်ကင်းပြီထင်လျှင် တက်၊ ပြီးနောက် အကာအကွယ်ယူ။

အကာအကွယ်ဆိုသည်ကလည်း လမ်းဘေးတွင် ပြိုဆင်းနေသည့် အုတ်ပုံကလေးများသာ။

ဂျက်က ရှေ့ဆုံးက။ ပြီးတော့...ဆာယာ၊ ပြီးတော့...ဒမ်ဗာနှင့် မက်ကလင်း။

သူတို့နှစ်ယောက်က ရင်ပေါင်တန်းလျက်။

သူတို့နှင့် ခပ်လှမ်းလှမ်းမှာ ဗိုလ်မှူးဖိုဒါ။

ဖိုဒါက နောက်ရံတပ်။

ချီတက်ရာ လမ်းတစ်လျှောက်လုံး၌ ဆာယာက တကယ့်ဝါရင့်စစ်သားကြီးတစ်ယောက်လို။

သေခြင်းတရားဆိုသည်မှာ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း အချိန်မရွေး ရောက်လာနိုင်သည်။ ကြားနေရသည့် အသံဗလံများကြောင့်ပင် ကြောက်ဒူးတုန်သွားနိုင်သည်။

သို့သော်...အမျိုးသမီးဆာယာက ကြောက်စိတ်ကို သတိဖြင့်ဖုံးထားနိုင်သည်။

ဆယ်ကိုက်လောက်ကို သက်စွန့်ဆံဖျား ပြေးလာခဲ့ပြီးနောက် တိုက်ရှိ[illegible]နှင့် အုတ်ပုံဘေးတွင် အကာအကွယ်ယူလိုက်သည်။

ဂျက်နောက်မှ ဆာယာက အရိပ်ပမာ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ကြီး အတွဲလိုက်ဆွဲသံက နားကွဲမတတ် ပေါ်ထွက်လာပြီး ကျည်ထိပ်ဖူးများက တိုက်နံရံကို လာမှန်သည်။

ဂျက်က ဆာယာ့လက်တစ်ဖက်ကို စမ်းကြည့်လိုက်၏။

ပွန်းရာပွဲရာများမှ သွေးစို့၍ ထွက်နေသည်။

အထူးစစ်ဆင်ရေးတပ်ဖွဲ့မှ ဗိုလ်မှူးချုပ်ဂရင်းလေးက ဘာကြောင့် စစ်ဆင်ရေးတပ်ဖွဲ့နှင့် အတူထည့်လိုက်သည်ကို ဂျက်က ခုမှသဘောပေါက်လာသည်။

အကယ်၍သာ ဤစစ်ဆင်ရေးမှ အသက်နှင့်ကိုယ် အိုးစားမကွဲဘဲ ထွက်လာနိုင်ခဲ့လျှင် ဆာယာအား ပြုစုယုယလိုက်မည်ဟု ဂျက်က ဆုံးဖြတ်လိုက်သည်။

စက်ကြီးဆွဲသံ ရပ်သွားပြီးနောက် သူတို့အနားသို့ ဗိုလ်ကြီးဒမ်ဗာ ရောက်လာသည်။ ပြီးတော့...မက်ကလင်း၊ ပြီးတော့...ဖိုဒါ။

ဂျက်က ရှေ့သို့ချီတက်လိုက်သည်။

ဆာယာက ဆယ်ကိုက်လောက်အကွာမှ။

သူ့နောက်မှ ဒမ်ဗာ၊ မက်ကလင်း၊ ဖိုဒါ။

တစ်ကိုယ်ပြီး တစ်ကိုယ် ချီတက်လာခဲ့ရာ အက်စ်အက်စ်တပ်သားများကာကွယ်စောင့်ရှောက်နေသည့် အဓိပတိရုံးကြီးနှင့် နီးလာပြီ။

အရုဏ်ကျင်းနေလေသည်။

သို့သော် မီးလျှံများနှင့် မီးခိုးများကြောင့် ဧပြီလ ၃၀ ရက်နေ့ ကုန်ဆုံးသွားကြောင်း ဂျက်တို့က မသိလိုက်။

မေလ ၁ ရက်နေ့။

နေ့လယ်ဘက်တွင် ဂျက်တို့အဖွဲ့က ဖော့စ်လမ်းကို လှမ်းမြင်ရသည့်နေရာသို့ ရောက်လာ၏။

အဓိပတိရုံးကြီးကို အတွင်း ခံစစ်စည်းအဖြစ် အက်စ်အက်စ်တပ်ဖွဲ့များနေရာယူထားသည့်လမ်း။ ဤနေရာ၌ ခံစစ်စည်းကို ဇြိဂ်သဏ္ဍာန် နေရာချထားသည်။

သို့သော်...ရုရှတို့၏ တီ ၃၄ အမျိုးအစား တင့်ကားများက အမြောက်ငယ်များဖြင့် ရုရှခြေလျင်တပ်များကို ကာပစ်ပေးနေရာ ဖော့စ်လမ်းအရောက် အပြေးတက်ရမည့်အရေးမှာ ကိုယ့်သေတွင်းကိုယ်တူးလိုက်သလို ရှိနေပေတော့မည်။

တင့်ကားအမြောက်ဆန်က မိုးရွာသလို။





မီးခိုးများအကြားမှ အက်စ်အက်စ်တပ်ဖွဲ့ ခံစစ်စည်းကို ဂျက်တို့က မြင်နေရ၏။

ခံစစ်စည်းတွင် နေရာယူထားသူများက ရိုင်ဖယ်နှင့် စက်သေနတ်များကိုသာ ကိုင်ဆွဲထားကြ၏။

သို့သော်...ဂျာမန်တင့်ကားအချို့ကိုလည်း ကြိုကြားကြိုကြား တွေ့နေရ၏။

သည်ဂျာမန်တင့်ကားများက ရုရှတင့်ကားတပ်နှင့် ခြေလျင်တပ်များကို ရည်မှန်းချက်သို့မရောက်အောင် တားဆီးထားနိုင်ဆဲ။

တစ်နာရီ ကုန်သွားသည်။

အဖွဲ့ဝင်အားလုံးပင် မခံမရပ်နိုင်အောင် မောနေသည်။

အချိန်ဆိုသည်မှာ သူတို့အဖို့ အဓိပ္ပာယ်ပင် မဲ့နေကြ၏။

ကျည်ဆန်များ၊ အမြောက်ဆန်များကို ရှောင်ပြီးရင်း ရှောင်နေရသဖြင့် မူးနောက်နောက် ဖြစ်နေကြရ၏။

ဗိုလ်ကြီးဒမ်ဗာက ဂျက်၏ပခုံးကို ပုတ်လိုက်ပြီး...

"ကြည့်လိုက်စမ်း ဗိုလ်မှူး"

လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ မနေ့ညက တစ်ညလုံးလိုလို သူတို့အကာအကွယ်ယူထားခဲ့သည့် နေရာဘက်သို့ ဆုတ်ခွာနေသော အက်စ်အက်စ် တပ်သားအချို့ကို တွေ့လိုက်ရသည်။

ရုရှခြေလျင်တပ်က အက်စ်အက်စ် ခံစစ်စည်းကို အလုံးအရင်းဖြင့် ထိုးဖောက်နေပြီဟူသော အဓိပ္ပာယ်။

ဂျက်တို့အဖို့ ဖင့်နွှဲနေရန် အချိန်မရှိတော့။

အတွင်းခံစစ်စည်းဝိုင်း ဇြိဂ်ရှိရာသို့ ဖြစ်သလို ချီတက်ရပေတော့မည်။ ရုရှတင့်ကားအမြောက်ကို ကြောက်နေ၍မဖြစ်တော့။

ယခုအချိန်မှ ဇြိဂ်ခံစစ်စည်းဝိုင်းထဲသို့ မဝင်လျှင် နောက်ဝင်၍ ရတော့မည် မဟုတ်။

ရောက်နေသည့်နေရာနှင့် ဇြိဂ် ခံစစ်စည်းအကြား ကိုက် ၆၀၊ ၇၀ ထက် မကျယ်။

ဂျက်က ဆုံးဖြတ်ချက်ချလိုက်၏။

တစ်ယောက်နောက်မှ တစ်ယောက် ခပ်ခွာခွာပြေးမတက်ဘဲ တပ်ဖွဲ့သားအားလုံး တစ်ပြိုင်နက် ရင်ပေါင်တန်းပြေးတက်ရန်။



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံး ဂျာမန်ပစ်ကွင်းရှိရာသို့ တစ်ပြိုင်နက် ပြေးတက်မည်။

'ကျုပ်က အချက်ပြလိုက်တာနဲ့ အားလုံး ရင်ပေါင်တန်းပြီး တစ်ပြိုင်နက် ပြေးတက်ရမယ်။

"ဟိုမှာမြင်တယ်မဟုတ်လား၊ အနီးဆုံး ဂျာမန်ပစ်ကျင်း၊ အဲဒီအရောက် ပြေးတက်ရမယ်။

"ပြေးအတက်မှာ ဆာယာကလွဲလို့ ဘယ်သူ့ကိုပဲထိထိ ကိုယ့်နည်းနဲ့ကိုယ် ပစ်ကျင်းရောက်အောင်လာရမယ်၊ ကဲ...ဆာယာ...ကိုယ့်အနားက ကပ်လိုက်"

ဂျက်က အပြေးသမားတစ်ယောက်လို ခါးကိုကိုင်းထားလိုက်ပြီး...

တစ်...

နှစ်...

သုံး...

လေး...

ငါး...

ပြေး...

ခရီးအကွာက ကိုက် ၆၀ သို့မဟုတ် ၇၀။

သို့သော် ကိုက် ၆၀၀-၇၀၀ ခရီးကို ပြေးတက်နေရသလို။

ပြေးရာ၌ မြားလိုမပြေး။ ဘယ်ယိမ်း ညာယိမ်းလျက်။

သို့ဖြစ်၍ ခရီးကို နှစ်ဆပြေးနေရသည်။

ခြေတံရှည်သော ဒုတပ်ကြပ်မက်ကလင်းက ရှေ့ဆုံးသို့ရောက်နေ၏။

နှစ်လှမ်းအကွာလောက်က ဒမ်ဗာနှင့် ဗိုဒါ။

ဂျက်က ဆာယာအား တစ်ဝက်ဆွဲ တစ်ဝက်တွဲ၍ ပြေးနေရသဖြင့် နောက်ကျနေ၏။

လမ်းတွင် ဆာယာက နှစ်ခါတိုင်တိုင် မှောက်လဲတော့မလို ဖြစ်သွားသည်။ သို့သော် ဂျက်က ဆွဲထားသဖြင့် လဲကျမသွား။

ခရီးတစ်ဝက်သို့အရောက်တွင် ဂျာမန်စက်သေနတ်သမားက ဂျက်တို့လူစု ပြေးတက်လာသည်ကို တွေ့သွားသည်။

ရန်သူဟုထင်ကာ သေနတ်ပြောင်းဝကို ဂျက်တို့လူစုဘက်သို့ လှည့်လိုက်၏။

ဂျက်က မိတ်ဆွေဟု အားကုန်ဟစ်လိုက်သည်။ သို့သော် အသံထွက်မလာ။





အက်စ်အက်စ်စစ်ဝတ်စုံကို သတိထားမိသော စက်သေနတ်သမားက သေနတ်ပြောင်းကို တစ်ဖက်သို့လှည့်လိုက်၏။

ဂျာမန်ပစ်ကျင်းထဲသို့ ဂျက်နှင့် ဆာယာတို့ ရောက်သွားသည်။

ရှေ့ဘက်မှပစ်လိုက်သော ကျည်ဆန်များက ပစ်ကျင်းပေါ်မှ ကျော်တက်သွားသည်။

ဂျက်က ပစ်ကျင်းထဲသို့ တလိမ့်ခေါက်ကွေး ထိုးကျသွားပြီး သတိလစ်သွားသည်။

သတိမလစ်မီကလေးတွင် မြေအောက် ဗိမ်ခန်းဝ၌ တွေ့ခဲ့ရသော ဗိုလ်မှူးကြီး **ကျိုအာချင်ဟာမယ်**၏ အသံကို ကြားလိုက်ရ၏။

"ခင်ဗျားတို့ကလဲ ဒီကိုမှ ဒုက္ခရှာပြီး လာရသေးလားဗျာ"

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၅၀ ]

သတိပြန်ရလာသော ဂျက်က အိပ်ရာတစ်ခုပေါ်၌ ရောက်နေကြောင်း ပထမ သတိထားလိုက်မိသည်။

အခန်းက ပေ ၂၀ ပတ်လည်လောက်။

စောစောက နှစ်ခန်းအဖြစ်ခွဲထားသည်ကို ချောင်ချောင်ချိချိဖြစ်အောင် လိုက်ကာများကိုဖယ်လျက် တစ်ခန်းအဖြစ် ပြောင်းလဲထားပုံ ထင်ရှားနေလေသည်။

ကြမ်းပြင်ပေါ်တွင် အခြားအိပ်ရာများလည်း ရှိနေ၏။

အိပ်ရာများပေါ်တွင် အမျိုးသားများ။

ဒဏ်ရာရထားသူများသာ။

အမျိုးသမီးအချို့က ဒဏ်ရာရထားသူများအား ဆေးထည့်၊ ပတ်တီးစည်း စသည်ဖြင့် ပြုစုနေကြ၏။

သူနာပြုဝတ်စုံများ ဝတ်မထားသဖြင့် တကယ့်သူနာပြုများ ဟုတ်၊မဟုတ် မသေချာ။

နောက်မှသိရသည်မှာ ဤအခန်းသည် ဒဏ်ရာမကြီးကျယ်သူများအား ကုသရာအခန်း။ ဒဏ်ရာကြီးကြီး ရထားသူများကိုမူ ကုသရန် ဆေးလည်းမရှိ၊ ဆေးကုသမှုဆိုင်ရာ ကိရိယာလည်း မရှိတော့ဟု။

ဂျက်၏မျက်စိအမြင်ကလည်း တဖြည်းဖြည်း ကြည်လင်ထင်ရှားလာလေသည်။

အိပ်ရာခြေရင်းတွင် စိုးရိမ်သည့်အမူအရာဖြင့် ထိုင်နေသူက ဆာယာ။

ဆာယာ့အနီးတွင် ဖိုဒါ၊ ဒမ်ဗာနှင့် မက်ကာလင်း။

သူတို့သုံးယောက်က မရှင်ပစ္စတိုများကို အသင့်ကိုင်လျက်။





မတ်ဂရာဖန်လမ်း၊ ဓိမ်ခြေအောက်ခန်းတွင် မိတ်ဆွေအဖြစ်တွေ့ခဲ့ရသော ဗိုလ်မှူးကြီးဟာမယ်က အိပ်ရာတစ်ဖက်ဘေးမှာ ထိုင်နေသည်။

"ခု ဘယ့်နှယ်နေသေးလဲ"

ဟာမယ်က မေးလိုက်၏။

ဂျက်က တံတောင်ဆစ်နှစ်ဖက်ကိုထောက်ကာ အိပ်ရာမှထရန် ကြိုးစားလိုက်၏။ ထထိုင်၍မရ။ အိပ်ရာပေါ် ပြန်လဲကျသွားသည်။

"ခေါင်းမူးနေသေးတယ်"

ဂျက်က တိုးတိုးပင် အဖြေပေးလိုက်သည်။

"ဗိုလ်မှူးက အားပြတ်ပြီး ပစ်ကျင်းထဲထိုးကျသွားတာ၊ ကိုင်အဆောင့်ခံလိုက်ရသလိုဖြစ်သွားပြီး ခေါင်းနည်းနည်းကွဲသွားတယ်။

"ဗိုလ်မှူးတို့လူသိုက်ကတော့ တကယ့်သူရဲကောင်းတွေချည်းပဲ"

ဗိုလ်မှူးကြီးဟာမယ်က ချီးကျူးခန်းဖွင့်နေသည်။

"ကျွန်တော် ဘယ်လောက်ကြာအောင် သတိလစ်သွားတာလဲ၊ ခု ကျွန်တော်ရောက်နေတာ ဘယ်နေရာလဲ"

"ဗိုလ်မှူးက မိနစ် ၃၀ လောက် သတိလစ်သွားတာ၊ ဗိုလ်မှူးရောက်နေတဲ့ နေရာကတော့ အဓိပတိကြီးရဲ့ ဘန်ကာအပေါ်ထပ်မှာ...။

"ဒီနေရာမှာ အလျင်တုန်းကတော့ အစေခံတွေနေတဲ့ နေရာပဲ၊ သိုလှောင်ခန်းအဖြစ်လည်း အသုံးချတယ်၊ ဒါပေမယ့် ခုတော့ စစ်မြေပြင်ဆေးရုံနဲ့ အက်စ်အက်စ်တွေရဲ့ အနားယူစခန်း ဖြစ်နေပြီ"

ဗိုလ်မှူးကြီးဟာမယ်က ဆာယာနှင့် ဆာယာ့အနားမှ ဗိုလ်မှူးဖိုဒါတို့လူစုကို မေးငေါ့လိုက်ပြီး...

"အက်စ်အက်စ်တွေရဲ့ ဧည့်သည်တွေရဲ့ အပန်းဖြေစခန်းလို့လည်း ဆိုနိုင်တာပေါ့"

ဗိုလ်မှူးကြီးဟာမယ်က ဆာယာ့အပေါ် ဆက်ဆံရေးမှာ တွေ့စကလို စိမ်းစိမ်းဝါးဝါး မဟုတ်တော့။

ရန်သူ့တပ်က တရစပ်ပစ်ခတ်နေသည့်ကြားမှ စစ်သားတွေနှင့်အတူ ပြေးတက်လာသည့် ဆာယာ့သတ္တိကို ဟာမယ်က သဘောကျနေခဲ့ပြီဖြစ်သောကြောင့်။

ဟာမယ်သာမက မြင်မြင်သမျှ အက်စ်အက်စ် တပ်ဖွဲ့သားများက ဆာယာ့သတ္တိကို ချီးကျူးမဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပေါ်ထပ် တခြားအခန်းတွေမှာ လုံခြုံရေးတပ်ဖွဲ့က အရာရှိတွေ ရောက်နေတယ်၊ သူတို့နဲ့တော့ သွားမရောနဲ့၊ ဒါတော့ အကြံပေးချင်တယ်"

"ဗိုလ်မှူး ဒီနေရာမှာနေရတာ ခဏတစ်ဖြုတ်ပဲ နေရမှာ၊ နောက်ထပ် ဒဏ်ရာရတဲ့ တပ်သားတစ်ယောက် ရောက်လာရင် ဖယ်ပေးရမှာ သိပ်သေချာတယ်"

"ဗိုလ်မှူးကို ခံစစ်စည်းဝိုင်းကို ပြန်ခေါ်သွားလိမ့်မယ်၊ ဒီတော့ အချိန်ရတုန်း တစ်ရေးလောက်အိပ်လိုက်ပါ"

ဂျက်က ခေါင်းညိတ်လိုက်ပြီး သိချင်သည့်အချက်ကို သွယ်ဝိုက်၍ မေးလိုက်၏။

"ဗိုလ်မှူးကြီး...ကျွန်တော် အဖော်တွေနဲ့ ဒီကိုလာရင်း လူစုကွဲသွားခဲ့ကြတယ်၊ သူတို့ ဒီကိုများ ရောက်နေလား မဆိုနိုင်ဘူး"

ဒုဗိုလ်ဂျိဇက်၊ ဒုတပ်ကြပ်မိုက်တို့၏ ဂျာမန်အမည်များကိုပြောရင်း ဗိုလ်မှူး ကော့ဒ်၏ အမည်ကိုပါ ထည့်၍စုံစမ်းလိုက်သည်။

ဟာမယ်က မျက်မှောင်တစ်ချက်ကုတ်သွားပြီး...

"ဒါတော့ မသိဘူးဗျာ၊ ဒါပေမယ့် ဗိုလ်မှူးတို့နဲ့ ဟိုနေရာမှာတွေ့ကြတုန်း ကတော့ ဗိုလ်မှူးက ကော့ဒ်ဟာ ဗိုလ်မှူးတို့အဖွဲ့ဝင်မဟုတ်ဘူး၊ လမ်းကြုံလို့ လိုက်လာတာလို့ ပြောခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗိုလ်မှူးကြီး၊ ကော့ဒ်ဟာ လမ်းကြုံလို့ ဆုံခဲ့ရာကနေပြီး ကျွန်တော်တို့နောက်ကို ကလေးတစ်ယောက်လို အကြီးစဆွဲပြီး လိုက်နေခဲ့တယ်။

"အဓိပတိဘဏ်ကာမှာရှိနေတဲ့ သူ့တပ်မှူးဆီကို ပြန်လိုက်ပို့ပါဆိုပြီး ကျွန်တော်တို့လူစုနဲ့ ပါလာတယ်၊ အပစ်အခတ်တွေ သဲကြီးမဲကြီးဖြစ်လာတော့ ကျွန်တော်တို့ လူစုကွဲသွားကြတယ်။

"သူ့တပ်မှူးက ဘယ်သူဆိုတာ သူကလည်း မပြော၊ ကျွန်တော်တို့ကလည်း မမေးမိတော့ ကော့ဒ် ဒီကိုရောက်၊မရောက် ဘယ်သူ့မေးရမှန်းတောင် မသိတော့ဘူး"

ဟာမယ်က ရယ်လိုက်ပြီး...

"ကော့ဒ်က ဗိုလ်မှူးတို့ကို အရူးလုပ်ပြီး လွတ်ရာကို လစ်ပြေးတာဖြစ်မှာပေါ့ဗျာ၊ ဒါမျိုးက လုပ်နေကျ၊ ရိုးနေပြီ။

"ကော့ဒ် ဘယ်သူဆိုတာ ကျွန်တော်လည်းမသိဘူး၊ ဒီတော့ သူ့ဆရာ ဆိုတာကိုလည်း ဘယ်သိတော့မလဲ၊ ဒါပေမယ့် စုံစမ်းရင်တော့ ကော့ဒ်ကိုရော တခြားမိတ်ဆွေတွေကိုပါ တွေ့လာနိုင်စရာရှိတယ်"

"ဟုတ်ကဲ့...ဗိုလ်မှူးကြီး၊ ကျွန်တော် စုံစမ်းကြည့်ပါ့မယ်၊ ဒါပေမယ့် ထိပ်သီးကြီးတစ်ယောက်ကို သွားပြီးမေးမိနေမှာ စိုးရလို့ပါ..."

"ဒါက ခုအချိန်မှာတော့ မထူးတော့ပါဘူး၊ ဘယ်သူ့မေးမေး ဖြစ်နိုင်တဲ့ ကိစ္စပဲ"

ဟာမယ်က ထိုင်ရာမှထလိုက်ပြီး...

"ကျွန်တော် အကြံပေးတဲ့အတိုင်း တစ်ရေးလောက်အိပ်လိုက်စမ်းပါ၊ နောက် နှစ်နာရီလောက်ကြာရင် ဗိုလ်မှူးကို ဒီကဆွဲခေါ်သွားမှာ၊ ကဲ...အိပ်လိုက်"

ဗိုလ်မှူးကြီးဟာမယ်က အပြင်သို့ထွက်သွားသည်။

ဂျက်က ဆာယာ၊ ဗိုဒါ၊ မက်ကလင်းတို့အား အနားသို့ အချက်ပြခေါ်ယူလိုက်ကာ လေသံတိုးတိုးဖြင့် မေးလိုက်၏။

"တို့ ဒီကို ဘယ်လိုရောက်လာတာတုံး"

"ကံကောင်းလို့ ရောက်လာတာလို့ပဲ ဆိုရလိမ့်မယ်"

ဗိုလ်ကြီးဒမ်ဇာကလည်း လေသံဖြင့် အဖြေပေးနေသည်။

"ဗိုလ်မှူး ခေါင်းပေါက်သွားပြီးနောက် ဗိုလ်မှူးကြီးဟာမယ်က သူ့တပ်သား နှစ်ယောက်ကို ဗိုလ်မှူးကိုသယ်ပြီး နိုင်ငံခြားရေးရုံး ဝင်ပေါက်ကနေ ဒီကို သွင်းယူလာခိုင်းတယ်၊ ကျွန်တော်တို့လူစုက ဗိုလ်မှူးနောက်က လိုက်လာခဲ့ကြတယ်။

"ဒီလိုလိုက်လာတော့ ဘယ်သူကမှလည်း ကျွန်တော်တို့ကို မဝင်ရလို့ မတားကြဘူး၊ ဘယ်သူကမှလည်း ဘာမေးခွန်းမှ မမေးကြဘူး"

ဤတွင် ဗိုလ်မှူးဗိုဒါက...

"ခု ကျွန်တော်တို့ရောက်နေတာ ဟစ်တလာဘန်ကာ အပေါ်ထပ်မှာ၊ ဟာမယ်ကို ကျွန်တော် မသိမသာ စကားတောက်ကြည့်တော့ နာဇီထိပ်သီးကြီးတွေ-အောက်ဘက် ပေ ၂၀၊ ၃၀ တွင်နေကြတယ်လို့ သိရတယ်"

ဂျက်က...

"ဒါဖြင့် ကျုပ်တို့ အဲဒီကိုသွားကြရမှာပဲ၊ ခုတော့ မဟုတ်သေးဘူး၊ ဒါနဲ့ ဘယ်အချိန်ရှိပြီလဲ"

"၃ နာရီ ၁၅ မိနစ်"







www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျုပ်တို့ ဟာမယ် အကြံပေးတဲ့အတိုင်း တစ်ရေးလောက် အိပ်လိုက်ကြဦးစို့၊ နောက်ဆို အိပ်ဖို့အချိန်ရမှာမဟုတ်ဘူး"

အားလုံးက ခေါင်းညိတ်လိုက်ကြသည်။

* * *

ဗိုလ်မှူးဂျက်တို့ အိပ်နေသည့်နေရာ အောက်ဘက် ပေ ၅၀ လောက်တွင် အခန်းကျဉ်းကလေးတစ်ခန်း။

ထိုအခန်းက လုံခြုံရေးတပ်ဖွဲ့ ဗိုလ်ကြီးလန်ဂျင်ဒေါဖ်ရုံးခန်း။

သူက မှတ်တမ်းရုံးမှ ဗိုလ်ကြီးကိုချဲ ရောက်အလာကိုစောင့်လျက်။

ကိုချဲနှင့်အတူ အယောင်ဆောင် ဗိုလ်မှူးကလေ့ဇ်ဘူးယား၏ဖိုင်နှင့် ဘူးယားနှင့် ဆက်နွှယ်နေသူများ၏ဖိုင်များ ပါလာနိုင်သည်။

ဗိုလ်ကြီးလန်ဂျင်ဒေါဖ် သူ့ရုံးခန်းတွင် ဒုဗိုလ်နှစ်ယောက်နှင့် တပ်ဖွဲ့သား ဒါဇင်ဝက်လောက်ကို အသင့်ရှိနေစေသည်။

အကယ်၍ အဖမ်းအဆီးလုပ်ရမည်ဆိုလျှင် ဗိုလ်နှင့်တပ်သားများရှိမှ။

အဖမ်းအဆီးမလုပ်ရဘဲ ရုရှတပ်သားများ ဝင်စီးလာလျှင်လည်း သူနှင့်အတူ တိုက်ခိုက်ခုခံနိုင်အောင်။

အဓိပတိကြီး ကတိပြုထားသည့် ထူးဆန်းသောလက်နက်များဆိုသည်မှာလည်း ပေါ်လာနိုင်တော့မည်မဟုတ်။

မည်သို့ပင်ဖြစ်စေ နွှဲရမည့်တိုက်ပွဲက နောက်ဆုံးတိုက်ပွဲဟု လန်ဂျင်ဒေါဖ်က သိပြီးသား။

* * *

ဗိုလ်မှူးဂျက်တို့လူစု အိပ်နေသည့် အပေါ်ဆုံးထပ်၏ အောက်ဘက် ပေ ၃၀ တွင်ရှိနေသော တတိယဂျာမန်နိုင်ငံတော်ကို ထူထောင်ခဲ့သည့် အဓိပတိကြီး ဟစ်တလာကလည်း နွှဲရတော့မည့်တိုက်ပွဲက နောက်ဆုံးဆိုသည်ကို ကောက်ချက်ချထားပြီးသား။

အချိန်က ညနေ ၃ နာရီခွဲ။





ဟစ်တလာက ကိုယ်ပိုင်အိပ်ခန်းထဲတွင် မတ်တတ်ရပ်နေရာမှ ဝေါ်သာ ပစ္စတိုကို ကောက်ကိုင်လိုက်၏။

အနားတွင် ပူပူနွေးနွေးလက်ထပ်ပြီးခါစ ချစ်သူ အီဗာဘရွန်၏အလောင်း။

အဆိပ်သောက်ကာ အသက်ပျောက်နေပြီဖြစ်သော အီဗာက ခုတင်ပေါ်တွင် ပျော့ပျော့ခွေခွေကလေး။

မနိုးသောအိပ်ခြင်းဖြင့် အိပ်နေပေပြီ။

ဂျာမန်နိုင်ငံတော်ကို လက်မွန်မစ ထူထောင်ခဲ့သော ဖရက်ဒရစ်သ် ဂရိတ်ဘုရင်ကြီး၏ ပုံတူပန်းချီကားချပ် တင်ထားသည့် စားပွဲကို မျက်နှာမူ၍ ဟစ်တလာက ထိုင်လိုက်၏။

အသက်ပျောက်နေသော အီဗာဘရွန်အားတွင် တစ်ချက်မျှမပစ်ရသေးသည့် ပစ္စတိုသေနတ်တစ်လက်။

အီဗာက ပစ္စတိုဖြင့် ပစ်သတ်မသေရဲသဖြင့် အဆိပ်သောက်၍ မိမိကိုယ်ကို အဆုံးစီရင်လိုက်ခြင်း။

အဓိပတိကြီး ဟစ်တလာက ဖရက်ဒရစ်ဘုရင်ကြီး၏ ပုံတူပန်းချီကားကြီးကို ကြည့်လိုက်ပြီးနောက် ညာလက်ထဲတွင် အသင့်ကိုင်ထားသော ပစ္စတိုကို မျက်နှာဆီသို့ မ,ယူလိုက်သည်။

ပြောင်းကို ပါးစပ်ထဲတွင်ငုံလိုက်ပြီးနောက် ခလုတ်ကို ဆွဲညှစ်လိုက်၏။

ဟစ်တလာ၏ကိုယ်ရံတော်ဗိုလ်မှူး၊ ဟစ်တလာ၏လက်ပါးစေ၊ ဟစ်တလာ၏ ဒရိုင်ဘာတို့က ဟစ်တလာ့အလောင်းနှင့် အီဗာဘရွန်တို့ အလောင်းကို လေကာထစ်အထက်သို့ တင်ယူလာပြီးနောက် အရေးပေါ်ထွက်ပေါက်မှ အဓိပတိရုံး ခြံဝင်းကြီးထဲသို့ သယ်ယူလာခဲ့ကြသည်။

ဟစ်တလာ၏ သမားတော်ကြီးက အညိုရောင်စောင်ဖြင့် ရစ်ပတ်ထားသော ဟစ်တလာ၏အလောင်းကို လမ်းတစ်ဝက်မှ ကူ၍သယ်ပေးသည်။

အဓိပတိရုံးခြံဝင်းကြီးအတွင်းသို့ အလောင်းနှစ်လောင်းရောက်လာသည့် အချိန်တွင်ပင် ရုရှအမြောက်များက ပြန်၍ အမြောက်ဆန်မိုး ရွာလာစေပြန်၏။

အဓိပတိရုံး အဆောက်အအုံကြီးမှာ ပြိုစရာ ပျက်စရာ မကျန်တော့လောက် ဖြစ်နေစေကာမူ ရုရှများက ကျေနပ်ဟန်မတူသေး။ ရုံးအဆောက်အအုံကြီးကိုပင် အဓိကပစ်မှတ်အဖြစ်ထားကာ အမြောက်ဖြင့် တအုန်းအုန်းလှမ်းပစ်နေကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ ဘန်ကာအဝင်ဝနှင့် မလှမ်းမကမ်းရှိ ချိုင့်ဝှမ်းနိမ့်နိမ့်တွင် ဟစ်တလာနှင့် အီဗာတို့အလောင်းများကို ချထားလိုက်ကြ၏။

အီဗာ့အလောင်းက ဟစ်တလာ့ညာဘက်မှာ။

ရုရှအမြောက်များ အပစ်အခတ်ခဏရပ်သွားချိန်၌ ဟစ်တလာ၏ ဒရိုင်ဘာက ဓာတ်ဆီပုံးတစ်ပုံးကိုယူလာပြီး အလောင်းများပေါ်တွင် လောင်းချလိုက်၏။

ရုရှအမြောက်များက ပြင်းပြင်းထန်ထန် ပြန်၍ ပစ်ခတ်လာသည်။

ထို့ကြောင့် အလောင်းများနားသို့ မည်သူမျှမကပ်ရဲ။ ဓာတ်ဆီဖြင့် ရွှဲနေသည့် အလောင်းများကို မီးတို့ပေးရန်ပင် ခက်နေ၏။

တစ်ယောက်ယောက်က အလောင်းများဆီသို့ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းရန် အကြံပေးသည်။

ဟစ်တလာ့ဒရိုင်ဘာက ခေါင်းဆောင်ကြီးနှင့် ခေါင်းဆောင်ကြီးကတော်၏ အလောင်းများကို လက်ပစ်ဗုံးဖြင့်ပစ်ရန် မဝံ့ရဲပါဟု ချေပလိုက်၏။

ဟစ်တလာ့ကိုယ်ရံတော်ဗိုလ်မှူးက ဘန်ကာထဲသို့ပြေးဝင်သွားပြီး အဝတ်စကြီးတစ်စဆွဲယူလာသည်။ ထိုအဝတ်စကို ဓာတ်ဆီရွှဲရွှဲဆွတ်ပြီးနောက် မီးရှို့လိုက်၏။

အမြောက်ဆန်များ တဖွဲဖွဲကျနေသည့်ကြားထဲမှ မီးလောင်နေသည့် အဝတ်စကိုဆွဲယူကာ ဟစ်တလာ့ကိုယ်ရံတော် ဗိုလ်မှူးက အလောင်းကောင်များပေါ်သို့ ပစ်တင်လိုက်၏။

ဘာလင်မြို့တော်တွင် တထိန်ထိန် တညီးညီးတောက်လောင်နေသည့် မီးနှင့်စာလျှင် ဟစ်တလာနှင့် အီဗာဘရွန်တို့အလောင်းများကို မီးသဂြိုဟ်သည့် မီးက မလောက်လေးမလောက်စား။

သို့သော် မီးသဂြိုဟ်ရာတွင် ပါဝင်နေသူများ၏ ရင်ထဲတွင်မူ အနင့်ဆုံး၊ အနာဆုံး မြင်ကွင်းတစ်ခု။

▲



[ ၅၁ ]

ညနေ ၅ နာရီခွဲ…

ဗိုလ်မှူးဗိုဒါ အိပ်ရာမှနိုးလာသည်။

အိပ်ပျော်နေကြသည့် တပ်ဖွဲ့သားအားလုံးကို လိုက်နှိုးလိုက်သည်။ ဗိုလ်မှူးဂျက်၏ ခေါင်းနောက်တွင် ကြက်ဥလုံးလောက် ရောင်နေသည်မှအပ ကျန်းမာရေးက နဂိုအတိုင်း ကြံ့ခိုင်လျက်။

အဖွဲ့ဝင်တိုင်းပင် တစ်ရေးအိပ်လိုက်သဖြင့် လန်းလန်းဆန်းဆန်း။

အပေါ်ထပ် ထမင်းစားခန်းမသို့သွားရာ စကြံတစ်လျှောက်တွင် အရှုးထောင်တစ်ခုလို ဆူဆူညံညံ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေ၏။

ကျန်စကြံထက်ဝက်လောက်ကို အနာဆေးထည့်ခန်းအဖြစ် လုပ်ထားသောကြောင့်။

ကြမ်းပြင်ပေါ်တွင် တုံးလုံးပက်လက် လဲကျနေသူများ၊ အိပ်ရာထက်တွင် အော်ဟစ်ညည်းတွားနေသူများနှင့် ဒဏ်ရာတန်းလန်းဖြင့် မတ်တတ်ရပ်နေသူ အက်စ်အက်စ်တပ်သားများ။

ဤအခန်းထဲသို့ဝင်လာခဲ့စဉ်က ဝဲဘက်တွင်ရှိနေသည့် အကာအကွယ်အဖြစ် ထောင်ထားသည့် နံရံက ယခု မရှိတော့။

သည့်နံရံက ဖုန်နှင့် အသံဗလံများ အခန်းထဲသို့မရောက်အောင် ယခင်က တားဆီးထားခဲ့သည်။

- သည်နံရံ ဟိုဘက်အလွန်တွင် နိုင်ငံခြားရေးရုံး ခြံဝင်းထဲသို့ ရောက်သွားနိုင်သည့် လှေကား။ ညာဘက်တွင်မူ နိုင်ငံခြားရေးရုံးနှင့် အမိပတိရုံး အဆောက်အအုံသို့ ရောက်နိုင်သည့်လှေကား။

ဂျက်က ဝင်လာခဲ့သည့်လမ်းမှ ပြန်မထွက်ရန် ဆုံးဖြတ်လိုက်သည်။

တပ်ဖွဲ့ရည်မှန်းချက်က ဟစ်တလာဘန်ကာ တည့်တည့်ဆီသို့။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာနေခဲ့သည့် နေရာသို့ ရောက်နိုင်ရန် မျက်နှာချင်းဆိုင်ရှိ လှေကား မှ ဆင်းရမည်။

ဂျက်နှင့် တပ်ဖွဲ့က ခုအချိန်တွင် ခြသေ့်အာခံတွင်းသို့ ရောက်နေခြင်း မဟုတ်တော့။ ခြသေ့်လည်ချောင်းထဲတွင် လှုပ်ရှားကြရတော့မည်။

ဂျက်က အရိပ်အခြည်ကို မသိမသာ အကဲခတ်လိုက်သည်။

ဝင်ခွင့်ထွက်ခွင့် လက်မှတ်များကို စစ်ဆေးနေသူဟု တစ်ယောက်မျှမမြင်ရ။ ရာထူးအဆင့်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးမည့်သူ လည်း မရှိ။

ဤအဆောက်အအုံထဲသို့ ရောက်နေခြင်းကပင် 'တရားဝင်'နေပြီဟု လက်ခံ ထားကြဟန်တူသည်။

အောက်ထပ်သို့မဆင်းမီ ဗိုလ်မှူးကော့ဒ်၏ 'ဆရာ' မည်သူဖြစ်သည်ကို စုံစမ်း သင့်သည်ဟု ဆာယာက အကြံပြုသည်။

"ကော့ဒ်ရဲ့ဆရာ ဘယ်သူဖြစ်တယ်ဆိုတာသိရင် သူ့ဆီပို့ပေးပါလို့ တစ် ယောက်ယောက်ကို ပြောနိုင်တယ်မဟုတ်လား"

ဤတွင် ဗိုလ်မှူးဖိုဒါက...

"ကျွန်တော်တို့က တောင်မေးမြောက်မေး လုပ်လွန်းရင် ကျွန်တော်တို့ ဘာဆိုတာ တစ်ယောက်ယောက်က အနံ့ခံမိသွားလိမ့်မယ်"

"အနံ့ခံမိမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းကပဲ ကိုယ့် ဆွေမျိုးသားချင်း အသိမိတ်ဆွေတွေအကြောင်း တစ်ယောက်နဲ့တစ်ယောက် စုံစမ်းမေးမြန်းနေကြတာပဲမဟုတ်လား"

"ဆာယာပြောတာ မှန်တယ်"

ဂျက်က ထောက်ခံလိုက်၏။

"ကျုပ်တို့အဖွဲ့ကို နှစ်ဖွဲ့ခွဲလိုက်မယ်၊ ဆာယာနဲ့ ကျုပ်က တစ်ဖွဲ့၊ ဖိုဒါနဲ့ ဒမ်ဗာ၊ မက်ကလင်းတို့ကတစ်ဖွဲ့၊ တစ်ဖွဲ့စီခွဲပြီး စင်္ကြံတစ်ခုစီကို သွားပြီးစုံစမ်း မယ်"

စစ်ဆင်ရေးအဖွဲ့က အပြင်နံရံကို ကပ်နေရာသို့ သွားပြီးနောက် စင်္ကြံတစ်ခု စီခွဲ၍ စုံစမ်းရေးလုပ်လိုက်ကြ၏။

သူ့နာပြုဝတ်စုံကို ဝတ်ထားခြင်းမရှိသော အမျိုးသမီးများနှင့် ဒဏ်ရာရထား သော အက်စ်အက်စ်တပ်သားများက မိမိတို့အသိမိတ်ဆွေ ဆွေမျိုးသားချင်းများ





သတင်းကို မေးမြန်းနေကြချိန်၌...

မိန်းမချောကလေးတစ်ယောက်ပါသော ဂျက်တို့အဖွဲ့က နှစ်ဖွဲ့ခွဲကာ ဗိုလ်မှူး ကော့ဒ်အကြောင်း စုံစမ်းနေခြင်းမှာ ဘယ်လိုမှ ထူးခြားသည့်လက္ခဏာမပေါ်။

လုပ်ရိုးလုပ်စဉ် သမားရိုးကျအလုပ်တစ်ခုကို လုပ်နေသကဲ့သို့။

စင်္ကြံသည်ဘက်တွင်ရှိနေသော ဂျက်က စင်္ကြံဟိုဘက်မှ ဖိုဒါ့အသံကို ကြား နေရ၏။

"ကျွန်တော့်အစ်ကိုဝမ်းကွဲ ဗိုလ်မှူးကော့ဒ်နဲ့များ ဆုံမိကြပါသလားခင်ဗျာ"

ဂျက်က ဖိုဒါ့ရဲတင်းမှုအတွက် စိတ်ပူသွားကာ ဖိုဒါပြောနေသည့်စကားကို ဆက်၍ နားစွင့်နေမိသည်။

ခဏကြာ၍ လှမ်းကြည့်လိုက်တော့ ဆာယာက ရှေ့သို့ရောက်နေပြီး နမ့်ပို့ ထွားကျိုင်းသည့် အက်စ်အက်စ် စစ်ဗိုလ်တစ်ယောက်နှင့် စကားလက်ဆုံကျနေ သည်ကို သတိထားလိုက်မိ၏။

ဆာယာက လိုချင်သည့်အချက်ကို ထိုစစ်ဗိုလ်ကလေးထံမှ ရလိုက်ပြီဖြစ် ကြောင်း ဆာယာ့ ကိုယ်နေကိုယ်ဟန် ပြောင်းသွားပုံကို ကြည့်၍ သိလိုက်၏။

ကိုယ်အထက်ပိုင်းကို ခပ်ကိုင်းကိုင်းထားနေရာမှ ဆာယာက ရင်ကိုကော့ ၍ ရပ်လိုက်သည်။

ရှုပ်ရှုပ်ထွေးထွေး အသံဗလံများကြားတွင် စစ်ဗိုလ်ကလေးထံမှ ထွက်လာ သည့် စကားကို တစ်စွန်းတစ်စ ဂျက်က ကြားလိုက်သည်။

"နာဇီပါတီ ဒုတိယခေါင်းဆောင်"

ခဏအကြာတွင် ဆာယာက ဂျက်အနားသို့ ပြန်ရောက်လာပြီး တီးတိုး ပြောလိုက်၏။

"မေခလာဆိုတာ ဘယ်သူဆိုတာ ဆာယာ သိပြီးပြီ"

* * *

ရုရှဗိုလ်ချုပ်ကြီး ကိုနက်ဗ်၏ ယူကရိန်းနယ်သားများ ပါဝင်ဖွဲ့စည်းထား သည့် ပထမတပ်ဦးမှ တပ်ရင်းတစ်ရင်းက မတ်ဂရာဖန်လမ်းကို သိမ်းပိုက်ပြီး သည်မှာ နာရီပေါင်းအတော်ကြာနေခဲ့ပြီ။

ထိုတပ်ရင်းက မတ်ဂရာဖန်လမ်း ဝဲယာတစ်လျှောက်ရှိ ဂူာမန့်ဘိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ရေး စခန်းကလေးများကို ပိုက်စိပ်တိုက်ကာ လိုက်လံရှင်းလင်းနေသည်။

ဒုဗိုလ်ဂျိုဇက်နှင့် ဒုတပ်ကြပ်မိုက်တို့ မေခလာ့လူယုံတော် ကော့ဒ်အား စောင့်ရင်း ကျင်းအောင်း၍ ကျန်နေရစ်ခဲ့သည်။ မြေအောက်တိုက်ခန်းကလေးက ခပ်လှမ်းလှမ်းမှနေကြည့်လျှင် ဘယ်လိုမှမထူးခြား။

ရက်သတ္တပေါင်းများစွာကြာအောင် အလိုအလျောက်ပိတ်နေသည့် အခန်း တစ်ခန်းသာဟု ထင်စရာ။

သို့သော် ပိုက်စိပ်တိုက်ကာ ဂျာမန်စစ်စခန်းကလေးများကို ရှင်းလင်းနေ သော ရုရှတိုက်ကင်းအဖွဲ့တစ်ဖွဲ့က မြေအောက်အခန်းကလေးရှေ့တွင် ထိုးထိုး ထောင်ထောင်ဖြစ်နေသည့် ရက်မကြီးများမှာ အဟုများသာဖြစ်ကြောင်း တွေ့ သွားသည်။

အချိန်က ဧပြီလ ၃၀ ရက်နေ့။ ညနေ ၆ နာရီခွဲ။

မေခလာ့လူယုံတော် ကော့ဒ်ကိုစောင့်ရင်း တစ်ယောက်ကိုတစ်ယောက် အဖော်လုပ်ကာ ဒုဗိုလ်ဂျိုဇက်နှင့် ဒုတပ်ကြပ်မိုက်တို့ ဤမြေအောက်တိုက်ခန်း ကလေးထဲ၌ အောင်းနေခဲ့ရသည်မှာလည်း ၁၆ နာရီတိတိ ကြာနေပြီ။

၁၆ နာရီအတွင်း တစ်ယောက်နှင့်တစ်ယောက် စကားများများမပြောမိကြ။ ကိုယ့်အတွေးနှင့်ကိုယ်။

သေခြင်းတရားနှင့်နီးလာလေ။ အပေါင်းအဖော်ချင်း ပို၍ချစ်ခင်ရင်းနှီး လာလေဆိုသော ရှေးဟောင်းဆိုရိုးစကားကလည်း သူတို့နှစ်ယောက်အဖို့ မှားနေ သလို။

ကော့ဒ် ပေါ်မလာခြင်းကြောင့် နှစ်ယောက်စလုံးပင် အံ့သြခြင်းမဖြစ်မိကြ။

အမြောက်မိုးရွာ၊ သေနတ်မိုးရွာနေရုံမက တစ်ခါတစ်ခါ ရုရှစနိုက်ပါ လေပြင်းပါ ဝင်၍တိုက်နေသောအခါ လူတစ်ယောက် ရည်မှန်းချက်သို့ ရောက် လာမည်ဆိုခြင်းမှာ မျှော်လင့်ထားနိုင်သောအရာမဟုတ်။

၃၀ ရက်နေ့ နေ့လယ်မှစ၍ ခေါင်းပေါ်တွင် တင့်ကားများလိမ့်ဝင်လာသံ ကို သူတို့နှစ်ယောက် ကြားခဲ့ရသည်။

ဂျာမန်တင့်ကားများ မဟုတ်နိုင်သည်ကိုတော့ သူတို့ အတပ်သိနေ၏။

သူတို့နှစ်ယောက် အများဆုံးမျှော်လင့်ထားသည်ကတော့ ရုရှတိုက်ကင်း အဖွဲ့က သူတို့အောင်းနေသည့် မြေအောက်တိုက်ခန်းကို သမန်ကာလျှံကာများ ကြည့်သွားပြီး သည်အတိုင်းထားခဲ့ရုံသာ။





သည်အတိုင်းထားခဲ့မည်ဆိုလျှင်...

သူတို့နှစ်ယောက်အဖို့ လွတ်မြောက်ရာလမ်းစကို ရှာ၍ တွေ့ကောင်း တွေ့နိုင်မည်။

သည်အချိန်၌ ရုရှတို့ကလည်း ဘာလင်ကိုသိမ်းယူနိုင်ပြီဖြစ်၍ သွေးအေး သွားကြပေတော့မည်။

မြေအောက်ခန်းတွင် စားစရာနှင့် သောက်စရာက အပြည့်။

ရက်ကိုမဆိုထားနှင့်၊ သီတင်းပတ်ပေါင်း အတန်ကြာကြာပင် စား၍ သောက်၍ မကုန်။

သို့သော် ကံကြမ္မာက သူတို့မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာ။

လမ်းဘေး ဝဲယာများတွင် ကျင်းအောင်း၍နေတတ်သော ဂျာမန်တပ်သား များအကြောင်းကို သိထားသော တိုက်ကင်းအဖွဲ့မှ ရုရှတပ်ကြပ်ကြီးက မသင်္ကာ သည့် နေရာမှန်သမျှ တစ်ခုမျှချန်မထား။

အားလုံးကို ပိုက်စိပ်တိုက်လိုက်ကြည့်ကာ ကျင်းထဲမှကြွက်များကို သုတ်သင် လေ့ရှိသည်။

ဂျာမန်တို့လက်ချက်ကြောင့် သားသေရ၊ မယားသေရ၊ အမေသေရသည့် ရုရှတပ်သားကြီးများကလည်း မနည်းလှ။ ထို့ကြောင့် တွေ့ရသမျှ ဂျာမန်တိုင်းကို လက်စားချေချင်နေသည်။

ညနေ ၆ နာရီခွဲ။

ရုရှတိုက်ကင်းအဖွဲ့ တပ်ကြပ်ကြီးက အတုလုပ်ထားသည့် ရက်မကြီးများကို ကိုင်ကြည့်လိုက်သည်နှင့် ပိတ်နေသောတံခါးနောက်ဘက် မြေအောက်တိုက်ခန်း တွင် ဂျာမန်ကြွက်တချို့ ရှိနေမည်ကို အတပ်သိနေ၏။

သူက တံခါးကို ဖွင့်ခိုင်းလိုက်သည်။

သူ့တပ်သားများက ဖွင့်၍မရ။

တပ်ကြပ်ကြီးက လက်ထဲမှ ဆပ်မရှင်းဂန်းဖြင့် တံခါးကို ပစ်ချိုးဖွင့်လိုက် ၏၊ တံခါးက ပတ္တာများပြုတ်ထွက်ကာ ဖွန်ထောင်ထိုး၍ တွဲလွဲကျသွားသည်။

လက်ပစ်ဗုံးနှစ်လုံးကို တစ်လုံးစီ'ပင်'ဖြုတ်လိုက်ပြီးနောက် တပ်ကြပ်ကြီးက မြေအောက်တိုက်ခန်းထဲသို့ ပစ်သွင်းလိုက်၏။

အသေခံခြင်း၌ မြင့်မြတ်သောအသေခံခြင်းဟု ရှိသည်ဆိုပါလျှင် ဒုဗိုလ် ဂျိုဇက်နှင့် ဒုတပ်ကြပ်မိုက်တို့သည် မြင့်မြတ်သောအသေခံခြင်းဖြင့် အသက်ကို

www.burmeseclassic.com

www.burmeseclassic.com



နွှန့်လွှတ်သူများဟု ဆိုရပေတော့မည်။

* * *

ဒုဗိုလ်ဂျိုဇက်နှင့် ဒုတပ်ကြပ်မိုက်တို့က မြင့်မြတ်သောသေခြင်းဖြင့် အသေခံသွားချိန်၌...

မှတ်တမ်းရုံး ဗိုလ်ကြီးကွဲ့ချိထံမှ လုံခြုံရေးတပ်ဖွဲ့ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်ထံ ပို့ရမည့်စာကိုယူသွားသူ ဒုဗိုလ်လိုရင့်သည်လည်း ရဲရင့်သောသေခြင်းဖြင့် တိုက်ပွဲတွင် ကျဆုံးသွားခဲ့၏။

လိုရင့်က တိုက်ခိုက်ရေးတပ်မှ တပ်သားမဟုတ်။

သို့သော် ခံစစ်အတွင်းစည်းဝိုင်းမှ တပ်ကြပ်ကြီးက လက်ထဲသို့ ရိုင်ဖယ်တစ်လက် ထိုးထည့်ပေးလိုက်သောအခါ လိုရင့်က တိုက်ခိုက်ရေး အက်စ်အက်စ် တပ်သားများနည်းတူ တတ်သမျှ ပစ်ခတ်တိုက်ခိုက်သည်။

တီ ၃၄ အမျိုးအစား တင့်ကားများက အတွင်းခံစစ်စည်းအထိ တရကြမ်း ထိုးဖောက်လာသောအခါ ခံစစ်စည်းက ကျိုးပေါက်သွားခဲ့ရချေ၏။

အတွင်းခံစစ်စည်းကို ကြီးမှူးနေသော ဒုဗိုလ်မှူးကြီးက ခံစစ်တပ်သားများ အား ခံစစ်ဒုတိယစည်းသို့ဆုတ်၍ ခုခံတိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

ခံစစ်စည်းမှ တပ်သားအားလုံးပင် ဒုတိယခံစစ်စည်းရှိ ကတုတ်ကျင်းများ ရှိရာသို့ လိုမ့်၍၊ တွား၍ တိုးဝင်ကြ၏။

တိုက်ခိုက်ရေးတပ်သားမဟုတ်သော လိုရင့်က အကျင့်မရှိသဖြင့် ဆုတ်ရာ၌ နှေးကွေးနေ၏။

ရုရှတင့်ကားမှ စက်သေနတ်သမားကလည်း အတွဲလိုက်ဆွဲနေသည်။

ဒုတိယခံစစ်စည်း ကတုတ်ကျင်းရှိရာသို့ရောက်ရန် လေးငါးလှမ်းမျှအလို တွင် လိုရင့်ကို စက်သေနတ်ထိသွား၏။

ကတုတ်ကျင်းထဲသို့ လိုရင့်၏ကိုယ်ခန္ဓာ ရောက်လာသည်။

သို့သော် အသက်ပါမလာတော့။

တပ်မှူးအဖြစ်ဆောင်ရွက်နေသော ဒုဗိုလ်မှူးကြီးက လိုရင့်စစ်အင်္ကျီမှ ထိုး ထွက်နေသည့် အညိုရောင်စာအိတ်ရှည်ရှည် စာအိတ်ကို တွေ့လိုက်သည်။

သူက စာအိတ်ကိုဆွဲယူပြီး လိပ်စာကိုဖတ်ကြည့်လိုက်၏။





လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်သို့ ပေးရန်စာ။

"ဒီစာကို ငါကိုယ်တိုင်ပေးမယ်"

ဒုဗိုလ်မှူးကြီးက ဆုံးဖြတ်လိုက်ပြီး စာအိတ်ကို သူ့စစ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်၏။

ဖြစ်ပေါ်နေသည့် တိုက်ပွဲအခြေအနေအရ သူတို့သည် ၂၄ နာရီအတွင်း ဟာစ်တလာဘန်ကာထဲသို့ ပြေးဝင်ရတော့မည်ကို ဒုဗိုလ်မှူးကြီးက သိနေလေ သည်။

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၅၂ ]

ဟစ်တလာနေထိုင်ရာ ဘန်ကာ အောက်ဘက်သို့ ဆာယာက ရှေ့ဆောင်ကာ ကြောင်လိမ်လှေကားအတိုင်း မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့က ဆင်းလာခဲ့ကြသည်။

မေခလာမည်သူဖြစ်ကြောင်း သိနေပြီဟု ဆာယာက ဂျက်အား ပြောပြခဲ့ပြီးနောက် မေခလာနှင့်သက်ဆိုင်သည့် စကားတစ်ခွန်းမျှ နောက်ထပ်မကြားရသော

စစ်ဆင်ရေးခေါင်းဆောင် ဂျက်က ယခုအချိန်၌ ဆာယာက ဦးဆောင်နေခြင်းကိုပင် ကျေနပ်နေမိသည်။

ကြောင်လိမ်လှေကားမှ ဆင်းမလာမီ လှေကားထိပ်၌ ဟစ်တလာ့အခန်းအပေါ်ထပ်မှနေ၍ စောင့်ကြပ်နေရသော အရာခံဗိုလ်နှစ်ယောက်ကို မရှင်ပန်းတို့များ အသင့်ကိုင်လျက် တွေ့ရ၏။

သို့သော် ဟစ်တလာ သူ့ကိုယ်သူသတ်သေလိုက်ပြီဆိုသော သတင်းထူးများသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ပျံ့နှံ့နေလေသောအခါ သူတို့နှစ်ယောက်ထံ စစ်ဆေးမေးမြန်းနေခြင်း မပြုတော့။

"ကျွန်မတို့ ဒုတိယခေါင်းဆောင်ကြီးနဲ့တွေ့ဖို့ သိပ်အရေးကြီးနေတယ်"

ဆာ့ယာက ဤသို့ဆိုရင်း အမျိုးသမီး ဂတ်စတာပိုတစ်ယောက်ဖြစ်ကြောင်း ထောက်ခံစာ စာရွက်စာတမ်းများကို ထောင်ပြလိုက်၏။

ဆာယာနှင့်အတူ လိုက်လာသူများက ဟစ်တလာ့ကိုယ်ရံတော် တင့်ကားတပ်မှ အရာရှိအရာခံ အကြပ်တပ်သားများဖြစ်နေကြောင်း ပေါ်လွင်နေသောအခါ တာဝန်ကျ အရာခံဗိုလ်နှစ်ယောက်က ဆာယာထောင်ပြသည့် စာရွက်စာတမ်းများကို လှည့်ရုံသာလှည့်ကြည့်ပြီး လမ်းဖယ်ပေးလိုက်ကြသည်။

ကြောင်လိမ်လှေကားခြေရင်းသို့ ရောက်သွားသောအခါလည်း တာဝန်ကျ အစောင့်နှစ်ယောက်ကို တွေ့ရ၏။





ဆာယာက လှေကားထိပ်တွင် ချိုးခဲ့သည့်အပေါက်အတိုင်း ခပ်တည်တည်ခစ်ချိုးလိုက်သည်။

အနှောင့်အယှက်မရှိ၊ အစစ်အဆေးမရှိ သွားခွင့်ရလိုက်ပြန်၏။

ဟစ်တလာ့ ဘန်ကာ အောက်ထပ်က အပေါ်ထပ်ထက် ပို၍ကြီးသည်။

အလယ်မှ စင်္ကြံကလည်း ပို၍ကျယ်သည်။

စင်္ကြံတွင် အက်စ်အက်စ်တပ်သားများ၊ ထိပ်တန်းအရာရှိကြီးများဖြင့် ပြည့်ကျပ်လုမတတ်။

အရပ်ပုပု ဂိုးဘဲလ်က အက်စ်အက်စ် ထိပ်တန်းအရာရှိအချို့နှင့် အကျောက်အကန် စကားဆိုနေသည်။

"မေခလာဆိုသည်မှာ ဂိုးဘဲသလ်ပင် ဖြစ်လေသလား"

ဂျက်က ဤသို့တွေးလိုက်မိသည်။

သို့ရာတွင် ဆာယာက ဂိုးဘဲလ်နားၖမရပ်ဘဲ ရှေ့သို့သာဆက်၍ တိုးနေသည်။

ဟစ်တလာ့ သီးသန့်ခန်းနှင့် စင်္ကြံကိုခြားထားသည့် နေရာ၌ လူသုံးယောက်ရပ်၍စကားပြောနေ၏။

သုံးယောက်အနက် နှစ်ယောက်က ဗိုလ်မှူးချုပ်မိုနစ်။ နောက်တစ်ယောက်က ဗိုလ်ချုပ်ရတ်တင်ဟူဘာ။

မိုနစ်က ဟစ်တလာ့ဘန်ကာကို စောင့်ကြပ်ရသည့် တာဝန်မှူးကြီး။

သူတို့နှစ်ယောက်၏ မျက်နှာတွင် ဟစ်တလာနှင့် ဂျာမန်နိုင်ငံတော်အတွက် ဝမ်းပန်းတနည်း ငိုထားကြသည့် လက္ခဏာကို တွေ့ရ၏။

ဆာယာက မိုနစ်နှင့် ရတ်တင်ဟူဘာကို ရှောင်ကွင်းကာ တတိယလူရှိရာသို့ တန်းတန်းမတ်မတ် သွားနေသည်။

အက်စ်အက်စ်တပ်သား ဒါဇင်ဝက်လောက်က တားဆီးရန် ဟန်ပြင်လိုက်သည်ကိုပင် ဆာယာက မမှုဘဲ တတိယလူအနီးသို့ ရောက်အောင်သွားကာ နာဇီအလေးပြုနည်းအတိုင်း အလေးပြုလိုက်ပြီး နှုတ်ဆက်လိုက်သည်။

"ဒုတိယခေါင်းဆောင်ကြီး"

တတိယလူက ဆာယာ့ဘက်သို့လှည့်လိုက်ကာ မျက်နှာချင်းဆိုင်လိုက်၏။

သူ့အရပ်က ဂျာမန်အမျိုးသားတစ်ယောက်ထက် နိမ့်နေသည်။

မျက်နှာက ဝိုင်းဝိုင်း။



www.burmeseclassic.com

www.burmeseclassic.com



သူက အရပ်ဝတ်အရပ်စား ဝတ်လျက်။

အမျိုးသမီးတစ်ယောက်၏ ရုတ်တရက် နှုတ်ဆက်ခြင်းကို ခံလိုက်ရသော ကြောင့် သူက မျက်လုံးအစုံကို မှေးထားပြီး စဉ်းစားနေပုံရသည်။

သူ့အား အသက်ရှင်နေအောင် လှုံ့ဆော်ပေးနေသော ဆဌအာရုံက သူ့ အား လာနှုတ်ဆက်သည့် အမျိုးသမီးက ဘယ်သူဟု သတိပေးလိုက်ပုံရသည်။

သူက တပ်သားများကို တံတောင်ဖြင့်တွက်လိုက်ပြီး ဆာယာ့နားသို့ တိုး ကပ်လာသည်။

"ကဲ...ဆိုစမ်း"

ဆာယာက ကိုယ်ကို မတ်မတ်ရပ်ပစ်လိုက်ပြီး သတင်းပို့လိုက်၏။

"ဒုတိယခေါင်းဆောင်ကြီးရှင့်...

"ခေါင်းဆောင်ကြီးဟာ ဗိုလ်မှူးကော့ဒ်က ကတိပေးထားတဲ့အတိုင်း ကတိ မတည်တာကို သိရတဲ့အတွက် စိတ်မကောင်းဖြစ်နေမိမှာ အမှန်ပါပဲ။ ဒါပေမယ့် မာကျူရီကတော့ ကတိအတိုင်း သတင်းပို့ဖို့လာပါတယ်"

တတိယလူက ဆာယာမှတစ်ဆင့် ဗိုလ်မှူးဂျက်အား လှည့်စောင်း၍ ကြည့် လိုက်သည်။

ပြီးမှ...ဖိုဒါ၊ ဒမ်ဗာနှင့် မက်ကလင်းတို့ကို ကြည့်လိုက်သည်။

"ကဲ...မင်းတို့ ကျုပ်နောက်ကို လိုက်ခဲ့ကြ"

မာတင်ဘောမန်းက ပြောလိုက်လေသည်။

▲



[ ၅၃ ]

ဟာစ်တလာဘန်ကာ၏ အနောက်တောင်ဘက်ရှိ အခန်းတစ်ခန်း။

သည်အခန်းက ဟာစ်တလာ သမားတော်ကြီး နေသွားခဲ့သည့်အခန်း။

မာတင်ဘောမန်းက ဂျက်နှင့် အဖွဲ့သားများအား သည်အခန်းတွင် ထားခဲ့ ပြီးနောက် စကြံသို့ပြန်ထွက်သွားသည်။

"လုပ်စရာနည်းနည်းကလေးရှိလို့"ဟု အကြောင်းပြသွား၏။

"ကော့ဒ်က လွတ်မြောက်ရေးလမ်းအတွက် ပြင်ဆင်စရာရှိလို့ ကြာနေတာ ဖြစ်မှာပါ၊ သည်မှာခဏထိုင်နေကြပါ၊ ဘယ်သူမှ လာမနှောင့်ယှက်စေရဘူး"

မာတင်ဘောမန်းက ဤသို့လည်း ကတိပေးသွား၏။

မိမိတို့အဖွဲ့သားချည်း ရှိနေတော့မှ ဆာယာက သက်ပြင်းတစ်ချက်ကို လေးလေးချလိုက်နိုင်တော့သည်။

ဗြိတိသျှအထူးစစ်ဆင်ရေးဌာနချုပ်မှ ဗိုလ်မှူးချုပ်ဂရင်းလေးက မိမိအား မြင်းကုန်ကူးစစ်ဆင်ရေးတွင် ဆက်သားအဖြစ်ထည့်လိုက်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ကြောင်းကို သဘောပေါက်လာ၏။

နာဇီပါတီ၏ ဒုတိယခေါင်းဆောင်ကြီး မာတင်ဘောမန်းအား ဂျာမနီနိုင်ငံ အပြင်ဘက်တွင် ဗြိတိသျှထောက်လှမ်းရေးသမား တစ်ဒါဇင်လောက်က အလွယ် တကူ သိနိုင်မည်ဖြစ်သော်လည်း...

ဂျာမန်နိုင်ငံ ဘာလင်မြို့တော်တွင်မူ ရုပ်ကူရွယ်တူများရှိနေသဖြင့် ဘောမန်း အစစ်ကို တပ်အပ်သေချာသိနိုင်ရန် ခဲယဉ်းမည်ဖြစ်သောကြောင့်ပင်။

ထို့ပြင် ဂျာမန်နိုင်ငံထဲ၌ မာတင်ဘောမန်းက ဒုတိယခေါင်းဆောင်ကြီး ဖြစ်နေသည့်တိုင် ထင်ရှားကျော်ကြားသူမဟုတ်။

ဆာယာက ထောက်လှမ်းရေးပိုင်းများတွင် ဘောမန်းနှင့်ပတ်သက်၍ မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်မိသမျှ ဂျက်တို့အား ပြန်ပြောပြနေသည်။

မာတင်ဘောမန်းက အသက် ၄၅ နှစ်လောက်။ ကလေးများများရတတ်သူ။ သူနှင့် ဇနီးဖြစ်သူ ဂါဒါတို့တွင် ကလေးဆယ်ယောက်တိတိ ထွန်းကားခဲ့သည်။

ဘောမန်းနှင့် ဂါဒါတို့တွင် ထူးဆန်းသည့် လိင်ဆက်ဆံရေးရှိသည်ဟု သတင်းအချို့က မှတ်တမ်းတင်ထားသည်။

မှတ်တမ်းများက ဘောမန်းသည် ဘုရား၊တရား ယုံကြည်သူမဟုတ်။ ဟစ်တလာ၏ အမျိုးသားဆိုရှယ်လစ်ဝါဒက ဘုရား၊တရားကိုးကွယ်မှုကို စွန့်ပစ်ထားသည်။

သို့ဖြစ်၍လည်း ဘောမန်းက ဟစ်တလာပါတီဝင်တစ်ဦး ဖြစ်လာခြင်း။

ဟစ်တလာ၏ အမျိုးသားဝါဒကလည်း ဘောမန်းကို အကြိုက်တွေ့စေသည်။ နာဇီပါတီသို့ ဝင်လိုက်ခြင်းဖြင့် နေရာကြီးကြီး ရနိုင်မည်ကိုလည်း ဘောမန်း မျှော်မှန်းခဲ့သည်။

နာဇီပါတီ၏ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ရုဒေါ့ပ်ဟက်စ်ထံတွင် တာဝန်ထမ်းဆောင်နေစဉ်ကလည်း ဘောမန်း၏ပါတီရာထူးအဆင့်မှာ ကြီးကြီးကျယ်ကျယ်မဟုတ်။

နောက်ပိုင်းတွင် ပါတီရှေ့တန်းသို့ တက်လာနိုင်သည့်တိုင် ဘောမန်းက သတင်းစာများကို တတ်နိုင်သမျှ ရှောင်လေ့ရှိသည်။

အခြားသူများက ဘွဲ့များ၊ တံဆိပ်များကို ငမ်းငမ်းတက်ဖြစ်သော်လည်း ဘောမန်းက အေးအေးပင်နေခဲ့သည်။

သတင်းစာများ၌ တစ်ခါတစ်ရံ ဘောမန်းဓာတ်ပုံ ပါလာတတ်သည့်တိုင် သူက မထင်မရှား၊ အမြဲနောက်က။

အထူးစစ်ဆင်ရေးဌာနချုပ်ပိုင်ထဲတွင် မာတင်ဘောမန်း၏ ဓာတ်ပုံခြောက်ပုံသာ ရှိသည်။ သို့သော် ပုံများက ထင်ထင်ရှားရှားမရှိ။

သို့သော် သူ့တန်ခိုးသြဇာကမူ ကြီးလှသည်။

နာဇီပါတီ၏ ဒုတိယခေါင်းဆောင်ကြီး။

ဟစ်တလာကို ဆက်ခံရမည့်သူ။

ဟစ်တလာလက်သို့ ရောက်သမျှ အရေးကြီးသည့် စာရွက်စာတမ်းမှန်သမျှ ဘောမန်းထံ မရောက်ဟူ၍မရှိ။ ဘောမန်းလက်မှတစ်ဆင့် ဟစ်တလာက ဖတ်





ရခြင်းသာ။

ဘောမန်းက ဆရာဖြစ်သူ ဟစ်တလာထက်ပင် ဂျာမနီအကြောင်း၊ နိုင်ငံတကာအကြောင်းကို သိနေသူ။

ပုံပန်းအရ သူက အရပ်ပုပု၊ ဂင်တိုတို၊ လည်ပင်းတုတ်တုတ်။

မျက်နှာက ဝိုင်းဝိုင်း။

သို့သော်...ပါးရိုးကားကား၊ နှာခေါင်းပေါက်ကျယ်ကျယ်။

သူက ဆံပင်ပါးပါးကို နောက်လှန်၍ဖြီးထားလေ့ရှိသည်။

သူ့မျက်လုံးအစုံက ကောက်ကျစ်မှုရှိကြောင်း ဖော်ပြနေ၏။

ဘောမန်း၏ အဓိကအရည်အချင်းမှာ အသနား အကြင်နာကင်းမဲ့စွာ ရက်စက်တတ်ခြင်း။

ရက်စက်ရမည်ဆိုလျှင် သွေးအေးအေးဖြင့် အကြင်နာကင်းစွာ ရက်စက်တတ်သူ။

ဘောမန်းနှင့် အခြားနာဇီပါတီခေါင်းဆောင်များ ဆက်ဆံရေးကို ဆာယာက ဆက်ပြောရန် ဟန်ပြင်လိုက်စဉ် ဒုတိယခေါင်းဆောင်ကြီးက အခန်းထဲသို့ ပြန်ရောက်လာလေသည်။

မာတင်ဘောမန်းက အခန်းတံခါးကိုပိတ်လိုက်သည်။ ပြီးမှ တံခါးကို ကျောပေး၍ ရပ်လိုက်ကာ ဂျက်တို့လူစုအား မျက်နှာမူလိုက်၏။

“ခင်ဗျားတို့လူစုက သိပ်ပြီးလိမ္မာပါးနပ်မှုရှိတာနဲ့အမျှ အကျိုးသက်ရောက်အောင်လည်း လုပ်တတ်ပါကလား”

ဒုတိယခေါင်းဆောင်ကြီးက ချီးကျူးစကားဆိုလိုက်ပြီး...

“ကော့ဒ် ကျုပ်ဆီကို ပြန်သတင်းမပို့တော့ ခင်ဗျားတို့ဆီသွားရင်း လမ်းမှာ ဝစ်သတ်ခံရပြီလို့ ကျုပ် တွက်လိုက်တယ်။ ကျုပ်တို့စီစဉ်ထားတဲ့ စစ်ဆင်ရေး တစ်ရပ်လုံးဟာလည်း အရှုံးနဲ့တိုးနေပြီဟု ထင်လိုက်တယ်။

“ခုတော့...ဒီစစ်ဆင်ရေးဟာ ခုမှပဲ စ,ရတော့မယ်ဆိုတာ ယုံလာပြီ။ ခင်ဗျားတို့ကို ရွေးပြီးလွှတ်လိုက်တာကိုက ချီးကျူးစရာပဲ။

“စစ်ဆင်ရေးက ပထမပိုင်းကို ခင်ဗျားတို့ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျုပ် ချီးကျူးပါတယ်။

“ကဲ...စစ်ဆင်ရေး ဒုတိယပိုင်းအတွက် လုပ်ငန်းစကြစို့။

“ခင်ဗျားတို့မှာ ကျုပ်အတွက် စာရွက်စာတမ်းတွေ ပါလာတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

သည့်မေးခွန်းကို မာတင်ဘောမန်းက ဆာယာ့အားကြည့်၍ မေးလိုက်ခြင်း။

ဆာယာသည်ပင် ဆက်သားဖြစ်ရမည်ဟု ဘောမန်းက တွက်ပြီးသား။

ဆာယာက ဗိုလ်မှူးဂျက်အား စောင့်လှည့်၍ ကြည့်လိုက်သည်။ ဂျက်က ခေါင်းညိတ်ပြလိုက်သည်။

ဆာယာနှင့် ဂျက်တို့ အပြန်အလှန် အမေးအဖြေ လုပ်သည်ကိုလည်း ဘောမန်းက သတိပြုလိုက်ပြီးသား။

ဂျက်နှင့် ဖိုဒါတို့နှစ်ယောက်က ဗိုလ်မှူးဝတ်စုံကို ဝတ်ထားသည့်တိုင် စစ်ဆင်ရေးကို ခေါင်းဆောင်လာသူမှာ ဂျက်သာဖြစ်ရမည်ဟု ဘောမန်းက တွက်လိုက်၏။

ရေလုံစက္ကူဖြင့်ပတ်ထားသော အိတ်ကလေးတစ်အိတ်ကို ဆာယာက လှမ်းပေးလိုက်သည်။ အိတ်ပေါ်တွင် ချိပ်ပိတ်ကာ တံဆိပ်အမှတ်အသားများကို ရိုက်နှိပ်ထားသည်။

ဘောမန်းက အိတ်ကိုဖောက်လိုက်ကာ အထဲမှစာရွက်များကို ဆွဲထုတ်ပြီး ဖြန့်ဖတ်နေသည်။

စာပါအကြောင်းအရာကို တစ်ချက်ဖတ်ပြီးမှ အောက်မှလက်မှတ်ကို ကြည့်လိုက်၏။

"စာထဲမှာပါတဲ့ အချက်အလက်တွေကတော့ စောစောက သဘောတူထားခဲ့ကြတဲ့အတိုင်းပဲ၊ ဒါပေမယ့် ထိုးထားတဲ့လက်မှတ်က ကျုပ် သီးသန့်ဖိုင်ထဲမှာ ကျုပ်သိမ်းထားတဲ့လက်မှတ်နဲ့ တူ၊မတူ တိုက်ကြည့်ရလိမ့်ဦးမယ်။

"ဒီတော့ ခင်ဗျားတို့က အပန်းဖြေရင်း ပေဘာ့ဟိုက ဘရန်ဒီကလေး သုံးဆောင်နေကြပါ"

ဘောမန်းက အခန်းတစ်နေရာရှိ စားပွဲကို လက်ညှိုးထိုးပြလိုက်သည်။ စားပွဲပေါ်တွင် ပုလင်းများနှင့် ဖန်ခွက်များက အသင့်။

"ခင်ဗျားတို့ကို ဘယ်သူမှ အနှောင့်အယှက် မပေးစေရဘူး၊ တာဝန်မှူးကြီးကတောင် လာမနှောင့်ယှက်စေရဘူး၊ ဒီတံခါးအပြင်ဘက်မှာ ကျုပ်လူတစ်ယောက်ကို အစောင့်ချပေးထားမယ်၊ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးရဘူးလို့ အမိန့်ပေးထားမယ်"

စကားကြောရှည်နေသည့် ဘောမန်းကို ဂျက်က သည်းမခံနိုင်တော့။





အကယ်၍သာ ဘောမန်းက ဂျာမန်ဗိုလ်ချုပ်တစ်ယောက် ဖြစ်နေလျှင် ရာထူးအဆင့်ကိုကြည့်ပြီး ဂျက်က သည်းခံကောင်း သည်းခံနေနိုင်မည်။

ခုတော့ ဘောမန်းက နိုင်ငံရေးသမား။ နာဇီပါတီ ဒုတိယခေါင်းဆောင်ကြီး။

ဂျက်၏ဇနီးနှင့်ကလေး အသေဆိုးဖြင့် သေခဲ့ရသလို ထောင်နှင့် သောင်းနှင့် သိန်းနှင့်ချီ၍ သေခဲ့ရသူများသည်လည်း ဘောမန်းလို နာဇီပါတီ နိုင်ငံရေးခေါင်းဆောင်ပိုင်းကြောင့်။

အခန်းထဲတွင် ကြာကြာသာဆက်နေရလျှင် ဂျက်က ဘောမန်းအား ပစ်သတ်မိမည်အမှန်။

ထို့ကြောင့် ဂျက်က စကားတုံ့ပြန်လိုက်သည်။

ခဏအဖို့ သူက မြင်းကုန်ကူးစစ်ဆင်ရေးမှ ပေးထားသည့်တာဝန်ကိုပင် မေ့ချင်သလိုလို။

"ဘရန်ဒီလည်းမသောက်ပါရစေနဲ့၊ အပန်းလည်း မဖြေပါရစေနဲ့။

"ရုရှတပ်တွေက ခင်ဗျားတို့ရဲ့ ပထမအတွင်းခံစစ်ကို စီးမိသွားပြီ၊ ဒီတော့ အချိန်မရှိတော့ဘူး၊ သိပ်နောက်ကျနေပြီး အထွက်ရသိပ်ခက်နေလိမ့်မယ်"

ဘောမန်းက ဗိုလ်မှူးဂျက်ပြောလိုက်ပုံကို သဘောကျဟန်ဆောင်လိုက်ပြီး...

"ဗိုလ်မှူးက ကျုပ်ကို သိပ်မလိုလားဘူးနဲ့တူတယ်"

"လိုလားတယ်၊ မလိုလားဘူးဆိုတာနဲ့ မဆိုင်ပါဘူး။ ကျွန်တော် ဒီကိုလာတာ တာဝန်တစ်ရပ်ကို ဆောင်ရွက်ဖို့လာတာ။ ဒီတော့ ဒီတာဝန်ကို မြန်မြန်ဆောင်ရွက်နိုင်ဖို့ဟာ ကျုပ်အလုပ်ပဲ"

ဘောမန်းက မျက်ခုံးနှစ်ဖက်ကို ပင့်ချီလိုက်သည်။

"ဗိုလ်မှူးကလည်း ကျုပ်တို့ဂျာမန်တွေလိုပါပဲကလား၊ တာဝန်ကိုကျေပွန်ရုံပဲပေါ့"

ဤတွင် ဖိုဒါက...

"ဂျာမန်တွေလိုပဲဖြစ်ဖြစ်...မဖြစ်ဖြစ်၊ ရုရှတွေက ခင်ဗျားညဝတ်အင်္ကျီတွေ ထုပ်ပိုးပြီးတဲ့အထိတော့ စောင့်နေမှာမဟုတ်ဘူး"

ဘောမန်းက...

"အင်း...ခင်ဗျားတို့ပြောတာ သိပ်မှန်တယ်၊ ဒါပေမယ့် **စုဖြစ်ပျက်နေတဲ့ စစ်ရေးအခြေအနေ**ကိုတော့ ခင်ဗျားတို့ထက် ကျုပ်က ပိုပြီးသိနေတယ်ဆိုတာ သိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဗာက ကြားဝင်ကာ...

"ခုဖြစ်ပျက်နေတဲ့ စစ်ရေးအခြေအနေ ဟုတ်လား၊ **ခုဖြစ်ပျက်နေတဲ့ စစ်ရေးအခြေအနေဆိုတာ မရှိတော့ဘူးဗျ**၊ ရုရှတွေက အပြီးသတ်ချေမှုန်းရေး တိုက်ပွဲ ဆင်နေတာ"

"ဖြစ်နိုင်တယ်၊ အများကြီးဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အပြီးသတ် ချေမှုန်းရေးတိုက်ပွဲက **ချက်ချင်းအပြီးသတ်ချေမှုန်းရေးတိုက်ပွဲ မဟုတ်သေးပါဘူး။**

"ဟုတ်တယ်ဆိုဦးတော့...နောက်ဆုံးရောက်လာတဲ့ သတင်းပို့ချက်အရ ဝီးလ်ဟီန်းလမ်းပေါ်မှာ ဂျာမန်အက်စ်အက်စ် တပ် အနည်းဆုံး တစ်တပ်တော့ ခံပြီးတိုက်နေတုန်းပဲ။

"ဒီတော့ နောက်ဆုံးတိုက်ပွဲဟာ မိနစ်ပိုင်းအတွင်းမှာ ဘယ်လိုမှ ပြီးမသွားနိုင်ဘူး၊ မိနစ်ပိုင်းမဆိုထားနဲ့ နာရီပိုင်းအတွင်းမှာတောင် ပြီးမသွားနိုင်ဘူး။

"ခင်ဗျားတို့လည်း စစ်သားတွေပဲ သိကြမှာပေါ့။ နေရာကောင်းကို ရထားတဲ့ ခံစစ်တပ်ဖွဲ့တစ်ဖွဲ့ဟာ ရန်သူကို ရက်သတ္တပတ်ပေါင်း အများကြီးကြာအောင် ဟန့်တားထားနိုင်တယ်လို့..."

ဗိုလ်မှူးဂျက်က ချက်ချင်းပင် တုံ့ပြန်လိုက်၏။

ဝီးလ်ဟီန်းလမ်းမှာ ဂျာမန်တွေရထားတဲ့ နေရာက ခံစစ်အတွက် နေရာကောင်းမဟုတ်ဘူး၊ ခင်ဗျားတို့က ဝါဆောကို ဘယ်လိုလုပ်ခဲ့လဲ၊ ဒီအတိုင်း ရုရှတွေက ဘာလင်ကိုလုပ်နေတာ။

"ခင်ဗျားတို့ ဂျာမန်တပ်တွေမှာ အဘက်ဘက်က အားအင်ကုန်ခန်းနေပြီ၊ ရိက္ခာလည်းနည်းနေပြီ၊ ရေလည်းနည်းနေပြီ၊ ခဲယမ်းကလည်း နည်းနေပြီ၊ လူအင်အားကလည်း နည်းနေပြီ၊ စိတ်ဓာတ်ကလည်း ကျနေပြီ"

ဂျက်စကားကြောင့် ဘောမန်းက တုန်လှုပ်သွားပုံမပေါ်။

"အက်စ်အက်စ်တိုက်ခိုက်ရေးတပ်တွေဟာ ရုရှတွေကို နောက်ထပ် ၂၄ နာရီလောက်အထိ ခံစစ်ပြုထားလို့ ရသေးတယ်။

"ဒီလို ခံစစ်ပြုမထားရင် သူတို့ ဘာဖြစ်သွားမယ်ဆိုတာလည်း အက်စ်အက်စ် တပ်သားတွေက သိပြီးသား။

"ကျုပ်တို့ရဲ့ မြို့စောင့်တပ်နဲ့ ဟစ်တလာလူငယ်တပ်ဖွဲ့တွေကလည်း ရန်သူတွေကို အနှောင့်အယှက် ပေးနေနိုင်တယ်။

"ဒီကော့ ရုရှတွေ ဒီဘန်ကာထဲကို ဝင်လာပြီး လူသတ်ပွဲကျင်းပနိုင်ဖို့





အနည်းဆုံး ၂၄ နာရီလောက် လိုဦးမယ်၊ ၂၄ နာရီမဟုတ်ဘဲ ၃၆ နာရီလောက်တောင် လိုကောင်း လိုဦးမယ်။

"ကျုပ်လိုချင်တာက အဲဒီလို ကြာနေတာ"

ဂျက်က စိတ်ထဲမှ ရေရွတ်လိုက်သည်။

"၂၄ နာရီတဲ့လား"

ဂျက်စိတ်ထဲမှ စကားလုံးများကို ရိပ်မိသွားသော ဘောမန်းက...

"ဗိုလ်မှူးက အိုဗင်တွေလက်ထဲမှာ အရှင်လတ်လတ် အဖမ်းခံရမှာကို တွေးပြီး တုန်လှုပ်နေပုံရတယ်၊ ဒီတော့...စကားကလေး တစ်လုံးနှစ်လုံးလောက်ကိုတော့ ရှင်းပြဖို့ လိုပါလိမ့်မယ်"

ဘောမန်းက ရိုတိုတိစကားကိုဆိုနေ၏။

ဗိုလ်မှူးအနေနဲ့ ပထမသိထားဖို့အချက်က ခေါင်းဆောင်ကြီး အဒေါ့ဖ် ဟစ်တလာ သေသွားပြီဆိုတဲ့အချက်။

"စကြိုတွေမှာ လူတွေ ကသောင်းကနင်းဖြစ်ပြီး ငိုတဲ့လူကငိုနေကြတာကို ဗိုလ်မှူး မြင်ခဲ့ရမှာပဲ၊ ဒီလိုမြင်ခဲ့ရတာကိုထောက်ပြီး ကျုပ်ပြောတဲ့ ပထမအချက် မှန်မမှန် စဉ်းစားလို့ရနိုင်တယ်"

ဘောမန်းက ဤသို့ပြောလိုက်ပြီး ဂျက်ကို အကဲခတ်နေ၏။

ဟစ်တလာ သေပြီဆိုသည့်သတင်းက ဂျက်အဖို့ အံ့အားသင့်သွားစေသည့် သတင်း။

ဆာယာ၊ ဖိုဒါ၊ ဒမ်ဗာနှင့် မက်ကလင်းတို့ကလည်း မယုံကြည်သည့် အမူအရာမျိုးဖြင့်...

လွန်ခဲ့သည့် ခြောက်နှစ်မှစ၍ ကမ္ဘာကြီးတစ်ခုလုံးကို တဲကလေးတစ်လုံးလို ဆိုင်လှုပ်နိုင်ခဲ့သော ဟစ်တလာလိုလူမျိုးက လတ်တလောချင်း သေသွားပြီဆိုသည်မှာ ဖြစ်နိုင်ပါမည်လား။

ဘောမန်းက စကားပြန်ဆက်လိုက်၏။

"ဟစ်တလာသေပြီဆိုတာ လှည့်စားပြီးပြောလိုက်တာ မဟုတ်ဘူး၊ ဟစ်တလာ တစ်နေရာရာကို ထွက်ပြေးလို့ကောင်းအောင် ပရိယာယ်ဆင်ပြီး ပြောလိုက်တာလည်း မဟုတ်ဘူး။

"ဟစ်တလာဟာ သူ့ကိုယ်သူ သတ်သေသွားပြီ၊ ဒီနေ့ညနေ ၃ နာရီခွဲက သတ်သေသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့သာ ဟစ်တလာ အသက်နဲ့ကိုယ် မြဲနေမယ်ဆိုရင် ကျုပ်က ခင်ဗျားတို့နဲ့ ဒီမှာလာပြီး ဒီလိုစကားပြောနေနိုင်မလား၊ ခင်ဗျားတို့နဲ့ ကျုပ်ရဲ့ လွတ်မြောက်ရေးကို လာပြီး ဆွေးနွေးနေနိုင်မလား"

ဂျက်နှင့် အဖွဲ့ဝင်အားလုံးပင် ငြိမ်၍နားထောင်နေကြ၏။

ဘောမန်းက အသံကိုနှိမ့်လိုက်ပြီး လေးနက်သည့်အမူအရာဖြင့် ဆက်ပြောနေသည်။

"အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ကျုပ်က ဟစ်တလာ သတ်သေမယ်ဆိုတာ ကြိုပြီးမြင်ထားတဲ့လူ၊ ဒါပေမယ့် ကျုပ်တွက်ထားတဲ့အချိန်က နည်းနည်းစောနေတယ်။

"ဒါကြောင့်လည်း ခင်ဗျားတို့ကို ဧပြီလ ၂၆ ရက်နေ့ အရောက်လာပါလို့ မှာခဲ့တာပဲ၊ ဟစ်တလာ အသက်ရှင်နေရင် ကျုပ်က ကျုပ်လွတ်မြောက်ရေးကို ဘယ်လိုမှစီစဉ်နိုင်မှာ မဟုတ်ဘူး။

"ခုတော့ သူသေပြီ၊ အခြေအနေတွေလည်း ပြောင်းကုန်ပြီ"

ဘောမန်းစကားအဆုံးတွင် ဗိုလ်ကြီးဒမ်ဗာက...

"ဒါဖြင့် ဘာဖြစ်လို့ နောက်ထပ် ၂၄ နာရီ ဆိုင်းနေချင်ရတာလဲ"

ဘောမန်းက ဒမ်ဗာ့မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး..

"ဗိုလ်ကြီး...ဗိုလ်ကြီးက နိုင်ငံရေးကို နားမလည်သေးဘူး...အတိအကျ ပြောရမယ်ဆိုရင် ခင်ဗျားက တတိယဂျာမန်နိုင်ငံတော်ရဲ့ နိုင်ငံရေးကို နားမလည်သေးဘူး၊ ဒီလို နားမလည်သေးတာဟာလည်း စစ်သားတစ်ယောက်ဖြစ်နေလို့ပါ။

"ဟစ်တလာသေပြီဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဂိုးဘဲလ်လို တန်ခိုးအာဏာရှိတဲ့ နာဇီထိပ်သီးကြီးတွေကတော့ အသက်နဲ့ကိုယ် မြဲနေတုန်းပဲ။

"ဂိုးဘဲလ်အနေနဲ့ကတော့ ကြာကြာ အသက်နဲ့ကိုယ် မြဲနေနိုင်မယ်မထင်ပါဘူး၊ ဒါပေမယ့် ရက်ဘန်ဟူဘာလို၊ မိုနစ်လို အာဏာရှိနေတဲ့ပုဂ္ဂိုလ်ကြီးတွေလည်း ရှိနေသေးတယ်။ ဒီလူကြီးတွေကတော့ ရုရှအဖမ်းခံရမယ့်လူကြီးတွေပဲ။

"ကဲ...ခင်ဗျားတို့ပြောသလို ကျုပ်က ခုကတည်းက ထွက်ပြေးပြီ ဆိုပါတော့"

ဘောမန်းက ခဏရပ်လိုက်ပြီးမှ...

"ရုရှတွေဆီမှာ အဖမ်းခံရတဲ့ ဂျာမန်ထိပ်သီးကြီးတွေက ဘယ်လိုအစစ်ခံမလဲ၊ ကျုပ်ဟာ နောက်ဆုံးနေ့မရောက်ခင် ဟစ်တလာဘန်ကာက ထွက်ပြေး





သွားခဲ့တယ်လို့ သူတို့က အစစ်ခံကြတော့မယ်။

"ဒီလိုအစစ်ခံလိုက်တာနဲ့ ကျုပ်ဟာ အနောက်နိုင်ငံဘက်ကို ထွက်ပြေးသွားပြီဆိုတာ ရုရှတွေသိကြတော့မှာပဲ၊ ဒီလိုသိသွားရင် ရုရှတွေက ဥရောပမှာ သူတို့လုပ်မယ်လို့ အစီအစဉ်ဆွဲထားတဲ့ စီမံကိန်းတွေကို ကပြောင်းကပြန်ဖြစ်အောင် ပြောင်းလဲပစ်လိုက်ကြတော့မယ်။

"ဒီလိုပြောင်းလဲပစ်ရင် ကျုပ်က ခင်ဗျားတို့ အထူးစစ်ဆင်ရေးဌာနချုပ်ကို ပေးထားတဲ့ သတင်းတွေဟာ ဘာမှအသုံးမကျတဲ့သတင်းတွေ ဖြစ်သွားကုန်မှာပဲ။

"ဒီလိုဖြစ်သွားရင် ခင်ဗျားတို့အစိုးရက ကျုပ်ကို ဘေးမဲ့ပေးနေပါဦးမလား။

"ဒီမြင်းကုန်ကူးစစ်ဆင်ရေးဟာ ရုတ်တရက် စိတ်ကူးပေါ်လာလို့ ထလုပ်တဲ့ စစ်ဆင်ရေးမဟုတ်ဘူး၊ အချိန်ယူစဉ်းစားပြီး ဆွဲထားတဲ့ စစ်ဆင်ရေး၊ ဒီစစ်ဆင်ရေးရဲ့ အောင်မြင်မှုဟာ ကျုပ် ဘယ်အချိန်မှာ ဘယ်လိုပျောက်ကွယ်သွားသလဲဆိုတဲ့ အချက်ပေါ်မှာ မူတည်နေတယ်။

"ဒီတော့ ဒီဘန်ကာက ထိပ်သီးနာဇီတွေ အစုလိုက်အပြုံလိုက် ထွက်ခွာဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်ကျမှ ကျုပ်ကလည်း ဒီနေရာက ထွက်ခွာသွားလို့ဖြစ်မှာ။

"ဒီလို အစုလိုက်အပြုံလိုက် ထွက်အသွားမှာ ကျုပ်လည်း ပါလာတယ်ဆိုတာကိုတော့ ရုရှတွေဆီ သတင်းရောက်မှာ သေချာတယ်၊ နောက်ပိုင်းလုပ်ရမှာကိုတော့ ကျုပ်မှာ အစီအစဉ်ရှိပြီးသား။

"ကျုပ် ဘယ်လိုပျောက်ဆုံးသွားတယ်ဆိုတဲ့ အချက်ကို ရုရှတွေက လက်ဆုပ်လက်ကိုင်မပြနိုင်ရင် ပြီးတာပဲ"

ဤတွင် ဆာ့ယာက...

"ရုရှတွေသာ မဟုတ်ပါဘူး၊ ဘယ်သူမှလည်း ပြနိုင်မှာမဟုတ်ပါဘူး"

ဘောမန်းက ဆာယာ့ကိုစိုက်ကြည့်လိုက်ပြီး မြည်တမ်းလိုက်သည်။

"ဩော်...မိန်းကလေးရယ်"

ဘောမန်း၏ ဝက်အကြည့်နှင့်တူသောအကြည့်ကို ဆာယာက ချက်ချင်းအကဲခတ်လိုက်နိုင်သည်။ ဘောမန်း မိန်းမ'ဖွံ့'ခြင်းမှာ သည်လိုအကြောင်းမျိုးကြောင့်ဟု ဆာယာက အကဲခတ်လိုက်မိသည်။

ခန္ဓာဗေဒ တည်ဆောက်မှုအရမူ ဘောမန်းက စက်ဆုပ်စရာ။ သို့သော် သူ့မျက်လုံးအစုံက ညှို့ဓာတ်အပြည့်။ မြွေက ယုန်ကို ညှို့ယူသည့်ပုံစံမျိုး။

"ခုအချိန် မဟာဘာလင်မြို့တော်ကြီးမှာ လူသေအလောင်းတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိနေတယ်ဆိုတာ မိန်းကလေး မသိနိုင်ပါဘူး၊ ထောင်နဲ့ သောင်းနဲ့ချီပြီး ရှိနေမှာမဟုတ်လား။

"ဒီလောက်များနေတဲ့ အလောင်းတွေထဲက ဘယ်ဟာဟာ မာတင်သောမန်းရဲ့ အလောင်းလဲဆိုပြီး ဘယ်သူက လိုက်ကြည့်နေနိုင်မှာလဲ"

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ခဏမျှသာ။

ဗိုလ်မှူးဂျက်က လိုရင်းကိုမေးလိုက်၏။

"ကျွန်တော်တို့ ဒီက ဘယ်အချိန်ထွက်မလဲ"

"အားလုံးအဆင်ပြေမယ်ဆိုရင် နက်ဖြန်ညထွက်မယ်၊ ကျုပ်တို့က အစု လိုက်ထွက်ဖို့ စီစဉ်ထားပါတယ်၊ ဒါပေမယ့် ဒါက ခင်ဗျားတို့အလုပ်မဟုတ်ဘူး ထွက်မယ့်အသေးစိတ်ခရီးကို ခင်ဗျားတို့ကို နောက်မှရှင်းပြမယ်"

"ယူနီဖောင်းဝတ်ပြီး ထွက်မလား"

ဗိုလ်မှူးဖိုဒါက မေးလိုက်ခြင်း။

"ဟုတ်တယ်၊ ထွက်စတော့ ယူနီဖောင်းဝတ်ဖို့ လိုလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ရုရှကိုခံတိုက်မယ့် ဂျာမန်အဖွဲ့ကလေးတွေ တစ်မြို့လုံးမှာ ပြန့်ကျဲပြီး ရှိနေမှာကြောင့်ပဲ။

"နောက်တော့ ခင်ဗျားတို့အဖို့ အရပ်သားဝတ်စုံတွေ ထုတ်ပေးမယ်၊ အလုပ် သမားဝတ်စုံတွေ။

"ရုရှကိုခံတိုက်မယ့် ဂျာမန်အဖွဲ့ကလေးတွေ ဘယ်နေရာမှာဖြန့်ချထားတယ် ဆိုတာ ကျုပ်သိပြီးသား"

သောမန်းက အခန်းအပြင်ဘက် စင်္ကြံတွင် ပြောနေသည့် အသံများကို နားစွင့်လိုက်ပြီး...

"ကဲ...ခင်ဗျားတို့ကိုတော့ ဒီမှာပဲထားခဲ့ရဦးမှာပဲ၊ နောက်ဆုံးအချိန်ရောက် နေတာတောင် ကျုပ်မှာ လုပ်စရာတွေရှိနေသေးတယ်၊ လုပ်စရာတွေကလည်း ကျုပ်မပါဘဲ တစ်ခါမှမပြီးဘူး။

"ဟောဟိုဘက်မှာ အိမ်သာနဲ့ ရေချိုးခန်းရှိတယ်၊ ရနိုင်တဲ့စားစရာတွေကို တော့ အစောင့်တွေက လာပို့လိမ့်မယ်။

"အစောင့်တွေနဲ့ စကားမပြောပါနဲ့၊ အစောင့်တွေက ခင်ဗျားတို့ဟာ ဗီယင်နာက အရေးကြီးတဲ့သတင်းတွေ ယူလာတဲ့အဖွဲ့လို့ ထင်နေကြတယ်"

သောမန်းက အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်စဉ် ဆာယာက ထိုင်ရာမှ





ထလိုက်ပြီး...

"ဒုတိယခေါင်းဆောင်ကြီးရှင့်၊ စာရွက်စာတမ်းတွေ..."

"ဘာပြောလိုက်တယ် မိန်းကလေး"

"ခေါင်းဆောင်ကြီးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်လို့ ကတိပြုထားတဲ့ စာရွက်စာတမ်းတွေ ပြန်လိုချင်လို့ပါ"

ဆာယာက ယဉ်ယဉ်ကျေးကျေးပင် ပြောလိုက်၏။

"ဒီစာရွက်စာတမ်းတွေကို ကျွန်မတို့သိမ်းထားတာက ပိုကောင်းပါလိမ့်မယ်၊ လက်မှတ်ထိုးထားတာ ဟုတ်တယ် မဟုတ်ဘူးဆိုတာတော့ ခေါင်းဆောင်ကြီး နောက်မှပဲစစ်ကြည့်ပါ။

"ဒီစာရွက်စာတမ်းတွေကိုသာ ခေါင်းဆောင်ကြီးလက်ထဲကို အပ်လိုက်ရင် ခေါင်းဆောင်ကြီးက ကျွန်မတို့အဖွဲ့သားတွေကို ဘာလင်အပြင်ရောက်အောင် ခေါ်သွားစရာမလိုတော့ဘူးမဟုတ်လား၊ လိုကော လိုပါဦးမလား"

သောမန်းက ခဏတွေနေသည်။ ပြီးမှ...

"ဘာပဲဖြစ်ဖြစ် လွတ်ငြိမ်းချမ်းသာခွင့် ပေးတယ်ဆိုတဲ့အချက်က စာရွက် ထဲမှာပါနေတော့ ကျုပ်ဟာ လွတ်ငြိမ်းချမ်းသာခွင့် ရထားပြီးတဲ့လူ မဟုတ်ဘူး လား"

"မဟုတ်ဘူး ခေါင်းဆောင်ကြီး၊ ဟိုရောက်ပြီး ဒီစာရွက်စာတမ်းတွေကို ပြနိုင်မှ ခေါင်းဆောင်ကြီးက လွတ်ငြိမ်းချမ်းသာခွင့် ရနိုင်မှာ"

သောမန်းက စာရွက်စာတမ်းများကို မပေးချင်ပေးချင်ဖြင့် ဆာယာသို့ ပြန်ပေးလိုက်ရင်း...

"မိန်းကလေးသာ ကျုပ်တို့ဘက်က ဂျာမန်အမျိုးသမီးတစ်ယောက် ဖြစ် နေရင် ဘယ်လောက်ကောင်းမလဲ"

"ဂျာမန်အမျိုးသမီးတော့ မဖြစ်ချင်ပါဘူးရှင်၊ ကျွန်မက ထောင်နဲ့သောင်းနဲ့ ချီပြီး ရှိနေတဲ့ လူသေအလောင်းတွေကို မီးခြစ်ဆံတွေလို သဘောမထားနိုင်ပါ ဘူးရှင်"

သောမန်းက ဘာမှပြန်မပြောတော့ဘဲ အပြင်သို့ထွက်သွားသည်။

မိမိတို့ချည်း ကျန်ရစ်တော့မှပင် ဆာယာ့ကို ဝိုင်း၍ချီးကျူးနေကြလေသည်။

"လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ စာရွက်စာတမ်းတွေကို ပြန်တောင်းဖို့ လုံးဝ ကို သတိမရပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးဖိုဒါက ဆာယာ့အား ပြောနေသည်။

"ဒီစာရွက်စာတမ်းတွေသာ ဘောမန်းဆီမှာရှိနေရင် ငနဲကြီးက နောက် တစ်နေ့မနက် မရောက်ခင် ဥရောပတိုက် အလယ်ပိုင်းကိုတောင် ရောက်နေလိ မယ်"

ဗိုလ်မှူးဂျက်က ဒုတပ်ကြပ်မက်ကလင်းအား မနီးမဝေးရှိ စားပွဲပေါ်မှ ဘရန်ဒီပုလင်းကို မျက်စပစ်ပြလိုက်၏။

မက်ကလင်းက အလိုက်သိစွာ စစ်ဆင်ရေးအဖွဲ့သားများအတွက် ဘရန်ဒီ တစ်ခွက်စီ ထည့်ပေးလိုက်သည်။

ထုံးစံအတိုင်းပင် မက်ကလင်းက စကားနည်းနည်း။ သို့သော် ပေါ်ပေါက် လာသမျှ အခြေအနေကို သတိဖြင့် စောင့်ကြည့်နေသူ။

လက်ထဲတွင် ဘရန်ဒီခွက် ကိုယ်စီကိုင်ထားသော အဖွဲ့ဝင်များ ယမကာကို အချိန်ယူ၍ကျိုက်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြ၏။

အဓိပတိဘန်ကာ သို့မဟုတ် ဟစ်တလာဘန်ကာတွင် နာရီပေါင်း အတော် ကြာအောင် အောင်းနေခဲ့ရသော ဂျက်တို့အဖို့ နောက်ထပ် ဘယ်လောက်ကြာ ကြာ အရေးကြီးသည်ဟု မထင်တော့။

စောင့်ရဖန်များ၊ ထိတ်ရဖန်များသဖြင့် ထုသားပေသား ရနေပေပြီ။

ဟစ်တလာက သူ့ကိုယ်သူ သတ်သေသွားသည်ဟူသော သတင်းကလည်း မြင်းကုန်ကူးစစ်ဆင်ရေး အဖွဲ့ဝင်များအား တစ်နည်းတစ်လမ်း ဘဝင်အေးချမ်း စေခဲ့၏။

"နောက်ထပ် ၂၄ နာရီ ထပ်ပြီးစောင့်ရဦးမယ်ဆိုတာကတော့ သိပ်စိတ်ပျက် စရာကောင်းတာပဲ၊ ဒီငနဲကြီးပြတဲ့ အကြောင်းပြချက်ကတော့ အဟုတ်သား ဒါပေမယ့် ကျွန်တော့်သဘောကတော့ တောတွေတောင်တွေ ထူတဲ့နေရာ ကျွန်တော်တို့ ချက်ချင်းချီတက်သွားတာ အကောင်းဆုံးလို့ထင်တယ်"

ဗိုလ်ကြီးဒမ်ဗာက ဘရန်ဒီကိုကျိုက်ရင်း ထင်မြင်ချက်ပေးလိုက်၏။

ဗိုလ်မှူးဖိုဒါက ခါးတွင်ချိတ်ထားသော မရှင်ပစ္စတိုကို လက်ဖြင့်ခေါက် လိုက်သည်။ ပြီးမှ...

"ကျုပ်ကတော့ ဘောမန်းမပါဘဲနဲ့ကို တောတွေတောင်တွေ ထူတဲ့နေရာ ဘက်ကို ခုချက်ချင်းသွားချင်တယ်။

"နောက်တစ်ကြိမ် ဒီငနဲကြီး ဒီအခန်းထဲပြန်ဝင်လာရင် သူ့အရေထူ





ကြီးထဲကို မဂ္ဂဇင်းတစ်ကပ်ကုန်အောင် ဆွဲထည့်လိုက်ရင် လူတိုင်းက ကျုပ်တို့ကို ကျေးဇူးတင်ကြမှာ။

"ကျုပ်တို့က သူ့အပေါ်တင်နေတဲ့ အကြွေးကိုလည်း တစ်ခါတည်း ဆပ် ပစ်လိုက်နိုင်တယ်မဟုတ်လား"

ဗိုလ်မှူးဂျက်က ကြားဝင်ကာ...

"ကျုပ်တို့က ကမ္ဘာကြီးကို ဒီမိုကရေစီထွန်းကားတဲ့ နေရာဖြစ်အောင် လုပ်နေတယ်ဆိုတာ မေ့သွားကြပလား။

"ကျုပ်တို့ဟာ ဂျာမနီက နာဇီဖက်ဆစ်တွေကို နှိမ်နင်းပြီးသွားပြီ၊ ခုတော့ မှာတင်ဘောမန်းက ကျုပ်တို့ကို ရုရှနဲ့ ဘယ်လို ခပ်တန်းတန်းနေရမယ်ဆိုတာ ပြောပြတော့မလို့တဲ့။

"လူတွေကို သန်းနဲ့ချီပြီး သတ်ခဲ့တဲ့ လူစုထဲမှာပါတဲ့ လူတစ်ယောက်နဲ့ ယခု ကျုပ်တို့က အပေးအယူလုပ်ရမတဲ့၊ ဒီလိုအပေးအယူလုပ်တာဟာ ကျုပ်တို့ ဗြိတိန်နဲ့ အမေရိကားအတွက် ကိုယ်ကျိုးဖြစ်ထွန်းစေမယ်လို့ ဂရင်းလေးတို့၊ ဒါးလ်စ်တို့နဲ့ သူတို့အပေါ်က လူကြီးတွေက ထင်နေကြတယ်"

ဂျက်က အရက်ပုလင်းများထောင်ထားသည့် စားပွဲဆီသို့သွားပြီး လက် သုံးလုံးလောက်ထည့်ကာ မော့ချလိုက်သည်။

"ဒါးလ်စ်အကြောင်း ဗိုလ်မှူးစကားစလိုက်လို့ မေးစရာပေါ်လာတယ်။ ကျွန်တော်တို့ရဲ့ သံအမတ်ကြီးရာထူးကို ယူထားတဲ့ ထောက်လှမ်းရေးမှူးကြီးက ကျွန်တော်တို့ ဘာလင်မှာ ဘယ်လိုအမြတ်ထွက်နိုင်မယ်ဆိုတာ သိမှသိရဲ့လား"

အမေရိကန်ဗိုလ်မှူးဖိုဒါ့အမေး။

"ဒါကတော့ ဒါးလ်စ်နဲ့ ဂရင်းလေးတို့အလုပ်ပဲ"

ဤတွင် ဗိုလ်ကြီးဒမ်ဗာက...

"ကျွန်တော်တို့ ဒီငနဲကြီးဆီက အမြတ်တော့ထုတ်လို့ရနိုင်လိမ့်မယ်၊ ကျွန် တော်တို့ဘက်ကလူတွေက ဒီလိုဒီငနဲကြီးဆီက လိုချင်တာ အမြတ်ထုတ်ပြီးရင် သူ့ကို တိတ်တိတ်ကလေး ပျောက်ဖျက်ပစ်လိုက်နိုင်တယ်မဟုတ်လား"

ဆာယာက ခေါင်းခါလိုက်ပြီး...

"ပျောက်ဖျက်ပစ်လို့မရအောင် ဒီငနဲကြီးက လုပ်ထားမှာ သေချာတယ်၊ ငနဲကြီးက ပါးတာမှ လွန်ရော၊ သူက အားလုံးကို တစ်ချီတည်းနဲ့ ဘယ်တုန်းက ပြောပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ဆွဲပြီး ပြောနေမှာပေါ့၊ နှစ်နဲ့ချီပြီး ကြာအောင် တစ်ခုစီ ရေရှည် ဆွဲပြောနေမှာ၊ ပြီးတော့ သူ့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်ဆိုတဲ့ စာရွက်စာတမ်းတွေကိုလည်း ဆွဲစိနိုင်ငံလို ကြားနေနိုင်ငံက ဘဏ်မှာ အပ်ထားနိုင် တယ် မဟုတ်လား။

"တကယ်လို့ ဗြိတိန်နဲ့ အမေရိကန်ဘက်က ညစ်လာရင် သူကလည်း ပြန်ညစ်နိုင်အောင် ဒီငနဲက လူပါးကြီး"

ဂျက်က . . .

"ဒီကောင်ကြီးက လူသတ်သမားကြီး၊ သူက နောက်ထပ် ၂၄ နာရီကြာ အောင် ဆွဲထားတာဟာ နာဇီထိပ်သီးတွေ အစုလိုက်အပြုံလိုက် ထွက်ပြေးတော့မှ သူပါ ပြေးနိုင်အောင်။

"ဒီအချိန်အတွင်းမှာ သူက ဗိုင်ယာလက်အဆက်အသွယ်ရနေတဲ့ ဂျာမန် ဗိုလ်ချုပ်ကြီးတွေဆီကို ဆက်တိုက်လို့ အမိန့်ပေးရင်း သူ ဟစ်တလာ့ဘန်ကာမှာ နောက်ဆုံးအချိန်ထိ ရှိနေတာကို သက်သေထူနေဦးမှာ။

"လုပ်နေတာက သစ္စာဖောက်တဲ့အလုပ်၊ ဒါပေမယ့် လုပ်ဖော်ကိုင်ဖက်တွေ က သစ္စာအရှိဆုံးထဲကတစ်ယောက်လို့ ထင်အောင် နိုင်ငံရေးတစ်ချပ်မှောက် ကစားနေတာ။

"အခွင့်သာတဲ့အချိန်ကျရင် ဒီငနဲကြီးရဲ့ အတ္တဘောထဲကို ကျည်တွေ ပစ်သွင်းလိုက်မယ်၊ သူ့အတွက် ကျုပ်တို့ ဘယ်လောက် အနာခံနေရသလဲ"

မက်ကလင်းက ညင်သာသောအသံဖြင့် . . .

"ဟုတ်တယ်၊ ကျွန်တော်တို့ ရဲဘော်တွေဖြစ်တဲ့ ဂျိဇက်နဲ့ မိုက်တို့ကိုတောင် စွန့်ပစ်ထားခဲ့ရပြီ"

တစ်ခန်းလုံး ငြိမ်ကျသွားသည်။

အဖြစ်အပျက်များ၏ အပြောင်းအလဲမြန်ဆန်မှု၊ တွေ့နေရသည့် အခက် အခဲများကြောင့် စစ်ဆင်ရေးတစ်ဖွဲ့လုံးက ဂျိဇက်နှင့် မိုက်တို့ကို မေ့နေကြသည်။

စကော့အမျိုးသား ဒုတပ်ကြပ်မက်ကလင်းက အစဖော်လိုက်တော့မှ ရဲဘော် နှစ်ဦး၏ ကံကြမ္မာကို သတိရလာကြသည်။

"ဟုတ်တယ်၊ ဂျိဇက်နဲ့ မိုက်တို့လို ရဲဘော်ရဲဘက်တွေကို စွန့်ပစ်ထားခဲ့ ရတယ်"

ဂျက်က ဤသို့ဆိုလိုက်ပြီး စောစောကထိုင်နေသည့် ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

"သူတို့ အသက်နဲ့ကိုယ် မြဲနေနိုင်ဦးပါ့မလား ဗိုလ်မှူး"

မိမိတို့ပင် ကျည်ဆန်များ၊ အမြောက်ဆန်များအကြားမှ သက်စွန့်ဆံဖျား ပြေးလွှားလာခဲ့ရပါလျှင် မြေအောက်တိုက်ခန်း၌ မလှုပ်သာမလူးသာ ကျန်ရစ်နေ ခဲ့ရသည့် ဂျိဇက်နှင့် မိုက်က မည်းမည်းမြင်သမျှ ပစ်သတ်နေသော ရုရှတပ် များလက်တွင် အသက်ရှင်နေနိုင်မည်မဟုတ်တော့။

"ကျုပ်တော့ မထင်ဘူး"

ဂျက်က တစ်ခွန်းသာပြောကာ မျက်လုံးအစုံကို မှိတ်ထားလိုက်၏။

တပ်ဖွဲ့သားအားလုံးပင် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်ကိုမှီ၍ ငြိမ် နေကြသည်။

သည်လိုငြိမ်နေရင်း အိပ်ပျော်သွားကြ၏။

နောက်ထပ် ဘယ်တော့မှ အိပ်ရမည်ကို ဘယ်သူမှမသိနိုင်။

▲







www.burmeseclassic.com

www.burmeseclassic.com

## [ ၁၄ ]

ဂျက်နှင့် အဖွဲ့သားများ အိပ်နေသည့်အချိန်။

ဧပြီလ ၃၀ ရက်နေ့ကုန်ဆုံးကာ မေလ ၁ ရက်နေ့သို့ ရောက်လာသည်။

ဟစ်တလာ့ ဘန်ကာအတွင်းရှိ နာဇီထိပ်သီးကြီးများက ဗိုလ်ချုပ်ကြီး ဟန်းစ်ကရိတ်အား တမန်အဖြစ် ရုရှအမှတ်(၈)တပ်မတော် ဗိုလ်ချုပ်ကြီးချူရီ ကော့ဗ်ထံ စေလွှတ်လိုက်သည်။

ခြွင်းချက်ထား၍ လက်နက်ချရေးကို ဆွေးနွေးတင်ပြရန်။

ဗိုလ်ချုပ်ကြီးချူရီကော့ဗ်က စစ်သူကြီးဇူးကော့ဗ်ထံ ဖုန်းဆက်လျက် ဂျာမန် တို့က ခြွင်းချက်ထား၍ လက်နက်ချရေး လာရောက်ဆွေးနွေးနေကြောင်း သတင်း ပို့လိုက်၏။

ခြွင်းချက်မရှိလက်နက်ချရေးကလွဲ၍ ဘာမှလက်မခံ။

ဇူးကော့ဗ်က တိကျစွာအဖြေပေးလိုက်သည်။

တမန်အဖြစ် အရေးဆိုရန်သွားသော ဗိုလ်ချုပ်ကြီးဟန်းစ်ကရိတ် နေ့လယ် ဘက်တွင် ပြန်ရောက်လာသည်။

အရေးတော်ပုံ ရှုံးနိမ့်လာသဖြင့် ဂိုးဘဲလ်က ဟန်းစ်အား မိမိတင်ပြချက်များ ကို ဟန်းစ်က တလွဲတချော်လုပ်လာခဲ့သည်ဟု အပြစ်တင်နေ၏။

ဂိုးဘဲလ်စကားကို မည်သူမျှ လေးလေးစားစားမရှိ။

ဗိုလ်ချုပ်ကြီး ဗီးလ်ဒင်းက...

"ကျွန်တော်တို့ ပထမအစီအစဉ်အတိုင်း ထွက်ပြေးလွတ်မြောက်ဖို့ အစီ အစဉ်ကိုပဲ ပြန်ကောက်ကြရတော့မှာပဲ၊ ဘာလင်ကိုကာကွယ်ဖို့အတွက် ဆက် တိုက်ဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ပါဘူး"





ကျိုးကြောင်းဆင်ခြင်မှုနှင့် ညီညွတ်သည့် ဤအဆိုပြုချက်ကို ဂိုးဘဲလ်က လွဲ၍ အားလုံးကပင် သဘောတူ လက်ခံကြ၏။

အခြား နာဇီထိပ်သီးများက ထွက်ပြေးလွတ်မြောက်ရန် အစီအစဉ်များ ပြုလုပ်နေကြစဉ် ဂိုးဘဲလ်က မိသားစုတစ်စုလုံး သတ်သေရန် ပြင်ဆင်နေ၏။

သူက ဟစ်တလာ့သမားတော်ကြီးအား သူ့ကလေးခြောက်ယောက်ကို အဆိပ်ဆေးထိုးပေးရန် တိုက်တွန်းနေသည်။

သမားတော်ကြီးက ငြင်းဆန်နေ၏။ ထို့ကြောင့် ဂိုးဘဲလ်က ဒဏ်ရာ ရထားသူများနှင့် အရပ်သားဒုက္ခသည်များ ရှိနေရာနေရာ ဘန်ကာအထက်ထပ် တွင် ဆရာဝန်တစ်ယောက်ယောက် ပါ,မပါ စုံစမ်းနေ၏။

ဤသို့စုံစမ်းနေစဉ် ပေါင်တွင် ဒဏ်ရာရထားသည့် ဒုဗိုလ်မှူးကြီးတစ်ဦးကို တပ်သားနှစ်ယောက်က သယ်ယူလာသည်ကို တွေ့လိုက်ရသည်။

ထိုဒုဗိုလ်မှူးကြီးကား မှတ်တမ်းရုံးဗိုလ်ကြီးကို့ချ်က လုံခြုံရေးတပ်ဖွဲ့ဗိုလ်ကြီး လန်ဂျင်ဒေါဖ်ထံ ပေးသည့်စာအိတ်ကို ဒုဗိုလ်လိုရင့်အိတ်ထဲမှတစ်ဆင့် နှိုက်ယူ ထားခဲ့သူ။

ဒဏ်ရာက မကြီးကျယ်လှ။ သို့သော် သွေးအထွက်လွန်ပြီး ကုသရန် ဆေးဝါးရှာနေသောအခါ ဒုဗိုလ်မှူးကြီးက တစ်ချက်တစ်ချက် သတိလစ်နေ လေသည်။

သူ့ကိုထိသည့် အမြောက်ဆန်ပင် ဗိုလ်မှူးကြီးဟာမယ်အား မျက်နှာကို တိုက်ရိုက်ထိမှန်ကာ အသက်ပျောက်သွားအောင် စွမ်းဆောင်ခဲ့သည်ကို ဒုဗိုလ်မှူး ကြီးက သိတော့မည်မဟုတ်။

* * *

မေလ ၁ ရက်နေ့ ညနေစောင်းတွင်ပင် မာတင်ဘောမန်းက ရေတပ် ဗိုလ်ချုပ်ကြီး ဒိုနစ်ထံ ညွှန်ကြားချက်တစ်စောင် ပို့လိုက်သည်။

ကောက်ကောက်ကျစ်ကျစ် စဉ်းစဉ်းလဲလဲလုပ်ရမှ ကျေနပ်လေ့ရှိသော ဘောမန်း က ထိုညွှန်ကြားချက်တွင် ဂိုးဘဲလ်ကိုပါ ပူးတွဲလက်မှတ်ထိုးစေသည်။

အမိပတိကြီး မနေ့က ၁၅း၃၀ နာရီတွင် ကွယ်လွန်သည်။

ဧပြီလ ၂၉ ရက်နေ့တွင် ပမိပတိကြီးကိုယ်တိုင် လက်မှတ်ရေးထိုး၍ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် သေတမ်းစာအရ လူကြီးမင်းအား တတိယဂျာမန်နိုင်ငံတော်၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ပြီး ဂိုးဘဲလ်အား တတိယဂျာမန်နိုင်ငံတော်၏ အဓိပတိအဖြစ်၊ မာတင်ဘောမန်းအား ပါတီခေါင်းဆောင်ကြီးအဖြစ်၊ ဆေရက်စ်အင်ကွက်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

သေတမ်းစာကို အဓိပတိကြီး ဟစ်တလာ၏အမိန့်အရ ဖီးမာရှယ်ရှောနားနှင့် ဘာလင်မြို့အပြင်ဘက်ရှိ တပ်မှူးများထံ ပေးပို့လျက်ရှိသည်။

လက်နက်ကိုင်တပ်များနှင့် ဂျာမန်ပြည်သူလူထုထံ ဤသတင်းကို လူကြီးမင်းက ဥက္ကဋ္ဌကြီးအဖြစ် သင့်လျော်မည့်အချိန်တွင် ဖြန့်ချိပါရန်။

ဤကြေးနန်းရကြောင်း အကြောင်းပြန်ပါရန်။

မာတင်ဘောမန်းက ဤသို့ ကြေးနန်းရိုက်ကြားလိုက်ပြီးနောက် ကယ်တင်ရန်လာသည့် မြင်းကုန်ကူးစစ်ဆင်ရေးအဖွဲ့ထံ တစ်ခေါက်ပြန်သွားကာ ထွက်ခွာမည့် အကြမ်းဖျင်းအစီအစဉ်ကို ရှင်းပြနေသည်။

ထွက်ခွာမည့်အချိန်က ည ၉ နာရီဝန်းကျင်။

* * *

ညနေ ၆ နာရီ ၅၄ မိနစ်...

လုံခြုံရေးတပ်ဖွဲ့ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က အညောင်းပြေ ခြေဆန့်သဘောဖြင့် ရုံးခန်းကျဉ်းကလေးမှထွက်လာကာ တပ်သားများလူနာအဆောင်သို့ ထွက်လာခဲ့သည်။

စင်္ကြံတွင် ဒဏ်ရာရထားသူများဖြင့် ပြည့်ကျပ်လျက်။

ခုတင်ထက်မှ လူနာတစ်ယောက်က အညိုရောင်စာအိတ်ရှည်တစ်အိတ်ကို ဝှေ့ယမ်းပြနေသည်ကို လန်ဂျင်ဒေါ်ဖ်က အမှတ်မထင် သွား၍မြင်လိုက်၏။

ယခုအချိန်သည် ဗိုလ်မှူးအတုအယောင် ဘူးယားကိုသော်လည်းကောင်း၊ ဘူးယားနှင့် ဆက်နွှယ်နေသူများကိုလည်းကောင်း ရှာနေချိန်မဟုတ်တော့။

သေမင်းခံတွင်းနှင့်တူနေသည့် ဘန်ကာမှ မည်သို့လွတ်အောင် ထွက်ရမည်ကိုသာ စဉ်းစားနေရသည့်အချိန်။

လန်ဂျင်ဒေါ်ဖ်က ရုံးခန်းသို့ပြန်တော့မည်ဟု စိတ်ကူးလိုက်၏။

စာအိတ်ကိုဝှေ့ယမ်းနေသူက တိုး၍ ဝှေ့ယမ်းပြနေသည်။





ထို့ကြောင့် သိလိုစိတ်ဖြင့် ထိုလူနာနားသို့ တိုးကပ်လိုက်၏။

လူနာ့ဝတ်စုံက ဒုဗိုလ်မှူးကြီးဝတ်စုံ။

"ဟာ...ဗိုလ်မှူးကြီးပါလား၊ ဘယ်လိုဖြစ်လာတာလဲ"

ဒုဗိုလ်မှူးကြီးက အဖြေမပေးဘဲ...

"ခင်ဗျား ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ် ဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်မှူးကြီး"

"ဒါဖြင့် ဒီစာက ခင်ဗျားအတွက်"

လန်ဂျင်ဒေါ်ဖ်က စာအိတ်ကိုယူလိုက်ပြီး လိပ်စာကိုဖတ်ကြည့်လိုက်သည်။

သူ့ထံလိပ်မူလျက် ပေးသည့်စာ။

"ဒီစာကို ဘယ်ကရပါသလဲ ဗိုလ်မှူးကြီး"

ဒုဗိုလ်မှူးကြီးက စာရခဲ့ပုံကို တိုတိုပင်ရှင်းပြလိုက်သည်နှင့် တစ်ပြိုင်နက် စာအိတ်ထဲတွင် ဘာစာပါလာသည်ကို လန်ဂျင်ဒေါ်ဖ်က သိလိုက်ပြီးသား။

သူက ဒုဗိုလ်မှူးကြီးအား ကျေးဇူးတင်စကားပင် မဆိုအားတော့ဘဲ ကြမ်းပြင်ပေါ်မှ တပ်သားလူနာများကို ခွကျော်ကာ ရုံးခန်းကျဉ်းကလေးသို့ ပြေးလာခဲ့သည်။

ဒုဗိုလ်နှစ်ယောက်က အမိန့်ပေးထားသည့်အတိုင်း အခန်းထဲတွင် အသင့်။

လန်ဂျင်ဒေါ်ဖ်က စာအိတ်ကိုဖွင့်ဖတ်လိုက်သည်။

နာမည်များ၊ လက်မှတ်ထိုးသူများ၊ ထပ်ဆင့်လက်မှတ်ထိုးပေးသူများကို အပွတပြင်းဖတ်ကြည့်သည်။

ဘူးယား....

ဗိုလ်မှူးကော့ဒ်...

ပြီးတော့...မာတင်ဘောမန်း။

ဖြစ်နိုင်ပါ့မလား၊ မှားနေတာလား၊ လက်မှတ်အတုများ ဖြစ်နေသလား။ နာဇီပါတီ၏ ဒုတိယခေါင်းဆောင်ကြီးက ဗိုလ်မှူးအတုအယောင် ဘူးယား၏ ခန့်အပ်လွှာမှာ အဘယ့်ကြောင့် ထပ်ဆင့်လက်မှတ်ထိုးထားသလဲ။

"ဒုတိယခေါင်းဆောင်ကြီးက သစ္စာဖောက်တော့ လုံးဝမဖြစ်နိုင်"

အံ့ဩမှုက ထိပ်သို့တက်နေသည်။

လန်ဂျင်ဒေါ်ဖ်က စာရွက်စာတမ်းများကို တစ်ရွက်စီ သေသေချာချာ ပြန်ဖတ်ကြည့်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြူပေါ်တွင် အမည်းတင်ကာရေးထားသည့် နာမည်များ၊ လက်များများ၊ ထပ်ဆင့်လက်မှတ်များက ယခင်အတိုင်း။

အယောင်ဆောင် ဗိုလ်မှူးဖြစ်သူ ဘူးယားအား ဆွစ်ဇာလန်နိုင်ငံသို့သွား၍ ထောက်လှမ်းရေးလုပ်ရန် စေလွှတ်သည့် အမိန့်စာတွင် ထပ်ဆင့်လက်မှတ် ရေးထိုးထားသူက ဒုတိယခေါင်းဆောင်ကြီး မာတင်ဘောမန်း။

ဒုဗိုလ်နှစ်ယောက်ဖြစ်သော ဇင်မာနှင့် ရှယ်လာတို့က ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်၏ အရိပ်အခြည်ကိုကြည့်ကာ တစ်ခုခုတော့ ထူးခြားနေပြီဟု သိနေကြ၏။

လန်ဂျင်ဒေါ်ဖ်၏အမူအရာက နွားအနံ့ကိုရနေသော ကျားဆိုးကြီးတစ်ကောင်လို။ လန်ဂျင်ဒေါ်ဖ်က သည်လိုထူးခြားလာလျှင် သစ္စာဖောက်တစ်ယောက်ယောက်တော့ ကြိုးစင်တင်ခံရစမြဲ။

သွေးစွန်းနေသော လန်ဂျင်ဒေါ်ဖ်ကို ဒုဗိုလ်ဇင်မာက စိတ်ထဲမှ ရှုမုန်းနေမိသည်။

လန်ဂျင်ဒေါ်ဖ်က ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်ပြီး ဒုဗိုလ်နှစ်ယောက်နှင့် တပ်သားခြောက်ယောက်အား သူ့နောက်မှလိုက်ခဲ့ရန် အချက်ပြလိုက်၏။

"အင်း...အသက်တစ်ချောင်းတော့ သစ္စာဖောက်ဆိုတဲ့ စွပ်စွဲချက်နဲ့ သေရဦးတော့မှာပဲ၊ တကယ်သေဖို့ကောင်းတာက သူ...လန်ဂျင်ဒေါ်ဖ်"

ဤသို့တွေးရင်း ဒုဗိုလ်ဇင်မာက 'မလိုက်ဘူး'ဟု ရေရွတ်လိုက်၏။

လန်ဂျင်ဒေါ်ဖ်က ဇင်မာ့ရေရွတ်သံကို ကြားသွားပြီး...

"ဟေ့...ဇင်မာ၊ မင်းက အမိန့်ကို မနာခံဘူးလား"

"ဗိုလ်ကြီးက အမိန့်မှမပေးသေးတာပဲ၊ အမိန့်ပေးရင်လည်း နာခံမှာမဟုတ်ဘူး"

ဇင်မာက လက်ထဲတွင်ကိုင်ထားသည့် မရှင်ပစ္စတိုကို မောင်းတင်ပြီးသား။

ဒုဗိုလ်ရှယ်လာ့ ဆပ်မရှင်းဂန်းကလည်း အသင့်။

အချိန်မဖြုန်းတတ်သော လန်ဂျင်ဒေါ်ဖ်က ရှယ်လာအား အမိန့်ပေးလိုက်၏။

"ဟေ့...ဇင်မာကို ပစ်သတ်လိုက်စမ်း"

ရှယ်လာက ဆပ်မရှင်းဂန်းကို ဇင်မာဘက်သို့ ပြောင်းလှည့်၍ ခလုတ်ကို ဆွဲလိုက်သည်။

သို့သော် ရှယ်လာထက် လက်မြန်သူက ဇင်မာ။





ဇင်မာ့လက်ထဲမှ မရှင်ပစ္စတိုက ရှယ်လာ့ရင်ဘတ်နှင့် လည်ပင်းကို သွေးဖွက်ပွက်ထသွားစေသည်။

ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်က မရှင်ပစ္စတိုကို ထုတ်မရဘဲဖြစ်နေ၏။ ဇင်မာ့လက်ထဲက ေ ႏ ေ ါက မိမိဇီဝိန်ကိုပါ ခြွေတော့မည်ဟု သိနေသည့် လန်ဂျင်ဒေါ်ဖ်က အချိန်ဆွဲရန် ဇင်မာအား လှမ်းပြောလိုက်သည်။

"မင်းက ဘာမှ နားမလည်ဘဲနဲ့"

"နားလည်လိုက်တာမှ ဟိုဘက်လွန်နေတယ်"

ဇင်မာက ပြောပြောဆိုဆို ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်၏ ခေါင်းကို ဖောက်ခွဲပစ်လိုက်၏။

အခန်းထဲက တပ်သားများက ပုန်းသူပုန်း၊ ပြေးသူပြေး ဖြစ်နေစဉ် ဇင်မာက မရှင်ပစ္စတိုပြောင်းဝကို သူ့နားထင်နားတွင် တေ့ထားလိုက်ပြီး ခလုတ်ကို ဆွဲညှစ်လိုက်သည်။

သေနတ်သံများက စကြံတွင် ဆူညံသွားသည်။ လုံခြုံရေးဗိုလ်ကြီး၏ ရုံးခန်းတံခါး ကို ဗိုလ်မှူးကြီးတစ်ဦးက လာဖွင့်ပြီး မေးလိုက်၏။

"ဘာဖြစ်ကြတာလဲ"

"ဟောဒီက ဇင်မာဆိုတဲ့ ဒုဗိုလ်က စိတ်ရူးပေါက်လာပြီး ရှယ်လာနဲ့ ဗိုလ်ကြီးလန်ဂျင်ဒေါ်ဖ်တို့ကို ပစ်သတ်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားတာပါ"

ဤသို့ တပ်သား၊ တပ်ဗိုလ်များ ရုတ်ခြည်းစိတ်ကူးပေါက်လာကာ ထစ်ခနဲ အခန့်မသင့်ဖြစ်သွားသည်နှင့် တွေ့ရာလူ ဆွဲပစ်သတ်မှုမျိုးကို တစ်နေ့တည်းတွင် ဗိုလ်မှူးကြီးက သုံးခါကြုံနေရလေသည်။

"ဒီအလောင်းတွေ အပြင်ထုတ်၊ မီးရှို့၊ အခန်းကို ဆေးကြောပြီး ရှင်းလင်းထား"

အလောင်းသုံးလောင်းနှင့်အတူ သွေးများစိုရွှဲနေသည့် ဘူးယား၏ဖိုင်နှင့် ဘူးယားနှင့် ဆက်နွှယ်နေသူများ၏ စာရွက်စာတမ်းများက ပြာအဖြစ်သို့ ကူးပြောင်းသွားခဲ့လေပြီ။

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

မေလ ၁ ရက်နေ့။

ည ၈ နာရီ၊ ၄၅ မိနစ်။

အမျိုးသမီး အယောက် ၃၀ ကို ပထမအသုတ်အဖြစ် ဘာလင်မြို့အပြင်သို့ ထုတ်ယူရန် တာဝန်ပေးအပ်ခြင်း ခံရသော ကင်ပါက အမျိုးသမီးများ စုဝေးနေသည့် ဘန်ကာအောက်ထပ်သို့ ရောက်လာသည်။

ကင်ပါက တပ်ကြပ်ကြီးအဆင့်။ ဟာ့စ်တလာ့ဒရိုင်ဘာအဖြစ် ဆောင်ရွက်ခဲ့ရသူ။

သူက ပြန်ကြားရေးဝန်ကြီးဟောင်းဖြစ်သူ ဂိုးဘဲလ်နှင့် ဇနီးမက်ဒါဂိုးဘဲလ်တို့အား အပြီးသတ်ခွဲခွာခါနီး နှုတ်ဆက်စကားဆိုလိုက်၏။

ဂိုးဘဲလ်၏ ကလေးခြောက်ယောက်မှာမူ ဆရာဝန်တစ်ဦးက အဆိပ်ထိုးဆေး ထိုးပေးခဲ့သဖြင့် ကွယ်လွန်ကုန်ခဲ့ကြပြီ။

ခြေတုတစ်ဖက်တပ်ထားရသော ပြန်ကြားရေးဝန်ကြီးဟောင်း ဂိုးဘဲလ်က သေခါနီးဆဲဆဲတွင် အမင်္ဂလာပြက်လုံးကို ပြက်နေသေးသည်။

“ကျုပ်တို့မိတ်ဆွေတွေက ကျုပ်တို့လင်မယားအလောင်းကို ထမ်းပြီး သယ်နေရတဲ့ဒုက္ခငြိမ်းအောင် ကျုပ်တို့က အဓိပတိခြံဝင်းကြီးထဲကို ကျုပ်တို့ဘာသာ ဆင်းသွားမယ်”

ဂိုးဘဲလ်၏ဒရိုင်ဘာနှင့် သက်တော်စောင့်က ဂိုးဘဲလ်ဇနီးမောင်နှံအား လှေကားအဆင်းအထိ လိုက်ပို့ကြသည်။

အဓိပတိရုံး ခြံဝင်းကြီးထဲသို့ ဂိုးဘဲလ်တို့ရောက်သွားပြီးနောက် တစ်မိနစ်လောက် အကြာတွင် သေနတ်သံတစ်ချက် ပေါ်လာသည်။





ပြီးတော့ ဒုတိယသေနတ်သံ။

ဂိုးဘဲလ်၏ ဒရိုင်ဘာနှင့် သက်တော်စောင့်တို့က သေနတ်သံပေါ်ထွက်လာရာသို့ အပြေးဆင်း၍ လိုက်သွားကြသောအခါ ယမ်းငွေ့ဝေနေသည့်သေနတ်ကို ကိုင်ထားသည့် အက်စ်အက်စ်တပ်သားတစ်ယောက်ကို တွေ့လိုက်ကြရ၏။

“ဝန်ကြီးက သူနဲ့သူ့မိန်းမကို သေနတ်နဲ့ပစ်သတ်ရမယ် အမိန့်ပေးလို့ ကျွန်တော် ပစ်သတ်လိုက်ရတာပါ”

အက်စ်အက်စ်တပ်သားက ဖြောင့်ချက်ပေးလိုက်၏။

ဒရိုင်ဘာနှင့် သက်တော်စောင့်တို့က အချိန်ဆိုင်းမနေဘဲ ဂိုးဘဲလ်တို့ ဇနီးမောင်နှံအလောင်းပေါ်တွင် ဓာတ်ဆီများလောင်းကာ မီးတင်၍ရှို့လိုက်သည်။

ပြီးမှ ဘန်ကာထဲသို့ပြန်လာကာ ဟာ့စ်တလာနေ့စဉ်အစည်းအဝေးလုပ်နေကျ စည်းဝေးပွဲခန်းမကို ဓာတ်ဆီလောင်းကာ မီးစ၍ ရှို့လိုက်၏။

ရုရှတို့အဖို့ ပြတိုက်တွင်/အမှတ်တရထားရန် ပစ္စည်းဆို၍ ဟာ့စ်တလာ ဘန်ကာမှ တစ်ခုတလေမျှပင် မရအောင်။

စည်းဝေးပွဲခန်းမထဲတွင် မီးခိုးများလှိုင်နေတော့မှ ထွက်ခွာမည့်အသုတ်များကို ခေါင်းဆောင်ရမည့် ဗိုလ်မှူးချုပ်မိုနစ်နှင့် တပ်ကြပ်ကြီးကင်ပါက အမျိုးသမီး အယောက် ၃၀ နှင့် ယောကျ်ားကြီးအချို့ကို ညအမှောင်ထုထဲသို့ ခေါ်ယူသွားကြ၏။

* * *

အခန်းထဲသို့ မာတင်ဘောမန်း ဒုတိယအကြိမ်ဝင်လာသောအခါ ဗိုလ်မှူးရက်က မီးခိုးများပြန့်လွင့်နေသည်ကို သတိထားလိုက်မိ၏။

ဘောမန်းက လက်ထဲတွင်ဆွဲလာသော ရွက်ဖျင်ဖြင့်ချုပ်ထားသည့် အိတ်တစ်လုံးစီကို အခန်းထဲရှိ အဖွဲ့ဝင်များအား ပစ်ပေးလိုက်ရင်း...

“ဒါ ခင်ဗျားတို့အဖို့ အရပ်ဝတ်အရပ်စားတွေပါတဲ့ အိတ်တွေပဲ၊ စောစောကတော့ ထွက်ခွာတဲ့အသုတ်တွေဟာ ဆယ့်ငါးမိနစ်မှာ တစ်ခါထွက်ရမယ်လို့ အစီအစဉ်လုပ်ထားခဲ့ပေမယ့် ခုတော့ ဒီအစီအစဉ် ပျက်သွားပြီ။

“ဘာဖြစ်လို့လဲဆိုတော့ ဘန်ကာကို မီးလောင်နေလို့ပဲ၊ ခင်ဗျားတို့လည်း မီးခိုးနံ့တွေ ရကြမှာပေါ့၊ ကဲ... ခုပဲထွက်ကြရအောင်”



www.burmeseclassic.com

www.burmeseclassic.com



ဘောမန်းက ခေါင်းဆောင်ကာ အခန်းထဲမှထွက်လာခဲ့ကြ၏။

စင်္ကြံတစ်လျှောက်တွင် အရှုးထောင်တစ်ခုလို ဖြစ်နေသည်။ အားလုံး ကသောင်းကနင်း။ ကစဥ့်ကလျား။

ဘောမန်းကရှေ့က၊ သူ့နောက်က ဂျက်၊ ဂျက်က ဆာယာ့လက်ကို ဆွဲလျက်။

ဝီးလ်ဟိန်းလမ်းထောင့်အရောက်တွင် မီးလျှံများ ထိုးထွက်နေသော အဓိပတိဘန်ကာကို လှမ်းမြင်ရ၏။

ရိုင်ဖယ်သံ၊ စက်သေနတ်သံများက ငရဲပွက်သည့်နှယ်။

ရုရှအမြောက်သံများကလည်း မိုးခြိမ်းနေသလို။

ခရီးကမတွင်။

ဝီးလ်ဟိန်းလမ်းရှိ မြေအောက်ရထားဘူတာသို့ရောက်အောင် နာရီအတော် ကြာ ချီတက်နေရသည်။ အကာအကွယ်ယူရင်း အထိအခိုက်မရှိအောင် ချီတက် နေကြရသဖြင့် ကြာနေခြင်း။

မြေအောက်ဘူတာရုံတွင် အရပ်သူ အရပ်သားများ၊ စစ်သားများဖြင့် ပြည့်ကျပ်လျက်။

တစ်ယောက်ခါးကို တစ်ယောက် မလွှတ်တမ်းကိုင်ကာ ရှေ့သို့တိုး၍ ချီတက်ကြရသည်။

ဖရက်ဒရစ် မြေအောက်ဘူတာရုံသို့ ရောက်လာပြီးနောက်မှ သူတို့လူစု က မြေပေါ်သို့ ပြန်တက်လာကြရ၏။

လူစုကို ခေါင်းဆောင်နေသော မာတင်ဘောမန်းက အက်စ်အက်စ်တပ်ခွဲ ဗိုလ်ချုပ်ဝတ်စုံကို ဝတ်လျက်။

မြေပေါ်ရောက်လာချိန်၌ ညက ၂ နာရီ။

သူတို့က တစ်မိုင်ခရီးလောက်ပေါက်အောင် ၅ နာရီကြာမျှ ချီတက်လာခဲ့ ရခြင်း။

သို့သော် ခရီးက အစသာရှိသေးသည်။

သူတို့ရှိရာသို့ ဆပ်မရှင်းဂန်းတစ်လက်ကိုင်ထားသူတစ်ယောက် ပြေးလာ သည်ကို တွေ့လိုက်ကြရ၏။

"မပစ်နဲ့၊ ဒါ ကျုပ်တို့လူ ကင်ပါ"

ဘောမန်းက ဂျက်အား အော်ပြောလိုက်သည်။





"သူ့အဖွဲ့က လူတစ်ယောက်မှ မတွေ့ရပါလား"

ဘာလင်မြို့တော်မှ မီးတောက်မီးလျှံများကြောင့် ကင်ပါ့မျက်နှာကို အထင်း သား မြင်နေရ၏။

သူ့မျက်နှာက လူသေမျက်နှာမျိုး။

ဒုတိယခေါင်းဆောင်ကြီးကို တွေ့လိုက်ရသဖြင့် ဟာစ်တလာ့ဒရိုင်ဘာဖြစ်ခဲ့ ဖူးသူ ကင်ပါက အားတက်သွားပုံရသည်။

အမြောက်ဆန်များ တဖွဲဖွဲကျနေသည့်ကြားမှ ကင်ပါက သူရပ်နေသည့် နေရာသို့လာရန် လက်ယပ်ခေါ်နေသည်။

တစ်ခါက ဓာတ်ပွဲရုံဖြစ်ခဲ့ဖူးသည့်နေရာတွင် ဘောမန်းက အကာအကွယ်ယူ ရန် ပြောလိုက်၏။

"ကျွန်တော်နဲ့ပါလာတဲ့လူတွေ ဓာတ်ရုံပျက်ထဲမှာ ခဏအောင်းနေတယ်"

ကင်ပါက သတင်းပို့လိုက်သည်။ ပြီးမှ…

"စပရီမြစ်ကိုဖြတ်ဖို့မလွယ်ဘူး၊ ရှိတဲ့တံတားကိုလည်း ရုရှတွေက မြောက် ဘက်ထိပ်ကနေပြီး သေနတ်နဲ့ပစ်၊ အမြောက်နဲ့ထု လုပ်နေကြတယ်။

"တံတားရက်မတွေမှာ ကျွန်တော်တို့က ဒိုက်နမိုက်ချထား,မထား စုံစမ်းဖို့ တိုက်ခိုက်ရေးတပ်ရင်းတစ်ရင်းနဲ့အတူ အင်ဂျင်နီယာတွေ လွှတ်နေတယ်။

"ဒါပေမယ့် ကျွန်တော်တို့တပ်ဖွဲ့တွေက ရုရှတွေ တက်မလာနိုင်အောင် ကာကွယ်ထားနိုင်တုန်းပဲ။

"ဒီတံတားကို ကျွန်တော်တို့က ဘယ်ဖောက်ခွဲပစ်မှာလဲ၊ ကျွန်တော်တို့ အဖို့ ထွက်ပေါက် ဒီတံတားပဲရှိတာ"

ဘောမန်းက…

"မိုးနစ်ခေါင်းဆောင်တဲ့အဖွဲ့က ဘယ်မှာလဲ"

"မသိဘူး ခေါင်းဆောင်ကြီး၊ သူတို့အဖွဲ့က ကျွန်တော်တို့ထက် စောပြီး ထွက်သွားတာ၊ ဟိုဘက်ကမ်းများ ရောက်သွားကြပြီလားမသိဘူး၊ ဘယ်သူ့မှ မေးလို့မရဘူး"

"တို့အတွက် တင့်ကားတွေလိုတယ်၊ တင့်ကားကိုစီးပြီး တို့တံတားကို ဖြတ်ကူးလို့ရနိုင်တယ်"

ဂျာမန်နှစ်ယောက် စကားပြောနေသည်ကို ကြားရသော မိုဒါက ဂျက်အား လေသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာကြီးပျက်နေတဲ့အချိန်မှာ တင့်ကားလိုချင်နေသတဲ့၊ ရနိုင်မယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့ ဗိုလ်မှူး"

ဗိုဒါ့ထင်ကြေးက မကိုက်။

သူစကားပြောနေချိန်မှာပင် တိုက်ဂါးအမျိုးအစား ဂျာမန်တင့်ကားသုံးစီးနှင့် သံချပ်ကာကားသုံးစီးက အမှောင်ထုထဲမှ ထွက်လာသည်။

"မင်း ကျုပ်တို့ကို ဟိုဘက်ကမ်း ပို့ပေးနိုင်မလား"

တင့်ကားတပ်ဗိုလ်က ခဏငိုင်နေပြီးမှ အဖြေပေးလိုက်၏။

"ဖြစ်နိုင်ပါလိမ့်မယ်၊ ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

"ကဲ...ဖြစ်နိုင်မယ်ဆိုရင် စ,လုပ်ပေတော့၊ ဟော့...ကင်ပါ မင်းအုပ်စုက လူတွေ သွားခေါ်၊ အချိန်မရှိတော့ဘူး"

ကင်ပါက သူ့လူများကို သွားခေါ်နေစဉ် ဘောမန်းက ရုရှအမြောက်ဆန်ကျည်ဆန်များကို မျက်စိကိုဖွင့် နားကိုစွင့်ထားရင်း ဗိုလ်မှူးဂျက်အား...

"ကျုပ်တို့ ဘာတွေစီစဉ်နေတယ်ဆိုတာ ခင်ဗျားကြားတယ်မဟုတ်လား၊ ကျုပ်တို့ သံချပ်ကာကားနဲ့ တံတားကို ဖြတ်ကူးမယ်"

"ကူးရင် အားလုံး မသာဖြစ်ကုန်လိမ့်မယ်၊ ရုရှအမြောက်တွေက တံတားကို ပစ်မှတ်အဖြစ် ချိန်သားရထားပြီးနေပြီ၊ ဖြတ်ကူးရင် တံတားအလယ်ရောက်တာနဲ့ တစ်ပြိုင်နက် သံချပ်ကာကားက ရုရှအမြောက်စာ ဖြစ်သွားလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်ရမှာပဲ၊ မြစ်ကိုဖြတ်ကူးဖို့ ခင်ဗျားမှာ ဒါထက်ကောင်းတဲ့နည်းများ ရှိနေလား"

"ဒီမေးခွန်းကို တိုက်ရိုက်ဖြေရမှာ မလွယ်ဘူး၊ ဒါပေမယ့် ခင်ဗျားက ဘယ်နေရာသွားချင်တယ်လို့ ပြောရင်တော့ ကျွန်တော်က အဲဒီနေရာထိရောက်အောင် ခေါင်းဆောင်ပြီး ပို့ပေးနိုင်လိမ့်မယ်။

"ဒီမြစ်ရဲ့မြောက်ဘက်ကိုမှ ဘာကြောင့် ဒါလောက်ရောက်နေချင်ရတာလဲ"

ဘောမန်းက ခေါင်းကို ယမ်းပစ်လိုက်သည်။

ဂျက်က...

"ဒီမှာ ကျုပ်က စစ်သား၊ ခင်ဗျားက စစ်သားမဟုတ်ဘူး၊ ဒီတော့ ကျုပ်တို့ရည်မှန်းချက်က ဘယ်ဟာလို့ သိရင် ကျုပ်က အဲဒီရည်မှန်းချက်ကို ရောက်အောင် ခေါ်သွားနိုင်မှာ။

"ခုတော့ ကျုပ်တို့အားလုံး တံတားပေါ်မှာ သေရင်သေ၊ မသေရင် ရုရှ





သုံ့ပန်းစခန်းရောက်၊ ဒါပဲရှိတယ်"

ကင်ပါက သူ့အုပ်စုမှလူများကို ကွက်လပ်ထဲသို့ ခေါင်းဆောင်၍ ခေါ်လာ၏။ လူက ၃၀ ကျော်၊ ၄၀ နီးပါး။ အများအားဖြင့် မိန်းမသားချည်း။

"ဒီမှာ ကျုပ်အလုပ်က ခင်ဗျားကို အသက်နဲ့ကိုယ် အိုးစားမကွဲဘဲ လန်ဒန်အရောက် ခေါ်ဖို့ပဲ၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ ရောက်ရောက်,မရောက်ရောက်ဆိုပြီး ဖြစ်လာတယ်။

"ခင်ဗျားနဲ့ ကျုပ်တို့လူ လေးငါးခြောက်ယောက်က တံတားဟိုဘက်ရောက်ချင်ရောက်သွားနိုင်ပေမယ့် ကျန်တဲ့လူ လေးငါးဆယ်လောက်ကတော့ အမြောက်စာဖြစ်သွားမှာ သေချာတယ်"

"ဒီလိုဖြစ်သွားရင်လည်း အကောင်းသားပဲ၊ သူတို့အမောက်စာဖြစ်နေတုန်း ကျုပ်တို့ဖြတ်ကူးဖို့ အခွင့်ရတာပေါ့၊ မဟုတ်ဘူးလား"

ဘောမန်း၏စကားကြောင့် ဆာယာက ဘုရားကို တလိုက်မိ၏။

ဘောမန်းက...

"အဲဒီဘုရားဆိုကိုပဲ ဘေးမသီရန်မခပဲ တံတားဟိုဘက်ရောက်အောင် ထပ်ပြီး ဆုတောင်းပေါ့ မိန်းကလေးရယ်။

"ကျုပ်ကတော့ ကျုပ်အသက်ရှင်ရေးပဲ ဂရုစိုက်တယ်"

ကင်ပါက လှမ်းအော်လိုက်၏။

"အားလုံးအသင့်ပြင်"

တင့်ကားတပ်ဗိုလ်က တင့်ကားကိုမောင်းကာ တံတားရှိရာသို့ ချီတက်လိုက်၏။ တင့်ကားနောက်နားတွင် လူအုပ်ကြီး။

မာတင်ဘောမန်း၊ ဒေါက်တာနော်မန်း၊ ဟစ်တလာ့ သမားတော်ကြီး တန်ဖက်ဂါ၊ ဟစ်တလာ့ဒရိုင်ဘာကင်ပါ၊ ဟစ်တလာ့လေသူရဲဘော်နှင့် အခြားနာစီထိပ်သီးကြီးနှစ်ယောက်က တင့်ကားနောက်မြီးကို တွဲလွဲခိုလျက်။

သူတို့နောက်မှ ဗိုလ်မှူးဂျက်က ဆာယာ့လက်တစ်ဖက်ကို ဆွဲထားရင်း လိုက်လာသည်။

ဆာယာကို ဗိုလ်မှူးကြီးဒမ်ဗာ၊ ဗိုလ်မှူးဗိုဒါနှင့် ဒုတပ်ကြပ်မက်ကလင်းတို့က သုံးဘက်သုံးတန်မှ ဝိုင်းဝန်းလျက်။

တံတားမြောက်ဘက်ထိပ်သို့ ရောက်သွားသောအခါ ရုရှတို့က တင့်ကားများ ဖြတ်မကူးနိုင်အောင် အတားအဆီးတစ်ခု ပြုလုပ်ထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျင်း နက်နက်ကျယ်ကျယ်တစ်ခု။

သို့သော် ဂျာမန်တင့်ကားမိုလ်က ထိုကျင်းကိုပတ်ကာ လမ်းပေါ်သို့ရောက်အောင် တက်သွားသည်။

ကံကောင်းသည်ဟုပင် ဆိုရမည်။

ဂျာမန်တင့်ကားကို လက်နက်ကြီးတစ်ခုမှ ထိမှန်ခြင်းမရှိ။

သို့သော် ရိုင်ဖယ်နှင့် စက်သေနတ် ကျည်ဆန်ထိပ်ဖူးများကမူ တင့်ကားကိုယ်ထည်ကို လာထိနေသည်။

ဆင်ပြောင်ကို ယင်ကောင်များ ဝိုင်းအုံကိုက်နေသကဲ့သို့။

အတားအဆီးကို လွန်မြောက်လာပြီးနောက် တင့်ကားတပ်မိုလ်က ကိုက် ၃၀၀ အကွာလောက်တွင်ရှိသော ဇီဂယ်လမ်းသို့ အရောက်ချီတက်ရမည်ဖြစ်၏။

ထိုလမ်းတွင် ဂျာမန်မိုလ်ချုပ်ကြီး မိုနစ်၏ လက်ကျန်တပ်စုကလေးများ ထိန်းချုပ်ထားနေဆဲ။

တင့်ကားအရိပ်ကိုခို၍ လိုက်ပါလာသူအားလုံးကပင် ဇီဂယ်လမ်းပေါ်သို့ ချောချောမောမော ရောက်သွားနိုင်ကြလိမ့်မည်ထင်နေကြ၏။

သို့သော်...

ရုရှတင့်ကားပစ်သမားတစ်ယောက်က ဖမ်းမိထားသော ဂျာမန်တင့်ကားတစ်စီး တင့်ကားပစ် လက်နက်ကိုသုံးကာ ဇီဂယ်လမ်းဆီသို့ ချီတက်နေသည့် ဂျာမန်တင့်ကားကို ပစ်ထည့်လိုက်၏။

ချက်ကောင်းကို အထိခံလိုက်ရသဖြင့် ဂျာမန်တင့်ကား 'တိုက်ဂါး'အကျယ်လောင်စွာမြည်ဟည်း ပေါက်ကွဲသွားသည်။ မီးတောက်မီးလျှံများက အံ့တံခါးမှ ထွက်ပေါ်လာသည်။

တင့်ကားတပ်မိုလ်နှင့် အထဲတွင်ပါသူအားလုံး အသက်ပျောက်သွားကြသည်။

တင့်ကားအရိပ်ကိုခို၍ လိုက်ပါလာသူများကမူ ဒဏ်ရာအနည်းငယ်သာရကြ၏။

သို့သော် ရုရှစက်သေနတ်နှင့် ရိုင်ဖယ်ကျည်ဆန်ထိပ်ဖူးများက တင့်ကားနောက်ပိုင်းသို့ မိုးရွာသလို တဖွဲဖွဲကျလာပြန်၏။

အချို့က တံတားနောက်ဘက်သို့ ပြန်ပြေးကြပြီး အချို့ကမူ နောက်ဘက်မှ တင့်ကားနှင့် သံချပ်ကာကားငါးစီး၏ အရိပ်ကို ဆက်၍ခိုနေကြ၏။





ရုရှတို့တူးထားသည့် တင့်ကားအတားအဆီးကိုမူ တိုက်ဂါးတင့်ကားနှစ်စီးနှင့် သံချပ်ကာကားသုံးစီးက ကျော်တက်၍မရ။

ဟစ်တလာ့ဒရိုင်ဘာကင်ပါက တင့်ကားနောက်မှ ကျန်နေသည့်လူအုပ်ကို တစ်နေရာတွင်ချန်ထားခဲ့ပြီး အလစ်တွင် ထွက်ပြေးရန် ကျိတ်၍ ဆုံးဖြတ်လိုက်သည်။

ဟစ်တလာ့ လေသူရဲ ဘိစ်တွင် အုတ်ဆက်၌ ဒဏ်ရာရသွားသည်။

ဒုတိယခေါင်းဆောင်ကြီး ဘောမန်းနှင့် ဟစ်တလာ့သမားတော်ကြီး စတန်ဖက်ဂါတို့နှစ်ယောက်က ရှေ့တင့်ကားပေါက်ကွဲသည့်အရှိန်ဖြင့် လမ်းပေါ်သို့ ထိုးကျသွားကြ၏။

သို့သော် ပွန်းပဲ့ရုံအပြင် ဒဏ်ရာကြီးကြီးမားမားမရ။

ဂျက်၊ ဒမ်ဇာနှင့် မိုအာတို့တွင် ဒဏ်ရာလုံးဝမရ။

သို့သော် ဆာယာတွင်မူ ဘယ်ဘက်မျက်စိအထက်ဘက်၌ ရှရာတစ်ခု ရသွားသည်။

ဒုတပ်ကြပ်မက်ကလင်းက ခြေတစ်ဖက် ထော့နဲ့ထော့နဲ့ဖြစ်နေသည်။ သို့သော် အရေးမကြီးပါဟု သူကပြောလိုက်သည်။

သည်ပုံစံအတိုင်း ချီတက်၍ ခရီးရောက်နိုင်မည်မဟုတ်ဟု ဂျက်က ဆုံးဖြတ်လိုက်ပြီး ဘောမန်းအား သမားတော်ကြီးနှင့် စကားပြောနေရာမှ ခေါ်ထုတ်လာ၏။

ခပ်လှမ်းလှမ်းရောက်လာမှ ဂျက်က စကားစလိုက်သည်။

"ကျုပ်တို့တော့ ရှင်းရှင်းနဲ့ ပြတ်ပြတ်ပြောဖို့ အချိန်ရောက်လာပြီ"

တပ်သားကလေးတစ်ယောက်ကို ပြောသလို ဂျက်က ဒုတိယခေါင်းဆောင်ကြီးအား ပြောနေ၏။

"ကျုပ်တို့က ခင်ဗျားအစီအစဉ်အတိုင်း ချီတက်လာခဲ့ကြတယ်၊ ဒါပေမယ့် ခင်ဗျားအစီအစဉ်က ခရီးမတွင်ဘူး၊ ခရီးမတွင်တဲ့အပြင် သေတွင်းနဲ့လည်း သိပ်နီးနေတယ်"

တပ်သား၊ တပ်မိုလ်၊ တပ်မှူးတစ်ယောက်ယောက်က ဤသို့ ပြောဆိုဆက်ဆံပုံမျိုးကို ကြုံရလေ့မရှိသော မာတင်ဘောမန်းအဖို့ သည်းမခံနိုင်လောက်အောင် ဖြစ်သွားသည်။

ပြီးမှ မိမိသည် ဒုတိယခေါင်းဆောင်ကြီး မဟုတ်တော့ကြောင်း သတိထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိကာ အလိုက်သင့် ပြန်ပြောလိုက်၏။

"ပြောလေ...ကျုပ် နားထောင်နေတယ်"

"နားထောင်ရုံမက ကျုပ်ပြောတဲ့အတိုင်းလည်း လိုက်လုပ်ရလိမ့်မယ်"

ဂျက်က ခပ်ထန်ထန်။

"ခင်ဗျား ဘယ်ကိုသွားမယ်၊ ဘာကြောင့် သွားရမယ်ဆိုတာ ကျုပ်ကိုရှင်းပြရမယ်၊ ရှင်းမပြရင် ခင်ဗျားကို ကျုပ်တို့ ဒီမှာပဲထားပစ်ခဲ့မယ်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ စာရွက်စာတမ်းတွေကိုတော့ ကျုပ်တို့ပဲ ယူသွားမှာပဲ"

"ကျုပ်ကို ဒီလိုခြိမ်းခြောက်မနေစမ်းနဲ့"

ဘောမန်းက တိုးသော်လည်း စူးရှသည့်အသံဖြင့် စကားဆိုနေသည်။

"ကျုပ်က စကားတစ်ခွန်းဟလိုက်တာနဲ့ ခင်ဗျားတို့တစ်ဖွဲ့သားလုံး သစ္စာဖောက်တွေအဖြစ် အသတ်သင်ခံရမယ်ဆိုတာ သတိထားစမ်းပါ၊ ခင်ဗျားတို့သေသွားတော့မှ အဲဒီစာရွက်စာတမ်းတွေကို ကျုပ်ယူလိုက်ရင် သိပ်ဖြစ်တာပေါ့"

"ခင်ဗျား မှားနေပြီ ဘောမန်း၊ ခင်ဗျားပါးစပ်ဟဖို့ပြင်လိုက်တာနဲ့ ခင်ဗျားဗိုက်ထဲကို ကျည်ဆန်တွေ အကပ်လိုက်ရောက်သွားလိမ့်မယ်"

လှုံ့ကဲခတ်မမှားတတ်သော မာတင်ဘောမန်းက...

"ကဲ...ပြောစရာရှိတာ ဆက်ပြောစမ်းပါ"

"ခုအချိန်ကစပြီး စစ်နဲ့သက်ဆိုင်တဲ့ အဆုံးအဖြတ်မှန်သမျှ ကျုပ်လုပ်မယ် ခင်ဗျား မလုပ်ရဘူး"

"ခင်ဗျားက ဘယ်နေတာကို အရောက်သွားမယ်ဆိုရင် အဲဒီနေရာရောက်အောင် ကျုပ်ပို့မယ်၊ ကျုပ်တို့အသက်ကို စစ်ရေးနဲ့ပတ်သက်လို့ ဘာမှနားမလည်တဲ့ လူပြိန်းတစ်ယောက်လက်ထဲမှာ ဝကွက်ပြီး အပ်မထားနိုင်ဘူး"

ဘောမန်းမျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး...

"မင်းက ကျုပ်ကို ဒီလိုပြောရဲလား...ဟင်"

"ဒီအနီးအနားမှာ နာဇီပါတီရဲ့ ဒုတိယခေါင်းဆောင်ကြီးရဲ့ အရည်အချင်းနဲ့ ပြိုင်ရဲတဲ့ ဗြိတိသျှအရာရှိ သိပ်များများရှိမှာမဟုတ်ပါဘူး"

"ဆုငွေအထုတ်ခံထားရတဲ့ မင်းလို စစ်ရာဇဝတ်ကောင်တစ်ကောင်ကို ကျုပ်က ဘာလို့မပြောရဲရမှာလဲ။

"ဒီတော့ ကျုပ်ကို ဘယ်သွားချင်တယ်၊ ဘာကြောင့်သွားချင်တယ်ဆိုတာ ပြောထား၊ အဲဒီအရောက်ပို့ဖို့က ကျုပ်တာဝန်"





ဘောမန်းက...

"ဒီလိုပြောဖို့ကလည်း မြေပုံကြည့်ပြီး ပြောမှဖြစ်မှာ"

"ဒါဖြင့်လည်း မြေပုံထုတ်ကြည့်ပြီး ပြောပေါ့"

"ဒီလောက်လူတွေရှေ့မှာ ကျုပ်တို့က မြေပုံထုတ်ပြီး ပြောနေရင် လူတွေဝိုင်းလာပြီး သူတို့ပါ ကျုပ်တို့နဲ့လိုက်မယ်လို့ ပြောလာကြတော့မှာပေါ့"

"ဒါဖြင့်လည်း ဒီလူတွေ မောင်းထုတ်ဗျာ၊ ဒါမှမဟုတ်လည်း သူတို့ကိုထားပစ်ခဲ့"

"ခင်ဗျား နားမလည်ပါဘူးဗျာ"

ဘောမန်းက ညည်းညည်းတွားတွား စကားဆိုနေသည်။

"ကျုပ်က သူတို့ခွဲပြီးထွက်သွားဦးတော့၊ ဒီလူတွေက ကျုပ်ကို ဟစ်တလာ့ကိုယ်ရံတော် သံချပ်ကာကားတပ်က အရာရှိတစ်စုနဲ့ ထွက်သွားတာ တွေ့လိုက်ပါတယ်လို့ ရုရှတွေဆီမှာ သက်သေခံမယ့်လူက တစ်ပုံကြီးရှိနေမှာ။

"ဒီတော့ ကျုပ် မသေဘဲနဲ့ ပျောက်နေတယ်ဆိုတာ ရုရှတွေသိသွားတော့မှာပေါ့"

ဘောမန်း၏ စောဒကတက်ချက်က မှန်သောကြောင့် ဗိုလ်မှူးဂျက်က စိတ်ထဲမှ ဝန်ခံလိုက်၏။

ဟစ်တလာ့ကိုယ်ရံတော် သံချပ်ကာကားတပ်က ဩစတြေးလျသို့ ရောက်နေပါလျက် ထိုတပ်မှ ဗိုလ်မှူးအဆင့်ရှိသူတစ်စုက ဘာလင်တွင် အဘယ်ကြောင့်ရောက်နေသလဲဟု သံသယဝင်လာကြမည် မလွဲ။

အတန်ကြာမှ ဘောမန်းက...

"ခင်ဗျားသိချင်တာကို ကျုပ်ပြောမယ်၊ ခုတော့ မဟုတ်သေးဘူး၊ ကျုပ်တို့ချည်း ကျန်တော့တဲ့အချိန်၊ ကျေနပ်ရဲ့မဟုတ်လား"

ဂျက်က ခေါင်းညိတ်သည်။

"ဘောမန်းက ဟစ်တလာ့သမားတော်ကြီးနှင့် ဒရိုင်ဘာတို့နှင့် သွားညှိရာမှ ပြန်လာပြီး...

"ကင်ပါကတော့ ကိုယ်လွတ်ရုန်းတော့မယ် ပြောတယ်၊ ကျန်တဲ့လူတွေ ကတော့ ကျုပ်တို့နဲ့အတူ မီးရထားလမ်းအတိုင်း လီဟက်တာ ဘူတာအရောက် ခရီးဆက်မယ်၊ အဲဒီဘူတာရောက်မှ လူစုခွဲမယ်၊ လူစုကလေးတွေအဖြစ် တစ်လမ်းစီသွားကြတာက ပိုပြီးလုံခြုံမှုရှိမယ်လို့ ဆုံးဖြတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သမားတော်ကြီး စတန်ဖက်ဂါကတော့ ကျုပ်နဲ့ပဲ အတူလိုက်မယ်လို့ ပြောနေတယ်"

"ဒါဖြင့် သူ့ကို မလိုက်ချင်အောင်ပြောပြပေါ့"

"ပြောလို့ကိုမရဘူး၊ သူက ကျုပ်ကိုပဲ တွယ်လိုက်နေတယ်၊ ဒါပေမယ့် သူက ကျုပ်ဘယ်ရောက်သွားတယ်ဆိုတာ ပြောပြမယ့်လူစားမျိုး မဟုတ်ပါဘူး"

နောက်ဆုံးစကားအဓိပ္ပာယ်ကို ဂျက်က မေးရန် ဟန်ပြင်လိုက်စဉ် ဘောမန်းက သမားတော်ကြီးတို့ လူစုရပ်နေရာသို့ ထွက်သွားသည်။

သမားတော်ကြီးတို့လူစုတွင် သက်ကြီးရွယ်အို အမျိုးသမီးကြီးများ ပါနေသလို၊ ဆယ်ကျော်သက်လွန်ပြီးစ အမျိုးသမီးကလေးများလည်း ပါနေ၏။

ကိုယ်လွတ်ရုန်းကြရသောအခါ ဤအမျိုးသမီးကလေးများ၏ ကံကြမ္မာကမည်သို့နေပါမည်လဲ။

သူတို့အဖြစ်က သားသတ်သမား၏ အနံ့ကိုရနေသော သားကောင်များလို။

ဆာယာက အမျိုးသမီးများဘက်မှ မျက်နှာကို တခြားသို့လွှဲပစ်လိုက်ရ၏။ သူကကော ဘာများတတ်နိုင်ပါဦးမည်နည်း။

"ဟော...သူတို့အုပ်စုက ရှေ့ကသွားနှင့်ပြီ"

ဗိုလ်ကြီးဒမ်ဗာက ဂျက်အား သတိပေးလိုက်၏။

▲



[ ၅၆ ]

ရထားလမ်းအထိုင်း လီဟက်တာဘူတာသို့ သွားရသည့်ခရီးမှာ ထင်ထားသည်ထက်ပင် လွယ်နေလေသည်။

ဘာလင်မြို့တော်တစ်ခုလုံး ပစ်သံခတ်သံများဖြင့် တအုန်းအုန်းဆူညံနေသော်လည်း ရထားလမ်းတစ်လျှောက်တွင် ရုရှစစ်သားတစ်ယောက်မျှမတွေ့ရ။

တစ်ဦးချင်း၊ တစ်စုချင်း၊ ခြေကျင်ထွက်ပြေးနေသူများကို လိုက်ဖမ်းရန်ထက် မြို့တော်တစ်ခုလုံးကို သိမ်းယူရန် ရုရှစစ်သူကြီး ဇူကော့ဗ်က ကြိုးပမ်းနေသည်။

လီဟက်တာဘူတာသို့အသွားတွင် ဟစ်တလာ့လေသူရဲဘိဇ်က ကိုယ်လွတ်ရုန်း၍ ပြေးသွားသည်။ သူ့ကို နောက်ထပ်မတွေ့ရတော့။

ဘူတာရုံသို့ရောက်သောအခါ လူစုကို ထပ်၍ခွဲလိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် ခွဲခွာခါနီး နှုတ်ဆက်ကြခြင်းမရှိ။

အားလုံးပင် စိုးတထိတ်ထိတ်ဖြစ်နေကြသဖြင့် လက်ဆွဲနှုတ်ဆက်ရန်ပင် သတိမရကြ။

ဘူတာတစ်ဝိုက်တွင် တိတ်ဆိတ်လျက်။

သို့သော် ရုရှ စနိုက်ပါတစ်ယောက်ယောက်၏ သေနတ်မှ မီးပွင့်၍ထွက်လာမည်လား၊ ရုရှတင့်ကားတစ်စီးစီး ရုတ်ခြည်းပေါ်လာလေမည်လားဟု ကြောက်နေကြရသည်။

ဆရာဝန်နော်မန် ခေါင်းဆောင်သော အစုတစ်စုက အနောက်ဘက်သို့ ဦးတည်၍ ထွက်သွားပြီးနောက် ဘောမန်းက သမားတော်ကြီးကိုပါခေါ်ကာ အရှေ့ဘက်သို့ ထွက်ခွာသွားသည်။

လှမ်းလှမ်းမှ ဂျက်တို့အဖွဲ့သား။

အရှေ့ဘက်တွင် စတက်တင်းနားဘူတာ။



www.burmeseclassic.com

www.burmeseclassic.com



သည်ဘူတာရှိရာ လမ်းတစ်လျှောက်တွင် ရုရှတပ်များရှိနေကြောင်း ဂျက်က သိထားသည်။

ရန်သူရှိနေသည့်ဘက်ကိုမှ ဘောမန်းက ဘာကြောင့်ဦးတည်နေရသလဲ။

ဘောမန်းက အနောက်ဘက်သို့ ဦးတည်သွားသူများ ပြန်လှည့်လာတော့မည်မဟုတ်ဟု စိတ်ချရလောက်သည့် အချိန်ရောက်လာတော့မှ လှမ်းလှမ်းရှိ ဂျက်တို့လူစုအား ခေါ်ယူလိုက်၏။

အမှောင်ရိပ်ကိုခိုကာ ခပ်သုတ်သုတ်ကလေး ချီတက်လိုက်သောအခါ ရထားလမ်းနှင့် ကားလမ်းဆုံရာသို့ ရောက်လာခဲ့ကြ၏။

ရထားလမ်းပေါ်တွင် ပက်လက်ကြီး အသက်ပျောက်နေသော ဟာစ်တလာ့သမားတော်ကြီး စတန်ဖက်ဂါကို တွေ့လိုက်ကြရလေသည်။

သေသူ၏မျက်စိများက ပြူးကျယ် ကြောက်လန့်လျက်။

ဘောမန်းလက်ထဲတွင် ယမ်းငွေ့မပြယ်သေးသည့် ပစ္စတိုတစ်လက်။ သမားတော်ကြီး မည်သူ့လက်ချက်ဖြင့် အသက်ပျောက်သွားရကြောင်း မေးစရာမလိုအောင် သရုပ်ဆောင်ထားပြီးသား။

ဝန်းကျင်တစ်လျှောက်တွင် သေနတ်သံ ညံမစဲ။

သို့ဖြစ်၍လည်း ဘောမန်းပစ်လိုက်သည့် သေနတ်သံကို ဂျက်တို့ သတိမထားမိလိုက်ခြင်း ဖြစ်ပေမည်။

ဂျက်တို့အဖွဲ့တွင် ဆာယာမှလွဲလျက် သွေးအေးအေးဖြင့် သတ်ဖူးသူချည်း။

သို့တိုင်အောင် အချင်းချင်း သွေးအေးအေးဖြင့် သတ်ဖူးခြင်းမရှိ။

စတန်ဖက်ဂါသည် ဟာစ်တလာ့သမားတော်ကြီး ဖြစ်ရုံမက နာဇီ ထိပ်တန်းအရာရှိကြီးလည်း ဖြစ်သည်။

နာဇီထိပ်သီးအရာရှိကြီးတစ်ဦးအား နာဇီပါတီ၏ ဒုတိယခေါင်းဆောင်ကြီးဖြစ်သူ ဘောမန်းက သွေးအေးအေးဖြင့် နောက်ကျောကို ပစ်သတ်ရက်ခြင်းမှာ ရက်စက်လွန်းသည်နှင့်အမျှ ယုတ်မာရာတွင်လည်း ကမ်းကုန်သလောက်။

ဂျက်အပါအဝင် အဖွဲ့သားအားလုံးပင် ဘောမန်းအား ပစ်သတ်ချင်စိတ်ပေါက်နေကြ၏။

ဤအချက်ကို ကွက်ခနဲ သတိပြုလိုက်မိသော ဂျက်က အဖွဲ့သားများ အာရုံပြောင်းသွားစေရန် ဘောမန်းဘက်သို့ မျက်နှာမူလိုက်ပြီး...

"ခင်ဗျားက ရန်သူတွေရှိနေပါတယ်ဆိုတဲ့ အရှေ့ဘက်ကို ဘာဖြစ်လို့





သွားနေရတာလဲ"

ဘောမန်းက 'ဘာမှမတတ်နိုင်'ဟု ဆိုလိုသည့်အမူအရာဖြင့် လက်နှစ်ဖက်ကို ဘေးသို့ဖြန့်ကားပြလိုက်ရင်း...

"ကျုပ်က ဘာများလုပ်နိုင်ဦးမှာလဲ၊ ဟိုဆရာဝန်ခေါင်းဆောင်တဲ့ အဖွဲ့က အနောက်ဘက်ကို ဦးတည်ပြီးသွားတယ်၊ ကျုပ်တို့က သူတို့နဲ့ဆန့်ကျင်တဲ့ဘက်ကို ဒီလိုမလာခဲ့ရင် သူတို့လူစုနဲ့ ဘယ်တော့မှ ကွဲသွားနိုင်တော့မှာလဲ"

ဂျက်က ဘောမန်း၏အကြောင်းပြချက်ကို လက်ခံလိုက်ရသည်။

နောက်နှစ်နာရီခန့်ကြာလျှင် မိုးလင်းလာတော့မည်ဖြစ်ရာ မိမိတို့လူစုချည်းရှိနေရန် ဤသို့ လမ်းခွဲထွက်မှ ဖြစ်ပေတော့မည်။

"ကျွန်တော်တို့ အလုပ်သမားဝတ်စုံတွေ လဲဝတ်လိုက်ရင် မကောင်းဘူးလား"

ဗိုလ်မှူးဗိုဒါက အကြံပြုလိုက်ခြင်း။

"စဉ်းစားစရာတော့ ရှိနေတယ်။

"ရုရှတွေက ဘာလင်ကိုဝိုင်းထားပြီးတဲ့နောက် ဂျာမန်ဆိုရင် အရပ်သားရော၊ စစ်သားပါ ဘယ်သူ့မှမရှောင်ဘဲ စစ်လားဆေးလား လုပ်လာတော့မယ်၊ ဒီတော့ ခုအချိန်မှာ ဂျာမန်ယူနီဖောင်းကို ချွတ်လိုက်လို့ သိပ်မထူးသေးဘူး။

"ဒုတိယအချက်အနေနဲ့ ကျုပ်တို့ ယူနီဖောင်းချွတ်လိုက်ရင် လက်နက်တွေကိုပါ စွန့်မှဖြစ်တော့မယ်၊ ခုအချိန်မှာ ကျုပ်တို့မိတ်ဆွေဟာ လက်နက်တွေပဲ။

"တတိယအချက်အနေနဲ့ ပစ်သံခတ်သံတွေ ကြားနေတဲ့အတိုင်းဆိုရင် ဘာလင်တိုက်ပွဲက မပြီးသေးဘူး၊ ဟာစ်တလာကိုဆက်ခံတဲ့ လူတစ်ယောက်ယောက်က လက်နက်ချကြလို့ဆိုမှ တိုက်ပွဲပြီးသွားမှာ။

"ဒီတော့ ကျုပ်တို့က ယူနီဖောင်းမချွတ်ဘဲ ဂျာမန်တင့်ကားတစ်စီးစီးနောက်က အရိပ်ခိုလိုက်သွားရင် ရနိုင်သေးတယ်။ ဒါကြောင့် ကျုပ်တို့ဟာ နေ့မှာ မှောင်ခိုနေပြီး ညကျမှ ခရီးထွက်ရမယ်။ ဒီတော့ အလုပ်သမားဝတ်စုံ လဲဝတ်ဖို့ အခု မလိုသေးဘူး။

"ကဲ...မိုးလည်းလင်းလာတော့မှာ ဖြစ်တဲ့အတွက် နေ့မှာ ချောင်းခိုနေဖို့ နေရာကောင်းကောင်းတစ်ခု ရှာရအောင်"

အပျက်ပျက် အပြိုပြိုဖြစ်နေသော ကုန်လှောင်ရုံတစ်ရုံကို ရထားဘူတာနှင့် လှမ်းလှမ်းတွင် တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်က ဗိုလ်ကြီးဒမ်ဇာနှင့် ဒုတပ်ကြပ်မက်ကလင်းတို့အား ကုန်လှောင်ရုံ တစ်ဝိုက် ရန်သူ့အခြေအနေကို ထောက်လှမ်းရန် စေလွှတ်လိုက်သည်။

ဂျာမန်တပ်များလည်းမရှိ၊ ရုရှတပ်များလည်း ရောက်မလာဟု သိရသည့် အတွက် ကုန်လှောင်ရုံပျက်တွင်ပင် အောင်းနေရန် ဆုံးဖြတ်လိုက်၏။

ဘာလင်မြို့တော်အနောက်ဘက်နှင့် အဓိပတိရုံးရှိရာတစ်ဝိုက်တွင် တိုက်ပွဲပြင်းထန်နေသည့် အသံဗလံများက ပေါ်ထွက်နေသည်။

ဟစ်တလာ၏ အက်စ်အက်စ် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များက တစ်ယောက်တည်းကျန်သည်အထိ အလံမလှဲဘဲ တိုက်ပွဲဝင်နေကြမည်မှာ ယုံမှားစရာမရှိ။

ဗိုလ်မှူးဂျက်က ဒမ်ဇာနှင့် မက်ကလင်းတို့နှစ်ယောက်ကိုပင် တာဝန်ပေးထားလိုက်ပြီး မာတင်ဘောမန်းနှင့် ဆက်၍ စကားဆိုနေသည်။

ဒုတိယခေါင်းဆောင်ကြီးဘောမန်းက အောက်ခံ ကိုယ်ကျပ်အင်္ကျီအောက်မှ စာရွက်စာတမ်းများထည့်ထားသည့် သားရေအိတ်တစ်အိတ်ကို ထုတ်ယူလိုက်သည်။

အိတ်က ဖောင်းလျက်။

သည်အိတ်ထဲတွင် ဗြိတိသျှအထူးစစ်ဆင်ရေးအရာရှိဂရင်းလေးနှင့် အမေရိကန် ထောက်လှမ်းရေးမှူး အလန်ဒါးလ်စ်တို့အဖို့ အထူးစိတ်ဝင်စားစရာ စာရွက်စာတမ်းများ ပါရှိလာမည်မှာ အမှန်။

သို့သော် ဂျက်အဖို့ လောလောဆယ် လိုချင်နေသည့်အရာက မာတင်ဘောမန်း၏ ခရီးစဉ်မြေပုံအညွှန်း။

ဘောမန်းက အိတ်ထဲမှမြေပုံကြမ်းကို ထုတ်လိုက်၏။ ဆာယာက ခဲတံတစ်ချောင်းလောက်သာရှိသည့် လက်နှိပ်ဓာတ်မီးကလေးဖြင့် မီးထိုး၍ပြနေသည်။

ဘာလင်အနောက်ပိုင်းနှင့် အလယ်ပိုင်းကို ဆွဲထားသည့် မြေပုံကြမ်း။

ဤဒေသအတွင်းရှိ ခရီးလမ်းများကို တိကျစွာဖော်ပြထားသည်။

ဟောဗယ်ရေအိုင်နှင့် အိုင်ကြီးအတွင်းရှိ ကျွန်းနှစ်ကျွန်း၏ တစ်စိတ်တစ်ပိုင်းကိုလည်း မြေပုံကြမ်းတစ်နေရာတွင် ကွက်၍ ရေးဆွဲထားသည်။

ဂျက်တို့ရောက်နေသည့် ကုန်လှောင်ရုံအပျက်မှ ဟောဗယ်ရေအိုင်အထိ ခရီးက ၁၅ မိုင်မှ ၁၈ မိုင်ထိဝေးမည်ဟု ခန့်မှန်းမိကြ၏။

သာမန်အခြေအနေအရ လေးငါးနာရီအတွင်း ရောက်ရှိနိုင်သည့်ခရီး။ သို့သော် အခြေအနေက သာမန်မဟုတ်။ တိုက်ပွဲပြင်းထန်နေသည့် အခြေအနေ။





ဟောဗယ်ရေအိုင်ကြီးထဲရှိ ကျွန်းတစ်ကျွန်းပေါ်သို့ရောက်အောင် ရုရှတပ်နီတော် တစ်ခုလုံးကို ဖြတ်၍သွားရတော့မည်ကဲ့သို့ ဖြစ်နေသည်။

“အဲဒီကျွန်းပေါ်ကို ဘယ်တော့အရောက်သွားရမှာလဲ”

ဆာယာ့အမေး။

ဘောမန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

“နက်ဖြန် ဒီလိုအချိန်၊ ပိုပြီးတိကျအောင်ပြောရရင် မေလသုံးရက်နေ့ မနက် လေးနာရီ”

“ခင်ဗျား ရူးများနေသလားဗျာ”

ဗိုလ်မှူးဖိုဒါက ဝင်၍မှတ်လိုက်သည်။

“ဖိုဒါရေ...ခဏ တိတ်တိတ်နေစမ်းပါ”

ဂျက်က စိတ်ကိုရှည်ရှည်ထား၍ ဖိုဒါအား မေတ္တာရပ်ခံလိုက်သည်။ သူ့မှာ ဘောမန်းအား မေးစရာတွေတစ်ပုံကြီး၊ ကြားကတစ်ယောက်ယောက် ဝင်ရှုပ်မနေစေချင်။

“ခင်ဗျား ခရီးစဉ်က ဘယ်လိုလဲ၊ မြေပုံညွှန်းအရ ကျွန်တော်တို့က ဘာလင်မြို့ အနောက်တောင်ဘက်ကို သွားရမှာ၊ ခုသွားနေတာက အရှေ့မြောက်ဘက်။

“ဒီလိုဖြစ်ရတာ အခြေအနေက တွန်းပို့လိုက်လို့ပဲ”

ဘောမန်းက အဖြေပေးနေ၏။

“မူလခရီးစဉ်က စပရီမြစ်ပေါ်ကတံတားကို ဖြတ်ကူးမယ်၊ ပြီးရင် မိုနစ်ရဲ့ တိုက်ခိုက်ရေးတပ်ဖွဲ့ကလေးတွေနဲ့ အဆက်အသွယ်ယူ၊ ယူပြီးရင် သူတို့နဲ့အတူ အင်ဗာလီဒင်လမ်းအတိုင်း အနောက်ဘက်ကို ချီတက်။

“ဒီလိုချီတက်ရင်း တိုင်ယာဂါတန်လမ်းကို ကွေ့ရှောင်ပြီး ဘတ်စမတ်လမ်း ဘက်မှာရှိတဲ့ အရှေ့၊ အနောက် ဝင်ရိုးလမ်းကိုရောက်အောင်သွား။

“အဲဒီမှာ အခြေအနေကြည့်ပြီး ကိုင်ဇာတန်လမ်းက တိုက်ရိုက်သွားနိုင်ရင် သွား၊ မသွားနိုင်ရင် နိုင်ငံတော်ကစားဝင်းကြီးကို တစ်ပတ်ပတ်ပြီးသွား။

“ဘယ်လိုပဲသွားသွား၊ နောက်ဆုံးမှာ ပစ်ခဲလ်ဒေါ့ဖ်တံတားကြီးကိုတော့ ရောက်မှာပဲ။

“အဲဒီတံတားကြီးကနေ ဟောဗယ်ရေအိုင်ကြီး ကမ်းဘေးတစ်လျှောက် အတိုင်း လိုက်ရင်လိုက်၊ ဒါမှမဟုတ် မော်တော်ကလေးတစ်စီး ခိုးယူပြီး ရောက်



www.burmeseclassic.com

www.burmeseclassic.com



နင်ဆယ်ကန်းအထိ ရောက်အောင်သွား၊ ဒါက မူလအစီအစဉ်"

ဤတွင် ဖိုဒါက ကြားဝင်လာပြန်ကာ...

"ဒါကို အစီအစဉ်လို့ခေါ်လားဗျ၊ ခင်ဗျားနဲ့ မိုနစ်ရဲ့ တိုက်ခိုက်ရေး အဖွဲ့ကလေးတွေ ပေါင်းပြီး ချီတက်လာတာကို ရုရှတပ်တွေက လမ်းပြပုလိပ်လုပ်ပြီး လမ်းပြပေးနေမယ် ထင်လို့လား။

"ဒါလောက်ရူးတဲ့အစီအစဉ်မျိုးကို ကျုပ်တော့ တစ်ခါမှ မကြားဖူးပါဘူးဗျာ"

ဂျက်က ဖိုဒါအား ဆိတ်ဆိတ်နေရန် တောင်းပန်ရပြန်၏။

ဖိုဒါဝင်ရှုပ်နေသဖြင့် စဉ်းစားဖို့အချိန်ပင် မရနိုင်။

ဘောမန်းပြောပြသည့်စကားများကို 'ဘာကြောင့်'ဟူသော အမေးလက္ခဏာများဖြင့်မေးရန် ဂျက်တွင် အများကြီးရှိနေ၏။

"ဘာကြောင့် ယောဗယ်အိုင်ကြီးဘက်သို့ လာရသလဲ။

"ဘာကြောင့် ပရော်နင်ဆယ်ကျွန်းကိုမှ အရောက်လာရမလဲ။

"ဘာကြောင့် သုံးရက်နေ့ မနက်လေးနာရီအရောက် လာရမလဲ။

ဂျက်၏မေးခွန်းကို ဘောမန်းက တိုတိုပင် အဖြေပေးလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ အဲဒီကျွန်း၊ အဲဒီအချိန်မှာ ကျုပ်တို့ကို ရှေ့ဆက်ပြီး ခေါ်သွားဖို့ **လမ်း**ပြတစ်ယောက် စောင့်နေမှာမို့လို့"

ဂျက်က မကျေနပ်ဘဲ ထပ်မေးနေပြန်၏။

"ဘာလမ်းပြလဲ၊ လမ်းပြက ကျုပ်တို့ကို ဘယ်ခေါ်သွားမှာလဲ"

"ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်ပြောထားတာကတော့ ဒီအတိုင်းပဲ၊ ကျုပ် ...အဲ..,ကျုပ်တို့က ပရော်နင်ဆယ်ကျွန်းရဲ့ မြောက်ဘက်ပိုင်းအငူမှာ မေလ ၃ ရက်နေ့ မနက်လေးနာရီမှာ အသင့်စောင့်နေရမယ်တဲ့"

"**ပြောထားတာ**...ဟုတ်လား၊ ဘယ်သူကပြောထားတာလဲ"

သည်အမေးကို ဘောမန်းက မဖြေ။

တကယ်တော့ ဖြေစရာလည်းမလို။

ဂျက်နှင့် ဆာယာက ပြောထားသူမှာ ဂရင်းလေးမှအပ မည်သူမျှမဖြစ်နိုင်ကြောင်း သိနေကြသည်မဟုတ်လား။

**ပြောထားသူ**၏အမည်ကို မာတင်ဘောမန်းကိုယ်တိုင် သိချင်မှသိမည်။ သိဦးတော့ နာမည်ဝှက်ဖြင့်သာ သိနေမည်။

စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲရာ၌ စစ်ဆင်ရေးအဖွဲ့တွင် ပါဝင်သူအားလုံးကို





မဆိုထားနှင့် ခေါင်းဆောင်လုပ်မည့်သူကိုပင် လိုအပ်သမျှသာ ပြောထားတတ်သည် မဟုတ်လား။

ဤသို့ပြောမထားသည့်အတွက် မပေါက်ကြားသင့်သည့်စကားများ မပေါက်ကြားဘဲ လျှို့ဝှက်မြဲ လျှို့ဝှက်စွာရှိနေနိုင်သည်။

ဤအချက်မှန်ကန်ကြောင်း ခဏအကြာတွင် ထင်ရှားလာတော့သည်။

"သိပ်စိတ်ဝင်စားစရာကောင်းလှပါကလားဗျို့"

အသံတစ်သံက ဆာယာ၊ ဂျက်၊ ဘောမန်းနှင့် ဖိုဒါတို့ ဝိုင်းထိုင်နေရာနောက်မှ ပေါ်ထွက်လာသည်။

ထိုအသံရှင်ကပင် ဆက်၍ စကားဆိုလိုက်သည်။

"ဒါပေမယ့် ကျုပ်တို့ရဲ့ ဒုတိယခေါင်းဆောင်ကြီးကတော့ ယောဗယ်ရေအိုင်ကြီးနားကို သွားရတော့မယ်မဟုတ်ဘူးလို့ ပြောရတာ ဝမ်းနည်းပါတယ်ဗျာ"

ဗိုလ်မှူးဂျက်က အသံလာရာဘက်သို့ တဖြည်းဖြည်းပင် လှည့်ကြည့်လိုက်၏။

အသံရှင်က နေရာယူပြီးသား။ လက်ထဲတွင်လည်း အမ်ပီ ၃၈ မှရှင်ပစ္စတိုကို အသင့်အနေအထားဖြင့် ကိုင်လျက်။

အသံရှင်၏ သေနတ်ပစ်ကွင်းအတွင်းတွင် ဝိုင်းထိုင်နေသူလေးယောက်အပြင် ရပ်နေသော ဒုတပ်ကြပ်မက်ကလင်းပါ တည့်တည့်ကြီး ပါဝင်နေသည်။

အသံရှင်က ဗိုလ်ကြီးဒမ်ဗာ။

▲



www.burmeseclassic.com

www.burmeseclassic.com



# အပယ်

[ ၁၇ ]

ကုန်လှောင်ရုံအပျက်ထဲတွင် တိတ်ဆိတ်ခြင်းက ကြီးစိုးလျက်။

တိတ်ဆိတ်ခြင်းက ထာဝရပင်ကြီးစိုးနေမည်ဟု ထင်နေရ၏။

သို့သော် တိတ်ဆိတ်ခြင်းက စက္ကန့် ၆၀ ပင်မကြာ။

ပထမဆုံး အသံထွက်လာသူက ဗိုလ်မှူးဖိုဒါ။

"ဘာတွေဖြစ်နေကြတာလဲဗျ"

"ဒမ်ဗာက ရုရှလူ၊ သူက ရုရှတွေအတွက် ဒလန်လုပ်နေတယ်လို့ဆိုရင်လည်း ရတယ်"

အမေရိကန်ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးဖိုဒါ အံ့အားသင့်သွားသည်။

"ဒါကို ဗိုလ်မှူးက သိနေခဲ့တာပေါ့ ဟုတ်လား"

"သိတော့သိတယ်၊ ဒါပေမယ့် ဘယ်သူဆိုတာတော့ မသိခဲ့ဘူး၊ ကျုပ်တို့ထဲက တစ်ယောက်ယောက်က စတာလင်ဆီက ထောက်ပံ့ကြေးတွေ ရနေတယ်လို့ သိထားခဲ့တယ်။

"ပထမတော့ အဲဒီလိုရနေတဲ့လူဟာ ဒုဗိုလ်ဂျိုဇက်ဖြစ်မယ်လို့ ထင်ခဲ့တယ်။ ခုတော့ မဟုတ်ဘူးဆိုတာ သိလိုက်ရပြီ"

ဂျက်က ဖိုဒါအား အဖြေပေးရင်း ဗိုလ်ကြီးဒမ်ဗာကို မသိမသာ အကဲခတ်နေ၏။

ဒမ်ဗာက ကုန်လှောင်ရုံအပျက် နံရံကို ကျောကပ်၍ရပ်ကာ နေရာယူထားသည်။



နေရာယူထားပုံက ပိုင်လှပါဘိ။

ဒမ်ဗာက သူ့အရိပ်ကိုပင် ဂျက်တို့လူစု ထင်ထင်ရှားရှားမမြင်သာအောင် နေရာယူထားသည်။

သို့သော် သူကမူ လမ်းမှမီးအလျှံဖြင့် ဂျက်တို့လူစုကို ထင်ထင်ရှားရှား မြင်နေရသည့်နေရာကိုယူလျက်။

"ခင်ဗျားတို့အားလုံး လက်နက်တွေကို မြေပေါ်ပစ်ချလိုက်ပါ၊ ပြီးရင် နောက်ကို သုံးလှမ်းဆုတ်လိုက်ပါ"

ဗိုလ်ကြီးဒမ်ဗာက 'ပါ'ဆိုသည့်စကားကို ထည့်သုံးကာ သိမ်သိမ်မွေ့မွေ့ပင် အမိန့်ပေးနေ၏။

"အရာရှိလုပ်တဲ့လူတွေက မိမိတို့ရဲ့ခါးမှ အပိုဆောင်ထားတဲ့ လက်နက်ကလေးတွေကိုပါ မြေပေါ်ပစ်ချလိုက်စေချင်ပါတယ်၊ ဒီလိုပစ်ချတာမှာ မောင်ရင်လည်းပါတယ် မက်ကလင်း။

"မောင်ရင်က မောင်ရင့် ဆပ်မရှင်းဂန်းကို ဟောဟိုကအဆင့်မှာ တင်ထားခဲ့ပြီး တခြားလူတွေနဲ့ သွားပြီးရပ်နေပါ"

ဒုတပ်ကြပ်မက်ကလင်းက စကားတစ်ခွန်းမျှ မပြောဘဲ အမိန့်ပေးသည့်အတိုင်း လိုက်နာလိုက်၏။ အခြားသူများကလည်း သူ့လို။

သို့ရာတွင် မာတင်ဘောမန်းက သေနတ်အိတ်ထဲမှ သေနတ်ကို တော်တော်နှင့် ထုတ်မရဟန်ဆောင်ရင်း ကြာနေ၏။

ဒမ်ဗာက ဘောမန်းကို မသက်မသာဖြစ်လာပြီး...

"ဒုတိယခေါင်းဆောင်ကြီးခင်ဗျား...ခင်ဗျားကို ကျုပ် တိတိကျကျ ရည်ညွှန်းပြီး သတိပေးပါတယ်။

"ကျွန်တော့်ကို ညွှန်ကြားထားတာကတော့ ခေါင်းဆောင်ကြီးကို ဖြစ်နိုင်ရင် အရှင်လတ်လတ်ဖမ်းယူခဲ့ရမယ်၊ ဒီလိုမှ မဖမ်းနိုင်ရင် ပစ်သတ်ခဲ့ရမယ်လို့ ညွှန်ကြားထားပါတယ်။

"ခေါင်းဆောင်ကြီးရဲ့ သွားကြားထဲမှာ အပေါ်ကအခွံဖုံးထားတဲ့ အဆိပ်ဆေးလုံးထည့်ထားမယ်ဆိုတာ ကျုပ်သိထားပြီးသား၊ ဒီတော့ ဒီအခွံကို ခေါင်းဆောင်ကြီးက ကိုက်ထည့်လိုက်ရင် ခေါင်းဆောင်ကြီးကို ပစ်ဖမ်းနေစရာ မလိုတော့ဘူးပေါ့။

"ခေါင်းဆောင်ကြီးဟာ ဗြိတိသျှထောက်လှမ်းရေးဌာနကို အမှပြောပြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့မှာမဟုတ်သလို၊ တစ်သက်လုံးလည်း ခိမ်နဲ့နေနိုင်တော့မှာ မဟုတ်တော့ပါဘူး။

“ဒါကြောင့် ခင်ဗျားရဲ့ပစ္စတိုကို မြန်မြန်အောက်ကိုပစ်ချလိုက်ပါ”

ဘောမန်းက ခဏငိုင်နေပြီးမှ အိတ်ထဲမှပစ္စတိုကို အောက်သို့ပင်ချလိုက်၏။

မြေကြီးပေါ်တွင် အမ်ပီ ၃၀ ပစ္စတိုများနှင့် လူဂါသေနတ်များပုံလျက်။

“ခင်ဗျားက ရုရှလား၊ ဗြိတိသျှလား၊ ဒါမှမဟုတ် နှစ်မျိုးစပ်ထားတာလား။ ကျုပ်တော့ မသိဘူး။

“ဒါပေမယ့် ကျုပ် သေသေချာချာသိတာကတော့ ဒီစစ်ဆင်ရေးတစ်ခုလုံးဟာ ကျုပ်ကို လူမရှိတဲ့နေရာကို ခေါ်ထုတ်လာပြီး သတ်ပစ်ဖို့လုပ်ထားတဲ့ ကောက်ကျစ်မှုတစ်ခုပဲ ဖြစ်တယ်ဆိုတာ”

ဘောမန်း၏စကားကို ဗိုလ်ကြီးဒမ်ဗာက...

“အို...မဟုတ်ပါဘူးဗျာ၊ မဟုတ်ပါဘူး၊ စစ်ဆင်ရေးကိုရော ဟောဒီကလူတွေပါ အပြစ်မတင်ပါနဲ့၊ သူတို့ဟာ စစ်ဆင်ရေးတာဝန်ကို တကယ်ထမ်းဆောင်ဖို့ လာတဲ့လူတွေပါ”

“ခင်ဗျားပြောတာ ကျုပ် မယုံဘူး၊ ဘယ်သူ့ကိုမှလည်း မယုံဘူး၊ ဗြိတိသျှထောက်လှမ်းရေးဌာနက အရာရှိကြီးတစ်ယောက်က ကလိမ်စေ့ငြမ်းမဆင်ဘဲနဲ့တော့ ကျုပ်ဟာ မေခလာဖြစ်တယ်ဆိုတာ ခင်ဗျားတို့ မသိနိုင်ဘူး”

“ကျုပ်တို့ မသိပါဘူးဗျာ”

ဒမ်ဗာ့အသံက အေးအေးဆေးဆေး။

“ကျုပ်တို့သိတာကတော့ အထူးစစ်ဆင်ရေးတစ်ရပ်အတွက် လူစုတာလောက်ပဲ၊ ဒါတောင် ဒီလိုလူစုတဲ့အထဲမှာ ကျုပ်နာမည်ပါလာလို့ သိရတာ။

“နောက် တော်တော်ကြာပြီးမှ မေခလာဆိုတဲ့ နာမည်ဝှက်ကို ကျုပ်တို့သိရတာ၊ ဘယ်သူဆိုတာ လုံးဝမသိခဲ့ဘူး။

“မနေ့ကမှ မေခလာဆိုတာ ဘယ်သူဆိုတာ ကျုပ်သိခဲ့ရတာ၊ ဒီလိုသိရတာလည်း သိပ်ကို ကံကောင်းလို့ပေါ့ဗျာ”

ဆာယာက ဗိုလ်မှူးဂုက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ထောက်လှမ်းရေးတွင် ကိုယ့်လူသူ့ဘက်သားလုပ်၍ ဝါအတန်ပင်ရင့်နေသော ဆာယာက နားမရှင်းနိုင်သေးဘဲ ဂျက်အား လှမ်းမေးလိုက်၏။

“ဆာယာတို့အထဲမှာ ရုရှသူလျှိုတစ်ယောက် ပါနေတယ်ဆိုတာ ဗိုလ်မှူးက





ဘယ်လိုလုပ်သိနေတာလဲ”

“ဟော်လန်နိုင်ငံ အိန်ဟိုဗင်လေယာဉ်ကွင်းရောက်တော့ လေယာဉ်ပေါ်တက်မယ့်အလုပ်မှာ ဂရင်းလေးဆီက ဖုန်းရောက်လာလို့ပဲ။

“ဂရင်းလေးအထင်က ဂျိုကော်၊ ဒါမှမဟုတ် ဖိုဒါလို့ ထင်နေတာ။

“ခွင့်လွှတ်ပါ ဖိုဒါ၊ ခုတော့ ဘယ်သူဆိုတာ ရှင်းနေပြီဟာပဲ”

ဤတွင် ဖိုဒါက...

“ကိစ္စမရှိပါဘူးဗျာ၊ ဒီလိုဖြစ်ရတာလဲ ဖြစ်တောင့်ဖြစ်ခဲပါ၊ ရုရှလူ တစ်ယောက်တလေတော့ ညှပ်ပါတာမျိုး ရှိမှာပါပဲ”

“တစ်ယောက်တလေ မဟုတ်ဘူးဗျို့၊ ကျုပ်တို့လိုလူမျိုး အများကြီး။ အောက်ကနေ အထက်လွှာက အရာရှိကြီးတွေအထိ ရုရှလူတွေရှိနေတယ်။

“ဗြိတိသျှအထူးစစ်ဆင်ရေးအဖွဲ့က အလုပ်ကြီးတစ်ခုလုပ်တော့မယ်ဆိုတာ **ကျုပ်တို့လူတွေ**က အနံ့ရတော့ ကျုပ်ကို ဒီစစ်ဆင်ရေးအဖွဲ့ထဲမှာ ပါအောင် လုပ်လိုက်တာ”

ဂျက်က အံ့ဩသွားပြီး...

“**ကျုပ်တို့လူတွေ**ဟုတ်လား ဒမ်ဗာ”

“ဟုတ်တယ်၊ ကျုပ်တို့လူတွေ၊ ဒီလူတွေကို ခင်ဗျားတို့က ကွန်မြူနစ်လို့ခေါ်ခေါ်၊ ဆိုရှယ်လစ်လို့ခေါ်ခေါ်၊ မော့ကွစ်လို့ခေါ်ခေါ်၊ ဘယ်လိုပဲခေါ်ခေါ်ရတယ်။

“ဒီလူတွေဟာ ကျုပ်နဲ့ မက်ကလင်နဲ့ ယူဂိုစလားဗီးယားမှာ လက်တွဲပြီး ဂျာမန်တွေကို တိုက်လာခဲ့ကြတယ်။

“ဒီလူတွေဟာ ဂျာမန်သံချပ်ကာကားတပ်ကြီးတွေနဲ့ တင့်ကားတပ်ကြီးတွေကို လက်ပစ်ဗုံးနဲ့တိုက်လာကြတဲ့လူတွေ”

ဗိုလ်ကြီးဒမ်ဗာက လက်ထဲတွင်ကိုင်ထားသည့် အမ်ပီ ၃၀ မရှင်ပစ္စတိုပြောင်းဝကို မာတင်ဘောမန်းဘက်သို့ ထိုးချိန်လိုက်ပြီး...

“အဲဒီလူတွေ ကျုပ်တို့လူတွေဟာ ဟောဒီက ခွေးတိရစ္ဆာန်လို အကောင်ကြီးမျိုးကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတဲ့ လူတွေ”

“ကျုပ်တို့ကလည်း ဒီလိုလူမျိုးတွေကို ဆန့်ကျင်တဲ့ဘက်ကဆိုတာ ဗိုလ်ကြီး မသိဘူးလား”

ဂျက်က ဒမ်ဗာအား သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဗာက မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီး...

"ဟုတ်ရဲ့လားဂျက်၊ တကယ်ပဲဟုတ်ရဲ့လား၊ ဟုတ်တယ်ဆိုရင် ဒီငနဲကြီးရဲ့ ဝက်ခေါက်လိုထူနေတဲ့ အရေပြားကို မပွန်းမပဲ့ရအောင် ဘာဖြစ်လို့ အကာအကွယ်ပေးနေကြတာလဲ။

"ကျုပ်တို့က ဂျာမန်တွေကို တိုက်ခဲ့ကြရတယ်၊ ခုတော့ ဂျာမန်ဖြစ်တဲ့ ဘောမန်းက သူ့လည်ပင်း ကြိုးကွင်းတပ်မခံရအောင် သူသိထားတဲ့အချက်တွေ ဗြိတိသျှထောက်လှမ်းရေးကို ပေးမလို့လုပ်နေတယ်မဟုတ်လား။

"ဒီစစ်ပွဲကြီးမှာ ရှရှတွေဟာ ဗြိတိန်နဲ့ အမေရိကန်နှစ်နိုင်ငံထက် ပိုပြီး အသက်စွန့်ခဲ့ကြရတယ်၊ ရှရှတွေကို သန်းနဲ့ချီပြီးသတ်ခဲ့တဲ့ ယောဒီလိုကောင်ကြီးမျိုးနဲ့ ဗြိတိန်က အပေးအယူလုပ်ဖို့ ကြိုးစားနေတယ်။

"ဒီလိုကြိုးစားနေတာဟာ ဒီလိုလူမျိုးနဲ့ ဆန့်ကျင်ဘက်လုပ်နေတာလား၊ ဆန့်ကျင်ဘက်ဆိုရင် ဘောမန်းကို ထုပ်မှာတွဲပြီး ကြိုးတပ်သတ်ပစ်ဖို့ ကောင်းတယ်မဟုတ်လား"

ဗိုလ်ကြီးဒမ်ဗာအား စကားများများပြောနေအောင် ဆွဲထားမှသာ လက်ငင်းရင်ဆိုင်နေရသော အခြေအနေဆိုးမှ လွတ်မြောက်နိုင်မည်ကို ဂျက်က သိနေသည်။

သို့သော် လွတ်မြောက်နိုင်မည့်'နည်း'ကို စဉ်းစားမရသေး။

တစ်ခုတော့သေချာသည်။

ဖြစ်နိုင်မည်ဆိုလျှင် ဒမ်ဗာက အပေါင်းအသင်း ရောင်းရင်းဖြစ်သူများကို သတ်ပစ်မည်မဟုတ်။

စိတ်ထဲတွင်အောင်းထားရသည့် ဂျာမန်မုန်းစိတ်ဓာတ်ကို များများအန်ချခွင့်ရလာလျှင် ဒမ်ဗာက သေနတ်လေှတ်ကို ဆွဲဖြုတ်ရန် လက်နှေးနေမည်မှချ။

ထို့ကြောင့် ဂျက်က စကားပြန်စပေးလိုက်၏။

"ဒီစစ်ဆင်ရေးမှာ လိုက်ပါဖို့အတွက် မောင်ရင့်ကို ဘယ်မှာလာပြီး စည်းရုံးလဲ"

"ဒါက အရေးကြီးတာပေါ့၊ စတာလင်နဲ့ တီတိုးဆိုတာ မျိုးမတူတဲ့ သတ္တဝါတွေမဟုတ်လား"

"ဘယ်ဟုတ်ရမှာလဲ၊ ဗြိတိန်က တီတိုးအတွက် ဘာလုပ်ပေးရမှန်းမသိဘဲ နဝေတိမ်တောင် ဖြစ်နေတဲ့အချိန်မှာ ရှရှက တီတိုးဆီ အကြံပေးအရာရှိတွေ လွှတ်ပြီး အကူအညီပေးနေပြီ"





"အကူအညီပေးမှာပေါ့၊ တီတိုးက ရှရှကိုဝင်တိုက်နေတဲ့ ဂျာမန်တွေကို ဂျာမန်တောင်ဘက် စစ်မျက်နှာကနေပြီး တိုက်ပေးနေတာကိုး"

"ထားပါတော့၊ ဒါပေမယ့် သေချာတာတစ်ခုတော့ရှိတယ်။

"စစ်ကြီးပြီးသွားတဲ့အချိန်မှာ စတာလင်ကပဲဖြစ်ဖြစ်၊ တီတိုးကပဲဖြစ်ဖြစ် ဂျာမန်တွေနဲ့တော့ အပေးအယူလုပ်မှာမဟုတ်ဘူးဆိုတာတော့ သေချာတယ်။

"နောက်ပြီး ဘောမန်းလိုလူမျိုးကို တောင်အမေရိကားမှာ ပင်စင်လစာအများကြီးပေးထားပြီး ခိုမ်နဲ့နေခိုင်းမှာမဟုတ်ဘူးဆိုတာလည်း သေချာတယ်"

"မောင်ရင်က ဒါလောက်သေချာနေတယ်ဆိုရင်တော့ ဆုံးဖြတ်စရာတစ်ခုပဲ ကျန်တော့တာပေါ့"

ဗိုလ်မှူးဂျက်က ဗိုလ်ကြီးဒမ်ဗာ၏ လောလောဆယ် ဖြစ်ပေါ်နေသော အတွင်းစိတ်အခြေအနေကို နှိုက်ကြည့်ရန် ပဏာမခံလိုက်ပြီးမှ...

"ဘာဆုံးဖြတ်စရာလဲဆိုတော့ ဘောမန်းကို အသေရရ အရှင်ရရ မောင်ရင်ယူသွားနိုင်ဖို့အတွက် ကျုပ်တို့အထဲက ဘယ်နှစ်ယောက်ကိုသတ်မယ်လို့ စိတ်ကူးထားသလဲ"

ဂျက်က ဤသို့မေးပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယခေါင်းဆောင်ကြီးရှေ့တွင် ဒမ်ဗာအား မျက်နှာမူ၍ ရပ်လိုက်သည်။

ဂျက်က ဘောမန်းထက် ခေါင်းတစ်လုံးကျော်သည်အထိ အရပ်မြင့်နေလေရာ ဒမ်ဗာက ဘောမန်းကိုပစ်သတ်မည်ဆိုပါက ရှေ့တည့်တည့်ရပ်နေသော ဂျက်အား ပထမ ပစ်သတ်ရတော့မည်။

နံရံကိုမှီကာ မှောင်ထဲတွင်ရပ်နေသော ဒမ်ဗာက အလင်းရောင်ရှိရာသို့ ထွက်လာ၏။

မျက်နှာက ညှိုးလျှော်ဖြူရော်လျက်။

"ဂျက်ရယ်...ခင်ဗျားက ဒီ လူ့တိရစ္ဆာန်ကြီးအတွက် သူ့ရဲကောင်းမလုပ်ချင်စမ်းပါနဲ့၊ ကျုပ်လိုချင်တာက ဘောမန်းတစ်ယောက်တည်းပါ၊ အသေပဲရရ၊ အရှင်ပဲရရ"

ဗိုလ်ကြီးဒမ်ဗာ့အသံက သားဆိုးကြီးတစ်ယောက်ကို ချော့နေသည့် ဖခင်တစ်ဦး၏အသံနှင့် တူနေလေသည်။

သို့သော် သူ့လက်ကမူ ကျောက်ဆောင်တစ်ခုလို ငြိမ်လျက်။

"ဒီမှာ ဒမ်ဗာ၊ မောင်ရင်က ဘောမန်းကိုပစ်သတ်ပြီးရင် ဘယ်ကိုသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ကျုပ်တို့နဲ့အတူတူလိုက်မှာလား"

"လိုက်လို့မဖြစ်ဘူးဆိုတာ ခင်ဗျားသိပါတယ်၊ ဘောမန်းကိုစွပြီးရင် ကျုပ်ဘယ်ကိုသွားရမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဘယ်သူနဲ့တွေ့ရမယ်ဆိုတာ ကျုပ်သိပါတယ်။

"ကျုပ်ကို အားလုံးညွှန်ကြားပြီးသား၊ ခင်ဗျားနဲ့ ကျန်တဲ့လူတွေ ဘောမန်းပြထားတဲ့လမ်းက ပြေးကြပါ၊ ကျုပ်က သူ့ကိုရရင် ကျေနပ်ပါပြီ"

"သူ့ကိုတော့ မထားခဲ့နိုင်ဘူး ဒမ်ဇာ၊ ဒါပေမယ့် အလျင်စလိုမဆုံးဖြတ်ခင် ကျုပ်ပြောတာလည်း နားထောင်ဦး။

"မောင်ရင့်စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျုပ် ကိုယ်ချင်းစာပြီး သိပါတယ်၊ ကျုပ်လည်း မောင်ရင့်လို ခံစားနေရတဲ့လူပါ။

"ကျုပ်ကလေးနှစ်ယောက်နဲ့ ကျုပ်မိန်းမဟာ ဒီလူ့စနက်ကြောင့် မရှုမလှသေဆုံးခဲ့ကြရတယ်။ ဒီလူကိုယ်တိုင် လာမသတ်ပေမယ့် လက်သည်ကတော့ သူနဲ့ သူ့အသိုက်အဝန်းတွေပဲ"

"ကျုပ်ကလည်း ဒီအချက်ကိုပြောနေတာပဲ ဂျက်"

"ကျုပ် ဆုံးအောင်ပြောပြပါရစေဦး၊ ကုန်ခဲ့တဲ့ရက်အတွင်းမှာ ကျုပ်ရဲ့ရဲဘော်ရဲဘက်နှစ်ယောက် ဆုံးရှုံးခဲ့ရတယ်၊ ဗိုဒါမှာဆိုရင် လုပ်ဖော်ကိုင်ဖက်ဂျိဇက်ကို ဆုံးရှုံးခဲ့ရတယ်။

"ဂျိဇက်နဲ့ မိုက်ဟာ ကျုပ်တို့နဲ့ သေတူရှင်ဖက်တွေပဲမဟုတ်လား။

"ဒီတော့ မောင်ရင်က ဘောမန်းကို လိုချင်ရင်တော့ ကျုပ်ကိုသတ်ပြီးတော့မှပဲသု ရလိမ့်မယ်၊ ဒီတစ်နည်းပဲရှိတယ်၊ မောင်ရင်က ဒီလိုဆုံးဖြတ်လိုက်တယ်ဆိုရင်လည်း သေခါနီးလူဖြစ်တဲ့ ကျုပ်ကို စကားနည်းနည်းတော့ ပြောခွင့်ပေးစေချင်တယ်"

မိမိက ဗိုလ်ကြီးဒမ်ဇာ၏ အာရုံကိုဖမ်း၍ စကားရှည်ဆွဲကာ ပြောနေစဉ် ဗိုလ်မှူးဗိုဒါနှင့် ဒုတပ်ကြပ်မက်ကလင်းတို့နှစ်ယောက်က မိမိနှင့် တစ်တန်းတည်းဖြစ်အောင် နေရာယူလိုက်ကြသည်ကို ဂျက်က အမြင်ဖြင့်မဟုတ်ဘဲ အတွင်းစိတ်ဖြင့် သိနေသည်။

ဆာယာကလည်း မိမိလက်မောင်းကို လာ၍ထိလိုက်သလို ဂျက်က ခံစားလိုက်ရ၏။

"ထောင်ပေါင်းများစွာ၊ သန်းပေါင်းများစွာရှိတဲ့ စစ်သားတွေလိုပဲ၊ ကျုပ်ဟာ





ဒီစစ်ကြီးမှာ ဘာလို့ဝင်ပြီး တိုက်နေခဲ့တယ်ဆိုတာ မသိခဲ့ဘူး"

ဂျက်က မိမိကိုယ်ကို ပြန်၍ အံ့ဩနေ၏။

သည်လိုစကားရှည်ကြီး သည်မျှကြာအောင် တစ်ခါမျှ မပြောဖူးခဲ့...။

"ဒီစစ်ကြီးမှာ ကျုပ်တို့ဝင်တိုက်ခဲ့တာ ကမ္ဘာတစ်ခုလုံးကို ဗိုလ်ကျချင်တဲ့ ဂျာမန်တွေကိုနှိမ်ဖို့ပဲ၊ ဒါပေမယ့် ကျုပ်တို့လုပ်လာတာက ကိုယ့်အတွက် လက်စားချေတဲ့သဘောမျိုး ဖြစ်လာတယ်။

ပုဂ္ဂလိက လက်စားချေတဲ့သဘောဖြစ်လာတယ်၊ ဒီစရိုက်ကို စစ်ကြီးပြီးသွားရင်တောင် ဖျောက်မှ ဖျောက်ပစ်နိုင်ကြမလားမသိဘူး"

ဤတွင် ဗိုလ်ကြီးဒမ်ဇာက ကြားဝင်ထောက်လိုက်၏။

"စစ်ဆိုတာ စရိုက်ကြောင့်မဟုတ်ဘူး ဂျက်၊ အရင်းရှင်စနစ်ကို တစ်နည်းနည်းနဲ့ အသက်ရှည်တည်မြဲအောင် လုပ်ထားလို့"

"မောင်ရင့်ကို သူတို့က တကယ့်လက်ဝဲသမားကြီးဖြစ်အောင် လုပ်လွှတ်ကြပါကလား၊ ကျုပ်ကတော့ ကျုပ်တို့ကို ခေါင်းဆောင်တွေကပြောသလို သာယာတဲ့ ကမ္ဘာကြီးဖြစ်လာအောင် စစ်တိုက်တယ်ဆိုတာကို လက်မခံဘူး။

"ဘောမန်းလိုလူတစ်ယောက် သေသွားတဲ့အတွက် ကမ္ဘာကြီး ပိုသာယာလာမလား၊ ကွန်မြူနစ်ဝါဒအတွက် ပိုကောင်းလာမလား။

"ကျုပ်သိတာကတော့ စစ်ဆိုတာ ဘာကောင်းကျိုးမှမပေးဘူးဆိုတဲ့ အချက်ပဲ။

"ဒီစစ်ပွဲပြီးသွားရင်လည်း နောက်စစ်ပွဲတွေ ပေါ်လာဦးမှာ အမှန်ပဲ"

ဗိုလ်မှူးဂျက်က တစ်ချက်မျှမနားဘဲ ဆက်တိုက်ပြောနေ၏။

"ဒီမှာ ဒမ်ဇာ...

"ကျုပ်က ဘောမန်းကိုခေါ်သွားတာ ခေါ်လာခဲ့ရမယ်လို့ အမိန့်ပေးထားလို့လည်း မဟုတ်ဘူး၊ ကျုပ်က မဟုတ်တဲ့ အမိန့်၊ မမှန်လို့ထင်တဲ့ အမိန့်များကို မလိုက်နာဘဲ မနေရဲလို့လည်း မဟုတ်ဘူး။

"ဂရင်းလေးက သူ့ကိုညွှန်ကြားထားတဲ့ ညွှန်ကြားချက်ဟာ အမြင့်ဆုံးအာဏာပိုင်တွေဆီက လာတာလို့လည်း ကျုပ်ကိုပြောထားခဲ့လို့လည်း မဟုတ်ဘူး။

"ကျုပ်က ဘောမန်းကို အပါခေါ်ခဲ့ပါ့မယ်လို့ သဘောတူထားလို့၊ ခေါ်သွားရတာဟာ ဂရင်းလေးက ကျုပ်ဟာ ဘောမန်းကို တစ်ပါတည်းခေါ်ယူလာနိုင်မယ်လို့ မထင်လို့ တမင်ခေါ်ယူသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒမ်ဗာ...ကျုပ်က မဖြစ်နိုင်ဘူးလို့ ထင်နေတာကိုမှ ဖြစ်အောင်လုပ်ပြချင်တဲ့လူ၊ အခက်အခဲရှိနေလေ ကျုပ်က ပိုကြိုက်လေ။

"ဘောမန်းလကိုခေါ်သွားဖို့အတွက် အခက်အခဲ အတားအဆီးက နှစ်သန်းလောက် ရှိနေတယ်။ ဒီလိုရှိနေတာကိုလည်း ကျုပ်က ခပ်ကြိုက်ကြိုက်ပဲ"

ဂျက် စကားအဆုံးတွင် ကုန်လှောင်ရုံပျက်တစ်ခုလုံး တိတ်ဆိတ်နေ၏။

တိတ်ဆိတ်ခြင်းက ကုန်ဆုံးနိုင်ဖွယ်မရှိဟု ထင်ရလောက်အောင်...။

ဂျက်၏ တစ်ကိုယ်တော်မိန့်ခွန်းရှည်ကြီးကို ဒီဗွန်လေ့ကျင့်ရေးစခန်းမှ ကျင့်ပေးလိုက်သည့်အတိုင်း ဂျာမန်စကားဖြင့် ပြောနေခြင်းဖြစ်သည်။

သို့ဖြစ်၍လည်း စကားလုံးတိုင်းကို မာတင်ဘောမန်းက နားလည်မည်မလွဲ။ သို့တစေ စကားလုံးများကိုသာ နားလည်၍ စကားလုံးနောက်မှ အနက်အဓိပ္ပာယ်ကိုမူ ရှင်းရှင်းလင်းလင်း သိနိုင်မည်မဟုတ်။

ဗိုလ်မှူးဗိဒါကမူ ဂျက်ပြောလိုက်သည့် စကားအဓိပ္ပာယ်ကို သဘောလောက်တော့ ခေါက်မိနေ၏။

အမှတ်(၁၇) အမေရိကန်လေကြောင်းတပ်ဖွဲ့တွင် စစ်ဆင်ရေးမှူးတစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သော ဗိဒါက ဂျက်လိုလူစား အတော်များများကို တွေ့ခဲ့ဖူးသည်။

သို့ဖြစ်၍လည်း ဂျက်ပြောလိုက်သည့်စကားကို သဘောလောက်တော့ ခေါက်မိနေခြင်း။

ဂျက်တို့လိုလူစားမျိုးကို တပ်ထဲတွင် 'ပင်လယ်ဓားပြ'ဟု ခေါ်လေ့ရှိကြ၏။

သူတို့လူစားမျိုးသည် ဘာကြောင့်၊ ညာကြောင့်ဟု အကြောင်းပြ၍ စစ်တိုက်နေခြင်းမဟုတ်ဘဲ စစ်တိုက်နေရမှ နေသာထိုင်သာရှိတတ်သူများ ဖြစ်နေသောကြောင့်ပင်။

သူတို့လိုလူစားမျိုးက ထက်ထက်မြက်မြက်ရှိသလောက် သူတို့စိတ်နှင့် မတွေ့လျှင် ဘယ်လိုအာဏာပိုင်များကပင် အမိန့်ပေးပေး လိုက်လုပ်တတ်သူများ မဟုတ်။

ထို့ကြောင့်လည်း သူတို့လိုလူစားမျိုးကို အရာရှိအချင်းချင်းကပင် မကြိုက်ကြ။ သူတို့လိုလူစားမျိုးတွင် ရည်မှန်းချက်မရှိဟု အခြားအရာရှိများက ပြောတတ်ကြသည်။

ဒုတပ်ကြပ်မက်ကလင်းအဖို့လည်း ဂျက်၏မိန့်ခွန်းရှည်ကြီးကြောင့် စိတ်





မသက်မသာဖြစ်နေရပြီး ဗိုလ်ကြီးဒမ်ဗာ၏ ရုတ်တရက်ပြောင်းလဲသွားသော အပြုအမူကြောင့် ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ရ၏။

ဒမ်ဗာနှင့် မက်ကလင်းတို့နှစ်ယောက်က တိုက်ပွဲတိုင်းမှာပင် တပူးပူးတွဲတွဲ။

နှစ်ယောက်သား တွဲလာခဲ့ကြသည်မှာလည်း ကြာနေပြီ။

မက်ကလင်း၏သားအတွက် ဗိုလ်ကြီးဒမ်ဗာက ဩ-ဖခင်(ဂေါ်ဒ်ဖားသား) အဖြစ် တာဝန်ယူထားခဲ့သည်။

ယူဂိုစလပ်တွင် တီတိုး၏ ပါတီဇင်ရဲဘော်များအား အံ့မခန်း သတ္တိပြောင်မြောက်စွာ စွန့်စားတိုက်ခိုက်နေခဲ့ပုံကိုလည်း မက်ကလင်းက ဒမ်ဗာနှင့်အတူ ယူဂိုစလပ် စစ်မြေပြင်တွင် တွဲ၍ရှိနေခဲ့သောကြောင့် သိထားပြီးသား။

သို့သော် ယခု ဗိုလ်ကြီးဒမ်ဗာပြုမူပုံက သတ္တိပြောင်ရာမကျဘဲ နိုင်ငံနှင့် လူမျိုးကို သစ္စာဖောက်ရာကျနေပြီ မဟုတ်လား။

ဗိုလ်မှူးဂျက်၏ တစ်ကိုယ်တော်မိန့်ခွန်းရှည်ကြီးကို အများဆုံးနှင့် အနီးကပ်ဆုံး သဘောပေါက်သူက ဆာယာ။

လန်ဒန်စစ်ဌာနချုပ်တွင် ဘေးမသီရန်မခသော အရာရှိအလုပ်ကို လွယ်လွယ်ကူကူရနိုင်ပါလျက် ဆာယာ့ယောကျ်ားက အမှတ်(၄) ကွန်မန်ဒိုတပ်တွင် ဝင်ရောက်ခဲ့သည်မဟုတ်လား။

ပန်ကာအောက်တွင် စားပွဲထိုင်၍လုပ်ရသည့် အလုပ်မျိုးကို ဆာယာ့ယောကျ်ားက မနှစ်သစ်။ ဗိုလ်မှူးဂျက်ကလည်း ထိုနည်းအတူ။

သူ့နောက်နားသို့ မက်ကလင်းနှင့် ဗိဒါတို့နှစ်ယောက်က ကပ်၍ပါလာသည်။ ဆာယာကလည်း သူတို့နှစ်ယောက်နှင့် တွဲ၍ရပ်လိုက်၏။

မာတင်ဘောမန်းက သူတို့နှစ်ယောက်နှင့်တွဲ၍ ရပ်လိုက်၏။ သူတို့က ဘောမန်းအား သူတို့ကိုယ်ခန္ဓာများဖြင့် အကာအကွယ်ပေးထားလိုက်ခြင်း။

ယခုအချိန်၌ ချွေးဖြိုင်ဖြိုင်ထွက်နေသူက ဂျာမန် တတိယနိုင်ငံတော်ကြီး၏ ဒုတိယခေါင်းဆောင်ကြီး။

သူက ဖြစ်သမျှအကြောင်း အကောင်းချည်းဟု သဘောပိုက်ထားလိုက်ပြီးပြီ။

သို့သော် သူ့ခေါင်းထဲတွင် မကျေမလည်ဖြစ်နေသည့် အချက်တစ်ချက် ကျန်နေ၏။

www.burmeseclassic.com



သူက ဗြိတိသျှလူမျိုးများအကြောင်းကို နားလည်ပြီဟု ထင်မှတ်ထားခဲ့ရာ ခုမှ သူ ဘယ်တော့မှ နားလည်တော့မည်မဟုတ် ဆိုသည့်အချက်။

“ခဏကြာရင် ကျုပ်က ဒီမှာပုံထားတဲ့ လက်နက်တွေထဲက ပစ္စတို တစ်လက်ကို ကောက်ယူတော့မယ်”

ကုန်ဆုံးနိုင်ခြင်းမရှိတော့ဟု ထင်နေရသော တိတ်ဆိတ်ခင်းကို ဗိုလ်မှူးဂျက် ကပင် စကားဖြင့် ဖြိုခွဲပစ်လိုက်သည်။

“ဗိုလ်ကြီးက ကျုပ်ကို ပစ်သတ်ချင်တယ်ဆိုရင်လည်း ပစ်သတ်လိုက်ပေါ့ တော့၊ ကျုပ်ကိုပစ်သတ်ပြီးရင် ကျန်တဲ့လူတွေကိုလည်း ဗိုလ်ကြီး ပစ်သတ်ချင် သေးတယ်ဆိုရင် ပစ်သတ်ပါ။

“ဘောမန်းသေရမယ့်ကိစ္စဟာ ဗိုလ်ကြီးအတွက် သိပ်ကို အဓိကကျပြီး အရေးကြီးနေတယ်ဆိုရင် ဗိုလ်ကြီးက ကျုပ်တို့တစ်တွေကို ပစ်သတ်ဖို့ ဝန်လေး နေမှာမဟုတ်ဘူး”

တစ်ဖက်နှင့်တစ်ဖက် နေရာယူထားပုံ အနေအထားကြောင့် ဂျက်တို့လူစုက ဗိုလ်ကြီးဒမ်ဗာ၏ မျက်နှာအရိပ်အကဲကို မမြင်ရ။

သို့သော် ဒမ်ဗာ့မျက်လုံးအစုံတွင် အကြည်ဓာတ် ဖျတ်ခနဲ ချုပ်ငြိမ်းသွား သည်ကိုမူ အားလုံးပင် စိတ်ထဲမှ ခံစားမိလိုက်ကြသည်။

ဘောမန်းအား ပစ်သတ်မည့်ကိစ္စတွင် ဂျက်နှင့် ဂျက်ရဲဘော်များက သူ့အား ဆန့်ကျင်ဘက်လုပ်မည်မဟုတ်ဟု ဒမ်ဗာက တွက်ထားခဲ့သည်။

ခုတော့ သူတို့က သူ့အား ဆန့်ကျင်နေပေပြီ။

ဗိုလ်မှူးဂျက်က ရှေ့သို့ကုန်းလိုက်၏။

သို့သော် သူ့လက်က အနီးဆုံး မရှင်ပစ္စတိုဆီသို့ရောက်ရန် လေးငါး ခြောက်လက်မလောက် လိုနေသေးသည်။

ထိုအခိုက် ဂျက်နောက်ဘက်နားမှကပ်လျက် အသံတစ်သံ ထွက်ပေါ် လာ၏။

“ဗိုလ်ကြီးဒမ်ဗာ”

ဤသို့ခေါ်လိုက်သူက ဒုတပ်ကြပ်မက်ကလင်း။

မက်ကလင်းလက်ထဲတွင် လူဂါပစ္စတိုတစ်လက်။

သည်လူဂါပစ္စတိုက မက်ကလင်း၏ ကိုယ်ကျပ်အင်္ကျီအောက်မှ ထွက် လာခြင်း။





မက်ကလင်းက လူဂါပစ္စတိုကို ဗိုလ်ကြီးဒမ်ဗာ ရင်ဝတည့်တည့်ဆီသို့ အသင့်ချိန်လျက်။

“မောင်ရင်က အမြဲလက်နက်ကလေးတစ်လက် အပိုဆောင်ထားတတ်တာ ကိုး၊ ဒါကို ကျုပ် သတိမထားလိုက်မိဘူး”

“ဗိုလ်ကြီးက ဒီလိုဆောင်ထားဖို့ ကျွန်တော့်ကို သင်ပေးခဲ့တာပဲမဟုတ် လား”

ကြေကွဲနာကြည်းဖွယ်ရာ အဖြစ်အပျက်များက စက္ကန့်ပိုင်းအတွင်း ပေါ ပေါက်လာခဲ့တော့သည်။

ဗိုလ်ကြီးဒမ်ဗာက လက်ထဲတွင်ကိုင်ထားသည့် ဆပ်မရှင်းဂန်းကို စက်ဝိုင်း ခြမ်းသဏ္ဍာန်ဖြစ်အောင် ဆွဲယမ်းရင်း မက်ကလင်းဆီသို့ ချိန်လိုက်သည်နှင့် တစ်ပြိုင်နက် ဆာယာက မက်ကလင်းအား ‘ပစ်...ပစ်’ဟု တိုက်တွန်းလိုက်၏။

မက်ကလင်းက ချီတုံချတုံ။

ဤအချိန်တွင် ဒမ်ဗာကသာ ပစ်လိုက်မည်ဆိုပါက ဗိုလ်မှူးဂျက်နှင့်တကွ နောက်ဘက်တွင်ရှိနေသူအားလုံး အသက်ပျောက်သွားနိုင်သည်။

သေနတ်သံတစ်ချက်သာ ပေါ်ထွက်လာ၏။

မက်ကလင်း၏ လူဂါပစ္စတိုမှ ထွက်လာသည့်သေနတ်သံ။

ဗိုလ်ကြီးဒမ်ဗာက ရှေ့သို့စိုက်လျက် ငိုက်ကျလာသည်။ သူ့ခန္ဓာ မြေကြီး နှင့်မထိမီပင် သူက အသက်ပျောက်နေပြီ။

ဗိုလ်မှူးဂျက်က ဒုတပ်ကြပ်မက်ကလင်းဘက်သို့ လှည့်လိုက်ကာ မျက်နှာ ချင်းဆိုင်လိုက်သည်။

မက်ကလင်း၏ မျက်နှာပေါ်ဝယ် ကြေကွဲနာကြည်းသည့် လက္ခဏာက အထင်းသား။

မာတင်ဘောမန်းက တစ်ခုခုပြောရန် ဟန်ပြင်လိုက်သည်။

ဂျက်က နှစ်လှမ်းမျှတိုးသွားပြီး ဘောမန်း၏လည်ပင်းကို လက်တစ်ဖက် တည်းဖြင့် ဖျစ်ညှစ်ပစ်လိုက်၏။

ဘောမန်းမျက်နှာက ပြာနှမ်း၍တက်လာ၏။

“ဘာမှမပြောနဲ့၊ မင်း ဘာမှနားလည်တဲ့အကောင်မဟုတ်ဘူး၊ ကြားရဲ့လား”

ဂျက်က ဟောက်ပစ်လိုက်သည်။

▲



www.burmeseclassic.com

www.burmeseclassic.com

## [ ၅၈ ]

အရက်တက်နေလေပြီ။

ဂျက်တို့အဖို့ ခရီးဆက်၍မဖြစ်တော့။

ဒမ်ဗာ့အလောင်းကို ရွက်ဖျင်ဖြင့်ချုပ်ထားသည့်အိတ်ထဲမှ မိုးကာအင်္ကျီတစ်ထည်ကိုထုတ်ကာ လွှမ်းထားလိုက်သည်။

ပြီးမှ ကုန်လှောင်ရုံအပျက်နောက်ဘက်သို့ ဂျက်တို့အဖွဲ့ နေရာပြောင်းလာခဲ့ကြ၏။

လမ်းသွားလမ်းလာများ မတော်တဆပေါ်ပေါက်လာခဲ့လျှင် သူတို့အားပြန့်ကျဲနေသည့် အလောင်းကောင်များဟု အထင်ရောက်အောင် ဂျက်တို့ကတစ်နေရာစီခွဲကာ မီးလောင်ထားသည့်ရက်မများ၊ ထုပ်များအောက် စန့်စန့်ကြီးလှဲလျောင်းနေလိုက်ကြ၏။

အနီးအနားတွင်လည်း လောင်စာနှင့် ပြာပုံများ။

လက်နက်များကိုမူ မိမိတို့ကိုယ်ခန္ဓာအောက်၌ ဝှက်လျက်။

လူသေအလောင်းကောင်ဟန်ဆောင်၍ နေရခြင်းမှာ ချောက်ချားစရာ။

မိမိတို့က လမ်းသွားလမ်းလာများကို လှမ်းမြင်ရန် ခဲယဉ်းနေသည်။ လှုပ်ရှားခြင်းလည်း လုံးဝလုပ်၍မဖြစ်။

ဂျက်နှင့်အဖွဲ့က အသေကောင်များလို ငြိမ်နေသည့်တိုင် ဘာလင်မြို့တော်တိုက်ပွဲမှပေါ်ထွက်လာသော သေနတ်သံ၊ အမြောက်သံ၊ တင့်ကားသံများကလေထဲတွင် လှုပ်ရှားလျက်။

ဗုံးကြဲတိုက်လေယာဉ်များအသံကလည်း ခေါင်းပေါ်တွင် တဝီဝီ။

တစ်မနက်ခင်းလုံးနှင့် တစ်နေ့လယ်လုံးပင် တိုက်သံ၊ ခိုက်သံ၊ ပြိုသံ၊ ပျက်သံများက ဆူညံနေ၏။

လမ်းသွားလမ်းလာ လူသွားလူလာကို မတွေ့ရ။





ဂျာမန်တပ်သား၊ ရုရှတပ်သားဟူ၍လည်း တစ်ယောက်မှမတွေ့ရ။

တစ်ခါတစ်ခါတွင် ကုန်လှောင်ရုံအပျက်အေားနားမှ ပန်းလျက် ချီတက်သွားသော ရုရှတင့်ကားများနှင့် ခြေလျင်တပ်များအသံ ပေါ်ထွက်လာသည်။

ရုရှတပ်များက အဓိပတိရုံးနှင့် ဟစ်တလာဘန်ကာတစ်ဝိုက်ကိုသာ အဓိကရည်မှန်းချက်ထားကာ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲနေဟန်။

တစ်လမ်းဝင်တစ်လမ်းထွက် ချေမှုန်းရေးတိုက်ပွဲကား မစသေး။

ဆည်းဆာချိန်သို့ ကပ်လာသောအခါ ရုရှအမြောက်ပစ်သံများ ရပ်သွားသည်။

ဗုံးကြဲတိုက်လေယာဉ်သံများလည်း ဝေးသွားသည်။ လက်နက်ငယ်ကလေးများ ပစ်သံကလည်း တစ်ခါတစ်ခါမှသာ။

ဘာလင်မြို့သိမ်းတိုက်ပွဲ ပြီးဆုံးသွားပြီဟု ထင်ရ၏။

ဗိုလ်မှူးဂျက်က ညရှစ်နာရီထိ ရှိသည့်နေရာတွင်ပင် အောင်းနေရန် အမိန့်ပေးလိုက်သည်။

သာမန်အချိန်မျိုးသာဆိုပါက မေလ ညရှစ်နာရီတွင် အလင်းရောင်ကတိမ်ရောင်နှင့်အတူ တောက်နေကျ။

သို့သော် ဘာလင်မြို့တော် မီးလောင်တိုက်သွင်းပွဲမှ ဖုန်များ၊ မီးခိုးများအလုံးလိုက်တက်နေသဖြင့် အမှောင်ထုက ကြီးစိုးနေသည်။

တစ်ခါတစ်ရံ အထက်သို့တက်လာသည့် မီးညွန့်မီးဖွယ်များကြောင့်သာ အလင်းရောင်က ပြန်တက်လာတတ်သည်။

ဘာလင်မြို့တော်နှင့် မြို့ပြင်တွင် မည်သို့ဖြစ်ပျက်နေမည်ကို မမြင်ရ၍ မပြောနိုင်သော်လည်း မြို့သိမ်းတိုက်ပွဲ အတွေ့အကြုံရှိနေသော ဂျက်က...

လမ်းခွဆုံတိုင်းတွင် မြို့သိမ်းတပ်က ရဲများချထားနိုင်ဦးမည် မဟုတ်ဟု အတပ်သိနေ၏။

ယနေ့ညသည် အောင်ပွဲခံမည့်ညဖြစ်ရာ ရုရှစစ်တပ်က မသက်သာသူများကို လိုက်ရှာသည့်အလုပ်ထက် သောက်စရာ စားစရာနှင့် ဖြေဖျော်စရာများကိုသာ ရှာမက လိုက်ရှာသည့်အလုပ်ကို လုပ်နေကြမည်မလွဲ။

သို့သော် အက်စ်အက်စ် ယူနီဖောင်းဝတ်ထားသူများနှင့် လက်နက် ကိုင်ဆောင်လာသူများကို တွေ့လျှင်မူကား တွေ့သည့်နေရာတွင်ပင် အပြေးအပြိုက်ရှင်းပစ်မည်မှာလည်း သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အက်စ်အက်စ်ယူနီဖောင်းတွေကို အလုပ်သမားဝတ်စုံတွေနဲ့လဲဖို့ အချိန်ရောက်လာပြီ၊ လက်နက်တွေကိုလည်း စွန့်ဖို့အချိန်သင့်ပြီ"

ဤသို့စဉ်းစားပြီးနောက် ဆာယာအပါအဝင် တပ်ဖွဲ့သားအားလုံးအား အလုပ်သမားဝတ်စုံများကို လဲဝတ်ရန် အမိန့်ပေးလိုက်၏။

"အဖွဲ့သားတိုင်း ဓားမြှောင်တစ်လက်စီ ကိုင်ခွင့်ပြုတယ်၊ ဒါပေမယ့် လက်နက်တွေကိုတော့ စွန့်ပစ်ခဲ့ရမယ်၊ ဒါပေမယ့် ကျုပ်ကတော့ ခေါင်းဆောင်အနေနဲ့ လိုအပ်ရင်သုံးလို့ရအောင် မရှင်ပစ္စတိုတစ်လက်နဲ့ ကျည်ကပ်နှစ်ကပ် ဆောင်ထားမယ်"

မရှင်ပစ္စတိုကို ခေါက်လိုက်လျှင် နှစ်ပေနှင့်တစ်လက်မလောက်သာ ရှည်သည်။ အလုပ်သမားမိုးကာအင်္ကျီအောက်တွင် ဝှက်၍ယူသွားနိုင်သည်။

ဘောမန်းက သူကိုင်နေကျပစ္စတိုကို စွန့်ပစ်ရန် ဆုတ်ဆိုင်းဆိုင်းလုပ်နေ၏။

သို့သော် လက်ဖမိုးကို ခပ်ပြင်းပြင်းကလေး အရိုက်ခံလိုက်ရသောအခါ မြန်လာလေသည်။

ဧပြီလ ၃ ရက်နေ့၊ နံနက် ၄ နာရီတွင် ဟော့ဗယ်ရေအိုင်ကြီးအတွင်းရှိ ပရော်နင်ဆယ်ကျွန်း မြောက်ဘက်အငူသို့ အရောက်ချီတက်ကြရပေတော့မည်။

မြန်ဆန်မှုက ပထမ။

မြန်ဆန်မှုက ဒုတိယ။

မြန်ဆန်မှုက တတိယ။

အက်စ်အက်စ်တပ်ဖွဲ့ ဗိုလ်ချုပ်ဝတ်စုံကိုချွတ်၍ အလုပ်သမားဝတ်စုံကို စွပ်လိုက်သောအခါ ဂျာမန်တတိယနိုင်ငံတော်ကြီး၏ ဒုတိယခေါင်းဆောင်ကြီး မာတင်ဘောမန်း ဥပမိရုပ်က ခွေးကျွေး၍ ဝက်မစားချင်ဆိုသည့် စကားစဉ်ထိုး ဖြစ်လာလေတော့သည်။

သို့သော်...လွတ်မြောက်ရေးလမ်းအတွက် သူ့ကိုပင် ဂျက်က မှီခိုနေရပေမည်။

ဘောမန်းနှင့်ဆာယာတို့ အကူအညီဖြင့် ရှရှကင်းအဖွဲ့များကို ရှောင်ကွင်းနိုင်က ဟော့ဗယ်ရေအိုင်ကြီးထိပ်ဘက်ရှိ ပစ်ချဲလ်ဒေါ့ဖ် တံတားကြီးဆီသို့ ရောက်နိုင်မည်ဟု ဗိုလ်မှူးဂျက်က ခန့်မှန်းလိုက်သည်။ မြန်နိုင်မှ မှန်းသည့်နေရာသို့ အချိန်မီ ရောက်နိုင်ပေမည်။

▲



# အခတ်

[ ၁၉ ]

ရည်မှန်းချက်သို့ အချိန်မီရောက်နိုင်ရေးက မလွယ်။

အခက်အခဲပေါင်း သောင်းခြောက်ထောင်က ကာလျက် ဆီးလျက်။

စပရီတံတားမြောက်ဘက်သို့ လက်ရှိရောက်ရှိနေခြင်းကပင် မဟာ အတားအဆီးကြီးတစ်ခု။

ဟစ်တလာဘန်ကာမှ မာတင်ဘောမန်း ခေါင်းဆောင်၍ ထွက်လာပြီးနောက် ဒုတိယခေါင်းဆောင်ကြီး၏ ညွှန်ကြားချက်နှင့် အစီအမံအတိုင်းပင် စပရီတံတားကို တင့်ကားအရိပ်ခိုလျက် တံတားမြောက်ဘက်သို့ ကူးလာနိုင်ကြသည်မှာ အမှန်။

သို့သော်...သွားရမည့်ခရီးက အရှေ့မြောက်အရပ်မဟုတ်။ အနောက်တောင်အရပ်။

ဒုတိယခေါင်းဆောင်ကြီး မာတင်ဘောမန်းက စပရီမြစ်ကိုဖြတ်ကူးရန် ညွှန်ကြားခဲ့ရာ၌ မြစ်ကူးတံတားများကာ ကူးခိုင်းခဲ့ခြင်း။

ယခုဆိုလျှင် စပရီမြစ်ကူးတံတားတိုင်း၌ ရှရှကင်းစောင့်တပ်ဖွဲ့ကလေးများ ချထားပြီးပေရော့မည်။

မည်သို့ပင်ဖြစ်စေ၊ ဂျက်တို့အဖွဲ့က ရည်မှန်းချက်ဖြစ်သော ပရော်နယ်ဆယ်ကျွန်း မြောက်ဘက်အငူသို့ရောက်အောင် ဘာလင်မြို့တော်ကြီးကို ယခုရောက်နေသည့် အရှေ့မြောက်အရပ်မှ အနောက်တောင်ဘက်သို့ ဖြတ်ကျော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်ဆင်ခြေဖုံးတွင် ပစ်သံခတ်သံများ လျော့နည်းသွားသည့်တိုင် မြို့လယ်ဘက်၌မူ ဆူဆူညံညံအသံများ ပေါ်ထွက်နေသေးသည်။

ဘာလင်အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် အမြောက်ဆန်များမှ ပေါ်ထွက်လာသည့် နီနီရဲရဲအလျှံများကို မြင်တွေ့နေရ၏။

မှန်းဆချက်အရ ဟောဗယ်ရေအိုင်ကြီးတစ်ဝိုက်ဟု ထင်ရ၏။

ထိုနေရာတစ်လျှောက်တွင် အက်စ်အက်စ် တိုက်ခိုက်ရေးတပ်ဖွဲ့အစုများ၊ မြို့စောင့်တပ်ဖွဲ့များနှင့် ဟစ်တလာလူငယ်တပ်ဖွဲ့ဝင်များက ရန်သူ ရုရှတပ်များအား မာန်မလျှော့ဘဲ ဖွဲ့နပ်ဖြင့် ခုခံတွန်းလှန်နေကြဆဲ။

"ရည်မှန်းချက်ကို အချိန်မီရောက်နိုင်အောင် ကျုပ်တို့ ဘာလင်မြို့လယ်ကို ဖြတ်ပြီး အနောက်တောင်ဘက်စူးစူးကို ဦးတည်ချီတက်ရမယ်။

"အဖွဲ့သားတွေထဲမှာ ရုရှစကားပြောတတ်တာ ဗိုဒါတစ်ယောက်တည်း ရှိတော့ ဗိုလ်မှူးဗိုဒါက ကျုပ်တို့ကို ရှေ့ဆောင်ပြီးသွားမယ်။

"ကျုပ်တို့ငါးယောက်ဟာ တစ်ခုတည်းလို့မထင်ရအောင် သာမန် ဂျာမန်အရပ်သားတွေ ခြေဦးတည့်ရာ ကိုယ့်သဘောနဲ့ကိုယ် တစ်ယောက်ချင်းသွားနေတယ်လို့ ထင်ရအောင် ချီတက်ရမယ်။

"ဗိုဒါနဲ့မလှမ်းမကမ်းမှာ ဆာယာလိုက်ရမယ်၊ လမ်းစခန်းနဲ့ပတ်သက်ပြီး မဝေခွဲတတ်ရင် ဗိုဒါက ဆာယာ့ကိုစောင့်ပြီး အကူအညီတောင်းပါ။

"ကျုပ်နဲ့ဘောမန်းက နှစ်ယောက်တွဲပြီး ဆာယာ့နောက်က လိုက်လာမယ်။ အရေးကြီးတဲ့ အဆုံးအဖြတ်ယူမယ်ဆိုရင် ဗိုဒါက ကျုပ်ဆီကိုလာပါ၊ ဒါမှမဟုတ် ကျုပ်ရောက်တဲ့အထိစောင့်ပါ။

"မက်ကလင်းက ကျုပ်တို့နောက်ရံတပ်အဖြစ်လိုက်ရင်း ရှေ့နောက်ဝဲယာ အခြေအနေကို အကဲခတ်ရမယ်၊ ထူးခြားချက်တွေ့တာနဲ့ တစ်ပြိုင်နက် ကျုပ်ဆီလာပြီး သတင်းပို့ရမယ်၊ ကဲ...စပြီး ခရီးထွက်ကြစို့"

ကုန်လှောင်ရုံအပျက် နောက်ဘက်မှထွက်အလာတွင် ဒုတပ်ကြပ် မက်ကလင်းက မိုးကာအင်္ကျီလွှမ်းထားသည့် ဗိုလ်ကြီးဒမ်ဗာအလောင်းကို ငေးငိုင်၍ ရပ်ကြည့်နေသည်။

ဂျက်က မက်ကလင်းအား နှစ်သိမ့်ကာ လက်ဆွဲ၍ခေါ်လာခဲ့ရ၏။

နောက်ဖေးလမ်းကြားများနှင့် လမ်းမြောင်ကလေးများကို ဖြတ်၍ ချီတက်ရခြင်းမှာ ထင်ထားသည်ထက်ပို၍ အခက်အခဲဖြစ်နေသည်ကို တွေ့ရလေသည်





၁၉၄၅ ခုနှစ် ဘာလင်ဆိုသည်ကလည်း လမ်းနှင့်တူသည့်အရာဟူ၍ မရှိတော့သလောက် ရှားနေသည်။ အမှိုက်သရိုက် အကျိုးအပျက် အုတ်ပုံအုတ်ခဲတို့ဖြင့်သာ ပြည့်နေသည့်နေရာများသာ။

သို့သော် စိတ်သက်သာရာတစ်ခုတော့ ရသည်။

လမ်းတစ်လျှောက်တွင် သူတို့လူစုချည်းမဟုတ်။

ညအချိန်ပင်ဖြစ်သော်လည်း လူက စည်နေသည်။

ဘောင်ပုစာကလေးများလိုဖြစ်နေသည့် အမှိုက်ပုံ၊ အပျက်အစီးပုံများ၌ အဖိုးတန်ပစ္စည်းများ ပြန်တွေ့လိုတွေ့ငြား ရှာနေသူများနှင့် အိမ်သူအိမ်သား တစ်ဦးဦး၏ နောက်ဆုံးလဲလျောင်းသွားရသည့်နေရာကို ရှာနေသူများ။

ထို့ပြင် အပျက်အစီးများကြားမှ စီးပွားဖြစ် ရတနာများ ရနိုင်မည်ဟု ထင်မှတ်နေသူများ။

လမ်းဆုံ လမ်းခွတိုင်းလိုလိုပင် ရုရှကင်းအဖွဲ့ကလေးများ ချထားပြီး ဖြစ်နေသည်။

သို့သော် ရုရှစစ်သားများက သာမန် ဘာလင်အရပ်သူအရပ်သားများကို စိတ်ဝင်စားမှုမပြ။

ယနေ့ညသည် ရုရှတပ်သားများအဖို့ အောင်ပွဲ ပထမညဖြစ်နေလေရာ စားစရာသောက်စရာများနှင့် ဖြေဖျော်စရာများကိုသာ စိတ်စောနေကြပုံရ၏။

ရုရှတပ်သားများ စုရုံးစုရုံးဖြစ်နေသည့်နေရာကို ဝေးဝေးမှ ပန်းဝိုက်၍ သွားခဲ့လျှင် သာမန် ဘာလင်အရပ်သူအရပ်သားများအဖို့ ဘေးကင်းနေသည်။

ရန်သူတပ်က မြို့တစ်မြို့ကိုသိမ်းယူပြီးနောက် ရာရှင်ကတ်ပြားများ ထုတ်မပေးမီ၊ သက်သေခံ မှတ်ပုံတင်စာရွက်စာတမ်းများ ထုတ်မပေးမီ မြို့မှ လွတ်အောင်ပြေးရခြင်းက အလွယ်ဆုံး။

ဂျာမန်တပ်များ ပြင်သစ်နိုင်ငံ ပါရီမြို့တော်ကိုသိမ်းယူစဉ်က ပါရီတွင် ရှိနေခဲ့သည့် ဗိုလ်မှူးဂျက်က အတွေ့အကြုံအရ သိနေ၏။

အိုးမဲ့၊ အိမ်မဲ့၊ ပစ္စည်းမဲ့ကာ လမ်းပေါ်တွင် ခြေသလုံးအိမ်တိုင်ဖြစ်နေသူများပမာ ခရီးသွားနေကြသော ဂျက်တို့အဖွဲ့က စပရီမြစ်ကိုဖြတ်ကူးရမည့် ဘယ်လီဗြူးတံတား မြောက်ဘက်ထိပ်သို့ ရောက်လာခဲ့ကြ၏။

ဤနေရာတွင် အခက်အခဲကို ပထမဦးဆုံး တွေ့ရတော့၏။

တောင်ဘက်သို့ရောက်ရန် သည်နေရာက သည်တံတားဖြင့်သာ ဖြတ်ကူး၍



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ဖိုဒါက ဂျက်ရောက်လာသည်အထိ စောင့်နေပြီး သတင်းပို့လိုက်၏။

"တံတားပေါ်မှာ ရုရှစစ်သားတွေ စောင့်နေတယ်၊ သူတို့က ကျွန်တော်တို့လို ခြေသလုံးအိမ်တိုင်သမားတွေကို တံတားပေါ်က ဖြတ်ကျော်ခွင့်မပေးဘူး။

"အမှန်တော့ ဒီတံတားပေါ်မှာ အစောင့်ချထားတယ်ဆိုတာ သဘောလောက်ပါ။ တံတားပေါ်ကဖြတ်သွားတဲ့ တင့်ကားတွေ၊ ထရပ်ကားတွေ၊ သံချပ်ကာကားတွေအတွက် လမ်းရှင်းပေးနေတဲ့ သဘောပါ။

"ဒါပေမယ့် အစောင့်စစ်သားတွေက နက်ဖြန်မှလာပါ၊ တံတားကို ကူးခွင့်ပေးမယ်လို့ ပြောနေတယ်"

ဂျက်က...

"နက်ဖြန်ထိ ဘယ်စောင့်နေနိုင်မှာလဲ၊ ကျုပ်တို့ ဒီတံတားကို ခုပဲ ဖြစ်သလို ဖြတ်ကျော်ရမယ်"

ဤသို့ပြောရင်း တံတားပေါ်သို့ ဖြတ်ကျော်နိုင်မည့် နည်းလမ်းကို စဉ်းစားလိုက်သည်။

ဖိုဒါက ဂျက် စဉ်းစားထားမိသည့်အတိုင်းပင် အကြံရထားဟန်တူသည်။

"ထရပ်ကားတွေရဲ့ ခြေနင်းခုံပေါ် တက်လိုက်သွားရင် ဖြစ်နိုင်တယ်။ ကျွန်တော်တို့ပြောရမယ့် ရုရှစကားတစ်ခွန်းတော့ ရှိတယ်။ ဗိုင်နာကာပွတ်တဲ့။ စစ်ကြီးပြီးသွားပြီဆိုတဲ့ အဓိပ္ပာယ်"

ဂျက်က ခေါင်းညိတ်လိုက်၏။

မြောက်ဘက်မှဆင်းလာသော တင့်ကား၊ သံချပ်ကာကားနှင့် ထရပ်ကားများသည် ဘယ်လီဗြူးတံတားထိပ်သို့ အရောက်တွင် အရှိန်လျှော့ရ၏။

အရှိန်လျှော့ထားသည့် ထရပ်ကားတစ်စီးစီး၏ ခြေနင်းခုံပေါ်သို့ လှမ်းတက်ရင်း စစ်ကြီးပြီးသွားပြီဟူသော ရုရှစကားကို ရွတ်ဆိုလိုက်ပါက ဒရိုင်ဘာက နှင်ချတော့မည်မဟုတ်ဟု ဂျက်က တွက်လိုက်သည်။

ထို့ကြောင့် တံတားကိုဖြတ်ကူးရန် အစီအစဉ်ချပေးလိုက်သည်။

"ဖိုဒါက ဘောမန်းနဲ့အတူ ပထမကြုံတဲ့ ထရပ်ကားခြေနင်းခုံပေါ် တက်လိုက်သွား။

"မက်ကလင်းက ဒုတိယကြုံတဲ့ ထရပ်ကား။

"ကျုပ်နဲ့ ဆာယာက တတိယကြုံတဲ့ ထရပ်ကား၊ ဗိုင်နာကာပွတ်ဆိုတဲ့





ရုရှစကားကို မမေ့နဲ့"

ဂျက်၏ ညွှန်ကြားချက်အဆုံးတွင် ဖိုဒါက ဘောမန်းအား အနားသို့ ဆွဲခေါ်လိုက်ပြီး...

"ကျုပ်က ခုန်တက်လို့ဆိုတာနဲ့ ခုန်တက်၊ ကြားလား၊ ကျုပ်တို့နောက်က လာနေတဲ့ ထရပ်ကားတွေထဲက ကြုံရာကားပေါ် ခုန်တက်ကြမယ်"

တံတားထိပ်သို့မရောက်မီ လမ်းတစ်ဖက်တစ်ချက်တွင် စီတန်းနေသည့် လူအုပ်ကြီးက မနည်းလှ။

ဖိုဒါက ဘောမန်းကျောကုန်းကို တွန်းကာ လူအုပ်ကြားမှ တိုးထွက်လာပြီး လမ်းဘေးကွင်း နေရာယူလိုက်၏။

အချိန်က ည ကိုးနာရီ။

မေလ နှစ်ရက်နေ့၊ ည ကိုးနာရီ။

တင့်ကားသုံးစီးက တံတားကိုဖြတ်ကျော်သွားပြီးနောက် နောက်မှ ထရပ်ကား ငါးစီးက တံတားဆီသို့ ဦးတည်လာနေသည်။

တံတားထိပ်သို့ ရောက်လုနီးတွင် ပထမထရပ်ကားက အရှိန်ကိုလျှော့ချလိုက်၏။

ဗိုလ်မှူးဖိုဒါက ဝက်သိုးကြီးတစ်ကောင်လို ဝ,နေသော ဘောမန်းကို လက်တစ်ဖက်မှဆွဲကာ ထရပ်ကားခြေနင်းခုံပေါ် လှမ်းတက်လိုက်ပြီး ဒရိုင်ဘာအခန်းမှ တံခါးပေါင်ကို တခြားလက်တစ်ဖက်ဖြင့် ချိတ်ဆွဲထားရင်း ဒရိုင်ဘာအား လှမ်းပြောလိုက်၏။

"ဗိုင်နာကာပွတ်"

ရုရှတပ်နီတော်မှ ဒရိုင်ဘာက သဘောကျသွားပြီး ပြုံး၍ပြန်ဆိုလိုက်ပြန်သည်။

"ဗိုင်နာကာပွတ်"

သည်ဂါထာကိုရွတ်လျက် ဂျက်နှင့် အဖွဲ့က တံတားဟိုမှာဘက်သို့ ဖြတ်ကူးလာနိုင်ခဲ့ကြသည်။

တိုင်ယာဂါတန်လမ်းကို ဖြတ်ထားသော အရှေ့အနောက် ဝင်ရိုး လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ရုရှတင့်ကားများ စီတန်းရပ်ထားသည်ကို ဂျက်တို့ တွေ့လိုက်ကြရ၏။

"အချိန်မရှိတော့ဘူး၊ ရည်မှန်းချက်ကိုရောက်အောင် လမ်းပြတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရမှဖြစ်လိမ့်မယ်"

ဆာယာက ဂျက်အား တီးတိုးအဆိုပြုလိုက်၏။

တံတားတောင်ဘက်တွင် ရှရှတင့်ကားများကို ကြည့်နေသည့် ဂျာမန်ခြေသလုံးအိမ်တိုင်အုပ်ကြီးက ပွဲခင်းတစ်ခုလို။

ဆာယာက တစ်ဖက်ဆီသို့ မေးငေါ့ပြလိုက်သည်။

မြို့လယ်မှ တောက်လောင်နေသည့် မီးလျှံဖြင့် ဆာယာ မေးငေါ့ပြနေသည့်နေရာကို အထင်းသား မြင်နေရ၏။

ဆယ့်လေးငါးခြောက်နှစ်ရွယ် ဂျာမန်လူငယ်များ...

ဤလူငယ်များသည် မနေ့တစ်နေ့က ဟစ်တလာ လူငယ်တပ်ဖွဲ့ဝင်များဖြစ်ခဲ့ကြမည် မုချ။

"လူငယ်တစ်ယောက်ယောက်ကို လမ်းပြအဖြစ်ရမှ ဖြစ်လိမ့်မယ်။ လူကြီးထက် လူငယ်က ဒီလိုအချိန်မျိုးမှာ ပိုစိတ်ချရတယ်"

ဆာယာက ထပ်၍ အကြံပြုနေသည်။

"အန္တရာယ်တော့ရှိနိုင်တယ်"

"ဘယ်နေရာက ဘယ်လိုသွားရမှန်းမသိဘဲ ဒီမှာရပ်နေတာတော့ အန္တရာယ်မရှိဘူးလား"

ဂျက်က ခေါင်းညိတ်လိုက်ပြီး လူငယ်တစ်စုရှိရာသို့ အမှတ်မထင် လှမ်းလာခဲ့၏။

"ပစ်ချဲဒေါ့ဖ်မှာ ကျုပ်တို့ဆွေမျိုးတွေရှိတယ်၊ အဲဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မောင်ရင်တို့အထဲက သိတဲ့လူများ ပါသလားလို့..."

"ဘာတွေဖြစ်နေရမှာလဲ၊ ဘာလင်မှာဖြစ်နေတာမျိုး ဖြစ်နေတာပေါ့"

အဖြေပေးလိုက်သူ လူငယ်က ဆယ့်ခြောက်နှစ်ကျော်ကျော်။ သူ့အမူအရာနှင့် စကားပြောပုံက ရုရှတွေအပေါ် မကျေနပ်သံပေါ်နေ၏။

"အရပ်သူအရပ်သားတွေက ရုရှတွေဆီက စီးကရက်တောင်းသောက်ရတာကို ဂုဏ်ယူနေပြီး မိန်းမတွေကတော့ ပေါင်မုန့်တစ်ချပ်ပေးမယ်ဆိုရင် ဘယ်ရုရှတပ်သားကိုမဆို အသင့်ပါပဲဆိုတဲ့ အဖြစ်မျိုးပေါ့"

ဂျက်က သဘောကျသွားပြီး လူငယ်ကို လက်တို့၍ ခေါ်လာခဲ့သည်။ လူအုပ်နှင့် ခပ်လှမ်းလှမ်းရောက်မှ မိုးကာအင်္ကျီအောက်တွင် ဝှက်ယူလာသည့် မရှင်ပစ္စတိုကို မြင်သာရုံထုတ်ပြလိုက်ပြီး...





"ဦးလေးတို့က ဂျာမန်နိုင်ငံ ပြန်လည်အသက်ရှင်ရေးအတွက် ကြိုးစားနေတဲ့လူတွေ၊ ဒီတော့ ပစ်ချဲလ်ဒေါ့ဖ် တံတားထိပ်အထိ မောင်ရင် လိုက်ပို့ပေးမလား"

"ဦးလေးက တခြားသစ္စာဖောက်တွေလို ကိုယ်လွတ်ရုန်းပြေးတဲ့ လောက်ကောင်တွေ ဖြစ်နေရင်"

လူငယ်က ဂျက်မျက်နှာကို အကဲခတ်ရင်း ပြတ်ပြတ်ပင် စကားဆိုလိုက်သည်။

"သစ္စာရှိခြင်းဟာ ကျုပ်ရဲ့ဂုဏ်ပေါ့"

ဂျက်က အက်စ်အက်စ်တပ်ဖွဲ့ဝင်များ၏ ဆောင်ပုဒ်ကို ဂျာမန်လို ရွတ်ပြလိုက်သည်။

လူငယ်က သဘောကျသွားပြီး...

"ကျွန်တော့်နာမည်က အီရစ်ချ်ပါ၊ ဟစ်တလာ လူငယ်အဖွဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး ပစ်ချဲလ်ဒေါ့ဖ် နယ်မြေတစ်ဝိုက်မှာ မော်တာတပ်ဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ပြီး ရုရှတွေကို တိုက်ခဲ့သူပါ၊ ဦးလေးတို့ကို ကျွန်တော် လမ်းပြပေးမယ်။

"ဒါထက် ဦးလေးနာမည်နဲ့ အဆင့်က"

ဂျက်က စိတ်မကောင်းသလို သက်ပြင်းတစ်ချက် ချလိုက်သည်။

"အီရစ်ချ်ရယ်...ခုအချိန်မှာ နာမည်တွေ၊ အဆင့်တွေ အရေးမကြီးတော့ပါဘူး၊ အဓိပတိကြီးဟစ်တလာ ထူထောင်ခဲ့တဲ့ တတိယဂျာမန်နိုင်ငံတော်ကြီးကို ရုရှတွေလက်ထဲက ဘယ်လိုလွတ်မြောက်အောင် လုပ်ရမယ်ဆိုတာသာ အရေးအကြီးဆုံးမဟုတ်လား။

"ကဲ...သွားကြစို့"

▲



www.burmeseclassic.com

www.burmeseclassic.com

[ ၆၀ ]

ဘာလင်မြို့ နောက်ဆုံးတိုက်ပွဲတွင် ပစ်ချဲလ်ဒေါ့ဖ်နယ်မြေ၌ မော်တာတပ်ဖွဲ့ တစ်ဖွဲ့ကို ခေါင်းဆောင်တိုက်ခဲ့သော အီရစ်ချ်က ဟစ်တလာလူငယ်ခေါင်းဆော င်တစ်ဦးပီပီ ဆက်သားအဖြစ် ခရီးသွားဖူးသူ။

သို့ဖြစ်၍လည်း ဂျက်တို့အဖွဲ့သားများကို ပစ်ချဲလ်ဒေါ့ဖ် တံတားကြီးထိ နှင့် ခပ်လှမ်းလှမ်းသို့အရောက် ညတွင်းချင်း လမ်းပြပို့ဆောင်ပေးနိုင်ခဲ့သည်။

ပစ်ချဲလ်ဒေါ့ဖ် တံတားထိပ်သို့ရောက်ပြီးမှ ရည်မှန်းချက်ဖြစ်သော ပရော် နင်ဆယ်ကျွန်း မြောက်ဘက်အငူသို့ ရောက်နိုင်မည်။

ပရော်နင်ဆယ်ကျွန်းက ဟောဗယ်ရေအိုင်ကြီးထဲတွင်ရှိသည့် ကျွန်းနှစ်ကျွန်း အနက် တစ်ကျွန်း။

ပစ်ချဲလ်ဒေါ့ဖ်တံတားကြီးကို ရုရှတပ်သားများက အပိုင်စီးထားပြီးဖြစ် တွေ့ရသည်။

အချိန်က **မေလ ၂ ရက်နေ့၊ ည ၂ နာရီ ၁၅ မိနစ်။**

မေလ ၃ ရက်နေ့၊ နံနက် ၄ နာရီတွင် ရည်မှန်းချက်သို့ရောက် မလွယ်တော့။

ဂျက်က အီရစ်ချ်၏လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး...

"ဦးလေးတို့အတွက် မော်တော်ဘုတ်တစ်စီး ရှာမပေးနိုင်ဘူးလား၊ ဒီမော် တော်ကလည်း ရုရှတပ်နီအလံ လွှင့်ထူထားတဲ့ မော်တော်ဖြစ်ရမယ်၊ မော်တော် ထဲမှာ ရုရှနှစ်ယောက်,သုံးယောက်လောက် ရှိနေရင် ဒီမော်တော်ဟာ ဦးလေး မော်တော် ဖြစ်လာရမယ်"

အီရစ်ချ်၏ မျက်လုံးအစုံက တလက်လက်တောက်လာ၏။



"ဦးလေးတို့က ဒီအိုင်ဗင်တွေကိုသတ်ပြီး မော်တော်ကို မောင်းသွားမှာ လား"

"ဟုတ်တာပေါ့ ငါ့လူ"

"ကောင်းပြီ၊ ဦးလေးတို့လူစု ဒီမှာ မှောင်ရိပ်ခိုပြီးစောင့်နေ၊ ကျွန်တော် ပြန်လာခဲ့မယ်၊ မကြာဘူး"

အီရစ်ချ် ထွက်သွားပြီးနောက် ဂျက်က အဖွဲ့သားများအား မေးလိုက်၏။

"မော်တော်ဘုတ်မောင်းတတ်တဲ့လူများပါလား"

ဗိုလ်မှူးဗိုဒါက လက်ညှိုးနှင့် လက်ခလယ်ကို ထောင်ပြလိုက်သည်။

"ကောင်းပြီ၊ မော်တော်ဘုတ်ကို အပိုင်စီးပြီးရင် ဗိုလ်မှူးပဲမောင်းရမှာ"

ဂျက်က အိပ်ပျော်နေသော မာတင်ဘောမန်းအား ဖိနပ်ဦးဖြင့် ကန်နှိုး လိုက်ပြီး...

"ခင်ဗျားပြောတဲ့အတိုင်း ကျွန်းရဲ့မြောက်ဘက်အငူမှာ စောင့်နေမယ့် လမ်း ပြက မနက် ၄ နာရီထက်ကျော်ပြီး စောင့်မနေဘူးတဲ့လား"

ဘောမန်းက ခဏငိုင်နေပြီးမှ အဖြေပေးလိုက်၏။

"လမ်းပြဆိုတာ ခင်ဗျားတို့ကို လှည့်စားပြီးပြောတာ၊ စောင့်နေမှာက လမ်းပြမဟုတ်ဘူး၊ ရေယာဉ်ပျံ"

"ဘာ...ရေယာဉ်ပျံ...ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားတို့ ဗိုလ်မှူးချုပ်ဂရင်းလေးနဲ့ ကျုပ် စောစောကပဲ အချိန်းအချက်လုပ်ထားတဲ့ ရေယာဉ်ပျံ။

"ဟစ်တလာ မသေမချင်း ကျုပ် ဘာလင်က ထွက်လာနိုင်မှာမဟုတ်ဘူး ဆိုတာ သူသိတယ်။

"ဒါကြောင့် ဟစ်တလာ သေတယ်လို့ ကြေညာပြီး ၂ ရက်အကြာမှာ ဟောဗယ်ရေအိုင်ကြီးထဲက ပရော်နင်ဆယ်ကျွန်း မြောက်ဘက်အငူစွန်းနားမှာ ကျုပ်...အဲ...ကျုပ်တို့ကို ရေယာဉ်ပျံနဲ့ လာခေါ်မယ်လို့ ဂရင်းလေးက ကတိပေး ထားခဲ့တယ်။

"ဟစ်တလာ သေတယ်ဆိုတဲ့အကြောင်းကို ဟမ်ဘာဂ်မြို့က မေလ ၁ ရက် နေ့၊ ည ၉ နာရီခွဲမှာ ဂျာမန်အစိုးရအနေနဲ့ ရေဒီယိုက ကြေညာခဲ့တယ်။

"ဒီတော့ ၂ ရက်အကြာဆိုရင် မေလ ၃ ရက်နေ့၊ မနက် ၄ နာရီမှာ ရေယာဉ်ပျံရောက်လာမယ့်အချိန်ပဲ။ အငူပေါ်ရောက်နေတဲ့ ကျုပ်တို့က မီးမ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒဗလျူစာလုံးပုံဖော်ပြီး ရေယာဉ်ပျံကို အချက်ပြ ဆက်သွယ်ရမယ်"

သောမန်း၏ စကားအဆုံးတွင် ဖိုဒါက...

"ဒီအစီအစဉ်က အရူးတစ်ယောက်ရဲ့ အစီအစဉ်ပဲ၊ ဟော...ရေအိုင်ကြီး ထဲမှာ ကြည့်လိုက်စမ်း"

ဂျာမန်ခဲယမ်းမီးကျောက်များ တင်ဆောင်ထားသည့် သင်္ဘောတစ်စီး ရှုအမြောက်လက်ချက်ဖြင့် မီးတဟုန်းဟုန်းထလောင်ကာ တအုန်းအုန်းပေါက်ကွဲ လျက်။

"အရူးတစ်ယောက်ရဲ့ အစီအစဉ်မဟုတ်ပါဘူး ဖိုဒါ"

ဂျက်က လေအေးအေးဖြင့် ရှင်းပြနေသည်။

"ဘာလင်ကို ကျုပ်တို့ ဂျန်ကား ၅၂ လေယာဉ်နဲ့ ဆင်းခဲ့သလော မရူးသေးပါဘူး။

"မနက်လေးနာရီဆိုတာ အားလုံးအိပ်ငိုက်နေတဲ့အချိန်၊ ရောက်လာမှာ ရေယာဉ်ပျံ။

"ရေအိုင်ကြီးထဲမှာ ရုရှစစ်မော်တော်တွေကလည်း တပ်စွဲထားတယ်ဆိုတော့ မော်တော်သံနဲ့ ရေယာဉ်ပျံသံကို အိပ်ငိုက်နေတဲ့ ကင်းသမားတွေ ဘယ်လိုခွဲ ရုတ်တရက် သိနိုင်မှာလဲ။

"ဒီပျော့ညံ့ချက်ကို အခွင့်ကောင်းယူပြီး လုပ်ထားတဲ့ အစီအစဉ်ဖြစ်မှာပါ"

ဂျာမန်လူငယ် အီရစ်ချ် ပြန်ရောက်လာပြီး ဂျက်ကို သတင်းပို့လိုက်၏

"ဒီနေရာက ငါးဖာလုံလောက်အကွာ ရေအိုင်ကြီးကမ်းဘေးမှာ မော်တော် ကလေးတစ်စီး တွေ့ရတယ်။

"မော်တော်ဦးပိုင်းမှာ စက်ကလေးတစ်လက်ဆင်ထားတယ်၊ မော်တော် မှာ ရုရှစစ်သားလေးယောက် တွေ့ရတယ်၊ မော်တော်နားမှာ တခြား ဘယ် တော်မှ မရှိဘူး"

"ဒီကနေ အဲဒီမော်တော်အရောက် ကြားမှာ ရုရှတပ်တွေရှိသလား"

ဂျက်က မေးစမ်းလိုက်၏။

"ရှိတော့ရှိတယ်၊ ဒါပေမယ့် မများဘူး၊ သူတို့ကို ရှောင်သွားလို့ရတယ် သစ်ပင်တွေကို အကာအကွယ်ယူသွားလို့ရတယ်"

"ကျေးဇူးတင်လိုက်တာ ငါ့တူ"

ဂျက်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်ပြီး အီရစ်ချ်အား ပခုံး





ဖက်လျက် ခပ်လှမ်းလှမ်းသို့ ခေါ်သွားသည်။

"ငါ့တူမြင်တဲ့အတိုင်း ဦးလေးတို့အဖွဲ့မှာ ပါတဲ့လူငါးယောက်အနက် တစ် ယောက်က အမျိုးသမီး၊ နောက်တစ်ယောက်က အသက် ၅၀ လောက်ရှိတဲ့ လူကြီး။

"ဒီတော့ ဦးလေးနဲ့ပါမှ သန်သန်မာမာလူ သုံးယောက်တည်းရှိတော့တယ်။

"မော်တော်ပေါ်မှာက ရုရှစစ်သားလေးယောက်၊ ငါ့တူက ရုရှစစ်သား တစ်ယောက်ကိုတော့ အပျောက်ရှင်းနိုင်မှာပါ"

"ရုရှကိုသာ အပျောက်ရှင်းရမယ်ဆိုရင် ကျွန်တော်က သိပ်သဘောကျ ပေါ့။

"ဒါပေမယ့် ကျွန်တော့်မှာ ဘာလက်နက်မှ မပါဘူး"

ဂျက်က ခါးမှဓားမြှောင်ကို ထုတ်ပေးလိုက်ပြီး...

"ငါ့တူက ဒီမှာနေရစ်ဦး၊ ဦးလေးလူတွေကို တိုင်ပင်စရာရှိသေးတယ်"

"ကောင်းပြီ ဦးလေး"

ဂျက်က နားနေသည့်နေရာသို့ ပြန်သွားပြီး အဖွဲ့သားများအား ညွှန်ကြား ချက်ပေးလိုက်သည်။

"ဆာယာက ကိုယ့်မရှင်ပစ္စတိုကိုယူထား၊ သောမန်းက တစ်ခုခုလုပ်မယ် ကြံရင် ပစ်သာထည့်လိုက်။

"ဖိုဒါနဲ့ မက်ကလင်းက ကျုပ်နဲ့လိုက်ခဲ့၊ မော်တော်ပေါ်က ရုရှလေး ကောင်ကို သုတ်သင်ရအောင်"

ဂျက်က ဤသို့ပြောပြီးမှ ဆာယာ့နှင့် သောမန်းကိုပါ တစ်ပါတည်း ခေါ်လာရန် ဆုံးဖြတ်လိုက်သည်။

"ရုရှတွေကို အသံမထွက်တဲ့နည်းနဲ့ သုတ်သင်ရမယ်၊ အားလုံးလိုက်ခဲ့၊ ဆာယာက သောမန်းကို သတိထားနေ"

ဂျက်က ဆာယာ့အား မရှင်ပစ္စတိုကို လှမ်းပေးလိုက်သည်။

ပြီးမှ...

"မော်တော်ဘုတ်ကို ကျုပ်တို့ အပိုင်စီးပြီးရင် ချိန်းထားတဲ့ကျွန်းပေါ်ကို မတက်ဘူး၊ မော်တော်ထဲမှာပဲနေမယ်။

"ရေယာဉ်ပျံရောက်လာတဲ့အထိ ကျွန်းရဲ့ မြောက်ဘက်အငူနားမှာ စောင့် နေမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရေယာဉ်ပျံရောက်လာမှ အောင်းနေတဲ့နေရာက ထွက်လာရင်း စီစဉ်ထားတဲ့အတိုင်း လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြမယ်။

"ရေယာဉ်ပျံပေါ်ကို ဆာယာ ပထမတက်ရမယ်၊ ပြီးတော့ ဘောမန်း၊ ပြီးတော့ ဖိုဒါ၊ ပြီးတော့ မက်ကလင်း၊ ကျုပ်က နောက်ရံတပ်အဖြစ်"

ဤတွင် ဆာယာက ကြားဝင်မေးလိုက်၏။

"အီရစ်ချ်ကကော"

"သူ့ကိုပြောထားပြီးပြီ၊ သူက ဂျာမနီမှာပဲ ကျန်ရစ်ခဲ့မှာ၊ ကဲ...သွားကြစို့"

ဂျက်က လက်မှ ညကြည့်နာရီကို ကြည့်လိုက်၏။

ည ၃ နာရီ ၁၀ မိနစ်။

သစ်ပင်များအကြားမှနေ၍ အသံမထွက်သည့် လှုပ်ရှားမှုဖြင့် ချီတက်လာခဲ့ကြသော ဂျက်တို့အဖွဲ့က မော်တော်ဘုတ်နှင့် ကိုက် ၅၀၀ ခန့်အကွာသို့ ရောက်လာခဲ့ကြ၏။

အချိန်က ည ၃ နာရီ ၃၅ မိနစ်။

ကိုက် ၅၀ က ကွင်းပြောင်ပြောင်။

မော်တော်ပေါ်မှ စစ်သားလေးယောက်က ဦးပိုင်းတွင်ရပ်ကာ မီးလောင်နေသည့် သင်္ဘောကို ငေးကြည့်နေကြ၏။

ဂျက်က အချက်ပေးလိုက်ပြီး မော်တော်ရှိရာသို့ ခြေသံမပြည်အောင် ဖြေးဆင်းလာခဲ့ကြ၏။

မော်တော်ဦးပေါ်တွင် စီတန်းရပ်နေကြသူ ရုရှစစ်သား လေးဦးအနက် လက်ယာဘက် အစွန်ဆုံးမှ စစ်သားကို ဖိုဒါက...

လက်ယာဘက်မှ ဒုတိယမြောက်စစ်သားကို မက်ကလင်း။

ဂျက်က ဝဲဘက်အစွန်မှ စစ်သားကို။

ဝဲဘက် ဒုတိယမြောက်စစ်သားကို အီရစ်ချ်က။

အီရစ်ချ်အား ဂျက်က မိမိနှင့် မက်ကလင်းတို့ကြားတွင် နေရာသတ်မှတ်ပေးလိုက်ခြင်းမှာ အကြောင်းရှိသည်။

အီရစ်ချ် မနိုင်မနင်းဖြစ်နေပါက မိမိရော၊ မက်ကလင်းကပါ ဝိုင်းဝန်းကူညီနိုင်အောင်။

သုတ်သင်သည့်အလုပ်က စက္ကန့်နှစ်ဆယ်အတွင်းတွင်ပင် ပြီးသွားသည်။

ဂျက်က ဝဲဘက်အစွန်မှ စစ်သား၏လည်ပင်းကို ဘယ်လက်မောင်းဖြင့်



ဖိညှပ်ထားလိုက်ပြီး ညာလက်ဖြင့် ရန်သူ့လည်ပင်း လေပြွန်ကို ဖျစ်လိုက်သည်။

ရန်သူ့ထံမှ အသံထွက်မလာတော့။

သည်တော့မှ ဂျက်က ရန်သူ့လည်ပင်းကို ဘယ်ညာ လှန်ချိုးလိုက်ပြီး နောက်သို့ တွန်းချလိုက်သည်။

ပြီးမှ...အီရစ်ချ်ဘက်သို့ လျင်မြန်စွာ လှမ်းကြည့်လိုက်၏။

သတ်မှတ်ပေးထားသည့် ရန်သူကို သုတ်သင်ပြီးနောက် ဓားမြှောင်တွင် ပေနေသည့် သွေးကို ရုရှစစ်သား၏ အင်္ကျီတွင် သုတ်နေသည်ကို တွေ့ရ၏။

မက်ကလင်းနှင့် ဖိုဒါတို့ကလည်း သတ်မှတ်ပေးထားသူများကို အသံမထွက်သည့်နည်းဖြင့် အပျောက်ရှင်းပြီးသား။

"ဝိုင်ယာလက်စက်က နားကျပ်နဲ့ ဓာတ်မီးတစ်လက်ကို ယူထား"

ဂျက်က အမိန့်ပေးလိုက်သည်။

▲

www.burmeseclassic.com

[ ၆၁ ]

မော်တော်ကို ဂျက်တို့ အပိုင်စီးလိုက်နိုင်ပြီကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဆာယာက မာတင်ဘောမန်းအား ရှေ့တွင်ထားကာ မော်တော်ရှိရာသို့ ပြေးဆင်းလာသည်။

ဖိုဒါက မော်တော်ဦးခန်းထဲသို့ပင် ရောက်နေကာ ခလုတ်များကို စမ်းသပ်ကြည့်နေသည်။

မော်တော်က ဂျာမန်ပုံစံ။ သို့သော် မော်တော်ကားများလိုပင်၊ စက် အနေအထားက မော်တော်မောင်းဖူးသူတိုင်း ကိုင်တွယ်တတ်သည့် အနေအထား။

ထို့ကြောင့် ဖိုဒါ့အဖို့ ဂျာမန်မော်တော်ကို မောင်းရန်မခက်။

လောင်စာမည်မျှရှိနေကြောင်းပြသည့် ဒိုင်ခွက်ကလည်း သွားရမည့်ခရီးထက် ဆယ်ဆလောက်ပိုနေသည်ဟု ပြနေ၏။

မော်တော်ပေါ်သို့ အားလုံးရောက်နေကြပြီဖြစ်သော်လည်း အီရစ်ချိုနှင့်အတူ ကမ်းပေါ်တွင်ကျန်နေသေးသူက ဂျက်။

အီရစ်ချိုအား ဂျက်က လက်ဆွဲနှုတ်ဆက်လိုက်ပြီး...

"ငါ့တူကို ဦးလေး သိပ်ကျေးဇူးတင်ပါတယ်၊ ငါ့တူသာမကူရင် ဦးလေးတို့ ဘယ်လိုမှ ဒီလိုခရီးပေါက်နိုင်မှာ မဟုတ်ဘူး"

"ကျေးဇူးတင်ဖို့ မလိုပါဘူး ဦးလေး၊ ကျွန်တော့်တာဝန်တစ်ရပ်ကို ထမ်းဆောင်လိုက်ရလို့ ဝမ်းသာဂုဏ်ယူပါတယ်"

"အေး...အေး...ဒါပေမယ့် ဒီနားတစ်ဝိုက်မှာတော့ ကြာကြာမနေနဲ့ငါ့တူ မြန်နိုင်သလောက် မြန်မြန်ထွက်သွားတာ အကောင်းဆုံးပဲ"

"ကျွန်တော်နားလည်ပါတယ်ဦးလေး၊ ကျွန်တော် ဘာလင်ကိုပြန်သွားမှာပါ။ ဂျာမန်နိုင်ငံတော်က လိုအပ်တဲ့ကိစ္စကို ကျွန်တော် အစွမ်းကုန် ထမ်းဆောင်မှာပါ"

"အောင်မြင်ပါစေ အီရစ်ချို"

"အောင်မြင်ပါစေ"

အီရစ်ချိုကိုနှုတ်ဆက်လိုက်ပြီး ရပ်နေရာမှ ထွက်ခွာသွားသည်။ ဂျက်က မော်တော်ပေါ်သို့ တက်လာခဲ့သည်။





နာရီကိုကြည့်လိုက်တော့ ည ၃ နာရီ၊ ၄၂ မိနစ်။

"ပရော်နင်ဆယ်ကျွန်းရဲ့ မြောက်ဘက်အငူကိုရောက်အောင် ဘယ်လောက်မောင်းရမလဲ"

"ရှစ်မိနစ်နဲ့ အရောက်မောင်းမယ်"

ဖိုဒါက ဂျက်အမေးကိုဖြေလိုက်ပြီး မော်တော်ကို ကမ်းမှခွာလိုက်၏။

မော်တော်ဦးမှ ဆိုဗီယက်အလံက မီးရောင်တွင် ရဲနေလေသည်။

"ရေလယ်က မောင်း၊ ဒါပေမယ့် မီးလောင်နေတဲ့သင်္ဘောနားကိုတော့ မရောက်စေနဲ့။

"မက်ကလင်းက စက်ကလေးကိုတာဝန်ယူ၊ ရေယာဉ်ပျံဆင်းမလာခင်တော့ ကျုပ်တို့ ဘာအနှောင့်အယှက်မှ တွေ့နိုင်မယ်မထင်ဘူး။

"ရေယာဉ်ပျံဆင်းပြီးတဲ့အချိန်မှာတော့ ဖြစ်ချင်တာတွေ အားလုံးဖြစ်လာနိုင်တယ်"

ဖိုဒါက မော်တော်ကို ရေလယ်မှမောင်းနေလေသည်။

ရည်မှန်းချက်ဖြစ်သော ပရော်နင်ဆယ်ကျွန်းသို့ ဦးတည်ခုတ်မောင်းရာ၌ ကိုက် ၂၀၀ ခန့်သာကျယ်သည့် ရှဂ်မ်ဝမ်ဒါရေလက်ကြားကို မဖြတ်ဘဲနှင့် မရောက်နိုင်။

အရှေ့ဘက်တွင် ရှဂ်မ်ဝမ်ဒါကျွန်းဆွယ်ရှိနေပြီး အနောက်ဘက်၌ ယောဝယ်ရေအိုင်ကမ်းပါး။

သည်နှစ်ခုအကြားကို ရှဂ်မ်ဝမ်ဒါရေလက်ကြားဟု ခေါ်နေကြ၏။

ရေလက်ကြားသည် ကိုက် ၂၀၀ ခန့်သာ ကျယ်နေလေရာ ဂျက်တို့ အပိုင်စီးလာသည့် မော်တော်ကို ကမ်းနှစ်ဖက်စလုံးမှ ကောင်းစွာမြင်တွေ့နိုင်မည်မှချ။

သို့သော် ရုရှတပ်သားများဆောင်းသည့် ဦးထုပ်ကို ခေါင်းတွင်ဆောင်းထားပြီး ဆာယာက မော်တော်ဝမ်းဗိုက်ထဲမှာ ပုန်းအောင်းနေကာ မော်တော်ဦးပိုင်းမှ ရုရှအလံနီက လေထဲ၌ တဖျပ်ဖျပ်လွင့်နေသဖြင့်...

ကမ်းတစ်ဖက်တစ်ချက်တွင် တပ်စွဲထားသည့် ရုရှရေတပ်မော်တော်တပ်ဖွဲ့က ဂျက်တို့အပိုင်စီးထားသည့် မော်တော်ကို ကင်းစစ်ထွက်လာသော လှည့်ကင်းဟုသာ ထင်မှတ်နိုင်ဖွယ်ရှိနေ၏။

သို့တိုင်အောင် ကမ်းတစ်ဖက်တစ်ချက်တွင် ကင်းတာဝန်ကျသော ရေယာဉ်များက အသံချဲ့စက်ဖြင့် လှမ်း၍မေးခြင်းကို ခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ၊ ဘာတာဝန်နဲ့သွားမှာလဲ"

မော်တော်ကိုထိန်း၍ မောင်းနေရင်းက ကမ်းတစ်ဖက်တစ်ချက်မှ မေးသံများကို ဘာသာပြန်၍ ပြောပြနေသည်။

"ဒီရေပြင်တစ်လျှောက်ကို လှည့်ကင်းထွက်ပါလို့ အမိန့်ရလို့ မောင်းထွက်လာတာ"

ဖိုဒါက မော်တော်ထဲရှိ စကားပြောခွက်မှ ပြန်၍ အဖြေပေးနေသည်။

ရေလက်ကြား တစ်ဖက်တစ်ချက်တွင် မော်တော် တစ်ဒါဇင်ခန့် ကမ်းကို ကပ်၍ တပ်စွဲထားသည်ကို တွေ့ရ၏။

အချို့မော်တော်က ဂျက်တို့အပိုင်စီးလာခဲ့သည့် မော်တော်ထက် ပို၍ကြီးကာ ပို၍ကြီးသောလက်နက်များ တပ်ဆင်ထားသည်။

ရည်မှန်းချက်ဖြစ်သော ပရော်နင်ဆယ်ကျွန်းနှင့် နီးလာလေ မာတင်ဘောမန်း ပြောသည့်အတိုင်း ကျွန်းပေါ်သို့ တက်ရောက်မိပါက အန္တရာယ်ပိုကြီးလာလေဖြစ်မည်ကို ရိပ်စားမိလာကြသည်။

ကျွန်းတစ်ကျွန်းလုံးကို ရုရှအပေါ့စားအမြောက်များက ထောင်းထောင်းကြေအောင် ချေမှုန်းပစ်ခတ်နေကြ၏။

ရုရှအမြောက်တပ်တွင် အမြောက်ဆန်များ ပစ်မကုန်အောင်ရှိနေသောကြောင့်လား။

သို့မဟုတ်...

ကျွန်းပေါ်တွင် ဂျာမန်တိုက်ခိုက်ရေး တပ်ဖွဲ့တစ်ဖွဲ့က သဲကြီးမဲကြီး ခုခံနေသောကြောင့်လား။

မည်သူမျှ မပြောနိုင်။

သို့သော် ကျွန်းပေါ်မှ ပြန်လှန်ပစ်ခတ်နေသံ မကြားရ။

ဖိုဒါက မော်တော်ကို ပရော်နင်ဆယ်ကျွန်း မြောက်ဘက်အငူနား ရောက်ခါနီးတွင် အရှိန်လျှော့လိုက်ပြီး ရုရှအမြောက်ဆန်များမှ လွတ်မည်ထင်သည့်နေရာတွင် ထိုးရပ်လိုက်သည်။

အချိန်က ည ၃ နာရီ၊ ၅၈ မိနစ်။

သို့မဟုတ်...

နံနက် ၄ နာရီထိုးရန် ၂ မိနစ်အလို။

"စက်ကိုတော့ မသတ်နဲ့"





ဂျက်က ဖိုဒါအား သတိပေးလိုက်၏။

ဖိုဒါက ပရော်နင်ဆယ်ကျွန်း မြောက်ဘက်အငူနှင့် ကိုက် ၃၀၀ ခန့်အကွာလောက်တွင် ရပ်ထားလိုက်သည်။

စက်ကိုတော့ မသတ်။

မော်တော်ပေါ်မှ ဂျက်နှင့်အဖွဲ့သားများက ရေယာဉ်ပျံရောက်အလာကို မျှော်တလင့်လင့် ကြို့နေကြ၏။

မနက် ၄ နာရီ။

၄ နာရီ၊ ၅ မိနစ်...

ရေယာဉ်ပျံသံကို ပထမ ကြားလာသူက ဒုတပ်ကြပ် မက်ကလင်း။

ရေယာဉ်ပျံက တောင်ဘက်မှတက်လာနေသံ။

မကြာမီပင် မော်တော်ပေါ်မှ ဂျက်တို့က ရေယာဉ်ပျံကို လှမ်းမြင်လိုက်ကြ၏။

ကက်တာလီနာ အမျိုးအစား ရေယာဉ်ပျံတစ်စီး။

ရေယာဉ်ကိုယ်ထည်နှင့် တောင်ပံအောက်တွင် အာရီ၊ အေ၊ အက်ဖ် အက္ခရာက ထင်ထင်ရှားရှား။

ရေယာဉ်ပျံက ကျွန်းပေါ်ရှိ သစ်ပင်များလွတ်ရုံ အမြင့်မှ ပျံသန်းလာပြီးနောက် ရှဗ်မဝမ်ဒါ ရေလက်ကြားပေါ်မှကျော်ကာ အထက်သို့ဆန်လာသည်။

ပြီးမှ ဂျက်တို့ အပိုင်စီးထားသည့် မော်တော်နှင့် ကိုက် ၆၀၀ လောက်အကွာရှိ ရေပြင်ပေါ်သို့ ထိုးဆင်းလိုက်သည်။

"ဟော့...ဖိုဒါ၊ ဒီနေရာကထွက်လေကွာ"

ဂျက်က စိတ်မရှည်နိုင်သလို အသံပြတ်ပြတ်ဖြင့် ဗိုလ်မှူးဖိုဒါအား အမိန့်ပေးလိုက်သည်။

မော်တော်က ရပ်နေရာမှ ရှေ့သို့တိုးလာ၏။

"နာ'ကောင်စမ်း"

ဆာယာက အော်ပြောလိုက်၏။

မော်တော်ပေါ်ရှိ လူအားလုံးပင် နားကိုစွင့်ထားလိုက်ကြသည်။

"ကျုပ်တော့ ဘာမှမကြားရဘူး"

ဖိုဒါက စိတ်ပျက်လက်ပျက်ပြောလိုက်၏။

"ဘာကြားရမှာလဲ၊ ရုရှအမြောက်တွေ အပစ်ရပ်သွားတာကို"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဂျက်က...

"ကိုယ့်ကို လက်နှိပ်ဓာတ်မီးပေးစမ်းပါ"

ဆာယာက ဂျက်လက်ထဲသို့ လက်နှိပ်ဓာတ်မီးကို လှမ်းပေးလိုက်၏။

မော်တော်ဦးပိုင်း စက်ကလေးတွင် တာဝန်ယူထားသည့် ဒုတပ်ကြပ် မက်ကလင်းနှင့် ကပ်၍ ထိုင်လိုက်ပြီး ဂျက်က လက်နှိပ်ဓာတ်မီးရောင်ဖြင့် အင်္ဂလိပ်စာလုံး ဒဗလျူ(W)သင်္ကေတ ဆက်၍ဆက်၍ အချက်ပြနေသည်။

ဂျက်တို့အပိုင်စီးလာသည့် မော်တော်က ရေယာဉ်ပျံနှင့် ကိုက် ၂၀၀ အကွာလောက်သို့ ရောက်လာသည်။

ဤအချိန်တွင် တစ်ဖက်ကမ်းမှပစ်လိုက်သော အပေါ့စားအမြောက်ဆန်များက ကက်တာလီနာရေယာဉ်ပျံ ဦးပိုင်းပေါ်မှကျော်ကာ ရေထဲသို့ကျလာသည်။

သို့သော် ချက်ချင်းဆိုသလိုပင် အမြောက်သံများရပ်သွားကာ အမြောက်ဆန်များလည်း အကျရပ်သွားသည်။

ရေယာဉ်ပျံ ကိုယ်ထည်ပေါ်တွင် ထင်ထင်ရှားရှား ရေးခြယ်ထားသည့် အာရ်၊ အေ၊ အက်ဖ် စာလုံးနှင့် အမှတ်အသားကို ရုရှအမြောက်တပ်ဖိုလ်က သတိပြုမိလိုက်သောကြောင့်လား မပြောတတ်။

အာရ်၊ အေ၊ အက်ဖ် (R.A.F)ဆိုသည်က ဘုရင့်လေတပ်အဓိပ္ပာယ်။

ဗြိတိသျှ လေယာဉ်၊ ရေယာဉ်ပျံများပေါ်တွင် ရေးမှတ်ခြယ်လှယ်ထားလေ့ရှိသော အက္ခရာနှင့် အမှတ်အသား။

မော်တော်ပေါ်တွင် လိုက်ပါလာသူအားလုံးပင် ဟင်းခနဲ သက်ပြင်းချလိုက်မိကြ၏။

ရုရှအပေါ့စားအမြောက်တပ်က မဟာမိတ် ဗြိတိသျှ ရေယာဉ်ပျံမှန်းသိသွား၍ အပစ်အခတ်ရပ်သွားပေပြီဟု စိတ်သက်သာရာ ရသွားကြသည်။

သို့သော် စိတ်သက်သာရာရခြင်းမှာ ခဏမျှသာ။

ရေယာဉ်ပျံနှင့် ပို၍ဝေးသည့်နေရာတွင်ရှိနေသော ဟောဗယ်ရေအိုင်ကြီးအနောက်ဘက်ကမ်းမှ မော်တော်ကြီးတစ်စီးက ရေယာဉ်ပျံရှိရာသို့ ခုတ်မောင်းလာနေခြင်းကြောင့်။

သည်မော်တော်ကြီးက ဂျက်တို့အပိုင်စီးထားသည့် မော်တော်ထက် ကြီးသည်။





အပျော်စီးမော်တော်မျိုးမဟုတ်။

တိုက်ရေယာဉ်ပုံစံ။

ဦးပိုင်းတွင် မီးမောင်းကြီးတပ်ဆင်ထားကာ တပ်ဆင်ထားသည့် သေနတ်အမျိုးအစားက စက်ကြီး။

လျှင်မြန်နှုန်းကလည်း အံ့သြစရာ။

ရုရှတိုက်ရေယာဉ်က အာရ်၊ အေ၊ အက်ဖ် ရေယာဉ်ပျံအား စုံစမ်းထောက်လှမ်းရန် ခုတ်မောင်းလာခြင်း။

တိုက်ရေယာဉ်ကြီးဦးပိုင်းပေါ်မှ ထိုးထားသည့် မီးမောင်းကြီးက ဂျက်တို့အပိုင်စီးထားသည့် မော်တော်သို့ တိုက်ရိုက်ထိုးလျက်။

"မီးမောင်းကြီးကို ပစ်ခွဲလိုက်စမ်း"

ဂျက်က မက်ကလင်းအား အမိန့်ပေးလိုက်သည်။

မက်ကလင်းက ခေါင်းကိုခါယမ်းလိုက်ပြီး...

"ဒီစက်ကလေးနဲ့ ဒီလောက်လှမ်းတဲ့နေရာကို ဘယ်မီပါ့မလဲ"

ဗိုဒါက မော်တော်စက်ကိုနှေးလိုက်ကာ ရေယာဉ်ပျံနားသို့ ကပ်လိုက်သည့်အချိန်၌ ဗြိတိသျှ အထူးစစ်ဆင်ရေးဌာနချုပ်မှ ဂရင်းလေးက ရေယာဉ်ပျံဘောတံခါးနားတွင် အသင့်စောင့်နေလျက်။

ဂရင်းလေးက မော်တော်ပေါ်မှ ဆာယာ့ကို လှမ်းဆွဲကာ ရေယာဉ်ပျံထဲသို့ ဆွဲသွင်းလိုက်သည်။

ဆာယာ့နောက်မှ ပါလာသူက မာတင်ဘောမန်း။

"ရေယာဉ်ပျံထဲကိုဝင်လေ"

ဂျက်က ဗိုဒါအား လှမ်းအော်လိုက်သည်။

အမေရိကန် ဗိုလ်မှူးဗိုဒါက မော်တော်ပေါ်မှ ရေယာဉ်ပျံ ဘောတံခါးဆီသို့ လှမ်းတက်လိုက်၏။

ရုရှတိုက်ရေယာဉ်က မော်တော်နှင့် ကိုက် ၃၀၀ သို့မဟုတ် ၄၀၀ အကွာလောက်သို့ ရောက်လာသည်။

ဦးပိုင်းမှ မီးမောင်းအရောင်ဖြင့် ကက်တာလီနာ ရေယာဉ်ပျံအနီးအနားတွင် ဖြစ်ပျက်နေပုံကို မြင်နေရ၏။

ရေယာဉ်ပျံကိုယ်ထည်တွင် အာရ်၊ အေ၊ အက်ဖ် အက္ခရာနှင့် အမှတ်အသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ ထူးထူးဆန်းဆန်းဖြစ်နေပြီဟု ရုရှတိုက်ရေယာဉ်မှ ဦးစီးမှူးက သတိထားလိုက်မိသည်။

ဒုတပ်ကြပ်မက်ကလင်းက မော်တော်ပေါ်မှ ရေယာဉ်ပျံ ဘေးတံခါးဆီသို့ လှမ်းအတက်လိုက်တွင် ရုရှတိုက်ရေယာဉ်မှ စက်ကြီးကို အတွဲလိုက်ဆွဲသံ ထွက်လာသည်။

မက်ကလင်း၏ ကိုယ်အထက်ပိုင်းသို့ ကျည်ဆန်ထိပ်ဖူး သုံးလေးခုက စုပြုံတိုးဝင်လာသည်။

တံခါးပေါက်နားတွင်ရှိနေသော ဖိုဒါက မက်ကလင်းကို လှမ်းဆွဲသည်။

လက်ထဲတွင် မက်ကလင်း၏ အလုပ်သမားဝတ်စုံကသာ စုတ်ပြဲ၍ ပါလာပြီး အလွှာဘောကြီးကမူ မော်တော်ထဲသို့ ထိုးကျသွားသည်။

ပါးစပ်တွင် သွေးများပွက်၍ ထလာသည်။

လှည့်စောင်း၍ ကြည့်လိုက်ရုံဖြင့် မက်ကလင်းတစ်ယောက် အသက်ပျောက်သွားရှာပြီဖြစ်ကြောင်း ဂျက်ကသိလိုက်၏။

"ဟော့...ဂျက်၊ ရေယာဉ်ပျံပေါ်ကို မြန်မြန်တက်ခဲ့"

ဂရင်းလေးက အော်ပြောလိုက်သည်။

ကက်တာလီနာရေယာဉ်ပျံမှ လေသူရဲက ရေယာဉ်စက်ကို အသင့်နှိုးထားပြီး ဖြစ်သည့်အတိုင်း ရေယာဉ်ကိုပင် ရှေ့သို့ အရှိန်ယူကာ ရေပြင်ပေါ်တွင် ပြေးစပြုနေပြီ။

ရုရှတိုက်ရေယာဉ်မှပစ်လိုက်သော စက်ကြီးကျည်ဆန်ထိပ်ဖူးများက ရေယာဉ်ပျံကိုယ်ထည်ကို လာ၍ထိမှန်စပြုလာကာ ကိုယ်ထည်မှ အစအနများ ဖွာ၍ဖွာ၍ထွက်နေသည်။

ဂျက်က ရုရှတိုက်ရေယာဉ်ဘက်သို့ လှည့်စောင်းကြည့်လိုက်၏။

ကိုက် ၂၀၀ လောက်သာ ကွာတော့သည်။

"လုပ်စရာရှိတာ ခုလုပ်၊ နောက်...ဘယ်တော့မှ လုပ်လို့မရဘူး"

ဂျက်က ဤသို့ဆုံးဖြတ်လိုက်ပြီး ဂရင်းလေးအား လှမ်းအော်ပြောလိုက်သည်။

"ရေယာဉ်ပျံ ဒီနေရာက ခွာထွက်ပါတော့လား"

ဆာယာက သူ့နာမည်ကို အော်၍ခေါ်လိုက်သံကို ဂျက်က ကြားလိုက်ရသည်။ ဂရင်းလေး၏ ကြိမ်းမောင်းသံကလည်း ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာသည်။





"သိပ်မိုက်တဲ့လူ"

သည်အသံများက အဆုံးတွင်တော့ ရေယာဉ်ပျံ ရေပေါ်တွင် ပြေးသွားသည့် စက်သံ။

ဂျက်က မော်တော်ဘုတ်ကို စက်နှေးထားရာမှ မြန်လိုက်သည်။ ပြီးမှ... လက်ကိုင်ဘီးနှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ကာ မော်တော်ဦးကို အပြေးခုတ်မောင်းလာသည့် ရုရှတိုက်ရေယာဉ်ဆီသို့ လှည့်ပေးလိုက်သည်။

ရုရှတိုက်ရေယာဉ်ဦးစီးမှူးက ဘာဖြစ်လာမည်ကို ကြိုတင်မြင်ထားသည့်အတိုင်း စက်ကြီးပစ်သူအား မျက်နှာချင်းဆိုင်မှ စက်ကုန်ဖွင့်လာသည့် မော်တော်မောင်းသူကို ချေမှုန်းလိုက်ရန် အမိန့်ပေးလိုက်၏။

စက်ကြီးပစ်သူက အတွဲလိုက်ဆွဲလိုက်သည်။

ပထမဆွဲလိုက်သည့် အတွဲလိုက် ကျည်ဆန်ထိပ်ဖူးများက ဂျက်ပခုံးကို လာထိသည်။

ဒုတိယဆွဲလိုက်သည့်အတွဲက ဂျက်၏ရင်ကို လာထိသည်။

ရုရှတိုက်ရေယာဉ်ကို ဂျက်၏ မော်တော်က အရှိန်ပြင်းပြင်းဖြင့် ဝင်တိုက်မိချိန်၌ ဂျက်တစ်ယောက် အသက်ပျောက်နေပေပြီ...။

ရေမျက်နှာပြင်ပေါ်တွင် မီးတောက်မီးလျှံကြီးများ ထလာ၏။

ရုရှတိုက်ရေယာဉ်နှင့် ဂျက်၏မော်တော်ရှိ လောင်စာဆီကန်များ ပေါက်ကွဲထွက်ရာမှ မီးတောက်လောင်လာခြင်း။

ဟောဗယ်ရေအိုင်ကြီး၏ ရေမျက်နှာပြင်ပေါ်၌ မြင်းကုန်ကူးစစ်ဆင်ရေးမှူးဖြစ်သူ ဗိုလ်မှူးဂျက်က ရေထဲတွင် မီးသင်္ဂြိုဟ်ခြင်းခံနေရစဉ်...

တတိယရာမန်နိုင်ငံတော်ကြီး၏ ဒုတိယခေါင်းဆောင်ကြီး မာတင်ဘောမန်းအား တင်ဆောင်သွားသည့် ကက်တာလီနာ ရေယာဉ်ပျံကြီးကမူ လန်ဒန်မြို့တော်ဆီသို့ ဦးတည်လျက်...။

တက္ကသိုလ်နန္ဒမိတ်

ယုံကြည်ချက်စခန်း ၂၉-၃-၀၂

အင်းစိန် ည ၁၁ နာရီ၊ ၁၅ မိနစ်

▲



www.burmeseclassic.com